ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

ပြည်သူ့တရားသူကြီးအဖွဲ့တဖွဲ့လုံး

ဗဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

၁၉၇၅

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ပြည်သူ့တရားသူကြီးအဖွဲ့၏
ခွင့်ပြုချက်အရ၊ ရန်ကုန်မြို့၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းတွင်
ရိုက်နှိပ်ထုတ်ဝေသည်။

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
## ပြည်သူ့တရားသူကြီးအဖွဲ့

၁။ သူရဦးအောင်ဖေ .... .... .... .... ဥက္ကဋ္ဌ

၂။ ဇေယျကျော်ထင် ဦးထွန်းအောင်ကျော် .... .... အဖွဲ့ဝင်

၃။ ဗိုလ်မှူးကြီး လှမောင် .... .... .... အဖွဲ့ဝင်

၄။ ဦးသွင်မောင် .... .... .... .... အဖွဲ့ဝင်

၅။ ဇေယျကျော်ထင်၊ စည်သူတံဆိပ်ရ ဦးစိုးသိုင် .... .... အဖွဲ့ဝင်

၆။ ဦးကြည်မြ .... .... .... .... အဖွဲ့ဝင်

၇။ ဦးသန့်စင်၊ ဝါဏိဇ္ဇဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ .... .... အဖွဲ့ဝင်

# ၁၉၇၅ ခုနှစ်
# ပြစ်မှုဆိုင်ရာအမှုများ

# စီရင်ထုံးပြုသောမှုခင်းများ

## ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ


| | |
|---|---|
| ကရမ်းဆင် နှင့် ဒေါ်ပရင်းကော(ရှိ) .... .... .... | ၁ |
| ကေပီကာဒယ် နှင့် မစကီနာဘီ .... .... .... | ၄ |
| မောင်ကြည်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအောင်မြတ်) .... .... | ၆ |
| ဒေါ်ခင်ညွန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (မောင်သောင်းရှိန်) .... .... | ၆ |
| မောင်ခင်ဖေ ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | ၁၂ |
| ဒေါ်ခင်မေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ကိုခင်စိန်) .... .... | ၁၅ |
| နော်ခင်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၁၇ |
| ဦးချစ်ဖူး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... | ၁၉ |
| မောင်ချစ်လှိုင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... | ၂၂ |
| ဦးချစ်ဦး ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးတင်မောင်) .... .... | ၂၄ |
| ဦးငယ် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် (ဦးဘိုးစော) .... .... | ၂၆ |
| ဦးငြိမ်းလှိုင် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၂၉ |
| ဦးစောသိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးစိန်သောင်း) .... .... | ၃၂ |
| ဒေါ်စိန်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... | ၃၄ |
| ဦးစံတင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးချစ်) | ၃၆ |
| မညွန့်မေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ကိုတင်မောင်) .... .... | ၃၈ |
| ဦးတင်မောင်ဟန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၄၀ |
| မတင်အိ နှင့် ဦးဝံမလ .... .... .... .... | ၄၄ |

ဦးထီ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ဦးအောင်ရှိန်) .... .... ၄၈
ဦးတော်ကြီး ပါ ၇ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၅၀
ဦးဓမ္မာနကာသရ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ဦးနန္ဒသာရ ပါ ၉) .... .... ၅၃
ပေါက်စ (ခေါ်) ဖေဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ
နိုင်ငံတော် .... ၅၅
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် ဆွန်ဒရှန်း .... ၅၈
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်ထွန်းရွှေ ၆၀
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်ဝင်းထိန် ၆၃
မောင်ပြုံးချို နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ဦးသိန်းဟန်) .... .... ၆၅
ဦးဘခင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(မောင်ထွန်းလှိုင် ပါ ၄) .... ၆၈
ဦးဘဌေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၇၀
ဗိုလ်ကြီး ဘဌေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ဦးအောင်သန်း) .... .... ၇၂
မန်ဒေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ဦးအောင်လှိုင်) .... .... ၇၅
ဦးမောင်ကို နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ဒေါ်တင်အေး) .... .... ၇၇
ဦးမောင်ကြီး(ခေါ်)ဦးစီအမ်ဂျီဝါး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော် (ဦးအာစစ်
မိုဟာဒက်စူရ်တီ ပါ ၁၂) .... ၇၉
ဦးမြင့်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ဦးတင်လတ်) .... .... ၈၁
ရင်ကျော့မောင် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ
နိုင်ငံတော် .... ၈၄
ရမ်မနန် (ခေါ်) မောင်ခင်မောင် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတ မြန်မာနိုင်ငံတော် .... ၈၇

စာမျက်နှာ

ဦးလှရှိ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၉၀

ဦးလှသိန်း ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် ၉၄

ဦးလှအုန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးထွန်းညွန့်) .... .... ၉၆

ဦးဝင်းကြည် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံဘော် .... ၉၈

ဦးဝင်းဟန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၁၀၀

ဦးသောင်းညွန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်.... ၁၀၃

မောင်သောင်းရင် နှင့် မတင်တင်ဝင်း .... .... .... ၁၀၅

ဒေါ်သန်းရှင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးလူစံ) .... .... ၁၀၇

မောင်သိန်းမောင် နှင့် မဘဦး .... .... .... ၁၁၀

ဦးအင်ချန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်တင်မြင့်) .... .... ၁၁၂

မောင်အုန်းရွှေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၁၁၄

# ညွှန်းချက်

## ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ

ဥပဒေများ—

နိုင်ငံခြားသားမှတ်ပုံတင်ဥပဒေ၊

ပြစ်မှုဆိုင်ရာဥပဒေ၊

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊

ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ၊

မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေ၊

အထူးရာဇဝတ်ရုံးဥပဒေ၊

အရေးပေါ်စီမံမှုဥပဒေ။

တရားလိုတဦးတည်းက မှတ်မိကြောင်း၊ ထွက်ဆိုခြင်း အလုခံရပြီးလျှင် ဖြီးခြင်း မေးသည့်အချိန် ထုတ်ဖော်ပြောခြင်း မရှိခြင်း နောက်တနေ့ ရဲစခန်းတွင် တယောက်ကို လရောင်ဖြင့်မှတ်မိကြောင်းတိုင်ခြင်း တရားရုံးတွင်လက်နှိပ်ဓာတ်မီး ရောင်ကြောင့် မှတ်မိကြောင်းထွက်ဆိုခြင်း၊ တဦးတည်း၏ စွပ်စွဲချက်ဖြင့်အပြစ်ပေးသင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားသူများ အပေါ်တွင် ပြစ်မှုထင်ရှား စီရင်ရန် သက်သေခံအထောက်အထားမခိုင်လုံကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူအမှတ် (၁) မောင်ခင်ဖေအပေါ်တွင် လုယက်ခြင်းခံရသူ မကြည်အေးတဦးတည်း၏ အထောက်အထားကင်းသော စွပ်စွဲချက်သာရှိသည်။ မကြည်အေးကလူဆိုး ၂ ယောက်အနက်တယောက်ကိုမှတ်မိကြောင်း၊ မှတ်မိသော လူဆိုးမှာ လျှောက်ထားသူအမှတ် (၁) မောင်ခင်ဖေဖြစ်ကြောင်း၊ ၎င်းအား လရောင်ဖြင့်မြင်ရ၍ မှတ်မိကြောင်း ရဲစခန်း၌ တိုင်ချက်ပေးခဲ့သည်။ ရုံးတွင် သက်သေခံသောအခါ ဒုတိယလူဆိုး၏ လက်နှိပ်ဓာတ်မီးရောင်ဖြင့် မောင်ခင်ဖေ ဖြစ်ကြောင်းသိရှိရပါသည်ဟု ပြင်ဆင်ထွက်ဆိုသည်။ မကြည်အေး၏ အော်သံကြောင့် လူကြီးများရောက်ရှိလာပြီး လူဆိုးများအား မှတ်မိသလားဟုမေးသော အခါမကြည်အေးက ထုတ်ဖော်ပြောပြခြင်းမပြုခဲ့ဘဲ နောက်နေ့ညနေတွင်ရဲစခန်း၌ တိုင်ချက်ပေးသောအခါကျမှ လူဆိုး ၂ ယောက်အနက် တယောက်မှာ မောင်ခင်ဖေ ဖြစ်ကြောင်း မှတ်မိလိုက်သည်ဟု ပြောပြခြင်းမှာနောက်မှ အကြံရ၍ထည့်သွင်းခြင်းဖြစ်နိုင်သည်။ မောင်ခင်ဖေထံတွင် ပြစ်မှုနှင့်ပတ်သက်သော ပစ္စည်းတစုံတရာ မတွေ့ရှိခြင်းက ပိုမိုသံသယ ဖြစ်စေသည်။ လျှောက်ထားသူ အမှတ် (၂) မောင်ပြုံးချိုအပေါ်တွင် ငြိစွန်းသော သက်သေခံချက်လုံးဝမရှိ။

စာမျက်နှာ

တရားလိုဘက်မှ ခိုင်လုံအောင် သက်သေမပြနိုင်ပါဘဲလျက် မူလရုံးနှင့်အယူခံရုံးတို့က လျှောက်ထားသူများအားပြစ်မှုထင်ရှားစီရင်၍ထောင်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေအရ မှားယွင်းပါသည်ဟုဗဟိုဥပဒေရုံးမှပညာရှိဥပဒေဝန်ထမ်း ဦးဘသန်းက ရှီးသားစွာတင်ပြသည်။

ခိုင်လုံသောအထောက်အထားများ မရှိဘဲ လျှောက်ထားသူများ အပေါ်တွင် လုယက်မှုဖြင့်ပြစ်မှုထင်ရှားစီရင်၍ထောင်ဒဏ်ချမှတ်ခြင်းမှာဥပဒေအရမှန်ကန်ခြင်း မရှိသောကြောင့် အတည်ပြုရန် မသင့်ပေ။ ထို့ကြောင့် လျှောက်ထားသူ မောင်ခင်ဖေနှင့် မောင်ပြုံးချိုတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ ပြစ်မှုထင်ရှားစီရင်ထားခြင်းဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ်စီချမှတထားခြင်းကို ပယ်ဖျက်၍လျှောက်ထားသူများအား အပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

မောင်ခင်ဖေ ပါ (၂) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၂

တရားဝင်စာရင်းမစစ်ဆေးရသေးခြင်း လျှော်ငွေတွက်ရန်အခြေခံစာရင်းမည်မျှဟုမသိခြင်း လက်မှတ် ရောင်းရငွေ မည်မျှ ရှိသည်ကို မသိခြင်း တရားစွဲဆိုသည့်ဘက်မှ စာရင်းအတိအကျ မရှိပဲ တရားခံအား ပြစ်မှု ထင်ရှား စီရင်ရန်သင့်မသင့်။ ။ဆုံးဖြတ်ချက်။ တရားခံ အပေါ်၊ အပြစ်ရှိသည်ဟု ဆုံးဖြတ်ချက်ပြုရန်မှာ တရားခံ၌ တာဝန်ရှိသော စာရင်းများ တိကျမှန်ကန်မှု ရှိမှသာတရားမှန်ပေမည်။ သို့ရာတွင် အမှုကိုရုံး မတင်မီကပင်ခိုင်လုံသောစာရင်းများ ပြုလုပ်ရန်မှာ စွဲဆိုသည့်ဘက်မှ တာဝန်သာ ဖြစ်ပေသည်။ တင်ပြသော အချက်အလက်များ တရားခံပေါ်၌ ငြိစွန်းမှုမရှိလျှင် တရားခံကို လွှတ်ရမည်ဖြစ်သည်။

မန်းဒေး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်(ဦးအောင်လွင်) ၇၅

နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေပုဒ်မ ၅(၁) အရ အရေးယူမှု၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု ဥပဒေပုဒ်မ ၄(၂) ၏ လိုအပ်ချက်များ၊ မိခင်သည် ပြည်ထောင်စုတွင်ပါဝင်သောနယ်မြေတွင်မွေးဖွားသော်လည်း ဖခင်ဖြစ်သူသည် ထိုသို့မွေးဖွားကြောင်း အထောက်အထား မရှိခြင်း၊ ယင်း ဥပဒေပုဒ်မ ၄(၂)အရ မြန်မာနိုင်ငံသား ဖြစ်သည်ဟု ယူဆနိုင် မနိုင်။ ။ဆုံးဖြတ်ချက်။ ။ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု ဥပဒေပုဒ်မ ၄(၂)တွင် ပြည်ထောင်စုတွင် ပါဝင်သော နယ်မြေ တခုခုတွင် အနည်းဆုံး ဘိုးဘွားအားလုံး လက်ထက်မှစ၍ မိမိတို့၏ ပင်ရင်း တိုင်းပြည်အဖြစ်ဖြင့် မျိုးဆက်မပြတ် ထာဝစဉ် အခြေစိုက် နေထိုင်လာခဲ့သည့်အပြင် မိမိ၏ မိဘနှစ်ပါးနှင့် တကွ မိမိကိုယ်တိုင် ထိုနယ်မြေ တခုခုတွင် မွေးဖွားသူ ဖြစ်လျှင်၊ ထိုသူအား မြန်မာနိုင်ငံသားဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤ ပြဋ္ဌာန်းချက်တွင် ဖော်ပြထားသော လိုအပ်ချက်များအနက်၊ လိုအပ်ချက် တခုမှာ လျှောက်ထားသူများ၏ မိဘ နှစ်ပါးလုံးသည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အတွင်း မွေးဖွားသူများ ဖြစ်ရပေမည်။ လျှောက်ထားသူ၏ မိခင်သည် ပြည်ထောင်စုအတွင်းမွေးဖွားခဲ့စေကာမူ လျှောက်ထားသူ၏ ဖခင်သည် ပြည်ထောင်စုအတွင်း

မွေးဖွားကြောင်း အထောက်အထား မရှိသဖြင့် လျှောက်ထား သူများသည် မြန်မာနိုင်ငံသား ဖြစ်သည်ဟု ယူဆရန်အကြောင်းမရှိ။

ရပ်မနန် (ခ) မောင်ခင်မောင် ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် .... ၈၇

နှာခေါင်းရိုး ကျိုးသော ဒဏ်ရာကို မည်သူ၏ လက်ချက်ကြောင့် ရရှိခဲ့ကြောင်း ခွဲခြား၍ တပ်အပ် သေချာစွာ မပြောနိုင်သောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြစ်မှုထင်ရှား စီရင်ရန် မသင့်ပဲ တဆင့်နိမ့်သော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရသာလျှင် ပြစ်မှုထင်ရှား စီရင်သင့်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ မောင်တင်မောင်အား ဦးလှရိက မျဉ်းလုံးနှင့် ရိုက်၍ ဦးမောင်မောင်က လက်သီးနှင့် ထိုးသဖြင့် မောင်တင်မောင်တွင် နှာခေါင်းရိုး ကျိုးသော ဒဏ်ရာရရှိခဲ့ကြောင်း ထင်ရှားသည်။ သို့ရာတွင် ဦးလှရိနှင့် ဦးမောင်မောင်တို့ နှစ်ဦးအနက် မည်သူ၏ လက်ချက်ဖြင့် ယင်းဒဏ်ရာကို ရရှိခဲ့ကြောင်း ခွဲခြား၍ တပ်အပ်သေချာစွာမပြောနိုင်သောကြောင့် ဦးလှရိနှင့် ဦးမောင်မောင်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြစ်မှုထင်ရှားစီရင်ရန် သင့် မသင့်ပေ၊ တဆင့်နိမ့်သော ပြစ်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရသာလျှင် ပြစ်မှုထင်ရှား စီရင်ရန်ဖြစ်သည်။

ဦးလှရိ ပါ(၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၉၀

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀ (၁) (ဂ)၊၁၉၁၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ (၁) (ဂ) အရ တရားရုံးက တရားခံသစ်များဖြည့်စွက်ထည့်သွင်း အရေးယူရန် အမိန့်ချခြင်း၊ ဖြည့်စွက်အရေးယူခံရသည့် တရားခံသစ်များအား ယင်းဥပဒေပုဒ်မ ၁၉၁ ပါ ပြဋ္ဌာန်းချက်အတိုင်း အခြားတရားစီရင်ရေးအဖွဲ့တဖွဲ့ဖြင့်စစ်ဆေးရန် တောင်းဆိုပိုင်ခွင့်ရှိကြောင်း ရှင်းလင်းပြောပြခြင်းမရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားစီရင်ရေးအဖွဲ့သည် အမှုတွင် တင်ပြသောသက်သေခံ အထောက်အထားများအရ အခြားသူများလည်း အမှု၌ပြစ်မှုနှင့်ပါဝင်နေကြောင်း တွေ့ရှိလျှင် ယင်းတို့အား တရားခံများအဖြစ် ဖြည့်စွက်အရေးယူပိုင်ခွင့် ရှိသည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ (၁) (ဂ) ၌ ပြဋ္ဌာန်းထားပေသည်။ ထိုစီရင်ပိုင်ခွင့်ကို ကျင့်သုံးလျက် မူလတရားစီရင်ရေးအဖွဲ့က လျှောက်ထားသူများအား တရားခံများအဖြစ် ဖြည့်စွက်အရေးယူရန် ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်သည်။ သို့ရာတွင် မူလ တရားစီရင်ရေး အဖွဲ့၏ ဆက်လက်စစ်ဆေးခြင်းကို မလိုလားလျှင် အခြားတရားစီရင်ရေးအဖွဲ့တဖွဲ့ဖြင့် စစ်ဆေးစေရန် တောင်းဆိုပိုင်ခွင့်ရှိကြောင်းကို မူလတရားစီရင်ရေးအဖွဲ့က ဖြည့်စွက်ခြင်းခံရသည့် တရားခံများအား ရှင်းပြခဲ့ခြင်းမရှိသောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၁ ၏ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်။

ဦးတော်ကြီး ပါ(၇)နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၅၀

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ဂ)၊ မြေဂရံကို အမည်ပြောင်းရန် ဆောင်ရွက်ခြင်းကိစ္စ၌ လိမ်လည်အတုပြုလုပ်လျှင် မည်သည့်အခါ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) အရ သက်ဆိုင်ရာရုံး၏စာနှင့် ရေးသားထားသော တိုင်ချက်

စာမျက်နှာ

ရှိရန်လိုအပ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။မြေဂရံကို အမည်ပြောင်းရန်ဆောင်ရွက်ခြင်းသည် တရားရုံးကဖြစ်စေ အခွန်ရုံးကဖြစ်စေ ဆောင်ရွက်ခြင်းဖြစ်သည်။ သို့မဟုတ် မြေဂရံအမည်ပြောင်းရန် ဆောင်ရွက်သော ရေစစ္စတြီမျှား မှတ်ပုံတင်ရုံး၏ ဆောင်ရွက်ခြင်းဖြစ်သည်ကို စဉ်းစားရန်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် တရားမှုံးနှင့် အခွန်ရုံးက ဆောင်ရွက်ခြင်းဖြစ်လျှင် ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ဂ) အရ သက်ဆိုင်ရာရုံး၏ စာနှင့် ရေးသားထားသော တိုင်ချက်ရှိရန်လိုမည်ဖြစ်၍ ရေစစ္စတြီမှတ်ပုံတင်သောရုံးက ဆောင်ရွက်ခြင်းဖြစ်လျှင် သက်ဆိုင်ရာရုံးက စာနှင့် ရေးသားတိုင်တန်းရန် လိုမည်မဟုတ်ချေ။

ကရမ်းဆင် နှင့် ဒေါ်ပရင်းကော(ရ်) .... .... ၁

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၇ (၁)၊ ပြည်သူ့ဝန်ထမ်းအား တရားစွဲဆိုရန် မည်သည့်အခါ ခွင့်ပြုမိန့်လိုအပ်ခြင်း ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုအတွက် တရားစွဲဆိုရန်ခွင့်ပြုမိန့်လိုမလို။ ။ဆုံးဖြတ်ချက်။ ။လိမ်လည်တင်ပြ၍ ငွေများကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုဖြင့် စွဲဆိုသောအမှုများအတွက် ခွင့်ပြုမိန့်မလိုချေ၊ အလွဲသုံးစားပြုခြင်း ပြစ်မှုသည် တာဝန်နှင့် အပ်စပ်ခြင်းမရှိ မိမိရာထူးကို အခွင့်အရေးယူ၍ ကျူးလွန်သောပြစ်မှုသာဖြစ်သဖြင့် တရားစွဲဆိုရန်ခွင့်ပြုမိန့်မလို။

ဗိုလ်ကြီးဘဒွေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် (ဦးအောင်သန်း) .... .... ၇၂

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၉၇ ၏ပြဋ္ဌာန်းချက်၊ ထောင်ဒဏ် ၄ လ နှင့် ၁၅ ရက်မှအချုပ်ကာလ ၄ လနှင့် ၁၅ ရက်နုတ်ပယ်ရန် အမိန့်ချမှတ်ခြင်း၊ ထောင်ဒဏ်မှ အချုပ်ကာလကိုနုတ်ပယ်သဖြင့် ထောင်ဒဏ်ကျခံရန် မလိုသောကြောင့် တရားခံအားလွှတ်ပြီးနောက် အခြားအမှုတွင် ကျခံပြီး ထောင်ဒဏ်နှင့်တပေါင်းတည်းကျခံရန် အမိန့်ကို ချမှတ်နိုင်မနိုင်။ ။ဆုံးဖြတ်ချက်။ ။တရားခံအား ထောင်ဒဏ် ၄ လနှင့် ၁၅ ရက်ကျခံစေရန် ချမှတ်၍ ထိုထောင်ဒဏ်မှ အချုပ်ကာလ ၄ လနှင့် ၁၅ ရက်ကို ထုတ်နုတ်ရမည်ဟု ပါဝင်သောကြောင့် နောက်ထပ် ထောင်ဒဏ် ကျခံရန် မလိုတော့သဖြင့် တရားခံအား လွှတ်ခဲ့သည်။ ထိုကဲ့သို့လွှတ်ခဲ့ပြီးနောက်အခြားအမှုများမှ ထောင်ဒဏ်အသီးသီးကိုပထမအမှုမှ ထောင်ဒဏ်နှင့် တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၉၇ ၏ ပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်ပေသည်။ ကျင့်ထုံးဥပဒေပုဒ်မ ၃၉၇ ၏ ပြဋ္ဌာန်းချက်မှာ ကျခံဆဲထောင်ဒဏ်ရှိမှသာလျှင် နောက်ချမှတ်သည့် ထောင်ဒဏ်ကို ကျခံဆဲထောင်ဒဏ်နှင့် တပေါင်းတည်းကျခံစေရန်ချမှတ်နိုင်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်ထွန်းရွှေ .... ၆၀

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ သည်အယူခံရုံးများ၏ ဆောင်ရွက်ပိုင်ခွင့်ဖြစ်သောကြောင့် နောက်ထပ်သက်သေများ ခေါ်ယူစစ်ဆေးရန် သင့်မသင့်ကိုရုံးကသာဆုံးဖြတ်နိုင်ခွင့်ရှိခြင်း၊ အမှုသည်များက ဤအခွင့်အရေးကို အခွင့်အရေးတရပ်အနေဖြင့် တောင်းဆိုပိုင်ခွင့် မရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။သာမန်

စာမျက်နှာ

အားဖြင့်သက်သေများစစ်ဆေးရန်မှာ မူလတရားရုံး၏ လုပ်ဆောင်ရန်တာဝန်ဖြစ်သည်။ အယူခံရုံးသည် နောက်ထပ် သက်သေများကို စစ်ဆေးရန် လိုအပ်သည်ဟုယူဆလျှင် အဘယ်ကြောင့် လိုအပ်သည်ကို စာအားဖြင့် မှတ်တမ်းပြုလုပ်ပြီး ခေါ်ယူစစ်ဆေးနိုင်ခွင့်ရှိသည်။ သို့ရာတွင် ဤကဲ့သို့ နောက်ထပ် သက်သေများ ခေါ်ယူစစ်ဆေးရန်သင့်မသင့်ကို ရုံးကသာ ဆုံးဖြတ်နိုင်ခွင့်ရှိ၍ အမှုသည်များက အခွင့်အရေးတရပ်အနေဖြင့် တောင်းဆိုပိုင်ခွင့်မရှိချေ။

မညွန့်မေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် (ကိုဘင်မောင်) .... .... ၃၈

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ မယား သို့မဟုတ် ကလေးစရိတ်ပေးရန် အမိန့်၊ မြို့နယ်ရုံးမှအမိန့်ကို တိုင်းတရားရုံးတွင် ပြင်ဆင်ခွင့်လျှောက်ထားခွင့် မရှိခြင်း၊ ကျင့်ထုံးပုဒ်မ ၄၀၆ (က) အရအယူခံခွင့်သာရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ မယားနှင့် ကလေးစရိတ် ထောက်ပံ့ရန်ချမှတ်သော အမိန့်ကို မကျေနပ်သောသူသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၆ (က) အရ ပြည်နယ်တရားရုံး၊ သို့မဟုတ် တိုင်းတရားရုံးသို့ အယူခံနိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ အယူမခံဘဲ လျှောက်ထားသူက တိုင်းတရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်၊ အယူခံရမည့်အမှုကို ပြင်ဆင်မှုအဖြစ် လက်ခံရခြင်းမပြုရဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉(၅) ကလည်းပိတ်ပင်သည်။

ဗမောင်သောင်းရင် နှင့် မတင်တင်ဝင်း .... .... .... ၁၀၅

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇၊ ခိုးမှုမှ သက်သေခံပစ္စည်းများပြန်လည်ရရှိရန် လျှောက်ထားခြင်း၊ ပြေစာဖြတ်ပိုင်းဖြင့် ရှိုးသားစွာ ဝယ်ယူသူများအားသက်သေခံပစ္စည်းများကို ပြန်ပေးသင့် မသင့်။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားသူများသည် သဘောရိုးဖြင့် ဝယ်ယူသည် ဆိုစေကာမူ ရောင်းပိုင်ခွင့် မရှိသောသူထံမှ ဝယ်ယူခဲ့သောကြောင့် ပိုင်ဆိုင်ခွင့် ရရှိမည် မဟုတ်။ သက်သေခံပစ္စည်းများကို မူလပိုင်ရှင်ထံ ပြန်ပေးရန် ချမှတ်သော အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိ။

ဦးငယ် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးဘိုးစော) .... .... .... ၂၆

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ သက်သေခံ ပစ္စည်းကို မည်သူ့အားပြန်ပေးရမည်ဆိုသောပြဿနာ။ ။ဆုံးဖြတ်ချက်။ ။အမှုတွင် တရားခံဖြစ်သူကို အပြီးအပြတ် လွှတ်ခဲ့သည် ဖြစ်သောကြောင့် တရားခံ ပေါင်နှံထားသော ရွှေထည်များမှာ အရှုပ်အရှင်းမရှိသောပစ္စည်းများ ဖြစ်သည်။ လျှောက်ထားသူက အပေါင်ခံခြင်းမှာလည်း ခိုးရာပါပစ္စည်း၊ သို့မဟုတ် အလွဲသုံးစား ပြုလုပ်သည့် ပစ္စည်းများ မဟုတ်သောကြောင့် ယင်းပစ္စည်းကို လျှောက်ထားသူ လက်ဝယ်သာ ပြန်လည်ရရှိသင့်ပေသည်။

ဦးအင်ချွန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်တင်မြင့်) .... .... ၁၁၂

စာမျက်နှာ

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ သက်သေခံပစ္စည်းနှင့်ပတ်သက်၍ ဆုံးဖြတ်ခြင်းသည် ပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်ခြင်းဟုတ် မဟုတ်။ ။ဆုံးဖြတ်ချက်။ ။သက်သေခံပစ္စည်းနှင့် ပတ်သက်၍ အမှုပြီးဆုံးသော အခါ တရားရုံးက သက်သေခံပစ္စည်းကို မည်သူ့ လက်ဝယ် ထားရှိထိုက်သည်ဟူသော အချက်ကို အလေးထား၍ ဆုံးဖြတ်ခြင်းသာဖြစ်သည် ပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်ခြင်း မဟုတ် ပိုင်ဆိုင်ခွင့်မှာ တရားမမှုနယ်ပယ်အတွင်း ကျရောက်သည်ဖြစ်၍ တရားမကြောင်း အရသာ အရေးယူပိုင်ခွင့်ရှိသည်။

ဒေါ်စိန်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၃၄

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ သက်သေခံပစ္စည်းသည်ခိုးရာပါပစ္စည်း၊ သို့မဟုတ် အလွဲသုံးစားသော ပစ္စည်း ဖြစ်နေလျှင် ပစ္စည်းဝယ်ယူသူက ပိုင်ဆိုင်ခွင့်ရနိုင် မနိုင်၊ ပစ္စည်း ပြန်ရနိုင် မနိုင်။ ။ဆုံးဖြတ်ချက်။ ။သက်သေခံပစ္စည်းသည် ခိုးရာပါပစ္စည်း၊ သို့မဟုတ် အလွဲသုံးစားသော ပစ္စည်းဖြစ်နေလျှင် ယင်းပစ္စည်းကို ဝယ်ယူသူက ပိုင်ဆိုင်ခွင့် မရနိုင်ချေ။ သဘောရိုးနှင့် ဝယ်ယူကြောင်းထင်ရှားလျှင် ခိုးရာပါပစ္စည်းလက်ခံမှုနှင့် အရေးယူခံရခြင်းမှ ကင်းလွတ်မည် ဖြစ်သော်လည်း ပစ္စည်းပြန်ရနိုင်ရန်အတွက် အရေး မဆိုနိုင်။

ဦးမောင်ကို နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်တင်အေး) .... .... ၇၇

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂(၁) အရ တလအတွင်း အမိန့်ချမှတ်ခြင်းမရှိခဲ့၊ ယင်းကိစ္စမျိုးတွင် တရားရုံးမှ အိမ်ခန်းလက်လွတ်ခံရသူအား အိမ်ခန်းကို ပြန်လည်ပေးအပ်ရန် အမိန့်ချပိုင်ခွင့်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၅၂၂ (၁) သည် မူလရုံးနှင့်သက်ဆိုင်၍ အချိန်တလကန့်သတ်ချက်ထားရှိသော်လည်း ကျင့်ထုံး ပုဒ်မ ၅၂၂ (၃) တွင် အချိန်ကန့်သတ်ချက်မရှိ။ ထို့ကြောင့် အယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှုများတွင် ကျင့်ထုံးပုဒ်မ ၅၂၂ (၃) အရ ပစ္စည်းလက်လွတ်ခံရသူအား ပစ္စည်းကိုပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

ဦးစမ္ပကေသရ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးနန္ဒသာရ ပါ-၆ ဦး) .... .... ၅၃

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၆ အရ ရုံးပြောင်းပေးရန် လျှောက်ထားခြင်း၊ တရားရုံးများအပေါ် အမှုသည်တို့၏ သံသယများပြေပျောက်၍ တရားလမ်းမှန် သို့ရောက်ရှိစေရန် ရုံးပြောင်း စစ်ဆေးစေသင့်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ဆိပ်ကမ်းမြို့နယ် တရားရုံးက စစ်ဆေးစီရင်လျှင် တရားလမ်းမှန်သို့ ရောက်လိမ့်မည်မဟုတ်ဟု လျှောက်ထားသူ ဦးလှအုန်းက သံသယရှိသကဲ့သို့ လှိုင်မြို့နယ် တရားရုံးက စစ်ဆေးစီရင်လျှင်လည်း တရားလမ်းမှန်သို့ ရောက်လိမ့်မည်မဟုတ်ဟု လျှောက်ထားခံရသူ ဦးထွန်းညွန့်က သံသယရှိနေသဖြင့် ထိုသံသယများပြေ

စာမျက်နှာ

ပျောက်၍ တရားလက်မှန်သို့ရောက်ရှိစေရန် ယင်းမြို့နယ်တရားရုံးများမှအပအခြား မြို့နယ်တရားရုံးတရုံးက စစ်ဆေးစီရင်သင့်သည်။

ဦးလှအုန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးထွန်းညွန့်) .... .... ၉၆

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ (က)၊ ကျောက်တင်ကားမောင်းသူက ည ၈ နာရီခန့် ကောင်းစွာမမြင်ရဘဲ တနာရီလျှင် မိုင် ၂၀၊ ၂၅ နှုန်းဖြင့် မြဲဝင်းတံခါးဆီသို့မောင်း ဝင်ခြင်း၊ သေဆုံးသူသည် အရက်များမူး၍ တံခါးမောင်းတံအနီးသို့ရောက်ရှိ လာခြင်း၊ ကားကမောင်းတံကို တိုက်မိ၍ သေဆုံးသူအား မောင်းတံဖြင့် ဆက်ရိုက်မိပြီး သေဆုံးခြင်းသည် ယာဉ်မောင်း၏ ပေါ့လျော့မှုကြောင့် ဟုတ် မဟုတ်။ ။ဆုံးဖြတ်ချက်။ ။သေဆုံးသူက အရက်များမူး၍ တံခါးမောင်းတံ အနီးသို့ ရောက်သည်ဆိုခြင်းမှာ လုံလောက်သော အကြောင်းပြချက်မဟုတ်။ မော် တော်ကားမောင်းသူသည် အဝင်တံခါးအနီးသို့ရောက်ရှိသောအခါတွင် ဝင်းတံခါး ပိတ်ထားသည်ဖြစ်စေ၊ ဖွင့်ထားသည်ဖြစ်စေ ဂရုပြု၍ မော်တော်ကားကိုမောင်းနှင် ဝင်ရောက်ရန်တာဝန်ရှိပေသည်။ မိုင် ၂၀ နှုန်းဖြင့်မော်တော်ကားကိုမောင်းနှင် လျက် ဝင်ခြင်းသည် လိုအပ်သော သတိမထားဘဲ ပေါ့လျော့စွာမောင်းနှင်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် ဘရိတ်ဘမ်းသော်လည်း မနိုင်မနင်းဖြစ်၍ လူတဦး သေဆုံးရခြင်းမှာ လျှောက်ထားသူ၏ ပေါ့လျော့မှုကြောင့်ဖြစ်သည်။

မောင်ချစ်လှိုင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၂၂

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇၊ ၃၃၈ မော်တော်ကားတိုက်၍ ရရှိသောဒဏ်ရာသည် သာမန်စုတ်ပြတ်ဒဏ်ရာဖြစ်ခြင်း၊ နယ်ဆေးရုံတွင် ဆေးမရှိ၍ ခြေထောက်ပုပ် ခြင်း၊ ရန်ကုန်ဆေးရုံကြီးမှ ခြေထောက်ဖြတ်ခြင်း၊ ပုဒ်မ ၃၃၇ အရ အပြစ် ပေးခြင်းမှန်မမှန်။ ။ဆုံးဖြတ်ချက်။ ရရှိသော ဒဏ်ရာသည် လက်ျာဘက် ခြေကျဉ်းဝတ်၏ ဘေးပိုင်းနှင့် ရှေ့ပိုင်းတွင် အလျား ၄ လက်မ၊ အနံ ၁ လက်မရှိ၍ ကြွက်သားအထိနက်သောစုတ်ပြတ်ဒဏ်ရာဖြစ်သည်၊ ဇီးကုန်းမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် လက်ခံကုသ၍ ၃ ရက်ခန့်အကြာတွင် ဒဏ်ရာမှ အနံ့ထွက် လာသည်။ ဇီးကုန်းမြို့ ပြည်သူ့ဆေးရုံတွင် ဆေးမရှိသဖြင့် လျှောက်ထားသူအား ရန်ကုန်ဆေးရုံသို့ပို့လိုက်ရကြောင်း ဆရာဝန် ဦးချစ်ကြည်၏ ထွက်ဆိုချက်အရ လျှောက်ထားသူ ရရှိခဲ့သော ဒဏ်ရာသည် သာမန်ဒဏ်ရာသာ ဖြစ်ကြောင်းထင် ရှားသည်။ ဇီးကုန်းမြို့ ပြည်သူ့ဆေးရုံတွင် ဆေးဝါးမရှိသဖြင့် သင့်တော်သည့် ကုသမှု မရရှိသောကြောင့် အနာရင်းပြီး ခြေထောက် ပုပ်သွားခြင်းဖြစ်သည်။ ထို့ကြောင့်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရ ပြစ်မှုထင်ရှား စီရင်ခြင်းမှာဥပဒေ အရမှားယွင်းခြင်းမရှိ။

မောင်ပြုံးချို နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးသိန်းဟန်) .... .... ၆၅

၂

စာမျက်နှာ

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ ပထမအကြိမ်ကျူးလွန်ပုံရခြင်း၊ မိန်းကလေး၏သဘော တူညီချက်ဖြင့် ခေါ်သွားခြင်းဖြစ်ခြင်း၊ ဆင်ခြင်တုံ တရားမရှိသေးသည့်ငယ်ရွယ် သူမိန်းကလေးတဦး၏ ဘဝလုံခြုံမှုထိခိုက်စေခြင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၂ (၁) အစား ပြစ်ဒဏ်စီရင်ရန်သင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။ပထမ အကြိမ်ကျူးလွန်ခြင်း၊ ရက်စက်ဟော့ရမ်း ကြမ်းတမ်းမှု မပါဝင်ခြင်း စသည့် အချက်များသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ် လွှတ်ထားရန်သင့်မသင့် စဉ်းစားရာ၌ ထည့်သွင်းစဉ်းစားထိုက်သော အချက်များဖြစ်သည်မှန်၏။ သို့ရာတွင် ယခုအမှု၌ အလေးအနက်ထား၍ စဉ်းစား သင့်သောအခြားအချက်များလည်းရှိနေပေသည်။ ဆင်ခြင်တုံတရားမရှိသေးသည့် ငယ်ရွယ်သူမိန်းကလေးတဦး၏ ဘဝလုံခြုံမှုထိခိုက်ပျက်ပြားစေခြင်းသည် လူမှုရေး အရ မလိုလားအပ်သည့် အကြောင်းတရပ်ဖြစ်ပေသည်။ ဤကဲ့သို့သော ပြစ်မှု မျိုးကို နောက်ထပ်၍ လက်ရဲဇက်ရဲမကျူးလွန်စေရန် ဥပဒေနှင့်အညီ နမူနာပြ ပြစ်ဒဏ်စီရင်ထိုက်သည်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၂ (၁) အရ ခံဝန် ချုပ်ဖြင့် အစမ်းလွှတ်ထားခြင်းမှာ သက်ညှာလွန်းရာရောက်သည်။ သို့ဖြစ်၍တရားခံ အားပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ အရ ထောင်ဒဏ် ၁ နှစ်နှင့် ၆ လကျခံစေရန် ပြစ်ဒဏ်ပြင်ဆင်ချက်ချမှတ်သည်။

ဒေါ်ခင်ညွန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးသောင်းရှိန်) .... .... ၆

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂/၃၀၂ (၁) (ဂ)၊ လုယက်ပြီး လူသတ်ခြင်း၊ လူသတ်မှုနှင့် ပတ်သက်၍ သေဒဏ်မှအပ အခြားပြစ်ဒဏ် သတ်မှတ်နိုင်မနိုင်၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၇၊ စွဲချက်တွင် နေ့ရက် မှားယွင်းလာမှုနှင့် အမှုကိုတဖန် ပြန်စစ်ဆေးရန် သင့်မသင့်၊ တရားဥပဒေတိမ်းစောင်းခြင်း၊ အယူ ခံတရားလိုတွင် နစ်နာမှုရှိသည်မဆိုနိုင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အမှုမှာ မျက် မြင်သက်သေမရှိသည်မှလွဲ၍ အယူခံတရားလိုပြစ်မှု ကျူးလွန်ကြောင်း သက်သေခံ အထောက်အထားများ ကွင်းဆက်မပြတ်ရှိနေပြီး၊ အပြစ်ရှိကြောင်း ဝန်ခံထား သောအမှုဖြစ်သည်။ ထို့ကြောင့် ပြစ်ဒဏ်အနည်းအများကို စဉ်းစားလျှင် လုယက်မှု နှင့်ပတ်သက်၍ အပြစ်ဒဏ်ကို လျှော့ပေါ့ စဉ်းစားနိုင်သော်လည်း လူသတ်မှုနှင့် ပတ်သက်၍ သေဒဏ်မှအပ အခြားပြစ်ဒဏ်သတ်မှတ်ရန် မဖြစ်နိုင်။ ။ထပ်မံ ဆုံးဖြတ်ချက်။ ။ယခုအမှုတွင် အယူခံတရားလိုအပေါ် စွဲချက်တင်သောအခါမှာ နေ့စွဲကို ၁၉၇၃ ခု၊ နိုဝင်ဘာလ ၁၄ ရက်ဟူ၍ ဖော်ပြရမည့်အစား ၁၉၇၃ ခု၊ နိုဝင်ဘာလ ၁၅ ရက်မှ ဖော်ပြသည်မှလွဲ၍ အမှုဖြစ်ပျက်သည့် အကြောင်းအရာ များအားလုံးပြည့်စုံစွာ ဖော်ပြထားကြောင်း တွေ့ရသည်။ အယူခံတရားလိုက စွဲချက်ကို အပြစ်ရှိကြောင်း ဝန်ခံခြင်းသည် မိမိပြစ်မှုကျူးလွန်ခဲ့သည့်ကိစ္စရပ် အားလုံးကိုသိရှိနားလည်သောကြောင့် ဝန်ခံသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထို့ကြောင့် စွဲချက်တွင် နေ့ရက်မှားယွင်းကာမျှနှင့် တရားဥပဒေ တိမ်းစောင်းခြင်း၊ အယူခံတရားလိုအပေါ် တွင် နစ်နာရှိမှု စေခြင်းများဖြစ်သည်ဟု မဆိုနိုင်ချေ။ အယူ ခံကိုပယ်၍ သေဒဏ်ကို အတည်ပြုသည်။

ပေါက်စ (ခေါ်) ဖေဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၅၅

စာမျက်နှာ

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ ဓါးပြတိုက်ရာပါ ပစ္စည်းတွေ့ရှိမှုနှင့် ဓါးပြမှုကျူးလွန်ခဲ့သည်ဟု တထစ်ချဆိုနိုင်မဆိုနိုင်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၂ အရပြောင်းလဲ၍ စီရင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ဓါးပြတိုက်ခံရသူဘိုး၏ နေအိမ်တွင် ဓါးပြတိုက်မှုဖြစ်ပွားပြီး ၄ လကျော်ကြားမှ ဓါးပြတိုက်ရာပါ ပစ္စည်းဖြစ်သော ရေဒီယိုကိုလျှောက်ထားသူများထံတွင် ပြန်လည် တွေ့ရှိရခြင်းဖြစ်သည်။ ဤသို့တွေ့ရှိရရုံမျှနှင့် လျှောက်ထားသူများသည် ဓါးပြမှုကို ကျူးလွန်ခဲ့သည်ဟု တထစ်ချမဆိုနိုင်။ ထို့ကြောင့် ၎င်းတို့အပေါ်တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၅ အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေအရ မှန်ကန်ပုံမပေါ်ပေ။ ယင်းပုဒ်မအစား ဓါးပြတိုက်ရာပါ ပစ္စည်းကိုလက်ခံမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၂ အရ ပြောင်းလဲစီရင်သင့်သည်။

ရင်ကျော့မောင် ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၈၄

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ၊ ပြစ်မှုထင်ရှား စီရင်ထားသော အပြစ်ဒဏ်ကို တိုးမြှင့်ပေးရန်လျှောက်ထားခြင်း၊ တန်ဘိုးရှိသော ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်းနှင့်ပတ်သက်၍ ဒဏ်ငွေသုံးရာမျှသာ တပ်ရိုက်ခြင်းသည် မလျော်ကန်ခြင်း၊ နစ်နာသူ၏နစ်နာချက်အတိမ်အနက်ကိုလည်း သတိချပ်ရခြင်း။ ။ဆုံးဖြတ်ချက်။ အချင်းဖြစ်ပွါးသော ပစ္စည်းများ၏ တန်ဘိုးမှာ ကျပ် ခြောက်သောင်းကျော်ခန့်ရှိကြောင်း အငြင်းမထွက်သောကြောင့် ဤမျှတန်ဘိုးရှိသော ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်းနှင့်ပတ်သက်၍ ဒဏ်ငွေသုံးရာမျှသာ တပ်ရိုက်ခြင်းသည် မလျော်ကန်ဟုဆိုရပေမည်။ ပြည်သူ့အချင်းချင်းပြဿနာကို ဖြေရှင်းပေးရာတွင် အပြစ်ရှိသူအပေါ် ဂရုဏာသားသည်နှင့်အမျှ နစ်နာသူ၏ နစ်နာသော အတိမ်အနက်ကိုလည်း သတိထားရပေမည်။

ဒေါ်သန်းရွှင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးလှစံ) .... .... ၁၀၇

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ စွဲဆိုခြင်း၊ ဒိုင်မှူးအဖြစ် ပေါ့လျော့စွာ စာရင်းများမှား၍ တွက်ချက်ပြီး အလုပ်သမားခ ပိုပေးခဲ့ခြင်းဖြစ်၍ ဌာနဆိုင်ရာအနေဖြင့်သာ အရေးယူသင့်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၀၅ တွင်၊ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်သည့်အကြောင်းများကို တွေ့မြင်နိုင်ပေသည်။ ပြည်သူ့ဝန်ထမ်းက ကျူးလွန်လျှင် ပုဒ်မ ၄၀၉ အရအပြစ်ဒဏ်သင့်မည်ဖြစ်သည်။ ဤသို့ဖြစ်စေရန် ယုံကြည်အပ်နှံခြင်း ခံရသည့်ပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုရန် လိုအပ်ပေလိမ့်မည်။ သို့မှသာပြစ်မှုဆိုင်ရာဥပဒေကိုကျူးလွန်ရာရောက်မည်ဖြစ်သည်။ ယခုကိစ္စတွင်မောင်ကြည်သိန်းသည် ဒိုင်မှူးအဖြစ်ပေါ့လျော့စွာစာရင်းများမှား၍ တွက်ချက်ပြီး အလုပ်သမားခပိုပေးခဲ့ခြင်းဖြစ်သောကြောင့် ဌာနဆိုင်ရာအနေဖြင့်သာ အရေးယူသင့်ပေသည်။

မောင်ကြည်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအောင်မြတ်) .... .... ၅

စာမျက်နှာ

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇၊ ပြစ်မှုဆိုင် ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁) လူမှုရေး ကိစ္စ၌သံဃာများကအမှားအမှန်ဆုံးဖြတ်ပိုင်ခွင့်ရှိ မရှိ၊ တရားရုံးများအပေါ်တွင် အကျိုးသက်ဝင်နိုင် မနိုင်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ အပြစ်မမြောက်ကြောင်း တရားရုံးမှ ဆုံးဖြတ်ထားခြင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁) အရကလေးစရိတ်ပေးရန် အမိန့်ချနိုင်မနိုင်။ ။ဆုံးဖြတ်ချက်။ ။ကိစ္စမှာ လူမှုရေးနှင့်ပတ်သက်နေသည်ဖြစ်၍ အမှားအမှန်ကို ရဟန်းသံဃာများက ဆုံးဖြတ်ပိုင်ခွင့်မရှိချေ။ သံဃာတော်များအဖွဲ့က အပြစ်မရှိဟုဆိုခြင်းသည် တရားရုံးကဲ့သို့ နှစ်ဘက်သက်သေများကို ရေးမှတ်စစ်ဆေးခြင်း၊ ပြန်လှန်မေးခွန်းများပြုခြင်းအစရှိသည်တို့ကို ဆောင်ရွက်ခဲ့သည်မဟုတ်သောကြောင့် တရားရုံးများအပေါ်တွင် မည်သို့မျှ အကျိုးသက်ဝင်နိုင်မည်မဟုတ်။ ။ထပ်မံဆုံးဖြတ်ချက်။ ။လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ ဆက်ဆံပေါင်းသင်းကြခြင်းသည် လူထွက်၍ လက်ထပ်ပါမည်ဟူသော ဂတိမရှိဘဲ သဘောတူချစ်ကြိုက်ပျော်ပါးသည့် အခြေအနေမျိုးဖြစ်ခဲ့လျှင် ပုဒ်မ ၄၁၇ အရ ပြစ်မှုမြောက်သည်မဟုတ်ချေ။ ယင်းပုဒ်မအရ ပြစ်မှုမမြောက်သော်လည်း နှစ်ဦးစပ်ယှက်၍ရရှိသော ကလေးသည် လျှောက်ထားခံရသူ၏ ကလေးပင်ဖြစ်နိုင်သည်။ လိမ်လည်မှုတွင် အပြစ်မရသောကြောင့် လျှောက်ထားခံရသူသည် ကလေးအဖေ မဟုတ်ဟုတထစ်ချပြော၍ မဖြစ်ချေ။ လျှောက်ထားခံရသူသည် လျှောက်ထားသူအား ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁) အရ ကလေးစရိတ်ပေးစေ။

မတင်အိ နှင့် ဦးဝိမလ .... .... .... .... ၄၄

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀၊ လောင်းကစားကြေးငွေများသိမ်းဆည်းထားသူက အလွဲသုံးစားပြုလျှင် လောင်းကစားခြင်းမှစတင် ပေါ် ပေါက်ခြင်းဖြစ်၍ တရားစွဲခွင့်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။တရားမမှုများတွင် ပဋိညာဉ် ဥပဒေအရ အလောင်းအစားနှင့်ပတ်သက်၍ပြုလုပ်သော သဘောတူညီချက် ပဋိညာဉ်ပျက်ပြယ်သည်ဟု ပြဋ္ဌာန်းချက်ဖြစ်သည်။ ယင်းပြဋ္ဌာန်းချက်မှာ ပြစ်မှုဆိုင်ရာ အမှုများနှင့် မသက်ဆိုင်၊ သူတပါးကယုံကြည်အပ်နှံထားသော ငွေကိုအလွဲသုံးစားပြုလုပ်လျှင်၊ သို့မဟုတ် ကိုယ်ကျိုးအတွက် လိမ်လည်ရယူလျှင် ပြစ်မှုကျူးလွန်ရာရောက်သည်။ တရားမဝင်သော နွားလှည်းပြိုင်ပွဲအတွက် လောင်းကြေးငွေများဖြစ်၍ ပြစ်မှုမထိုက်ဟု မဆိုနိုင်။ တရားစွဲခွင့်ရှိသည်။

ဦးထိ ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ဦးအောင်ရှိန်) .... .... ၄၈

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၁၊ ၄၄၂၊ အိမ်ငှါးသည် အိမ်ခန်းနှင့် အနှစ် ၂၀ ခန့်ကင်းကွာနေသော အခန်း၌ ကြားလူကဝင်ရောက်ပြီး အိမ်ပြင်ဆင်ရန် အကြောင်းပြ၍ ပစ္စည်းများထားခြင်း၊ အိမ်ရှင်က တားမြစ်ပြီး အိမ်ခန်းကို သော့ခတ်ခြင်း ပြစ်မှုမြောက်မမြောက်။ ။ဆုံးဖြတ်ချက်။ ။ကျော်နင်းမှုနှင့် အိမ်ကျော်နင်းမှုတို့ကို ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၄၁ နှင့် ၄၄၂ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ ပစ္စည်းလက်ရှိ ဖြစ်သူကို ခြောက်လှန့်ရန် သို့မဟုတ် စော်ကားရန် သို့မဟုတ်စိတ်ငြိုငြင်ရန်ပြုမူခြင်း၊လူနေအိမ်တွင် တရားမဲ့ဝင်ရောက်၍ ဆက်လက်နေထိုင်ခြင်း စသည်

တို့ဖြစ်သည်။ ယခုအမှုတွင် တရားလိုသည်ပင်လျှင် လက်ရှိဖြစ်သူ မဟုတ်သော ကြားလူသာဖြစ်သည်။ မူလကငှါးရမ်းခဲ့သူမှာလည်း အိမ်ခန်းနှင့် ကင်းကွာလျက် ရှိသည်မှာ နှစ်ပေါင်း ၂၀ ခန့်ရှိပြီဖြစ်သည်။ ထို့ကြောင့် အိမ်ရှင်ဖြစ်သူက မိမိ အိမ်ခန်းကို ကြားလူကလာရောက် ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ တားမြစ်ခြင်း၊ အိမ်တံခါးပိတ်ထားခြင်းတို့မှာ ပြစ်မှုမြောက်သော အိမ်ကျော်နင်းမှုဖြစ်သည်ဟု မယူဆနိုင်။

ဦးငြိမ်းလှိုင်ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၂၉

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၆၊ စာချုပ်စာတမ်းအတုပြုလုပ်သူ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ဂ)၊ စာချုပ်အတု ပြုလုပ်မှုဖြင့် တိုက်ရိုက်လျှောက် ထားတရားစွဲဆိုမှု တရားရုံးရှိ မှုခင်းတရပ်ရပ်တွင် တင်ပြသော စာချုပ်စာတမ်း တစုံတရာကို အတုပြုလုပ်မှုအတွက် တရားရုံးက တိုင်တန်းခြင်းမရှိဘဲ အရေးယူ စခွင့်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။တရားရုံးရှိ မှုခင်းတရပ်ရပ်တွင် တင်ပြသော စာချုပ်စာတမ်းတစုံတရာနှင့်ပတ်သက်၍ လိမ်လည်အတုပြုလုပ်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၆ အရ တရားစွဲဆိုရာ၌ သက်ဆိုင်ရာ တရားရုံးက စာဖြင့်ရေးသား တိုင်တန်းလျှောက်စွဲဆိုမှသာ အမှုကို လက်ခံရမည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ဂ) တွင် ပြဋ္ဌာန်းထားသည်။ သက်ဆိုင်ရာတရားရုံး၏ စာဖြင့် ရေးသားတိုင်တန်းချက်မပါရှိ၍ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်သောကြောင့် အမှုကို အရေးယူဆောင်ရွက်ခြင်းမပြုနိုင်။

ဦးချစ်ဖူး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၁၉

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄ဂဂ (၁)၊ လင်၏ဝတ္တရားပျက်ကွက်မှုနှင့် စိမ်မှုခန့်ခွဲမှု ညံ့ဖျင်းသောကြောင့် မယားသည် လင်နှင့်အတူမနေနိုင်ခြင်းဖြစ်ပါက လင်၌ တာဝန်မကင်းခြင်း။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် လျှောက်ထား ခံရသူအပေါ်၌ လင့်ဝတ္တရားပျက်ကွက်ခဲ့ကြောင်း ပေါ်လွင်သည်။ လျှောက်ထား သူ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းသောကြောင့် လျှောက်ထားခံရသူသည် လင်နှင့်အတူ မနေနိုင်ခြင်းဖြစ်သည်။ လျှောက်ထားသူတွင် တာဝန်မကင်းပေ။ တိုင်းတရား စီရင်ရေးအဖွဲ့က မယားစရိတ် ထောက်ပံ့ရန် အယူခံမှုတွင် ချမှတ်သောအမိန့်သည် ဥပဒေအရ မှန်ကန်ပေသည်။

မောင်သိန်းမောင် နှင့် မတင်ဦး .... .... ၁၁၀

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃၊ ချစ်ကြိုက်ကြ၍ ခိုးယူပေါင်းသင်းပြီးနောက် ပစ်သွား ခြင်းသည် ယင်းပုဒ်မအရပြစ်မှုမြောက်မမြောက်။ ။ဆုံးဖြတ်ချက်။ ။မည်သည့် ယောကျ်ားမဆို မိမိနှင့်တရားဝင်ထိမ်းမြားခြင်းမပြုသော မိန်းမကို မိမိနှင့်တရားဝင် ထိမ်းမြားကြောင်း လှည့်ဖြားယုံကြည်စေ၍ မိမိနှင့် ကာမစပ်ယှက်စေလျှင် ထိုသူ သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ ကို ကျူးလွန်သည်။ ယင်းကဲ့သို့ လိမ်လည် လှည့်ဖြားကြောင်း အထောက်အထားမရှိ။ ချစ်ကြိုက်၍ နှစ်ဦးသဘောတူ လင် မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ပြီးနောက် စားဝတ်နေရေး ဆင်းရဲမှုဒဏ်ကိုမခံ

နိုင်သောကြောင့်စွန့်ခွါသွားခြင်းသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ တွင် အကျုံးမဝင်။

မောင်အုန်းရွှေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁၁၄

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀၊ ဂေါပကအဖွဲ့ဝင်အဖြစ် မသင့်တော်သူ၊ အရည်အချင်းမဲ့သူဖြစ်ကြောင်း အစည်းအဝေးဆုံးဖြတ်ချက်ပေးပို့ခြင်း၊ အသရေ ဖျက်ရန် ကျေညာခြင်းရှိမရှိ။ ။ဆုံးဖြတ်ချက်။ ခန့်ထားရေးကော်မတီသည် အစည်းအဝေးခေါ်ပြီး ဆုံးဖြတ်ချက်ချမှတ်ကာ ယင်းဆုံးဖြတ်ချက် မှတ်တမ်းကို သက်ဆိုင်သူထံသို့ ပေးပို့ခြင်းမှာ လုပ်ငန်းအရဆောင်ရွက်ခြင်းသာ ဖြစ်သည်။ ဆုံးဖြတ်ချက်ကိုပေးပို့ရာ၌သက်ဆိုင်သူထံသို့ တိုက်ရိုက်ပေးပို့ခဲ့ခြင်းဖြစ်သဖြင့် အသရေဖျက်ရန် ကျေညာသည့်သဘောမသက်ရောက်။

ဦးမောင်ကြီး (ခေါ်)ဦးစိအမ်ဂျီဝါး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် (ဦးကာဗင် မိုဟာမက်ဘူရှ်တီ ပါ ၁၂) .... ၇၉

ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၄ ၏ ရည်ရွယ်ချက်၊ ယင်းဥပဒေပုဒ်မ အရ အရေးယူထားသောအမှုကို ရုံးသို့ ၂၄ နာရီအတွင်း တရားစွဲတင်ပို့ခြင်းမရှိဘဲ ၂၄ နာရီကျော်မှရုံးတင်တရားစွဲလျှင်အမှုပျက်ပြယ်ခြင်းရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၄ တွင် ပြစ်မှုကျူးလွန်သူကို ဝါရမ်းမပါဘဲ ဖမ်းဆီးချုပ်နှောင်ခွင့်ရှိ၍ ၂၄ နာရီအတွင်းရုံးသို့တရားစွဲဆိုတင်ပို့ရမည်။ အကယ်၍ ရုံးပိတ်ရက်နှင့်ကြုံလျှင် ရုံးပြန်ဖွင့်သည့်နေ့တွင် စွဲဆိုတင်ပို့ရမည်။ ယင်းပုဒ်မ၏ ရည်ရွယ်ချက်မှာ ရဲကဝါရမ်းမပါဘဲ ချုပ်နှောင်ခွင့်ရှိသူအား အမြန်ဆုံး ရုံးရှေ့တင်ပို့ရန်နှင့် ဤအမှုမျိုးတွင် အချိန်ကြာမြင့်ပါက သက်သေအထောက်အထားရရန်မလွယ်ကူသောကြောင့်ဖြစ်သည်။ သတ်မှတ်သော အချိန်ထက်နောက်ကျ၍ အမှုစွဲဆိုလျှင် တရားရုံးက စီရင်ပိုင်ခွင့်မရှိဟု ပိတ်ပင်တားမြစ်ခြင်းမဟုတ်၊ အမှုမပျက်ပြယ်။

ဦးဝင်းကြည် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၉၉

ပြည်သူ့အထည်အသိပ်ဆိုင်တွင် စာရင်းစစ်ရာ လျော့နည်းကွာခြားခြင်း၊ ဆိုင်တာဝန်ခံ လျှောက်ထားသူက မဖြေနိုင်ခြင်း၊ ကုန်ပစ္စည်းများ လျော့နည်းခြင်းအတွက် မည်သူ့တွင် တာဝန်ရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။စာရင်းစစ်ဆေးရာတွင် တွေ့ရှိရသော လျော့နည်းကွာခြားချက်ကို နေဘ်ခင်အေးသည် မငြင်းကွယ်နိုင်သည့်အပြင် ဖြေရှင်းခြင်းလည်း မပြုနိုင်ချေ၊ နေဘ်ခင်အေးက မိမိသည်အလွဲသုံးစားမပြုရကြောင်း၊ ရောင်းရင်းရောင်းရင်းလျော့၍လျော့၍ သွားသဖြင့် စာရင်းကွာခြားခြင်းဖြစ်ပါသည်ဟု ထွက်ဆိုသည်။ နေဘ်ခင်အေးသည် ပြည်သူ့ဆိုင် အမှတ် (၁၃) ၏ ဆိုင်တာဝန်ခံ ဖြစ်သည့်အလျောက် ထိုဆိုင်မှ ကုန်ပစ္စည်းများ လျော့နည်းကွာခြားခြင်းအတွက် တာဝန်ရှိသည်။

နေဘ်ခင်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၁၇

စာမျက်နှာ

မိခင်နှင့်ဖခင် ကွာရှင်းချိန်တွင် ကလေးစရိတ်ပေးရန် ကလေးစရိတ်လျှောက်ထားမှု ဂတိရှိခြင်း၊ ဖခင်၏ထမင်းဆိုင်တွင် ကလေးများကို စားသောက်နေထိုင်စေခြင်းအား ကလေးစရိတ်ပေးရန် လိုမလို။ ။ဆုံးဖြတ်ချက်။ ။မိမိ၏ရင်သွေးများကို မိမိထမင်းဆိုင်တွင် စားသောက်နေထိုင်စေခြင်းအားဖြင့် ကလေးစရိတ်ပေးရန် မလိုဟူသော အကြောင်းပြချက်မှာ လက်ခံနိုင်ဘွယ်ရာမရှိ။ ကလေးများကိုပြုစုကျွေးမွေးခြင်းမှာ ဖခင်ဖြစ်သူ၏ စိတ်စေတနာအရပင်ဖြစ်သည်။ မိမိဆန္ဒအလျောက် ကျွေးမွေးပြုစုခြင်းကြောင့် ကလေးစရိတ်မပေးသင့်ဟု မဆိုနိုင်။

ကေပီကာဒယ် နှင့် မစကိနာဘိ .... .... .... .... ၄

မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများ ဥပဒေအရ အရေးယူခြင်း၊ တရားခံထံမှ တွေ့ရှိခြင်းမှန်မမှန်၊ ကွင်းဆက်မပြတ် သက်သေခံအထောက်အထား လိုအပ်ခြင်း၊ တွေ့ရှိသော အထုပ်မှာ ဆေးခြောက် ဟုတ် မဟုတ်၊ စစ်ဆေးချက် အစီရင်ခံစာ ရုံးသို့တင်ပြရန် လိုအပ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ယခုအမှုတွင် ဥပဒေအရ တရားခံထံမှ ဆေးခြောက်ထုပ် တွေ့ရှိခြင်း မှန် မမှန်သက်သေခံအထောက်အထား ပြည့်စုံရန် လိုအပ်သည့်အပြင် တွေ့ရှိသော ဆေးခြောက်ထုပ်မှာ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး အစစ်အမှန်ဟုတ်၊မဟုတ်၊ သက်ဆိုင်ရာ ဥပဒေပုဒ်မ ၅၇ အရ စစ်ဆေးချက်နှင့် အစီရင်ခံစာကို တရားရုံးတွင် တင်ပြရန်လိုအပ်ပေလိမ့်မည်။ ထို့ကြောင့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ)အရ ထောင်ဒဏ် (၅)နှစ် အပြစ်ပေးထားသော စီရင်ချက်နှင့် အမှုကို ပယ်ဖျက်လိုက်သည်။ အမှုကို ဥပဒေအရ အသစ်တဖန်ပြန်လည်စစ်ဆေးစေ။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် ဆွန်ဒရွန်း .... ၅၈

ရုံးပြောင်းပေးရန် လျှောက်ထားမှု - စဉ်းစားရန်အချက်များ စိုးရိမ်မကင်း ဖြစ်မှုမှာ တရားသူကြီးဥက္ကဋ္ဌ တဦးတည်း အပေါ်တွင်မူတည်ခြင်း၊ အထူးအကြောင်းတစုံတရာမရှိပါက ရုံးပြောင်းစစ်ဆေးခွင့်ကို မပြုသင့်ခြင်း၊ ဥက္ကဋ္ဌပါဝင်ခြင်း မရှိသော တရားစီရင်ရေး အဖွဲ့က စစ်ဆေးကြားနာရန် အမိန့်ချခြင်း။ ။ဆုံးဖြတ်ချက်။ ။ရုံးပြောင်းပေးရန်နှင့် ပတ်သက်၍ လျှောက်ထားရာတွင် တရားသူကြီး၏ သမာဓိရှိခြင်း၊ ဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်း၊ အစရှိသည်တို့အပေါ်တွင် စဉ်းစားရန်သာမက တရားသူကြီး၏ အပြုအမူအရ တရားခံ၏ စိတ်တွင် အမှုကို ထိုရုံး၌ စစ်ဆေးပါက တရားမျှတမှုရလိမ့်မည် မဟုတ်ဟု စိုးရိမ်မကင်း ဖြစ်ခြင်း အပေါ်တွင် မူတည်၍လည်း စဉ်းစားရန်ရှိသည်။ လျှောက်ထားသူ၏ စိုးရိမ်မကင်းဖြစ်မှုမှာ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ တဦးတည်းအပေါ်တွင် မူတည်လျက်ရှိသည်။ မျက်မှောက်ခေတ် တရားစီရင်ရေး စံနစ်သည် ဗဟိုကဦးစီး ဦးဆောင်ပြု၍ ဒေသအလိုက် ကိုယ်တိုင် စီမံဆောင်ရွက်သည့် စံနစ်ဖြစ်သည်။ အထူးအကြောင်း တစုံတရာ ပေါ်ပေါက်ခြင်းမရှိဘဲ ရုံးပြောင်း စစ်ဆေးခွင့်ကို မပြုသင့်၊ ထို့ကြောင့် အမှုကို

စာမျက်နှာ

အခြား မြို့နယ်တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးမည့်အစား တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ပါဝင်ခြင်းမရှိသော တရားစီရင်ရေး အဖွဲ့က စစ်ဆေး ကြားနာစေရန်အမိန့် ချမှတ်သည်။

ဦးမြင့်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးတင်လတ်) .... .... ၇၁

ရုံးပြောင်းလျှောက်ထားခြင်း၊ မလျော် ဩဇာ သုံးသည်ဆိုခြင်း၊ မည်သည့်အခါ လက်ခံနိုင်သည် လက်မခံနိုင်သည်။ ။ဆုံးဖြတ်ချက်။ ။သမဝါယမ အသင်း အက် ဥပဒေနောက်ဆက်တွဲဇယား ၂ (၆) အရ အသင်းပိုင်ပစ္စည်းကို အလွဲသုံးစားပြု လုပ်ခြင်းနှင့် ပတ်သက်သည့် အမှုမျိုးတွင် စာချင်းဇယားများနှင့် ပတ်သက်သော ကြောင့် ပြင်ပမှ မလျော်ဩဇာသုံးရန် လွယ်ကူမည်မဟုတ်ချေ၊ သို့ဖြစ်၍ မလျော် ဩဇာ အသုံးပြုမည်ဟု အကြောင်းပြချက်ဖြင့် ရုံးပြောင်း စစ်ဆေးရန်လျှောက် ထားခြင်းကို လက်ခံရန်အကြောင်းမရှိ။

ဦးချစ်ဦး ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးတင်မောင်) .... .... ၂၄

ရွေးချယ် တင်မြှောက်ပွဲဆိုင်ရာ ဥပဒေပုဒ်မ ၃၆(၁) ဝါရမ်းမှု စစ်ဆေးနည်းဖြင့်စစ်ဆေး ရမည့်အမှုကို သာမန်မှု စစ်ဆေးနည်းဖြင့် စစ်ဆေးခဲ့လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၇ အရ ပြုပြင်၍ ရသောဆောင်ရွက်မှုမျိုး မဟုတ်ခြင်း။ ။ ဆုံးဖြတ်ချက်။ ။ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၆ (၁) သည် ထောင်ဒဏ် တနှစ်အထိ အပြစ်ဒဏ်ပေးနိုင်သောကြောင့် ဤအမှုကို ဝါရမ်းမှု စစ်ဆေးသော နည်းလမ်းအရ စစ်ဆေးရမည် ဖြစ်ပေသည်။ ဝါရမ်းမှုစစ်ဆေး နည်းဖြင့် စစ်ဆေးရမည့်အမှုကို သာမန်မှု စစ်ဆေးနည်းဖြင့် စစ်ဆေးခဲ့လျှင်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၃၇ အရ ပြုပြင်၍ရသောဆောင်ရွက်မှုမျိုး မဟုတ်ချေ။

ဦးစံတင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်(ဦးချစ်) ၃၆

လျှောက်ထား ခံရသူဘဦးနှင့် တရားသူကြီးများ ရင်းနှီးမှုရှိခြင်းနှင့် အမှုကြန့်ကြာ ခြင်းမှာ အမှုကိုရုံးပြောင်းပေးရန် အကြောင်းများဟုတ် မဟုတ်။ ။ဆုံးဖြတ် ချက်။ ။လျှောက်လွှာတွင် လျှောက်ထားခံရသူအမှတ် (၂) နှင့်တရားသူကြီး များ ရင်းနှီးမှုများရှိသည်ဟု ဆိုသော်လည်း ဤသို့ရင်းနှီးခြင်းအားဖြင့် မည်သို့ ဘက်လိုက်မှုရှိကြောင်း ပေါ်ပြနိုင်ခြင်း မရှိ။ ယခုအခါတွင် တရားသူကြီးများ မှာ ပြည်သူများက ရွေးချယ်တင်မြှောက်သော ပြည်သူ့ ကိုယ်စားလှယ်များ ဖြစ်ကြသည်။ ပြည်သူ့ကိုယ်စားလှယ်များ ပီပီ ပြည်သူနှင့်ရင်းနှီး ဆက်သွယ်မှု ရှိကြပေလိမ့်မည်။ ပြည်သူ့ ကိုယ်စားလှယ် များမှာ ပြည်သူကယုံကြည်ကိုးစား ခြင်းခံရသူများဖြစ်၍ ပြည်သူ့ အရေးကိစ္စများကိုဆောင်ရွက်ရာတွင် တရားမျှတ မှုကို ဦးထိပ်ထား၍ ဆောင်ရွက်ကြပေလိမ့်မည်။ ခင်မင် ရင်းနှီးမှုကြောင့် တရားဥပဒေကို ဆန့်ကျင်ပြီး ဘက်လိုက်၍ ဆုံးဖြတ်မည်ဟု တထစ်ချမယူဆနိုင်။ ပြည်သူ့ကိုယ်စားလှယ် တရားသူကြီးများနှင့် ပြည်သူတို့ ရှိးသားစွာပေါင်းသင်း

စာမျက်နှာ

ဆက်ဆံဝင်ထွက် သွားလာမှုကို အထင်အမြင်မှားဘို့ မလိုဟု ယူဆသည်။ သက်သေများ စုံလင်သော်လည်း အမှုကို စစ်ဆေးခြင်းမပြု သောကြောင့် ကြန့်ကြာရသည်ဟု အကြောင်းပြသော်လည်း ကြန့်ကြာခြင်းမှာ မှန်ခဲ့လျှင်ပင် လျှောက်ထားသူ တဦးတည်းကိုသာ နစ်နာစေခြင်း မဖြစ်နိုင်။ အမှုကြန့်ကြာခြင်းမှာလည်း ရွှေ့ပြောင်းပေးရန်အကြောင်းမဟုတ်ချေ။

ဦးဘဌေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁။ ဦးမြလှိုင်၊ ၂။ ဦးဘချစ် .... ၇၀

လျှောက်ထားသူအား မိမိ မယားဟု လျှောက်ထားခံရသူက မယားခိုးမှုတွင် ပြောဆိုခြင်း၊ တရားရုံးချုပ်မှ မယားခိုးမှု တရားခံအား အပြီးအပြတ် လွှတ်ခြင်း၊ လျှောက်ထား ခံရသူအပေါ် အသေရေဖျက်မှုနှင့် အပြစ်ပေးရမည်ဟု ဆိုနိုင်မနိုင်။ ။ဆုံးဖြတ်ချက်။ ။တရားရုံးချုပ်က အပြီးအပြတ် လွှတ်လိုက်သည်ဟု ဆိုသောကြောင့် မယားခိုးမှု မမြောက်တော့ချေ။ သို့ရာတွင် မယားခိုးမှုနှင့် ယခုစွဲဆိုသော အသေရေဖျက်မှုတို့မှာ သီးခြား စဥ်းစား ရမည်ဖြစ်သည်။ ပြစ်မှု ကျူးလွန်သည့် အကြောင်း ခြင်းရာတို့မှာလည်း တူညီကြသည်မဟုတ်ချေ။ မယားခိုးမှု တရားခံအပေါ်တွင မယားခိုးမှုနှင့် အပြစ်မပေးနိုင်ခြင်းကြောင့် လျှောက်ထားခံရသူအပေါ်တွင် အသေရေဖျက်မှုနှင့် အပြစ် ပေးရမည်ဟုမဆိုနိုင်ချေ။

ဒေါ်ခင်မေ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်(ကိုခင်စိန်) ၁၅

ဝါဏိဇ္ဇဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဗဟို တရားရုံးတွင် ပြောဆိုခွင့်ရှိမရှိ၊ ဝါဏိဇ္ဇ ဗဟိုကော်မတီ၏ အမိန့်ကို မလိုက်နာပါက တရားရုံးက အရေးယူနိုင်မနိုင်။ ။ဆုံးဖြတ်ချက်။ ။ဝါဏိဇ္ဇ ဗဟိုကော်မတီ၏အဆုံးအဖြတ်သည်နောက်ဆုံးဖြစ်သည်။ ထိုအဆုံးအဖြတ် အမှားအမှန်နှင့် ပတ်သက်၍ လျှောက်ထားသူသည် ဗဟိုတရားရုံး၌ ပြောဆိုခွင့်မရှိ။ ။ထပ်မံဆုံးဖြတ်ချက်။ ။အလုပ်သမားခများကို ရှင်းပေးရန် ချမှတ်သည့် ဝါဏိဇ္ဇ ကော်မတီ၏ အမိန့်ကိုဆန့်ကျင်ဖေါက်ဖျက်သော ပုဂ္ဂလိကပိုင်လုပ်ငန်း အလုပ်ရှင်အား ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမား၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၁ (ခ) အရ တရားစွဲဆိုနိုင်သည်။

ဦးစောသိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးစိန်သောင်း) .... .... ၃၂

သမဝါယမအသင်း ဥပဒေ နောက်ဆက်တွဲဇယား ၂၊ အမှတ်စဉ် ၆၊ ၁၀၊ ၂၀ နှင့် ၂၁ အရ စွဲဆိုခြင်းခံရသူများအား အာမခံပေးနိုင် မပေးနိုင်။ ။ဆုံးဖြတ်ချက်။ ။စွဲဆိုသောပြစ်မှုမှာ ၅ နှစ်အထိ ထောင်ဒဏ်နှင့် ကျပ် ၂၅၀၀၀ အထိ ငွေဒဏ် ချမှတ်နိုင်သောကြောင့် တရားရုံး၏ သဘောအလျောက် ချင့်ချိန်၍ အာမခံပေးနိုင်သောပြစ်မှုဖြစ်သည်။

ဦးလှသိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၆၄

# (တ) ညွှန်းချက်

စာမျက်နှာ


အစိုးရအပေါ် အကြည်ညိုပျက်စေရန် ပြောဆိုခြင်း၊ အပြုအမူဖြင့် အစိုးရအပေါ်တွင် မေတ္တာပျက်စေရန်နှင့် တာဝန်ဝတ္တရားဆောင်ရွက်မှုယုတ်စေခြင်း၊ အရေးပေါ် စီမံမှု အက်ဥပဒေပုဒ်မ ၅ (က) နှင့် အကျုံးဝင်မဝင်။ ။ဆုံးဖြတ်ချက်။ ။ လျှောက်ထားသူ ဦးဝင်းဟန်သည် ပြည်သူပိုင် ပိုင်းလော့စက်ရုံမှ ပြည်သူ့ဝန်ထမ်း အလုပ်သမားတဦးဖြစ်သည်။ ဦးဝင်းဟန်သည် တာဝန်ထမ်းဆောင်ရင်း စက်ရုံ အတွင်း၌ စက်ရုံအလုပ်သမား ပြည်သူ့ဝန်ထမ်းများနှင့် တွေ့ဆုံသောအခါ အစိုးရ အပေါ် အကြည်ညိုပျက်စေသော စကားများပြောဆိုခဲ့သည်။ ၎င်းပြောဆိုသော စကားများတွင် တော်လှန်ရေးကောင်စီကို ပုတ်ခတ်သည့် စကားရပ်များပါဝင် ကြောင်း တရားလိုသက်သေများက ထွက်ဆိုသည်။ ဦးဝင်းဟန်၏ အပြုအမူမှာ ပြည်သူ့ဝန်ထမ်းများက အစိုးရအပေါ်တွင် မေတ္တာပျက်စေရန်နှင့် စိတ်ဓါတ် ကျဆင်းပြီး ဝတ္တရားဆောင်ရွက်မှု ယုတ်လျော့စေရန်ဖြစ်သည်။ ထို့ကြောင့် ၎င်းအပေါ်တွင် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅ (က) အရ မြို့နယ်တရား စီရင်ရေးအဖွဲ့က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်သည်။

ဦးဝင်းဟန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၁၀၁

အထူးရာဇဝတ်ရုံးဥပဒေသည် သီးခြားဥပဒေတရပ်ဖြစ်၍ တရားခံ၏မျက်ကွယ်တွင် အမှု ကြားနာ စစ်ဆေးခြင်း၊ အပြစ်ဒဏ် ချမှတ်ခြင်းပြုလုပ်နိုင်ခြင်း။ ။ဆုံးဖြတ်ချက် ။ ။ဦးတင်မောင်ဟန်သည် ရဲဌာနသို့ စတင်တိုင်တန်းသောအဆင့်မှာဖြစ်စေ၊ ရုံးရှေ့သို့ရောက်ရှိကြားနာသောအဆင့်မှာဖြစ်စေ ချေပနိုင်ခွင့်မရှိခဲ့ကြောင်း တွေ့ မြင်ရသည်။ သို့ရာတွင် ယင်းသို့ အခွင့်အရေးဆုံးရှုံးခြင်းမှာ ဘယ်သူမပြုမိမိမှု ဆိုသလို ငွေများလျော့နည်းကွာခြားသည်ဟု အထက်အရာရှိများက မေးမြန်း စုံစမ်းသောအချိန်တွင် ပြဿနာကို ရင်ဆိုင်ဖြေရှင်းမည့်အစား ထွက်ပြေးတိမ်း ရှောင်သွားသောကြောင့်သာ ဖြစ်ပေသည်။ သာမန်အားဖြင့် ဆိုလျှင် ဦးတင်မောင်ဟန်၏ မျက်ကွယ်တွင် အမှုကြားနာစစ်ဆေးခြင်း၊ အပြစ်ဒဏ် ချမှတ်ခြင်းမပြုနိုင်ပေ။ ပြန်လည်ဘမ်းဆီးရမိသောအခါမှသာလျှင် တရားခံ၏ မျက်မှောက်တွင် အမှုစစ်ဆေးကြားနာရမည်ဖြစ်ပေသည်။ သို့ရာတွင် အထူး ရာဇဝတ်ရုံးဥပဒေသည် သီးခြားဥပဒေတရပ်ဖြစ်၍ တရားခံ၏ မျက်ကွယ်မှာ အမှု ကြားနာစစ်ဆေးစီရင်ပိုင်ခွင့်ရှိကြောင်း အတိအလင်းခွင့်ပြုထားသည်။

ဦးတင်မောင်ဟန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၄၀

အပြီးအပြတ်လွှတ်သည့်အမိန့်ကို မကျေနပ်သူက ပြည်နယ်တရားရုံး၌ ပြင်ဆင်လျှောက် ထားခြင်း၊ လျှောက်ထားခွင့်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၅ အရ အပြစ်မထင်ရှားသဖြင့် အပြီးအပြတ်လွှတ်ခဲ့ခြင်းကို မကျေနပ်၍ အယူခံလိုလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ ပြည်ထောင်စုဆိုရှယ် လစ်သမ္မတမြန်မာနိုင်ငံတော်အတွက် ဗဟိုဥပဒေရုံးကသာ အယူခံနိုင်ခွင့်ရှိသည်။ အပြီးအပြတ်လွှတ်ခဲ့ခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားသူသည် ပြစ်မှု ဆိုင်ရာ ပြင်ဆင်မှုလျှောက်ထားနိုင်ခွင့်မရှိ။

ဦးဘခင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(၁။ မောင်ထွန်းလွင်၊ ၂။ မောင်တင်ငွေ၊
၃။ မောင်တင်အေး၊ ၄။ မောင်ချစ်သိန်း) ၆၇

အရေးကြီးသောကုန်ပစ္စည်းများနှင့် လုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၈ (၃) အရပြစ်ဒဏ်စီရင်ခြင်း၊ သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခွင့် ရှိ မရှိ ။ ။ဆုံးဖြတ်ချက်။ ။အရေးကြီးသော ကုန်ပစ္စည်းများနှင့် လုပ်ငန်း ဆိုင်ရာ ဥပဒေပုဒ်မ ၈ (၃) တွင် သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းနိုင်ကြောင်း အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိသော်လည်း အမှုစစ်ဆေးသည့်တရားရုံးသည်၊ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ မိမိသင့်တော်သည်ဟု ထင်မြင်သည့်အမိန့်ကိုချမှတ်နိုင်သည်။

ဦးသောင်းညွန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၁၀၃

အသံကိုကြားရုံမျှဖြင့် လူကိုမှတ်မိသည်ဆိုခြင်း၊ ခိုင်လုံသည့် အထောက်အထားဟုတ် မဟုတ်။ ။ဆုံးဖြတ်ချက်။ ။တရားခံအိမ်တွင်းသို့ ပုန်းလျှိုး ဝင်ရောက်ချိန်က အိမ်တွင်း၌ မှောင်မိုက်နေသဖြင့် တရားခံကို မမြင်ရဘဲ အသံကိုသာ မှတ်မိသည်ဟု တရားလိုကထွက်ဆိုသည်။ ထိုထွက်ဆိုချက်ကို ထောက်ခံချက်တစုံတရာမရှိ။ အသံကိုကြားရရုံမျှဖြင့် လူကိုမှတ်မိသည်ဆိုခြင်းမှာ ခိုင်လုံသည့် အထောက်အထားမဟုတ်၊ ထိုထွက်ဆိုချက်အရ ပြစ်မှုထင်ရှားစီရင်ရန်ခိုင်လုံခြင်းမရှိ။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်ဝင်းထိန် .... ၆၃

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်ဇင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးစိုးလှိုင်တို့ပါဝင်သော ဗဟို
တရားစီရင်ရေးအဖွဲ့ရှေ့တွင်

ကရမ်းဆင် † ၁၉၇၅

နှင့် မေလ ၃ ရက်။

ဒေါ်ပရင်းကော (ရ်) *

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ)၊ မြေဂရံကို အမည်ပြောင်းရန်ဆောင်ရွက်ခြင်းကိစ္စ၌ လိမ်လည်အတုပြုလုပ်လျှင် မည်သည့်အခါ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ)အရ သက်ဆိုင်ရာရုံး၏ စာနှင့်ရေးသားထားသောတိုင်ချက်ရှိရန်လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။မြေဂရံကိုအမည်ပြောင်းရန် ဆောင်ရွက်ခြင်းသည် တရားရုံးကဖြစ်စေ၊ အခွန်ရုံးကဖြစ်စေ ဆောင်ရွက်ခြင်းဖြစ်သည်။ သို့မဟုတ် မြေဂရံအမည်ပြောင်းရန် ဆောင်ရွက်သောရေစစ္စတြီများ မှတ်ပုံတင်ရုံး၏ ဆောင်ရွက်ခြင်းဖြစ်သည်ကို စဉ်းစားရန်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် တရားရုံးနှင့် အခွန်ရုံးကဆောင်ရွက်ခြင်းဖြစ်လျှင် ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) အရ သက်ဆိုင်ရာရုံး၏စာနှင့် ရေးသားထားသော တိုင်ချက်ရှိရန် လိုမည်ဖြစ်၍ ရေစစ္စတြီမှတ်ပုံတင်သောရုံးကဆောင်ရွက်ခြင်းဖြစ်လျှင် သက်ဆိုင်ရာရုံးက စာနှင့်ရေးသားတိုင်တန်းရန်လိုမည်မဟုတ်ချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးမိုဟန်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အကျိုးဆောင် ဦးဟန်၊
ဥပဒေဝန်ထမ်းအဆင့်(၁)မဇ္ဈတာဂန်ဂူလီ။

လျှောက်ထားသူ မစ္စတာ ကရမ်းဆင်အပေါ်တွင် လျှောက်ထားခံရသူ ဒေါ်ပရင်းကော(ရ်)က၊ မူလရုံးတွင် စာရွက်စာတမ်း အမှတ်အသားများ လိမ်လည်ပြုလုပ်သည်ဟု ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၆၇ အရ တရားစွဲဆို သောကြောင့် ယင်းပုဒ်မနှင့် စွဲချက်တင်သည်။ ထို့ကြောင့် လျှောက်ထားသူက ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားသောအခါတွင် ပလပ်ခြင်း ခံရသည်။ ယခုတပန် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု ထပ်မံတင်သွင်းခြင်း ဖြစ်လေသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၅ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၅ တွင် ချမှတ်သော ၁၉၇၄ ခု၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့စွဲပါ ဗန်းမော်မြို့၊ ပြည်နယ်တရားရုံး ၏ ချမှတ်သောအမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅ ကရမ်းဆင် နှင့် ဒေါ်ပရင်းကော(ရ်)

အမှု ပေါ်ပေါက်သည်မှာ ဗန်းမော်မြို့၊ မင်းတုန်းရပ်ကွက်ရှိ၊ မြေနှင့်အိမ်ကို လျှောက်ထားခံရသူ ဒေါ်ပရင်းကော(ရ်)၏ ခင်ပွန်း ဂျိုဂေဒါဆင် ပိုင်ဆိုင်သည်။ မြေဂရံကိုလည်း ဂျိုဂေဒါဆင်၏ အမည်နှင့် ဗန်းမော်မြို့ ကော်လိပ်တော်ရုံးမှ ထုတ်ပေးခဲ့သည်။ ကော်လိပ်တော်အရာရှိသည် ခရိုင်ဝန်ဖြစ်သည်။ ဂျိုဂေဒါဆင် ကွယ်လွန်သောအခါတွင် ၎င်းနှင့်ညီအစ်ကိုတော်သော ယခုလျှောက်ထားသူ ကရမ်းဆင်သည် အိမ်နှင့်မြေကို မိမိနာမည်နှင့် ဒေါ်ပရင်းကော(ရ်) နာမည်သို့ ပူးတွဲ၍ လွှဲပြောင်းပေးရန် ကော်လိပ်တော်ရုံးတွင်လျှောက်လွှာတင်သည်။ ဤသို့ လျှောက်လွှာတင်သောအခါမှာ . မိန်းမတဦးကို ကွယ်လွန်သူ၏ဇနီး ဒေါ်ပရင်းကော(ရ်) ဟန်ဆောင်စေ၍ လိမ်လည်လျှောက်ထားစေသည်။ ထို့ကြောင့် ဒေါ်ပရင်းကော(ရ်)က၊ ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၆၇ အရ၊ တရားစွဲဆိုသောအခါတွင် မူလရုံးက တရားခံ ယခုလျှောက်ထားသူ (ကရမ်းဆင်)အပေါ် စွဲချက်တင်ခြင်း ဖြစ်လေသည်။

အမှု အကြောင်းခြင်းရာနှင့်ပတ်သက်၍ မစဉ်းစားမီ လျှောက်ထားသူက၊ ဥပဒေအချက်အနေနှင့်တင်ပြသည်မှာတဘက်မှစွပ်စွဲသည့်အတိုင်း လိမ်လည်ဆောင်ရွက်ခြင်းပြုခဲ့သည်မှန်စေကာမူ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၁၉၅(၁) အရ၊ သက်ဆိုင်သောရုံးမှ စာနှင့် ရေးသားတိုင်တန်းခြင်း မပြုလျှင် အရေးယူနိုင်ခွင့် မရှိကြောင်း ဖြစ်လေသည်။ ယခုအမှုတွင် ဒေါ်ပရင်းကော(ရ်)က၊ ဦးတိုက်လျှောက်၍တိုင်တန်းတရားစွဲဆိုခြင်းဖြစ်၍ ကော်လိပ်တော်ရုံး၊ သို့မဟုတ် ကော်လိပ်တော်ရုံးမှတဆင့် လွှဲပြောင်းပေးသော မြို့ပိုင်ရုံးက စာနှင့်ရေးသားတိုင်တန်းချက် မရှိချေ။ အမှုတွဲကို လေ့လာသောအခါတွင်၊ မစ္စစ် ပရင်းကော(ရ်) အမည်နှင့် လျှောက်လွှာကို ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့စွဲဖြင့် ခရိုင်ဝန်(ကော်လိပ်တော်ရုံး ဗန်းမော်မြို့) တွင် တင်သွင်းသည်။ ထိုလျှောက်လွှာမှာ မစ္စစ် ပရင်းကော (ရ်)၏ ယောကျ်ားမစ္စတာ ဂျိုဂေဒါဆင် (သေဆုံးသူ) ၏ နာမည်နှင့်ရှိသော မြေကွက်ကို မစ္စစ် ပရင်းကော(ရ်)နှင့် မစ္စတာ ကရမ်းဆင်တို့ နာမည်ဖြင့် လွှဲပြောင်း၍ ဂရံထုတ်ပေးရန် ဖြစ်ခေလသည်။

ဤကိစ္စကို အရေးယူ ဆောင်ရွက်ရန်အတွက် ဗန်းမော်မြို့ မြို့ပိုင်ထံ လွှဲပြောင်းပေးသောကြောင့် မြို့ပိုင်ဦးဆောင်းတင်သည် ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နှင့် ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တို့တွင် ကရမ်းဆင်နှင့် မစ္စစ် ပရင်းကော(ရ်) ဆိုသူတို့ကို စစ်ဆေးသောအခါမှာ မြေကိုမိမိတို့နှစ်ဦး နာမည်ဖြင့် ပူးတွဲ၍ နာမည်ပြောင်းပေးရန် ထွက်ဆိုကြသည်။ ထို့ကြောင့်မြို့ပိုင် ဦးဆောင်းတင်က ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့စွဲနှင့်ပင် ခရိုင်ဝန်ထံ အချင်းဖြစ်မြေကို မစ္စစ် ပရင်းကော(ရ်) နှင့် မတ်တော်သူ ကရမ်းဆင်နာမည်သို့ပူးတွဲ၍ ပြောင်းလွှဲပေးရန် အစီရင်ခံလိုက်လေသည်။

၁၉၇၅

ကရမ်းဆင် နှင့် ဒေါ်ပရင်း ကော(ရ်)

ထိုသို့ မြေဂရံကို အမည်ပြောင်းရန် ဆောင်ရွက်ခြင်းသည် တရားရုံးကဖြစ်စေ၊ အခွန်ရုံးကဖြစ်စေ ဆောင်ရွက်ခြင်း ဖြစ်သည်၊ သို့မဟုတ် မြေဂရံအမည်ပြောင်းရန် ဆောင်ရွက်သော ရေစစ္စတြီများ မှတ်ပုံတင်ရုံး၏ ဆောင်ရွက်ခြင်းဖြစ်သည်ကို စဉ်းစားရန်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော်တရားရုံးနှင့် အခွန်ရုံးကဆောင်ရွက်ခြင်း ဖြစ်လျှင် ကျင့်ထုံးပုဒ်မ ၁၉၅ (၁) အရ၊ သက်ဆိုင်ရာရုံး၏စာနှင့်ရေးသားထားသော တိုင်ချက်ရှိရန်လိုမည်ဖြစ်၍ ရေစစ္စတြီမှတ်ပုံတင်သော ရုံးက ဆောင်ရွက်ခြင်းဖြစ်လျှင် သက်ဆိုင်ရာရုံးက စာနှင့် ရေးသားတိုင်တန်းရန် လိုမည်မဟုတ်ချေ။

ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) တွင်၊ သက်သေအစစ်ခံချက်၊ သို့မဟုတ် သက်သေခံတင်သွင်းသည့် စာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ ပြစ်မှုများကျူးလွန်လျှင် သက်ဆိုင်ရာရုံးက စာနှင့်ရေးသား၍တရားစွဲရမည်ဟု အဆိုရှိပါသည်။ သို့ရာတွင် "ရုံး" ဟူသောစကားတွင် တရားမရုံး၊ ရာဇဝတ်ရုံးနှင့် အခွန်ရုံးများသာပါဝင်၍ ရေစစ္စတြီမှတ်ပုံတင်ရုံး မပါဝင်စေရဟု ပြဋ္ဌာန်းထားလေသည်။

ဗဟိုဥပဒေရုံးအတွက် လိုက်ပါဆောင်ရွက်သော အကျိုးဆောင်က ဒေါ်ပရင်း ကော(ရ်)စွပ်စွဲသည့်အတိုင်း မှန်ခဲ့လျှင် လျှောက်ထားသူ ကရမ်းဆင်သည် မြို့ပိုင်ရုံးတွင် မမှန်သက်သေခံခြင်းနှင့်အတူ အယောင်ဟန်ဆောင်မှုကို ကျူးလွန်ခဲ့ခြင်း ဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၁၉၅(၁) (ဂ)အရ၊ သက်ဆိုင်ရာရုံးမှ စာနှင့် ရေးသား တိုင်တန်းချက်လိုမည်ဖြစ်ပြီး၊ ဤသို့ စာနှင့် ရေးသား တိုင်တန်းချက် မရှိသောကြောင့် စီရင်ပိုင်ခွင့် အာဏာမရှိဘဲ၊ စွဲချက်တင်ထားခြင်းကို ပယ်ဖျက်ရန် သင့်ကြောင်း တင်ပြသည်။

မစ္စတာ ကရမ်းဆင်သည် မြို့ပိုင် ဦးဆောင်းတင် (လိုပြ-၄)ရှေ့တွင်၊ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှာ အစစ်ခံ၍၊ မစ္စစ် ပရင်းကော(ရ်) ဆိုသူသည် ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှာ အစစ်ခံသည်။ ဤသို့ အစစ်ခံခြင်းမှာ မြေနှင့် ပတ်သက်သော ကိစ္စရပ်များတွင် ခရိုင်ဝန်ကမြို့ပိုင်များအား စစ်ဆေး ခိုင်းစေလေ့ရှိ၍ စစ်ဆေးပြီး၊ လိုအပ်သော ထောက်ခံချက်များ ပေးရခြင်းဖြစ်သည်။ ယင်းအစစ်ခံချက်များသည် သက်သေများအဖြစ် ကတိသစ္စာ ပြုလုပ်၍ မြို့နယ် ရာဇဝတ် တရားသူကြီးလည်းဖြစ်သော မြို့ပိုင်ရှေ့မှောက်တွင် အစစ်ခံခြင်းများ ဖြစ်လေသည်။ ထို့ကြောင့် မဟုတ်မမှန်သော လိမ်လည်ထွက်ဆိုသည့် အစစ်ခံချက်များ ဖြစ်ခဲ့လျှင် မြို့ပိုင်ရုံးမှ စာနှင့်ရေးသားတိုင်တန်းရန် လိုမည်ဟု ကျွန်ုပ်တို့ သဘောရရှိသည်။ ထို့ကြောင့် လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၇ အရ၊ စွဲချက် တင်ထားခြင်းကို ပယ်ဖျက်၍ အမှုမှ လွှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမောင် နှင့် ဦးကြည်မြတို့ပါဝင်
သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
နိုဝင်ဘာလ
၂၈ ရက်။

## ကောပီကာဒယ်

## နှင့်

## မစကီနာဘီ *

မိခင်နှင့် ဖခင် ကွာရှင်းချိန်တွင် ကလေးစရိတ်ပေးရန် ကလေးစရိတ်လျှောက်ထားမှု၊ ကတိရှိခြင်း၊ ဖခင်၏ ထမင်းဆိုင်တွင် ကလေးများကို စားသောက် နေထိုင်စေခြင်းအားဖြင့် ခလေးစရိတ် ပေးရန်လို မလို။

ဆုံးဖြတ်ချက်။ ။မိမိ၏ ရင်သွေးများကို မိမိထမင်းဆိုင်တွင် စားသောက် နေထိုင်စေခြင်းအားဖြင့် ကလေးစရိတ်ပေးရန်မလိုဟူသော အကြောင်းပြချက်မှာ လက်ခံနိုင်ဖွယ်ရာမရှိ။ ကလေးများကို ပြုစုကျွေးမွေးခြင်းမှာ ဖခင်ဖြစ်သူ၏ စိတ်စေတနာအရပင်ဖြစ်သည်။ မိမိ ဆန္ဒအလျောက် ကျွေးမွေး ပြုစုခြင်းကြောင့် ကလေးစရိတ် မပေးသင့်ဟု မဆိုနိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးသုအောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။လျှောက်ထားသူ ကိုယ်တိုင်မလာ။

လျှောက်ထားသူ ကော၊ ပီကာဒယ် နှင့် လျှောက်ထားခံရသူ မစကီနာတို့သည်၊ အကြင်လင်မယား ဖြစ်ကြ၍၊ သားသမီး (၆) ယောက်ရှိသည်။ အကြီးဆုံး ကလေးမှာ အသက် (၁၃) နှစ် ဖြစ်၍၊ အငယ်ဆုံးကလေးမှာ အသက် (၂) နှစ် ဖြစ်သည်။ လျှောက်ထားသူသည်၊ နောက်ထပ် ဇနီးယူပြီးနောက် သားသမီး (၃) ယောက်ထပ်မံ ရရှိသည်။

ပထမ ဇနီးနှင့် လျှောက်ထားသူတို့သည်၊ ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် သဘောတူ စာချုပ်နှင့် လင်မယား ကွာရှင်းကြသည်။ ယင်းစာချုပ်တွင် လျှောက်ထားသူက မိမိ၏ကလေး (၆) ယောက် အတွက် လစဉ် ငွေ ကျပ် ၁၅၀ ပေးမည်ဖြစ်ကြောင်း ဖော်ပြ ပါရှိသော်လည်း၊ ကတိ ပျက်ကွက်သောကြောင့် လျှောက်ထားခံရသူက မော်လမြိုင်မြို့၊ မြို့နယ်တရားရုံးတွင် သားသမီးများ အတွက် စရိတ်

---

* ၁၉၇၄ ခု၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၁၉ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၇(မ)တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့စွဲပါ မော်လမြိုင်မြို့ ရုံးထိုင်၊ ပြည်နယ်တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅ — ကေပီကာဒယ် နှင့် မစကီနာဘီ။

လျှောက်ထားသည်။ တရားခံုးက လျှောက်ထားသူ၏ မူလ ကတိအတိုင်း ကလေး တယောက်လျှင် ၂၅ ကျပ် နှုန်းဖြင့် (၆) ယောက် အတွက် ကျပ် ၁၅၀ ကို လျှောက်ထားသည့် ၁၉၇၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှ အစပြု၍၊ ပေးစေရန် အမိန့်ချမှတသည်။ ယင်းအမိန့်ကို မွန်ပြည်နယ် တရားရုံးက အတည်ပြုသော ကြောင့် ယခု တဖန် ဗဟို တရားရုံးသို့ ရောက်ရှိလာရခြင်း ဖြစ်ပေသည်။

လျှောက်ထားသူသည်၊ မိမိနေအိမ် အောက်ထပ်တွင် ထမင်းနှင့် လက်ဖက်ရည်ဆိုင်ဖွင့်ထားသည်။ ထမင်းနှင့် လက်ဖက်ရည်ဆိုင်ရှင်လည်း ဖြစ်သည်။ အပေါ်ထပ်တွင် လျှောက်ထား ခံရသူနှင့် ခလေးများ နေထိုင်ကြသည်။ ခလေး အကြီးများသည် အောက်ထပ်တွင် ရှိသော ဖခင် ဖြစ်သူ ဆိုင်တွင် ကူညီ လုပ်ကိုင်၍ လျှောက်ထားသူက ကျွေးမွေး ပြုစုထားသည်။ ထို့ကြောင့် လျှောက် ထားသူက တင်ပြသည်မှာ မိမိသည် ခလေး (၆) ယောက်အတွက် လစဉ် တလ ကျပ် ၁၅၀ ပေးရန် သဘောတူ ကတိပြုခဲ့ သော်လည်း ခလေးများသည် မိမိထံတွင် လာရောက်နေထိုင် စားသောက်လျက် ရှိသည် ဖြစ်သောကြောင့် စရိတ် မပေးသင့်ကြောင်း ဖြစ်သည်။

ဤကဲ့သို့ မိမိ၏ ရင်သွေးများကို မိမိ၏ ထမင်းဆိုင်တွင် စားသောက် နေထိုင်စေခြင်းအားဖြင့် ခလေးစရိတ် ပေးရန် မလိုဟူသော အကြောင်း ပြချက်မှာ လက်ခံနိုင်ဖွယ်ရာ မရှိချေ။ ခလေးများကို ပြုစု ကျွေးမွေးခြင်းမှာ ဖခင် ဖြစ်သူ၏ စိတ်စေတနာအရပင် ဖြစ်ပေသည်။ ယင်းသို့ မိမိဆန္ဒ အလျောက် ကျွေးမွေး ပြုစုခြင်းကြောင့် ကလေးစရိတ် မပေးသင့်ဟု မဆိုနိုင်ချေ။ အမှုဖြစ်ပျက်သည့် အကြောင်းချင်းရာ အပေါ်တွင် မြို့နယ်တရားရုံးနှင့် ပြည်နယ် တရားရုံးတို့က သဘောတူညီစွာ ဆုံးဖြတ် ထားခြင်းကို ဝင်ရောက် စွက်ဖက်ရန် အကြောင်း မရှိ၍၊ ဤပြင်ဆင်မှုကို ပယ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၅ 
မတ်လ 
၁ ရက်။

## မောင်ကြည်သိန်း

နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအောင်မြတ်) *

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ စွဲဆိုခြင်း၊ ဒိုင်မှူးအဖြစ် ပေါ့လျော့စွာ စာရင်းများမှား၍ တွက်ချက်ပြီး အလုပ်သမားခ ပိုပေးမိခြင်းဖြစ်၍ ဌာနဆိုင်ရာ အနေဖြင့်သာ အရေးယူသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာပုဒ်မ ၄၀၅ တွင် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖေါက်ဖျက်သည့် အကြောင်းများကို တွေ့မြင်နိုင်ပေသည်။ ပြည်သူ့ဝန်ထမ်းက ကျူးလွန်လျှင် ပုဒ်မ ၄၀၉ အရ အပြစ်ဒဏ်သင့်မည်ဖြစ်သည်။ ဤသို့ဖြစ်စေရန် ယုံကြည်အပ်နှံခြင်းခံရသည့်ပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုရန်လိုအပ် ပေလိမ့်မည်။ သို့မှသာပြစ်မှု ဆိုင်ရာ ဥပဒေကို ကျူးလွန်ရာရောက်မည်ဖြစ်သည်။ ယခုကိစ္စတွင် မောင်ကြည်သိန်းသည် ဒိုင်မှူးအဖြစ် ပေါ့လျော့စွာ စာရင်းများမှား၍ တွက်ချက်ပြီး အလုပ်သမားခ ပိုပေးမိခြင်း ဖြစ်သောကြောင့် ဌာနဆိုင်ရာအနေဖြင့်သာ အရေးယူသင့်ပေသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးအေးမောင် (အေးဒရဲ)။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရွှေ။

ဤ လျှောက်ထားသူ မောင်ကြည်သိန်းသည် ကွမ်းခြံကုန်းမြို့၊ ကုန်သွယ်ရေး အမှတ် (၁) မှ၊ ဒိုင်မှူးဖြစ်ပြီး စပါးများ သယ်ယူပို့ဆောင်ရန်အတွက်၊ အလုပ်သမားခ ငွေကျပ် ၁၁၀၅၊ ၃ ပြား အလွဲသုံးစား လုပ်သည်ဟူ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ အပြစ်ဒဏ်ပေးခဲ့သောအမှုဖြစ်သည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြစ်ဆင်မှုအမှတ် ၃၅(၁)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြစ်င်ဆင်မှုအမှတ် ၁၂ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင်၊ ရန်ကုန်တိုင်း၊ တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၇၅

မောင်ကြည်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးအောင်မြတ်)။

အလုပ်သမားများ စပါးသယ်ယူပို့ဆောင်ပေးသော အလုပ်ခငွေများကို ဒုတိယ ဒိုင်မှူးဖြစ်သူက စာရင်းပြုလုပ်ပေးပြီးလျှင်၊ ဒိုင်မှူးဖြစ်သော ဦးမောင်ကြည်သိန်းက ခွင့်ပြုမိန့် လက်မှတ်ရေးထိုးပေးရသည်။ ဤသို့ငွေများပေးချေသောအခါတွင် စပါး တင်းပေါင်း ၂၂,၃၃၄ အတွက် သယ်ယူခငွေများကို ပို၍ပေးကြောင်း စစ်ဆေးတွေ့ရှိ ရသောကြောင့် ယင်းပိုပေးမိသော ငွေကျပ် ၁၀၀၅၊ ၃ ပြားအတွက် ခွင့်ပြုမိန့် လက်မှတ်ရေးထိုးသော မောင်ကြည်သိန်းအပေါ်တွင် တရားစွဲဆိုခြင်းဖြစ်သည်။

မောင်ကြည်သိန်းအပေါ်တွင် မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ ကို ကျူး လွန်သည်ဟူ၍ ရုံးတက် ရုံးဆင်း ထောင်ဒဏ်နှင့် ဒဏ်ငွေ ၁၀၀၊ မဆောင်နိုင်လျှင် ထောင်ဒဏ် (၄) လ ကျခံစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို တိုင်းရုံးသို့ အယူခံ သောအခါတွင် အမိန့်ချပြီး (၈) လခန့်ကြာမှ အယူခံသောကြောင့် ကာလစည်းကမ်း သတ် ကျော်လွန်သည့်အနေနှင့် အမှုကို ပယ်လိုက်သည်။ ထို့ကြောင့် တိုင်းရုံးသည် အမှုဖြစ်ပျက်သော အကြောင်းခြင်းရာများနှင့် ပတ်သက်၍၊ စဉ်းစားဆင်ခြင်ခြင်း မပြု တော့ဘဲ၊ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းကိုမူတည်၍ ပယ်လိုက်ခြင်းသာ ဖြစ် လေသည်။

အမှုဖြစ်ပျက်သော အကြောင်းအရာများနှင့် ပတ်သက်၍ လေ့လာကြည့်ရှုသော အခါတွင် လျှောက်ထားသူ မောင်ကြည်သိန်း ကျူးလွန်သော အပြစ်မှာ ခွင့်ပြုမိန့် လက်မှတ်ကိုသေချာစွာ စိစစ်ခြင်းမရှိပဲ၊ လက်မှတ်ရေးထိုးသောကြောင့် ဌာနဆိုင်ရာ ဝတ္တရားပျက်ကွက်မှုသာဖြစ်ကြောင်း တွေ့ရှိသည်။ မောင်ကြည်သိန်းအတွက် လိုက်ပါ ဆောင်ရွက်သော အကျိုးဆောင်က အလုပ်သမားများ စပါးသယ်ယူပို့ဆောင်ခြင်းနှင့် ပတ်သက်၍ ဒိုင်မှူးဖြစ်သူ ကိုယ်တိုင် အခေါက်ရေကို တွက်၍ လိုက်လံကြည့်ရှုနိုင်သည် မဟုတ်ပါ။ အောက်ပိုင်းမှ စာရင်းပြုစုပေးသည့်အတိုင်း လက်မှတ်ရေးထိုးရခြင်းသာ ဖြစ်ပါသည်ဟူ၍ တင်ပြသည်။ မူလရုံးက အပြစ်ဒဏ်ချမှတ်ရာတွင် စာရင်းအင်းများကို လိမ်လည်ပြုစုသည်ဟူသော သက်သေခံချက် အထောက်အထား မရှိသော်လည်း အစိုးရ ဘဏ္ဍာငွေ ယိုယွင်းစေသည်ဖြစ်သောကြောင့် သက်ညှာစွာ အပြစ်ဒဏ်သတ်မှတ်သင့် သည်ဟူ၍ ရုံးတက် ရုံးဆင်း ထောင်ဒဏ် တရက်နှင့် ဒဏ်ငွေ ၁၀၀/ ချမှတ်လိုက်ကြောင်း စီရင်ချက်တွင် ဖော်ပြထားသည်။

တရားလိုဘက်မှ အဓိကသက်သေဖြစ်သော အလုပ်သမား မှူး ောင်အေး (လိုပြ- ၆) က စပါးသယ်ယူခအတွက် စာရင်းဇယားတွင် ပါရှိသည့်အတိုင်း အလုပ်သမားခ အားလုံးရရှိပြီးဖြစ်ကြောင်း ထွက်ဆိုသည်။ ထို့ကြောင့် မောင်ကြည်သိန်းသည် အလုပ် သမားခများကို မိမိကိုယ်ကျိုးအတွက်သုံးစွဲကြောင်း အထောက်အထားမရှိချေ။ မူလရုံး က တရားခံသည် စာရင်းအင်းများကို လိမ်လည်ပြုစုသည်ဟူသော သက်သေခံချက်

၁၉၇၅ — မောင်ကြည်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးအောင်မြတ်)။

အထောက်အထား မရှိပါဟူ၍ အတိအလင်း ဖော်ပြပြီးမှ အပြစ်ပေးခြင်းသည် မှားယွင်းသော ဆုံးဖြတ်ချက်ဖြစ်သည် ပြစ်မှုဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ စဉ်းစားသောအခါတွင် အပြစ်မရှိသော သူကို သက်သေသာစွာ အပြစ်ပေး၍ မဖြစ်နိုင်ချေ။ မောင်ကြည်သိန်းသည် စပါးများ သယ်သူခ အတွက် ကိုယ်တိုင်စိစစ်၍ မဖြစ်နိုင်ကြောင်း တင်ပြသည်။ ဤအချက် မှန် မမှန်မှာ ဌာနဆိုင်ရာ စုံစမ်းမှုတွင် စဉ်းစားရန်ဖြစ်သည်။ ပြစ်မှုဆိုင်ရာနှင့်ပတ်သက်၍ မောင်ကြည်သိန်းသည်အလုပ်သမားပေးရန်ငွေများကိုမိမိကိုယ်ကျိုးအတွက် အလွဲသုံးစားခြင်းပြုကြောင်း မပေါ်ပေါက်လျှင် အပြစ်မှလွတ်ရမည်သာဖြစ်သည်။

ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၀၅ တွင် ပြစ်မှုမြောက်သော ယုံကြည်အပ်နှံရေး ဖောက်ဖျက်သည့်အကြောင်းများကို တွေ့မြင်နိုင်ပေသည်။ ပြည်သူ့ဝန်ထမ်းက ကျူးလွန်လျှင် ပုဒ်မ ၄၀၉ အရ အပြစ်ဒဏ် ခံရမည်ဖြစ်သည်။ ဤသို့ဖြစ်စေရန် ယုံကြည်အပ်နှံခြင်းခံရသည့်ပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုရန် လိုအပ်ပေလိမ့်မည်။ သို့မှသာ ပြစ်မှုဆိုင်ရာ ဥပဒေကို ကျူးလွန်ရာ ရောက်မည်ဖြစ်သည်။ ယခုကိစ္စတွင် မောင်ကြည်သိန်းသည် ငိုင်မှူးအဖြစ် ပေါ့လျော့စွာ စာရင်းများ မှား၍ တွက်ချက်ပြီး အလုပ်သမားခ ပိုပေးမိခြင်းဖြစ်သောကြောင့် ဌာနဆိုင်ရာအနေဖြင့်သာ အရေးယူသင့်ပေသည်။ ဗဟိုဥပဒေရုံးအဖွဲ့က လိုက်ပါ ဆောင်ရွက်သော အကျိုးဆောင်ကလည်း အမှုပေါ်ပေါက်ချက်အရ ဌာနဆိုင်ရာအနေဖြင့်သာ အရေးယူသင့်ကြောင်း ပွင့်လင်းစွာ တင်ပြသည်။ အထက်ပါ အချက်များကို ထောက်ထား၍ လျှောက်ထားသူ မောင်ကြည်သိန်းအပေါ် ချမှတ်ထားသော ဆုံးဖြတ်ချက်နှင့် အပြစ်ဒဏ်ကို ပယ်ဖျက်ပြီး အပြီး အပြတ်လွှတ်စေရန် အမိန့်ချမှတ်သည်။ ဒဏ်ငွေ ၁၀၀/ ပေးဆောင်ပြီးဖြစ်လျှင် မောင်ကြည်သိန်းအား ပြန်ပေးစေရမည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဒေါ်ခင်ညွန့်

နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးသောင်းရှိန်)*

† ၁၉၇၅ နိုဝင်ဘာလ ၁ ရက်။

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄၊ ပထမအကြိမ်ကျူးလွန်ပုံရခြင်း၊ မိန်းကလေး၏သဘောတူညီချက်ဖြင့် ခေါ်သွားခြင်း ဖြစ်ခြင်း၊ ဆင်ခြင်တုံ တရား မရှိသေးသည့် ငယ်ရွယ်သူ မိန်းကလေးတဦး၏ ဘဝလုံခြုံမှု ထိခိုက်စေခြင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂(၁)အစား ပြစ်ဒဏ်စီရင်ရန်သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။ပထမအကြိမ် ကျူးလွန်ခြင်း၊ ရက်စက် ဟောင့်ရမ်း ကြမ်းတမ်းမှုမပါဝင်ခြင်း စသည့်အချက်များသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂(၁) အရခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ် လွှတ်ထားရန်သင့် မသင့် စဉ်းစားရာ၌ ထည့်သွင်းစဉ်းစား ထိုက်သောအချက်များ ဖြစ်သည်မှန်၏၊ သို့ရာတွင် ယခု အမှု၌ အလေးအနက်ထား၍ စဉ်းစားသင့်သော အခြားအချက်များလည်းရှိနေပေသည်။ ဆင်ခြင်တုံတရား မရှိသေးသည့် ငယ်ရွယ်သူ မိန်းကလေးတဦး၏ ဘဝလုံခြုံမှု ထိခိုက်ပျက်ပြားစေခြင်းသည် လူမှုရေးအရ မလိုလားအပ်သည့် အကြောင်းတရပ်ဖြစ်ပေသည်။ ဤကဲ့သို့သောပြစ်မှုမျိုးကို နောက်ထပ်၍ လက်ရဲဇက်ရဲ မကျူးလွန်စေရန် ဥပဒေနှင့်အညီနှုန်းပြ ပြစ်ဒဏ်စီရင်ထိုက်သည်၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁)အရ ခံဝန်ချုပ်ဖြင့်အစမ်းလွှတ်ထားခြင်းမှာ သက်ညှာလွန်းရာရောက်သည်။

သို့ဖြစ်၍ ဘရားခံအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရထောင်ဒဏ် ၁ နှစ်နှင့် ၆ လ ကျခံစေရန်ပြစ်ဒဏ်ပြင်ဆင်ချမှတ်သည်။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။ဗဟိုတရားရုံးရှေ့နေကြီး၊ ဒေါ်မြင့်မြင့်ခင်။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရွှေ၊ ဗဟိုတရားရုံးရှေ့နေကြီး ဦးထွန်းတင်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြစ်ဒဏ်ပြင်ဆင်မှုအမှတ် ၁၃၄(ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၀ တွင် ချမှတ်သော ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅ — ဒေါ်ခင်ညွန့်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးသောင်းရှိန်)။

လျှောက်ထားခံရသူ အမှတ် ၁ မောင်သောင်းရှိန်သည် အသက် ၁၆ နှစ်မပြည့်သေးသည့် မညွန့်ညွန့်မြင့်ကို မညွန့်ညွန့်မြင့်၏ အုပ်ထိန်းသူ မိဘများ သဘော မတူပဲ ၁၉၇၂ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ကျောင်းမှ ခိုးယူ ခေါ်ဆောင်သွားပြီး နောက်နေ့တွင် တရားရုံး၌ လက်ထပ် စာချုပ် ချုပ်ဆို၍ ပေါင်းသင်းခဲ့ကြောင်း သက်သေ ခိုင်လုံသဖြင့် မရမ်းကုန်းမြို့နယ် တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၅၁ ၌ မောင်သောင်းရှိန်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ၊ ပြစ်မှုထင်ရှား စီရင်ပြီး ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၂ (၁) အရ၊ ၅၀၀ ကျပ်တန် အာမခံသူ ၂ ဦး နှင့် ၂ နှစ်အတွင်း ကောင်းမွန်စွာ နေထိုင်ရန်ခံဝန်ချုပ်ချုပ်ဆိုစေခဲ့သည်။ မညွန့်ညွန့်မြင့်၏ မိခင် ဒေါ်ခင်ညွန့်က ထိုအမိန့်ကို ပယ်ဖျက်၍ ထိုက်သင့် ဟန့်တားလောက်သော ပြစ်ဒဏ် ချမှတ်ပေးပါရန် မရမ်းကုန်းမြို့နယ် ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံး၊ ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄၀ အရ၊ လျှောက်ထားသည်။ တိုင်းတရားရုံးက မောင်သောင်းရှိန်သည် ပထမ အကြိမ် ကျူးလွန်ပုံရခြင်းနှင့် မိန်းကလေး၏ သဘော တူညီချက်ဖြင့် ခေါ်သွားခြင်း ဖြစ်ခြင်းကြောင့် ခံဝန်ချုပ်ဖြင့် အစမ်း ပြုလုပ်လွှတ်ထားခြင်းမှာ လျော်ကန် သည်ဟုဆုံးဖြတ်၍ ပြင်ဆင်မှုကို ပလပ်ပြီး မူလ ရုံး၏အမိန့်ကို အတည်ပြုခဲ့သည်။ ဒေါ်ခင်ညွန့်က မကျေနပ်သဖြင့် ထိုက်သင့်သော ပြစ်ဒဏ် ချမှတ်ရေးအတွက် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှု တင်သွင်းလျှောက်ကာ ထပ်မံအရေး ဆိုသည်။

ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၆၃ အရ၊ ပြစ်မှု ထင်ရှားစီရင်ခြင်း နှင့် ပတ်သက်၍ သက်သေ ခိုင်လုံသည့်ပြင်၊ မည်သည့် ဘက်ကမျှ အငြင်းမပွားသဖြင့် ဤပြင်ဆင်မှုတွင် အထူးတလည် ဖေါ်ပြရန် အကြောင်းမရှိပေ။ မှုခင်း အခြေအနေအရ၊ ပြစ်ဒဏ် စီရင်ရန် သင့် မသင့်ကိုသာ ဝေဖန်သုံးသပ်၍ ဆုံးဖြတ်ရန် ဖြစ်သည်။

ပထမအကြိမ် ကျူးလွန်ခြင်း၊ ရာဇဝင်ဟောင်းရှိ ကြမ်းတမ်းမှုမပါဝင်ခြင်း စသည့် အချက်များသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁) အရ၊ ခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ် လွှတ်ထားရန် သင့် မသင့် စဉ်းစားရာ၌ ထည့်သွင်း စဉ်းစားထိုက်သော အချက်များဖြစ်သည် မှန်၏။ သို့ရာတွင် ယခုအမှု၌ အလေးအနက်ထား၍ စဉ်းစားသင့်သော အခြား အချက်များလည်း ရှိနေပေသည်။ လျှောက်ထား ခံရသူ မောင်သောင်းရှိန်သည် အသက် ၂၇ နှစ်ရှိ၍ တက္ကသိုလ်မှ ဘွဲ့ရပြီးသူ တယောက် ဖြစ်သဖြင့် အတွေးအခေါ် ရင့်ကျက်သင့်ပေပြီ။ အရွယ်မရောက်သေး၍ အတွေ့အကြုံ ဗဟုသုတ နည်းပြီး ဆင်ခြင်တုံတရား မရှိသည့် မိန်းကလေးကို ထိုမိန်းကလေး၏ အုပ်ထိန်းသူ မိဘများသဘောမတူပဲ ခိုးယူပေါင်းသင်းခြင်း မပြုနိုင်ကြောင်း သိသင့်သော

၁၉၇၅

ဒေါ်ခင်ညွန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်. (ဦးသောင်းရှိန်)။

အခြေအနေ ရှိပါလျက် နှင့် လျှောက်ထားခံရသူသည် ဇွတ်လုပ်ခဲ့သည်။ မိဘများက ခင်မင် ရင်းနှီးသူဖြစ်၍၊ ယုံကြည် စိတ်ချစွာဖြင့် သမီးငယ်အား စာပြပေးရန် အပ်နှံထားသည်ကို လျှောက်ထား ခံရသူသည် ကောင်းသော လမ်းညွှန်မှုပေးကာ သွန်သင်ဆုံးမ မည့်အစား မတရားအခွင့်အရေးယူ၍ ကာမမှောင်တွင်းသို့ ဆောင်ကြဉ်းသွားခဲ့သည်။ လျှောက်ထားခံရသူက မိန်းကလေး ဒုက္ခမရောက်အောင် အလိုလိုက်ကာ ကူညီစောင့် ရှောက်ခဲ့ခြင်းသာ ဖြစ်ပါသည်ဟု တင်ပြသည်။ သို့ရာတွင် သဘောရိုး ဖြစ်ခဲ့လျှင် လျှောက်ထား ခံရသူသည် မိန်းကလေး၏ မိဘများအား အသိပေး၍ လမ်းမှားနေသောမိန်းကလေးအား လမ်းမှန် သို့ ပို့သင့်သည်။ လျှောက်ထား ခံရသူသည်၊ မိဘများအား အသိမပေးပဲ မိမိ၏ ကိုယ်ကျိုးကိုသာကြည့်၍ တဘက်သတ် ဆောင်ရွက်ခဲ့သဖြင့် မိန်းကလေး၏ဘဝ နစ်နာရပေသည်။ မိဘများမှာလည်း ယူကြုံးမရ ဖြစ်ရလေသည်။ ဆင်ခြင်တုံတရားမရှိသေးသည့် ငယ်ရွယ်သူ မိန်းကလေးတဦး၏ ဘဝသုံခြုံမှု ထိခိုက် ပျက်ပြားစေခြင်းသည် လူမှုရေးအရ မလိုလားအပ်သည့် အကြောင်းအရာပ် ဖြစ်ပေသည်။ ဤကဲ့သို့သော ပြစ်မှုမျိုးကို နောက်ထပ်၍ လက်ရဲ ဇက်ရဲ မကျူးလွန်စေရန် ဥပဒေနှင့်အညီ နမူနာပြ ပြစ်ဒဏ်စီရင်သိုက်သည်ဟု ကျွန်ုပ်ဘို့ယူဆသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ် လွှတ်ထားခြင်းမှာ သက်ညှာ လွန်းရာ ရောက်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍၊ အောက်ရုံးက လျှောက်ထားခံရသူ၊ မောင်သောင်းရှိန်အား၊ ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၂ (၁) အရ ခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ် လွှတ်ထားစေရန် ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်ပြီးလျှင် လျှောက်ထားခံရသူ မောင်သောင်းရှိန်အား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၆၃ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁ နှစ်နှင့် ၆ လ (တနှစ်နှင့်ခြောက်လ) ကျခံစေရန် ပြင်ဆင်ချမှတ် လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးစိုးလှိုင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
ဇွန်လ ၆ ရက်။

### မောင်ခင်ဖေ ပါ ၂*

နှင့်

### ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

**တရားလိုတဦးတည်းက မှတ်မိကြောင်း ထွက်ဆိုခြင်း၊ အလုခံရပြီးလျှင် ပြီးခြင်းမေးသည့်အချိန် ထုတ်ဖေါ်ပြောခြင်း မရှိခြင်း၊ နောက်တနေ့ ရဲစခန်းတွင် တယောက်ကို လရောင်ဖြင့် မှတ်မိကြောင်း တိုင်ခြင်း၊ တရားရုံးတွင် လက်နှိပ်ဓာတ်မီးရောင်ကြောင့် မှတ်မိကြောင်းထွက်ဆိုခြင်း၊ တဦးတည်း၏ စွပ်စွဲချက်ဖြင့် အပြစ်ပေးသင့်မသင့်။**

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူများ အပေါ်တွင် ပြစ်မှုထင်ရှား စီရင်ရန်သက်သေခံ အထောက်အထား မခိုင်လုံကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူအမှတ် (၁) မောင်ခင်ဖေ အပေါ်တွင် လုယက်ခြင်း ခံရသူ မကြည်အေး တဦးတည်း၏ အထောက်အထားကင်းသောစွပ်စွဲချက်သာရှိသည်။ မကြည်အေးက လူဆိုး ၂ ယောက်အနက် တယောက်ကို မှတ်မိကြောင်း၊ မှတ်မိသောလူဆိုးမှာ လျှောက်ထားသူအမှတ် (၁) မောင်ခင်ဖေဖြစ်ကြောင်း ၎င်းအား လရောင်ဖြင့် မြင်ရ၍ မှတ်မိကြောင်း ရဲစခန်း၌ တိုင်ချက်ပေးခဲ့သည်။ ရုံးတွင် သက်သေခံသောအခါ ဒုတိယ လူဆိုး၏ လက်နှိပ်ဓာတ်မီးရောင်ဖြင့် မောင်ခင်ဖေဖြစ်ကြောင်း သိရှိရပါသည်ဟု ပြင်ဆင်ထွက်ဆိုသည်။ မကြည်အေး၏ အော်သံကြောင့် လူကြီးများရောက်ရှိလာပြီး လူဆိုးများအား မှတ်မိသလား၊ ဟုမေးသောအခါ မကြည်အေးက ထုတ်ဖေါ်ပြောပြခြင်းမပြုခဲ့ပဲ နောက်နေ့ညနေတွင် ရဲစခန်း၌ တိုင်ချက်ပေးသောအခါကျမှ လူဆိုး ၂ ယောက်အနက် တယောက်မှာ မောင်ခင်ဖေဖြစ်ကြောင်း မှတ်မိလိုက်သည်ဟုပြောပြခြင်းမှာ နောက်မှအကြံရ၍ ထည့်သွင်းခြင်းဖြစ်နိုင်သည်။ မောင်ခင်ဖေထံတွင်ပြစ်မှုနှင့်ပတ်သက်သော ပစ္စည်းတစုံတရာ မတွေ့ရှိခြင်းက ပိုမိုသံသယဖြစ်စေသည်။ လျှောက်ထားသူအမှတ် (၂) မောင်ပြုံးချိုအပေါ်တွင် ငြိစွန်းသောသက်သေခံချက် လုံးဝမရှိ။

တရားလိုဘက်မှ ခိုင်လုံအောင်သက်သေမပြနိုင်ပါပဲလျက် မူလရုံးနှင့် အယူခံရုံးတို့လျှောက်ထားသူများအား ပြစ်မှုထင်ရှားစီရင်၍ ထောင်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေအရ မှားယွင်းပါသည်ဟု ဗဟိုဥပဒေရုံးမှ ပညာရှိ ဥပဒေဝန်ထမ်း ဦးဘသန်းက ရိုးသားစွာတင်ပြသည်။

ခိုင်လုံသောအထောက်အထားများ မရှိပဲ လျှောက်ထားသူများအပေါ်တွင် လုယက်မှုဖြင့် ပြစ်မှုထင်ရှားစီရင်၍ ထောင်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေအရ မှန်ကန်ခြင်းမရှိသောကြောင့်အတည်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၃ဂ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့စွဲပါ ထားဝယ်မြို့ရုံးထိုင်၊ တနင်္သာရီတိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

မောင်ခင်ဖေ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ပြုရန်မသင့်ပေ။ ထို့ကြောင့် လျှောက်ထားသူ မောင်ခင်ဖေနှင့် မောင်ပြုံးချိုတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ ပြစ်မှုထင်ရှားစီရင်ထားခြင်းဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ်စီ ချမှတ်ထားခြင်းကိုပယ်ဖျက်၍ လျှောက်ထားသူများအား အပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မလာ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း။

လောင်းလုံမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၈၄/၇၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ်စီ ကျခံစေရန် ချမှတ်ခြင်းခံရသော မောင်ခင်ဖေနှင့် မောင်ပြုံးချိုတို့က မကျေနပ်သဖြင့်ထားဝယ်မြို့ ရုံးထိုင်၊ တနင်္သာရီတိုင်း တရားရုံး၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃/၇၄ တွင် အယူခံသော်သည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ယခုပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

၁၃၃၅ ခုနှစ်၊ တော်သလင်းလပြည့်နေ့ (၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့) ည ၁၁ နာရီအချိန်ခန့်တွင် လောင်းလုံမြို့နယ်၊ ပန်းဒါအင်းရွာခနေ မကြည်အေး၏ အိမ်တွင်းသို့ လူဆိုး ၂ ယောက် ဝင်လာ၍ ငွေ ၂၀ိ နှင့် ရွှေထည်ပစ္စည်း ၉ မျိုး (စုစုပေါင်း တန်ဘိုး ၁၁၅၅)ကို လုယူသွားသည်။ ထိုအမှုနှင့် ပတ်သက်၍ မောင်းမကန် ပြည်သူ့ရဲ တပ်ဖွဲ့စခန်းက စုံစမ်းပြီး လျှောက်ထားသူ ၂ ဦး (မောင်ခင်ဖေနှင့် မောင်ပြုံးချို) တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ၊ တရားစွဲဆိုသည်။ လောင်းလုံမြို့နယ် တရားရုံးက စစ်ဆေး ကြားနာ၍ လျှောက်ထားသူများအား စွဲဆိုသည့် ပုဒ်မအရ ပြစ်မှုထင်ရှား စီရင်ခဲ့သည်။ ထိုကဲ့သို့ စီရင်ခြင်းကို တနင်္သာရီတိုင်း တရားရုံးက အတည်ပြုခဲ့သည်။

မူလရုံး အမှုတွဲကို လေ့လာသောအခါ လျှောက်ထားသူများ အပေါ်တွင် ပြစ်မှုထင်ရှားစီရင်ရန် သက်သေခံ အထောက်အထား မခိုင်လုံကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူအမှတ် (၁) မောင်ခင်ဖေ အပေါ်တွင် လုယက်ခြင်းခံရသူ မကြည်အေးက တဦးတည်း၏ အထောက်အထားကင်းသော စွပ်စွဲချက်သာရှိသည်။ မကြည်အေးကလူဆိုး ၂ ယောက်အနက် တယောက်ကို မှတ်မိကြောင်း၊ မှတ်မိသော လူဆိုးမှာ လျှောက်ထားသူ အမှတ် (၁) မောင်ခင်ဖေဖြစ်ကြောင်း၊ ၎င်းအား လရောင်ဖြင့် မြင်ရ၍ မှတ်မိကြောင်း ရဲစခန်း၌ တိုင်ချက်ပေးခဲ့သည်။ ရုံးတွင် သက်သေခံသောအခါ၊ ဒုတိယလူဆိုး၏ လက်နှိပ်ဓာတ်မီးရောင်ဖြင့် မောင်ခင်ဖေဖြစ်ကြောင်း သိရှိရပါသည်ဟု ပြင်ဆင်ထွက်ဆိုသည်။ မကြည်အေး၏ အော်သံကြောင့် လူကြီးများ ရောက်ရှိလာပြီး

၁၉၇၅

မောင်ခင်ဖေ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

လူဆိုးများအား မှတ်မိသလားဟု မေးသောအခါ၊ မကြည်အေးက ထုတ်ဖော်ပြောပြခြင်းမပြုခဲ့ပဲ၊ နောက်နေ့ ညနေတွင် ရဲစခန်း၌ တိုင်ချက်ပေးသောအခါကျမှ လူဆိုး ၂ ယောက်အနက် တယောက်မှာ မောင်ခင်ဖေဖြစ်ကြောင်း မှတ်မိလိုက်သည်ဟု ပြောပြခြင်းမှာ နောက်မှ အကြံရ၍ ထည့်သွင်းခြင်း ဖြစ်နိုင်သည်။ မောင်ခင်ဖေထံတွင် ပြစ်မှုနှင့် ပတ်သက်သောပစ္စည်း တစုံတရာ မတွေ့ရှိခြင်းက ပိုမိုသံသယ ဖြစ်စေသည်။ လျှောက်ထားသူ အမှတ် (၂) မောင်ပြုံးချို အပေါ်တွင် ငြိစွန်းသော သက်သေခံချက်လုံးဝမရှိ။

တရားလိုဘက်မှ ခိုင်လုံအောင် သက်သေ မပြနိုင်ပါပဲလျက် မူလရုံးနှင့် အယူခံရုံးတို့က လျှောက်ထားသူများအား ပြစ်မှုထင်ရှား စီရင်၍ ထောင်ဒဏ် ချမှတ်ခြင်းမှာ ဥပဒေအရ မှားယွင်းပါသည်ဟု ဗဟိုဥပဒေရုံးမှ ပညာရှိ ဥပဒေဝန်ထမ်း ဦးဘသန်းက ရိုးသားစွာဘင်ပြသည်။

ခိုင်လုံသော အထောက်အထားများ မရှိပဲ လျှောက်ထားသူများ အပေါ်တွင် လုယက်မှုဖြင့် ပြစ်မှုထင်ရှား စီရင်၍ထောင်ဒဏ် ချမှတ်ခြင်းမှာ ဥပဒေအရ မှန်ကန်ခြင်းမရှိသောကြောင့် အတည်ပြုရန် မသင့်ပေ။ ထို့ကြောင့် လျှောက်ထားသူ မောင်ခင်ဖေနှင့် မောင်ပြုံးချိုတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ ပြစ်မှုထင်ရှား စီရင်ထားခြင်းဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ်စီ ချမှတ်ထားခြင်းကို ပယ်ဖျက်၍ လျှောက်ထားသူများအား အပြီးအပြတ် လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်ဇင်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ခင်မေ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ကိုခင်စိန်)*

† ၁၉၇၅

မေလ ၂၈ ရက်။

**လျှောက်ထားသူအား မိမိမယားဟု လျှောက်ထားခံရသူက မယားခိုးမှုတွင် ပြောဆိုခြင်း၊ တရားရုံးချုပ်မှ မယားခိုးမှု တရားခံအား အပြီးအပြတ်လွှတ်ခြင်း၊ လျှောက်ထားခံရသူအပေါ် အသရေဖျက်မှုနှင့် အပြစ်ပေးရမည်ဟုဆိုနိုင် မနိုင်။ ။**

**ဆုံးဖြတ်ချက်။** ။တရားရုံးချုပ်က အပြီးအပြတ်လွှတ်လိုက်သည်ဟုဆိုသောကြောင့်၊ မယားခိုးမှုမပြောက်တော့ချေ။ သို့ရာတွင် မယားခိုးမှုနှင့် ယခုစွဲဆိုသော အသရေဖျက်မှုတို့မှာ သီးခြားစဉ်းစားရမည်ဖြစ်သည်။ ပြစ်မှုကျူးလွန်သည်အကြောင်းခြင်းရာတို့မှာလည်း တူညီကြသည်မဟုတ်ချေ။ မယားခိုးမှုတရားခံအပေါ်တွင် မယားခိုးမှုနှင့် အပြစ်မပေးနိုင်ခြင်းကြောင့် လျှောက်ထားခံရသူအပေါ်တွင် အသရေဖျက်မှုနှင့် အပြစ်ပေးရမည်ဟု မဆိုနိုင်ချေ။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။အကျိုးဆောင် ဦးခင်ထွန်း။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးကင်အုံး။

လျှောက်ထားသူ မခင်မေက ကိုခင်စိန်ဆိုသူအပေါ်တွင် မိမိအားငှင်း၏ မယားဟု မဟုတ်မမှန်စွပ်စွဲကြောင်း အသရေဖျက်မှုနှင့်တရားစွဲဆိုခြင်းဖြစ်သည်။ ကိုခင်စိန်သည် မောင်တင်မြင့်ဆိုသူအပေါ်တွင် မိမိမယားမခင်မေအား ခိုးယူပေါင်းသင်းပါသည်ဟု ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရတရားစွဲဆိုသောအခါတွင် မခင်မေက မိမိသည် ကိုခင်စိန်၏ မယားမဟုတ်ကြောင်းနှင့် မောင်တင်မြင့်ကို သဘောတူ ချစ်ကြိုက်ပေါင်းသင်းကြောင်း ကင်ပြသည်။ သို့ရာတွင်မူလရုံးက မောင်တင်မြင့်ကို မယားခိုးမှုနှင့် အပြစ်ဒဏ်ပေးခဲ့သည်။

---

* ၁၉၇၃ ခုနှစ်၊ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၁၁ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၈ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊နိုဝင်ဘာလ ၈ ရက်နေ့စွဲပါ တောင်ဥက္ကလာပရုံးထိုင်တိုင်းတရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၁

ဒေါ်ခင်မေ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ကိုခင်စိန်)။

မောင်တင်မြင့်သည် တိုင်းရုံးသို့ အယူခံသောအခါတွင် အယူခံပယ်လိုက်သည်။ တရားရုံးချုပ်သို့ ထပ်မံအယူခံသော အခါတွင် အပြစ်ဒဏ်ကို ပယ်ဖျက်၍ အပြီးအပြတ်လွှတ်ခဲ့သည်။ ယခုစဉ်းစားရန် ကိစ္စမှာ ကိုခင်စိန်က မခင်မေကို မိမိ မယားဟုအဆိုပြုပြီး၊ မောင်တင်မြင့်အပေါ်တွင် မယားခိုးမှု စွဲဆိုခြင်းအားဖြင့် မခင်မေအား အသရေဖျက်မှုမြောက် မမြောက်ဖြစ်သည်။ အသရေဖျက်မှုဖြစ်စေရန် အတွက်၊ လူတဦးတယောက်အသရေကို နစ်နာစေရန်အကြံဖြင့် စွပ်စွဲခြင်း၊ သို့မဟုတ် ကျေညာခြင်းပြုရမည်ဖြစ်ပေသည်။ ထွက်ဆိုချက်များအရ၊ ကိုခင်စိန်နှင့် မခင်မေတို့ သည်လုံးဝကင်းရှင်းသူများဟုတ်သည်ဟု မယူဆနိုင်။ မခင်မေ၏ ထွက်ဆိုချက်အရပင် ယခုမှုစတင်သိရှိ တွေ့ဆုံ သူနှစ်ဦးဖြစ်ပါလျက်၊ စီးပွားရေးစပ်တူ ပြုလုပ်ကြပြီး ကိုခင်စိန် စီစဉ်ချက်အရ၊ ကိုခင်စိန်၏ အစ်မအိမ်တွင် မခင်မေက နေထိုင်ခဲ့သည်။ ထို့ပြင် ကိုခင်စိန်က မခင်မေကို ရယူရန်ကြိုးစားခဲ့သည့် အချက်များကိုလည်း တွေ့ရသေးသည်။ ထို့ကြောင့် ကိုခင်စိန်သည် မခင်မေအား၊ မိမိမယားဖြစ်ပါသည်ဟု ထုတ်ဖော်ပြောဆိုခြင်းမှာ မခင်မေအပေါ်တွင် နစ်နာစေရန် အသရေဖျက်လိုသောဆန္ဒ ရှိသည်ဟုမဆိုနိုင်ချေ။ မောင်တင်မြင့် အပေါ်တွင် မယားခိုးမှု စွဲဆိုခြင်းသာဖြစ်သည်။

မောင်တင်မြင့်ကို တရားရုံးချုပ်က အပြီးအပြတ် လွှတ်လိုက်သည်ဟု ဆိုသောကြောင့် မယားခိုးမှု မမြောက်တော့ချေ။ သို့ရာတွင် မယားခိုးမှုနှင့် ယခုစွဲဆိုသော အသရေဖျက်မှုတို့မှာ သီးခြားစဉ်းစားရမည် ဖြစ်သည်။ ပြစ်မှုကျူးလွန်သည့် အကြောင်းခြင်းရာတို့မှာလည်း တူညီကြသည်မဟုတ်ချေ။ မောင်တင်မြင့် အပေါ်တွင် မယားခိုးမှုနှင့် အပြစ်မပေးနိုင်ခြင်းကြောင့် ကိုခင်စိန်အပေါ်တွင် အသရေဖျက်မှုနှင့်အပြစ်ပေးရမည်ဟုမဆိုနိုင်ချေ။ ကိုခင်စိန်အား မူလရုံးနှင့် တိုင်းရုံးတို့ကသဘောတူစွဲချက်မတင်ပဲလွှတ်ခဲ့ပြီးဖြစ်သော အမှုတွင် ထင်ရှားသော မှားယွင်းချွတ်ချော်မှု မရှိလျှင်ကျွန်ုပ်တို့အနေဖြင့် ဝင်ရောက်စွက်ဖက်ရန် သင့်မည်မဟုတ်သော ကြောင့် ဤပြင်ဆင်မှုကိုပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးထွန်းအောင်ကျော်တို့ ပါဝင်သော ပဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## နော်ခင်အေး

## နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၇၄ ဧပြီလ ၁၁ ရက်။

ပြည်သူ့အထည်အလိပ်ဆိုင်တွင် စာရင်းစစ်ရာ လျော့နည်းကွာခြားခြင်း၊ ဆိုင်တာဝန်ခံလျှောက်ထားသူက မဖြေနိုင်ခြင်း၊ ကုန်ပစ္စည်းများ လျော့နည်းခြင်းအတွက် မည်သူ့တွင် တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။စာရင်း စစ်ဆေးရာတွင် တွေ့ရှိရသော လျော့နည်းကွာခြား ချက်ကို နော်ခင်အေးသည် မငြင်းကွယ်နိုင်သည့်အပြင် ဖြေ ရှင်းခြင်းလည်း မပြုနိုင်ချေ၊ နော်ခင်အေးက မိမိသည် အလွဲသုံးစားမပြုရကြောင်း ရောင်းရင်း ရောင်းရင်း လျော့၍ လျော့၍သွားသဖြင့် စာရင်းကွာခြားခြင်းဖြစ်ရပါသည်ဟုထွက်ဆိုသည်။

နော်ခင်အေးသည်၊ ပြည်သူ့ဆိုင်အမှတ် (၁၃)၏ ဆိုင်တာဝန်ခံဖြစ်သည့်အလျှောက်ထိုဆိုင်မှ ကုန်ပစ္စည်းများလျော့နည်းကွာခြားခြင်းအတွက်တာဝန်ရှိသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီးမဒ္ဒတာ၊ ဗိုလ်ဝင်ဖိုး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးဘရွှေ။

လျှောက်ထားသူ နော်ခင်အေးသည်၊ အင်းစိန်မြို့၊ တောင်သူ့ကုန်းရပ်ကွက်ရှိ ပြည်သူ့ဆိုင်အမှတ် (၁၃) (အထည်အလိပ်ဆိုင်) ၏ဆိုင်တာဝန်ခံဖြစ်သည်။ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ အတွင်းတွင် အင်းစိန်မြို့ ဒေသစိတ်ကုန်သွယ်ရေး ဦးစီးမန်နေဂျာ ဦးဝိုင်မျိုးဆွေ၏ ညွှန်ကြားချက်အရ ထိုပြည်သူ့ဆိုင်အမှတ် (၁၃) ကို စာရင်း စစ်ဆေးသောအခါ ထိုဆိုင်ကိုစတင်ဖွင့်လှစ်သည့် ၁၉၆၇ ခု၊ ဖေဖေါ်ဝါရီလ ၁ ရက်နေ့မှ ၁၉၆၇ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိကာလအပိုင်းအခြားအတွက် ငွေပေါင်း ၁၉,၀၇၉ ကျပ် ၀၅ ပြားလျော့နည်းကွာခြား နေကြောင်း

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၃(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၀ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် နေ့စွဲပါ အင်းစိန်မြို့ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

နော်ခင်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

တွေ့ရသည်။ ထို့ကြောင့် ဦးဝိုင်မျိုးဆွေက နော်ခင်အေးအပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ၊ အင်းစိန်မြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ချက်ဖွင့်သည်။ ရဲအဖွဲ့မှပုံစမ်း၍ နော်ခင်အေးအပေါ်တွင် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရအမှုတင်သည်။ ထိုအမှုသည် အင်းစိန်မြို့အထူး (ရာဘက်စက်ရှင်) တရားသူကြီးရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၂/၇၀ ဖြစ်သည်။ ထိုအမှုတွင် နော်ခင်အေးအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့သည်။ နော်ခင်အေးက မကျေနပ်၍ အင်းစိန်မြို့နယ်ချုံးထိုင်၊ ရန်ကုန်တိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၀/၇၃ အရ အယူခံသော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုလျှောက်ထားခြင်းဖြစ်သည်။

စာရင်းစစ်ဆေးရာတွင် တွေ့ရှိရသော လျော့နည်းကွာခြားချက်ကို နော်ခင်အေးသည်မငြင်းကွယ်နိုင်သည့်အပြင် ဖြေရှင်းခြင်းလည်း မပြုနိုင်ချေ။ နော်ခင်အေးက မိမိသည်အလွဲသုံးစားမပြုရကြောင်း၊ ရောင်းရင်း ရောင်းရင်းလျော့၍လျော့၍ သွားသဖြင့်စာရင်းကွာခြားခြင်းဖြစ်ရပါသည်ဟုထွက်ဆိုသည်။

နော်ခင်အေးသည် ပြည်သူ့ဆိုင်အမှတ် (၁၃) ၏ ဆိုင်တာဝန်ခံဖြစ်သည့်အလျောက် ထိုဆိုင်မှကုန်ပစ္စည်းများ လျော့နည်းကွာခြားခြင်းအတွက် တာဝန်ရှိသည်။ ထို့ကြောင့် ၎င်းအပေါ်တွင် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှား စီရင်ခြင်းမှာ ဥပဒေအရမှန်ကန်သည်။ ထိုပုဒ်မအရ ချမှတ်ထားသော ပြစ်ဒဏ်မှာ အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်ဖြစ်သည်။ သို့ရာတွင် နော်ခင်အေးသည် မိမိအုပ်ချုပ်ရသော ပြည်သူ့ဆိုင်မှပစ္စည်းများကို ဖေါက်လဲဖေါက်ပြန် ပြုလုပ်ကြောင်း သက်သေခံအထောက်အထားမတွေ့ရပေ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရသာ ပြစ်ဒဏ်ထိုက်သင့်သည်ဟုကျွန်ုပ်တို့ယူဆသည်။

ထို့ကြောင့် လျှောက်ထားသူ နော်ခင်အေးအပေါ်တွင် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရပြစ်မှုထင်ရှားစီရင်ထားခြင်းနှင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ထားခြင်းကို ပယ်ဖျက်၍၊ နော်ခင်အေးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ် (ငါးနှစ်) ကျခံစေရန်အမိန့်ချလိုက်သည်။

ဤအမှုတွင်ချမှတ်သော ထောင်ဒဏ်ကို ဤရုံး၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၂ (ခ)/ ၇၄ တွင် ချမှတ်သော ထောင်ဒဏ်နှင့်တပေါင်းတည်း ကျခံစေရမည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးလှိုင်မောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

### *ဦးချစ်ဖူး

နှင့်

### ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

†၁၉၇၅ ဒီဇင်ဘာလ ၂၀ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၆၊ စာချုပ်စာတမ်း အတုပြုလုပ်သူ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅(၁)(ဂ)၊ စာချုပ် အတုပြုလုပ်မှုဖြင့် တိုက်ရိုက် လျှောက်ထား တရားစွဲဆိုမှု တရားရုံး၌ မှုခင်းတချပ်ရပ်တွင် တင်ပြသော စာချုပ်စာတမ်း တစုံတခုကို အတုပြုလုပ်မှု အတွက် တရားရုံးက တိုင်တန်းခြင်း မရှိပဲ အရေးယူခွင့်ရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။တရားရုံး၌ မှုခင်းအချပ်ရပ်တွင် တင်ပြသော စာချုပ်စာတမ်း တစုံ တရာနှင့် ပတ်သက်၍ လိမ်လည်အတုပြုမှုဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၆ အရတရားစွဲဆိုရာ၌ သက်ဆိုင်ရာတရားရုံးကစာဖြင့်ရေးသား တိုင်တန်းလျှက် စွဲဆိုမှသာ အမှုကိုလက်ခံရမည်ဟု ပြစ်မှု ဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁)(ဂ) တွင်ပြဋ္ဌာန်းထားသည်။ သက်ဆိုင်ရာ တရားရုံး၏ စာဖြင့် ရေးသားတိုင်တန်းချက်မ ရှိ၍ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်သောကြောင့် အမှုကို အရေးယူဆောင်ရွက်ခြင်း မပြုနိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေဦးဇမောင်(သာယာဝတီ) ဗဟိုတရားရုံး ရှေ့နေ ဒေါ်ခင်ခင်သွင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘသန်း။

မော်ဘီမြို့နယ်၊ နွေကုန်းကျေးရွာ၊ သဲအင်းဂူကမ္မဋ္ဌာန်းတိုက်အား ထိန်းသိမ်း စောင့်ရှောက်ရန် ဂေါပကအဖွဲ့ ဖွဲ့စည်းရေး စည်းမျဉ်းကို တရားရုံးက အတည်ပြုပေး ပါရန် ဦးချစ်ဖူး အပါအဝင် တရားလိုများက တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၂ အရတရားရုံးသို့ လျှောက်ထားခဲ့သည်။ အင်းစိန်မြို့ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံးက ၁၉၇၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ သတ်မှတ်၍ အရေးယူပြီး ကန့်ကွက်ရန် ရှိ မရှိ သတင်းစာတွင် ကြေညာခဲ့သည်။ ထိုအခါ ဘုန်းကြီး ၄ ပါး (ဦးကေသရ၊

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၃(ခ)၊ ၄၄ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀ နှင့် ၁၁ တွင်ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့စွဲပါ အင်းစိန်မြို့ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

၁၉၇၅

ဦးချစ်ဖူး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

ဦးဝါယမ၊ ဦးသာသနာ ဘိဝံသနှင့် ဦးစက္ကိန္ဒ) က တရားပြိုင်များအဖြစ် ကန့်ကွက်လွှာ တင်သည်။ ထိုကန့်ကွက်လွှာနှင့်အတူ စာချုပ် စာတမ်းများကို တင်ပြသည်။ ထိုကဲ့သို့ တင်ပြသော စာချုပ် စာတမ်းများအနက် စာချုပ် တစောင်တွင် သီလရှင် ၄ ဦးတို့၏ လက်မှတ်များမှာ အတုအလိမ်များဖြစ်သည်ဟု သီလရှင် ဒေါ်ခေမာဝတီက စွပ်စွဲလျက် ထိုစာချုပ်ကို တင်သွင်းသော ဘုန်းကြီး ၄ ပါးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၆ အရ တရားစွဲဆိုသည်။ အင်းစိန်မြို့နယ် တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၂၉၇ သတ်မှတ်၍ စစ်ဆေးကြားနာခုန် ဆောင်ရွက်သည်။

ထိုဘုန်းကြီး ၄ ပါးတင်ပြသော အခြားစာချုပ် တစောင်တွင်လည်း ဘုန်းကြီးများစွာ၏ လက်မှတ်များပါရှိရာ ဘုန်းကြီး ၃ ပါး၏ လက်မှတ်များမှာ အတုအလိမ်များ ဖြစ်သည်ဟု ဦးချစ်ဖူးက စွပ်စွဲလျက် ထိုစာချုပ်တင်သွင်းသော ဘုန်းကြီး ၄ ပါးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၆ အရ တရားစွဲဆိုသည်။ အင်းစိန်မြို့နယ် တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၂၉၉ သတ်မှတ်၍ စစ်ဆေးကြားနာရန် ဆောင်ရွက်သည်။

အင်းစိန်မြို့ ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၀ နှင့် ၁၁ တို့ကို ဖွင့်၍ အထက်ဖော်ပြပါ အမှုနှစ်မှုကို ခေါ်ယူသုံးသပ်ပြီးနောက် ယင်းအမှုများကို ဆိုင်းငံ့ထားရန် အမိန့်များ ချမှတ်ခဲ့သည်။ ထိုအမိန့်များကို ဦးချစ်ဖူးနှင့် ဒေါ်ခေမာဝတီတို့က မကျေနပ်သဖြင့် ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ ပြင်ဆင်မှုများ လျှောက်ထားကြခြင်းဖြစ်သည်။ ဤပြင်ဆင်မှု ၂ မှုသည် ဆက်နွှယ်နေသောကြောင့် တပေါင်းတည်း ကြားနာပြီး ဤအမိန့်ကို ချမှတ်သည်။

ဤရုံးတွင် ပြင်ဆင်မှုများ အတွက် လျှောက်လဲချက်များ ပေးကြရာ၌၊ မူလရုံးက အရေးယူ ဆောင်ရွက်ဆဲ အမှုများသည် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စွဲဆိုထားသော အမှုများ ဟုတ်မဟုတ် ပြဿနာ ထွက်ပေါ်လာသည်။ တရားရုံးရှိ မှုခင်းတချပ်ရပ်တွင် တင်ပြသော စာချုပ် စာတမ်း တစုံတခုနှင့် ပတ်သက်၍ လိမ်လည်အတုပြုမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၆ အရ တရားစွဲဆိုရာ၌ သက်ဆိုင်ရာ တရားရုံးကစာဖြင့် ရေးသား တိုင်တန်းလျှက်စွဲဆိုမှသာ အမှုကို လက်ခံရမည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) အရ ပြဋ္ဌာန်းထားကြောင်း။ မူလရုံးမှ အမှု ၂ မှုတွင် သက်ဆိုင်ရာ တရားရုံး၏ စာဖြင့်ရေးသားတိုင်တမ်းချက် မပါရှိသောကြောင့် ထိုအမှုများကို လက်ခံဆောင်ရွက်ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်ကြောင်း ဗဟို ဥပဒေချုံး ကိုယ်စား ဥပဒေဝန်ထမ်း အဆင့် (၁) က တင်ပြသည်။

၁၉၇၅
ဦးချစ်ဖူး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

အဆိုပါ မူလရုံးပြစ်မှုဆိုင်ရာ အမှုကြီး ၂ မှုကို စွဲဆိုရာ၌ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်သောကြောင့် ယင်းအမှုများကို အရေးယူဆောင်ရွက်ခြင်းမပြုနိုင်ကြောင်း ကျွန်ုပ်တို့တွေ့ရှိရသည်။ ဤကဲ့သို့ ပေါ်လွင် ထင်ရှားစွာ မှားယွင်းနေသော အမှုများကို ဆက်လက်ဆောင်ရွက်စေရန် မသင့်သဖြင့်၊ ဗဟိုတရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၁ အရ ရရှိထားသည့် ကိုယ်ပိုင် စီရင်ခွင့်ကို ကျင့်သုံးလျက် ယင်းအမှု ၂ မှုကို ပယ်ဖျက်လိုက်သည်။ ပြင်ဆင်မှုများကို ဆက်လက်စဉ်းစားရန် မလိုတော့သဖြင့် ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြတို့ ပါဝင်သော ပဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ အောက်တိုဘာလ ရက်။

## မောင်ချစ်လှိုင်

## နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(က)၊ ကျောက်တင်ကား မောင်းသူက ည ၈ နာရီခန့် ကောင်းစွာ မမြင်ဘဲ တနာရီတွင်မိုင် ၂၀၊ ၂၅ နှုန်းဖြင့် ခြံဝင်းတံခါးဆီသို့ မောင်းဝင်ခြင်း၊ သေဆုံးသူသည် အရက်များမူးပြီး တံခါးမောင်းတန် အနီးသို့ ရောက်ရှိလာခြင်း ကားကမောင်းတန်ကိုတိုက်မိ၍ သေဆုံးသူအား မောင်းတန်ဖြင့်ဆက်ရိုက်မိပြီး သေဆုံးခြင်းသည်၊ ယာဉ်မောင်း၏ ပေါ့လျော့မှုကြောင့်ဟုတ်-မဟုတ်။**

**ဆုံးဖြတ်ချက်။** ။သေဆုံးသူက အရက်များ မူး၍ တံခါးမောင်းတန် အနီးသို့ရောက်သည် ဆိုခြင်းမှာ လုံလောက်သော အကြောင်းပြချက်မဟုတ်၊ မော်တော်ကား မောင်းသူသည် အဝင် တံခါးဝအနီးသို့ ရောက်ရှိသောအခါတွင် ဝင်းတံခါး ပိတ်ထားသည် ဖြစ်စေ၊ ဖွင့်ထားသည်ဖြစ်စေ ဂရုပြု၍ မော်တော်ကားကိုမောင်းနှင်ဝင်ရောက်ရန် တာဝန်ရှိပေသည်။ မိုင် ၂၀ နှုန်းဖြင့်မော်တော် ကားကို မောင်းနှင်လျက် ဝင်ခြင်းသည် လိုအပ်သော သတိမထားပဲ၊ ပေါ့လျော့စွာမောင်းနှင် ကြောင်း ထင်ရှားသည်။ ထို့ကြောင့် ဘရိတ်ဘမ်းသော်လည်း မနိုင်မနင်းဖြစ်၍၊ လူတဦးသေဆုံး ရခြင်းမှာ လျှောက်ထားသူ၏ပေါ့လျော့မှုကြောင့်ဖြစ်သည်။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။အကျိုးဆောင်၊ ဦးဝင်းကြည်။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်း အဆင့်(၁)၊ ဦးတင်အုံး။

လျှောက်ထားသူ မောင်ချစ်လှိုင် မောင်းနှင်သော ကျောက်များတင်ဆောင်လာသည့် မော်တော်ကားသည် ည (၈) နာရီအချိန် ခန့်ဘွင်၊ ဆည်မြောင်းဌာနဝင်းတံခါးပေါက်၌ ပိတ်ထားသော၊ ဝင်းတံခါး မောင်းတန်ကိုတိုက်မိ၍ ဝင်းတံခါးအနီး၌ရှိသော မောင်ဘအောင်ကို တံခါးမောင်းတန်ဖြင့် ဆက်လက်ရိုက်ခတ်မိသော ဒဏ်ရာကြောင့် မောင်ဘအောင် သေဆုံးသော အမှုဖြစ်သည်။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၇(ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၆(က)တွင်၊ ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့စွဲပါ ပဲခူးတိုင်း (ပြည်မြို့ရုံးထိုင်) တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅
မောင်ချစ်လှိုင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

လျှောက်ထားသူက တင်ပြသည်မှာ သေဆုံးသူသည် အဝင်တံခါးရှိရာသို့ အရက်များမူး၍ ရောက်ရှိလာပြီး၊ အပေါ်တင်ဖွင့်ထားသော ဝင်းတံခါးမောင်းတန်ကို ဆွဲချနေစဉ် တိုက်မိခြင်းဖြစ်ကြောင်း၊ မိမိ၏ကားသည် အဝင်တံခါးအနီးသို့ မရောက်မီ၊ ဝါးနှစ်ရိုက်ခန့်အလိုတွင် ရှေ့မှလာသော မော်တော်ကားနှစ်စီးကို ရှောင်၍ မောင်းရာ၌ ဖုံသနေသဖြင့် ကောင်းစွာ မမြင်နိုင်ကြောင်း၊ အချင်းဖြစ်ပွားသော အချိန်က ကား၏ သွားနှုန်းမှာသည်း၊ တနာရီလျှင် မိုင် ၂၀၊ ၂၅ မိုင်မျှသာရှိကြောင်း ထွက်ဆိုသည်။

လျှောက်ထားသူအပေါ် မူလရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က) အရ ထောင်ဒဏ်(၂)နှစ် ကျခံစေပြီး၊ တိုင်းရုံးက ထောင်ဒဏ်(၁)နှစ်သို့ လျှော့ပေါ့ကျခံစေခဲ့သည်။

ယခု ဖြစ်ပွားရခြင်းမှာ လျှောက်ထားသူ၏ တင်ပြချက်အရပင်၊ ညအချိန် ကားနှစ်စီးကိုရှောင်၍ မောင်းရာ၌ ဖုံသသဖြင့် ကောင်းစွာမမြင်၊ ကားမောင်းသည့် မိုင်နှုန်းမှာလည်း တနာရီလျှင် မိုင် ၂၀ မှ ၂၅ မိုင်အထိ ရှိသည်ဟုဆိုသောကြောင့်၊ ကျောက်များ သယ်ဆောင်လာသော ဝန်တင်ကားကြီး အနေဖြင့် အရှိန်လျှော့နည်းသည်ဟု မဆိုနိုင်ပေ။ အဝင်တံခါးဝသို့ ရောက်ခါနီးတွင် တံခါးမောင်းတန် ပိတ်ထားသည်ဖြစ်စေ ဖွင့်ထားသည်ဖြစ်စေ၊ အထူးသတိပြု၍ မောင်းနှင်ရန် အထူးလိုအပ်ပေသည်။ ထို့ကြောင့် လျှောက်ထားသူသည် လိုအပ်သော သတိကို မထားဘဲ၊ ပေါ့လျော့စွာ မောင်းနှင်ကြောင်း ထင်ရှားနေသည်။ သေဆုံးသူက အရက်များမူး၍ တံခါးမောင်းတန်အနီးသို့ ရောက်သည်ဆိုခြင်းမှာလည်း၊ လုံလောက်သော အကြောင်းပြချက် မဟုတ်ချေ။ မော်တော်ကား မောင်းသူသည် အဝင်တံခါးအနီးသို့ ရောက်ရှိသောအခါတွင် ၎င်းတံခါး ပိတ်ထားသည်ဖြစ်စေ၊ ဖွင့်ထားသည်ဖြစ်စေ၊ ဂရုပြု၍ မော်တော်ကားကို မောင်းနှင်ဝင်ရောက်ရန် တာဝန်ရှိပေသည်။ တံခါးဝအနီး ရောက်ချိန်၌ တနာရီ မိုင် ၂၀၊ ၂၅ မိုင်နှုန်း မောင်းနှင်ကြောင်း ထွက်ဆိုချက်ကို သုံးသပ်လျှင် မိုင် ၂၀ နှုန်းဖြင့် မောင်းနှင်သော မော်တော်ကား တစီးသည် ကားရပ်ရန် စဉ်းစားသော အချိန်သို့မဟုတ် နေရာမှစ၍ ဘရိတ်ကို နင်းသောကြောင့် ကားရပ်သွားသောနေရာအထိ- အကွာအဝေးမှာ ၄၇ ပေခန့်ရောက်ပြီးမှ ရပ်ပေလိမ့်မည်။ ထို့ကြောင့် မိုင် ၂၀ နှုန်းဖြင့် မော်တော်ကားကို မောင်းနှင်လျက် အဝင်တံခါးမှ ဝါးနှစ်ရိုက်ခန့်အလို သို့မဟုတ် ပေ ၃၀ ခန့်အလိုမှစတင်၍ မော်တော်ကားရပ်ရန် စဉ်းစားလုပ်ကိုင်သည့်တိုင်အောင် ထိုမော်တော်ကားသည် အဝင်တံခါးဝ၌ ရပ်တန့်နိုင်မည်မဟုတ်တော့ပေ။ ထို့ကြောင့် မော်တော်ကား ဘရိတ်ဖမ်းသော်လည်း၊ မနိုင်မနင်းဖြစ်၍ လူတဦးသေဆုံးရခြင်းမှာ လျှောက်ထားသူ၏ ပေါ့လျော့မှုကြောင့် ဖြစ်သည်ဟု ဆိုရပေမည်။ ဤသို့ လူတဦးတယောက် သေဆုံးရခြင်းနှင့် ပတ်သက်၍ ထောင်ဒဏ် (၁) နှစ် အပြစ်ဒဏ်သတ်မှတ်ထားခြင်းမှာလည်း များသည်ဟု မဆိုနိုင်သောကြောင့် ပြင်ဆင်မှုကို ပယ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော် နှင့် ဦးစိုးလှိုင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

ဇွန်လ ၇ ရက်နေ့

### ဦးချစ်ဦး ပါ ၂

### နှင့်

### ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးတင်မောင်)*

**ရုံးပြောင်းလျှောက်ထားခြင်း၊ မလျော် သြဇာ သုံးသည်ဆိုခြင်း မည်သည့်အခါ လက်ခံနိုင်သည် လက်မခံနိုင်သည်။**

**ဆုံးဖြတ်ချက်။** ။သမဝါယမ အသင်းအက်ဥပဒေ နောက်ဆက်တွဲဇယား ၂(၆) အရ အသင်းပိုင် ပစ္စည်းကို အလွဲသုံးစားပြုလုပ်ခြင်းနှင့် ပတ်သက်သည့် အမှုမျိုးတွင် စာရင်းဇယားများနှင့် ပတ်သက်သောကြောင့် ပြင်ပမှမလျော် သြဇာသုံးရန် လွယ်ကူမည်မဟုတ်ချေ၊ သို့ဖြစ်၍ မလျော် သြဇာ အသုံးပြုမည်ဟု အကြောင်းပြချက်ဖြင့် ရုံးပြောင်းစစ်ဆေးရန် လျှောက်ထားခြင်းကိုလက်ခံရန်အကြောင်းမရှိ။

**လျှောက်ထားသူအတွက်။** ။အကျိုးဆောင်၊ ဦးအောင်ကျော်စိန်။

**လျှောက်ထားခံရသူအတွက်။** ။ ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးတင်အုံး။

အမှုကို ရုံးပြောင်း၍ စစ်ဆေးကြားနာရန် လျှောက်ထားခြင်း ဖြစ်သည်။ လျှောက်ထားသူ ဦးချစ်ဦးနှင့် ဦးကျော်ဇောတို့ အပေါ်တွင် သမဝါယမအသင်းအက်ဥပဒေအရ တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် စစ်ဆေး ကြားနာလျက်ရှိသည်။ ရုံးပြောင်းပေးရန်အတွက် အကြောင်းပြချက်မှာ တောင်ဥက္ကလာပမြို့ အမှတ် (၁) နယ်မြေ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်သူ ဦးရွှေက တောင်ဥက္ကလာပမြို့နယ် တရားရေး ကော်မတီ ဥက္ကဋ္ဌနှင့် တရားသူကြီးများ အဖွဲ့ဝင် အချို့တို့အား၊ ကျန်ပါတီဝင် အချို့တို့နှင့်အတူ လမ်းစဉ်ပါတီ စည်းကမ်းများ

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၆။

† လျှောက်ထားသူများက၊ တောင်ဥက္ကလာပမြို့နယ် တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ် ၅၃၁/၇၄ ကိုခေါ်ယူပြီး၊ နှစ်ဘက်အကျိုးဆောင်ကြီးများအား ကြားနာစစ်ဆေး၍ ယင်းအမှုကို သင့်တော်သောရုံးတရုံးသို့ ပြောင်းရွှေ့ပေးရန် လျှောက်ထားခြင်း။

၁၉၇၅
ဦးချစ်ဦး ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးတင်မောင်)။

ကို လိုက်နာခြင်း မပြုသောကြောင့် ပါတီဗဟို စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တရားစွဲဆိုသော အခါတွင် လျှောက်ထားသူ ဦးချစ်ဦးသည် စွဲဆိုသည့်ဘက်မှသက်သေ အဖြစ် အစစ်ခံခဲ့သည်၊ ထို့ကြောင့်ယခု ဦးချစ်ဦးနှင့် ဦးကျော်ဇောတို့အား သမဝါယမ အသင်း အက်ဥပဒေအရ တရားစွဲဆိုသော အခါတွင် ယခင် ပါတီစည်းကမ်း ထိန်းသိမ်း ရေးဗဟိုခုံရုံး၌ တရားခံများအဖြစ် စစ်ဆေး ခံခဲ့ကြရသော ပါတီဝင် ပုဂ္ဂိုလ်များသည် ယခုအမှု စစ်ဆေးကြားနာရာတွင် မလျော်ဩဇာ သုံးမည်ကို စိုးရိမ်သောကြောင့် ဟူ၍ ဖြစ်လေသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၇ အရ၊ အမှုဖြစ်ပွားသော နေရာဒေသတွင် စစ်ဆေး ကြားနာရမည်ဟူ၍ ဥပဒေပြဋ္ဌာန်းချက် ရှိသောကြောင့် မလွှဲမကင်းနိုင်သော အကြောင်းပြချက် ရှိမှသာလျှင် ရုံးပြောင်း စစ်ဆေးရန် ခွင့်ပြုနိုင်မည် ဖြစ်သည်။ ပါတီစည်းကမ်း ထိန်းသိမ်းရေးနှင့် ပတ်သက်သော အမှုတွင် သက်သေလိုက်မိသော ကြောင့် ယခုအမှုတွင် တဘက် ပါတီဝင်များက တရားရုံးတွင် မလျော်ဩဇာ သုံးလိမ့် မည်ဆိုခြင်းမှာ ဦးချစ်ဦး၏ စိုးရိမ်မှုအပြင် လုံလောက်သော ထောက်ခံချက် မရှိချေ။ ဦးချစ်ဦး ကိုယ်တိုင်မှာလည်း လျှောက်လွှာတွင် ဖေါ်ပြချက်အရ တောင်ဥက္ကလာပ မြို့နယ်၊ ပါတီယူနစ် အဘွင်းရေးမှူး ဖြစ်ခဲ့သည်။

တရားရုံးတွင် စစ်ဆေးကြားနာသော အမှုများသည် ပြင်ပ အနှောက်အယှက် ကင်းရှင်းစွာ တရားဥပဒေအရ ဆောင်ရွက်မည်သာဖြစ်သည်။ လျှောက်ထားသူများ အပေါ် စွဲဆိုထားသော အမှုမှာလည်း သမဝါယမအသင်းအက်ဥပဒေ နောက်ဆက်တွဲ ဇယား ၂ (၆) အရဖြစ်သောကြောင့်၊ အသင်းပိုင် ပစ္စည်းကို အလွဲသုံးစား ပြုလုပ် ခြင်းနှင့် သက်ဆိုင်သည်။ ယင်းအမှုမျိုးမှာ စာရင်း ဇယားများနှင့် ပတ်သက်သော ကြောင့် ပြင်ပမှ မလျော်ဩဇာသုံးရန် လွယ်ကူမည် မဟုတ်ချေ၊ မည်သို့ပင်ဆိုစေ၊ ယခင် ပါတီစည်းကမ်း ထိန်းသိမ်းမှုနှင့် ပတ်သက်သော ကိစ္စတွင် ဦးချစ်ဦးကသက်သေ လိုက်မိသည် ဆိုကာမျှနှင့် ဦးချစ်ဦးနှင့် ဦးကျော်ဇောတို့ အပေါ်တွင် တဘက် ပါတီ ဝင်များက တရားရုံးတွင် မလျော်ဩဇာ အသုံးပြုပါလိမ့်မည် ဆိုခြင်းကို လက်ခံရန် အကြောင်း မရှိသောကြောင့် လျှောက်လွှာကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟို
တရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

နိုဝင်ဘာလ
၁ ရက်။

## ဦးငယ်

## နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးဘိုးစော) *

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ ခိုးမှု သက်သေခံပစ္စည်းများပြန်လည်ရရှိရန်လျှောက်
ထားခြင်း ဖြေစာဖြတ်ပိုင်းဖြင့် ရိုးသားစွာ ဝယ်ယူသူများအားသက်သေခံပစ္စည်းများကို
ပြန်ပေးသင့်မသင့်။

**ဆုံးဖြတ်ချက်။** ။လျှောက်ထားသူများသည် သဘောရိုးဖြင့်ဝယ်ယူသည်ဆိုစေကာမူ၊ ရောင်း ပိုင်ခွင့်မရှိသောသူထံမှ ဝယ်ယူခဲ့သောကြောင့် ပိုင်ဆိုင်ခွင့် ရရှိမည်မဟုတ်။ သက်သေခံပစ္စည်းများကို မူလပိုင်ရှင်ထံ ပြန်ပေးရန်ချမှတ်သောအမိန့်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိ။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။အကျိုးဆောင်၊
ဒေါက်တာ မောင်မောင်ကျော်။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။ဦးအောင်သန်း၊ အကျိုးဆောင်၊
ဦးဘသန်း၊ ဥပဒေဝန်ထမ်း အဆင့် (၁)။

ဤအမှုတွင် လျှောက်ထားသူများမှာ ဦးပေါက်၊ ဦးစစ်ယို၊ ဦးငယ်၊ ဦးစိန်ကြည် နှင့် ဦးကာဆူးတို့ ဖြစ်ကြသည်။ သက်သေခံပစ္စည်းများ ပြန်လည်ရရှိရန်အတွက် ပြင်ဆင်မှု လျှောက်ထားခြင်း ဖြစ်သည်။ အမှုကို (၅) မှုခွဲ၍သီးခြား လျှောက် ထားကြသော်လည်း အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာတို့မှာ အတူတူပင်ဖြစ် သောကြောင့်၊ ဤစီရင်ချက်သည် ပြင်ဆင်မှုအားလုံးနှင့် အကျုံးဝင်စေရမည်။

တောင်တွင်းကြီးမြို့တွင်၊ ဝါစက်၊ ဆေးရိုးစက်နှင့် အမှုန့်ကြိတ်စက်တို့ကို ဦးဘိုးစော ဆိုသူပိုင်သည်။ ဦးဘိုးစော၏ ဇနီးနှင့်သားတို့မှာ ဒေါ်လှကြည်နှင့် မောင်သောင်း

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၂၈ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂/(၃)တွင်ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီ ၇ ရက် နေ့စွဲပါ တောင်တွင်းကြီးမြို့နယ်-မကွေးတိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

ဦးငယ် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးဘိုးစော)

စိန်ဖြစ်သည်။ ၁၉၆၉ ခုနှစ် အဘွင်း ဦးဘိုးစောသည် ငြိမ်ဝပ်ပိပြားရေး ဥပဒေပုဒ်မ ၅ အရ၊ ထိန်းသိမ်းခြင်းခံရသဖြင့်၊ ဝါစက်လုပ်ငန်းကို ဇနီးဒေါ်လှကြည်က ဆက်လက်ဆောင်ရွက်သည်။ မောင်သောင်းစိန်သည် အကျင့်စာရိတ္တ ပျက်ပြားသူ တယောက်ဖြစ်ကြောင်း၊ မူးယစ်သောက်စားလျက်သာ နေကြောင်း၊ မယားငယ် အငြိမ့်ခင်းသမီးတယောက်လည်း ယူထားကြောင်း အမှု၌ ထွက်ဆိုထားသည်။ ရင်း အပြင် မောင်သောင်းစိန်သည် အငြိမ့်ထောင်ရန်အတွက် ငွေအရင်းအနှီးလို၍ ပစ္စည်း များထုခွဲရောင်းချပေးရန် မိခင်ဒေါ်လှကြည်ကို ပြောသည်။ မိခင်ဒေါ်လှကြည်က သဘောမတူကြောင်း ပြန်ပြောသောအခါ မိခင်ဒေါ်လှကြည်ကို အိမ်မှရိုက်နှက်နှင် ချလိုက်သည်။ ဒေါ်လှကြည်သည် ဆွေမျိုးများရှိရာ အောင်လံမြို့သို့ သွားရောက် နေထိုင်ရသည်။ ထိုအချိန်တွင် မောင်သောင်းစိန်က ဦးဘိုးစောပိုင် ဝါစက်မှ ပစ္စည်းများကိုဖြုတ်၍ ရောင်းချသောအခါ၊ ယခုပြင်ဆင်မှု လျှောက်ထားကြသူ (၅) ဦးတို့ကဝယ်ယူကြသည်။ ဦးငယ်သည်၊ ၂၀၄၀ ကျပ်တန်ပစ္စည်းများကို ဝယ်ယူသည်။ ထိုနည်းဘူ ဦးစစ်ယုံသည် တန်ဖိုး ၆၁၀၀ ကျပ် တန် ပစ္စည်းများကိုလည်းကောင်း၊ ဦးပေါက်သည် တန်ဖိုး ၄၅၀ ကျပ်တန်ပစ္စည်းများကို လည်းကောင်း၊ ဦးစိန်ကြည် သည်တန်ဖိုး ၈၂၅ ကျပ် တန်ပစ္စည်းများကိုလည်းကောင်း၊ ဦးကာဆူးသည် တန်ဖိုး ၄၀၀ ကျပ် တန်ပစ္စည်းများကိုလည်းကောင်း အသီးသီးဝယ်ယူကြသည်။

ဦးဘိုးစောသည် ထိန်းသိမ်းခြင်းခံရာမှ လွတ်လာသောအခါတွင် မောင်သောင်း စိန်သည် မိမိဝါစက်မှ ပစ္စည်းများကို ဖြုတ်ယူရောင်းချကြောင်း၊ ရဲစခန်းတွင်တိုင် တန်းသည်။ ထိုကြောင့် မောင်သောင်းစိန်အပေါ် ပစ္စည်းခိုးမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ သတ်မှတ်၍ ဘောင်တွင်းကြီးမြို့၊ မြို့နယ် တရားရုံးက စစ်ဆေး ကြားနာသည်၊ တရားခံကအပြစ်ရှိကြောင်း ဝန်ခံသောကြောင့် ထောင်ဒဏ် (၅) လအပြစ်ပေး၍ဦးဘိုးစော၏စက်မှ ဖြုတ်ယူရောင်းချသည့် သက်သေခံပစ္စည်းများကို ဦးဘိုးစောအားပြန်ပေးစေရန်အမိန့်ချမှတ်သည်။

ယခုလျှောက်ထားသူများက မိမိတို့သည် မောင်သောင်းစိန် ရောင်းချသော စက်ပစ္စည်းများကို သဘောရိုးဖြင့် ဝယ်ယူသောကြောင့် မိမိတို့ကို ပြန်ပေးသင့် ကြောင်းတင်ပြသည်။ မောင်သောင်းစိန်သည် ဦးဘိုးစော၏ ကိုယ်စားလှယ်မဟုတ် ချေ။ ဦးဘိုးစော အထိန်းသိမ်းခံရသော ချိန်တွင် ဇနီးဖြစ်သူ ဒေါ်လှကြည်က လုပ်ငန်းကိုဆက်လက်ဆောင်ရွက်ခဲ့သည်။ မောင်သောင်းစိန်ကိုယ်တိုင်လည်း သား ဖြစ်သူအနေဖြင့် စက်လုပ်ငန်းတွင် ပါပင်ဆောင်ရွက်ခြင်း ရှိမည်ဖြစ်သော်လည်း၊ ဤသို့ကူညီဆောင်ရွက်ခြင်းကြောင့် ဦးဘိုးစော၏ စက်ပစ္စည်းများကို ဖြုတ်ယူ ရောင်းချနိုင်ခွင့်မရှိချေ။ ယခုအမှုတွင် မောင်သောင်းစိန်သည် မိခင်ဖြစ်သူကိုအိမ်တွင်

၁၉၇၅
ဦးငယ်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ဦးဘိုးစော)။

မနေနိုင်အောင် နှိပ်စက်နှင်ချပြီး ဘခင်နှင့် မိခင်မရှိသောအချိန်၌ စက်ပစ္စည်းများကိုရောင်းချခြင်းဖြစ်လေသည်။

လျှောက်ထားသူများက ယင်းပစ္စည်းများကို မိမိတို့သည် ပြေစာဖြတ်ပိုင်းများရေးသားပြီး၊ ရိုးသားစွာ ဝယ်ယူကြောင်း တင်ပြသည်။ ဤကဲ့သို့ သဘောရိုးဖြင့်ဝယ်ယူသည်ဆိုခြင်းကို လက်ခံသော်လည်း ဤသို့သော အဖိုးတန် အသုံးဝင်ပစ္စည်းများကို ဝယ်ယူကြရာ၌ သေချာစွာ စိစစ်စုံစမ်းပြီးမှ ဝယ်ယူသင့်ပေသည်။ လျှောက်ထားသူတို့သည် ယင်းပစ္စည်းများကို သဘောရိုးဖြင့် ဝယ်တန်ရာသည်ဟု တရားရုံးကယူဆ၍သာ လျှောက်ထားသူများအပေါ် ခိုးရာပါပစ္စည်း လက်ခံသူများအဖြစ်အရေးမယူခဲ့ခြင်းဖြစ်သည်။ လျှောက်ထားသူများသည် သဘောရိုးဖြင့် ဝယ်ယူသည်ဆိုစေကာမူ ရောင်းပိုင်ခွင့်မရှိသောသူထံမှ ဝယ်ယူခဲ့သောကြောင့် ပိုင်ဆိုင်ခွင့်ရရှိမည်မဟုတ်ချေ။ ထို့ကြောင့် မူလရုံးနှင့် တိုင်းတရားရုံးက သဘောတူညီစွာ သက်သေခံပစ္စည်းများကို ဦးဘိုးစောထံ ပြန်ပေးရန် ချမှတ်သောအမိန့်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိ၍ လျှောက်ထားသူ (၅) ဦးတို့နှင့် ပတ်သက်သော ပြင်ဆင်မှုများကိုပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်  ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ်  ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟို တရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးငြိမ်းလှိုင် ပါ ၂

နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

†၁၉၇၅
ဇွန်လ ၂ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၁၊ ၄၄၂၊ အိမ်ငှါးသည် အိမ်ခန်းနှင့် အနှစ် ၂၀ ခန့်ကင်းကွာနေသော အခန်း၌ ကြားလူကဝင်ရောက်ပြီး အိမ်ပြင်ဆင်ရန် အကြောင်းပြ၍ ပစ္စည်းများထားခြင်း၊ အိမ်ရှင်ကတားမြစ်ပြီး၊ အိမ်ခန်းကိုသော့ခတ်ခြင်း ပြစ်မှုမြောက်မမြောက်။

ဆုံးဖြတ်ချက်။ ။ကျော်နင်းမှုနှင့် အိမ်ကျော်နင်းမှုတို့ကိုပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၁ နှင့် ၄၄၂ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ ပစ္စည်းလက်ရှိဖြစ်သူကို ခြောက်လှန့်ရန်၊ သို့မဟုတ် စော်ကားရန် သို့မဟုတ် စိတ်ပြိုငြင်ရန်ပြုမူခြင်း၊ လူနေအိမ်တွင် တရားမဲ့ဝင်ရောက်၍ ဆက်လက်နေထိုင်ခြင်း စသည်တို့ဖြစ်သည်။ ယခုအမှုတွင် တရားလိုသည် ပစ္စည်းလက်ရှိဖြစ်သူမဟုတ်သော ကြားလူသာ ဖြစ်သည်။ မူလကငှားရမ်းခဲ့သူမှာလည်း အိမ်ခန်းနှင့်ကင်းကွာလျက်ရှိသည်မှာ နှစ်ပေါင်း ၂၀ ခန့် ရှိပြီဖြစ်သည်။ ထို့ကြောင့် အိမ်ရှင်ဖြစ်သူက မိမိအိမ်ခန်းကိုကြားလူကလာရောက် ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ တားမြစ်ခြင်း၊ အိမ်တံခါးပိတ်ထားခြင်းတို့မှာ ပြစ်မှုမြောက်သော အိမ်ကျော်နင်းမှု ဖြစ်သည်ဟု မယူဆနိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင်များ၊
ဦးဘစိန်နှင့် ဦးဘိုးအောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးတင်အုံး။

ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ အမှတ် ၇၃ ရှိတိုက်ကို လျှောက်ထားသူ ဦးငြိမ်းလှိုင် ပိုင်သည်။ ထိုတိုက် အပေါ်ဆုံးထပ်ရှိ အခန်းကို ဦးလှထွန်းဖြူ ဆိုသူသည် ၁၉၄၇ ခုနှစ်တွင် ငှားရမ်းနေထိုင်၍ ၁၉၅၀ ခုနှစ်အထိ အိမ်လခ ပေးသည်။ ထို့နောက် အိမ်ခန်းကို သော့ပိတ်ပြီး အခြားသို့ပြောင်းရွှေ့သွားသည်။ အိမ်ခန်းတွင် နတ်ရုပ် နှင့်နွားရုပ်များမှလွဲပြီး ပစ္စည်းအားလုံး ယူဆောင်သွားသည်။ ဤသို့ အိမ်ခန်းတွင်

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၅၆ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၁ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ မေလ ၂၉ ရက် နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၅
ဦးငြိမ်းလှိုင် ပါ ၂
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်။

လူနေထိုင်ခြင်းမရှိသောကြောင့် မီးဖို၊ အိမ်သာ၊ ရေချိုးခန်း အစရှိသည်တို့ ပျက်စီးယိုယွင်းရသည်။ ၁၉၇၀ ခုနှစ်တွင် လျှောက်ထားခံရသူ ဦးကျော်မင်းသည် အိမ်ခန်းကိုပြင်ဆင်ရန် အကြောင်းပြ၍ ပစ္စည်းများထားသည်။ ထို့ကြောင့် အိမ်ပိုင်ရှင် ဦးငြိမ်းလှိုင်သည် အဖေ ဦးစိန်မောင် ဆိုသူနှင့်အတူ သွားရောက်တားမြစ်ပြီးလျှင် အိမ်ခန်းကို သော့ခပ်ထားလိုက်သည်။

ဦးကျော်မင်းသည် ဤသို့ တားမြစ်ခြင်းခံရသောကြောင့် အိမ်ရှင်ဦးငြိမ်းလှိုင်နှင့် ဦးစိန်မောင်တို့အပေါ် ပိုင်နက်ကျူးလွန်မှုနှင့် တရားစွဲဆိုသောအခါတွင် မူလရုံးက စွဲချက်မတင်ဘဲ လွှတ်လိုက်သော်လည်း တိုင်းရုံးက စွဲချက်တင်စစ်ဆေးရန် ဆုံးဖြတ်လေသည်။ စွဲချက်တင်စစ်ဆေးခြင်းမှာ တရားခံ့အပေါ်တွင် အပြစ်ပေးခြင်း မဟုတ်ဆိုသော်လည်း စွဲချက်တင်ရန် အချက်အလက်များပြည့်စုံမှသာလျှင် စွဲချက်တင်ရန် လိုအပ်ပေလိမ့်မည်။ အလေးပေး၍ စဉ်းစားသင့်သည်မှာ တရားခံအပေါ်တွင် စွဲချက်တင်ခဲ့လျှင် ယင်းစွဲချက်နှင့် ပတ်သက်၍ တရားခံသည် ဖြေရှင်းခြင်း မပြုနိုင်ပါက သံသယကင်းရှင်းစွာ အပြစ်ပေးနိုင်ရန် အကြောင်းရှိ-မရှိပင် ဖြစ်သည်။

ယခုအမှုတွင်သက်ဆိုင်သော အိမ်ငှားဖြစ်သူမှာ ဦးလှထွန်းဖြူ ဖြစ်၍ အိမ်ငှားက အိမ်ရှင်ကို တရားစွဲဆိုခြင်းမဟုတ်ဘဲ ကြားလူဖြစ်သောဦးကျော်မင်းက တရားစွဲဆိုခြင်း ဖြစ်သည်။ ဦးကျော်မင်းက အိမ်ခန်း ပြင်ရန်အတွက် မိမိကို ဦးလှထွန်းဖြူက အခွင့်ပြုကြောင်းတင်ပြသည်။ သို့ရာတွင် ဦးလှထွန်းဖြူက ဦးကျော်မင်းကို အိမ်သော့ပေးသော်လည်း အိမ်ပြင်ရန် အခွင့် မတောင်းပါဟု၍ ထွက်ဆို သောကြောင့် ဦးကျော်မင်းသည် အိမ်ငှားဦးလှထွန်းဖြူထံမှ အိမ်ပြင်ရန်အခွင့်ရရှိကြောင်း ထင်ရှားပေါ်လွင်ခြင်း မရှိချေ။ မည်သို့ပင်ဆိုစေ ဥမှန်အားဖြင့် ဦးလှထွန်းဖြူ ကိုယ်တိုင်ပင်လျှင် အိမ်ကိုပြင်နိုင်ရန်အတွက်အိမ်ရှင်၏သဘောတူညီချက်မရှိလျှင် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၁ (၁) အရ၊ သက်ဆိုင်သူအာဏာပိုင်ထံမှ အိမ်ခန်း ပြင်ဆင်ခွင့်အမိန့်ကို ကြိုတင်ရယူရမည် ဖြစ်ပေသည်။ ယင်းအမိန့် ရရှိကြောင်း မပေါ်ပေါက်ချေ။

ပြစ်မှုဆိုင်ရာ ဥပဒေနှင့် အကျုံးဝင်သော ကျော်နင်းမှုနှင့် အိမ်ကျော်နင်းမှုတို့ကို ယင်းဥပဒေပုဒ်မ ၄၄၁ နှင့် ၄၄၂ တို့တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်မှာ ပစ္စည်းလက်ရှိဖြစ်သူကိုခြောက်လှန့်ရန်၊ သို့မဟုတ် စော်ကားရန်၊ သို့မဟုတ် စိတ်ငြိုငြင်စေရန် ပြုမှုခြင်း၊ လူနေအိမ်တွင် တရားမဲ့ဝင်ရောက်၍ ဆက်လက်နေထိုင်ခြင်း စသည်တို့ဖြစ်သည်။ ယခုအမှုတွင် တရားလို ဦးကျော်မင်းသည် ပစ္စည်းလက်ရှိဖြစ်သူမဟုတ်သော ကြားလူမျှသာဖြစ်သည်။ ထိုအိမ်ခန်းကို မူလက ငှားရမ်းခဲ့သော ဦးလှထွန်းဖြူမှာလည်း

၁၉၇၅

ဦးငြိမ်းလှိုင် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

အိမ်ခန်းနှင့် ကင်းကွာလျက် ရှိသည်မှာ နှစ်ပေါင်း ၂၀ ခန့်ရှိပြီဖြစ်သည်။ ထို့ကြောင့် အိမ်ရှင်ဖြစ်သူက မိမိအိမ်ခန်းကို ဦးကျော်မင်းလာရောက်ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ တားမြစ်ခြင်း၊ အိမ်တံခါး ပိတ်ထားခြင်းတို့မှာ ပြစ်မှုမြောက်သော အိမ်ကျော်နင်းမှု ဖြစ်သည်ဟု မယူဆနိုင်ချေ။

ဦးကျော်မင်းသည် ယခု အချိန်တွင် မြန်မာနိုင်ငံအတွင်း မရှိတော့ကြောင်း သိရသည်။ သို့ရာတွင် အိမ်ရှင်ဖြစ်သူမှာ အမှုပြီးပြတ်ခြင်း မရှိသေးဘဲ တရားခံ အဖြစ်ဖြေရှင်းနေရဆဲပင်ဖြစ်သည်။ ထို့ကြောင့်ဥပဒေအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ၊ တရားမျှတမှုအရဖြစ်စေ လျှောက်ထားသူများအပေါ် စွဲချက်တင်၍ဖြေရှင်းရန်လိုအပ် မည် မဟုတ်သောကြောင့် လျှောက်လွှာကိုခွင့်ပြု၍ စွဲချက်တင်စစ်ဆေးရန် ညွှန်ကြား သော တိုင်းရုံးအမိန့်ကို ပယ်ဖျက်လိုက်သည်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြင့်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
အောက်တိုဘာ
လ ၉ ရက်။

## ဦးစောသိန်း

နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
## (ဦးစိန်သောင်း) *

**ဝါဏိဇ္ဇဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ဗဟိုတရားရုံးတွင် ပြောဆိုခွင့်ရှိမရှိ၊ ဝါဏိဇ္ဇဗဟိုကော်မတီ၏အမိန့်ကို မလိုက်နာပါက တရားရုံးက အရေးယူနိုင်မနိုင်။**

**ဆုံးဖြတ်ချက်။** ။ဝါဏိဇ္ဇဗဟိုကော်မတီ၏ အဆုံးအဖြတ်သည် နောက်ဆုံးဖြစ်သည်။ ထိုအဆုံးအဖြတ် အမှားအမှန်နှင့်ပတ်သက်၍ လျှောက်ထားသူသည် ဗဟိုတရားရုံး၌ ပြောဆိုခွင့်မရှိ။

**ထပ်မံဆုံးဖြတ်ချက်။** ။အလုပ်သမားခများကို ရှင်းပေးရန် ချမှတ်သည့် ဝါဏိဇ္ဇကော်မတီ၏ အမိန့်ကိုဆန့်ကျင်ဖေါက်ဖျက်သော ပုဂ္ဂလိကပိုင် လုပ်ငန်းအလုပ်ရှင်အား ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေပုဒ်မ ၁၁ (ခ) အရ တရားစွဲဆိုနိုင်သည်။

**လျှောက်ထားသူအတွက်။** ။ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးဘကျော်။

**လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးတင်အုံး။

ကော့မှူးမြို့နယ် ဆေးကုလင်ရာဘာခြံ အလုပ်သမားများက အလုပ်ရှင် ဦးစောသိန်း (လျှောက်ထားသူ) ထံမှ အလုပ်သမားခများ ရလိုကြောင်းဖြင့် ကော့မှူးမြို့နယ် အလုပ်သမားကောင်စီသို့ တိုင်ကြားခဲ့သည်။ ထိုမြို့နယ် အလုပ်သမားကောင်စီက လျှောက်ထားသူအား အလုပ်ရှင်ဖြစ်သည်ဟု သတ်မှတ်ကာ အလုပ်သမားခ စုစုပေါင်းငွေ ၃၄၇၁ ကျပ် ၆၅ ပြားကို ပေးစေရန် ဆုံးဖြတ်ခဲ့သည်။ လျှောက်ထားသူက မကျေနပ်သဖြင့် ဝါဏိဇ္ဇ ဗဟိုကော်မတီအထိ အယူခံဝင်ခဲ့သော်

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာမှုအမှတ် ၅၅။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၅ (ခ) တွင် ချမှတ်သော ၁၉ ခုနှစ်၊ လ ရက်နေ့စွဲပါ ကော့မှူးမြို့နယ်တရားရုံး၏ အမိန့်ကိုပယ်ဖျက်ပေးရန်လျှောက်ထားခြင်း။

၁၉၇၅

ဦးခေသိန်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ဦးစိန်သောင်း)

လည်း မအောင်မြင်ခဲ့ချေ။ ထို့နောက် လျှောက်ထားသူသည် ချမှတ်ခြင်း ခံရသော အလုပ်သမားခများကို မပေးသဖြင့် ကော့မှူးမြို့နယ်တရားရုံး ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၅ (ခ) ၌ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေ ပုဒ်မ ၁၁ (ခ) အရ တရားစွဲဆိုခြင်းခံရသည်။ ထိုအမှုကို ပယ်ဖျက်ပေးပါရန် လျှောက်ထားသူက ဗဟိုတရားရုံးသို့ လျှောက်ထားခြင်း ဖြစ်သည်။

လျှောက်ထားသူက ဝါဏိဇ္ဇကော်မတီ၏ ဆုံးဖြတ်ချက်သည် မမှန်ကန်ပါဟုဆိုသည်။ ဤအချက်နှင့် ပတ်သက်၍ လျှောက်ထားသူသည် ဝါဏိဇ္ဇဗဟိုကော်မတီအထိ အယူခံဝင်ပြီးဖြစ်သည်။ ဝါဏိဇ္ဇဗဟိုကော်မတီ၏ အဆုံးအဖြတ်သည် နောက်ဆုံးဖြစ်သည်။ ထိုအဆုံးအဖြတ် အမှားအမှန်နှင့် ပတ်သက်၍ လျှောက်ထားသူသည် ဗဟိုတရားရုံး၌ ပြောဆိုခွင့်မရှိတော့ချေ။

အလုပ်သမားခများကို ရှင်းပေးရန် ချမှတ်သည့် ဝါဏိဇ္ဇ ကော်မတီ၏ အမိန့်ကို ဆန့်ကျင် ဖောက်ဖျက်သော ပုဂ္ဂလိကပိုင် လုပ်ငန်း အလုပ်ရှင်အား ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၁ (ခ) အရ တရားစွဲဆိုနိုင်သည်။ လျှောက်ထားသူ အပေါ်တွင် ယင်းဥပဒေ ပုဒ်မ အရ စွဲဆိုထားသော အမှုတွင် သိသာထင်ရှားစွာ မှားယွင်းချက်တစုံတရာမတွေ့ရသဖြင့် ဗဟိုတရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁ (က) အရ ပယ်ဖျက်ရန် အကြောင်းမရှိဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။

ဤလျှောက်လွှာကို ပလပ်လိုက်သည်။

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးထွန်းအောင်ကျော်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

စက်တင်ဘာလ ၁၇ ရက်။

## ဒေါ်စိန်အေး

## နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ သက်သေခံပစ္စည်းနှင့် ပတ်သက်၍ ဆုံးဖြတ်ခြင်းသည် ပိုင်ဆိုင်ခွင့်ကိုဆုံးဖြတ်ခြင်းဟုတ် မဟုတ်။

ဆုံးဖြတ်ချက်။ ။သက်သေခံပစ္စည်းနှင့်ပတ်သက်၍ အမှုပြီးဆုံးသောအခါ တရားရုံးကသက်သေခံပစ္စည်းကို မည်သူလက်ဝယ်ထားရှိထိုက်သည်ဟူသော အချက်ကိုအလေးထား၍ ဆုံးဖြတ်ခြင်းသာဖြစ်သည်။ ပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်ခြင်းမဟုတ်၊ ပိုင်ဆိုင်ခွင့်မှာ တရားမမှုနယ်ပယ်အတွင်းကျရောက်သည်ဖြစ်၍ တရားမကြောင်းအရသာ အရေးယူပိုင်ခွင့်ရှိသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မလာ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘရွှေ။ ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးထွန်းဝင်း။

ပြင်ဆင်ပေးရန် သုံးကြည့်အပ်နှံထားသော မော်တော် အင်ဂျင်စက်ကို အလွဲသုံးစားပြုမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ ဒေါ်စိန်အေး (ယခုပြင်ဆင်မှု လျှောက်ထားသူ) က ဦးမြ (ယခုပြင်ဆင်မှု လျှောက်ထားခံရသူ) အပေါ် တရားစွဲဆိုခဲ့သည်။ ရန်ကုန်မြို့၊ အနောက်ပိုင်း နယ်ပိုင် ရာဇဝတ်တရားသူကြီးရုံးက ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၈၅၆/၆၀ ၌ စစ်ဆေးကြားနာပြီးနောက်၊ တရားခံဦးမြအား အပြီးအပြတ်လွှတ်၍ သက်သေခံစက်ကို ဦးမြထံမှ ဝယ်ယူခဲ့သူ ဦးသန်းနှင့် ဦးသိန်းတို့သို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ဒေါ်စိန်အေးက မကျေနပ်သဖြင့် ဦးမြအား အပြီးအပြတ်လွှတ်သည့်အမိန့်ကို ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၇၉/၇၂ အရ အယူခံဝင်ခဲ့သည်။ ဗဟိုတရားရုံးက ထိုအယူခံမှုကို ပလပ်ခဲ့သည်။ သက်သေခံပစ္စည်းနှင့် ပတ်သက်သော အမိန့်ကိုလည်း ပယ်ဖျက်ပေးပါရန် ဒေါ်စိန်အေးက လမ်းမတော်မြို့နယ် ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံး သို့ပြစ်မှု

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၃၅ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အသေးမှုအမှတ် ၃ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် နေ့စွဲပါ လမ်းမတော်မြို့နယ်ရုံး ထိုင်၊ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅
ဒေါ်စိန်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ဆိုင်ရာ အသေအထွေမှု အမှတ် ၃/၇၃ အရ လျှောက်ထားခဲ့သည်။ တိုင်းတရားရုံးက မူလရုံး၏ အမိန့်ကို အတည်ပြု၍ အသေအထွေမှုကို ပလပ်ခဲ့သည်။ ထို့ကြောင့် ဒေါ်စိန်အေးက ဗဟိုတရားရုံးသို့ တဆင့်တက်၍ သက်သေခံပစ္စည်းနှင့် ပတ်သက်သော အမိန့်ကို ပယ်ဖျက်ပေးပါရန် ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

မူလရုံးသည် အမှုဘွင့်ပေါ်ထွက်လာသော သက်သေခံချက်များကို သုံးသပ်ပြီးမှ သက်သေခံပစ္စည်းနှင့် ပတ်သက်၍ အမိန့်ချမှတ်ခဲ့ကြောင်း၊ တိုင်းတရားရုံးကလည်း လုပ်ထုံးလုပ်နည်းသာခကာများနှင့် ညီညွတ်၍ ထိုအမိန့်ကို အတည် ပြုခဲ့ကြောင်း တွေ့ရှိရသည်။

အမှုဘွင့် ရဲက ထိုစက်ကို ဦးသန်းနှင့် ဦးသိန်းတို့ထံမှ သိမ်းယူပြီး တရားရုံး၌ သက်သေခံပစ္စည်းအဖြစ် တင်ပြခဲ့သည်။ အမှုကြီးဆုံးသောအခါ တရားရုံးက ဦးမြအပေါ်၌ ပြစ်မှုထင်ရှားကြောင်း မတွေ့ရှိရသဖြင့် အပြီးအပြတ် လွတ်ပြီးလျှင် သက်သေခံစက်ကို မူလက သိမ်းယူခဲ့သော ဦးသန်းနှင့် ဦးသိန်းတို့ထံသို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုကဲ့သို့ ချမှတ်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ ၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပေသည်။ ထိုပုဒ်မအရ သက်သေခံပစ္စည်းကို မည်သူ့လက်ဝယ် ထားရှိဆိုက်သည်ဟူသော အချက်ကို အလေးထား၍ ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်သည်။ ပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်ခဲ့ခြင်း မဟုတ်သေးပေ။ ပိုင်ဆိုင်ခွင့်မှာ ဘရားမမှုနယ်ပယ်အတွင်း ကျရောက်သည်ဖြစ်၍ တရားမကြောင်းအရ သာ အရေးယူပိုင်ခွင့် ရှိပေသည်။

အောက်ရုံးအမိန့်ကို ပယ်ဖျက်ရန် အကြောင်းမရှိသဖြင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

နိုဝင်ဘာလ ၈ ရက်။

## ဦးစံတင်

နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးချစ်)*

ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ ဥပဒေ ပုဒ်မ ၃၆ (၁) ဝါရမ်းမှုစစ်ဆေးနည်းဖြင့် စစ်ဆေးရမည့်အမှုကို သာမန်မှုစစ်ဆေးနည်းဖြင့် စစ်ဆေးခဲ့လျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ အရ ပြုပြင်၍ရသော ဆောင်ရွက်မှုမျိုးမဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၆ (၁) သည် ထောင်ဒဏ်တနှစ်အထိအပြစ်ဒဏ်ပေးနိုင်သောကြောင့် ဤအမှုကိုဝါရမ်းမှုစစ်ဆေးသော နည်းလမ်းအရ စစ်ဆေးရမည်ဖြစ်ပေသည်။ ဝါရမ်းမှုစစ်ဆေးနည်းဖြင့် စစ်ဆေးရမည့်အမှုကို သာမန်အမှု စစ်ဆေးနည်းဖြင့် စစ်ဆေးခဲ့လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ အရပြုပြင်၍ရသောဆောင်ရွက်မှုမျိုးမဟုတ်ချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင်၊ ဦးဇော်မင်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးဘရွှေ။

လျှောက်ထားသူဦးစံတင်သည် ပေါင်း ဥက္ကလာပ ၁၂ ရက်ကွက်မှ ရပ်ကွက်ပြည်သူ့ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူဖြစ်သည်။ ဤသို့ ရွေးချယ်တင်မြှောက်ခြင်းမခံရမီ ဦးစံတင်နှင့် ဦးချစ်ဆိုသူတို့ နှစ်ယောက်တွင် မည်သူ့အား ကိုယ်စားလှယ်လောင်းအဖြစ် လျှာထားသင့်ကြောင်း ညှိနှိုင်းစည်းဝေးကြသောအခါ ဦးချစ်ကို လျှာထားခြင်း ခံရသည်။ ထို့ကြောင့် ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကိုယ်စားလှယ်လောင်း ဦးချစ်အတွက် မဲရွေးပွဲကျင်းပရာ ကန့်ကွက်မဲများသောကြောင့် ဦးချစ် ရှုံးနိမ့်သွားသည်။ ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ဦးစံတင်အားကိုယ်စားလှယ်လောင်းအဖြစ် ဆန္ဒမဲရယူသောအခါတွင်မူ ဦးစံတင်သည် ရပ်ကွက်ပြည်သူ့ကောင်စီဝင်အဖြစ် အရွေးချယ် ခံရသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၀၆ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၉ တွင် ချမှတ်သော ၁၉၇၄ ခုနှစ် မေလ ၂ ရက်နေ့စွဲပါ ရန်ကုန်တိုင်း (တောင်ဥက္ကလာပရုံးထိုင်) တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

ဦးစံတင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးချစ်)။

ကိုယ်စားလှယ်လောင်း ဦးချစ် ရှုံးနိမ့်ခြင်းနှင့် ပတ်သက်၍ ဦးစံတင်အပေါ် ကိုစိန်သောင်းဆိုသူက တိုင်စာပေးပို့သည်။ ယင်းတိုင်စာ၌ ဦးချစ် ရှုံးနိမ့်ရခြင်းသည် ဦးစံတင်က ဦးချစ်အား မဲမပေးရန်စည်းရုံးခဲ့သောကြောင့် ဖြစ်သည်ဟု ပါရှိသည်။ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌမှာလည်း ရှုံးနိမ့်သူ ဦးချစ်ပင်ဖြစ်သောကြောင့် ကိုစိန်သောင်း၏ တိုင်စာကို ဦးချစ်ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့ကစစ်ဆေးသည်။ ထို့နောက် တိုင်စာတွင် ဖော်ပြပါရှိသော အချက်များ ပြည့်စုံလုံလောက်သည်ဟူ၍ ယူဆကာ တရားစွဲဆိုခြင်းဖြစ်သည်။

ဦးစံတင်အပေါ် စွပ်စွဲသောအမှုကို တောင်ဥက္ကလာပမြို့နယ်တရားရုံးမှ စစ်ဆေးကြားနာပြီး အပြစ်ရှိသည်ဟူ၍ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၆(၁) အရ၊ ဒဏ်ငွေ ၁၅၀ ကျပ် ဆောင်စေရန်နှင့် မဆောင်နိုင်လျှင် ထောင်ဒဏ် တလနှင့် ၁၅ ရက်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်သောကြောင့် ဦးစံတင်က တိုင်းတရားရုံးသို့ ပြင်ဆင်မှု တက်သောအခါတွင် ထောင်ဒဏ် တနှစ်ထိ ပေးနိုင်သောအမှုကို ဝါရမ်းမှု စစ်ဆေးနည်းအားဖြင့် ဆောင်ရွက်သင့်ပါလျက် ထောင်ဒဏ် ခြောက်လအောက် ပေးနိုင်သော သာမန်မှုစစ်ဆေးသော နည်းအားဖြင့် ဆောင်ရွက်ထားကြောင်းတွေ့ရှိရသည်ဟူ၍ အမှုကို အသစ်တဖန် ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် ဦးစံတင်ကဗဟိုတရားရုံးသို့ မြို့နယ်တရားရုံးကအပြစ်ပေးခြင်းနှင့် တိုင်းတရားရုံးက အမှုကို အသစ်တဖန် ပြန်လည်စစ်ဆေးရန် ဆုံးဖြတ်ခြင်းများကို ပယ်ဖျက်၍ အမှုမှ အပြီးအပြတ်လွတ်စေရန်ပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

ဤအမှုတွင် ဦးစံတင် အပြစ်ရှိသည် မရှိသည်ဟူသော အချက်ကို စဉ်းစားခြင်းမပြုမီ၊ အမှုကို အသစ်တဖန် ပြန်လည် စစ်ဆေးရန်အတွက် တိုင်းတရားရုံးမှ ချမှတ်ထားသော အမိန့်ကို စဉ်းစားရန်လိုပေသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ၊ ဦးစံတင်အပေါ်တွင် စွဲဆို အပြစ်ပေးထားသော ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၃၆ (၁) သည် ထောင်ဒဏ် ၁ နှစ် အထိ အပြစ်ဒဏ် ပေးနိုင်သောကြောင့် ဤအမှုကို ဝါရမ်းမှုစစ်ဆေးသော နည်းလမ်းအရ စစ်ရမည် ဖြစ်ပေသည်။ ဝါရမ်းမှု စစ်ဆေးနည်းဖြင့် စစ်ဆေးရမည့် အမှုကို သာမန်မှု စစ်ဆေးနည်းဖြင့် စစ်ဆေးခဲ့လျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ အရ ပြုပြင်၍ရသော ဆောင်ရွက်မှုမျိုး မဟုတ်ချေ။ အမှုကို ပြန်လည်စစ်ဆေးစေခြင်းသည် အမှန်တရားကို ရယူလိုခြင်း၊ ကြီးလေးသော ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည့် အမှုမျိုးတွင် ဟန့်ည်းဆိုသော် ဝါရမ်းမှုများတွင် စွပ်စွဲခြင်းခံရသူအား အခွင့်အလမ်းတရပ်ပေး ခြင်းဟူ၍ပင် မှတ်ယူသင့်ပေသည်။ ထို့ကြောင့် မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ အမှုကို အသစ်တဖန် ပြန်လည်စစ်ဆေးရန် ဆုံးဖြတ်သော တိုင်းတရားရုံး၏အမိန့်ကိုအတည်ပြုသည်။ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်မေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၅
ဧပြီလ ၁၂ ရက်။

### မညွန့်မေ
### နှင့်
### ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ကိုတင်မောင်)*

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ သည်အယူခံရုံးများ၏ ဆောင်ရွက်ပိုင်ခွင့်ဖြစ်သောကြောင့် နောက်ထပ် သက်သေများ ခေါ်ယူစစ်ဆေးရန်သင့်မသင့်ကို ရုံးကသာ ဆုံးဖြတ်နိုင်ခွင့်ရှိခြင်း၊ အမှုသည်များက ဤအခွင့်အရေးကို အခွင့်အရေးတရပ်အနေဖြင့် တောင်းဆိုပိုင်ခွင့်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။သာမန်အားဖြင့် သက်သေများ စစ်ဆေးရန်မှာ မူလတရားရုံး၏လုပ်ဆောင်ရန်တာဝန်ဖြစ်သည်။ အယူခံရုံးသည် နောက်ထပ် သက်သေများကို စစ်ဆေးရန် လိုအပ်သည်ဟု ယူဆလျှင် အဘယ်ကြောင့် လိုအပ်သည်ကို စာအားဖြင့်မှတ်တမ်းပြုလုပ်ပြီး ခေါ်ယူစစ်ဆေးနိုင်ခွင့်ရှိသည်။ သို့ရာတွင် ဤကဲ့သို့ နောက်ထပ် သက်သေများခေါ်ယူစစ်ဆေးရန် သင့်မသင့်ကို ရုံးကသာ ဆုံးဖြတ်နိုင်ခွင့်ရှိ၍၊ အမှုသည်များက အခွင့်အရေးတရပ်အနေဖြင့် တောင်းဆိုပိုင်ခွင့်မရှိချေ။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။အကျိုးဆောင်၊ ဦးဝင်းစိန်။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘရွှေ။
အကျိုးဆောင်၊ ဦးကြည်မောင်။

လျှောက်ထားသူ မညွန့်မေ အပေါ်တွင်၊ သာကေတမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ၊ ထောင်ဒဏ်(၂) နှစ် အပြစ်ပေးသောကြောင့် တိုင်းရုံးသို့ အယူခံဝင်သော အခါတွင် လျှောက်ထားသူက မိုးမိတ်နှင့် လားရှိုးတွင် နေထိုင်ကြသော သက်သေအချို့ကို ခေါ်ယူစစ်ဆေးပါရန် လျှောက်လွှာတင်သောကြောင့် ရုံးကသဘောတူခဲ့သည်။ သို့ရာတွင် သက်သေများရုံးသို့ မလာရောက်နိုင်ကြောင်း သိရသောအခါတွင် ထိုသူများကို စစ်ဆေးရန်မလိုတော့ဟု ဆုံးဖြတ်ပြီးနောက် လျှောက်လဲချက် ကြားနာရန် ရက်ချိန်းသတ်မှတ်ပေးသည်။ ဤအမိန့်ကို မကျေနပ်သောကြောင့် ယခုပြင်ဆင်မှုတင်သွင်းခြင်းဖြစ်လေသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၁၀ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၆ တွင်၊ ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် နေ့စွဲပါ သာကေတ တတိုင်းပြည်သူ့တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

မညွန့်မေ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ကိုတင်မောင်)

သာမန်အားဖြင့် သက်သေများ စစ်ဆေးရန်မှာမူလ တရားရုံး၏ လုပ်ဆောင်ရန် တာဝန်ဖြစ်သည်။ အယူခံရုံးသည် နောက်ထပ် သက်သေများကို စစ်ဆေးရန်လို အပ်သည်ဟုယူဆလျှင် အဘယ်ကြောင့် လိုအပ်သည်ကို စာအားဖြင့် မှတ်တမ်း ပြုလုပ်ပြီး၊ ခေါ်ယူစစ်ဆေးနိုင်ခွင့်ရှိသည်။ သို့ရာတွင် ဤကဲ့သို့ နောက်ထပ်သက် သေများခေါ်ယူစစ်ဆေးရန်သင့် မသင့်ကို ရုံးကသာဆုံးဖြတ်နိုင်ခွင့်ရှိ၍ အမှုသည် များကအခွင့်အရေး တရပ်အနေဖြင့် တောင်းဆိုပိုင်ခွင့်မရှိချေ။

လျှောက်ထားသူက ခေါ်ယူစစ်ဆေးရန် ဆန္ဒရှိသော သက်သေများမှာ ခရီး ဝေးကွာသော မိုးမိတ်နှင့် သာချိုးမှ ရ-လ-က ဥက္ကဋ္ဌ၊ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူးနှင့် တရားရေးဝန်ထမ်းအဆင့် (၄) အစရှိသော ဝန်ထမ်းများဖြစ်၍ မိမိတို့ထမ်းဆောင်ဆဲ တာဝန်ဝတ္တရားများကို ရပ်ဆိုင်းပြီး၊ ရန်ကုန်မြို့သို့ သက်သေအဖြစ် လာရောက်ရန် မှာလွယ်ကူမည်မဟုတ်ပေ။ ဤသို့ခက်ခဲစွာ ခေါ်ယူရမည်ဖြစ်သော သက်သေများကို စစ်ဆေးရန်သင့်မသင့် ဆုံးဖြတ်သောအခါတွင် အမှုတွင် အဓိက အကျုံးဝင်သူများ ဖြစ်မှသာချုံးမှခေါ်ယူပေလိမ့်မည်။ သက်သေစာရင်းတွင် ဖော်ပြပါရှိသူများမှာ ပြည်သူ့ဝန်ထမ်းများအနေဖြင့် တဆင့်တိုင်တန်းချက်ကို သိရှိသူများသာ ဖြစ်ကြောင်း လျှောက်ထားခံရသူကိုတင်မောင်အတွက် လိုက်ပါဆောင်ရွက်သော အကျိုး ဆောင်ကတင်ပြသည်။ ထို့အပြင်တိုင်းအယူခံရုံးသည် ယင်းသက်သေများ၏ သိရှိ ချက်ကိုအသေးစိတ် ဝေဖန်စဉ်းစားပြီးနောက် ခေါ်ယူကြားနာရန်မလိုအပ်ဟုယူဆ သောကြောင့်သာ စွန့်ပယ်ခဲ့ခြင်းဖြစ်ကြောင်းလည်းတင်ပြသည်။

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၂၈ သည် အယူခံရုံးများ၏ ဆောင်ရွက်ပိုင်ခွင့် ဖြစ်သောကြောင့် ယခုကိစ္စတွင်သက်သေများကို စစ်ဆေးရန်မလိုဟု တိုင်းရုံးမှ ဆုံးဖြတ်ခြင်းသည် အချက်အလက်အားလုံးကို ပြေလည်စွာ သုံးသပ်ပြီးမှ ဆုံးဖြတ်ကြောင်း ယုံမှား ဖွယ်မရှိချေ။ ဤသို့အဆုံးအဖြတ် ပေးရန်လည်း တိုင်းရုံး၏ စီရင်ပိုင်ခွင့် အာဏာ အတွင်းအပြည့် ဝရှိနေသည်။ ထို့ကြောင့် ပြင်ဆင်မှုကို ပယ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

ဖေဖော်ဝါရီလ
၂၂ ရက်။

## ဦးတင်မောင်ဟန်

နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

**အထူးရာဇဝတ်ရုံး ဥပဒေသည် သီးခြားဥပဒေတရပ်ဖြစ်၍ တရားခံ၏ မျက်ကွယ်တွင် အမှုကြားနာစစ်ဆေးခြင်း၊ အပြစ်ဒဏ်ချမှတ်ခြင်းပြုလုပ်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးတင်မောင်ဟန်သည် ရဲဌာနတို့ စတင်တိုင်တမ်းသော အဆင့်မှာဖြစ်စေ၊ ရုံးရှေ့သို့ရောက်ရှိကြားနာသောအဆင့်မှာဖြစ်စေ ချေပနိုင်ခွင့်မရှိခဲ့ကြောင်း တွေ့မြင်ရသည်။ သို့ရာတွင် ယင်းတို့အခွင့်အရေးဆုံးရှုံးခြင်းမှာ ဘယ်သူမပြုမိမိမှုဆိုသလို ငွေများလျော့နည်းကွာခြားသည်ဟု အထက်အရာရှိများက မေးမြန်းစုံစမ်းသောအချိန်တွင် ပြဿနာကိုရင်ဆိုင်ဖြေရှင်းမည့်အစား ထွက်ပြေး တိမ်းရှောင် သွားသောကြောင့်သာ ဖြစ်ပေသည်။ သာမန်အားဖြင့်ဆိုလျှင်၊ ဦးတင်မောင်ဟန်၏ မျက်ကွယ်တွင်အမှုကြားနာစစ်ဆေးခြင်း၊ အပြစ်ဒဏ်ချမှတ်ခြင်း မပြုနိုင်ပေ။ ပြန်လည်ဖမ်းဆီးရမိသောအခါမှာသာလျှင် တရားခံ၏ မျက်မှောက်တွင် အမှုစစ်ဆေးကြားနာရမည်ဖြစ်ပေသည်။ သို့ရာတွင် အထူးရာဇဝတ်ရုံးဥပဒေသည် သီးခြားဥပဒေတရပ်ဖြစ်၍ တရားခံ၏ မျက်ကွယ်မှာ အမှုကြားနာစစ်ဆေးစီရင်ပိုင်ခွင့်ရှိကြောင်း အတိအလင်းခွင့်ပြုထားသည်။

**အယူခံတရားလိုအတွက်။** ။အကျိုးဆောင်၊ ဦးကိုယု။

**အယူခံတရားခံအတွက်။** ။ဥပဒေပန်ထမ်းအဆင့် (၁)၊ ဦးလှသောင်း။

ပုသိမ်မြို့၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ်(၁) အငယ်တန်း ဇုံမန်နေဂျာဖြစ်သော အယူခံတရားလို ဦးတင်မောင်ဟန် သည် လုပ်ငန်းဆောင်ရွက်ရန် ကြိုတင်ထုတ်ပေးသော ငွေများအနက် ငွေပေါင်း ၁၂၇၃၃၆ ကျပ် ၄၄ ပြားကို စာရင်းရှင်းခြင်းမပြုဘဲ၊ တိမ်းရှောင်သွားသည်ဟူ၍ ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ၊ တရားခံ၏ မျက်ကွယ်

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၀၂။

† ၁၉၆၉ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၃ တွင် ၁၉၇၀ ခုနှစ်၊ မေလ ၁၄ ရက်နေ့စွဲပါ ပုသိမ်မြို့၊ အထူးရာဇဝတ်ရုံး ၁၉၀/၆၈။

တွင် အမှုကြားနာစစ်ဆေးပြီး၊ ပြစ်မှုထင်ရှားသည်ဟူ၍ ထောင်ဒဏ် (၁၅) နှစ် အပြစ်ဒဏ်ချမှတ်သောအမှုဖြစ်သည်။

၁၉၇၅

ဦးတင်မောင်ဟန် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

အထူးရာဇဝတ်ရုံးမှ တရားခံအပေါ် ထောင်ဒဏ် (၁၅)နှစ်အပြစ်ဒဏ်ပေးခြင်းကို အတည်ပြုအဖွဲ့ကအတည်ပြုပြီးလျှင် တရားခံသည် အပြစ်ဒဏ်ကို ပြန်လည်ဖမ်းဆီးရမိသည့်နေ့မှစ၍ ကျခံစေရန် အမိန့်ချမှတ်သည်။ ထိုနောက် ၁၉၇၄ ခု၊ မေလ ၂၀ ရက်နေ့စွဲဖြင့်၊ ပုသိမ်မြို့ အနောက်ပိုင်း မြို့နယ်တရားသူကြီးအဖွဲ့မှ အတည်ပြုအမိန့်ကိုဖတ်ကြားပြီးလျှင် အပြစ်ဒဏ်ကို တရားခံအား ပြန်လည်ဖမ်းဆီးရမိသည့် ၁၉၇၄ ခု၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှစ၍ ကျခံစေရန် ကျေညာလေသည်။

ဦးတင်မောင်ဟန်၏ အကျိုးဆောင်က လျှောက်လဲတင်ပြသည်မှာ၊ ဦးတင်မောင်ဟန်သည်နိုင်ငံရေးအရ၊ ၁၉၆၆ ခုနှစ်တွင် တောခိုခဲ့ပြီး ၁၉၇၄ ခု၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် လက်နက်ချအလင်းဝင်ပါသည်။ ဤသို့တောခိုပြီး ဦးတင်မောင်ဟန် မရှိသောအချိန်တွင် စာရင်းများစစ်ဆေးပြီးနောက် အစစအရာရာ ဦးတင်မောင်ဟန် အပေါ်တွင် တာဝန်ပုံချထားသော အမှုဖြစ်သည့်အပြင်၊ စာရင်းစစ်ဆေးထားခြင်းမှာလည်းတိကျမှန်ကန်မှုမရှိကြောင်းဖြစ်လေသည်။

ဦးတင်မောင်ဟန်သည် နိုင်ငံရေးအရ တောခိုသွားပြီးနောက်မှ စာရင်းများထိုစစ်ဆေးပါသည်။ ဤသို့စာရင်းများ စစ်ဆေးခြင်းနှင့် ပတ်သက်၍လည်း ဦးတင်မောင်ဟန် လုံးဝမသိပါ ဟူသော တင်ပြချက်ကို အရေးတကြီး စဉ်းစားသင့်ပေသည်။ အကယ်၍သာ ထိုအတိုင်းဟုတ်မှန်ခဲ့လျှင် ဦးတင်မောင်ဟန်၏ မျက်ကွယ်တွင်စစ်ဆေးကြားနာပြီးအပြစ်ဒဏ်ချမှတ်ထားခြင်းမှာ တရားဥပဒေနှင့် လျော်ညီခြင်းရှိ မရှိပြန်လည်သုံးသပ် ရမည်ဖြစ်သည်။

အထူးရာဇဝတ်ရုံး ဥပဒေအရ၊ အထူးရာဇဝတ်ရုံးသည် တရားခံ၏ မျက်ကွယ်တွင် အမှုကိုစစ်ဆေးကြားနာ စီရင်ပိုင်ခွင့်ရှိသည်။ သို့ရာတွင် အခြား ကိစ္စတရပ်နှင့် ထွက်ပြေးတိမ်းရှောင်နေသူ တဦးအပေါ်တွင် အပြစ်ပုံချသည့် သဘောမျိုးကို လုပ်ဆောင်ရန်မဟုတ်ချေ။ ထို့ကြောင့် ဦးတင်မောင်ဟန် နိုင်ငံရေးနှင့် တောခိုသွားပြီးသည့်နောက်ပိုင်းတွင် စာရင်းများ စစ်ဆေးသည် ဆိုခြင်းကို မှန်မမှန်ဆန်းစစ်ရန်လိုအပ်မည်ဖြစ်ပေသည်။

ဇုံမန်နေဂျာ ဦးလှအောင် (လိုပြ ၁) က မိမိသည် ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ဇုံမန်နေဂျာ၏ တာဝန်ဝတ္တရားများကို ဦးတောဆိုသူထံမှ လွှဲပြောင်းလက်ခံပါသည်။ ထိုသို့လက်ခံပြီးနောက် ဦးတင်မောင်ဟန်နှင့် ဦးတင်မောင်ဆိုသူတို့ ထုတ်ယူထားသော ငွေများနှင့်ပတ်သက်၍ ငွေစာရင်းရှင်းကြရန်နှင့် ၎င်းတို့လက်ဝယ်

၁၉၇၅

ဦးတင်မောင်ဟန်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

တွင် ငွေသားလက်ကျန်ရှိနေပါက ပြန်သွင်းရန် ညွှန်ကြားပါသည်။ ထိုသို့စေခိုင်းနေစဉ်အတောအတွင်း ဦးတင်မောင်ဟန်သည် စာရင်းစာအုပ်များနှင့် ငွေများကို ယူဆောင်ပြီး တိမ်းရှောင်သွားကြောင်း တွေ့ရှိရပါသည်ဟူ၍ ထွက်ဆိုသည်။ ရဲဌာနပထမတိုင်တန်းချက်တွင်လည်း လက်ကျန်ငွေများနှင့် စာရင်းရှင်းလင်းရန် ဦးတင်မောင်ဟန်အား အကြောင်းကြားသောအခါ ဦးတင်မောင်ဟန်သည် ငွေစာရင်းများ၊ ငွေများကိုရှင်းလင်း ပေးအပ်ခြင်းမပြုဘဲ တိမ်းရှောင်နေကြောင်း သိရပါသည်ဟူ၍ ဖေါ်ပြထားသည်။ ထို့ကြောင့် ဦးလှအောင်၏ ထွက်ချက်နှင့် ရဲဌာနဟွင် ပထမတိုင်တန်းချက်တို့မှာ အပြန်အလှန် အထောက်အကူပြုလျက် ရှိကြောင်း တွေ့မြင်နိုင်ပေသည်။

ဦးတင်မောင်ဟန်၏ အကျိုးဆောင်က ဇုံမန်နေဂျာ ဦးလှအောင် (လိုပြ ၁) ၏ ထွက်ချက်နှင့် ရဲတိုင်ဘန်းချက်များကို မယုံကြည်သင့်ပါ၊ အဘယ်ကြောင့်ဆိုသော်၊ ဦးလှအောင်သည် အကြီးအကဲ အရာရှိဖြစ်သောကြောင့် မိမိအပေါ်တွင်တာဝန်မကျေစေရန် ဦးတင်မောင်ဟန်အား မတရားစွပ်စွဲသည့်သဘောဖြစ်နိုင်ကြောင်း ချေပပြောဆိုသည်။ သို့ရာတွင် ဇုံမန်နေဂျာ ဦးလှအောင်သည် တာဝန်လွှဲပြောင်းယူသောအချိန်တွင် အလုပ်နှင့် ပတ်သက်၍ စစ်ဆေး ကြည့်ရှုသော ကိစ္စဖြစ်သောကြောင့် ငွေများ လျော့နည်း ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ ဦးလှအောင်တွင် တာဝန်ရှိနိုင်မည် မဟုတ်ပေ။ ဤအမှုမှာ အထူးစုံစမ်း စစ်ဆေးရေးဌာနမှ အရေးတကြီး စုံစမ်းစစ်ဆေးခဲ့သော အမှုဖြစ်၍ အမှုမဖြစ်ပွားမီက ဦးတင်မောင်ဟန် တောခိုခြင်း မှန်ခဲ့လျှင် စုံစမ်းသိရှိမည်သာဖြစ်လေသည်။ ဤသို့စာရင်းများစစ်ဆေးသောအခါမှ ဦးတင်မောင်ဟန် ထွက်ပြေးတိမ်းရှောင်သွားကြောင်းကို အင်္ဂပက်တော်ကြီး ဦးမောင်အုံး (လိုပြ ၁၄) နှင့်အထူးစုံစမ်းစစ်ဆေးရေးဌာန ဒု-ညွှန်ကြားရေးဝန် ဦးစိုးသင် (လိုပြ ၂၀) တို့ကလည်း ထောက်ခံထွက်ဆိုသည် ဖြစ်သောကြောင့် အယူခံတရားလို တင်ပြသည့်အတိုင်း မိမိနိုင်ငံရေးနှင့် တောခိုသွားပြီးသော နောက်ပိုင်းတွင်မှ အမှုစစ်ဆေးသည့်သဘောမျိုးမဟုတ်ဘဲ အမှုပေါ် ပေါက်ပြီးမှသာ ယင်းအမှုနှင့် ပတ်သက်၍ တောခိုခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

အယူခံတရားလိုကငွေစာရင်းများစစ်ဆေးသောအခါတွင်မှတ်ယွင်းချက်ရှိကြောင်းများကိုလည်းတင်ပြသည်။ယင်းတင်ပြချက်များမှာ ငွေ ၁၉၇၉ ကျပ်၄၉ ပြားကို ဦးတင်မောင်ဟန် ပြန်လည်ရရှိကြောင်း လက်မှတ်ရေးထိုးထားသည့် စာအုပ်ကို ဦးတင်မောင်ဟန်ကပင် ယူသွားသည်ဆိုခြင်းမှာ အဓိပ္ပါယ်ကင်းမဲ့ခြင်း၊ ငွေရပြေစာတွင် ၈၀ ပြားပို၍ပြထားခြင်း၊ နောက်ဆုံးပိတ် အသုံးစာရင်းတွင် ၈၃ ကျပ် ၇၃ ပြား ပို၍ပြထားခြင်းအမှန်ခိုနိမ်ရန်ငွေ ၄၂၇၄ ကျပ် ၃၀ ပြားအတွက် ၅၁၇၀ ကျပ် ၂၅ ပြားဟူ၍ မှားယွင်း၊

၁၉၇၅

ဦးတင်မောင်ဟန်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

ပြထားခြင်း၊ စာရင်းစစ်အစီရင်ခံစာတွင် ငွေ ၃၀၀ ကျပ်ဟု၍ပြထားခြင်း အစရှိသည်တို့ဖြစ်လေသည်။ သို့ရာတွင်ယင်းတင်ပြချက်များမှာ၊ဦးတင်မောင်ဟန်က စစ်ဆေးလျက်ရှိသောတရားရုံးရှေ့တွင် ပြန်လှန် မေးခွန်းအားဖြင့်ရင်း၊ အခြားနည်း တစုံတရာအားဖြင့် ရင်းဥပဒေအရ ချေပခဲ့ခြင်းမဟုတ်ချေ။ အယူခံဝင်သောအခါမှ တင်ပြခြင်းများဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ၊ ဦးတင်မောင်ဟန် ထောက်ပြသော ကိန်းဂဏန်းအားလုံးတို့ မှန်သည် ဆိုစေကာမူ လျော့နည်းကွာခြားသော ငွေ စုစုပေါင်းမှာ ကျပ်တသိန်းကျော်ဖြစ်သောကြောင့်၊ ထိုငွေများအားလုံးအတွက် ပြေလည်မှုရရှိပြီဟူ၍ ကားမဆိုနိုင်ချေ။

ဦးတင်မောင်ဟန်သည် ရဲဌာနသို့ စတင်တိုင်တန်းသော အဆင့်မှာဖြစ်စေ၊ ရုံးရှေ့သို့ရောက်ရှိကြားနာသော အဆင့်မှာဖြစ်စေ၊ ချေပနိုင်ခွင့် မရှိခဲ့ကြောင်း တွေ့မြင်ရသည်။ သို့ရာတွင် ယင်းသို့ အခွင့်အရေးဆုံးရှုံးရခြင်းမှာ ဘယ်သူမပြု မိမိမှု ဆိုသလို ငွေများလျော့နည်း ကွာခြားသည်ဟု အထက်အရာရှိများက မေးမြန်းစုံစမ်းသော အချိန်တွင် ပြဿနာကို ရင်ဆိုင်ဖြေရှင်းမည့်အစား ထွက်ပြေးတိမ်းရှောင်သွားသောကြောင့်သာ ဖြစ်ပေသည်။ သာမန်အားဖြင့်ဆိုလျှင် ဦးတင်မောင်ဟန်၏ မျက်ကွယ်တွင် အမှုကြားနာစစ်ဆေးခြင်း၊ အပြစ်ဒဏ်ချမှတ်ခြင်း မပြုလုပ်နိုင်ပေ၊ ပြန်လည်ဖမ်းဆီးရမိသောအခါမှသာလျှင် တရားခံ၏ မျက်မှောက်တွင် အမှုစစ်ဆေးကြားနာရမည် ဖြစ်ပေသည်။ သို့ရာတွင် အထူးရာဇဝတ်ရုံး ဥပဒေသည် သီးခြားဥပဒေတရပ်ဖြစ်၍ တရားခံ၏ မျက်ကွယ်မှာ အမှုကြားနာစစ်ဆေးစီရင်ပိုင်ခွင့်ရှိကြောင်း အတိအလင်း ခွင့်ပြုထားသည်။

ထို့ကြောင့် ပြစ်မှုကျူးလွန်ခြင်းအတွက် အယူခံကို ပယ်ရမည်ဖြစ်ပေသည်။ သို့ရာတွင် အယူခံတရားလိုသည် ငယ်ရွယ်သူတဦးဖြစ်၍ တောခိုရာမှ အလိုအလျောက် လက်နက်ချ အလင်းဝင်ရောက်ခြင်းကို ထောက်ထားပြီး အပြစ်ဒဏ်နှင့် ပတ်သက်၍ ထောင်ဒဏ် ၁၅ နှစ် (တဆယ့်ငါးနှစ်) အစား ထောင်ဒဏ် ၁၀ နှစ် (တဆယ်နှစ်) သို့ လျော့ပေါ့ သတ်မှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးခိုးလှိုင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၅

မေလ
၅ ရက်။

မဝင်းအို

နှင့်

ဦးဝိမလ*

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄ဂဂ (၁)၊ လူမှုရေးကိစ္စ၌ သံဃာများက အမှားအမှန် ဆုံးဖြတ်ပိုင်ခွင့်ရှိ မရှိ၊ တရားရုံးများ အပေါ်တွင် အကျိုးသက်ဝင်နိုင် မနိုင်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ အပြစ်မမြောက်ကြောင်း တရားရုံးမှ ဆုံးဖြတ်ထားခြင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄ဂဂ(၁) အရ ကလေးစရိတ်ပေးရန် အမိန့်ချနိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။ကိစ္စမှာ လူမှုရေးနှင့် ပတ်သက်နေသည်ဖြစ်၍ အမှားအမှန်ကို ရဟန်းသံဃာများက ဆုံးဖြတ်ပိုင်ခွင့်မရှိချေ။ သံဃာတော်များ အဖွဲ့က အပြစ်မရှိဟုဆိုခြင်းသည် တရားရုံးကဲ့သို့ နှစ်ဘက်သက်သေများကို ရေးမှတ်စစ်ဆေးခြင်း ပြန်လှန်မေးခွန်းများ ပြုခြင်း အစရှိသည်တို့ကို ဆောင်ရွက်ခဲ့သည် မဟုတ်သောကြောင့် တရားရုံးများ အပေါ်တွင် မည်သို့မျှ အကျိုးသက်ဝင်နိုင်မည်မဟုတ်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ ဆက်ဆံပေါင်းသင်းကြခြင်းသည် လူဘွက်၍ လက်ထပ်ပါမည်ဟူသောကတိမရှိဘဲ သဘောတူ ချစ်ကြိုက်ပျော်ပါးသည့်အခြေအနေမျိုးဖြစ်ခဲ့လျှင် ပုဒ်မ ၄၁၇ အရပြစ်မှု မြောက်သည်မဟုတ်ချေ။ ယင်းပုဒ်မအရ ပြစ်မှုမမြောက်သော်လည်း နှစ်ဦး စပ်ယှက်၍ရရှိသော ကလေးသည် လျှောက်ထားခံရသူ၏ ကလေးပင်ဖြစ်နိုင်သည်။ လိမ်လည်မှုတွင်အပြစ်မရသောကြောင့် လျှောက်ထားခံရသူသည် ကလေးအဖေ မဟုတ်ဟု ဟထစ်ချပြော၍မဖြစ်ချေ။ လျှောက်ထားခံရသူသည် လျှောက်ထား သူအား ကျင့်ထုံးဥပဒေပုဒ်မ ၄ဂဂ(၁)အရ ကလေးစရိတ်ပေးစေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင်၊ ဦးတင်မောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အကျိုးဆောင်၊ ဦးကံမြိုင်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၇(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁ဂ တွင် ချမှတ်သော ၁၉၇၄ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့စွဲပါမြစ်သားမြို့ရှုံးထိုင်၊ မန္တလေးတိုင်းတရားရုံး။

၁၉၇၅
မတင်အိ နှင့် ဦးဝိမလ။

လျှောက်ထား ခံရသူ ဘုန်းတော်ကြီး ဦးဝိမလ အပေါ်တွင် ဖြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ (၁) အရ၊ ကလေးစရိတ် လျှောက်ထားခြင်းဖြစ်သည်။ စွဲဆိုသည့်ဖက်မှ တင်ပြသည်မှာ မတင်အိသည် ဘုန်းတော်ကြီး ဦးဝိမလ နှင့် ချစ်ကြိုက်ပြီး၊ နေ့တိုင်းလိုလိုပင် ဘုန်းကြီးကျောင်း ပေါ်၌ရင်း၊ ကျောင်းအောက်၌ရင်း ကျူးလွန်ကြသည်။ ဘုန်းတော်ကြီးက မတင်အိ ကို လူထွက်၍ အတည်ယူမည် ဖြစ်ကြောင်း ကတိ ပေးသည်။ မတင်အိ တွင် ကိုယ်ဝန်ရှိလာသော အခါမှာ ဘုန်းတော်ကြီးက ပဋိသန္ဓေတားဆေး ဝယ်ပေးသည်၊ မတင်အိနှင့် ဦးဝိမလတို့သည် ဦးသောင်းဆိုသူ၏ နေအိမ်တွင်လည်း ညတိုင်းလိုလို ပေါင်းသင်းကြသည်၊ အချင်းဖြစ်ပွားသောညက မတင်အိနှင့် ဦးဝိမလတို့သည် ဦးသောင်း၏ နေအိမ်တွင် ဆက်ဆံပေါင်းသင်း နေကြစဉ် လူအများက ဝိုင်းပမ်းသောကြောင့် ဘုန်းတော်ကြီးက ကျောင်းသို့ ပြန်ပြေးသည်။ ထို့နောက် မတင်အိနှင့်တကွ မိဘဆွေမျိုးများသည် ဘုန်းကြီးကျောင်းသို့ လိုက်သွားပြီး၊ ဦးဝိမလကိုမေးမြန်းသောအခါမှာ ငွေလျှော်မည် ပြော၍ ၆၀ဝိ ပေးလိုက်သည်။ မတင်အိသည် ဘုန်းတော်ကြီးနှင့် ရရှိသော ပဋိသန္ဓေမှ သမီးကလေး မွေးဖွါးသည်။ ထို့ကြောင့် ကလေးစရိတ် တလလျှင် ၁၀ဝိ တောင်းခံခြင်း ဖြစ်လေသည်။

ဘုန်းတော်ကြီး ဦးဝိမလက စွဲဆိုချက် အားလုံးကို ငြင်းကွယ်သည်။ ငွေ ၆၀ဝိ ပေးလိုက်ရသည် ဆိုခြင်းနှင့် ပတ်သက်၍မူ၊ အချင်းဖြစ်ပွားစဉ်က မတင်အိနှင့်တကွ ဆွေမျိုးများ လိုက်လာပြီး၊ ဦးသောင်း၏ နေအိမ်တွင် မတင်အိနှင့် ဆက်ဆံနေရာမှ ထွက်ပြေးသူမှာ မိမိဖြစ်ကြောင်း စွပ်စွဲသည်၊ မဟုတ်ကြောင်း ငြင်းကွယ်သော်လည်း သတ်မည်ဖြတ်မည် ကြိမ်းမောင်းကြသောကြောင့် ကြောက်ရွံ့၍ငွေ ၆၀ဝိ ပေးလိုက်ရပါသည်ဟုဖြစ်သည်။ ထို့နောက် မကြာမီ ဤကိစ္စမှန်မမှန် သံဃာတော်များက ခုံဖွဲ့၍ စုံစမ်းစစ်ဆေးပြီး ဦးဝိမလအပေါ်တွင်အပြစ်မရှိကြောင်း ဆုံးဖြတ်ကြသည်၊ လာရောက်နားထောင်သော လူအများအား ကန့်ကွက်ရန်ရှိ မရှိ သံဃာတော်များက မေးမြန်းသောအခါတွင် မည်သူကမျှမကန့်ကွက်သောကြောင့် သာခု ၃ ကြိမ်ခေါ်၍ စုံစမ်းစစ်ဆေးခြင်းကို ရုပ်သိမ်းလိုက်သည်ဟူ၍ဖြစ်သည်။

ဦးဝိမလနှင့် မတင်အိတို့ ပေါင်းသင်း ဆက်ဆံကြကြောင်းကို မျက်မြင်သက်သေများရှိသည်။ နောက်ဆုံးအကြိမ် ဘမ်းမိသော အခါမှာ လူများဝိုင်းလိုက် သွားကြပြီးလျှင် ဦးဝိမလကို ချက်ခြင်း စွပ်စွဲကြသည်။ ထိုအချိန်တွင် ဦးဝိမလက ငွေ ၆၀ဝိ ပေးလိုက်ကြောင်း အငြင်းမထွက်ပေ၊ ငွေ ၆၀ဝိ ကိုကြောက်ရွံ့၍ ပေးလိုက်ရပါသည် ဆိုသော်လည်း၊ သဘာဝအားဖြင့် သာသနာ့ဘောင်ဝင် ဘုန်းတော်ကြီး တဦးသည် မိန်းကလေးတဦးနှင့် လူအများကဝိုင်း၍ စွပ်စွဲကြသော အချိန်တွင် ကြောက်ရွံ့သဖြင့်

၁၉၇၅ မတင်အိ နှင့် ဦးဝိမလ။

ငွေပေးလိုက်ရသည် ဆိုခြင်းမှာ ယုတ္တိမရှိပေ၊ ထိုငွေပေးခြင်းသည် အပြစ်ရှိကြောင်း ဝန်ခံ၍ လျော်ကြေးပေးသည့်သဘောသာ ဖြစ်နေသည်။ မတင်အိသည် ဘုန်းတော်ကြီး အပေါ်တွင် မဟုတ်မတရား စွပ်စွဲရန် အကြောင်းမရှိပေ၊ မိန်းကလေးတဦး အနေဖြင့် ဘုန်းတော်ကြီးအား လိမ်လည်စွပ်စွဲ ဝန့်မည်လည်း မဟုတ်ချေ၊ မျက်မြင်တွေ့ရှိ ကြပါသည်ဟု အစစ်ခံသော သက်သေများကလည်း ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဘုန်းတော်ကြီး အပေါ်တွင် မဟုတ်မတရားလိမ်လည် စွပ်စွဲကြလိမ့်မည် မဟုတ်ချေ။ ဦးဝိမလဘက်မှ တင်ပြသည်မှာ အချင်း ဖြစ်ပွားပြီးနောက် သံဃာတော်များ ခုံဖွဲ့၍ စစ်ဆေးပါသည်၊ မိမိအပေါ်တွင် အပြစ်မရှိဟု ဆုံးဖြတ်ကြပါသည်ဟူ၍ ဖြစ်လေသည်။ သို့ရာတွင် ယခုကိစ္စမှာ လူမှုရေးနှင့် ပတ်သက်နေသည်ဖြစ်၍ အမှားအမှန်ကို ရဟန်း သံဃာများက ဆုံးဖြတ်နိုင်ခွင့် မရှိချေ။ သံဃာတော်များအဖွဲ့က အပြစ်မရှိဟု ဆိုခြင်း သည် တရားရုံးများကဲ့သို့ နှစ်ဘက် သက်သေများကို ရေးမှတ် စစ်ဆေးခြင်း၊ ပြန်လှန် မေးခွန်းများ ပြုစေခြင်း အစရှိသည်တို့ကို ဆောင်ရွက်ခဲ့သည် မဟုတ်သောကြောင့် တရားရုံးများ အပေါ်တွင် မည်သို့မျှ အကျိုးသက်ဝင် နိုင်မည်မဟုတ်ပေ။

မတင်အိသည် ဦးဝိမလ အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ၊ လိမ်လည်၍ ကာမရယူကြောင်းလည်း စွဲဆိုသည်။ ထိုအမှုကို ပလပ်ခြင်း ခံရသည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာပုဒ်မ ၄၁၇ အရ၊ ပြစ်မှုမမြောက်ဟူ၍ ပလပ်ခြင်း ခံရပြီးနောက်၊ ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၄၈၈ (၁) အရ၊ ကလေးစရိတ်ပေးရန် သင့်မသင့်။ အကယ်၍ပေး ရန်ခွင့်ပြုခဲ့လျှင် ပုဒ်မ ၄၁၇ အရ၊ ချမှတ်ထားသော အမိန့်နှင့် ဆန့်ကျင်ခြင်းရှိ မရှိ စဉ်းစားရန်လိုပေလိမ့်မည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ သည် လိမ်လည်မှုဖြစ်၍ ဦးဝိမလသည် လူထွက်၍ လက်ထပ်ပါမည်ဟု မတင်အိကို လိမ်လည်လှည့်ဖြား၍ ကတိ ပေးခဲ့ခြင်းရှိ မရှိဟူသော အချက်မှာ အရေးကြီးသည်။ ဤအချက်ကို မတင်အိမှလွဲ၍ ထောက်ခံနိုင်သော သက်သေမရှိချေ။ ဘုန်းကြီးအဝတ်နှင့် ရှိနေသူက လက်ထပ် ယူပါမည်ဟု ကတိပြုလျှင်လည်း သဘာဝအားဖြင့် လူထွက်ရမည်သာဖြစ်သည်။ ယခု ကဲ့သို့ ဘုန်းကြီးဝတ်နှင့် ဆက်လက်ကျူးလွန်ခြင်းကို မိန်းကလေးသည် ခွင့်ပြုမည်မဟုတ် ချေ။ မတင်အိနှင့် ဦးဝိမလတို့ ဆက်ဆံပေါင်းသင်း ကြခြင်းသည် လူထွက်၍ လက်ထပ် ပါမည်ဟူသော ကတိမရှိပဲ သဘောတူ ချစ်ကြိုက်ပျော်ပါးသည့် အခြေအနေမျိုး ဖြစ်ခဲ့လျှင် ပုဒ်မ ၄၁၇ အရ ပြစ်မှုမြောက်သည် မဟုတ်ချေ။ ယင်းပုဒ်မအရ ပြစ်မှု မမြောက်သော်လည်း နှစ်ဦးစပ်ယှက်၍ ရရှိသောကလေးသည် ဦးဝိမလ၏ ကလေးပင် ဖြစ်နိုင်သည်။ လိမ်လည်မှုတွင် အပြစ်မရသောကြောင့် ဦးဝိမလသည် ကလေးအဖေ မဟုတ်ဟု တထစ်ချပြော၍ မဖြစ်ချေ။ သာမန်အားဖြင့် မူလရုံးနှင့် ပထမအယူခံရုံးတို့မှ သဘောတူ ဆုံးဖြတ်ထားသော ကိစ္စရပ်များတွင် ဗဟိုတရားရုံး အနေဖြင့် ဝင်ရောက်

၁၉၇၅

မတင်အိ နှင့် ဦးဝိမလ။

စွက်ဖက်လေ့ မရှိချေ။ သို့ရာတွင် ယခုကိစ္စမှာ တရွာလုံးနှင့်တယောက် ဆိုသလို ရွာရှိလူအများတို့က ဦးဝိမလအပေါ် စွပ်စွဲလျက်ရှိပြီး၊ ယင်းစွပ်စွဲချက်များလည်း ယုတ္တိမတန်ဟု မဆိုနိုင်သောကြောင့် အောက်ရုံးများ၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ရမည် ဖြစ်ပေသည်။ မူလအမှုကို စတင်စွဲဆိုသည်မှာ ၁၉၇၂ ခုနှစ်၊ မေလ ၂ ရက်နေ့မှာ ဖြစ်သောကြောင့် ကလေးစရိတ်ကို ထိုနေ့မှစတင်၍ ပေးသင့်သည်။ သို့ရာတွင်တောင်း ဆိုသောကျပ် ၁၀၀ိ မှာလည်း များလွန်းသည်ဟု ယူဆသောကြောင့် ဦးဝိမလသည် မတင်အိအား ၁၉၇၂ ခုနှစ်၊ မေလ ၁ ရက်နေ့မှအစပြု၍ လစဉ်ကလေးစရိတ် ၅၀ိ ကို ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ (၁)အရ ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြ တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
စက်တင်ဘာလ
၂၅ ရက်။

ဦးယီ ပါ (၂)
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ဦးအောင်ရှိန်) *

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀၊ လောင်းကစားကြေး ငွေများသိမ်းဆည်းထားသူက အလွဲသုံးစား ပြုလျှင် လောင်းကစားခြင်းမှ စတင်ပေါ်ပေါက်ခြင်း ဖြစ်၍ တရားစွဲခွင့်ရှိ ပါ။

ဆုံးဖြတ်ချက်။ ။တရားမမှုများတွင် ပဋိညာဉ် ဥပဒေအရ အလောင်းအစားနှင့် ပတ်သက်၍ ပြုလုပ်သော သဘောတူညီချက် ပဋိညာဉ် ပျက်ပြယ်သည်ဟု ပြဋ္ဌာန်းချက် ဖြစ်သည်။ ယင်းပြဋ္ဌာန်းချက်မှာ ပြစ်မှုဆိုင်ရာအမှုများနှင့် မသက်ဆိုင် သူတပါးကယုံကြည် အပ်နှံထားသော ငွေကို အလွဲသုံးစား ပြုလုပ်လျှင်၊ သို့မဟုတ် ကိုယ်ကျိုးအတွက် လိမ်လည်ရယူလျှင် ပြစ်မှုကျူးလွန်ရာ ရောက်သည်။ တရားမဝင်သော နွားလှည်းပြိုင်ပွဲအတွက် လောင်းကြေး ငွေများဖြစ်၍ ပြစ်မှုမထိုက်ဟုမဆိုနိုင်၊ တရားစွဲခွင့်ရှိသည်။

ပြင်ဆင်ရန်လျှောက်ထားသူများအတွက်။ ။အကျိုးဆောင် ကိုယ်စား၊ ဦးမင်းကို ဦးသန်းတင် ၂။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ဦးဘရွှေ။

သဲကုန်းမြို့၊ မိုးကောင်းကျောင်း ဘုန်းကြီးပျံပွဲတွင် လှည်းယာဉ်ပြိုင်ပွဲ ကျင်းပ ပြုလုပ်ခဲ့၍၊ အောင်လံမှ လှည်းယာဉ်နှင့် ဝက်သီးကန်မှ လှည်းယာဉ်တို့ ယှဉ်ပြိုင်ရာတွင် နှစ်ဘက်လောင်းကြေးငွေ ၂၀,၀၀၀ ကျပ် ကျော်ကို အတွင်းရေးမှူးဖြစ်သော လျှောက်ထားသူ ဦးသိန်းကို ပေးအပ်ထားသည်။ ပြိုင်ပွဲ ပြုလုပ်ပြီးနောက် အနိုင်အရှုံးနှင့် ပတ်သက်ပြီး အရှုပ် အရှင်း ဖြစ်ပေါ်နေစဉ် ဦးသိန်းသည် လောင်းကြေး ငွေများကို

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၂(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဇွန်ဇင်ဘာလ ၆ ရက်နေ့စွဲပါ ပဲခူးတိုင်း (သဲကုန်းမြို့ရုံးထိုင်)၊ တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅ — ဦးထီ ဝါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးအောင်ရှိန်)

ရဲစခန်းသို့ သွားရောက်ပေးအပ်ထားမည်ဟု ပြောပြီး ထွက်သွားသည်။ ဦးထီသည် ထိုငွေကို ရဲစခန်းသို့ မပေးအပ်ဘဲ ဦးစိန်မောင်နှင့် ပူးပေါင်း၍ ကိုယ်ကျိုးအဖြစ် သုံးစွဲထားကြောင်း အကြောင်းပြ၍ ဦးထီနှင့် ဦးစိန်မောင်တို့အပေါ် ပူးပေါင်း ကြံစည်၍ လိမ်လည်မှု အလွဲသုံးစားမှုတို့ဖြင့် တရားစွဲဆိုသည်။ မြို့နယ်တရားရုံးက တရားလိုပြ သက်သေများကို စစ်ဆေးပြီး စွဲချက်တင်ရာ ထိုစွဲချက်ကို ပယ်ဖျက်ပေးရန် အတွက် တိုင်းရုံးသို့ ပြင်ဆင်မှု တင်သွင်းသော်လည်း မအောင်မြင် ဗဟိုတရားရုံးသို့ ရောက်ရှိလာသော အမှုဖြစ်လေသည်။

လျှောက်ထားသူက လောင်းကြေးငွေများကို အနိုင်ရရှိသည်ဟု ဆုံးဖြတ်သော အောင်လံ လှည်းယာဉ်အဖွဲ့သို့ ပေးလိုက်ပြီဖြစ်ကြောင်း ဤအမှုမှာ နိုင်ငံတော်အစိုးရက တားမြစ်ပိတ်ပင်ထားသော လောင်းကစားခြင်းမှ စတင်ပေါ်ပေါက်ရသည် ဖြစ်၍ တရားစွဲဆိုခွင့်မရှိကြောင်း အကြောင်းပြ၍ လျှောက်ထားခြင်း ဖြစ်လေသည်။

တရားမမှုများတွင် ပဋိညာဉ်ဥပဒေအရ အလောင်းအစားနှင့် ပတ်သက်၍ ပြုလုပ်သော သဘောတူညီချက်ပဋိညာဉ်မှာ ပျက်ပြယ်သည်ဟူ၍ ပြဋ္ဌာန်းချက်ရှိကြောင်း မှန်ပေသည်။ သို့ရာတွင် ယင်းပြဋ္ဌာန်းချက်မှာ ပြစ်မှုဆိုင်ရာအမှုများနှင့် သက်ဆိုင်ခြင်း မရှိချေ။ သူတပါးက ယုံကြည်အပ်နှံထားသောငွေကို အလွဲသုံးစားပြုလုပ်လျှင်၊ သို့မဟုတ် ကိုယ်ကျိုးအတွက် လိမ်လည်ရယူလျှင် ပြစ်မှုကျူးလွန်ရာ ရောက်ပေသည်။ ဤအမှုတွင် တရားမဝင်သော နွားလှည်းပြိုင်ပွဲအတွက် လောင်းကြေးငွေများဖြစ်၍ ပြစ်မှုမထိုက်ဟု မဆိုနိုင်ချေ။ လျှောက်ထားသူက မိမိထံတွင် အပ်နှံထားသော လောင်းကြေးငွေများကို အနိုင်ရရှိသော အောင်လံလှည်းယာဉ်သို့ ပေးပြီး ဖြစ်သည်ဟူသော တင်ပြချက်ကိုလည်း စွဲချက်ဖြေရှင်းသောအခါတွင် ဖော်ပြရန် ဖြစ်သည်။ ယခုအခြေအနေအရ စွဲချက်ကို ပယ်ဖျက်ပေးရန် အကြောင်း မပေါ်ပေါက်သောကြောင့် လျှောက်လွှာကို ပယ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ — စက်တင်ဘာလ ၂၇ ရက်။

## ဦးတော်ကြီး ပါ ၇ ဦး

နှင့်

## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀ (၁) (ဂ)၊ ၁၉၁ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀ (၁)(ဂ)အရ တရားရုံးက တရားခံသစ်များ ဖြည့်စွက်ထည့်သွင်းအရေးယူရန် အမိန့်ချခြင်း၊ ဖြည့်စွက် အရေးယူခံရသည့် တရားခံသစ်များအား ယင်းဥပဒေပုဒ်မ ၁၉၁ ပါ ပြဋ္ဌာန်းချက်အတိုင်း အခြားတရားစီရင်ရေး အဖွဲ့တဖွဲ့ဖြင့် စစ်ဆေးရန် တောင်းဆိုပိုင်ခွင့်ရှိကြောင်း ရှင်းလင်းပြောပြခြင်းမရှိခြင်း။

ဆုံးဖြတ်ချက်။ ။တရားစီရင်ရေး အဖွဲ့သည် အမှုတွင် တင်ပြသော သက်သေခံ အထောက်အထားများအရ အခြားသူများလည်း အမှု၌ ညီစွန်းပါဝင်နေကြောင်း တွေ့ရှိလျှင် ယင်းတို့အား တရားခံများအဖြစ် ဖြည့်စွက်အရေးယူပိုင်ခွင့် ရှိသည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ (၁)(ဂ) ၌ ပြဋ္ဌာန်းထားပေသည်။ ထိုဒီရင်ပိုင်ခွင့်ကို ကျင့်သုံးလျက် မူလတရားစီရင်ရေးအဖွဲ့က လျှောက်ထားသူများအား တရားခံများအဖြစ် ဖြည့်စွက် အရေးယူရန် ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်သည်။ သို့ရာတွင် မူလတရားစီရင်ရေး အဖွဲ့၏ ဆက်လက်စစ်ဆေးခြင်းကို မလိုလားလျှင် အခြားတရားစီရင်ရေး အဖွဲ့တဖွဲ့ဖြင့် စစ်ဆေးစေရန် တောင်းဆိုပိုင်ခွင့်ရှိကြောင်းကို မူလတရားစီရင်ရေး အဖွဲ့က ဖြည့်စွက်ခြင်းခံရသည့် တရားခံများအား ရှင်းပြခဲ့ခြင်းမရှိသောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၁ ၏ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်။

ပြင်ဆင်ရန်လျှောက်ထားသူများအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးမြင့်ဦး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးတင်အုံး။

၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့ ည ၁၂ နာရီအချိန်ခန့်တွင် သောင်းကျန်းသူ ဗိုလ်မြသွေး ခေါင်းဆောင်သော လက်နက်ကိုင် လူဆိုး ၁၅ ဦးခန့်သည်

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃ဂ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၅

ဦးတော်ကြီး ပါ ၇ ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ပဲခူးမြို့နယ်၊ ဝင်းဘော်ကျေးရွာ သမဝါယမ အသင်းဆိုင်မှ စုစုပေါင်း ငွေ ၁,၄၅၇ ကျပ် ၇၃ ပြားတန်သော ပစ္စည်းများ၊ ဆိုင်တာဝန်ခံ ဦးညိုထံမှ ရောင်းရငွေ ၄၀၀ ကျပ်နှင့် ငွေထိန်း ဦးမြစိန်ထံမှ ငွေ ၂,၇၁၈ ကျပ် ၉၅ ပြား တို့ကို ဓားပြတိုက်ယူသွားသည်။ ထိုငွေ ၂၇၁၈ ကျပ် ၉၅ ပြားကို ဥက္ကဋ္ဌ ဦးခန့်သည် ဘဏ်သို့ အချိန်မီ မသွင်းခဲ့သောကြောင့် ဆုံးရှုံးရခြင်းဖြစ်သည်ဟု စွပ်စွဲလျက် ဦးခန့်အား ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ အသင်း ဥပဒေ၊ နောက်ဆက်တွဲ ဇယား ၂၊ အမှတ်စဉ် ၅ အရ ပဲခူးမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၄၉/၇၃ သတ်မှတ်၍ တရားစွဲဆိုခဲ့သည်။ ထိုအမှု၌ တရားလိုပြသက်သေ ၆ ဦးအား စစ်ဆေးပြီးနောက် မြို့နယ်တရားရုံးက အချင်းဖြစ်ကိစ္စတရပ်လုံးနှင့် ပတ်သက်၍ ဥက္ကဋ္ဌ ဦးခန့်သာမက၊ ဝင်းဘော်ကျေးရွာ သမဝါယမအသင်း အမှုဆောင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးတော်ကြီး၊ အတွင်းရေးမှူး ဦးငင်းရှောင်၊ တွဲဖက်အတွင်းရေးမှူး ဦးဘိုးသိမ်း၊ ငွေထိန်း ဦးမြစိန်၊ အမှုဆောင် ဦးနီတွတ်၊ ဦးအောင်မြင့်နှင့် ဆိုင်တာဝန်ခံ ဦးညို တို့ပါ တာဝန်ရှိသည်ဟု ယူဆလျက် ထိုသူများအား ဤအမှု၌ တရားခံများအဖြစ် ထည့်သွင်းစွဲဆိုရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀(၁) (ဂ) အရ အမိန့်ချမှတ်ခဲ့သည်။ ထိုကဲ့သို့ တရားခံများအဖြစ် စွဲဆိုခြင်းခံရသော ဦးတော်ကြီးပါ ၇ ဦး တို့က မကျေနပ်၍ ပဲခူးမြို့ရုံးထိုင် ပဲခူးတိုင်း တရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခဲ့သည်။ ပဲခူးတိုင်းတရားရုံးက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆/၇၃ သတ်မှတ်ကြားနာ၍ ယင်းလျှောက်လွှာကို ပလပ်လိုက်သောကြောင့် ဦးတော်ကြီး ပါ ၇ ဦးတို့က အောက်ရုံး အမိန့်ကို ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ ထပ်မံ၍ လျှောက်ထားကြခြင်းဖြစ်သည်။

လျှောက်ထားသူများ၏ တင်ပြချက်မှာ မူလမှုကို စစ်ဆေးခဲ့သော တရားစီရင်ရေး အဖွဲ့သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀(၁) (ဂ) အရ လျှောက်ထားသူများ အပေါ် အရေးယူခဲ့စဉ်က မိမိတို့တရားစီရင်ရေးအဖွဲ့မှအပ အခြားတရားစီရင်ရေး အဖွဲ့တဖွဲ့ဖြင့် စစ်ဆေးစေရန် လျှောက်ထားသူများက တောင်းဆိုပိုင်ခွင့် ရှိကြောင်း မပြောသဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၁ ၏ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း၊ ထို့ကြောင့် မူလရုံး၏အမိန့်သည် ပျက်ပြယ်ပါကြောင်း၊ ထိုအမိန့်ကို အတည်ပြုသော တိုင်းတရားရုံး၏ အမိန့်သည်လည်း ဥပဒေအရ မှားယွင်းပါကြောင်း တင်ပြသည်။

တရားစီရင်ရေးအဖွဲ့သည် အမှုတွင်တင်ပြသော သက်သေခံ အထောက်အထား များအရ အခြားသူများလည်း အမှု၌ ညိစွန်းပါဝင်နေကြောင်း တွေ့ရှိလျှင် ယင်းတို အား တရားခံများအဖြစ်ဖြည့်စွက် အရေးယူပိုင်ခွင့်ရှိသည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀ (၁) (ဂ) ၌ ပြဋ္ဌာန်းထားပေသည်။ ထိုစီရင်ပိုင်ခွင့်ကို ကျင့်သုံးလျက်

၁၉၇၅

ဦးတော်ကြီး ပါ ၇ ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

မူလတရားစီရင်ရေးအဖွဲ့က လျှောက်ထားသူများအား တရားခံများအဖြစ် ဖြည့်စွက် အရေးယူရန် ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေ ပြဋ္ဌာန်းချက်နှင့် ညီညွတ်သည်။ သို့ရာတွင် မူလတရားစီရင်ရေးအဖွဲ့၏ ဆက်သက်စစ်ဆေးခြင်းကို မလိုလားလျှင် အခြား တရား စီရင်ရေး အဖွဲ့တဖွဲ့ဖြင့် စစ်ဆေးရန် တောင်းဆိုပိုင်ခွင့် ရှိကြောင်းကို မူလတရားစီရင်ရေး အဖွဲ့က ဖြည့်စွက်ခြင်းခံရသည့် တရားခံများအား ရှင်းပြခဲ့ခြင်း မရှိသောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၁ ၏ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်။

သို့ရာတွင် ယခုအခါ မူလတရားစီရင်ရေးအဖွဲ့ မရှိတော့ဘဲ၊ ၎င်း၏နေရာတွင် ပြည်သူ့တရားစီရင်ရေးအဖွဲ့သစ် ရောက်လာပြီ ဖြစ်သောကြောင့် လျှောက်ထားသူ များသည် ဥပဒေကပေးသော အခွင့်အရေးကို အလိုအလျောက် ရရှိကြလေပြီ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။ လျှောက်ထားသူများပါဝင်သော အမှုကို ပဲခူးမြို့နယ် တရားရုံးကပင် စစ်ဆေးစီရင်ရန်ဖြစ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးခမ္မကေသရ

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ဦးနန္ဒသာရ ပါ ၉ ဦး*

† ၁၉၇၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့။

ပြစ်မှုဆိုင်ရာ ကျင့်လုံးဥပဒေပုဒ်မ ၅၂၂ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ တလအတွင်း အမိန့်ချမှတ်ခဲ့ခြင်း မရှိခဲ့ ယင်းကိစ္စမျိုးတွင် တရားရုံးမှ အိမ်ခန်းလက်လွှတ် ခံရသူအား အိမ်ခန်းကို ပြန်လည်ပေးအပ်ရန် အမိန့်ချပိုင်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၅၂၂ (၁) သည် မူလရုံးနှင့် သက်ဆိုင်၍အချိန် တလကန့်သတ်ချက် ထားရှိသော်လည်း ကျင့်ထုံးပုဒ်မ ၅၂၂(၃) တွင် အချိန်ကန့်သတ်ချက်မရှိ။ ထို့ကြောင့် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုများတွင် ကျင့်ထုံးပုဒ်မ ၅၂၂(၃) အရ ပစ္စည်းလက်လွှတ် ခံရသူအား ပစ္စည်းကို ပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင်၊ ဦးရဲထွဋ်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း ကဆင့် (၁)၊ ဦးဘသန်း။
အကျိုးဆောင်၊ ဦးကေသန်း။ ။

လျှောက်ထားသူ ဦးခမ္မကေသရ သီတင်းသုံးရာ၊ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရှိ၊ ကတိုးကျောင်းတိုက်သို့ လျှောက်ထားခံရသူ ဦးနန္ဒသာရ ပါ-၉ ဦးတို့သည် ဧည့်သည်များအဖြစ် လာရောက် သီတင်းသုံးကြပြီးနောက်၊ လျှောက်ထားသူကို ခြိမ်းခြောက်၍ ကျောင်းမှ ထွက်ခွာစေသည်ဟု မော်လမြိုင်မြို့နယ် တရားရုံးက၊ တရားခံများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၁ အရ၊ (၆) လအတွင်း ခံဝန်ချုပ်ဖြင့် ကောင်းမွန်စွာ နေထိုင်စေရန် အမိန့်ချမှတ်ခဲ့သည်။

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၅၀၂(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၂(မ) တွင်၊ ချမှတ်သော ၁၉၇၃ခုနှစ်၊ အောက်တိုဘာ ၁ လ ၂၀ ရက်နေ့စွဲပါ မော်လမြိုင်မြို့ တိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

ဦးဓမ္မကေသရ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
ဦးနန္ဒသာရ
ပါ ၉ ဦး။

ဤသို့ တရားခံများအပေါ် အပြစ်ဒဏ် သတ်မှတ်သော အမိန့်ကို ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ချမှတ်ပြီး၊ ဦးဓမ္မကေသရက ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် တရားခံများအား၊ အချင်းဖြစ်ကျောင်းတိုက်မှ ဖယ်ရှားပေးရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၅၂၂ (၁) အရ လျှောက်ထားသည်။ ကျင့်ထုံး ပုဒ်မ ၅၂၂ (၁) တွင် ပိုင်နက်ကျူးလွန်သူအပြစ်ရရှိပြီးသည့်နေ့မှ တလအတွင်း ပစ္စည်းလက်လွှတ်ခံရသူအား ပစ္စည်းပြန်လည်လက်ရောက်ပေးအပ်ရန် ပြဋ္ဌာန်းထားသည်။ ယင်းလျှောက်လွှာကို ခွင့်ပြုကြောင်း ၁၉၇၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် အမိန့်ချသည်။ ထို့ကြောင့် တရားခံများ အပြစ်ပေးခံရသော ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ခွင့်ပြုမိန့်ချမှတ်သော နေ့မှာ ရက်ပေါင်း (၉၀) ကျော်အချိန်ကြာမြင့်လျက်ရှိသည်။ အမှန်အားဖြင့် ဤအမိန့်မျိုးကို အချိန်တလအတွင်း ချမှတ်ရမည်သာဖြစ်သည်။ ထို့ကြောင့် တိုင်းရုံးသို့ တရားခံများက ပြင်ဆင်မှုတက်သောအခါတွင် ကာလစည်းကမ်းသတ်အချိန်ကျော်လွန်သည်ဟူ၍ မူလရုံးအမိန့်ကို ပယ်ဖျက်လိုက်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၅၂၂ (၁) အရ၊ ပြစ်ဒဏ်ထင်ရှား စီရင်သည့်နေ့မှ တလအတွင်း တရားရုံးက ပစ္စည်းကို မတရားလက်လွှတ်ခံရသူထံ ပြန်ပေးရန် အမိန့်ချမှတ်သင့်လျှင် ချမှတ်ရမည်ဖြစ်ပေသည်။ သို့ရာတွင် မူလရုံးသည် တရားခံများအား ပြစ်ဒဏ်ပေးသော အချိန်တွင် မတရားလက်လွှတ်ခံရသူထံသို့ ပစ္စည်းကို ပြန်လည် လက်ရောက်ပေးအပ်ရန် အမိန့်ထည့်သွင်းချမှတ်ခဲ့ခြင်း မပြုခဲ့ချေ။ လျှောက်ထားသူက လျှောက်လွှာတင်သောအခါမှ လက်ခံစဉ်းစား၍ ရက်ပေါင်း (၉၀) ကျော်ကြာမြင့်ပြီးမှ အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ လွဲမှားချက်ရှိသည်။ သို့ရာတွင် တရားခံများသည် သူတပါးကျောင်းတိုက်အတွင်း အဓမ္မကျူးကျော် နေထိုင်ခြင်းပြုလုပ်သည်ဟူ၍ တရားရုံးက အပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်သောကြောင့် ဤသို့အပြစ်ဒဏ်ပေးခြင်းခံရသူများအား၊ ပစ္စည်းလက်ရောက်ပေးအပ်သော သဘောဖြစ်နေလျှင် မျှတမှုရှိမည်မဟုတ်ချေ။ တရားရုံးများသည် ဥပဒေပါ သတ်မှတ်ချက်များကို စဉ်းစားသောအခါတွင် တရားမျှတမှု ရှိမရှိကိုပါ၊ ပူးတွဲစဉ်းစားရန် လိုအပ်ပေသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၅၂၂ (၁) သည် မူလရုံးနှင့် သက်ဆိုင်၍ အချိန်တလခန့် ကန့်သတ်ချက်ထားရှိသော်လည်း၊ ကျင့်ထုံး ပုဒ်မ ၅၂၂(၃) မှာ အယူခံသို့မဟုတ် ပြင်ဆင်မှုများနှင့် သက်ဆိုင်ပြီး၊ အချိန်ကန့်သတ်ချက်မရှိချေ။ ထို့ကြောင့် တိုင်းရုံးအမိန့်ကို ပယ်ဖျက်၍၊ ကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ (၃) အရ၊ အချင်းဖြစ်၊ ကတိုးကျောင်းတိုက်ကို လျှောက်ထားသူအား လက်ရောက်ပေးအပ်စေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ပေါက်စ (ခေါ်)ဖေဝင်း

နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၇၅ အောက်တိုဘာလ ၁ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂/၃၀၂(၁)(ဂ) လုယက်ပြီး လူသတ်ခြင်း လူသတ်မှုနှင့် ပတ်သက်၍ သေဒဏ်မှအပ အခြားပြစ်ဒဏ် သတ်မှတ်နိုင် မနိုင်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ စွဲချက်တွင် နေ့ရက်မှားယွင်းလာမှု နှင့် အမှုကိုတဖန် ပြန်စစ်ဆေးရန်သင့် မသင့် တရားဥပဒေတိမ်းစောင်းခြင်း အယူခံ တရားလိုတွင် နစ်နာမှုရှိသည် မဆိုနိုင်ခြင်း။

**ဆုံးဖြတ်ချက်။** ။အမှု၌ မျက်မြင်သက်သေ မရှိသည့်မှုလွဲ၍ အယူခံ တရားလို ပြစ်မှု ကျူးလွန်ကြောင်း သက်သေခံ အထောက်အထားများ ကွင်းဆက်မပြတ်ရှိနေပြီး အပြစ်ရှိကြောင်း ဝန်ခံထားသော အမှုဖြစ်သည်။ ထို့ကြောင့် ပြစ်ဒဏ်အနည်းအများကိုစဉ်းစားလျှင် လုယက်မှုနှင့် ပတ်သက်၍ အပြစ်ဒဏ်ကို လျှော့ပေါ့စဉ်းစားနိုင်သော်လည်း လူသတ်မှုနှင့် ပတ်သက်၍ သေဒဏ်မှအပ၊ အခြားပြစ်ဒဏ်သတ်မှတ်ရန် မဖြစ်နိုင်။

**ထပ်မံဆုံးဖြတ်ချက်။** ။ယခု အမှုတွင် အယူခံတရားလိုအပေါ် စွဲချက်တင်သော အခါမှာ ၎င်းနေ့စွဲကို ၁၉၇၃ ခု၊ နိုဝင်ဘာလ ၁၄ ရက်ဟူ၍ ဖော်ပြရမည့်အစား၊ ၁၉၇၃ ခု၊ နိုဝင်ဘာလ ၁၅ ရက ဟုဖော်ပြသည်မှလွဲ၍ အမှုဖြစ်ပျက်သည့် အကြောင်းအရာများအားလုံး ပြည့်စုံစွာ ဖော်ပြထား ကြောင်း တွေ့ရသည်။ အယူခံတရားလိုက စွဲချက်ကို အပြစ်ရှိကြောင်း ဝန်ခံခြင်းသည် မိမိပြစ်မှု ကျူးလွန်ခဲ့သည့်ကိစ္စရပ် အားလုံးကို သိရှိနားလည်သောကြောင့်ဝန်ခံသည်ဟု ကျွန်ုပ်တို့ယူဆသည်။ ထို့ကြောင့် စွဲချက်တွင် နေ့ရက်မှားယွင်းကာမျှနှင့် တရားဥပဒေတိမ်းစောင်းခြင်း အယူခံတရားလို အပေါ်တွင် နစ်နာမှုရှိစေခြင်းများ ဖြစ်သည်ဟု မဆိုနိုင်ချေ။ အယူခံကိုပယ်၍ သေဒဏ်ကိုအတည် ပြုသည်။

**အယူခံတရားလိုအတွက်။** ။အကျိုးဆောင်၊ ဦးတင်ရီ။

**အယူခံတရားခံအတွက်။** ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘသန်း။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၄၁။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၄၉၀ တွင်ချမှတ်သော ၁၉၇၄ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့စွဲပါ ကျောက်ပြူမြို့နယ် တရားရုံး၏ အမိန့်ကိုအယူခံဝင်မှု။

၁၉၇၅

ပေါက်စ (ခေါ်) ဖေဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

အယူခံတရားလို ပေါက်စ (ခေါ်) ဖေဝင်းသည် သေဆုံးသူ မထွေးကြည် အသက် (၁၁) နှစ်၏ အိမ်သားများနှင့် ခင်မင်ရင်းနှီးသူ ဖြစ်သည်။ အချင်းဖြစ်ပွားသည့် နေ့က မထွေးကြည်သည် ကျောင်းဆင်းချိန် ညနေ ၃ နာရီကျော်တွင် အိမ်သို့ ပြန်မလာသောကြောင့်၊ မထွေးကြည်၏ အဖေ ဦးကျော်အောင် နှင့် အစ်ကို သာထွန်းအောင် တို့က လိုက်လံ ရှာဖွေ သော်လည်း မတွေ့ ရှိချေ။ မထွေးကြည်ကို ပေါက်စ (ခေါ်) ဖေဝင်းနှင့်အတူ ညနေ (၃) နာရီ အချိန်ခန့်မှာ မြင်လိုက်ကြောင်း တွေ့မြင်သူများက ပြောသောကြောင့်၊ ပေါက်စကို ခေါ်ယူမေးမြန်းသော်လည်း မသိကြောင်း ပြောဆိုလေသည်။ နောက်တနေ့နံနက်တွင်လည်ပင်းအညစ်ခံရသော ဒဏ်ရာဖြင့် သေဆုံးနေသော မထွေးကြည်၏ အလောင်းကို ဆေးရုံအနီးရှိ ဆူးခြုံတောထဲ၌ တွေ့ရသည်။ ကလေးမတွင်ဝတ်ဆင်ထားသော ရွှေဆွဲကြိုးနှင့် နားကပ်တို့လည်း မရှိတော့ချေ။ မထွေးကြည်နှင့် ပေါက်စတို့ အတူသွားလာသည်ကို တွေ့မြင်လိုက်သော သက်သေများရှိနေသောကြောင့်၊ ပေါက်စကို ရဲစခန်းတွင် ခေါ်ယူစစ်ဆေးသောအခါမှာ ပေါက်စ၏ပြောပြချက်အရ၊ မထွေးကြည်၏ ရွှေဆွဲကြိုးနှင့် နားကပ်ကို ပြန်လည်သိမ်းဆည်း ရမိလေသည်။ ရွှေဆွဲကြိုးကို ပေါက်စထံမှ အဆင့်ဆင့်ဝယ်ယူသော ဦးဝပေါ် ချေဆိုသူထံမှ ပြန်လည်ရရှိသည်။ နားကပ်ကို ပေါက်စ၏ နေအိမ်ခေါင်မိုးပေါ်မှ ပြန်လည်ရရှိသည်။ ထို့ကြောင့် ပေါက်စ (ခေါ်) ဖေဝင်းအား လူသတ်မှု၊ လုယက်မှုတို့ဖြင့် တရားစွဲ၍၊ စွဲချက်တင်သော အခါတွင် အပြစ်ရှိကြောင်း ဝန်ခံသောကြောင့်၊ လူသတ်မှုအတွက် သေဒဏ်၊ လုယက်မှုအတွက် ထောင်ဒဏ် (၁၁) နှစ် ပြစ်ဒဏ်ချမှတ်ခဲ့လေသည်။

အမှုမှာ မျက်မြင် သက်သေမရှိသည်မှလွဲ၍၊ အယူခံတရားလို ပြစ်မှု ကျူးလွန်ကြောင်း သက်သေခံ အထောက်အထားများ ကွင်းဆက်မပြတ် ရှိနေပြီး အပြစ်ရှိကြောင်း ဝန်ခံထားသော အမှုဖြစ်သည်။ ထို့ကြောင့် ပြစ်ဒဏ်အနည်းအများကို စဉ်းစားလျှင် လုယက်မှုနှင့် ပတ်သက်၍ အပြစ်ဒဏ်ကို လျော့ပေါ့ စဉ်းစားနိုင်သော်လည်း၊ လူသတ်မှုနှင့် ပတ်သက်၍ သေဒဏ်မှအပ၊ အခြားပြစ်ဒဏ် သတ်မှတ်ရန် မဖြစ်နိုင်ချေ။

အမှုတွဲကို လေ့လာသောအခါတွင် စွဲချက်နှင့်ပတ်သက်၍ ချို့ယွင်းချက်တွေ့ရသည်။ မထွေးကြည်ကိုသတ်၍ ဆွဲကြိုးနှင့် နားကပ် လုယူသောနေ့မှာ ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်ဖြစ်သော်လည်း၊ စွဲချက်တွင် ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်ဟူ၍ ဖော်ပြထားသောကြောင့်၊ ဤချို့ယွင်းချက်များအရ အမှုကို တဖန်ပြန်လည်စစ်ဆေးရန် သင့်မသင့် စဉ်းစားရန်ရှိသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၃၇ တွင် ဆင့်ခေါ်စာထုတ်ခြင်း၊ ဝါရမ်းထုတ်ခြင်း၊ စွဲချက်တင်ခြင်း စသည်ဖြင့် အမှုစစ်ဆေးရာတွင် ချို့ယွင်းချက်ရှိလျှင် မည်သည့်အခါမျိုးမှာ အမှုကို အသစ်တဖန်ပြန်လည်စစ်ဆေးရန်လိုကြောင်း

၁၉၇၅
ပေါက်စ (ခေါ်) ဖေဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ဖော်ပြပါရှိသည်။ ယခုအမှုတွင် အယူခံတရားလိုအပေါ် စွဲချက်တင်သောအခါမှာ နေ့စွဲကို ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်ဟူ၍ ဖော်ပြမည့်အစား ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်ဟု ဖော်ပြသည်မှလွဲ၍၊ အမှုဖြစ်ပျက်သည့် အကြောင်းအရာများအား လုံးပြည့်စုံစွာ ဖော်ပြထားကြောင်း တွေ့မြင်ရသည်။ စွဲချက်တွင် သဘော်ဆိပ်ရပ်ကွက် သေဆုံးသူ မထွေးကြည်ထံမှ ရွှေဆွဲကြိုးတကုံးနှင့် ကျောက်ဖြူနားကပ်တရံ လုယူကြောင်း ဖော်ပြခြင်းနှင့် ရွှေဆွဲကြိုးနှင့် ကျောက်ဖြူနားကပ်တရံကို လုယူပြီး မထွေးကြည်အား လည်ပင်းညှစ်၍ သတ်ကြောင်း ဖော်ပြထားခြင်းတို့မှာ အမှုဖြစ်ပျက်သော အကြောင်းခြင်းရာတို့ကို အယူခံတရားလိုအား ပြည့်စုံစွာ သိရှိစေနိုင်ခြင်းဖြစ်သည်။

စွဲချက်တင်သောအချိန်တွင် အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သော အကျိုးဆောင်လည်း ရှိနေသောကြောင့်၊ အယူခံတရားလိုက စွဲချက်ကို အပြစ်ရှိကြောင်း ဝန်ခံခြင်းသည် မိမိပြစ်မှုကျူးလွန်ခဲ့သည့် ကိစ္စရပ်အားလုံးကို သိရှိနားလည်သောကြောင့် ဝန်ခံသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထို့ကြောင့် စွဲချက်တွင် နေ့ရက်မှားယွင်းကာမျှနှင့် တရားဥပဒေတိမ်းစောင်းခြင်း၊ အယူခံတရားလိုအပေါ်တွင် နစ်နာမှုရှိစေခြင်းများဖြစ်သည်ဟု မဆိုနိုင်ချေ။

ပြစ်ဒဏ် ချမှတ်ခြင်းနှင့်ပတ်သက်၍ စဉ်းစားလျှင်၊ အယူခံတရားလိုသည် မိမိနှင့် ခင်မင်ရင်းနှီးသော ကလေးငယ်တဦးအား သွေးဆောင်ခေါ်ယူပြီး၊ သတ်ဖြတ်လုယက်ခြင်းဖြစ်သောကြောင့်၊ သက်ညှာစွာစဉ်းစားရန်အကြောင်းမရှိချေ။ မည်သို့ပင်ဆိုစေ အပြစ်ရှိကြောင်း ဝန်ခံထားသည့် အမှုဖြစ်သောကြောင့် လူသတ်မှုနှင့် ပတ်သက်၍ သေဒဏ်မှအပ အခြားပြစ်ဒဏ်ချမှတ်ခြင်း မပြုနိုင်၊ လုယက်မှုနှင့် ပတ်သက်၍လည်း၊ လူသတ်မှုကျူးလွန်ရန်အတွက် ကလေးငယ်တဦး၏ အသက်သတ်ဖြတ်ခဲ့သည်ဖြစ်သောကြောင့်၊ အပြစ်ဒဏ်လျော့ပေါ့စဉ်းစားရန် အကြောင်းမရှိ၍၊ အယူခံကိုပယ်၍ သေဒဏ်ကို အတည်ပြုလိုက်သည်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော် နှင့် ဦးစိုးလှိုင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၇၅

အောက်တိုဘာ
လ ၈ ရက်။

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

## ဆွန်ဒရွန်း*

မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေအရ အရေးယူခြင်း တရားခံထံမှ တွေ့ရှိခြင်းမှန် မမှန် ကွင်းဆက်မပြတ် သက်သေခံ အထောက်အထား လိုအပ်ခြင်း၊ တွေ့ရှိသော အထုပ်မှာ ဆေးခြောက်ထုပ် ဟုတ်မဟုတ် စစ်ဆေးချက် အစီရင်ခံစာရုံးသို့ တင်ပြရန်လိုအပ်ခြင်း။

**ဆုံးဖြတ်ချက်။** ။ယခုအမှုတွင် ဥပဒေအရ တရားခံထံမှ ဆေးခြောက်ထုပ်တွေ့ရှိခြင်း မှန် မမှန် သက်သေခံ အထောက်အထား ပြည့်စုံရန်လိုအပ်သည့်အပြင် တွေ့ရှိသော ဆေးခြောက်ထုပ်မှာ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးအစစ်အမှန်ဟုတ် မဟုတ် သက်ဆိုင်ရာဥပဒေပုဒ်မ ၅၇ အရ၊ စစ်ဆေးချက်နှင့် အစီရင်ခံစာကို တရားရုံးတွင် တင်ပြရန်လိုအပ် ပေလိမ့်မည်။ ယင်းကြောင့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ)အရ ထောင်ဒဏ် ၅ နှစ် အပြစ်ပေးထားသော စီရင်ချက်နှင့် အမှုကို ပယ်ဖျက်လိုက်သည်။ အမှုကို ဥပဒေအရ အသစ်တဖန် ပြန်လည်စစ်ဆေးစေ ။

**လျှောက်ထားသူအတွက်။** ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးတင်အုံး။

**လျှောက်ထားခံရသူအတွက်။** ။မည်သူမျှမလာ။

ဆွန်ဒရွန်း ဆိုသူ အပေါ်တွင် ခမောက်လမြိုင် မြို့နယ် တရားရုံးက မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ၊ ထောင်ဒဏ် ၅ နှစ် အပြစ်ဒဏ် ပေးခြင်းနှင့် ပတ်သက်၍ အမှုကို ပယ်ဖျက် ပေးနိုင်ရန်၊ မော်လမြိုင်မြို့နယ် ပြည်နယ် တရားရုံးက ထောက်ခံ တင်ပြခြင်း ဖြစ်၍၊ အမှုဖြစ်ပွားပုံမှာ ၁၉၇၄ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ညနေ ၆ နာရီခန့်အချိန်တွင် ဆွန်ဒရွန်း

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၄၉။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၄၅(မ) အမှုကိုပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၀(က)အရ လိုအပ်သလိုဆောင်ရွက်ပေးရန် မော်လမြိုင် ပြည်နယ်ရုံးကတင်ပို့ခြင်း။

၁၉၇၅

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဆွန်ဒရှန်း။

သည် အရက်မူးပြီးအူပူနေသောကြောင့် ရဲများကဖမ်းဆီးသောအခါတွင် ထိုသူ၏အနီး၌ ဆေးခြောက် ၁ ကျပ်သား အထုပ်တွေ့ရှိရသည်ဟူ၍ တရားစွဲဆိုတင်ပို့ခြင်းဖြစ်သည်။

ပြည်နယ်ရုံးက ထောက်ခံတင်ပြသော အချက်များမှာ ဖမ်းမိသော ဆေးခြောက် ထုပ်အတွက် ဓာတုဗေဒစစ်ချက်အစီရင်ခံစာမရှိခြင်း၊ ဆေးခြောက်ထုပ်သည် ဆွန်ဒ ရှန်း ထံမှသိမ်းဆည်းရမိကြောင်း ပေါ်လွင်အောင် စစ်ဆေးချက်မရှိခြင်း၊ မျက်မြင်သက်သေ များကို ကွင်းဆက်မပြတ် စစ်ဆေးရန်လိုနေခြင်း စသည်တို့ဖြစ်သည်။

မူးယစ်သုံးဆိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၂ (ဂ) အရ၊ "လက်ဝယ်ထားရှိခြင်း" ဆိုသည်မှာ ကိုယ်ခန္ဓာပေါ်၌ ထားရှိခြင်း၊ သို့မဟုတ် နေအိမ်ဥပစာများ စသည်တို့၌တွေ့ရှိခြင်းဟူ၍ ဖော်ပြထားသောကြောင့် ယခုအမှုတွင် ဥပဒေအရ တရားခံထံမှဆေးခြောက်ထုပ် တွေ့ရှိခြင်း မှန် မမှန် သက်သေခံအထောက် အထားပြည့်စုံရန်လိုအပ်သည့်အပြင်၊ တွေ့ရှိသော ဆေးခြောက်ထုပ်မှာ မူးယစ်သုံးဆိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးအစစ်အမှန် ဟုတ် မဟုတ်၊ သက်ဆိုင်ရာ ဥပဒေပုဒ်မ ၅၇ အရ၊ စစ်ဆေးချက်နှင့် အစီရင်ခံစာကို တရားရုံးတွင် တင်ပြရန်လိုအပ်ပေလိမ့်မည်။ ထို့ကြောင့် ပြည်နယ်ရုံး၏ထောက်ခံတင်ပြချက်ကို လက်ခံပြီး၊ တရားခံဆွန်ဒရှန်းအပေါ် မူးယစ်သုံးဆိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ အက်ဥပဒေ ပုဒ်မ ၆ (ခ) အရ၊ ထောင်ဒဏ် ၅ နှစ်အပြစ်ပေးထားသော စီရင်ချက်နှင့် အမှုကို ပယ်ဖျက်လိုက်သည်။ အမှုကို တရားဥပဒေအရ အသစ်တဖန် ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၅

နိုဝင်ဘာလ ၁ ရက်။

## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
## နှင့်
## မောင်ထွန်းရွှေ*

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၉၇ ၏ပြဋ္ဌာန်းချက် ထောင်ဒဏ် ၄ လနှင့် ၁၅ ရက်မှ အချုပ်ကာလ ၄ လနှင့် ၁၅ ရက်နုတ်ပယ်ရန် အမိန့်ချမှတ်ခြင်း ထောင်ဒဏ်မှ အချုပ်ကာလကို နုတ်ပယ်သဖြင့် ထောင်ဒဏ် ကျခံရန် မလိုသောကြောင့် တရားခံအား လွှတ်ပြီး နောက်အခြားအမှုတွင် ကျခံပြီး ထောင်ဒဏ်နှင့် တပေါင်းတည်းကျခံရန် အမိန့်ကို ချမှတ်နိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။တရားခံအား ထောင်ဒဏ် ၄ လနှင့် ၁၅ ရက်ကျခံစေရန် ချမှတ်၍ ထိုထောင်ဒဏ်မှ အချုပ်ကာလ ၄ လနှင့် ၁၅ ရက်ကိုထုတ်နုတ်ရမည်ဟု ပါဝင်သောကြောင့် နောက်ထပ်ထောင်ဒဏ် ကျခံရန်မလိုတော့သဖြင့် တရားခံအားလွှတ်ခဲ့သည်။ ထိုကဲ့သို့လွှတ်ခဲ့ပြီးနောက် အခြားအမှုများမှ ထောင်ဒဏ် အသီးသီးကို ပထမအမှုမှ ထောင်ဒဏ်နှင့် တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၉၇ ၏ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ပေသည်။ ကျင့်ထုံးဥပဒေပုဒ်မ ၃၉၇ ၏ပြဋ္ဌာန်းချက်မှာ ကျခံဆဲ ထောင်ဒဏ်ရှိမှသာလျှင် နောက်ချမှတ်သည့် ထောင်ဒဏ်ကို ကျခံဆဲထောင်ဒဏ်နှင့် တပေါင်းတည်း ကျခံစေရန် ချမှတ်နိုင်သည်။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးတင်အုံး။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးတင်အောင်။

ဗဟိုတရားရုံး၊ ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၂၃ (ခ)၊ ၁၂၄ (ခ)၊ ၁၂၅ (ခ)၊ ၁၂၆ (ခ)၊ ၁၂၇ (ခ)၊ ၁၂၈(ခ)၊ ၁၂၉ (ခ) နှင့် ၁၃၀ (ခ) တို့သည် ရန်ကုန်မြို့ အထူး တရားသူကြီး (၁) (စစစ) ရုံး၏ ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၁၊ ၁၂၊ ၁၃၊ ၁၇၊ ၁၈၊ ၁၉၊ ၂၃ နှင့် ၂၄ တို့

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၂၃(ခ)၊ ၁၂၄(ခ)၊ ၁၂၅ (ခ)၊ ၁၂၆(ခ) ၁၂၇(ခ)၊ ၁၂၈(ခ)၊ ၁၂၉(ခ) နှင့် ၁၃၀(ခ)။

† ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၁၊ ၁၂၊ ၁၃၊ ၁၇၊ ၁၈၊ ၁၉၊ ၂၃ နှင့် ၂၄ တို့တွင်ချမှတ်သော ရန်ကုန်မြို့၊ အထူးတရားသူကြီး(၁)(စစစ)ရုံး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

တွင် ချမှတ်ထားသော အမိန့်အသီးသီး၌ ဥပဒေပြဋ္ဌာန်းချက်များ၊ ညွှန်ကြားချက်များ နှင့်အညီ ပြင်ဆင်ပေးပါရန် လျှောက်ထားသော အမှုများဖြစ်သည်။ ဆက်နွယ်နေသော အမှုများဖြစ်သဖြင့် စုပေါင်းကြားနာပြီးလျှင် ထိုအမှုအားလုံးအတွက် ဤအမိန့်ကို ချမှတ်လိုက်သည်။

လျှောက်ထားခံရသူ မောင်ထွန်းရွှေသည် ရန်ကုန်တိုင်း ယာဉ်အပိုပစ္စည်း ကြီးကြပ်မှုကော်မတီမှ ထုတ်ပေးသော မော်တော်ယာဉ်ပစ္စည်းကုန်ဝယ်စာအုပ် အတုနှင့် ပစ္စည်းဝယ်ခွင့်လက်မှတ်အတုများပြုလုပ်၍ ပြည်သူ့ဆိုင် (ယာဉ်အပိုပစ္စည်း) မှ မော်တော်ကားတာယာများကို လိမ်လည်ဝယ်ယူပြီး မှောင်ခိုရောင်းချသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂၀/၄၆၇/၄၇၁/၄၇၃ အရ ရန်ကုန်မြို့၊ အထူးတရားသူကြီး (၁) (စစစ) ရုံး၊ ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅ မှ ၂၆ အထိ သတ်မှတ်၍ တရားစွဲဆိုခြင်း ခံရသည်။ ထိုအမှုများအနက် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၂/၇၁ နှင့် ၂၃/၇၁ တို့ကို ၁၉၇၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင်လည်း ကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၄/၇၁ ကို ၁၉၇၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၈/၇၁ ကို ၁၉၇၂ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၇/၇၁ နှင့် ၁၉/၇၁ ကို ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင်လည်း ကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၁/၇၁၊ ၁၂/၇၁ နှင့် ၁၃/၇၁ တို့ကို ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင်လည်းကောင်း စီရင်ချက်ချမှတ်ခဲ့သည်။ ထိုအမှုအသီးသီးတွင် ထောင်ဒဏ် ၄ လနှင့် ၁၅ ရက်စီကျခံစေရန် ချမှတ်၍ ထိုထောင်ဒဏ်ကို ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၂/၇၁ တွင် ချမှတ်သော ထောင်ဒဏ်နှင့် တပေါင်းတည်း ကျခံစေရန် ချမှတ်ခဲ့သည်။ ထို့ပြင်အချုပ်ကာလ ၄ လနှင့် ၁၅ ရက်ကိုလည်း နုတ်ပယ်စေရန် အမိန့်ချမှတ်ခဲ့ပြန်သည်။

ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၂/၇၁ ၌ တရားခံ မောင်ထွန်းရွှေအား ထောင်ဒဏ် ၄ လနှင့် ၁၅ ရက်ကျခံစေရန် ချမှတ်၍၊ ထိုထောင်ဒဏ်မှ အချုပ်ကာလ ၄ လ နှင့် ၁၅ ရက်ကို ထုတ်နုတ်ရမည်ဟု ပါဝင်သောကြောင့် နောက်ထပ် ထောင်ဒဏ်ကျခံရန်မလိုတော့သဖြင့်တရားခံမောင်ထွန်းရွှေအားလွှတ်ခဲ့သည်။ ထိုကဲ့သို့လွှတ်ခဲ့ပြီးနောက်၊ အခြားအမှုများမှ ထောင်ဒဏ် အသီးသီးကိုလည်း ဖော်ပြပါ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၂/၇၁ မှ ထောင်ဒဏ်နှင့် တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၃၉၇ ၏ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ပေသည်။ ကျင့်ထုံးဥပဒေ ပုဒ်မ ၃၉၇ ၏ ပြဋ္ဌာန်းချက်မှာ ကျခံဆဲ ထောင်ဒဏ်ရှိမှသာလျှင် နောက်ချမှတ်သည့် ထောင်ဒဏ်ကို ကျခံဆဲထောင်ဒဏ်နှင့် တပေါင်းတည်း ကျခံစေရန် ချမှတ်နိုင်သည်။

၁၉၇၅

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် မောင်ထွန်းရွှေ။

ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၂/၇၁ ၌ အချုပ်ကာလ ၄ လနှင့် ၁၅ ရက်ကို ထုတ်နုတ်ပြီးဖြစ်သောကြောင့်၊ နောက်အမှုများတွင် ထိုအချုပ်ကာလကိုပင် ထပ်မံ၍ ထုတ်နုတ်ရန် ချမှတ်ခြင်းသည် တရားရုံးများ ညွှန်ကြားလွှာအမှတ် ၈/၆၇ နှင့် ၈/၇၂ တို့ပါ ညွှန်ကြားချက်များနှင့် ဆန့်ကျင်သဖြင့် မှားယွင်းပေသည်။

ဤအကြောင်းများကြောင့် ပြင်ဆင်မှုများကို ခွင့်ပြု၍ မူလရုံးက သက်ဆိုင်ရာအမှုများ၌ မှားယွင်းစွာဖြင့် ပြစ်ဒဏ်ကို တပေါင်းတည်းကျခံစေရန် ချမှတ်ထားသောအမိန့်နှင့် ချုပ်ရက်များကို ထုတ်နုတ်စေရန် ချမှတ်ခဲ့သော အမိန့်များကို ပယ်ဖျက်လိုက်သည်။

# ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးကြည်မြ တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

## နှင့်

## မောင်ဝင်းထိန် *

†၁၉၇၅
ဖေဖော်ဝါရီလ ၆ ရက်။

**အသံကိုကြားရုံမျှဖြင့် လူကိုမှတ်မိသည်ဆိုခြင်း ခိုင်လုံသည့်အထောက်အထားဟုတ် မဟုတ်။**

**ဆုံးဖြတ်ချက်။** ။တရားခံ အိမ်အတွင်းသို့ ပုန်းလျှိုး ဝင်ရောက်ချိန်က အိမ်အတွင်း၌ မှောင်မိုက်နေသဖြင့် တရားခံကိုမမြင်ရဘဲ အသံကိုသာ မှတ်မိသည်ဟု တရားလိုဘက် ထွက်ဆိုသည်။ ထိုထွက်ဆိုချက်ကို ထောက်ခံချက် တစုံတရာ မရှိ။ အသံကို ကြားရရုံမျှဖြင့် လူကိုမှတ်မိသည်ဆိုခြင်းမှာ ခိုင်လုံသည့် အထောက်အထား မဟုတ် ထွက်ချက်အရ ပြစ်မှုထင်ရှားစီရင်ရန် ခိုင်လုံခြင်းမရှိ။

**အယူခံတရားလိုအတွက်။** ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးဘရွှေ။

**အယူခံတရားခံအတွက်။**

ရေကြည်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၇၅/၇၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၆ အရ တရားစွဲဆိုခြင်းခံရသောတရားခံ မောင်ဝင်းထိန်အား အပြီးအပြတ်လွှတ်ခြင်းကို မကျေနပ်သဖြင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အတွက် ဗဟိုဥပဒေရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံဝင်ခြင်းဖြစ်ပေသည်။

၁၃၃၄ ခုနှစ်၊တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့(၁၉၇၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့) ညသန်းကောင်အချိန်ခန့်တွင်ရေကြည်မြို့နယ်၊ ကျွဲရဲရွာနေမကြည်သိန်း၏ အိမ်အတွင်းသို့ လျှောက်ထားခံရသူ တရားခံ မောင်ဝင်းထိန် ပုန်းလျှိုးဝင်ရောက်၍ မကြည်သိန်းအား အဓမ္မကြံစည်ပါသည်ဟု စွဲချက်ဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၆ အရတရားစွဲဆိုခဲ့ပါသည်။ မြို့နယ်တရားရုံးက ယင်းအမှုကို ကြားနာစစ်ဆေးပြီးနောက် လျှောက်ထား

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၃။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၇၅ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့စွဲပါ ရေကြည်မြို့နယ်တရားရုံး၏ အမိန့်ကိုအယူခံမှု။

၁၉၇၅

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် မောင်ဝင်းထိန်။

ခံရသူ တရားခံမောင်ဝင်းထိန်အား အပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်သည်။ အချင်းဖြစ်ပွားချိန်က အိမ်တွင်း၌ မှောင်မိုက်နေသဖြင့် မကြည်သိန်းသည် မောင်ဝင်းထိန်အား မမြင်ရဘဲ အသံကိုသာ မှတ်မိလိုက်သည်ဟု ထွက်ဆိုခဲ့သည်။ မကြည်သိန်း၏ ထွက်ဆိုချက်ကို ထောက်ခံသည့် အခြားသက်သေခံချက်တစုံတရာမရှိချေ။ အသံကို ကြားရုံမျှဖြင့် လူကို မှတ်မိသည်ဟုဆိုခြင်းမှာ ခိုင်လုံသည့် အထောက်အထား မဖြစ်နိုင်ပေ။ မကြည်သိန်းတဦးတည်း၏ ထွက်ချက်အရ မောင်ဝင်းထိန်အပေါ်တွင် ပြစ်မှုထင်ရှားစီရင်ရန် ခိုင်လုံခြင်းမရှိ၍ မူလတရားရုံးက အပြီးအပြတ်လွှတ်ခြင်းမှာ ဥပဒေအရမှားယွင်းသည်ဟု မယူဆနိုင်ချေ။

မကြည်သိန်းက မိမိနှင့် လျှောက်ထားခံရသူ မောင်ဝင်းထိန်တို့သည် ကျေးရွာလူကြီးများ၏ ဖြန်ဖြေချက်အရ ကျေနပ်ကြပြီးဖြစ်၍ အယူခံမှုကို ကြေအေးခွင့်ပြုပါရန် လျှောက်လွှာတင်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၆ အရ ပြစ်မှုမှာ ကျေအေးနိုင်သော ပြစ်မှုမဟုတ်သဖြင့် မကြည်သိန်း၏ လျှောက်လွှာကိုခွင့်ပြုရန်အကြောင်းမရှိပေ။

သို့ရာတွင် အထက်၌ဖော်ပြခဲ့သည့်အတိုင်း လျှောက်ထားခံရသူ မောင်ဝင်းထိန်အပေါ် သက်သေခံအထောက်အထားမခိုင်လုံသောကြောင့် မူလတရားရုံးက အပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ တရားဥပဒေအရ မှန်ကန်သဖြင့် ယင်းအမိန့်ကို ပယ်ဖျက်ရန် အကြောင်းမရှိဟု ကျွန်ုပ်တို့ယူဆသည်၊ ထို့ကြောင့် ဤအယူခံမှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များ အဖြစ် ဦးသန့်ခင်နှင့် ဦးလွင်မောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်ပြုံးချို

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးသိန်းဟန်) *

† ၁၉၇၅

ဒီဇင်ဘာလ ၁၁ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇၊ ၃၃၈၊ မော်တော်ကားတိုက်၍ရရှိသောဒဏ်ရာသည် သာမန်စုတ်ပြတ်ဒဏ်ရာဖြစ်ခြင်း၊ နယ်ဆေးရုံတွင် ဆေးမရှိ၍ ခြေထောက်ပုပ်ခြင်း၊ ရန်ကုန်ဆေးရုံကြီးမှခြေထောက်ဖြတ်ခြင်း၊ ပုဒ်မ ၃၃၇ အရ အပြစ်ပေးခြင်းမှန်မမှန်။

ဆုံးဖြတ်ချက်။ ။ရရှိသောဒဏ်ရာသည် လက်ျာဘက်ခြေကျဉ်းဝတ်၏ ဘေးပိုင်းနှင့် ရှေ့ပိုင်းတွင် အလျား ၄ လက်မ၊ အနံ ၁ လက်မ ရှိ၍ကြွက်သားအထိနက်သော စုတ်ပြတ်ဒဏ်ရာဖြစ်သည်။ ဇီးကုန်းမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် လက်ခံကုသ၍ ၃ ရက်ခန့်အကြာတွင် ဒဏ်ရာမှအနံ့ထွက်လာသည်၊ ဇီးကုန်းမြို့ပြည်သူ့ဆေးရုံတွင်ဆေးမရှိသဖြင့် လျှောက်ထားသူအား ရန်ကုန်ဆေးရုံသို့ပို့လိုက်ရကြောင်း ဆရာဝန်ဦးချစ်ကြည်၏ ထွက်ဆိုချက်အရ လျှောက်ထားသူရရှိခဲ့သောဒဏ်ရာသည် သာမန်ဒဏ်ရာသာဖြစ်ကြောင်း ထင်ရှားသည်။ဇီးကုန်းမြို့ပြည်သူ့ဆေးရုံတွင် ဆေးဝါးမရှိသဖြင့် သင့်တော်သည့် ကုသမှုမရရှိသောကြောင့် အနာရင်းပြီး ခြေထောက် ပုပ်သွားခြင်းဖြစ်သည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ဥပဒေအရမှားယွင်းခြင်းမရှိ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ၊ ဦးအုန်းမောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘသန်း။

လျှောက်ထား ခံရသူ ဦးသိန်းဟန် မောင်းလာသော ဘတ်စ်ကားသည် ဇီးကုန်းမြို့အနီး ဝက်ကော်တံတား၌ ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် နေ့တွင် လျှောက်ထားသူ မောင်ပြုံးချိုအား တိုက်မိသဖြင့် မောင်ပြုံးချိုမှာ ဒဏ်ရာရရှိခဲ့သည်။ ရဲအဖွဲ့က လျှောက်ထားခံရသူအား တရားစွဲဆိုသည်။ ဇီးကုန်းမြို့နယ်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၃၉ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁ တွင်၊ ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဧပြီလ ၁၈ ရက် နေ့စွဲပါ ဇီးကုန်းမြို့ရုံးထိုင်၊ ပဲခူးတိုင်းတရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

မောင်ပြုံးချို နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးသိန်းဟန်)။

တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၅၆ သတ်မှတ်၍ စစ်ဆေး ကြားနာပြီးနောက်၊ လျှောက်ထားခံရသူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ်ကျခံစေရန်နှင့် ငွေဒဏ် ၁၀၀၀ ကျပ်ဆောင်စေရန်၊ မဆောင်ပါက အလုပ်ကြမ်းနှင့် ထောင်ဒဏ် တနှစ်ကျခံစေရန် ဒဏ်ငွေထဲမှ ငွေ ၉၀၀ ကျပ်ကို လျှောက်ထားသူအား လျော်ကြေးအဖြစ် ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။

လျှောက်ထားခံရသူက အယူခံသည်။ ဇီးကုန်းမြို့ရုံးထိုင်၊ ပဲခူးတိုင်း တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁ သတ်မှတ်၍ ကြားနာပြီး လျှောက်ထား ခံရသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ထောင် ဒဏ်နှင့် ငွေဒဏ်ချမှတ်ထားခြင်းတို့ကိုပယ်ဖျက်ပြီးလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရ ငွေဒဏ် ၈၀၀ ကျပ်ဆောင်စေရန်၊ မဆောင်ပါက ထောင်ဒဏ် ၆ လကျခံစေရန် ဒဏ်ငွေထဲမှ ၇၀၀ ကျပ်ကို လျှောက်ထားသူအား နစ်နာကြေးအဖြစ် ပေးစေရန် ပြောင်းလဲချမှတ်ခဲ့သည်။

လျှောက်ထားသူကမကျေနပ်သဖြင့် ပြစ်ဒဏ်ဘိုးမြှင့်ပေးပါရန် ဗဟိုတရားရုံးသို့ လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားခံရသူသည် ဘတ်စ်ကားကို အရမ်း၊ ဒွိမဟုတ် ပေါ့လျော့စွာ မောင်း နှင်သဖြင့် လျှောက်ထားသူကိုတိုက်မိပြီး ဒဏ်ရာရစေခဲ့ကြောင်း သက်သေခံအထောက် အထား လုံလောက်သည်ဟု မူလရုံးနှင့် တိုင်းတရားရုံးတို့က အကြောင်းခြင်းရာပေါ်တွင် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် လျှောက်ထားသူသည် ကားတိုက် ခံရ၍ ပြင်းထန်သော ဒဏ်ရာရရှိသည်ဟု မူလရုံးက ယူဆလျက် လျှောက်ထားခံရသူ အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ အရ ပြစ်မှုထင်ရှား စီရင်ခဲ့သည်။ တိုင်းတရားရုံးက မူ လျှောက်ထားသူ ရရှိသော ဒဏ်ရာမှာ သာမန်ဒဏ်ရာသာဖြစ်သည်ဟု ယူဆလျက် လျှောက်ထားခံရသူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရ ပြစ်မှုထင်ရှား စီရင် ခဲ့သည်။

လျှောက်ထားသူအား ကုသခဲ့သောဆရာဝန် ဦးချစ်ကြည် (လိုပြ ၆) က လျှောက် ထားသူ၏ လက်ျာဘက်ခြေကျဉ်းဝတ်၏ ဘေးပိုင်းနှင့် ရှေ့ပိုင်းတွင် အလျား ၄ လက်မ အနံ ၁ လက်မ ရှိ၍ ကြွက်သားအထိနက်သောစုတ်ပြတ်ဒဏ်ရာတခုကိုတွေ့ရှိရကြောင်း၊ လျှောက်ထားသူအား ဇီးကုန်းမြို့ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် လက်ခံကုသ ခဲ့ကြောင်း၊ ၃ ရက်ခန့်အကြာတွင် ဒဏ်ရာမှအနံ့ထွက်လာကြောင်း၊ ဇီးကုန်းမြို့ ပြည်သူ့ ဆေးရုံတွင် ဆေးမရှိသဖြင့် လျှောက်ထားသူအား ရန်ကုန်ဆေးရုံကြီးသို့ ပို့လိုက်ရ ကြောင်း ထွက်ဆိုသည်။

၁၉၇၅

မောင်ပြုံးချို နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးသိန်းဟန်)။

လျှောက်ထားသူသည်ရန်ကုန်ဆေးရုံကြီးသို့ ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရောက်ရှိလာကြောင်း၊ ၎င်း၏ခြေထောက် ဒဏ်ရာသည် ( Gas Gangrence ) ဖြစ်၍ အောက်ခြေတပိုင်း ပုပ်နေကြောင်း၊ ထို့ကြောင့် ပေါင်လယ်မှ ဖြတ်လိုက်ကြောင်း၊ ၁၉၇၃ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ဒဏ်ရာကျက်သဖြင့် လျှောက်ထားသူအား ဆေးရုံမှဆင်းခွင့်ပြုလိုက်ကြောင်း၊ ရန်ကုန်မြို့၊ ပြည်သူ့ဆေးရုံကြီးမှ အရိုးရောဂါကု ဆရာဝန်ကြီး ဦးမင်းအောင်က ထောက်ခံစာရေးပေးခဲ့သည်။ ထိုထောက်ခံစာသည် သက်သေခံအမှတ် (ခ) ဖြစ်သည်။

ဆရာဝန် ဦးချစ်ကြည်၏ ထွက်ဆိုချက်အရ လျှောက်ထားသူ ရရှိခဲ့သော ဒဏ်ရာသည် သာမန်ဒဏ်ရာသာဖြစ်ကြောင်းထင်ရှားသည်။ ဇီးကုန်းမြို့၊ ပြည်သူ့ဆေးရုံတွင် ဆေးဝါးမရှိသဖြင့် သင့်တော်သည့်ကုသမှုမရရှိသောကြောင့် အနာရင်းပြီး ခြေထောက်ပုပ်သွားခြင်းဖြစ်သည်။

ထို့ကြောင့် တိုင်းတရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရ၊ ပြောင်းလဲ၍ ပြစ်မှုထင်ရှားစီရင်ပြီး ထိုပြစ်မှုနှင့်လိုက်လျောညီထွေဖြစ်သော ငွေဒဏ်နှင့် နစ်နာကြေးတို့ကို ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းခြင်းမရှိပေ။

ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြင့်နှင့် ဦးထွန်းအောင်ကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဘခင်

† ၁၉၇၅

နှင့်

မေလ ၃ ရက်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၁။ မောင်ထွန်းလွင်၊ ၂။ မောင်တင်ငွေ
၃။ မောင်တင်အေး၊ ၄။ မောင်ချစ်သိန်း။ *

အပြီးအပြတ်လွှတ်သည့်အမိန့်ကို မကျေနပ်သူက ပြည်နယ်တရားရုံး၌ ပြင်ဆင်လျှောက်ထားခြင်း၊ လျှောက်ထားခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ အပြစ်မထင်ရှားသဖြင့် အပြီးအပြတ် လွှတ်ခဲ့ခြင်းကို မကျေနပ်၍ အယူခံလိုလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အတွက် ပဟိုဥပဒေရုံးကသာ အယူခံနိုင်ခွင့်ရှိသည်။ အပြီးအပြတ် လွှတ်ခဲ့ခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားသူသည် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု လျှောက်ထား နိုင်ခွင့်မရှိ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မလာ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့်(၁)၊ ဦးဘရွှေ။

လျှောက်ထားသူ ဦးဘခင်က လျှောက်ထားခံရသူ မောင်ထွန်းလွင်၊ မောင်တင်ငွေ၊ မောင်တင်အေးနှင့် မောင်ချစ်သိန်း တို့သည် မိမိ၏ ခြံမြေထဲသို့ ကျူးကျော်ဝင်ရောက်၍ တဲအိမ်များ ဆောက် လုပ်ကြကြောင်း၊ မိမိသွားရောက် တားမြစ်သောအခါ လျှောက်ထား ခံရသူများက မိမိအား ဝိုင်း၍ ရိုက်နှက် သဖြင့် မိမိတွင် ပြင်းထန်သော နာကျင်မှု ခံစားရကြောင်း စသည်ဖြင့် စွပ်စွဲလျက် လျှောက်ထားခံရသူများ အပေါ် ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၇/ ၃၂၅ အရ၊ တရားစွဲဆိုခဲ့သည်။ တောင်ငူနယ်မြို့၊ ရာဘက် မြို့နယ်ရာဇဝတ် တရားသူကြီး က ပြစ်မှု ဆိုင်ရာ အမှုကြီး အမှတ် ၃၄/၇၂ တွင် တရားလိုပြ သက်သေများကို စစ် ဆေးပြီး နောက် လျှောက်ထား ခံရသူများ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၁ (ခ)၊

† ၁၉၇၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့စွဲပါဘီလင်းမြို့ရှိ ထိုင်းမွန်ပြည်နယ်တရားရုံး၏ချမှတ်သောအမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

ဦးအခင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

(၁။ မောင်ထွန်းလွင်၊ ၂။ မောင်တင်ငွေ၊ ၃။ မောင်တင်အေး၊ ၄။ မောင်ချစ်သိန်း။)

၄၄၇/၃၂၅ အရ၊ စွဲချက် တင်ခဲ့သည်။ ထို့နောက် တရားခံပြ သက်သေများကို စစ်ဆေးပြီး လျှောက် ထားခံရသူများ အပေါ်၌ ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၅ အရ၊ ပြစ်မှု ကျူးလွန်ကြောင်း မတွေ့ရှိရသဖြင့် ယင်း ပုဒ်မနှင့် စပ်လျဉ်း၍ လျှောက်ထားခံရသူများအား အပြီးအပြတ် လွှတ်စေရန် ဆုံးဖြတ်လိုက်သည်။ သို့ရာတွင် လျှောက်ထားခံရသူများသည် လျှောက် ထားသူ၏ မြေထဲသို့ ကျူးကျော် ဝင်ရောက်၍ တဲများဆောက်လုပ်ကြောင်း ပေါ်လွင် ထင်ရှား သောကြောင့် လျှောက်ထားခံရသူများ အပေါ်၌ ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၇ အရ ပြစ်မှု ထင်ရှား စီရင်၍၊ ငွေဒဏ် ၃၀ ကျပ်စီ ပေးဆောင်စေရန်၊ မပေးဆောင်ပါက၊ အလုပ်ကြမ်းဖြင့် ထောင်ဒဏ် ၂၀ ရက်စီ ကျခံစေရန် အမိန့် ချမှတ် လိုက်သည်။

ထိုအမိန့်ကို လျှောက်ထားခံရသူများ (တရားခံများ) က လက်ခံ ကြသော်လည်း လျှောက်ထားသူ (တရားလို) က ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၅ အရ၊ အပြီးအပြတ် လွှတ်ခြင်းကို မကျေနပ်၍၊ ပြစ်ဒဏ်စီရင်ပါရန် ဘီးလင်းမြို့ ရုံးထိုင်၊ မွန်ပြည်နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁/၇၂ အရ၊ လျှောက်ထားသည်။ မအောင်မြင်သဖြင့် ဗဟို တရားရုံးသို့ တဆင့်တက်၍ လျှောက်ထားခြင်း ဖြစ်သည်။

လျှောက်ထားသူအား၊ လျှောက်ထား ခံရသူများက ဝိုင်းဝန်း ရိုက်နှက်ကြသည်ဟူသော စွပ်စွဲချက်နှင့် စပ်လျဉ်း၍၊ တရားလိုပြ သက်သေများ၏ ထွက်ချက်များတွင် ကွဲလွဲ ချက်များ ရှိနေ၍တကြောင်း၊ တရားခံပြ သက်သေများက လျှောက်ထားသူသည် လျှောက်ထားခံရသူ မောင်ထွန်းလွင်ကို ဓါးနှင့် လိုက်ခုတ်စဉ် သစ်တုံးနှင့်တိုက်မိ၍ လဲကျပြီး ဒဏ်ရာများ ရရှိသွားခြင်းသာ ဖြစ်ပါသည်ဟု ထွက်ဆိုကြ၍ တကြောင်း၊ ဤအကြောင်းများကြောင့် လျှောက်ထားခံရသူများ အပေါ်၌ ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၅ အရ ပြစ်မှု ထင်ရှားခြင်း မရှိဟု ရာဘက် မြို့နယ်ရာဇဝတ် တရားသူကြီးက ကောက်ယူ ဆုံးဖြတ်ခဲ့သည်။ ပြည်နယ် တရားစီရင်ရေး အဖွဲ့ကလည်း ထို ဆုံးဖြတ်ချက်ကို အတည်ပြုရန် ဆုံးဖြတ်ခဲ့သည်။ ထို ဆုံးဖြတ်ချက်များသည်၊ ဥပဒေအရ မှန်ကန်သည်။

ထို့ပြင်၊ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၅ အရ၊ အပြစ် မထင် ရှားသဖြင့် အပြီးအပြတ် လွှတ်ခဲ့ခြင်းကို မကျေနပ်၍ အယူခံ လိုလျှင် ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၁၇ အရ၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်အတွက်ဗဟို ဥပဒေ ရုံးကသာ အယူခံနိုင်ခွင့် ရှိသည်။ ထိုကဲ့သို့ အပြီးအပြတ်လွှတ်ခဲ့ခြင်းကိုပယ်ဖျက်ပေးပါရန် လျှောက်ထားသူသည် ပြစ်မှု ဆိုင်ရာ ပြင်ဆင်မှု လျှောက် ထားနိုင်ခွင့်မရှိ။

ပြည်နယ် တရားစီရင်ရေး အဖွဲ့၏ အမိန့်ကို ပယ်ဖျက်ရန် အကြောင်း မရှိသဖြင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ ဩဂုတ်လ ၄ ရက်။

### ဦးဘဌေး
### နှင့်
### ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
### (၁။ ဦးမြလှိုင် ၂။ ဦးဘချစ်) *

**လျှောက်ထားခံရသူ တဦးနှင့်တရားသူကြီးများ ရင်းနှီးမှုရှိခြင်းနှင့် အမှုကြန့်ကြာခြင်းမှာ အမှုကို ရုံးပြောင်းပေးရန် အကြောင်းများဟုတ်မဟုတ်။ ။**

**ဆုံးဖြတ်ချက်။ ။**လျှောက်လွှာတွင် လျှောက်ထားခံရသူအမှတ် (၂) နှင့် တရားသူကြီးများ ရင်းနှီးမှုရှိသည်ဟုဆိုသော်လည်း ဤသို့ရင်းနှီးခြင်းအားဖြင့် မည်သို့ဘက်လိုက်မှုရှိကြောင်း ဖေါ်ပြနိုင်ခြင်းမရှိ။ ယခုအခါတွင် တရားသူကြီးများမှာ ပြည်သူများက ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသည်။ ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူနှင့် ရင်းနှီးဆက်သွယ်မှုရှိကြပေလိမ့်မည်။ ပြည်သူ့ကိုယ်စားလှယ်များမှာ ပြည်သူက ယုံကြည်ကိုးစားခြင်း ခံရသူများဖြစ်ကြ၍၊ ပြည်သူ့အရေးကိစ္စများကို ဆောင်ရွက်ရာတွင် တရားမျှတမှုကို ဦးထိပ်ထား၍ ဆောင်ရွက်ကြပေလိမ့်မည်။ ခင်မင်ရင်းနှီးမှုကြောင့် တရားဥပဒေကို ဆန့်ကျင်ပြီး ဘက်လိုက်၍ ဆုံးဖြတ်မည်ဟု တထစ်ချမယူဆနိုင်။ ပြည်သူ့ကိုယ်စားလှယ် တရားသူကြီးများနှင့် ပြည်သူတို့ ရိုးသားစွာ ပေါင်းသင်းဆက်ဆံဝင်ထွက်သွားလာမှုကို အထင်အမြင်မှားဖို့မလိုဟုယူဆသည်။ သက်သေများစုံလင်သော်လည်း အမှုကိုစစ်ဆေးခြင်းမပြုသောကြောင့် ကြန့်ကြာရသည်ဟု အကြောင်းပြသော်လည်း ကြန့်ကြာခြင်းမှန်ခဲ့လျှင်ပင်၊ လျှောက်ထားသူတဦးတည်းကိုသာ နစ်နာစေခြင်း မဖြစ်နိုင်။ အမှုကြန့်ကြာခြင်းမှာလည်း ရုံးပြောင်းပေးရန် အကြောင်းမဟုတ်ချေ။

**လျှောက်ထားသူအဘို့က်။** ။အကျိုးဆောင် ဦးသိန်း။

**လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးဘသန်း။

လျှောက်ထားသူ ဦးဘဌေး နှင့် လျှောက်ထား ခံရသူ ဦးဘချစ် တို့သည် ကျောက်တံတားမြို့နယ် တရားရုံးတွင် တဦးအပေါ် တဦး ပိုင်နက် ကျူးလွန်မှုနှင့်

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာမှုအမှတ် ၃၂။

† ၁၉၇၂ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၅၇၀/၅၇၉ ကို၊ ကျောက်တံတားမြို့နယ်တရားရုံးမှ အခြားသင့်တော်သော ရုံးတရုံးသို့လွှဲပြောင်းပေးရန်လျှောက်ထားခြင်း။

အပြန်အလှန် အမှုများ စွဲဆိုထားသည်။ ဦးဘဌေးက အမှုများကို ရုံးပြောင်းပေးရန် အတွက် လျှောက်ထား ရာတွင် အကြောင်း ပြချက်မှာ တဘက်မှ ဦးဘချစ်သည် တရားသူကြီးများနှင့်ရင်းရင်းနှီးနှီးဆက်ဆံနေထိုင်သည်ဖြစ်သောကြောင့် အမှုစစ်ဆေးရာတွင် မှန်ကန်စွာဖြစ်နိုင်မည်မဟုတ်ဟု စိုးရိမ်ကြောင်းဖြစ်လေသည်။

၁၉၇၅

ဦးဘဌေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (၁။ ဦးမြလှိုင်၊ ၂။ ဦးဘချစ်။)

လျှောက်လွှာတွင် ဦးဘချစ်နှင့် တရားသူကြီးများ ရင်းနှီးမှုရှိသည်ဟု ဆိုသော်လည်း၊ ဤသို့ရင်းနှီးခြင်းအားဖြင့် မည်သို့ဘက်လိုက်မှုရှိကြောင်း ဖော်ပြနိုင်ခြင်းမရှိချေ။ ယခုအခါတွင် တရားသူကြီးများမှာ ပြည်သူက ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသည်။ ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူနှင့် ရင်းနှီး ဆက်နွယ်မှု ရှိကြပေလိမ့်မည်။ ပြည်သူ့ကိုယ်စားလှယ်များမှာ ပြည်သူက ယုံကြည်ကိုးစားခြင်းခံရသူများဖြစ်ကြ၍ ပြည်သူ့အရေးကိစ္စများကို ဆောင်ရွက်ရာတွင် တရားမျှတမှုကို ဦးထိပ်ထား၍ ဆောင်ရွက်ကြပေလိမ့်မည်။ ခင်မင်ရင်းနှီးမှုကြောင့် တရားဥပဒေကို ဆန့်ကျင်ပြီး ဘက်လိုက်၍ ဆုံးဖြတ်မည်ဟု တထစ်ချမယူဆနိုင်။ ပြည်သူ့ကိုယ်စားလှယ်တရားသူကြီးနှင့် ပြည်သူတို့ ရိုးသားစွာပေါင်းသင်းဆက်ဆံ ဝင်ထွက်သွားလာမှုကို အထင်အမြင်မှားဘို့ရလိုဟု ကျွန်ုပ်တို့ယူဆသည်။ သက်သေများစုံလင်သော်လည်း အမှုကို စစ်ဆေးခြင်းမပြုသောကြောင့် ကြန့်ကြာရသည်ဟု အကြောင်းပြသော်လည်း ကြန့်ကြာခြင်းမှန်ခဲ့လျှင်ပင်၊ လျှောက်ထားသူ တဦးတည်းကိုသာ နစ်နာစေခြင်းမဖြစ်နိုင်။ အမှုကြန့်ကြာခြင်းမှာလည်း၊ ရုံးပြောင်းပေးရန် အကြောင်း မဟုတ်ချေ။

ရုံးပြောင်း လျှောက်လွှာများကို မလွဲမကင်းသာသော အကြောင်း ခြင်းရာများ ပေါ်ပေါက်မှသာလျှင် ခွင့်ပြုသင့်ပေသည်။ တရားသူကြီးနှင့် အမှုသည်ရင်းနှီးပါသည်ဟူသော ယေဘုယျတင်ပြချက်မှာ ရုံးပြောင်းပေးရန်အတွက် လုံလောက်သော အထောက်အထားမဟုတ်ပေ။ ထို့ကြောင့် လျှောက်လွှာကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ ဒီဇင်ဘာလ ၁၈ ရက်။

## ဗိုလ်ကြီးဘဒွေး

## နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

## (ဦးအောင်သန်း)

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၇ (၁) ပြည်သူ့ဝန်ထမ်းအား တရားစွဲဆိုရန် မည်သည့်အခါ ခွင့်ပြုမိန့်လိုအပ်ခြင်း ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုအတွက် တရားစွဲဆိုရန်ခွင့်ပြုမိန့်လိုမလို။

ဆုံးဖြတ်ချက်။ ။လိမ်လည်တင်ပြ၍ ငွေများကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုဖြင့် စွဲဆိုသောအမှုများအတွက် ခွင့်ပြုမိန့်မလိုချေ။ အလွဲသုံးစားပြုခြင်း ပြစ်မှုသည်တာဝန်နှင့် အပ်စပ်ခြင်းမရှိ၊ မိမိရာထူးကို အခွင့်အရေးယူ၍ ကျူးလွန်သောပြစ်မှုသာဖြစ်သဖြင့် တရားစွဲဆိုရန် ခွင့်ပြုမိန့်မလို။

လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးဝင်းမောင်။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးတင်အုံး။

ဗိုလ်ကြီးဘဒွေးသည် မြိတ်အနောက်မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ်က ကာဆင်ဆိုသူအား ၁၉၇၂ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှ ၁၉၇၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့အထိ ၁၀ ရက်တိုင်တိုင် အကြောင်းမဲ့ မတရား ဖမ်းဆီး ချုပ်နှောင် ထားစေခဲ့သဖြင့် ဗိုလ်ကြီးဘဒွေးအား ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၄၄ အရ အရေးယူပါရန် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မော်လမြိုင် ဌာနခွဲ၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်သန်း၏ တိုင်တန်းချက်အရ၊ မြိတ်အနောက်မြို့နယ် တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၇၂ ကို ဖွင့်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၄ အရ ဗိုလ်ကြီးဘဒွေးအပေါ်တွင် အရေးယူသည်။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၂၆၊

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၂ တွင် ချမှတ်သော မြိတ်အနောက်မြို့နယ် တရားရုံး၏ အမှုကိုပယ်ဖျက်ပေးရန်လျှောက်ထားခြင်း။

ငင်းပြင် ဗိုလ်ကြီးဘဒွေးသည် မြိတ်အနောက်မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ်က—

*၁၉၇၅ — ဗိုလ်ကြီး ဘဒွေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးအောင် သန်း။)*

(က) မြိတ်အနောက်မြောက်မြို့နယ် သမဝါယမအသင်း၊ အလုပ်အမှုဆောင် ဦးစိုးလင်း၏ အကူအညီဖြင့် စက်လှေအသုံးစာရင်းတွင် သဘော်ဆေး ၁၂ ပုံး ဝယ်ငွေဟုလိမ်လည်တင်ပြ၍ သင့်ငွေ ၈၅ိ·၈၀ါး ကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ကြောင်း၊

(ခ) နလကအတွင်းရေးမှူး ဦးပေါစိန်၏ အကူအညီဖြင့် စက်လှေငှားရမ်းခငွေ ၃၃၀၀ိ ကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ကြောင်း၊

(ဂ) ရေယာဉ်များ ထိန်းသိမ်းစရိတ်အဖြစ် ငွေ ၇၅၆၀ိ၊ ပွဲထောင်းစက်များ သယ်ပို့ခအဖြစ် ငွေ ၄၀ိ၊ ရေယာဉ်စက်များ သယ်ယူစရိတ်ငွေ ၂၇၀ိ၊ စုစုပေါင်းငွေ ၇၉၂၄ိ ကိုမိမိကိုယ်ကျိုးအတွက်အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း၊

(ဃ) ကျေးရွာများ၌ သန်းကောင်စာရင်း ကောက်ယူရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြိတ်အနောက်မြို့နယ်မှူး ဦးချစ်ခင်နှင့် ပူးပေါင်းကြံစည်၍ စက်လှေဖြင့်သယ်ယူပို့ဆောင်ခငွေ ၃၀၀၀ိ ကို ပြေစာလိမ်များ ပြုလုပ်တင်ပြ ထုတ်ယူခဲ့ကြောင်း၊ ထိုငွေများမှ ငွေ ၁၆၅၈ိ ကို မော်တော်ယာဉ်များ ငှားရမ်းခနှင့် အခြားကုန်ကျငွေဟု ပြေစာလိမ်များ ပြုလုပ်ပြီးမိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း၊

(င) အထက်ဖော်ပြပါ ငွေ ၃၀၀၀ိ မှ ငွေ ၂၇၀၈ိ·၄၀ါး ကို စားကုန်ပစ္စည်း ၁၀ မျိုးအတွက်ကုန်ကျငွေဟု ဦးချစ်ခင်နှင့် ပူးပေါင်း ကြံစည်၍ လိမ်လည် စာရင်းတင်ပြပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း၊

(စ) အထက်ဖော်ပြပါ ငွေ ၃၀၀၀ိ မှ ငွေ ၈၁၇ိ-၁၅ါး ကို ကုန်ပစ္စည်း ၅ မျိုး အတွက် ကုန်ကျငွေဟု ဦးစိုးလင်း၊ ဦးချစ်ခင်တို့နှင့် ပူးပေါင်း ကြံစည်၍ လိမ်လည်စာရင်းပြုပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း၊

စသည်ဖြင့် ဦးအောင်သန်း၏ တိုင်တန်းချက်အရ မြိတ်အနောက်မြို့နယ် တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၇၃ မှ ၁၇၈ တို့ကို ဖွင့်၍ ဗိုလ်ကြီးဘဒွေး အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉/၄၇၇ (က)/၃၄ တို့အရ အရေးယူသည်။

ဗိုလ်ကြီးဘဒွေးက ယင်းအမှုအားလုံး (စုစုပေါင်း ၇ မှု)ကို ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ လျှောက်ထားခြင်း ဖြစ်သည်။

**၁၉၇၅**

**ဗိုလ်ကြီး ဘဌေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးအောင် သန်း)။**

တရားရုံးတွင် စစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုများကို ဗဟိုတရားရုံးသည် အကြောင်းထူးမရှိပဲ ပယ်ဖျက်လေ့မရှိချေ။ သိသိသာသာ မှားယွင်းချွတ်ချော်နေကြောင်း ပေါ်လွင်မှသာ ဗဟိုတရားရုံးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ (တ) အရ ကိုယ်ပိုင်စီရင်ခွင့်ကို ကျင့်သုံးလျက် အမှုကို ပယ်ဖျက်ပေးသင့်သည့် အစဉ်အလာရှိပေသည်။

ဗိုလ်ကြီးဘဌေးအပေါ်တွင် စွဲဆိုထားသည့် မူလရုံးမှ အမှုများကို စိစစ်ကြည့်ရှုသောအခါ မတရားချုပ်နှောင်ထားမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၄ အရစွဲဆိုသော ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၂ ၌ ဗိုလ်ကြီးဘဌေးအား တရားစွဲဆိုနိုင်ရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၇ (၁) အရ ခွင့်ပြုမိန့်တရပ်ကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ကာကွယ်ရေးဝန်ကြီးဌာနက ပေးခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပေသည်။ ဗိုလ်ကြီးဘဌေးသည် မြိတ်အနောက်မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ဝတ္တရားများကို ထမ်းဆောင်စဉ်ကာလက ကျူးလွန်ခဲ့သော ပြစ်မှုအတွက် တရားစွဲဆိုခွင့်ပြုကြောင်း ထိုအမိန့်၌ ဖော်ပြပါရှိသည်။ လိမ်လည်တင်ပြ၍ ငွေများကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉/၁၀၉/၄၇၇ (က)/၃၄ တို့အရ စွဲဆိုသောအမှုများအတွက် ခွင့်ပြုမိန့်မလိုချေ။ အလွဲသုံးစားပြုခြင်း ပြစ်မှုသည် တာဝန်နှင့် အပ်စပ်ခြင်းမရှိ၊ မိမိ၏ရာထူးကို အခွင့်အရေးယူ၍ ကျူးလွန်သော ပြစ်မှုသာဖြစ်သဖြင့် တရားစွဲဆိုရန် ခွင့်ပြုမိန့်မလိုဟု ကျွန်ုပ်တို့ယူဆသည်။ ဗိုလ်ကြီးဘဌေးသည် ယခုအခါ ပြည်သူ့ဝန်ထမ်း တဦးမဟုတ်တော့ပေ။ ၎င်းအား ၁၉၇၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှစ၍ တပ်အင်အားစာရင်းမှ လျှော့လိုက်ပြီးဖြစ်သောကြောင့် ၎င်းအား နယ်ဖက်တရားရုံးတွင် တရားစွဲဆိုရန် ကာကွယ်ရေးဝန်ကြီးဌာနမှ အကြောင်းပြန်ကြားပြီးဖြစ်သည်။

ဗိုလ်ကြီးဘဌေးအပေါ်တွင် စွဲဆိုထားသော အဆိုပါပြစ်မှုဆိုင်ရာ အမှုများတွင် ဥပဒေအရ မှားယွင်းချက်တစုံတရာ မတွေ့ရှိရသဖြင့် ယင်းအမှုများကို ပယ်ဖျက်ရန် အကြောင်းမရှိ။ ထို့ကြောင့် ဗိုလ်ကြီးဘဌေး၏ လျှောက်လွှာကို ပယ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မန်ဒေး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအောင်လွင်)* † ၁၉၇၅ မေလ ၁၄ ရက်။

**တရားဝင် စာချုပ်မစစ်ဆေးရသေးခြင်း၊ လျော့ငွေတွက်ရန် အခြေခံစာရင်း မည်မျှဟုမသိခြင်း၊ လက်မှတ် ရောင်းရငွေမည်မျှရှိသည်ကို မသိခြင်း၊ တရားစွဲဆိုသည့်ဘက်မှ စာရင်းအတိအကျ မရှိပဲ တရားခံအား ပြစ်မှုထင်ရှားစီရင်ရန် သင့် မသင့်။**

ဆုံးဖြတ်ချက်။ ။တရားခံအပေါ် အပြစ်ရှိသည်ဟု ဆုံးဖြတ်ချက်ပြုရန်မှာ တရားခံ၌ တာဝန်ရှိသော စာရင်းများတိကျမှန်ကန်မှု ရှိမှသာ တရားမှန်ပေမည်။ သို့ရာတွင် အမှုကို ရှုံးမတင်မီကပင် ခိုင်လုံသော စာရင်းများပြုလုပ်ရန်မှာ စွဲဆိုသည့်ဘက်မှ တာဝန်သာ ဖြစ်ပေသည်။ တင်ပြသော အချက်အလက်များ တရားခံပေါ်၌ ငြိစွန်းမှု မရှိလျှင် တရားခံကိုလွှတ်ရမည်ဖြစ်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မလာ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးတင်အုံး။

ကျောက်တံခါးမြို့၊ အလင်းရောင် ရုပ်ရှင်ရုံတွင် ဦးအောင်လွင် သည် မန်နေဂျာဖြစ်၍၊ လျှောက်ထားသူ တရားခံ မန်ဒေးသည် စာရင်းကိုင် ဖြစ်သည်။ မန်ဒေးအပေါ် လက်မှတ်ရောင်းရ လိုငွေ ၃,၅၄၆ ကျပ်၊ ၄၅ ပြား အတွက် တရားစွဲဆိုသောအခါ အပြစ်ရှိကြောင်း ဆုံးဖြတ်၍၊ လက်မှတ် ရောင်းရငွေ၏ သုံးပုံတပုံ ဒဏ်ငွေ ၁,၇၇၇ ကျပ် ပေးဆောင်ရန် ပျက်ကွက်လျှင် ထောင်ဒဏ် ၁ နှစ် အမိန့်ချသည်။ တိုင်းရုံးသို့ ရောက်သောအခါတွင် ဒဏ်ငွေကို ၁,၀၀၀ ကျပ် သို့ လျှော့ပေါ့လိုက်သည်။

တရားလို ဦးအောင်လွင် ကိုယ်တိုင်၏ ထွက်ချက်အရ၊ အမှုကိုကြားနာသော အခါတွင် ငွေထားသောအံဆွဲသော့ကို မန်ဒေးနှင့် ဦးအောင်လွင်တို့ထံတွင်တယောက်

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၁၉(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၂ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့စွဲပါ ပဲခူးတိုင်း တရားရုံးအမှတ် (၂)၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅ — မန်ဒေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးအောင်လှ‌ိုင်)။

တချောင်းစီရှိခြင်း၊ တရားဝင်စာရင်း မစစ်ဆေးရသေးခြင်း၊ လျော့ငွေတွက်ရန် အခြေခံစာရင်း မည်မျှဟုမသိခြင်း၊ မန်ဒေးထံမှ လက်မှတ်စာအုပ်များ သိမ်းပြီး ရောင်းရငွေမည်မျှရှိသည်ကို မသိခြင်း၊ လက်ကျန်စာအုပ် ရောင်းရငွေနှင့် စာရင်း စစ်သည့်ငွေကို မပေါင်းရသေးခြင်း အစရှိသည့် အချက်အလက်များ တွေ့ရှိရသည်။

ထို့ကြောင့်တရားခံအပေါ်တွင် အပြစ်ရှိသည်ဟု ဆုံးဖြတ်ချက်ပြုရန်မှာ တရားခံ၌ တာဝန်ရှိသော စာရင်းများ တိကျမှန်ကန်မှုရှိမှသာ တရားမှန်ပေမည်။ သို့ရာတွင် အမှုကိုရုံးမတင်မီကပင် ခိုင်လုံသော စာရင်းများ ပြုလုပ်ရန်မှာ စွဲဆိုသည့်ဘက်မှ တာဝန်သာဖြစ်ပေသည်။ တင်ပြသော အချက်အလက်များ တရားခံပေါ်၌ ငြိစွန်းမှု မရှိလျှင် တရားခံကို လွှတ်ရမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် စီရင်ချက်နှင့် အပြစ်ဒဏ်ကို ပယ်ဖျက်၍၊ လျှောက်ထားသူ တရားခံအား၊ အပြီးအပြတ်လွှတ်သည်။ ဒဏ်ငွေပေးဆောင်ပြီးပါက ပြန်၍ပေးစေရမည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးသန့်စင်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမောင်ကို

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်တင်အေး) *

† ၁၉၇၅
ဇန်နဝါရီလ
၂ ရက်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ သက်သေခံပစ္စည်းသည် ခိုးရာပါပစ္စည်း သို့မဟုတ် အလွဲသုံးစားသော ပစ္စည်းဖြစ်နေလျှင်၊ ပစ္စည်းဝယ်ယူသူက ပိုင်ဆိုင်ခွင့် ရနိုင် မနိုင်၊ ပစ္စည်းပြန်ရနိုင်မနိုင်။

ဆုံးဖြတ်ချက်။ ။သက်သေခံ ပစ္စည်းသည် ခိုးရာပါပစ္စည်း၊ သို့မဟုတ် အလွဲသုံးစားသော ပစ္စည်းဖြစ်နေလျှင် ယင်းပစ္စည်းကိုဝယ်ယူသူကပိုင်ဆိုင်ခွင့်မရနိုင်ချေ၊ သဘောရိုးနှင့်ဝယ်ယူကြောင်း ထင်ရှားလျှင် ခိုးရာပါပစ္စည်း လက်ခံမှုနှင့် အရေးယူခံရခြင်းမှ ကင်းလွတ်မည် ဖြစ်သော်လည်း ပစ္စည်းပြန်ရနိုင်ရန်အတွက် အရေးမဆိုနိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဒေါက်တာမောင်မောင်ကျော်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘင်အုံး၊ ဗဟိုတရားရုံး ရှေ့နေ ဦးအေး (ခေါ်) ဦးပြေသိန်း။

သက်သေခံပစ္စည်း ပြန်ပေးခြင်းနှင့်ပတ်သက်၍ မကျေနပ်သောကြောင့် ပြင်ဆင်မှု လျှောက်ထားသော အမှုဖြစ်သည်။

တောင်တွင်းကြီးမြို့နေ ဒေါ်တင်အေးသည် အော်စတင် အမျိုးအစား မော်တော်ကား တစီးကို ဦးအောင်မြင့် ဆိုသူထံမှ ဝယ်ယူ၍ ခေတ္တပြန်လည်အပ်နှံထားစဉ် ဦးအောင်မြင့်က ယခုပြင်ဆင်မှု လျှောက်ထားသူ ဦးမောင်ကိုအား ရောင်း

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၁၁(ခ)။

† ၁၉၇၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၈ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့စွဲပါ မကွေးတိုင်း (တောင်တွင်းကြီးမြို့နယ်) တရားရုံး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၇၅ ဦးမောင်ကို နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဒေါ်တင် အေး)။

စားလိုက်သည်။ ဒေါ်တင်အေးက ဦးအောင်မြင့် အပေါ် ပစ္စည်း အလွဲသုံးစား ပြုမှုဖြင့်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ၊ တရားစွဲဆိုသောအခါတွင် ဦးအောင်မြင့်က အပြစ်ရှိကြောင်း ဝန်ခံသောကြောင့် ထောင်ဒဏ် တနှစ် အပြစ်ပေး၍ သက်သေခံ ပစ္စည်းမော်တော်ကားကို ဒေါ်တင်အေးသို့ ပြန်ပေးသည်။ ယင်းအမိန့်ကို မော်တော်ကားဝယ်သူ ဦးမောင်ကိုက မကျေနပ်သောကြောင့် တိုင်းတရားရုံးတွင် အရေး ဆိုသော်လည်း မအောင်မြင်၍ ဗဟိုတရားရုံးသို့ ရောက်ရှိလာရခြင်း ဖြစ်လေသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ အရ တရားရုံးသည် သက်သေခံ ပစ္စည်းကိုပြန်ပေးသင့်သည်ဟု ယူဆသူအား ပြန်ပေးနိုင်သည်။ သက်သေခံ ပစ္စည်း သည်ခိုးရာပါပစ္စည်း သို့မဟုတ် အလွဲသုံးစားသော ပစ္စည်းဖြစ်နေလျှင် ယင်း ပစ္စည်းကို ဝယ်ယူသူက ပိုင်ဆိုင်ခွင့် မရနိုင်ချေ။ သဘောရိုးနှင့် ဝယ်ယူကြောင်း ထင်ရှားလျှင် ခိုးရာပါပစ္စည်း လက်ခံမှုနှင့် အရေးယူခံရခြင်းမှ ကင်းလွတ်မည်ဖြစ် သော်လည်း ပစ္စည်းပြန်ရနိုင်ရန်အတွက် အရေးမဆိုနိုင်ချေ။

ဖြစ်ပွားသောအမှုတွင် တရားခံ ဦးအောင်မြင့် ကိုယ်တိုင်က ဒေါ်တင်အေး၏ မော်တော်ကားကို အလွဲသုံးစားပြု၍ ဦးမောင်ကိုသို့ တဆင့် ရောင်းချကြောင်း ဝန်ခံသည်။ ထို့ကြောင့် ထောင်ဒဏ်တနှစ် အပြစ်ခံရသည်။ ဤသို့ဖြစ်ခဲ့လျှင် ဦးအောင်မြင့်ထံမှ မော်တော်ကားကို၊ ဦးမောင်ကို ဝယ်ယူခြင်းအားဖြင့် တရား ဥပဒေအရ၊ ပိုင်ဆိုင်မှု ရနိုင်မည် မဟုတ်ချေ။ မော်တော်ကားကို မူလပိုင်ရှင် ဒေါ်တင်အေးသို့ ပြန်ပေးစေရန် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့ သဘောတူ ညီစွာအမိန့်ချမှတ်ထားခြင်းကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သောကြောင့် ပြင်ဆင်မှုကိုပယ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

### ဦးမောင်ကြီး (ခေါ်) ဦးစီအမ်ဂျီဝါး

### နှင့်

### ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးကာစင်မိုဟာမက်စူရ်တီ ပါ ၁၂)*

†၁၉၇၅ ဒီဇင်ဘာလ ၂၀ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ ဂေါပက အဖွဲ့ဝင်အဖြစ် မသင့်တော်သူ အရည်အချင်းမဲ့သူ ဖြစ်ကြောင်း အစည်းအဝေး ဆုံးဖြတ်ချက် ပေးပို့ခြင်း၊ အသရေဖျက်ရန် ကြံရွယ်ခြင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ခန့်ထားရေးကော်မတီသည် အစည်းအဝေးခေါ်ပြီး၊ ဆုံးဖြတ်ချက်ချမှတ်ကာ ယင်းဆုံးဖြတ်ချက် မှတ်တမ်းကို သက်ဆိုင်သူထံသို့ ပေးပို့ခြင်းမှာ လုပ်ငန်းအရ ဆောင်ရွက်ခြင်းသာဖြစ်သည်။ ဆုံးဖြတ်ချက်ကို ပေးပို့ရာ၌ သက်ဆိုင်သူ ထံသို့တိုက်ရိုက်ပေးပို့ခဲ့ခြင်း ဖြစ်သဖြင့် အသရေဖျက်ရန်ကြံရွယ်သည့်သဘောမသက်ရောက်။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။ဗဟိုတရားချုံးရှေ့နေ ဦးမောင်မောင် (၆)။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးတင်အုံး။

ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ စူဠိတီစွန်နီဂျာမေ ဗလီကြီး၏ ဂေါပက အဖွဲ့ဝင်တဦးဖြစ်သော ဦးမောင်ကြီး (ခ) ဦးစီအမ်ဂျီဝါးသည် ဂေါပက အဖွဲ့ဝင်အဖြစ် မသင့်တော်သူ၊ အရည်အချင်း ကင်းမဲ့သူ ဖြစ်သည်ဟု ထိုဗလီကြီး၏ ခန့်ထားရေး ကော်မတီ အဖွဲ့ဝင်များက အစည်းအဝေးတွင် ဆုံးဖြတ်ချက် ချမှတ်ပြီး၊ ယင်း ဆုံး ဖြတ် ချက် မှတ် တမ်း မိတ္တူ တ စောင် ကို ဦးမောင်ကြီး ထံ ပို့ ခဲ့ သည်။ ဦးမောင်ကြီးက မိမိ၏ ဂုဏ်သိက္ခာကို ထိပါးပါသည်ဟု စွပ်စွဲလျက် ခန့်ထားရေး ကော်မတီ၏ နာယက ဦးကာစင် မိုဟာမက်စူရ်တီနှင့် အဖွဲ့ဝင် ၁၀ ဦးတို့အား အသရေဖျက်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ ပန်းဘဲတန်းမြို့နယ် တရားရုံး၌

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၅၃(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၅ တွင်ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဇွန်လ ၃ ရက် နေ့စွဲပါရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကိုပြန်၍ပြင်ဆင်မှု။

၁၉၇၅

ဦးမောင်ကြီး (ခ) ဦးစီအမ်ဂျီဝါး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးကာစင် မိုဟာမက် စူရ်တီ ပါ ၁၂)။

၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၉၄၉ တွင် တရားစွဲဆိုခဲ့သည်။ ထိုတရားရုံးက တရားလို ဦးမောင်ကြီးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးပြီးနောက် အရေးယူရန် မခိုင်လုံဟု အကြောင်းပြလျက် အမှုကို ပလပ်ခဲ့သည်။ ဦးမောင်ကြီးက မကျေနပ်သဖြင့် ထိုအမိန့်ကိုပယ်ဖျက်ပေးပါရန် ရန်ကုန်တိုင်း တရားရုံးသို့ လျှောက်ထားရာ၊ ရန်ကုန်တိုင်း တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၅ သတ်မှတ်၍ ကြားနာပြီးနောက် ပြင်ဆင်မှုကို ပလပ်ကာ မူလရုံး၏ အမိန့်ကို အတည်ပြုခဲ့သည်။ ဦးမောင်ကြီးက မကျေနပ်သဖြင့် ဗဟို တရားရုံးသို့ တဆင့်တက်၍ ပြင်ဆင်မှု လျှောက်ထားခြင်း ဖြစ်သည်။

ခန့်ထားရေး ကော်မတီသည် အစည်းအဝေး ခေါ်ပြီး ဆုံးဖြတ်ချက် ချမှတ်ကာ ယင်းဆုံးဖြတ်ချက် မှတ်တမ်းကို သက်ဆိုင်သူထံသို့ပေးပို့ခြင်းမှာ လုပ်ငန်းအရ ဆောင်ရွက်ခြင်းသာ ဖြစ်သည်။ ဆုံးဖြတ်ချက်ကို ပေးပို့ရာ၌ သက်ဆိုင်သူထံသို့ တိုက်ရိုက် ပေးပို့ခဲ့ခြင်းဖြစ်သဖြင့် အသရေဖျက်ရန် ကြေငြာသည့် သဘော မသက်ရောက်ပေ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၉ ၌ အသရေဖျက်မှုအဓိပ္ပါယ်ကို ဖွင့်ဆိုလျက် မည်သည့်အခါတွင် ကင်းလွတ်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ထိုဥပဒေ ပြဋ္ဌာန်းချက်များ အရ ခန့်ထားရေးကော်မတီ၏ အပြုအမူသည် အသရေ ဖျက်မှုမမြောက်ကြောင်း မူလရုံးနှင့် တိုင်းတရားရုံးတို့က တညီတညွတ်တည်း တွေ့ရှိခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်သောကြောင့် ပယ်ဖျက်ရန် အကြောင်း မရှိဟု ကျွန်ုပ်တို့ ယူဆသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးလှမောင် နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမြင့်သိန်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

(ဦးတင်လတ်)

၁၉၇၅
ဒီဇင်ဘာလ
၃ ရက်။

ရုံးပြောင်းပေးရန် လျှောက်ထားမှု၊ စဉ်းစားရန်အချက်များ၊ စိုးရိမ်မကင်း ဖြစ်မှုမှာ တရားသူကြီး ဥက္ကဋ္ဌ တဦးတည်းအပေါ်တွင် မူတည်ခြင်း၊ အထူးအကြောင်း တစုံတရာ မရှိပါက ရုံးပြောင်း စစ်ဆေးခွင့်ကို မပြုသင့်ခြင်း၊ ဥက္ကဋ္ဌ ပါဝင်ခြင်းမရှိသော တရားစီရင်ရေးအဖွဲ့က စစ်ဆေးကြားနာရန်အမိန့်ချခြင်း။

ဆုံးဖြတ်ချက်။ ။ရုံးပြောင်းပေးရန်နှင့် ပတ်သက်၍ လျှောက်ထားရာတွင် တရားသူကြီး၏ သမာဓိရှိခြင်း၊ ဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်း အစရှိသည်တို့အပေါ်တွင် စဉ်းစားရန်သာမက တရားသူကြီး၏ အပြုအမူအရ တရားခံ၏စိတ်တွင် အမှုကို ထိုရုံး၌စစ်ဆေးပါက တရားမျှတမှုရလိမ့်မည်မဟုတ်ဟု စိုးရိမ်မကင်း ဖြစ်ခြင်းအပေါ်တွင် မူတည်၍လည်း စဉ်းစားရန်ရှိသည်။ ဤလျှောက်ထားသူ၏ စိုးရိမ်မကင်းဖြစ်မှုမှာ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌတဦးတည်း အပေါ်တွင် မူတည်လျက်ရှိသည်။ မျက်မှောက်ခေတ် တရားစီရင်ရေး စံနှစ်သည် ဗဟိုက ဦးစီး၍ဒေသအလိုက်ကိုယ်တိုင်စီမံဆောင်ရွက်သည့်စနစ်ဖြစ်သည်။ အထူးအကြောင်း တစုံတရာ ပေါ်ပေါက်ခြင်း မရှိပဲ ရုံးပြောင်း စစ်ဆေးခွင့်ကို မပြုသင့်၊ ယင်းကြောင့်အမှုကို အခြားမြို့နယ်တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးမည့်အစား တရားသူကြီး အဖွဲ့ ဥက္ကဋ္ဌ ပါဝင်ခြင်းမရှိသော †တရားစီရင်ရေး အဖွဲ့က စစ်ဆေးကြားနာစေရန် အမိန့်ချမှတ်သည်။

လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးချိန်ပိုး။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးတင်အုံး။

ဗဟိုတရားရုံးရှေ့နေ ဦးကျား။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၆၈။

† ဒဂုံမြို့နယ် တရားရုံးတွင်စစ်ဆေးကြားနာနေဆဲဖြစ်သော ပြစ်မှုဆိုင်ရာ အမှုအမှတ် ၁၄၁/၇၄ ကို၊ ရန်ကုန်တိုင်းအတွင်းရှိ အခြားမြို့နယ် တရားရုံးအဖွဲ့သို့ လွှဲပြောင်းစစ်ဆေးကြားနာရန် လျှောက်ထားခြင်း။

၁၉၇၅ — ဦးမြင့်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ဦးတင်လတ်)။

လျှောက်ထားသူ ဦးမြင့်သိန်းအပေါ်တွင် လျှောက်ထားခံရသူ ဦးတင်လတ် က ဒဂုံမြို့နယ် တရားရုံးတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇/၄၂၇ တို့အရ ဦးမြင့်သိန်း ၏ အိမ်အမိုးသည် မိမိမြေဘက်သို့ တပေခန့် ကျူးကျော်နေသောကြောင့် မိုးရေများ ကျဆင်းပြီး မိမိအိမ်တံခါးများ ပျက်စီးရသည်ဟူ၍ တရားစွဲဆိုသည်။ ဤသို့စွဲဆိုသော အမှုကို ဒဂုံမြို့နယ် တရားရုံးမှ အခြားမြို့နယ် တရားရုံးသို့ ပြောင်းရွှေ့ပေးရန် ဦးမြင့်သိန်းက တိုင်းတရားရုံးသို့ လျှောက်ထားရာတွင် မအောင်မြင် သောကြောင့် ဗဟိုတရားရုံးသို့ ရောက်ရှိလာရခြင်း ဖြစ်သည်။

ဦးမြင့်သိန်းက ရုံးပြောင်းပေးရန် လျှောက်ထားရသည့် အကြောင်းမှာ ယခုအမှု မစွဲမီ ဦးတင်လတ် တိုင်တန်းချက်အရ ဦးမြင့်သိန်းအပေါ် မြူနီစီပါယ်အဖွဲ့မှ အိမ်မိုး ကျူးကျော်ခြင်း ရှိသည်ဟူ၍ မြူနီစီပါယ်ဥပဒေ ပုဒ်မ ၁၅၃/၂၀၅ အရ ဒဂုံမြို့နယ် တရားရုံးတွင်တရားစွဲဆို၍ ဦးမြင့်သိန်းအ ပေါ် ဒဏ်ငွေ ၁၂၅ ကျပ် တပ်ရိုက်သည်။ သို့ရာ တွင်တိုင်းတရားရုံးမှ ဒဏ်ငွေကို ပယ်ဖျက်လိုက်သည်။ ထို့နောက်တဖန် ဦးတင်လတ်၏ တိုင်တန်းချက်အရပင် မြူနီစီပါယ်အဖွဲ့မှ ဦးမြင့်သိန်းအပေါ် မြူနီစီပါယ်ဥပဒေအရ နောက်ထပ်တမှု တရားစွဲပြန်သည်။ ထိုအမှုကို ဦးမြင့်သိန်းက ရုံးပြောင်းစစ်ဆေး ပေးရန်အတွက် လျှောက်ထားသောအခါ ဗဟိုတရားရုံးက ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာအမှတ် ၂၀/၇၄ အမှုတွင် အခြားမြို့နယ်တရားရုံးသို့ ပြောင်းရွှေ့ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ဤသို့ ဖြစ်ပျက်ပြီးနောက် ယခုတဖန်ဦးတင်လတ်က ဦးမြင့်သိန်း အပေါ် ဒဂုံမြို့နယ်တရားရုံးတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇/၄၂၇ အရ ထပ်မံစွဲဆို သောကြောင့် ရုံးပြောင်းပေးရန် လျှောက်ထားခြင်း ဖြစ်လေသည်။

ဗဟိုတရားရုံး ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာအမှတ် ၂၀/၇၄ ဒဂုံမြို့နယ် တရားရုံးမှ အခြားမြို့နယ် တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးပေးရန်အတွက် အမိန့်တွင် မူလတရားရုံးသည် လျှောက်ထားသူ၏အမှုကို ရက်ချိန်းပေးပြီးမှ ပြင်ဆင်သတ်မှတ် ခြင်း၊ အယူခံ တင်ထားကြောင်း တင်ပြသော်လည်း ရက်ချိန်း ခွင့်မပြုခြင်း၊ တရား သူကြီးအဖွဲ့ ဥက္ကဋ္ဌသည် နလက အတွင်းရေးမှူးအဖြစ် အမှုနှင့်ပတ်သက်၍အရေးယူ ခဲ့ခြင်း အစရှိသော အထက်ဖော်ပြပါ အချက်များကို အကြောင်းပြု၍ ရုံးပြောင်း လျှောက်လွှာကို ခွင့်ပြုခဲ့သည်။

ယခုအမှုနှင့် ယခင် ဗဟိုတရားရုံးမှ ဆုံးဖြတ်ခဲ့သော အမှုတို့မှာ တူညီသည်ဟု မဆိုနိုင်ချေ။ ယခင်မြူနီစီပါယ်အဖွဲ့မှ တရားလိုပြုလုပ်၍ စွဲဆိုသောအမှုကို စစ်ဆေး ကြားနာရန်ဖြစ်သော ဒဂုံမြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌသည် ဒဂုံမြို့နယ် လအက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့၍ အမှုဖြစ်ပျက်သည့် အကြောင်းအရာများကို

ကြိုတင်သိရှိနားလည်ပြီး စိတ်ဝင်စားသူ တဦးဖြစ်ခဲ့ကြောင်း ပေါ်ပေါက်သည်။ ယခုအမှုကို ပုဂ္ဂိုလ်တဦးခြင်းအနေဖြင့် ပိုင်နက် ကျူးလွန်မှုနှင့် ၊အကျိုးပျက်စီးစေမှုတို့အရ စွဲဆိုခြင်း ဖြစ်လေသည်။

၁၉၇၅ — ဦးမြင့်သိန်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးတင်လတ်)။

လျှောက်ထားသူသည် မိမိအမှုကို ဒဂုံမြို့နယ် တရားရုံးတွင် စစ်ဆေးပါက တရားမျှတမှု ရနိုင်လိမ့်မည် မဟုတ်ဟုစိုးရိမ်မကင်းရှိခြင်းမှာ ဒဂုံမြို့နယ် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌသည် ယခင်ဒဂုံမြို့နယ်တွင် လအက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး လျှောက်ထားသူ၏ အိမ်အမိုးနှင့် ပတ်သက်၍မြို့နီစီပါယ်ဥပဒေအရ အရေးယူခဲ့သောကြောင့် ဖြစ်သည်။ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌကိုယ်တိုင် ပါဝင်သော တရားစီရင်ရေးအဖွဲ့က ယခင်အမှုကို ဆောင်ရွက်ရာတွင် သတ်မှတ်ပြီးသောရက်ချိန်းကို ပြင်ဆင်ခြင်း အယူခံထားသော်လည်း ဆိုင်းငံ့ခွင့်မပေးခြင်း အစရှိသည်တို့ ပြုမူသောအခါတွင် လျှောက်ထားသူ၏ စိုးရိမ်မကင်းဖြစ်မှု ပိုမိုကြီးမားလာခဲ့ရပေသည်။

ရုံးပြောင်းပေးရန်နှင့် ပတ်သက်၍ လျှောက်ထားရာတွင် တရားသူကြီး၏ သမာဓိရှိခြင်း၊ ဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်း အစရှိသည်တို့အပေါ်တွင် စဉ်းစားရန်သာမက တရားသူကြီး၏ အပြုအမူအရ တရားခံ၏စိတ်တွင် အမှုကိုရုံး၌စစ်ဆေးပါက တရားမျှတမှု ရလိမ့်မည်မဟုတ်ဟု စိုးရိမ်မကင်း ဖြစ်ခြင်းအပေါ်တွင်မူတည်၍လည်း စဉ်းစားရန်ရှိသည်။ ယခင်ရုံးပြောင်းပေးခဲ့သော အမှုတွင် ဒဂုံမြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌကိုယ်တိုင် ပါဝင်သော တရားစီရင်ရေးအဖွဲ့သည် လျှောက်ထားသူအနေဖြင့် စိုးရိမ်မှုဖြစ်ပေါ်စေရန် အပြုအမူများရှိခဲ့သည်။ ထို့ကြောင့်ပင် ဗဟိုတရားရုံးက ရုံးပြောင်းစစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။ ယခုအမှုကို စစ်ဆေးကြားနာလျက်ရှိသော ဒဂုံမြို့နယ် တရားစီရင်ရေးအဖွဲ့သည် အမှုနှင့်ပတ်သက်၍ မပြုအပ်သောဆောင်ရွက်ချက်များ ပြုလုပ်ခဲ့ပါသည်ဟူ၍ စွပ်စွဲချက် မပေါ်ပေါက်ချေ။ လျှောက်ထားသူ၏ စိုးရိမ်မကင်းဖြစ်မှုမှာလည်း ဒဂုံမြို့နယ် တရားသူကြီးဥက္ကဋ္ဌ တဦးတည်းအပေါ်တွင် မူတည်လျက် ရှိပေသည်။ မျက်မှောက်ခေတ် တရားစီရင်ရေးစနစ်သည် ဗဟိုက ဦးစီးဦးဆောင်ပြု၍ ဒေသလိုက် ကိုယ်တိုင်စီမံဆောင်ရွက်သည့် စနစ်ဖြစ်သည်။ အထူးအကြောင်း တစုံတရာ ပေါ်ပေါက်ခြင်းမရှိပဲ ရုံးပြောင်းစစ်ဆေးခွင့်ကို မပြုသင့်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထို့ကြောင့် အမှုကို အခြားမြို့နယ် တရားရုံးသို့ ရွှေ့ပြောင်းစစ်ဆေးမည့်အစား ဒဂုံမြို့နယ်တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ပါဝင်ခြင်းမရှိသော တရားစီရင်ရေးအဖွဲ့က စစ်ဆေးကြားနာစေရန် အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးစိုးလှိုင် တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ရင်ကျော့မောင် ပါ ၂

† ၁၉၇၅ ဇူလိုင်လ ၂၈ ရက်။

## နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅၊ ခိုးပြတိုက်ရာပါပစ္စည်း တွေ့ရှိမှုနှင့် ခိုးပြမှုကျူးလွန်ခဲ့သည်ဟု တထစ်ချဆိုနိုင် မဆိုနိုင်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၂ အရပြောင်းလဲ၍စီရင်ခြင်း။

ဆုံးဖြတ်ချက်။ ။ခိုးပြတိုက်ခံရသူတို့၏ နေအိမ်တွင် ခိုးပြတိုက်မှုဖြစ်ပွားပြီး ၄ လကျော် ကြာမှ ခိုးပြတိုက်ရာပါ ပစ္စည်းဖြစ်သော ရေဒီယိုကို လျှောက်ထားသူများထံတွင်ပြန်လည် တွေ့ရှိရခြင်းဖြစ်သည်။ ဤသို့တွေ့ရှိရမှုဖြင့် လျှောက်ထားသူများသည် ခိုးပြမှုကိုကျူးလွန် ခဲ့သည်ဟု တထစ်ချမဆိုနိုင်။ ထို့ကြောင့် ၎င်းတို့အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ အရ ပြစ်မှုထင်ရှား စီရင်ခြင်းသည် ဥပဒေအရ မှန်ကန်ပုံ မပေါ်ပေ။ ယင်းပုဒ်မအစား ခိုးပြတိုက်ရာပါ ပစ္စည်းကို လက်ခံမှုဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၂ အရ ပြောင်းလဲစီရင်သင့်သည်။

ပြင်ဆင်ရန်လျှောက်ထားသူများအတွက်။ ။မလာ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရွှေ။

လျှောက်ထားသူ မောင်ရင်ကျော့မောင် နှင့် မောင်ကူကြီးတို့သည် တပ်ကုန်း မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်၅၁/၇၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၉၅ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ်စီ ချမှတ်ခြင်း ခံရသူများ ဖြစ်သည်။ ၎င်းတို့က မကျေနပ်၍ ပျဉ်းမနားမြို့ရုံးထိုင်၊ မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၇/၇၃ တွင် အယူခံသော်လည်းမအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှု ဆက်လက် လျှောက်ထားခြင်းဖြစ်သည်။

၁၃၃၄ ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့ (၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် နေ့) ည ၇ နာရီအချိန်ခန့်တွင် တပ်ကုန်းမြို့နယ်၊ ကြာပင်အင်းရွာနေ ဦးစုနှင့် ဒေါ်ပု၏

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၄၃(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၇ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့စွဲပါ ပျဉ်းမနားမြို့ရုံးထိုင်၊ မန္တလေးတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅ — ရင်ကျော့မောင် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

အိမ်သို့ သေနတ်ကိုင်ဓားပြ ၈ ဦးခန့် လာရောက်၍ရေဒီယိုတလုံး၊ လက်ပတ်နာရီ ၂ လုံး၊ ရွှေထည်ပစ္စည်းများနှင့် ငွေသားများ (စုစုပေါင်း တန်ဖိုး ၃,၅၁၀) ကို တိုက်ယူသွားသည်။ ဓားပြများက သေနတ် ၂ ချက်ပစ်ဖောက်ရာ၊အိမ်ရှင်များ၏သား မောင်ပြား၏ ညာဘက်လက်ကို သေနတ်တချက် ထိမှန်သွားသည်။

ဓားပြကိုက်စဉ်က ဓားပြတိုက်ခံရသည့်အိမ်တွင် အိမ်ရှင်ဒေါ်ပု (လိုပြ-၁)၊ ၎င်း၏ ခင်ပွန်း ဦးစု (လိုပြ-၂)၊ ၎င်းတို့၏သား မောင်ပြား (လိုပြ-၃)၊ သမီး မကြင်လှ (လိုပြ-၄)နှင့် သူရင်းငှား ဦးစံခွား (လိုပြ-၅) တို့ရှိနေကြသည်။ ၎င်းတို့အနက် မည်သူကမျှ ဓားပြများကို မမှတ်မိလိုက်ကြချေ။

ဒေါ်ပုသည် တောင်ပို့သာ ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ ညတွင်းချင်း သွားရောက်၍ တိုင်ချက်ပေးခဲ့သည်။

၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ညောင်ရမ်း ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူး ဒုတိယလုံခြုံရေးမှူး အဆင့် (၂)ဦးစောနောင် (လိုပြ-၈)သည် အခြားအမှုကိုစုံစမ်းရင်း ပင်မြိုင်ရွာ မောင်ကွက်ကြီး (လျှောက်ထားသူအမှတ် ၂)၏အိမ်တွင်အိမ်ရှင် မောင်ကွက်ကြီးနှင့် ညီဖြစ်သည် မောင်ရင်ကျော့မောင် (လျှောက်ထားသူ အမှတ် ၁) တို့ကို မသင်္ကာဖွယ်ရာ ရေဒီယိုတလုံးနှင့်အတူ တွေ့ရသဖြင့် ဖမ်းဆီးလိုက်သည်။ ထို့နောက် ကြာပင်အင်းရွာကိုပိုင်သော တောင်ပို့သာပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှ စခန်းမှူး ဦးစိုးလွင် (လိုပြ-၁၀)က ဆက်လက်စုံစမ်းသည်။ ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် တောင်ပို့သာ ရလကအဖွဲ့ဝင် ဦးတင်မောင် (လိုပြ-၇)၏ရှေ့၌ ပစ္စည်းပြသောအခါ ဦးစု (လိုပြ-၂)သည် သက်သေခံရေဒီယိုကို ဆွဲထုတ်၍ မိမိထံမှ ဓားပြများ တိုက်ယူသွားသော ရေဒီယိုဖြစ်ကြောင်း ပြောပြသည်။ ထိုရေဒီယိုသည်လျှောက်ထားသူများထံတွင် ရဲအရာရှိ ဦးစောနောင်က တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သော ရေဒီယိုဖြစ်သည်။ မကြင်လှ (လိုပြ-၄)ကလည်း ထိုရေဒီယိုကို မှတ်မိသည်။

ဦးစုနှင့် မကြင်လှတို့၏ ထွက်ချက်များအရ ဓားပြများတိုက်ယူသွားသော ရေဒီယိုကို လျှောက်ထားသူများထံ၌ ပြန်လည် တွေ့ရှိရကြောင်းထင်ရှားသည်။လျှောက်ထားသူအမှတ် (၁) က ထိုရေဒီယိုမှာ မိမိဝယ်ယူလာသော ရေဒီယိုဖြစ်ပါသည်ဟု ထွက်ဆိုသော်လည်း သက်သေမပြနိုင်ပေ။

ဦးစုနှင့် ဒေါ်ပုတို့၏နေအိမ်တွင် ဓားပြတိုက်မှု ဖြစ်ပွားပြီး ၄ လကျော်ကြာမှ ဓားပြတိုက်ရာပါပစ္စည်းဖြစ်သော ရေဒီယိုကို လျှောက်ထားသူများထံတွင် ပြန်လည် တွေ့ရှိရခြင်းဖြစ်သည်။ ဤသို့ တွေ့ရှိရယုံမျှနှင့် လျှောက်ထားသူများသည် ဓားပြမှုကို ကျူးလွန်ခဲ့သည်ဟု တထစ်ချမဆိုနိုင်။ ထို့ကြောင့် ၎င်းတို့အပေါ်တွင် ပြစ်မှုဆိုင်ရာ

၁၉၇၅

ရင်ကျော့မောင် ပါ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ဥပဒေပုဒ်မ ၃၉၅ အရ၊ ပြစ်မှုထင်ရှား စီရင်ခြင်းသည် ဥပဒေအရ မှန်ကန်ပုံမပေါ်ပေ။ ယင်းပုဒ်မအစား မေးပြတိုက်ရာပါပစ္စည်းကို လက်ခံမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၂ အရ၊ ပြောင်းလဲစီရင်သင့်သည်။ ထိုပုဒ်မအရ တသက်တကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်အထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ ချမှတ်နိုင်သောကြောင့် မူလရုံးက ပေးထားသော ထောင်ဒဏ် ၅ နှစ်ပြစ်ဒဏ်သည် ကြီးလေးခြင်းမရှိဟု ယူဆသည်။

လျှောက်ထားသူများ အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ အရ၊ ပြစ်မှုထင်ရှား စီရင်ထားခြင်းကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၂ သို့ပြောင်းလဲ စီရင်ပြီး၊အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၅ နှစ်စီကျခံစေရန်ချမှတ်ထားခြင်းကိုအတည်ပြုသည်။ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးထွန်းအောင်ကျော် တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ရမ်မနန် (ခေါ်) မောင်ခင်ပေါင် ပါ ၂

†၁၉၇၅
ဒီဇင်ဘာလ
၄ ရက်။

## နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေပုဒ်မ ၅(၁) အရအရေးယူမှု၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု ဥပဒေပုဒ်မ၄(၂)၏ လိုအပ်ချက်များ၊ မိခင်သည် ပြည်ထောင်စုတွင်ပါဝင်သော နယ်မြေတွင်မွေးဖွားသော်လည်း ဖခင်ဖြစ်သူသည် ထိုသို့ မွေးဖွားကြောင်းအထောက်အထား မရှိခြင်း၊ ယင်းဥပဒေပုဒ်မ ၄(၂)အရ မြန်မာနိုင်ငံသား ဖြစ်သည်ဟုယူဆနိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု ဥပဒေပုဒ်မ ၄(၂) တွင် ပြည်ထောင်စုတွင် ပါဝင်သော နယ်မြေတခုခုတွင် အနည်းဆုံး ဘိုးဘွားအားလုံးလက်ထက်မှစ၍ မိမိတို့၏ ပင်ရင်းတိုင်းပြည်အဖြစ်ဖြင့် မျိုးဆက်မပြတ် ထာဝစဉ် အခြေစိုက်နေထိုင်လာခဲ့သည့်ပြင်၊ မိမိ မိဘနှစ်ပါးနှင့်တကွ မိမိကိုယ်တိုင် ထိုနယ်မြေတခုခုတွင် မွေးဖွားသူဖြစ်လျှင်၊ ထိုသူအား မြန်မာ နိုင်ငံသားဖြစ်သည်ဟု မှတ်ယူရမည်ဟုပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်တွင် ဖော်ပြထားသော လုအပ်ချက်များအနက် လိုအပ်ချက်တခုမှာ လျှောက်ထားသူများ၏ မိဘ နှစ်ပါးလုံးသည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အတွင်း မွေးဖွားသူများ ဖြစ်ရပေမည်။ လျှောက်ထားသူ၏ မိခင် သည် ပြည်ထောင်စုအတွင်း မွေးဖွားခဲ့စေကာမူ လျှောက်ထားသူ၏ ဖခင်သည် ပြည်ထောင်စုအတွင်း မွေးဖွားကြောင်း အထောက်အထား မရှိသဖြင့် လျှောက်ထားသူများသည် မြန်မာနိုင်ငံသား ဖြစ်သည်ဟု ယူဆရန်အကြောင်းမရှိ။

ပြင်ဆင်ရန်လျှောက်ထားသူများအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးသက်ငွေ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း။

ရမ်မနန် (ခေါ်) မောင်ခင်မောင်နှင့် ရမ်ဒီရမ်(ခေါ်)မောင်ခင်မြင့်တို့ ညီအစ်ကိုသည် မိမိတို့ ကိုင်ဆောင်သော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်များကို မလဲလှယ်ဘဲနေသဖြင့် တရားစွဲဆိုခြင်း ခံရသည်။ ရမ်မနန် (ခေါ်) မောင်ခင်မောင်

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၂၀(ခ)၊ ၂၂၁(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၆ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့စွဲပါ ပြည်မြို့ရုံးထိုင်၊ ပဲခူးတိုင်းတရားရုံးအမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၇၅

ရမ်မနန် (ခေါ်) မောင်ခင်မောင် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

အပေါ်တွင် ပြည်မြို့နယ်တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၆၆၆ အရလည်းကောင်း၊ ရမ်ဒီရမ် (ခေါ်) မောင်ခင်မြင့် အပေါ်တွင် ပြည်မြို့နယ် တရားရုံးက ၁၉၇၃ ခုနှစ်၊ပြစ်မှုဆိုင်ရာ အမှုအမှတ် ၆၆၇ အရလည်းကောင်း သတ်မှတ်၍ စစ်ဆေးကြားနာပြီးနောက် ၎င်းတို့အား နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေပုဒ်မ ၅ (၁)အရ၊ ငွေဒဏ် ၂၅ိ စီဆောင်စေရန် မဆောင်ပါက အလုပ်နှင့် ထောင်ဒဏ် တလစီ ကျခံစေရန် အမိန့်များ ချမှတ်ခဲ့သည်။ ပြည်မြို့ရုံးထိုင်၊ ပဲခူးတိုင်း တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၆ နှင့် ၁၇ တို့တွင် မူလရုံး၏ အမိန့်များကို အတည်ပြုခဲ့သည်။

ရမ်မနန် (ခေါ်) မောင်ခင်မောင်နှင့် ရမ်ဒီရမ် (ခေါ်) မောင်ခင်မြင့်တို့က မကျေနပ်သဖြင့် အောက်ရုံးမှ ချမှတ်ခဲ့သော အမိန့်များကို ပယ်ဖျက်ပေးပါရန် ဗဟို တရားရုံးသို့ ပြင်ဆင်မှုများ လျှောက်ထားကြခြင်းဖြစ်သည်။ ဤပြင်ဆင်မှု ၂ မှုသည် အကြောင်းခြင်းရာနှင့်တကွ ဥပဒေအရ တသဘောတည်း ဖြစ်ခြင်းကြောင့် ပူးပေါင်း ကြားနာပြီး ဤအမိန့်ကို ရေးသားချမှတ်သည်။

လျှောက်ထားသူများက မိမိတို့သည် တိုင်းရင်းသား ဘိုးဘွားများမှ ဆင်းသက် လာသူများဖြစ်ကြောင်း၊ မိမိတို့၏ မိခင်ဘက်မှ ဘိုးဘွားများသည် မြန်မာလူမျိုး ဦးဘိုးခနှင့် ဒေါ်အုန်းစိန်တို့ဖြစ်၍ ၎င်းတို့သည် ဇီးကုန်းမြို့နယ် သစ်နဖားရွာ၌ နေထိုင် ခဲ့ကြောင်း၊ မိမိတို့၏မိခင် ဒေါ်ပုသည် တိုင်းရင်းသားဖြစ်၍ ၎င်းအား သစ်နဖားရွာ၌ မွေးဖွားခဲ့ကြောင်း၊ မိမိတို့၏ ဘခင်မှာ နိုင်ငံခြားသား ရမ်ဒါရီဖြစ်ကြောင်း၊ မိမိတို့အား ပြည်မြို့၌မွေးဖွားခဲ့ကြောင်း၊ မိမိတို့သည် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂)အရ မြန်မာနိုင်ငံသားများ ဖြစ်ကြကြောင်း၊ မူလက မိမိတို့တွင် အမျိုးသားမှတ်ပုံတင် လက်မှတ်များ ရှိခဲ့ကြောင်း၊ ထိုလက်မှတ်များကို မှတ်ပုံတင်ရုံးက သိမ်းသွားပြီးနောက် ၆ လခန့် ကြာသောအခါ မိမိတို့အား နိုင်ငံခြား သားမှတ်ပုံတင် လက်မှတ်များ ထုတ်ပေးခဲ့ကြောင်း၊ မိမိတို့အား မှားယွင်းစွာ ထုတ် ပေးထားသော နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်များကို လဲလှယ်ရန် တာဝန်မရှိ သဖြင့် မိမိတို့တွင် အပြစ်မရှိပါဟု တင်ပြကြသည်။

၁၉၄၈ ခုနှစ်၊ ပြည်ထောင် စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂)က ဤသို့ဆိုပါသည်။

"ပြည်ထောင်စုတွင် ပါဝင်သော နယ်မြေ တခုခုတွင် အနည်းဆုံး ဘိုးဘွား အားလုံး လက်ထက်မှစ၍ မိမိတို့၏ ပင်ရင်းတိုင်းပြည် အဖြစ်ဖြင့် မျိုးဆက်မပြတ် ထာဝစဉ် အခြေစိုက်နေထိုင် လာခဲ့သည့်ပြင်၊ မိမိ၏ မိဘနှစ်ပါးနှင့်တကွ မိမိ

၁၉၇၅

ရမ်မနန် (ခေါ်) မောင်ခင်မောင် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ကုယ်တိုင် ထိုနယ်မြေတခုခုတွင် မွေးဖွားသူဖြစ်လျှင် ထိုသူအား မြန်မာနိုင်ငံ သားဖြစ်သည်**ဟု** မှတ်ယူရမည်။ ”

အထက်ဖော်ပြပါ ဥပဒေ ပြဋ္ဌာန်းချက်တွင် ဖော်ပြထားသော လိုအပ်ချက်များ အနက်၊ လိုအပ်ချက်တခုမှာ လျှောက်ထားသူများ၏ မိဘ ၂ ပါးလုံးသည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အတွင်း မွေးဖွားသူများ ဖြစ်ရပေမည်၊ လျှောက်ထားသူများ၏ မိခင်သည် ပြည်ထောင်စုအတွင်းမွေးဖွားခဲ့သူ ဖြစ်ကြောင်း အထောက်အထား ရှိစေကာမူ၊ လျှောက်ထားသူများ၏ ဖခင်သည် ပြည်ထောင်စု အတွင်းတွင် မွေးဖွားခဲ့သူဖြစ်ကြောင်း အထောက်အထား မရှိသဖြင့် လျှောက်ထားသူ များသည် မြန်မာနိုင်ငံသားများ အလိုအလျောက် ဖြစ်သည်ဟု ဖော်ပြပါ ဥပဒေအရ ယူဆရန်အကြောင်း မရှိချေ။

ပူလက အမျိုးသား မှတ်ပုံတင် လက်မှတ်များ ကိုင်ဆောင်ခဲ့ကြောင်းကိုလည်း လျှောက်ထားသူများသည် သက်သေ မပြနိုင်ပေ။

လျှောက်ထားသူများသည် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂)၏ အကာအကွယ်ကို မရရှိနိုင်။ သို့ရာတွင် ယင်းဥပဒေ၏ ပုဒ်မ ၆ (၁)အရအခွင့်အရေးများကို လျှောက်ထား တောင်းခံနိုင်သည်။

လက်ရှိ အခြေအနေတွင် လျှောက်ထားသူများသည် နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်များကို ကိုင်ဆောင်ထားသည်ဖြစ်ရာ၊ထိုလက်မှတ်များကို နှစ်စဉ်လဲလှယ်ရန် တာဝန်ရှိသည်။ ထိုတာဝန်အရ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သဖြင့်၊ နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေပုဒ်မ ၅ (၁)အရ အပြစ်ရှိသည်။

မူလရုံးနှင့် တိုင်းအယူခံရုံးတို့က ပြစ်မှုထင်ရှားကြောင်း တညီတညွတ်တည်း ဆုံး ဖြတ်ထားခြင်းမှာ ဥပဒေအရ မှားယွင်း ချွတ်ချော်ခြင်း မရှိသောကြောင့် ထိုအမိန့် များကို ပယ်ဖျက်ရန်အကြောင်း မရှိပေ။ သတ်မှတ်ထားသော ငွေဒဏ်များမှာလည်း ကြီးလေးသည်ဟု မဆိုနိုင်သောကြောင့် လျှော့ပေါ့ရန်အကြောင်း မရှိပေ။

ထို့ကြောင့် ပြင်ဆင်မှုများကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းဗေဒင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးစိုးလှိုင် တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
မတ်လ ၅ ရက်။

## ဦးလှရီ ပါ ၂
## နှင့်
## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

နှာခေါင်းရိုးကျိုးသော ဒဏ်ရာကို မည်သူ၏ လက်ချက်ကြောင့် ရရှိခဲ့ကြောင်း ခွဲခြား၍တပ်အပ် သေချာစွာ မပြောနိုင်သောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြစ်မှုထင်ရှား စရင်ရန် မသင့်ပဲ ဟဆင့်နိမ့်သော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရသာလျှင် ပြစ်မှု ထင်ရှားစီရင်သင့်ခြင်း။

ဆုံးဖြတ်ချက်။ ။မောင်တင်မောင်အား ဦးလှရီက မျဉ်းလုံးနှင့်ရိုက်၍ ဦးမောင်မောင်က လက်သီးနှင့် ထိုးသဖြင့် မောင်တင်မောင်တွင် နှာခေါင်းရိုးကျိုးသော ဒဏ်ရာ ရရှိခဲ့ကြောင်း ထင်ရှားသည်။ သို့ရာတွင် ဦးလှရီနှင့် ဦးမောင်မောင်တို့ နှစ်ဦးအနက် မည်သူ၏ လက်ချက်ဖြင့် ယင်းဒဏ်ရာရရှိခဲ့ကြောင်း ခွဲခြား၍ တပ်အပ် သေချာစွာ မပြောနိုင်သောကြောင့် ဦးလှရီနှင့် ဦးမေ င်မောင်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရပြစ်မှုထင်ရှား စီရင်ရန်မသင့်ပေ။ တဆင့်နိမ့်သော ပြစ်မှုဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၀ အရသာလျှင် ပြစ်မှုထင်ရှားစီရင်ရန် ဖြစ်သည်။

ပြင်ဆင်ရန် လျှောက်ထားသူများအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး ဦးဟန်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)
ဦးသိန်းအောင်။

စက်ဘီးခိုးမှုနှင့် မသင်္ကာသဖြင့် ဖမ်းဆီးထားသော မောင်တင်မောင်အား ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ညတွင် လယ်ဝေးမြို့ ပြည်သူ့ရဲ တပ်ဖွဲ့စခန်းဦး ဒု-လုံခြုံရေးမှူးအဆင့် (၂) ဦးလှရီက မျဉ်းလုံးနှင့်ရိုက်၍ စစ်မေးသည်။ ဦးလှရီ စစ်မေးစဉ် ရဲတပ်ကြပ် ဦးမောင်မောင်က မောင်တင်မောင်အားလက်သီးနှင့် ထိုးသည်။ မောင်တင်မောင်တွင် နှာခေါင်းရိုး ကျိုးသွားသော ဒဏ်ရာရရှိသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၃၆(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့စွဲပါ ပျဉ်းမနားမြို့ရုံးထိုင်၊ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅
ဦးလှရီ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

မောင်တင်မောင်၏ ဖခင် ဦးမောင်ကိုက ဤအကြောင်းကို မြို့နယ် လုံခြုံရေးမှူးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌအား တိုင်ကြားပြီးနောက် ရဲစခန်းသို့ သွားရောက် တိုင်ကြားသဖြင့် ဦးလှရီနှင့် ဦးမောင်မောင်တို့ အပေါ်၌ လယ်ဝေးမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၂၀/၇၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ၊ တရားစွဲဆိုခဲ့လေသည်။ ထိုအမှုကို စစ်ဆေးကြားနာသောမြို့နယ်တရားစီရင်ရေးအဖွဲ့က ဦးလှရီအပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅/၃၃၀/၃၃၁ အရ ပြစ်မှုထင်ရှား စီရင်၍ ငွေဒဏ် ၁၅၀ ကျပ်ပေးဆောင်စေရန်၊ ပျက်ကွက်ပါက ထောင်ဒဏ် ၃ လ ကျခံစေရန်နှင့် ဒဏ်ငွေအနက်မှ ၁၂၅ ကျပ်ကို မောင်တင်မောင်သို့ နာကျင်မှုအတွက် ပေးစေရန် အမိန့်ချမှတ်သည်။ ဦးမောင်မောင်အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅/၃၃၀/၃၃၁ အရ ပြစ်မှုထင်ရှား စီရင်၍ ငွေဒဏ် ၁၀၀ ကျပ် ပေးဆောင်စေရန် ပျက်ကွက်ပါက ထောင်ဒဏ် ၂ လကျခံစေရန်နှင့် ဒဏ်ငွေအနက်မှ ၇၅ ကျပ်ကို မောင်တင်မောင်သို့နာကျင်မှုအတွက်ပေးစေရန်အမိန့်ချမှတ်သည်။မောင်တင်မောင်နှင့် ဦးမောင်ကိုတို့က ထိုပြစ်ဒဏ်များသည် သက်ညှာလွန်းသဖြင့် တိုးမြှင့်ပေးပါရန်လျှောက် ထားချက်အရ ပျဉ်းမနားမြို့ ရုံးထိုင်၊ မန္တလေးတိုင်း တရားစီရင်ရေးအဖွဲ့က ပျဉ်းမနား မြို့ရုံးထိုင်၊ မန္တလေးတိုင်းတရားရုံး၊ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၁/၇၃ တွင်ကြားနာ၍ ဦးလှရီနှင့် ဦးမောင်မောင်တို့အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြောင်းလဲ၍ ပြစ်မှုထင်ရှား စီရင်ပြီးလျှင်၊ ဦးလှရီအား ထောင်ဒဏ် တနှစ်နှင့် ခြောက်လကျခံ စေရန်နှင့်ငွေဒဏ် ၁၅၀ ကျပ် ပေးဆောင်စေရန်၊ မဆောင်ပါက အလုပ်နှင့် ထောင်ဒဏ် ၃ လကျခံစေရန်၊ ဦးမောင်မောင်အား အလုပ်နှင့် ထောင်ဒဏ် တနှစ်ကျခံစေရန်နှင့် ငွေဒဏ် ၁၀၀ ကျပ်ပေးဆောင်စေရန်၊ မဆောင်ပါက အလုပ်နှင့်ထောင်ဒဏ် ၂ လ ကျခံစေ၊ဒဏ်ငွေများ ရရှိကလျော်ကြေးအဖြစ် ၂၀၀ ကျပ်ကို နစ်နာသူမောင်တင်မောင် အား ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ဤကဲ့သို့ ပြစ်ဒဏ်တိုးမြှင့် ချမှတ်ခြင်းကို ဦးလှရီနှင့် ဦးမောင်မောင်တို့က မကျေနပ်သောကြောင့် ဗဟိုတရားရုံးတွင် ယခု ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

စွဲချက် တင်ထားသော ပုဒ်မဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းမပြုဘဲ အခြား သင့်တော် သော ပုဒ်မဖြင့် ပြစ်မှုထင်ရှား စီရင်နိုင်သည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၇ အရ ပြဋ္ဌာန်းထားသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၈ အရ၊ ကြီးသော ပြစ်မှုဖြင့် စွဲချက်တင်ခဲ့ပြီးနောက် ငယ်သောပြစ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်နိုင်သည်။ သို့ရာတွင် ငယ်သောပြစ်မှုဖြင့် စွဲချက်တင်ခဲ့ပြီးနောက် ကြီးသောပြစ်မှုဖြင့် ပြစ်မှု ထင်ရှား စီရင်ခြင်း မပြုနိုင်။ ထို့ကြောင့် မူလမှုတွင် ဦးလှရီအပေါ်၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ စွဲချက်တင်၍ စစ်ဆေးခဲ့ပြီးနောက် ပြစ်မှုထင်ရှား စီရင်သော

အခါ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြစ်မှုထင်ရှား စီရင်ခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်။ အကြောင်းမူကား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ အများဆုံး ချမှတ်နိုင်သည့် ပြစ်ဒဏ်မှာ ထောင်ဒဏ် ၇ နှစ်နှင့် ငွေဒဏ်သာဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ချမှတ်နိုင်သည့် ပြစ်ဒဏ်မှာ ထောင်ဒဏ် ၁၀ နှစ်အထိနှင့် ငွေဒဏ် ဖြစ်သောကြောင့် ဖြစ်သည်။

မောင်တင်မောင်အား ဦးလှရီက မျှဉ်းလုံးနှင့်ရိုက်၍ ဦးမောင်မောင်ကလက်သီးနှင့် ထိုးသဖြင့် မောင်တင်မောင်တွင် နှာခေါင်းရိုးကျိုးသော ဒဏ်ရာ ရရှိခဲ့ကြောင်း ထင်ရှားသည်။သို့ရာတွင် ဦးလှရီနှင့် ဦးမောင်မောင်တို့ နှစ်ဦးအနက် မည်သူ၏ လက်ချက်ဖြင့် ယင်းဒဏ်ရာကို ရရှိခဲ့ကြောင်း ခွဲခြား၍ တပ်အပ်သေချာစွာ မပြောနိုင်သောကြောင့် ဦးလှရီနှင့် ဦးမောင်မောင်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြစ်မှုထင်ရှား စီရင်ရန် မသင့်ပေ။ တဆင့်နိမ့်သောပြစ်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရ သာလျှင် ပြစ်မှုထင်ရှား စီရင်ရန်ဖြစ်သည်။

ချောက်လှန့် ဖြောင့်ချက်ယူရန်ဖြစ်စေ၊ ပစ္စည်းကို ပြန်ပေးအောင် အတင်းအဓမ္မ ပြုလုပ်ရန် ဖြစ်စေ နာကျင်စေမှုကို ပြုလျှင် ထိုသူသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်သည်ဟု ဥပဒေက ပြဋ္ဌာန်းထားသည်။ မူလမှုရှိ သက်သေခံချက်များအရ ဦးလှရီနှင့် ဦးမောင်မောင်တို့သည် စက်ဘီးခိုးမှုပေါ်အောင် မောင်တင်မောင်အား စစ်ဆေးရာ၌ နာကျင်စေမှု ပြုမိခဲ့သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားသည်။

ဦးလှရီနှင့် ဦးမောင်မောင်တို့သည် ပထမအကြိမ် ကျူးလွန်သူများဖြစ်သည်။ ဒေါသရှေ့ဆောင်သဖြင့် သတိလွတ်ပြီး ဥပဒေဘောင်ကို ကျူးကျော် ဆောင်ရွက်မိခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အပေါ်တွင် တိုင်းတရားစီရင်ရေး အဖွဲ့က ချမှတ်ထားသော ပြစ်ဒဏ်ကို လျှော့ပေါ့ရန် သင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

လျှောက်ထားသူ ဦးလှရီအပေါ်တွင် တိုင်းတရားစီရင်ရေးအဖွဲ့က ချမှတ်ထားသော ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပြစ်ဒဏ်တို့ကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရ ပြစ်မှုထင်ရှား စီရင်ပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခြောက်လကျခံစေရန်နှင့် ငွေဒဏ် ၁၅၀ ကျပ် ပေးဆောင်စေရန်၊ ငွေဒဏ် မပေးဆောင်ပါက အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်လ ကျခံစေရန် အမိန့်ချလိုက်သည်။

လျှောက်ထားသူ ဦးမောင်မောင် အပေါ်တွင် တိုင်းတရားစီရင်ရေး အဖွဲ့က ချမှတ်ထားသော ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်တို့ကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာ

ဥပဒေပုဒ်မ ၃၃၀ အရ ပြစ်မှုထင်ရှား စီရင်ပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၄ လ ကျခံစေရန်နှင့် ငွေဒဏ် ၁၀၀ ကျပ် ပေးဆောင်စေရန်၊ မပေးဆောင်ပါက အလုပ်ကြမ်းနှင့် ထောင်ဒဏ် တလကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

လျှောက်ထားသူများ ပေးဆောင်သော ဒဏ်ငွေများအနက်မှ ငွေ ၂၀၀ ကျပ်ကို နာကျင်မှု ခံခဲ့ရသူ မောင်တင်မောင်သို့ လျော်ကြေးအဖြစ် ပေးစေရမည်။

၁၉၇၅

ဦးလှရီ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရား စီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၅
ဇွန်လ ၁၃ ရက်။

## ဦးလှသိန်း ပါ ၂
## နှင့်
## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

**သမဝါယမအသင်းဥပဒေ နောက်ဆက်တွဲဇယား ၂၊ အမှတ်စဉ် ၆၊ ၁၀၊ ၂၀ နှင့် ၂၁ အရ စွဲဆိုခြင်း ခံရသူများအား အာမခံပေးနိုင် - မပေးနိုင်။**

**ဆုံးဖြတ်ချက်။** ။စွဲဆိုသော ပြစ်မှုမှာ ၅ နှစ်အထိထောင်ဒဏ်နှင့် ကျပ် ၂၅,၀၀၀ အထိ ငွေဒဏ်သာချမှတ်နိုင်သောကြောင့် တရားရုံး၏ သဘောအလျောက် ချင့်ချိန်၍ အာမခံပေးနိုင်သောပြစ်မှုဖြစ်သည်။

**လျှောက်ထားသူအတွက်။** ။ဗဟိုတရားရုံးရှေ့နေကြီး ဦးဘစိန်။
ဗဟိုတရားရုံးရှေ့နေကြီး ဦးဘိုးအောင်။

**လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးတင်အုံး။

လျှောက်ထားသူ ဦးလှသိန်းနှင့် ဦးကျော်လှတို့သည် ပုသိမ်အနောက်ပိုင်း မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၇၄၂/၇၄ တွင် ၁၉၇၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ၊ နောက်ဆက်တွဲဇယား ၂၊ အမှတ်စဉ် ၆၊ ၁၀၊ ၂၀ နှင့် ၂၁ တို့အရ တရားစွဲဆိုခြင်းခံနေရသူများဖြစ်သည်၊ ထိုအမှုအတော အတွင်း၌ မိမိတို့အား အာမခံနှင့် လွှတ်ထားပါရန် ၎င်းတို့၏ လျှောက်ထားခြင်းကို ပုသိမ်အနောက်ပိုင်း မြို့နယ် တရားရုံးနှင့် ဧရာဝတီတိုင်းတရားရုံးတို့က ပယ်ချခဲ့သဖြင့် ဗဟိုတရားရုံးတွင် ဆက်လက် လျှောက်ထားကြခြင်းဖြစ်သည်။

လျှောက်ထားသူများသည် အမှုနှင့်ပတ်သက်၍ ၁ နှစ်နှင့် ၄ လကျော်အချုပ် ခံရပြီးဖြစ်သည်။ ဤကဲ့သို့ကြာမြင့်စွာ ချုပ်နှောင်ထားခြင်း အားဖြင့် ပြစ်မှုထင်

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာမှု အမှတ် ၁၆ နှင့် ၃၀။

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုသေး အမှတ် ၃ တွင်ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့စွဲပါ ပုသိမ်မြို့ရုံးထိုင်၊ ဧရာဝတီတိုင်း တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

ရှားမတွေ့ရှိသေးပဲ ကြိုတင်၍ ပြစ်ဒဏ်ပေးသကဲ့သို့ ဖြစ်နေပေသည်။ စွဲဆိုသော ပြစ်မှုမှာလည်း ၅ နှစ်အထိ ထောင်ဒဏ်နှင့် ကျပ် ၂၅,၀၀၀ အထိ ငွေဒဏ်သာ ချမှတ်နိုင်သောကြောင့် တရားရုံး၏ သဘောအလျောက် ချင့်ချိန်၍ အာမခံပေး နိုင်သောပြစ်မှုဖြစ်သည်။

၁၉၇၅
——
ဦးလှသိန်း ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

အာမခံနှင့် လွှတ်ထားပါက လျှောက်ထားသူများသည် တရားလိုပြ သက်သေ များအပေါ် မလျော်သြဇာသုံး၍ အမှုပျက်ပြယ်အောင် လုပ်လိမ့်မည်ဟု စိုးရိမ်ရန် အခြေအနေမရှိကြောင်း၊ ထွက်ပြေးတိမ်းရှောင်ခြင်း ပြုမည်လည်း မဟုတ်ကြောင်း၊ လွန်ခဲ့သောလအတွင်းက မုန်တိုင်းဒဏ်ကြောင့် ပုသိမ်မြို့ရှိ အကျဉ်းထောင်ပျက်စီး ခဲ့ရာတွင် လျှောက်ထားသူများသည် ထွက်ပြေးတိမ်းရှောင်ခြင်း မပြုခဲ့ပါဟု လျှောက် ထားသည်။

ဗဟိုဥပဒေရုံးအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိဥပဒေဝန်ထမ်း ဦးတင်အုံး နှင့်ဦးဘသန်းတို့ကလည်း ကန့်ကွက်ရန်မရှိပါဟု တင်ပြသည်။

လျှောက်ထားသူများသည် အမှုတွင် လွတ်လပ်စွာ ဖြေရှင်းခွင့် ရသင့်သည်ဟု ယူဆသည်။

ထို့ကြောင့် အာမခံသူ ၂ ယောက်စီနှင့် ၁၀,၀၀၀ တန်ခံဝန်ချုပ်များ ချုပ်ဆိုပါက လျှောက်ထားသူများအား အချုပ်လွတ်ထုချေခွင့်ပြုလိုက်သည်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးကြည်မြ တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ / ဖေဖော်ဝါရီလ ၆ ရက်။

### ဦးလှအုန်း

နှင့်

### ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် -(ဦးထွန်းညွန့်)*

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ၊ ရုံးပြောင်းပေးရန် လျှောက်ထားခြင်း တရားရုံးများအပေါ်အမှုသည်တို့၏ သံသယများ ပြေပျောက်၍ တရားလမ်းမှန်သို့ ရောက်ရှိစေရန် ရုံးပြောင်းစစ်ဆေးစေသင့်ခြင်း။

**ဆုံးဖြတ်ချက်။** ။ဆိပ်ကမ်းမြို့နယ် တရားရုံးက စစ်ဆေးစီရင်လျှင် တရားလမ်းမှန်သို့ရောက်လိမ့်မည်မဟုတ်ဟု လျှောက်ထားသူ ဦးလှအုန်းက သံသယရှိသကဲ့သို့ လှိုင်မြို့နယ် တရားရုံးကစစ်ဆေးစီရင်လျှင်လည်း တရားလမ်းမှန်သို့ ရောက်လိမ့်မည်မဟုတ်ဟု လျှောက်ထား ခံရသူ ဦးထွန်းညွန့်က သံသယရှိနေသဖြင့် ထိုသံသယများ ပြေပျောက်၍ တရားလမ်းမှန်သို့ ရောက်ရှိစေရန် ယင်းမြို့နယ် တရားရုံးများမှအပ အခြားမြို့နယ်တရားရုံး တရုံးက စစ်ဆေးစီရင်သင့်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

**လျှောက်ထားသူအတွက်။** ။ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးထွန်းကြည်။

**လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘရွှေ။
ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးတင်ညွန့်။

ငမ်းဘဲဆေးပေါ့လိပ် မန်နေဂျာ ဦးထွန်းညွန့်၏သတင်းပေးချက်အရ ရန်ကုန်မြို့၊ ဆိပ်ကမ်းရဲစခန်းက စုံစမ်း၍ ဆေးလိပ်များကို အတုပြုလုပ်ရောင်းချမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၈၆ အရ ဦးလှအုန်းနှင့် အခြား တဦးတို့အပေါ်တွင် ရန်ကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၃၉/၇၂ ကို စွဲဆိုခဲ့ပါသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၅၉။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုသေးအမှတ် ၂၉ တွင်ချမှတ်သော ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့စွဲပါ ရန်ကုန်တိုင်း တရားရေးကော်မတီ၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၅၅

ဦးလှအုန်း နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးထွန်းညွန့်)။

ဦးလှအုန်းကလည်း မိမိအပေါ် ဦးထွန်းညွန့်က မမှန်သတင်းပေးသဖြင့် မိမိမှာ အကျိုးပျက်စီးနစ်နာရပါသည်ဟု စွပ်စွဲလျက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၄၃/၄၂၇ အရ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၁၈/၇၃ တွင်ဦးထွန်းညွန့်အား ပြန်လှန်တရားစွဲဆိုပါသည်။

ဦးထွန်းညွန့်က မိမိအပေါ် စွဲဆိုမှုကို ဆိပ်ကမ်းမြို့နယ် တရားရုံးသို့ ပြောင်းရွှေ့ပေးပါရန် ရန်ကုန်တိုင်း တရားရေးကော်မတီသို့ လျှောက်ထားခဲ့ပါသည်။ ဦးလှအုန်းကလည်း မိမိအပေါ် စွဲဆိုမှုကို လှိုင်မြို့နယ် တရားရုံးသို့ ပြောင်းရွှေ့ပေးပါရန် ရန်ကုန်တိုင်း တရားရေးကော်မတီသို့ပင် လျှောက်ထားခဲ့ပါသည်။ တိုင်းတရားရေးကော်မတီကမည်သည့် အမှုကိုမျှ ပြောင်းရွှေ့မပေးဘဲ မူလကစွဲဆိုထားသည့် အတိုင်း မြို့နယ်တရားရုံး အသီးသီးက ဆက်လက် စစ်ဆေးစီရင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ဦးလှအုန်းက မကျေနပ်၍ မိမိအပေါ်တွင် စွဲဆိုထားသော ရန်ကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ်တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၃၉/၇၂ ကို ရန်ကုန်တိုင်း လှိုင်မြို့နယ် တရားရုံးသို့ပြောင်းရွှေ့ပေးပါရန် ဗဟိုတရားရုံးတွင် ထပ်မံလျှောက်ထားပါသည်။

လျှောက်ထားသူ ဦးလှအုန်း၏ အကြောင်းပြချက် အတိုချုပ်မှာ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၃၉/၇၂ တွင် သက်သေခံပစ္စည်းအဖြစ် တင်ပြထားသော ဆေးလိပ်များမှာ မိမိနေထိုင်သည့် လှိုင်မြို့နယ်အတွင်းရှိ မိမိပိုင်ဆေးလိပ်ရုံမှ သိမ်းယူသွားသော ပစ္စည်းများဖြစ်သဖြင့် လှိုင်မြို့နယ်တရားရုံးကသာ ထိုအမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်ဟုဆိုပါသည်။ သို့ရာတွင် ဆိပ်ကမ်းမြို့နယ် တရားရုံးမှအပ အခြားမြို့နယ်တရားရုံးက စစ်ဆေးစီရင်ခြင်းကို ကန့်ကွက်ရန်မရှိပါဟုဆိုသည်။

လျှောက်ထားခံရသူ ဦးထွန်းညွန့်က ယင်းအမှု (အမှတ် ၆၃၉/၇၂) အား လှိုင်မြို့နယ်တရားရုံးသို့ ပြောင်းရွှေ့ပေးရန် သဘောမတူပါ။

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်အတွက် ဆောင်ရွက်သော ဗဟိုဥပဒေရုံးမှ ပညာရှိ ဥပဒေဝန်ထမ်း ဆင့် (၁) ကလျှောက်ထားသူ ဦးလှအုန်းနှင့်လျှောက်ထားခံရသူ ဦးထွန်းညွန့်တို့ အပေါ် စွဲဆိုထားမှုများကို တရုံးတည်းမှ စစ်ဆေးကြားနာသင့်ပါသည်ဟုတင်ပြပါသည်။

ဖော်ပြပါအမှုနှစ်မှုကို တရားရုံးတရုံးတည်းမှ စစ်ဆေးစီရင်လျှင်ပို၍ လျော်ကန်သင့်မြတ်လိမ့်မည်ဟု ကျွန်ုပ်တို့ ယူဆသည်။ သို့ရာတွင် ဆိပ်ကမ်းမြို့နယ် တရားရုံးကစစ်ဆေးစီရင်လျှင် တရားလမ်းမှန်သို့ ရောက်လိမ့်မည် မဟုတ်ဟု လျှောက်ထားသူ ဦးလှအုန်းက သံသယရှိသကဲ့သို့၊ လှိုင်မြို့နယ် တရားရုံးက စစ်ဆေးစီရင်လျှင်လည်း

၁၉၇၅

ဦးလှအုန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးထွန်းညွန့်)။

တရားလမ်းမှန်သို့ရောက်လိမ့်မည်မဟုတ်ဟု လျှောက်ထားခံရသူ ဦးထွန်းညွန့်ကသံသယ ရှိနေသဖြင့် ထိုသံသယများ ပြေပျောက်၍ တရားလမ်းမှန်သို့ ရောက်ရှိစေရန် ယင်း မြို့နယ်တရားရုံးများမှအပ အခြားမြို့နယ် တရားရုံးတရုံးက စစ်ဆေးစီရင်သင့် သည်ဟုကျွန်ုပ်တို့ယူဆသည်။

ထို့ကြောင့် ဆိပ်ကမ်းမြို့နယ် တရားရုံးနှင့် လှိုင်မြို့နယ် တရားရုံးမှအပ ရန်ကုန် တိုင်းတရားသူကြီးအဖွဲ့က ညွှန်ကြားသော ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်တရားရုံး တရုံးကယင်းအမှုနှစ်မှုကို စစ်ဆေးစီရင်စေဟု အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော် နှင့် ဦးကြည်မြ တို့ပါဝင်သော ပဟိုဟရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးဝင်းကြည်

နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

၁၉၇၅

စက်တင်ဘာလ ၂၅ ရက်။

**ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၄ ၏ ရည်ရွယ်ချက်၊ ယင်းဥပဒေပုဒ်မအရအရေးယူထားသောအမှုကို ရုံးသို့ ၂၄ နာရီအတွင်း တရားစွဲတင်ပို့ခြင်းမရှိဘဲ ၂၄ နာရီကျော်မှ ရုံးတင်တရားစွဲလျှင်၊ အမှုပျက်ပြယ်ခြင်းရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၄ တွင် ပြစ်မှုကျူးလွန်သူကို ဝါရမ်းမပါဘဲ ဖမ်းဆီး ချုပ်နှောင်ခွင့်ရှိ၍ ၂၄ နာရီအတွင်းရုံးသို့ တရားစွဲဆိုတင်ပို့ရမည်။ အကယ်၍ ရုံးပိတ်ရက်နှင့် ကြုံလျှင် ရုံးပြန်ဖွင့်သည့် နေ့တွင်စွဲဆို တင်ပို့ရမည်။ ယင်းပုဒ်မ၏ ရည်ရွယ်ချက်မှာ ရဲက ဝါရမ်းမပါဘဲ ချုပ်နှောင်ခွင့်ရှိသူအား အမြန်ဆုံး ရုံးရှေ့တင်ပို့ရန်နှင့် ဤအမှုမျိုးတွင်၊ အချိန်ကြာမြင့်ပါက သက်သေအထောက်အထားရရန် မလွယ်ကူသောကြောင့် ဖြစ်သည်။ သတ်မှတ်သောအချိန်ထက် နောက်ကျ၍ အမှုစွဲဆိုလျှင် တရားရုံးက စီရင်ပိုင်ခွင့် မရှိဟု ပိတ်ပင်တားမြစ်ခြင်း မဟုတ်။ အမှုမပျက်ပြယ်။

**လျှောက်ထားသူအတွက်။** ။လျှောက်ထားသူ ဦးဝင်းကြည် မလာ။

**လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးဘသန်း။

လျှောက်ထားသူ ဦးဝင်းကြည် အပေါ်တွင် အိမ်ဥပစာကို ပြည့်တန်ဆာလုပ်ငန်းအတွက် အသုံးပြုရန် ခွင့်ပြုသည်ဟူ၍ ပြည်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၈ (ခ)အရ၊ တရားစွဲဆိုသည်။ မကြည်ကြည်သန်းနှင့် မသန်းနု ဆိုသူတို့ကိုလည်း ပြည်တန်ဆာအဖြစ် မှူဆွယ်ခြင်းပြုသည်ဟူ၍ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၃ (ခ) အရ သီးခြားတရားစွဲဆိုသည်။ ယခုဦးဝင်းကြည်က မိမိအပေါ် စွဲဆိုထားသော အမှုတွဲကို ပယ်ဖျက်ပေးရန်အတွက် လျှောက်ထားရာတွင်

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၄၈။

† မွန်ပြည်နယ် မုဒုံမြို့နယ်၊ ပြည်သူ့တရားရုံးမှ ရာဇဝတ်ကြီးမှုအမှတ် ၂၅၃/၇၄ အမှုကို ပယ်ဖျက်ပေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၅၆၁ (က)အရလျှောက်ထားခြင်း။

၁၉၇၄

ဦးဝင်းကြည် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

မကြည်ကြည်သန်းနှင့် မသန်းနုတို့အား ဖမ်းဆီးပြီး ၁၄ ရက်ကြာမှ ရုံးတင်တရားစွဲသောကြောင့် ဥပဒေအရ အမှုပျက်ပြယ်ပါသည်။ ထိုအမှုပျက်ပြယ်လျှင် မိမိအပေါ် စွဲဆိုထားသော အမှုမှာလည်း အလိုအလျောက် ပျက်ပြယ်ပါသည်ဟူ၍ ဖြစ်လေသည်။

ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေ ပုဒ်မ ၄ တွင် ဖြစ်မှုကျူးလွန်သူကို ဝါရမ်းမပါဘဲ ဖမ်းဆီးချုပ်နှောင်ခွင့်ရှိ၍ ၂၄ နာရီအတွင်း ရုံးသို့တရားစွဲဆို တင်ပို့ရမည်။ အကယ်၍ ရုံးပိတ်ရက်နှင့် ကြုံလျှင် ရုံးပြန်ဖွင့်သည့်နေ့တွင် စွဲဆိုတင်ပို့ရမည်ဟူ၍ ဖော်ပြပါရှိသည်။ ယင်းပုဒ်မ၏ ရည်ရွယ်ချက်မှာ ရဲကဝါရမ်းမပါဘဲ ချုပ်နှောင်ခွင့်ရှိသူအား အမြန်ဆုံး ရုံးရှေ့တင်ပို့ရန်နှင့် ဤမှုမျိုးတွင် အချိန်ကြာမြင့်ပါက သက်သေအထောက်အထားရရန် မလွယ်ကူသောကြောင့် ဖြစ်သည်။ သတ်မှတ်သောအချိန်ထက် နောက်ကျ၍ အမှုစွဲဆိုလျှင် တရားရုံးက စီရင်ပိုင်ခွင့်မရှိဟု ပိတ်ပင်တားမြစ်ခြင်း မဟုတ်ချေ။

ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၄ သည် ပြည့်တန်ဆာများအဖြစ် ဖမ်းဆီးခြင်း ခံရသူများနှင့်သာ သက်ဆိုင်သည်။ ယခု လျှောက်ထားသူအပေါ် ပြည့်တန်ဆာများကို နေအိမ် ဥပစာ ငှါးရမ်းသည်ဟူ၍ ပုဒ်မ ၈ (ခ) အရ သီးခြားအရေးယူခြင်း ခံရသည်ဖြစ်သောကြောင့် မည်သို့မျှ မသက်ဆိုင်ချေ။ ထို့ကြောင့် လျှောက်လွှာကို ပယ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးထွန်းအောင်ကျော်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးဝင်းဟန်

†၁၉၇၄
ဧပြီလ ၃ ရက်။

## နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

အစိုးရအပေါ် အကြည်ညိုပျက်စေရန် ပြောဆိုခြင်း၊ အပြုအမူဖြင့် အစိုးရအပေါ်တွင် မေတ္တာပျက်စေရန်နှင့် တာဝန်ဝတ္တရားဆောင်ရွက်မှုယုတ်စေခြင်း၊ အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅ (က) နှင့်အကျုံးဝင်မဝင်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူ ဦးဝင်းဟန်သည် ပြည်သူပိုင် ပိုင်းလော့စက်ရုံမှ ပြည်သူ့ဝန်ထမ်းအလုပ်သမားတဦးဖြစ်သည်။ ဦးဝင်းဟန်သည် တာဝန်ထမ်းဆောင်ရင်း စက်ရုံအတွင်း၌ စက်ရုံအလုပ်သမား ပြည်သူ့ဝန်ထမ်းများနှင့် တွေ့ဆုံသောအခါ အစိုးရအပေါ် အကြည်ညိုပျက်စေသောစကားများ ပြောဆိုခဲ့သည်။ ၎င်းပြောဆိုသောစကားများတွင် တော်လှန်ရေး ကောင်စီကို ပုတ်ခတ်သည့်စကားရပ်များ ပါဝင်ကြောင်း တရားလို သက်သေများက ထွက်ဆိုသည်။ ဦးဝင်းဟန်၏ အပြုအမူမှာ ပြည်သူ့ဝန်ထမ်းများက အစိုးရအပေါ်တွင် မေတ္တာပျက်စေရန်နှင့် စိတ်ဓာတ်ကျဆင်းပြီးဝတ္တရားဆောင်ရွက်မှုယုတ်လျော့စေရန်ဖြစ်သည်။ ထို့ကြောင့် ၎င်းအပေါ်တွင် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅ (က) အရ မြို့နယ်တရားစီရင်ရေးအဖွဲ့က ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းမှာ ဥပဒေအရမှန်ကန်သည်။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။ကိုယ်တိုင်။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရွှေ။

ဗဟန်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၃၃/၇၃ တွင် အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅ (က) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်တနှစ် အပြစ်ပေးခြင်းခံရသော ဦးဝင်းဟန် (ခေါ်) ဦးသက်ရှည် (ခေါ်) ဦးရှမ်းက မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံး၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၂၇/၇၃ တွင် အယူခံသောအခါ၊ ထိုရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၄ သို့ ပြောင်းလဲ၍ ပြစ်မှုထင်ရှား စီရင်ပြီး

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၆ (ခ) ။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၇ တွင် ချမှတ်သော ၁၉၇၃ ခု၊ ဒီဇင်ဘာလ ၂၀ ရက် နေ့စွဲပါ ဗဟန်းမြို့နယ်ရုံးထိုင်၊ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၇၅

ဦးဝင်းဟန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် [ သမ္မတ မြန်မာ နိုင်ငံတော်။

ပြစ်ဒဏ်ကို အတည်ပြုလိုက်သောကြောင့် ဦးဝင်းဟန်က ဗဟိုတရားရုံးတွင် ဆက်လက်၍ ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူ ဦးဝင်းဟန်သည် ပြည်သူပိုင် ပိုင်းလော့စက်ရုံမှ ပြည်သူ့ဝန်ထမ်း အလုပ်သမားတဦးဖြစ်သည်။ ဦးဝင်းဟန်သည် တာဝန်ထမ်းဆောင်ရင်း စက်ရုံအတွင်း၌ စက်ရုံ အလုပ်သမား ပြည်သူ့ဝန်ထမ်းများနှင့် တွေ့ဆုံသောအခါ အစိုးရအပေါ် အကြည်ညိုပျက်စေသော စကားများ ပြောဆိုခဲ့သည်။ ၎င်းပြောဆိုသော စကားများတွင် တော်လှန်ရေး ကောင်စီကို ပုတ်ခတ်သည့် စကားရပ်များ ပါဝင်ကြောင်း တရားလိုပြ သက်သေများက ထွက်ဆိုသည်။ ဦးဝင်းဟန်၏ အပြုအမူမှာ ပြည်သူ့ ဝန်ထမ်းများက အစိုးရအပေါ်တွင် ပေတ္တာပျက်စေရန်နှင့် စိတ်ဓာတ်ကျဆင်းပြီး ဝတ္တရားဆောင်ရွက်မှု ယုတ်လျော့စေရန်ဖြစ်သည်။ ထို့ကြောင့် ၎င်းအပေါ်တွင်အရေး ပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅ (က) အရ မြို့နယ်တရားစီရင်ရေးအဖွဲ့က ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်သည်။ တိုင်းတရားစီရင်ရေး အဖွဲ့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၄ သို့ပြောင်းလဲ၍ ပြစ်မှုထင်ရှား စီရင်သည့်အတွက် မှန်ကန်ခြင်းမရှိပေ။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ပျက်ပြားစေရန် အကြံဖြင့် တဦးတယောက်သော သူအား တမင်စော်ကား၍ ဒေါသထွက်အောင် ပြုမှသာလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၄ အရ ပြစ်မှုထင်ရှား စီရင်ရန်ဖြစ်သည်။

ဤ ထို့ကြောင့် လျှောက်ထားသူ ဦးဝင်းဟန် အပေါ်တွင်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၄ အရ တိုင်းတရားစီရင်ရေးအဖွဲ့က ပြစ်မှုထင်ရှား စီရင်ထားခြင်းကို ပယ်ဖျက်၍ အရေးပေါ် စီမံမှုအက်ဥပဒေပုဒ်မ ၅ (က) အရ ပြစ်မှုထင်ရှားစီရင်ပြီး၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ်တနှစ် ပြစ်ဒဏ်ကို အတည်ပြုလိုက်သည်။ လျှောက်ထားသူ ဦးဝင်းဟန်၏ ပြင်ဆင်မှုလျှောက်လွှာကို ပယ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

## မောင်သောင်းညွန့်

နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၇၅
ဒီဇင်ဘာလ ၂၂ ရက်။

အရေးကြီးသော ကုန်ပစ္စည်းများနှင့် လုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၈ (၃) အရ ပြစ်ဒဏ်စီရင်ခြင်း၊ သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။အရေးကြီးသောကုန်ပစ္စည်းများနှင့် လုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၈ (၃) တွင် သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းနိုင်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း အမှုစစ်ဆေးသည့်တရားရုံးသည် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ မိမိသင့်လျော်သည်ဟု ထင်မြင်သည့်အမိန့်ကိုချမှတ်နိုင်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မလာ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးဘရွှေ။

ကျွဲ-နွားများအား ဖမ်းဆီးရမိသည်ဟု သတင်းအရ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ ပြည်သူ့စစ်များနှင့် ပြည်သူ့ရဲဘော်တို့ ပူးပေါင်း၍ စောင့်ဆိုင်းနေရာ ညအချိန်တွင် လူ ၇ ယောက်၊ နွားအကောင် ၂၀ နှင့် ကျွဲ ၄ ကောင်ယူဆောင်လာသည်ကို တွေ့ရှိရသည်။ ၎င်းတို့အနက် လျှောက်ထားသူ မောင်သောင်းညွန့်အား နွားတကောင်နှင့်အတူ ဖမ်းမိပြီး၊ ထိုနွားကိုသယ်ယူခွင့် မပါသောကြောင့်၊ ဘီးလင်းမြို့နယ် တရားရုံး၊ ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၇ တွင် အရေးကြီးသော ကုန်ပစ္စည်းများနှင့် လုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၈ (၃) အရ တရားစွဲဆိုခဲ့သည်။ ထိုရုံးက စစ်ဆေးကြားနာ၍ စွဲချက်တင်သောအခါ မောင်သောင်းညွန့်က အပြစ်ရှိကြောင်း ဝန်ခံသဖြင့် ၎င်းအားထောင်ဒဏ် ၃ လကျခံစေရန်နှင့် ၎င်းတို့ထံမှ ဖမ်းဆီးရမိသောနွားကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့သည်။ ထို

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၆ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၇ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့စွဲပါ ဘီးလင်းမြို့နယ်ရုံးထိုင်၊ မွန်ပြည်နယ်တရားရုံး၏အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၅

မောင်သောင်းညွန့် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

အမိန့်ကို ဘီးလင်းမြို့နယ် ရုံးထိုင်၊ မွန်ပြည်နယ် တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၇ တွင် အတည်ပြုခဲ့သည်။

သက်သေခံနွားကို သိမ်းဆည်းသည့် အမိန့်နှင့် ပတ်သက်၍ မောင်သောင်းညွန့်က မကျေနပ်သဖြင့် ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

အရေးကြီးသော ကုန်ပစ္စည်းများနှင့် လုပ်ငန်းများဆိုင်ရာ ဥပဒေပုဒ်မ ၈ (၃) တွင် သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းနိုင်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း၊ အမှုစစ်ဆေးသည့် တရားရုံးသည် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇-အရ မိမိသင့်လျော်သည်ဟု ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်။ ထိုစီရင်ပိုင်ခွင့်အရ မူလရုံးသည် သက်သေခံပစ္စည်းနှင့်ပတ်သက်သော အမိန့်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထိုအမိန့်သည် ဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိသဖြင့် ပယ်ဖျက်ရန် အကြောင်းမရှိ။

၍ပြင်ဆင်မှုကိုပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးစိုးလှိုင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်သောင်းရင်

နှင့်

မတင်တင်ဝင်း *

† ၁၉၇၄
ဇူလိုင်လ
၂၈ ရက်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ မယား၊ သို့မဟုတ် ကလေးစရိတ်ပေးရန် အမိန့်၊ မြို့နယ်ရုံးမှ အမိန့်ကို တိုင်းတရားရုံးတွင် ပြင်ဆင်ခွင့်လျှောက်ထားခွင့်မရှိခြင်း၊ ကျင့်ထုံးပုဒ်မ ၄၀၆ (က) အရအယူခံခွင့်သာရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ မယားနှင့်ကလေးစရိတ်ထောက်ပံ့ရန်ချမှတ်သောအမိန့်ကို မကျေနပ်သောသူသည်၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၆ (က) အရ ပြည်နယ်တရားရုံး၊ သို့မဟုတ် တိုင်းတရားရုံးသို့ အယူခံနိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ အယူမခံဘဲလျှောက်ထားသူက တိုင်းတရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်၊ အယူခံရမည့်အမှုကို ပြင်ဆင်မှုအဖြစ်လက်ခံရခြင်း မပြုရဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၅) ကကလည်း ပိတ်ပင်သည်။

လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး ဦးအေး။

လျှောက်ထားခံရသူအတွက်။ ။မလာ။

မြန်အောင်မြို့နယ်၊ သပြေကုန်းရွာနေ မူလတန်း ကျောင်းဆရာ မောင်သောင်းရင် (လျှောက်ထားသူ) သည် ရန်ကုန်မြို့၊ သင်္ကန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ၂ လမ်း၊ အမှတ် ၁၀ နေ မတင်တင်ဝင်း (လျှောက်ထားခံရသူ) နှင့် ၁၉၇၁ ခု၊ ဧပြီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၊ အနော်ရထာလမ်း နယ်ပိုင်ရာဇဝတ် တရားသူကြီးရုံး၌ လက်ထပ်ထိမ်းမြားပြီးနောက် ၃ ရက်ခန့်အကြာတွင် ကျောက်ဆည်မြို့သို့ သွားရောက်၍ ၄ လခန့် လုပ်အားပေးခဲ့သည်။ ထို့နောက် မောင်သောင်းရင်သည် ပုဘီးကုန်းရွာ အစိုးရမူလတန်းကျောင်းတွင် ကျောင်းဆရာ အလုပ်ရသဖြင့် မတင်တင်ဝင်းသည် သပြေကုန်းရွာသို့ လိုက်သွား၍ မောင်သောင်းရင်နှင့်အတူ ပေါင်းသင်းနေထိုင်သည်။ ၁၉၇၂ ခု၊ ဇူလိုင်လ

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၂၄ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဧပြီလ ၂၂ နေ့စွဲပါ သင်္ကန်းကျွန်းမြို့နယ်ရုံးထိုင်၊ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

**၁၉၇၅ — မောင်သောင်းရင် နှင့် မတင်တင်ဝင်း။**

၁ ရက်နေ့တွင် မတင်တင်ဝင်းသည် ၎င်း၏ဖခင် မကျန်းမာသည်ကို ပြုစုရန် ရန်ကုန်မြို့သို့ ခေတ္တပြန်ပြီး ၁၉၇၂ ခု၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် သပြေကုန်းရွာသို့ ပြန်သွားသည်။ ၁၉၇၂ ခု၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် မတင်တင်ဝင်းသည် မီးဖွားရန် မိမိ၏မိခင်နှင့်အတူ ရန်ကုန်မြို့သို့လိုက်သွားသည်။ ၁၉၇၂ ခု၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် မတင်တင်ဝင်းသည် ရန်ကုန်မြို့၌ သားငယ် မောင်မျိုးဇော်အောင်ကို မွေးဖွားသည်။ နောက် ၁၅ ရက်ခန့်ကြာသောအခါ ကလေးမောင်ပုံနှင့် စာတစောင်ကို မတင်တင်ဝင်းက မောင်သောင်းရင်ထံ ပို့လိုက်သည်။ မောင်သောင်းရင်ထံမှ ကွာစာ တောင်းသောစာ ရောက်လာသည်။ ထို့နောက် ပြတ်စဲကြောင်း ကြော်ငြာစာကို ၁၉၇၃ ခု၊ အောက်တိုဘာလ ၇ ရက်နေ့ထုတ် ကြေးမုံ သတင်းစာတွင် မောင်သောင်းရင်က ထည့်သည်။ ထိုကြော်ငြာ ကိုတွေ့ရပြီးနောက် ၁၉၇၃ ခု၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် မတင်တင်ဝင်းသည် သင်္ကန်းကျွန်းမြို့နယ် တရားရုံး သို့ သွားရောက်၍ မောင်သောင်းရင်ထံမှ မိမိနှင့် သားငယ်အတွက် စားစရိတ် ရလိုကြောင်း လျှောက်ထားသည်။

သင်္ကန်းကျွန်းမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ အမှုသေးအမှတ် ၁၃၀/၇၃ ကို ဖွင့်၍ အရေးယူသည်။ မောင်သောင်းရင်ကို ဆင့်ခေါ်သည်။ မောင်သောင်းရင်ရောက်လာသောအခါ မြို့နယ် တရားရုံးက မတင်တင်ဝင်းနှင့် မောင်သောင်းရင် တို့အား စစ်ဆေးပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁) အရ မယားစရိတ်တလလျှင် ၃၀ိ နှင့် ကလေးစရိတ်တလလျှင် ၂၀ိ (နှစ်ရပ်ပေါင်း)၅၀ိ ကို အမိန့်ချမှတ်သော ၁၉၇၄ ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ပေးစေရန် မောင်သောင်းရင်အပေါ်တွင် ချမှတ်လိုက်သည်။ မောင်သောင်းရင်က မကျေနပ်သဖြင့် သင်္ကန်းကျွန်းမြို့နယ် ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံးတွင် ပြစ်ဆင်မှု လျှောက်ထားသည်။ [မှတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ အရ မိမိ၏မယား၊ သို့မဟုတ် သားသမီးအား စားစရိတ်ထောက်ပံ့ရန် ချမှတ်သောအမိန့်ကို မကျေနပ်သော သူသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၆ (က) အရ ပြည်နယ်တရားရုံး၊ သို့မဟုတ် တိုင်းတရားရုံး သို့ အယူခံဝင်နိုင်ခွင့် ရှိသည်။ ထိုကဲ့သို့ အယူမခံဘဲ လျှောက်ထားသူက တိုင်းတရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ အယူခံရမည့်အမှုကို ပြင်ဆင်မှုအဖြစ် လက်ခံခြင်း မပြုရဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၅) ကလည်း ပိတ်ပင်သည်။] ရန်ကုန်တိုင်းတရားရုံး ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅/၇၄ အရ ကြားနာပြီးနောက် မူလရုံး၏အမိန့်ကို အတည်ပြုပြီး မောင်သောင်းရင်၏ ပြင်ဆင်မှုကို ပလပ်လိုက်သည်။ ထို့ကြောင့် မောင်သောင်းရင်သည် တဆင့်တက်၍ ဗဟိုတရားရုံးတွင် ယခုပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

၁၉၇၅

မောင်သောင်း
ရှင်
နှင့်
မတင်တင်ဝင်း။

လျှောက်ထားသူက မိမိနှင့် လျှောက်ထားခံရသူတို့ လင်မယားအဖြစ် နောက်ဆုံးပေါင်းသင်း နေထိုင်ခဲ့သော အရပ်သည် သပြေကုန်းရွာ ဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၈) အရ စားစရိတ်မှုကို မြန်အောင်မြို့နယ်တရားရုံးကသာ စစ်ဆေးစီရင်ပိုင်ခွင့် ရှိကြောင်း၊ သာကုန်းကျွန်းမြို့နယ် တရားရုံးက စစ်ဆေးစီရင်သည်မှာ ဥပဒေအရ မှားယွင်းပါကြောင်း တင်ပြသည်။ သို့ရာတွင် သာကုန်းကျွန်းမြို့နယ် တရားရုံးတွင် အမှုဆိုင်စဉ်က ထိုရုံး၌ စစ်ဆေး စီရင်ပိုင်ခွင့်မရှိကြောင်း လျှောက်ထားသူသည် မကန့်ကွက်သည့်အပြင်၊ စားစရိတ်ထောက်ပံ့ရန် မိမိတွင် တာဝန်ရှိကြောင်း ဝန်ခံခဲ့သဖြင့်၊ ထိုရုံးကသင့်လျော်သော နှုန်းထားဖြင့်စားစရိတ်ထောက်ပံ့စေရန် အဆုံးအဖြတ်ပေးခဲ့ခြင်းဖြစ်သည်။

စီရင်ပိုင်ခွင့် မရှိငြားသော်လည်း လျှောက်ထားသူ၏ သဘောတူညီချက်ဖြင့် စစ်ဆေး ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ထိုရုံး၏ ဆုံးဖြတ်ချက်မှာလည်း တရားမျှတမှု မရှိကြောင်းမပေါ်လွင်သဖြင့် ထိုဆုံးဖြတ်ချက်ကို ပယ်ဖျက်ရန် အကြောင်းမရှိ။

မူလရုံးနှင့် တိုင်းတရားရုံးက စားစရိတ် ထောက်ပံ့စေရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ခြင်းကို ပယ်ဖျက်ရန် အကြောင်းမရှိသောကြောင့်၊ လျှောက်ထားခံရသူအား မယားစားစရိတ် တလလျှင် ၃၀ိ နှင့် ကလေးစားစရိတ် တလလျှင် ၂၀ိ (နှစ်ရပ်ပေါင်း) ၅၀ိ ကို ၁၉၇၄ ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ပေးစေရန် လျှောက်ထားသူအပေါ် ချမှတ်ထားသည့် အမိန့်ကိုအတည်ပြုပြီး၊ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်သန်းရှင်

† ၁၉၇၅

နှင့်

နိုဝင်ဘာလ
၆ ရက်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးလှစံ) *

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ ပြစ်မှုထင်ရှားစီရင်ထားသော အပြစ်ဒဏ်ကို တိုးမြှင့်ပေးရန် လျှောက်ထားခြင်း၊ တန်ဖိုးရှိသော ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်းနှင့် ပတ်သက်၍ ဒဏ်ငွေသုံးရာမျှသာ တပ်ရိုက်ခြင်းသည် မလျော်ကန်ခြင်း၊ နစ်နာသူ၏နစ်နာချက်အတိမ်အနက်ကိုလည်း သတိချပ်ရခြင်း။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်ပွားသော ပစ္စည်းများ၏ ဝန်ဖိုးမှာ ကျပ်ခြောက်သောင်းကျော်ခန့်ရှိကြောင်း အငြင်းမပွားသောကြောင့် ဤမျှတန်ဖိုးရှိသော ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်းနှင့်ပတ်သက်၍ ဒဏ်ငွေသုံးရာမျှသာ တပ်ရိုက်ခြင်းသည် မလျော်ကန်ဟုဆိုရပေမည်။ ပြည်သူအချင်းချင်းပြဿနာကို ဖြေရှင်းပေးရာတွင် အပြစ်ရှိသူအပေါ် ကရုဏာထားသည်နှင့်အမျှ နစ်နာသူ၏ နစ်နာသောအတိမ်အနက်ကိုလည်း သတိထားရပေမည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးရဲထွန်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း၊
ဒုံးကျိုးဆောင် ဦးမင်းဒင်။

လျှောက်ထားသူ မသန်းရှင်သည် ဒေါ်ရွှေစိန်ဆိုသူ၏ ညီမတဝမ်းကွဲတော်၍ အခြားနီးစပ်သော ဆွေမျိုးမရှိသောကြောင့် ဒေါ်ရွှေစိန်၏ အမွေဆက်ခံ ထိုက်သူဖြစ်သည်။ ဒေါ်ရွှေစိန်ပိုင် ပစ္စည်းတန်ဖိုးငွေ ကျပ် ၆၀၀၀၀ ခန့်ကို စာရင်းနှင့်တကွ မီးခံသေတ္တာတွင် ထည့်ထားသည်။ ဒေါ်ရွှေစိန်သေဆုံးသောအခါတွင် ဒေါ်ရွှေစိန်၏ နေအိမ်သို့ ပင်ထွက်သွားလာနေသော လျှောက်ထားခံရသူ ဦးလှစံက ကျန်ရစ်သော ပစ္စည်းများကို မီးခံသေတ္တာတွင်းမှ ထုတ်ယူ၍ မိမိနေအိမ်သို့ ပြောင်းရွှေထား

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၆၅(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့စွဲပါ ပြည်မြို့၊ အထူးတိုင်း တရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

သည်။ ယင်းပစ္စည်းများကို ဒေါ်သန်းရှင်က တောင်းဆိုသောအခါတွင် ဒေါ်ရွှေစိန် သေခါနီးတွင် မီးခံသေတ္တာသော့နှင့်တကွ ပစ္စည်းများကို မိမိအား ပေးသွားကြောင်း နှင့် စိန်ရွှေပစ္စည်းများကို ရောင်းချ လှူဒါန်းလိုက်ပြီ ဖြစ်ကြောင်း ပြောဆိုသည်။ ထို့ကြောင့် ဒေါ်သန်းရှင်က ဦးလူစံအပေါ် သေဆုံးသူကျန်ရစ်သော ပစ္စည်းများကို အလွဲသုံးစားပြုလုပ်မှုနှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ သတ်မှတ်၍ တရားစွဲဆို ခြင်းဖြစ်လေသည်။

၁၉၇၅
ဒေါ်သန်းရှင်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ဦးလူစံ)။

အမှုကို ပြည်မြို့၊ မြို့နယ်ရုံးက စစ်ဆေးကြားနာပြီး၊ ဦးလူစံအပေါ် ပြစ်မှုထင် ရှား၍ထောင်ဒဏ် တရက်ကျခံစေရန်နှင့် ငွေဒဏ် ၃၀၀ိ ပေးစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ဦးလူစံက မကျေနပ်သောကြောင့်၊ ပြည်မြို့တိုင်းတရားရုံးတွင် အယူခံ သည်။ ဒေါ်သန်းရှင်ကလည်း ပြစ်ဒဏ်တိုးမြှင့်ပေးရန်အတွက် ပြင်ဆင်မှု တင်သွင်း သည်။ တိုင်းတရားရုံးက ဦးလူစံ၏ အယူခံနှင့် ဒေါ်သန်းရှင်တို့၏ ပြင်ဆင်မှုများကို ပယ်လိုက်သည်။ ဦးလူစံက နောက်ထပ်တဆင့် ပြင်ဆင်မှု တင်ခြင်းမပြုသော်လည်း ဒေါ်သန်းရှင်က အပြစ်ဒဏ်တိုးမြှင့်ပေးရန်နှင့် ပတ်သက်၍ ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်လေသည်။

မူလရုံးက ဦးလူစံအပေါ် အပြစ်ဒဏ်ချမှတ်ခြင်းကို တိုင်းတရားရုံးက အတည်ပြု ပြီးနောက်၊ ဦးလူစံသည် ထပ်မံပြင်ဆင်မှု လျှောက်ထားခြင်း မပြုသောကြောင့် ပြင်းအမိန့်မှာ တည်မြဲလျက်ရှိသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ၊ ပြစ်မှု ထင်ရှားလျှင် မလွဲမသွေ ထောင်ဒဏ်ပေးရမည်ဖြစ်သည်။ မူလတရားရုံးသည် ဦးလူစံ အပေါ်ထောင်ဒဏ်တရက်နှင့် ငွေဒဏ် ၃၀၀ိ ချမှတ်ခဲ့ခြင်းမှာ တားမြစ်ဟန့်တား နိုင်လောက်သော အပြစ်ဒဏ်ဟု ကျွန်ုပ်တို့ မယူဆပေ။ အချင်းဖြစ်ပွားသော ပစ္စည်း များ၏တန်ဘိုးမှာ ကျပ်ခြောက်သောင်းကျော်ခန့် ရှိကြောင်း အငြင်း မထွက် သောကြောင့် ဤမျှတန်ဖိုးရှိသော ပစ္စည်းများကို အလွဲသုံးစား ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ဒဏ်ငွေသုံးရာမျှသာ တပ်ရိုက်ခြင်းသည် မလျော်ကန်ဟု ဆိုရပေမည်။ ပြည်သူအချင်းချင်းပြဿနာကို ဖြေရှင်းပေးရာတွင် အပြစ်ရှိသူအပေါ် ကရုဏာထား သည်နှင့်အမျှ နစ်နာသူ၏ နစ်နာသောအတိမ်အနက်ကိုလည်း သတိထားရပေမည်။ သို့မှသာတရားမျှတမှုရှိပေမည်။ ယခုကိစ္စတွင် ငွေကျပ်ခြောက်သောင်းကျော် တန် ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်းအတွက် ဒဏ်ငွေသုံးရာကျပ်သာ တပ်ရိုက်ခြင်း မှာ ပြစ်မှုနှင့် ပြစ်ဒဏ်ညီမျှမှု မရှိသောကြောင့် ယင်းဒဏ်ငွေအပြင် ဦးလူစံသည် ထောင်ဒဏ် (၆) လ ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးထွန်းအောင်ကျော် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ ဖေဖော်ဝါရီလ ၂၆ ရက်။

မောင်သိန်းမောင်

နှင့်

မတင်ဦး *

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁)၊ လင်၏ဝတ္တရားပျက်ကွက်မှုနှင့် စိမ်ခန့်ခွဲမှုညံ့ဖျင်းသောကြောင့် မယားသည် လင်နှင့်အတူမနေနိုင်ခြင်း ဖြစ်ပါက လင်၌တာဝန်မကင်းခြင်း။

**ဆုံးဖြတ်ချက်။** ။လျှောက်ထားသူသည် လျှောက်ထားခံရသူအပေါ်၌ လင့်ဝတ္တရားပျက်ကွက်ခဲ့ကြောင်းပေါ်လွင်သည်။ လျှောက်ထားသူ၏ စီမံခန့်ခွဲမှုညံ့ဖျင်းသောကြောင့် လျှောက်ထားခံရသူသည် လင်နှင့်အတူမနေနိုင်ခြင်းဖြစ်သည်။ လျှောက်ထားသူ၌ တာဝန်မကင်းပေ။ တိုင်းတရားစီရင်ရေးအဖွဲ့က မယားစရိတ်ထောက်ပံ့ရန် အယူခံမှုတွင် ချမှတ်သော အမိန့်သည် ဥပဒေအရ မှန်ကန်ပေသည်။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။ဗဟိုတရားရုံးရှေ့နေကြီး ဦးဇော်ဝင်းလှိုင်။
**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။မလာ။

သရက်ကုန်းရွာနေ မတင်ဦးက ဘဲအင်းရွာ အစိုးရမူလတန်း ကျောင်းဆရာကိုသိန်းမောင်ထံမှ မယားစရိတ်နှင့် ကလေးစရိတ် ရလိုကြောင်းဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁) အရ လျှောက်ထားခဲ့သည်။ အင်္ဂပူမြို့နယ် တရားစီရင်ရေးအဖွဲ့က အင်္ဂပူမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုသေး အမှတ် ၂၇/၇၃ အရ စစ်ဆေးကြားနာပြီးလျှင် မယားစရိတ် မရထိုက်ကြောင်းဆုံးဖြတ်သည်။ သို့ရာတွင် သားငယ်အတွက် စားစရိတ် တလလျှင် ၂၀ ကျပ်ကို လျှောက်ထားသည့် ၁၉၇၃ ခု၊ မေလ ၁၅ ရက်နေ့မှစ၍ လစဉ်ထောက်ပံ့ရန်နှင့် ရုံးကုန်ကျစရိတ် ၃၅ ကျပ်ကိုလည်း ပေးစေရန်ချမှတ်လိုက်သည်။

မတင်ဦးကမယားစရိတ်မရသဖြင့် မကျေနပ်သောကြောင့် အယူခံသောအခါ အင်္ဂပူမြို့ရုံးထိုင်၊ ဧရာဝတီတိုင်း တရားရုံးပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၄/၇၃ အရ

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၉ (ခ) ။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၄ တွင် ချမှတ်သော ၁၉၇၃ ခု၊ ဒီဇင်ဘာလ ၃၁ ရက် နေ့စွဲပါ အင်္ဂပူမြို့ရုံးထိုင်၊ ဧရာဝတီတိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

မောင်သိန်းမောင်
နှင့်
မတင်ဦး။

တိုင်းတရားစီရင်ရေးအဖွဲ့က ကြားနာ၍ မယားစရိတ်နှင့် ပတ်သက်သော မူလတရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး မယားစရိတ် တလလျှင် ၃၀ ကျပ်ကို မူလတရားရုံးတွင် လျှောက်ထားသည့် နေ့မှစ၍ ထောက်ပံ့ရန် အမိန့်ချမှတ်လိုက်သည်။

မောင်သိန်းမောင်က တိုင်းတရားစီရင်ရေးအဖွဲ့၏ အမိန့်ကို မကျေနပ် သဖြင့် ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးတွင် ယခုပြင်ဆင်မှု လျှောက်ထားသည်။

လျှောက်ထားသူ မောင်သိန်းမောင်က လျှောက်ထားခံရသူ မတင်ဦး သည် လင်နှင့်အတူမနေသဖြင့် ၎င်းအား မယားစရိတ် မထောက်ပံ့ထိုက်ပါဟု အကြောင်းပြသည်။

လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် ခိုးရာလိုက်ပြေးကြပြီး နောက် မြန်မာဓလေ့ထုံးတမ်းအရ လက်ထပ်ထိမ်းမြား၍ လျှောက်ထားသူ၏ ယောက်ခမ ဟောင်းဒေါ်ပု၏ အိမ်တွင် ပေါင်းသင်းနေထိုင်ခဲ့ကြသည်။ လျှောက်ထားသူ၏ ပထမ ဇနီးမှာ ဒေါ်ပု၏သမီးဖြစ်သည်။ ထိုဇနီးသေဆုံးပြီးမှ လျှောက်ထားသူသည်လျှောက် ထားခံရသူနှင့် နောက်ထပ်အိမ်ထောင် ပြုခြင်းဖြစ်သည်။ ဒေါ်ပုသည် မိမိ၏အိမ်၌ လျှောက်ထားခံရသူ နေထိုင်သည်ကို မကြည်ဖြူဘဲ စိတ်မချမ်းသာအောင် စောင်း ချိတ်ပြောဆိုသဖြင့်၊ လျှောက်ထားခံရသူက ၎င်း၏အိမ်တွင် မနေလို၍ အခြားတွင် ရွှေ့ပြောင်းနေထိုင်ရန် လျှောက်ထားသူအား ပြောသော်လည်း မအောင်မြင်ခဲ့ချေ။ ထို့နောက် လျှောက်ထားခံရသူတွင် ကိုယ်ဝန်ရင့်မာလာသောအခါ သူမသည်မိမိ၏ မိဘများထံပြန်သွား၍ မီးဖွားသည်။ လျှောက်ထားသူသည် လျှောက်ထားခံရသူနှင့် သားငယ်အားပြန်မခေါ်ဘဲ စွန့်ပစ်ထားသဖြင့် လျှောက်ထားခံရသူက ရပ်ရွာလူကြီး များအားတိုင်တန်းခဲ့သည်။ ရပ်ရွာလူကြီးများက ဖျန်ဖြေပေးသော်လည်း လျှောက် ထားသူကမလိုက်လျောဘဲ နေသည်။ ထို့ကြောင့် လျှောက်ထားခံရသူသည် မိမိနှင့် သားငယ်အတွက် စားစရိတ်ရရှိရန် တရားရုံးသို့ လျှောက်ထားခဲ့ရခြင်းဖြစ်သည်။

မူလလျှောက်ထားမှုတွင် သက်သေထွက်ချက်များအရ လျှောက်ထားသူသည် လျှောက်ထားခံရသူအပေါ်၌ လင့်ဝတ္တရား ပျက်ကွက်ခဲ့ကြောင်း ပေါ်လွင်သည်။ လျှောက်ထားသူ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းသောကြောင့် လျှောက်ထားခံရသူသည် လင်နှင့် အတူ မနေနိုင်ခြင်းဖြစ်သည်။ လျှောက်ထားသူတွင် တာဝန်မကင်းပေ။ တိုင်း တရားစီရင်ရေးအဖွဲ့က မယားစရိတ် ထောက်ပံ့ရန် အယူခံမှုတွင် ချမှတ်သောအမိန့် သည် ဥပဒေအရမှန်ကန်ပေသည်။

ထို့ကြောင့် တိုင်းတရားစီရင်ရေးအဖွဲ့၏ အမိန့်ကို အတည်ပြု၍ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

ဇူလိုင်လ ၁၂ ရက်။

## ဦးအင်ချွန်

နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်တင်မြင့်)*

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇၊ သက်သေခံပစ္စည်းကို မည်သူအား ပြန်ပေးရမည်ဆိုသော ပြဿနာ။

ဆုံးဖြတ်ချက်။ ။အမှုတွင် တရားခံဖြစ်သူကို အပြီးအပြတ်လွှတ်ခဲ့သည်ဖြစ်သောကြောင့်တရားခံ ပေါင်နှံထားသော ရွှေထည်များမှာ အငြင်းပွားမှုမရှိသော ပစ္စည်းများဖြစ်သည်။ လျှောက်ထားသူက အပေါင်ခံခြင်းမှာလည်း ခိုးရာပါပစ္စည်း၊ သို့မဟုတ် အလွဲသုံးစားပြုလုပ်သည့်ပစ္စည်းများ မဟုတ်သောကြောင့်၊ ယင်းပစ္စည်းကိုလျှောက်ထားသူ လက်ဝယ်သာ ပြန်လည်ရရှိသင့်ပေသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးဘစိန်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးတင်အုံး။

လျှောက်ထားသူ ဦးအင်ချွန်သည် မူလအမှုတွင် တရားလို၊ သို့မဟုတ် တရားခံအဖြစ် ပါဝင်သူ မဟုတ်ချေ။ မတင်ရီဆိုသူသည် ဒေါ်တင်မြင့်၏ ရွှေထည်ပစ္စည်းများကို ဦးအင်ချွန်ထံတွင် ပေါင်နှံသောကြောင့် ဒေါ်တင်မြင့်က မတင်ရီအပေါ်တွင် အလွဲသုံးစားမှုနှင့် တရားစွဲသည်။ ယင်းအမှုတွင် ဦးအင်ချွန်သည် သက်သေအဖြစ် ပါဝင်၍ မိမိထံ ပေါင်နှံထားသော ရွှေထည်ပစ္စည်းများကိုလည်း ရုံးရှေ့သို့ သက်သေခံပစ္စည်းအဖြစ် တင်ပြရသည်။

အမှုကိုရုံးမှ စစ်ဆေး ကြားနာသော အခါတွင် ဒေါ်တင်မြင့်နှင့် မတင်ရီတို့သည် လုပ်ငန်း လုပ်ရန်အတွက် အရင်းအနှီး ရနိုင်ရန် ဒေါ်တင်မြင့်၏ရွှေထည်ကို မတင်ရီက ပေါင်နှံကြောင်း ပေါ်ပေါက်သည်။ ပစ္စည်းများကိုလည်း ဒေါ်တင်မြင့်က သဘောတူ ပေးလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် မတင်ရီကို အပြီးအပြတ် လွှတ်လိုက်ပြီးလျှင်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၂၇ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၇၆ တွင်ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့စွဲပါ ရန်ကုန်တိုင်း ပြည်သူ့တရားရုံး တရားသူကြီး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

ဦးအင်ချွန်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ဒေါ်တင်မြင့်)

သက်သေခံ ရွှေထည်ပစ္စည်းများကို မူလပိုင်ရှင် ဒေါ်တင်မြင့်အား ပြန်ပေးရန် အမိန့်ချမှတ်သည်။ ဤကဲ့သို့ ဦးအင်ချွန်ထံမှ သိမ်းဆည်းလာသော ရွှေထည် ပစ္စည်းများကို မူလပိုင်ရှင် ဒေါ်တင်မြင့်အား ပြန်ပေးခြင်းနှင့် ပတ်သက်၍ ရုံးမှ အကြောင်းပြသည်မှာ ဦးအင်ချွန်သည် ငွေချေးစားခွင့်လိုင်စင် မရှိသောကြောင့် အပေါင်ခံထားသော ပစ္စည်းကို ပြန်လည်မရသင့်ကြောင်း ဖြစ်လေသည်။

ဦးအင်ချွန်သည် ငွေချေးလိုင်စင်ရှိသူဟုတ် မဟုတ်ဟူသော အချက်မှာ တရားမကြောင်း စဉ်းစားရန်သာဖြစ်သည်။ အမှုတွင် တရားခံဖြစ်သူ မတင်ရီကို အပြီးအပြတ် လွှတ်ခဲ့သည် ဖြစ်သောကြောင့် မတင်ရီ ပေါင်နှံထားသော ရွှေထည် များမှာ အရှုပ်အရှင်း မရှိသော ပစ္စည်းများဖြစ်သည်။ ဦးအင်ချွန်က အပေါင်ခံခြင်းမှာလည်း ခိုးရာပါ ပစ္စည်း၊ သို့မဟုတ် အလွဲသုံးစား ပြုလုပ်သည့်ပစ္စည်းများ မဟုတ်သောကြောင့် ယင်းပစ္စည်းကို ဦးအင်ချွန် လက်ဝယ်သာ ပြန်လည်ရရှိသင့်ပေသည်။ ပေါင်နှံသူ၊ သို့မဟုတ် မူလပိုင်ရှင် ဖြစ်သူက ပေါင်နှံသောငွေနှင့် တရားဝင် ကျသင့်သော အတိုးကို ပေးဆပ်မှသာလျှင် ပစ္စည်းများကို ဦးအင်ချွန်ထံမှ ပြန်လည်ရရှိသင့်ပေသည်။ ထို့ကြောင့် သက်သေခံ ရွှေထည်ပစ္စည်းများနှင့် ပတ်သက်၍ မူလရုံးနှင့် တိုင်းရုံးတို့မှ ချမှတ်သော အမိန့်များကို ပယ်ဖျက်၍ ယင်းပစ္စည်းများကို လျှောက်ထားသူအား ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးထွန်းအောင်ကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

ဖေဖော်ဝါရီလ ၂၆ ရက်။

## မောင်အုန်းရွှေ

## နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃၊ ချစ်ကြိုက်ကြ၍ ခိုးယူပေါင်းသင်းပြီးနောက် ပြစ်သွားခြင်းသည် ယင်းပုဒ်မအရ ပြစ်မှုမြောက်မမြောက်။

ဆုံးဖြတ်ချက်။ ။မည်သည့်ယောကျ်ားမဆို မိမိနှင့်တရားဝင်ထိမ်းမြားခြင်းမပြုသော မိန်းမကို မိမိနှင့်တရားဝင်ထိမ်းမြားကြောင်း လှည့်ဖြားယုံကြည်စေ၍ မိမိနှင့်ကာမစပ်ယှက်စေလျှင် ထိုသူသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ ကို ကျူးလွန်သည်။ ယင်းကဲ့သို လိမ်လည်လှည့်ဖြားကြောင်းအထောက် အထားမရှိ။ ချစ်ကြိုက်၍ နှစ်ဦးသဘောတူ လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ပြီးနောက် စားဝတ် နေရေး ဆင်းရဲမှုဒဏ်ကို မခံနိုင်သောကြောင့် စွန့်ခွာသွားခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၃ တွင် အကျုံးမဝင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအထွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးဘမြေ။

လျှောက်ထားသူ မောင်အုန်းရွှေသည် ဇီးကုန်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁ဂ၁/၇၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ အရ၊ ထောင်ဒဏ် ၂ နှစ် နှင့် ငွေဒဏ် ၅၀၀ ကျပ် ချမှတ်ခြင်းခံရသည်။ မောင်အုန်းရွှေက ဇီးကုန်းမြို့ ရုံးထိုင်၊ ပဲခူးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၀/၇၃ တွင် အယူခံသောအခါ၊ တိုင်းတရားစီရင်ရေး အဖွဲ့က ပြစ်မှုထင်ရှား စီရင်ခြင်းကို အတည်ပြု၍ ထောင်ဒဏ်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၇၅ (ခ)၊

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၀ ဘွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် နေ့စွဲပါ ဇီးကုန်းမြို့ရုံးထိုင်၊ ပဲခူးတိုင်းတရားရုံး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၇၅

မောင်အုန်းရွှေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

၃ လနှင့် ငွေဒဏ် ၁၀၀၀ ကျပ်သို့ လျှော့ပေါ့ ချမှတ်လိုက်သည်။ မောင်အုန်းရွှေက မကျေနပ်နိုင်ဘဲ၊ ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပြစ်ဒဏ်ဘို့ကို လုံးဝ ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှု လျှောက်ထားသည်။

မောင်အုန်းရွှေနှင့် မမြညွန့်တို့သည် ချစ်ကြိုက်၍ နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေးကြပြီး၊ ၁၀ ရက်ခန့် လင်မယားအဖြစ် ပေါင်းသင်းနေထိုင် ခဲ့ကြသည်။ ထိုနောက် မောင်အုန်းရွှေက အကြောင်းရှာ၍ ထွက်ခွာသွားပြီးနောက် မမြညွန့်ထံ ပြန်မလာတော့သဖြင့်၊ မမြညွန့်က မောင်အုန်းရွှေအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ အရ၊ တရားရုံး၌ တိုက်ရိုက်လျှောက်ထား၍ တရားစွဲဆိုခြင်းဖြစ်သည်။

မည်သည့် ယောကျ်ားမဆို မိမိနှင့် တရားဝင်ထိမ်းမြားခြင်း မပြုသော မိန်းမကို မိမိနှင့် တရားဝင် ထိမ်းမြားကြောင်း လှည့်ဖြားယုံကြည်စေ၍ မိမိနှင့် ကာမစပ်ယှက်စေလျှင် ထိုသူသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ ကိုကျူးလွန်သည်။ သို့ရာတွင် မောင်အုန်းရွှေသည် မမြညွန့်အား ယင်းကဲ့သို့ လိမ်လည်လှည့်ဖြားခဲ့ကြောင်း သက်သေခံ အထောက်အထား လုံးဝမရှိ၊ ချစ်ကြိုက်၍ နှစ်ဦးသဘောတူ လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ခဲ့ပြီးမှ မောင်အုန်းရွှေသည် စားဝတ်နေရေး ဆင်းရဲမှုဒဏ်ကို မခံနိုင်သောကြောင့် ဇွဲသတ္တိနည်းစွာဖြင့် မမြညွန့်အား စွန့်ခွာသွားခြင်းသာဖြစ်သည်။ မောင်အုန်းရွှေ၏ ပြုမူချက်မှာ များစွာပြစ်တင် ရှုတ်ချဖွယ် ဖြစ်သော်လည်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ တွင် အကျုံးမဝင်ဟု ယူဆသည်။

လျှောက်ထားသူ မောင်အုန်းရွှေ အပေါ်တွင် တိုင်းတရားစီရင်ရေး အဖွဲ့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ အရ၊ ပြစ်မှုထင်ရှား စီရင်၍ ထောင်ဒဏ်နှင့်ငွေဒဏ် ချမှတ်ခဲ့သည် အမိန့်မှာ ဥပဒေအရ မှားယွင်းသည်။ ထို့ကြောင့် ယင်းအမိန့်ကို ပယ်ဖျက်၍ လျှောက်ထားသူ မောင်အုန်းရွှေအား အပြီးအပြတ် လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

၁၉၇၅ ခုနှစ်

တရားမမှုများ

## စီရင်ထုံးပြုသောမှုခင်းများ

### တရားမမှုများ

စာမျက်နှာ


| | |
|---|---|
| ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် ၁) နှင့် မောင်စိန်ဝင်း ပါ ၁၉ | ၁ |
| ကစ္စနား (ခ) ကတ္တနား နှင့် ရာဂျာကိုယ်ပယ်ပါ ၂ .... .... | ၅ |
| ဦးကံစိန် နှင့် မဝင်းကြည်ပါ ၂ .... .... .... | ၇ |
| မခင်ညွန့် (၎င်း၏ ကိုယ်စားလှယ် ဦးသန်းညွန့်) နှင့် ဦးရွှေထွန်းပါ ၉ | ၁၀ |
| ကိုစံညိန်းပါ ၂ နှင့် မချိုချို (ခ) လော်ရာစိန်ထွန်း .... .... | ၁၂ |
| ဦးစိန်ဝင်း နှင့် { ဒေါ်တင်ရွှေ (သေဆုံးသူ အလုပ်သမား မောင်စိန်မြင့်၏မိခင်) ပါ ၂ .... .... | ၁၅ |
| ဒေါ်စိန်အိ နှင့် ဦးတစ်တိုပါ ၂ .... .... .... | ၁၈ |
| စီတီဝမ်း (ခ) ဦးခင်မောင်ဝင်းပါ ၂ နှင့် ကိုညွန့်ပါ ၂ .... | ၂၀ |
| ဦးဆေးငုံပါ ၃ နှင့် ဒေါ်ကြင်မေပါ ၂ .... .... | ၂၃ |
| ဦးတင်ကြွီး နှင့် မတင်စန်းပါ ၂ .... .... .... | ၂၅ |
| ဦးတင်မြင့် နှင့် ဒေါ်အေးကြည်ပါ ၂ .... .... | ၂၈ |
| ဦးထွန်းပါ ၇ နှင့် ဦးသန်းအောင်ပါ ၄ .... .... | ၃၀ |
| ဦးထွန်းစိန် (ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ်၊ ဇနီး ဒေါ်အုံးစိန် နှင့် ဦးအောင်ပွင့် .... | ၃၅ |
| ဦးထွန်းရွှေ နှင့် ဒေါ်စောတင် ပါ ၂ .... .... | ၃၉ |
| နဒိန်းဆင် (ခ) ကရမ်ဆင်းပါ ၂ နှင့် ဦးဘသော်ပါ ၂ .... | ၄၂ |
| နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ နှင့် ဦးသာထိုပါ ၂ .... | ၄၄ |
| နိုင်ဒူး နှင့် မမြအောင်ပါ ၃ .... .... .... | ၄၇ |
| ဦးပြူးပါ ၂ နှင့် ဦးငွေထွန်းပါ ၂ .... .... | ၄၉ |

| | စာမျက်နှာ |
| --- | --- |
| ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နှင့် မဦး ပါ ၁၂ (ကွယ်လွန်သူဦးဘိုကြီး၏ တရားဝင် ကိုယ်စားလှယ်များ) | ၅၃ |
| ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် နှင့် ဦးအောင်လေးပါ ၉ .... | ၅၆ |
| မဖါတမာဘီ (၎င်း၏နီးစပ်ရာ မိတ်ဆွေအဖြစ် မောင်ဂေါ်ရာ (ခ) မောင်သိန်းထွေး) နှင့် မဟာနီမာဘီ ပါ ၆ .... | ၅၉ |
| ဗဟို ကုန်သွယ်ရေး ဦးစီးဌာန (စီမံရေးရာဌာနခွဲ) ရန်ကုန် နှင့် ဒေါ်ထွေး (ကွယ်လွန်သူ ဦးသိန်းအောင်၏ ဇနီး) .... | ၆၁ |
| မောင်ဘထွန်းပါ ၃ နှင့် မညွန့်တင်ပါ ၄ .... .... | ၆၃ |
| ဘဏ္ဏဝန်ဒတ်ဘာဂလာ နှင့် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ ပါ ၂ .... | ၆၅ |
| မကျစ် (ခ) ဦးချစ် နှင့် တိပြိမာမွတ်တီ.... .... .... | ၆၇ |
| မာမွတ်ယာကွတ်မံဆာ နှင့် အယွတ်အစ္စမေး (လ်) အာတီးယား .... | ၆၉ |
| ဦးမောင်မောင် (ခ) အလီဘိုင် နှင့် ဒေါ်ခင်သန်းမြင့် .... | ၇၂ |
| ဦးမျိုးအောင်ပါ ၃ နှင့် ဦးကျော်ဝင်းပါ ၂ .... .... | ၇၄ |
| မြန်မာ့ရေနံကော်ပိုရေးရှင်း နှင့် ဦးချစ်ထွန်း .... .... | ၇၇ |
| ဒေါ်ရဟီမာပါ ၃ နှင့် ဒေါ်သီ .... .... .... | ၇၉ |
| ရား(မ်)ဂျူနမ်း (၎င်း၏ ကိုယ်စားလှယ် ရား(မ်) ဘာလက်) နှင့် ဦးအောင်မြင့်ပါ ၂ .... | ၈၄ |
| မရင်နု နှင့် မအေးမြင့်ပါ ၂ .... .... .... | ၈၇ |
| ဦးလှထွန်း နှင့် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီပါ ၂ .... .... | ၈၉ |
| မောင်လှအေး နှင့် ဦးကျော်သိန်းပါ ၂ .... .... | ၉၂ |
| ဒေါ်သီလှ နှင့် မခင်အုန်းကြည် .... .... .... | ၉၅ |
| ဒေါ်သိန်းမေပါ ၃ နှင့် ဒေါ်ဝှာဘီပါ ၂ .... .... | ၉၇ |
| ဦးသိန်းလှပါ ၂ နှင့် ဒေါ်ညွန့်ညွန့် .... .... | ၁၀၁ |
| ဦးဟူစိန် နှင့် ဒေါ်လှမေ .... .... .... | ၁၀၃ |

စာမျက်နှာ


အဗ္ဗဒုဂျက်ဘား ပါ ၅ နှင့် ကေအမ်ဆုလေမန် ပါ ၅ .... ၁၀၆

ဒေါ်အေးတင်ပါ ၂ နှင့် ဦးစံဦး .... .... .... ၁၁၁

ဦးအောင်ကျော် နှင့် ဦးချာ(လ်)တန်ပါ ၆ .... .... ၁၁၄

ဦးအောင်ကွန့် နှင့် ဒေါ်တဆုပ် .... .... .... ၁၁၆

မောင်အောင်ခင်ထွေး ပါ ၂ နှင့် ဦးစံဟိန်းပါ ၂ ... ၁၂၀

ဦးအုန်း နှင့် ဒေါ်ဝိုင်း .... .... .... .... ၁၂၂

# ညွှန်းချက်

## တရားမမှုများ

စာမျက်နှာ

ဥပဒေများ—

ကာလစည်းကမ်းသတ်ဥပဒေ၊

ကုန်အမှတ်တံဆိပ်ဥပဒေ၊

တရားမကျင့်ထုံးဥပဒေ၊

ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊

မဟာမေဒင်ထုံးတမ်းဥပဒေ၊

မြန်မာဓလေ့ထုံးတမ်းဥပဒေ၊

သီးခြားသက်သာခွင့်ဥပဒေ၊

သက်သေခံဥပဒေ၊

ဟိန္ဒူဥပဒေ၊

အလုပ်သမားလျော်ကြေးဥပဒေ၊

၁၉၅၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများလွှဲပြောင်းခြင်း (ကန့်သတ်) ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးဥပဒေ။

ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ တရားရုံးချုပ်၏ အမိန့်အရ တရားရုံးများတွင် ဇာရီပြုလုပ်ခြင်းကို ဆိုင်းငံ့ထားခြင်း၊ ယင်းသို့ ဆိုင်းငံ့တားခြင်းခံရသည့် အချိန်ကို ကာလစည်းကမ်းသဇ် ရေတွက်ရာ၌ ထုတ်နှုတ်ရခြင်း။ ။ဆုံးဖြတ်ချက်။ ။ အယူခံတရားပြိုင်တို့သည် ဇာရီမှုတွင်သွင်းရန် သတ်မှတ်ထားသည့် စည်းကမ်းသတ်အချိန်အတောအတွင်း လျှောက်လွှာမတင်ခဲ့ခြင်းမှာ ယခင်တရားရုံးချုပ်၏ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့စွဲပါ ညွှန်ကြားချက်အရ ဥပစာများမှဖယ်ရှားသည့်အမိန့်ကို ဆိုင်းငံ့ထားခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် တရားရုံးများတွင် ဇာရီပြုလုပ်ခြင်းကို တရားရုံးချုပ်၏အမိန့်အရ ဆိုင်းငံ့ထားခြင်းဖြစ်သောကြောင့် ယင်းကဲ့သို့ ဆိုင်းငံ့ထားခြင်းခံရသည့်အချိန်ကို ကာလစည်းကမ်းသတ်ရေတွက်ရာ၌ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ အရ ထုတ်နှုတ်ရမည်ဖြစ်သောကြောင့် အယူခံတရားပြိုင်များလျှောက်ထားခဲ့သည့် ဇာရလျှောက်လွှာသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း မရှိဟုဆုံးဖြတ်သည်။

ဦးတင်မြင့် နှင့် ဒေါ်အေးကြည် ပါ ၂ .... .... .... ၂၈

စာမျက်နှာ

ကုန်အမှတ်တံဆိပ်ကို အတုပြုခြင်းကြောင့် စွဲဆိုသည့်အမှုတွင် ကုန်အမှတ်တံဆိပ်အချင်းချင်းထပ်တူ ထပ်မျှ တူညီရန်လိုမလို ယင်းအမှု အတောအတွင်း ယာယီတားမြစ်အမိန့်ထုတ်ပေးထားရန် သင့် မသင့်။ ။ဆုံးဖြတ်ချက်။ ။ကုန်အမှတ်တံဆိပ်ကိုအတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ် အချင်းချင်းသည် ထပ်တူထပ်မျှတူညီ နိမလို၊ တံဆိပ်နှစ်ခုကိုယှဉ်ပြိုင်ကြည့်ရှုလျှင် အနည်းငယ်ကွဲပြားချက်များရှိသော်လည်း တခုနှင့်တခုဆင်တူရိုးမှားဖြစ်လောက်အောင် တူညီမှုရှိလျှင်အတုပြုလု ်ခြင်းဖြစ်မြောက်သည်။ အခင်းဖြစ် တံဆိပ်နှစ်ခုကို ကြည့်ရှုလျှင် မျ းစွာတူညီသဖြင့် သာမန်လူများ မှားယွင်းရန် အကြောင်းဒှိသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ခြင်းကြောင့် စွဲဆိုသည့် အမှုအတောအတွင်း ယာယီတားမြစ်အမိန့်ကို လျှေ က်ထားသူအား ထုတ်ပေးမထားခြင်းကြောင့် ၎င်းအတွက် နစ်နာသုံးရှုံးမှုမှာ ငွေကြေးဖြင့်တွက်ချက်၍ လျော်ကြေးပေးရန်မဖြစ်နိုင်သည့် နစ်နာမှုမျိုးကိုဖြစ်စေနိုင်သည်။ ယာယီတားမြစ်အမိန့်ထုတ်ပေးထားမှသာလျှင် တရားမျှတမှုရှိပေမည်။

ဦးမောင်မောင် (ခ) အလီဘိုင် နှင့် ဒေါ်ခင်သန်းမြင့် .... .... ၇၂

ကျူလယာမူစလင်ဗလီတွင် ဝတ်ပြုခွင့်ရှိသူမှာ မဲပေးပိုင်ခွင့်ရှိမရှိ၊ ဗလီတည်ရှိရာဒေသ၌နေထိုင်သူများကိုသာ မဲပေးခွင့် ပြုသင့်မသင့်၊ ပြည်သူများနှင့်သက်ဆိုင်သော ဗလီအတွက် ဗလီလူကြီးများကို အများက သဘောတူသူများကိုသာ ရွေးကောက်တင်မြှောက်ရန် သင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။ဝတ်ပြုခွင့်ရှိသူ တဦးတယောက်တွင် မဲပေးပိုင်ခွင့်လည်းရှိရမည်ဟု ယူဆသည်။ဝတ်ပြုနိုင်ပြီး မဲပေးနိုင်ခွင့်မရှိဟုဆိုခြင်းမှာ သဘာဝမကျချေ။ မဲပေးပိုင်ခွင့်ရှိသူအချင်းချင်း ခွဲခြားမှု ကန့်သတ်ချက်များထားရှိလျှင် တရားမျှတမည်မဟုတ်ပေ၊ လူမျိုးစုအချင်းချင်း စိတ်ဝမ်းကွဲပြားမှု ဖြစ်ပေါ်လာရန်အကြောင်းရှိနိုင်သည်။ ထို့ကြောင့် ကျူလယာလူမျိုးများသာ မဲပေးပိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။အင်းစိန်နယ်နိမိတ်၏အတွင်း နေထိုင်သူများကိုသာ မဲပေးခွင့်ပြုမည့်အစား ရန်ကုန်မှာနေထိုင်သူများကိုပါ မဲပေးခွင့်ပြုလျှင် ဗလီအတွက် ပိုမိုအကျိုးဖြစ်ထွန်းမည်ဟု တင်ပြသည်။ ရန်ကုန်မှာ နေထိုင်သူများကိုပါ မဲပေးခွင့်ပြုလျှင် ရွေးကောက်ပွဲကျင်းပရာတွင် မနိုင်မနင်းဖြစ်လာနိုင်မည်။ ထို့အပြင် ဗလီတည်ရှိရာဒေသတွင် နေထိုင်သူများသာ ယင်းဗလီ၏အကျိုးကျေးဇူးအတွက် ဆောင်ရွက်နိုင်မည့်သူများဖြစ်သဖြင့် ၎င်းတို့ကိုသာလျှင် မဲပေးခွင့်ပြုသင့်သည်ဟု ယူဆသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။အချင်းဖြစ်ဗလီမှာ ပြည်သူအများနှင့် သက်ဆိုင်သည့်ဗလီဖြစ်သည်။ အများကဝတ်ပြုကြသည်။ အများကလှူဒါန်းကြသည်။ ထို့ကြောင့် အများသဘောတူတူများကိုသာ ဘဏ္ဍာတော်ထိန်းဖြစ်သည့် ဗလီလူကြီးများကို ရွေးကောက်တင်မြှောက်သင့်သည်။ ပုဂ္ဂိုလ်ရေးအရ တဦးတယောက်ကိုရွေးချယ်၍ ခန့်အပ်ခြင်းမပြုသင့်ပေ။ ဗလီ၏ အကျိုးကျေးဇူးကို ထောက်ရှု၍ စီမံအုပ်ချုပ်ရမည်ဖြစ်သည်။ အမျိုးအနွယ်များ ဖြစ်ကြသော သူများသည် အုပ်ချုပ်နိုင်သောအရည်အချင်း ရှိမရှိကို ရှုံးကမသိနိုင်ချေ။ ပြည်သူများနှင့်ဆိုင်သောဗလီဖြစ်သဖြင့် ပြည်သူများက ၎င်းဗလီ၏ အကျိုးကိုရှေးရှု၍ ဗလီလူကြီးအဖြစ်ရွေးချယ်ကြရန်ဖြစ်သည်။

အဗ္ဗဒူဂျက်ဘား ပါ ၅ ဦး နှင့် ကေအမ်ဆူလေမန်ပါ ၅ ဦး.... .... ၁၀၆

စာမျက်နှာ

စိတ်မနှံ့သူဖြစ်ကြောင်း ဆုံးဖြတ်ရန် သက်ဆိုင်ရာဆရာဝန်၏ ထောက်ခံချက်လိုမလို၊ စိတ်မနှံ့သူအားရုံးရှေ့သို့ခေါ်လာရန်လိုမလို။ ။ဆုံးဖြတ်ချက်။ ။အမှု တမှုမှ အမှုသည်တဦးသည် စိတ်မနှံ့ပါဟု ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာ ဆရာဝန်၏ထောက်ခံချက်မှာအရေးကြီးသည့် အချက်ဖြစ်သည်။ ဤအမှုတွင် လျှောက်ထားသူသည် စိတ်မနှံ့သူဖြစ်သည်ဟု ဆရာဝန်ထောက်ခံချက် မတွေ့ရှိရချေ။ ထို့အပြင် အမှုစစ်ဆေးသည့်တရားသူကြီးအဖွဲ့အနေနှင့် လျှောက်ထားသူသည် စိတ်မနှံ့သူတဦးဟုတ်မဟုတ်ကို အကဲခတ်၍ ဆုံးဖြတ်နိုင်ရန် လျှောက်ထားသူကို မောင်ဂေါ်ရာက ရုံးရှေ့သို့ခေါ်လာသင့်သည်။ ဤကဲ့သို့လျှောက်ထားသူကို ရုံးရှေ့သို့ခေါ်လာခဲ့ခြင်း မရှိခဲ့ချေ။ ထို့ကြောင့် မူလပြည်နယ်တရားရုံးက လျှောက်ထားသူသည် စိတ်မနှံ့သူတဦးဖြစ်ကြောင်း လုံလောက်သည့် အထောက်အထားမရှိဟု အဆုံးအဖြတ်ကို ကျွန်ုပ်တို့အနေနှင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိ။

မဖါတမာဘီ [၎င်း၏ နီးစပ်ရာ မိတ်ဆွေအဖြစ် မောင်ဂေါ်ရာ (ခ) မောင်သိန်းထွေး] နှင့် မဟာနိမါဘီ ပါ ၆ ဦး ၅၉

ဇာရီမျှားမှုကို ခေတ္တဆိုင်းငံ့ထားခဲ့ရာမှ ပြန်လည်ရုပ်သိမ်းခဲ့ရာ ယင်းသို့ခေတ္တဆိုင်းငံ့ထားသည့်ကာလသည် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၅(၁)နှင့် အကျုံးဝင်မဝင်၊ ယင်းရက်များကို ကာလစည်းကမ်းသတ်တွက်ချက်ရာ၌ နုတ်သင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။ယခင်တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့စွဲပါစာဖြင့် ဇာရီမှုများကိုခေတ္တဆိုင်းငံ့ထားခြင်းကို ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ကရုပ်သိမ်းခဲ့သည်။ ယင်းရက်များမှာ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၅ (၁) နှင့်အကျုံးဝင်သည်ဟု ကျွန်ုပ်တို့ယူဆသဖြင့် ယင်းရက်များကို ကာလစည်းကမ်းသတ် ကျော်မကျော်တွက်သည့်အခါတွင် နုတ်ရပေမည်။

ဦးဆေးငုံ ပါ ၃ နှင့် ဒေါ်ကြင်မေ ပါ ၂ .... .... .... ၂၃

တရားနိုင်သေဆုံး၍ သမီးဖြစ်သူက ဇာရီလျှောက်လွှာတင်သွင်းရန် တရားမကျင့်ထုံး အမိန့် ၂၂၊ နည်းဥပဒေ ၃ အရ တရားနိုင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန်အတွက် လျှောက်ထားရန်လိုမလို၊ ဇာရီလျှောက်လွှာနှင့် တပါတည်းသေဆုံးသွားသော တရားနိုင်၏တရားဝင်ကိုယ်စားလှယ်အဖြစ်ထည့်ပေးရန်လျှောက်ထားခြင်း၊ လျှောက်လွှာကို ၆ လ ကျော်လွန်မှ တင်သည့်အတွက် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းရှိမရှိ စဉ်းစားရန်လိုမလို၊ ဥပဒေအရ ခွင့်ပြုချက် (License) သာရရှိသူ၏ အမွေစားအမွေခံများသည် ယင်းမြေနှင့်ပတ်သက်သည့် အခွင့်အရေးများကို အမွေဆက်ခံနိုင်ခွင့်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၂၂ အရသေဆုံးခဲ့သည့်အမှုသည်တဦး၏ နေရာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့်ထည့်သွင်းရန် ကာလစည်းကမ်းသတ်ဥပဒေအချက် (Article) ၁၇၆ အရ ရက်ပေါင်း (၉၀) အတွင်း လျှောက်ထားရမည်ဟု သတ်မှတ်ထားသည်။ ထိုသတ်မှတ်ချက်ကို ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ အရ ကုစား၍ မရနိုင်ပါဟု အယူခံတရားလိုတို့ဖက်ကတင်ပြသည်။ ဤတင်ပြချက်မှာ ယခုအမှု၏ အခြေအနေဖြင့် စဉ်းစားရန်မဖြစ်နိုင်ချေ။ တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၁၂ အရ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်းနှင့်ပတ်သက်၍ အမိန့် ၂၂၊ နည်းဥပဒေ ၃၊ ၄ နှင့် ၇

စာမျက်နှာ ၁

တို့ပါ ပြဋ္ဌာန်းချက်တို့သည် ဇာရီလျှောက်လွှာနှင့် မသက်ဆိုင်စေရဟု ဆိုထားသည်။ ထို့ကြောင့် အယူခံတရားပြိုင်သည် ဇာရီလျှောက်လွှာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် ထည့်သွင်းပေးပါဟု လျှောက်ထားရန် မလိုပဲ၊ ၎င်းကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။ သို့ဖြစ်၍ တရားဝင်ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့်ပတ်သက်သည့် စည်းကမ်းသတ်ဥပဒေမှာ ဤအမှုနှင့်မသက်ဆိုင်သဖြင့် ထည့်သွင်း စဉ်းစားရန်မလိုပေ။ ။ထပ်မံဆုံးဖြတ်ချက်။ ။ဥပဒေအရ ခွင့်ပြုချက် (License) သာရရှိသူ၏အမွေစားအမွေခံများသည် ယင်းမြေနှင့်ပတ်သက်သည့် အခွင့်အရေးများကို အမွေဆက်ခံနိုင်ခွင့်မရှိချေ။

ကိုစံညိန်း ပါ ၂ နှင့် မ ချိုချို (ခ) လော်ရာစိန်ထွန်း .... .... ၁၂

တရားနိုင်သည် တရားရုံးက ပစ်သည့်လေလံပွဲတွင် ဝင်ရောက်ဆွဲဝယ်ခွင့် ရှိမရှိ၊ သံဂဟေဆော်စက်နှင့် တွင်ခုံအတွက်အသုံးပြုသည့်ဓါတ်အားပေး မော်တာစက်များမှာ လက်မှုပညာရှင်များ၏ ကရိယာတန်ဆာပလာများဟုတ်မဟုတ်။ ။ဆုံးဖြတ်ချက်။ ။တရားနိုင်တဦးသည် တရားရုံးက ပစ်သည့်လေလံပွဲတွင် ဝင်ရောက်ဆွဲဝယ်ခွင့်မရှိဟု တရားမကျင့်ထုံး ဥပဒေတွင် တားမြစ်ချက်မရှိချေ။ သက်ဆိုင်ရာတရားရုံး၏ ကြိုတင်ခွင့်ပြုချက်ရရှိပြီးမှ ဆွဲဝယ်ရမည်ဟုလည်း တားမြစ်ချက် မရှိချေ။ ထို့ကြောင့် ဤအမှုတွင် အယူခံ တရားပြိုင်အနေ နှင့် ရုံးကပစ်သည့် လေလံပွဲတွင် ပစ္စည်းများကို ဝယ်ယူခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ချေ။ ။ထပ်မံဆုံးဖြတ်ချက်။ ။သံဂဟေဆော်စက်နှင့် တွင်ခုံအတွက် အသုံးပြုသည့်ဓါတ်အားပေးမော်တာစက်များမှာ လက်မှုပညာရှင်များ၏ ကိရိယာတန်ဆာပလာများ မဟုတ်ဟု ဆုံးဖြတ်သည်။

ဦးအုန်း နှင့် ဒေါ်ဝိုင်း .... .... .... .... ၁၂၂

တဖက်သတ် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားရာတွင် လုံလောက်သောအကြောင်း ပြချက်များ ရှိရန်လိုခြင်း။ ။ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုဖက်မှ ပေါ့လျော့ပျက်ကွက်မှုကြောင့် မူလရုံးမှတဖက်သတ် ကြားနာစစ်ဆေးခြင်းဖြစ်သည်။ တဖက်သတ်ကြားနာစစ်ဆေးသောအမှုများတွင် ပျက်ကွက်သူထံမှ လုံလောက်သောအကြောင်းပြနိုင်မှသာလျှင် အမှုကို အသစ်တဖန် ကြားနာစစ်ဆေးရန်လိုသည်။

နိုင်ဒူး နှင့် မမြအောင် ပါ ၃ .... .... .... ၄၇

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၈၂ အရ သတ်မှတ်ချက်ကာလများ ကုန်ဆုံးမှ ဇာရီပြုလုပ်ခွင့်ရှိခြင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၂ အရ၊ မိမိချမှတ်သည့် စီရင်ချက် သို့မဟုတ် ဒီကရီတွင် မတော်တဆ ချန်လှပ်မိခဲ့သည့် ကိစ္စရပ်များကို ပြင်ဆင်ထည့်သွင်းပေးနိုင် မပေးနိုင်။ ။ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၈၂ အရ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် အပေါ် ဒီကရီချမှတ်သည့်အခါ သက်ဆိုင်ရာတရားရုံးက ဒီကရီကျ ငွေများကို ပေးဆပ်ရန်အချိန် သတ်မှတ်ပေးရမည်ဟု ပါရှိသည်။ ယင်းကဲ့သို့ သတ်မှတ်ပေးသည့် အချိန်ကာလ ကုန်ဆုံးသည့်အခါ သက်ဆိုင်ရာတရားရုံးက နိုင်ငံတော်သမ္မတထံ ဒီကရီကျငွေများ

မပေးဆပ်သေးကြောင်း အစီရင်ခံရမည်။ ဤကဲ့သို့ အစီရင်ခံပြီး ၃ လကျော်လွန်မှသာလျှင် တရားနိုင်ကဇာရီပြုလုပ်ခွင့်ရှိသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၂ အရ သက်ဆိုင်ရာတရားရုံးသည် မိမိချမှတ်သည့်စီရင်ချက် သို့မဟုတ် ဒီကရီတွင် မတော်တဆချန်လှပ်မိခဲ့သည့် ကိန်းရပ်များကိုပြင်ဆင်ထည့်သွင်းပေးနိုင်သည်ဟုပါရှိသည်။ ထို့ကြောင့် ဤအမှုတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၂ အရ ဒီကရီငွေများ ပေးဆပ်ရန် ရက်သတ်မှတ်ပေးရမည်ဟုပြဋ္ဌာန်းချက်ကို မတော်တဆ ချန်လှပ်မိခဲ့သည့်အတွက် ပုဒ်မ ၁၅၂ အရ ပြင်ဆင်ပေးနိုင်သည်ဟုယူဆသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် } နှင့် { မဦးပါ - ၁၂ (ကွယ်လွန်သူ ဦးဘိုကြီး၏ တရားဝင် ကိုယ်စားလှယ်များ)း .... ၅၃

တရားမကျင့်ထုံး ဥပဒေအမိန့် ၈ နည်းဥပဒေ ၅၊ တရားလိုတဦး၏အဆိုလွှာတွင်ပါရှိသည့် စွပ်စွဲချက်ကို တရားပြိုင်က ၎င်း၏ ချေလွှာအရ တိကျစွာမငြင်းလျှင် ဝန်ခံသည်ဟု မှတ်ယူရခြင်း။ ။ဆုံးဖြတ်ချက်။ ။အဆိုလွှာ အပိုဒ် ၁၃ တွင်ပါရှိသည့်စွပ်စွဲချက်များကို အယူခံတရားလိုက ၎င်း၏ချေလွှာတွင် မငြင်းခဲ့ကြောင်း တွေ့ရသည်။ အပိုဒ် ၁၃ အရ အယူခံတရားပြိုင်တို့က ၎င်းတို့ပိုင် ထင်းရှူးသေတ္တာလုပ်ငန်းကို အယူခံတရားလိုမှာ သားမက်ဖြစ်သဖြင့် ယုံကြည်၍ လွှဲအပ်ခဲ့သည်ဟု အတိအလင်းစွပ်စွဲထားကြောင်း တွေ့ရသည်။ တရားမကျင့်ထုံး ဥပဒေ အမိန့် ၈ နည်းဥပဒေ ၅ အရ တရားလိုတဦး၏အဆိုလွှာတွင် ပါရှိသည့်စွပ်စွဲချက်ကို တရားပြိုင်က ၎င်း၏ ချေလွှာအရ တိကျစွာမငြင်းလျှင်၊ ဝန်ခံသည်ဟု မှတ်ယူရန်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အဆိုလွှာအပိုဒ် ၁၃ ပါစွပ်စွဲချက်များကို အယခံ တရားလိုက မငြင်းခဲ့သည့်အတွက် ဝန်ခံသည်ဟု မှတ်ယူရပေသည်။

မောင်လှအေး နှင့် ဦးကျော်သိန်း ပါ-၂ .... .... ၆၂

တရားမကျင့်ထုံးအမိန့် ၃၈ နည်းဥပဒေ ၅(၁)(က)(ခ)၊ အမှုမပြီးဆုံးမီအတွင်း ပစ္စည်းဖမ်းဝရမ်းကို လွယ်လွယ်နှင့် ထုတ်မပေးရခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားရုံးများသည် အမှုမပြီးဆုံးမီအတွင်းပစ္စည်း ဖမ်းဝရမ်း ထုတ်မပေးမီ ထိုဝရမ်းကို ထုတ်ပေးရန် အလွန်ပင်လိုအပ်ပြီး လုံလောက်သော အကြောင်းရှိသည်ဟု ယုံကြည်မသာလျှင် ထုတ်ပေးသင့်သည်။ လွယ်လွယ်နှင့် ထုတ်ပေးခြင်း မပြုသင့်ချေ။ ဝရမ်းကပ်ရအောင် လုံလောက်သော အကြောင်း ရပ်များရှိရန်လိုသည်။ လုံလောက်သော အကြောင်းဆိုသည်မှာ တရားမကျင့်ထုံး အမိန့် ၃၈၊ နည်းဥပဒေ ၅(၁)(က) သို့မဟုတ် (ခ)တို့တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်နှင့် ကိုက်ညီရမည်ဖြစ်သည်။

ဦးမျိုးအောင် ပါ ၃ နှင့် ဦးကျော်ဝင်း ပါ ၂ .... .... ၇၄

တရားမမှုများကို ဆုံးဖြတ်ရာ၌ အဆိုအချေများအပေါ် အခြေခံလျက်အဆုံးအဖြတ်ပေးရခြင်း၊ အချေလာတွင် တိကျစွာ ငြင်းဆိုထားခြင်း မရှိသည့်အချက်နှင့်ပတ်သက်၍ပေးသည့်လက်ရေးလက်ဗွေပါရဂူတို့၏ သက်သေခံချက်ကို လက်ခံရန်သင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။တရားမမှု များကို ဆုံးဖြတ်ရာ၌ အဆိုအချေပါ

စာမျက်နှာ

အချက်များကို အခြေခံလျက် အဆုံးအဖြတ်ပေးရမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် အယူခံ တရားလိုများသည့်ငင်း တို့၏ ချေလွှာတွင် မွေးစား စာချုပ်ပေါ်ရှိ လက်မနှင့် လက်ဗွေတို့မှာ ဦးမောင်မောင်၏ လက်မနှင့် လက်ဗွေ မဟုတ်ဟု တိကျစွာ ငြင်းဆိုထားခြင်း မရှိသည့်အတွက် ဦးမောင်မောင်၏ လက်မှတ်မဟုတ် လက်ဗွေ မဟုတ်ဟု တင်ပြထားသည့် လက်ရေးလက်ဗွေ ပါရဂူတို့၏ သက်သေခံချက်များကို လက်ခံသင့်ပေ။ အမှုဆုံးဖြတ်ရာ၌ ထည့်သွင်း မစဉ်းစားသင့်ပေ။

ဦးထွန်း ပါ ၇ နှင့် ဦးသန်းအောင် ပါ ၄ .... .... ၃၁

တိုင်းတရားရုံးတွင် အယူခံနေစဉ် အချင်းဖြစ်အိမ်ကို ဖျက်ဆီးပြီး ဖြစ်သဖြင့် ယင်းအိမ်နှင့် ပတ်သက်၍ပိုင်ဆိုင်ကြောင်းမြွက်ဟကြေငြာပေးရန်လိုမလို။ ။ဆုံးဖြတ်ချက်။ ။ မရှိတော့သည့် အိမ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်သင့် မသင့်စဉ်းစားရန်လိုပေသည်။ သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရမြွက်ဟချက် ဒီကရီချမှတ်သင့် မသင့်ဆိုသည့်ကိစ္စမှာ မူလရုံးမှ ဆင်ခြင်တုံတရားလက်ကိုင်ထား၍ ဆုံးဖြတ်ရသည့် ကိစ္စဟုသာ ဖြစ်သည်ဆိုခြင်းမှာ မှန်၏။ သို့ရာတွင် ယင်းသို့ချမှတ်သည့် ဒီကရီတခုသည် တရားလိုအတွက် မည်သို့မျှ လက်တွေ့အသုံးမဝင် အသုံးမချနိုင်လျှင် ထိုဒီကရီသည် အဓိပ္ပါယ်ရှိမည် မဟုတ်ပေ။ မြွက်ဟကြေငြာပေးခြင်းအားဖြင့် တရားလိုတွင် အကျိုးသက်ရောက်မှု မရှိပါမူ ထိုမြွက်ဟချက်သည် အချီးအနှီးသာ ဖြစ်ပေသည်။ ထိုသို့ အချီးနှီးသာ ဖြစ်သည့် အဓိပ္ပါယ်မဲ့သည့် ဒီကရီမျိုးကို တရားရုံးများ အနေဖြင့် ချမှတ်ခြင်းမပြုသင့်။

မခင်ညွန့် (၎င်း၏ကိုယ်စားလှယ် ဦးသန်းညွန့်) နှင့် ဦးရွှေထွန်း ပါ ၉ ၁၀

နေခွင့်လက်မှတ် ( Permit ) ဖြင့်ရရှိသည့် တောင်ဥက္ကလာပမြို့ရှိ အစိုးရမြေကို အမွေဆက်ခံပိုင်ခွင့် ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။အခင်းဖြစ်မြေမှာ အစိုးရမြေဖြစ်ပြီး ဒေါ်မြိုင်၏ အမည်နှင့် နေခွင့်လက်မှတ် ( Permit )ကို အိုးအိမ်ပြန်လည်ထူထောင်ရေး အဖွဲ့က ထုတ်ပေးထားကြောင်း အငြင်း မထွက်ချေ။ နေခွင့်လက်မှတ် ( Permit ) ဖြင့် ရရှိခဲ့သည့် မြေဖြစ်သဖြင့် ဒေါ်မြိုင်ကွယ်လွန်ပြီးနောက် ယင်းမြေကို ဒေါ်မြိုင်၏ အမွေစားအမွေခံများက အမွေဆက်ခံပိုင်ခွင့်မရှိ။

မရင်နု နှင့် မအေးမြင့် ပါ ၂ .... .... .... ၇၇

နိုင်ငံခြားနေ တရားလိုအတွက် ကိုယ်စားလှယ်က အဆိုလာကို လက်မှတ်ထိုးခြင်း၊ အဆိုလာပါကိစ္စများ သိရှိနားလည်သည်ဟု ဝန်ခံထားခြင်း၊ နိုင်ငံခြားနေ တရားလိုအား ကော်မရှင်နှင့် စစ်ဆေးရန် လျှောက်ထားခြင်းကို ခွင့်ပြုသင့် မသင့်။ ။ဆုံးဖြတ်ချက်။ ။မူလမှုမှ အဆိုလွှာကို တိပီမာမွတ်တီး၏ကိုယ်စား ကိုယ်စားလှယ် ဦးကျော်အေးက လက်မှတ်ထိုး၍ တင်ခဲ့သည်။ ယင်းအဆိုလွှာ၏ နောက်ဆုံးအပိုဒ်ဖြစ်သည့် ဝန်ခံချက်အောက်တွင်လည်း ဦးကျော်အေးက လက်မှတ်ထိုးထားသည်။ အမှုအကြောင်းအချင်းအရာ အချက်အလက်နှင့် ပတ်သက်သည့်အဆိုလွှာအပိုဒ် (၁) မှ (၇) အထိစကားရပ်များမှာ မှန်ကန်ကြောင်း ကိုယ်တိုင်သိရှိနားလည်ပါသည်ဟု ဦးကျော်အေးက ဝန်ခံချက်ပြုထားသည်။ ဤကဲ့သို့

ကိုယ်စားလှယ် တဦးအနေနှင့် အဆိုပြုချက် အားလုံးကို ကိုယ်တိုင်သိရှိ နားလည် နေလျှင် အိန္ဒိယနိုင်ငံတွင်ရှိသည့် တိပိမာမွတ်တီးကို ကော်မရှင်ဖြင့် စစ်ဆေးရန် မလိုချေ။

မဂျစ်(ခ)ဦးချစ် နှင့် တီးပီးမာမွတ်တီ .... .... .... ၆၇

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ဖြစ်သည့် အယူခံတရားလိုသည် အယူခံ တရားပြိုင်များ ပေးပို့သော တိုကင်းများကောင်း မကောင်း၊ စိစစ်ရန်တာဝန်ရှိ မရှိ၊ ပဋိညာဉ် ဥပဒေပုဒ်မ ၇၃၊ ပဋိညာဉ်အရ တာဝန်ရှိသူများသည် ဆုံးရှုံးနစ်နာမှု အတွက်လျော်ကြေး အပြည့်အဝ ပေးရန် တာဝန်ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။ အယူခံတရားလိုအဖွဲ့မှ တာဝန်ခံ အရာရှိတို့သည် တိုကင်းကိုကောင်း မကောင်း စစ်ဆေးရန် တာဝန်ပျက်ကွက်ခဲ့သည့်အတွက် တိုကင်း နစ်မြုပ်သွားသည့် ကိစ္စနှင့် ပတ်သက်ပြီး ပူးတွဲတာဝန်ရှိသည်၊ ပေါ့လျော့မှု ရှိသည်ဟု ဆုံးဖြတ်ခြင်းမှာ မှား သည်ဟုယူဆသည်။ အယူခံတရားလိုတို့သည် ၎င်းတို့၏ ဆန်များကို သယ်ယူပို့ ဆောင်ရန်အတွက် တိုကင်းများ ငှါးခဲ့သည်။ ဤကဲ့သို့ ငှါးသည့်အခါတွင် အယူခံ ခံတရားလိုများက အယူခံတရားပြိုင်များ ပေးပို့သော တိုကင်းများ ကောင်း မကောင်း၊စစ်ဆေးစိစစ်ရန် အလျဉ်းပင်တာဝန်မရှိဟုယူဆသည်။ ။ထိုပြင်ဤအမှု မှာ ပဋိညာဉ် ဥပဒေပုဒ်မ ၇၃ အရတရားစွဲဆိုသည့် အမှုဖြစ်သည်။ တရားမ နစ်နာကြေး ( Tort ) အရစွဲဆိုသည့်အမှု မဟုတ်ပေ။ ထို့ကြောင့် ပူးတွဲပေါ့ လျော့မှု မရှိသဖြင့် အယူခံတရားလိုတို့မှာလည်း တာဝန်ရှိသည်ဟု မဆိုနိုင်ပေ။ ပဋိညာဉ်အရ အယူခံတရားပြိုင်တို့တွင် တာဝန်ရှိခြင်းကြောင့် အယူခံတရားလို တို့ဆုံးရှုံးခဲ့သည့် ဆန်အိတ်များအတွက် လျော်ကြေး အပြည့်အဝ ပေးရန်တာဝန် ရှိသည်။

နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ နှင့် ဦးသာထို ပါ ၂ .... ၄၄

မရွှေပြောင်းနိုင်သည့်ပစ္စည်းကို အပေါင်ပြု၍ငွေချေးစဉ်က ပေးအပ်ခဲ့သည့် ဦးပိုင်ရာဇဝင် မှတ်တမ်း (Register of holdings) သည် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေ ပုဒ်မ ၅၈ (စ) အရ ပိုင်ဆိုင်မှုနှင့်ပတ်သက်သော စာချုပ်စာတမ်းများ ဟုတ် မဟုတ်။ ။ဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၈ (စ) တွင် "ပိုင်ဆိုင်မှုနှင့်ပတ်သက်သော စာချုပ်စာတမ်း "(Documents of title) ဟု ပါရှိသည်။ ယင်းကဲ့သို့ဖော်ပြထားသည့်စကားရပ်တွင် စာချုပ်စာတမ်းအမျိုး အစား ၂ မျိုးရှိသည်။ တမျိုးမှာ "ပိုင်ဆိုင်ခွင့်ကို သတ်မှတ်ပေးသည့်စာချုပ် စာတမ်း"(Documents creating title) နောက်တမျိုးမှာ "ပိုင်ဆိုင် ခွင့်ကို သက်သေခံအထောက်အထားပြုသည့် စာချုပ်စာတမ်း "(Documents evidencing title) တို့ဖြစ်သည်။ ဦးပိုင်ရာဇဝင်မှတ်တမ်းမှာ ပိုင်ဆိုင် ခွင့်ကို သက်သေခံအထောက်အထားပြုသည့် စာချုပ်စာတမ်း အမျိုးအစားတွင် ပါဝင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် နှင့် ဦးအောင်လေး ပါ ၉ ....

စာမျက်နှာ

မော်တော်နှင့် လိုက်ပါလာသူတဦး လိမ့်ကျသေဆုံးမှု၊ မော်တော်ပိုင်ရှင်က ထိုသူ၏ မိခင်အားကရုဏာကြေးပေးခြင်းအားဖြင့် အလုပ်ရှင်ဟုကောက်ချက်ချသင့်မသင့်။ ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် မိမိမော်တော်နှင့် လိုက်ပါလာသူတဦး လိမ့်ကျသေဆုံးခြင်းနှင့်ပတ်သက်၍ ထိုသူ၏ မိခင်ဖြစ်သူအား ကရုဏာကြေးငွေကျပ် ၂၀၀ ပေးခြင်းအားဖြင့် အလုပ်ရှင်ဖြစ်ရမည်ဟု ကောက်ချက်ချရန် မသင့်။ ငွေပေးခြင်းကို အကြောင်းပြုပြီး အလုပ်ရှင်ဟူ၍ အထောက်အကူပြုသော အခြားပတ်ဝန်းကျင် သက်သေခံချက်များရှိမှသာလျှင် အလုပ်ရှင် အလုပ်သမားဟူသောအချက်ကို စဉ်းစားရန်ရှိပေမည်။

ဦးစိန်ဝင်း နှင့် { ဒေါ်တင်ရွှေ (သေဆုံးသူ အလုပ်သမား မောင်စိုးမြင့်၏ မိခင် ပါ ၂ .... .... ၁၆

မော်တော်ဘူးတွဲပိုင်ရှင်နှစ်ဦးအချင်းချင်း နားလည်မှုဖြင့် အလှည့်ကျ စလင်အဖြစ်ဆောင်ရွက်သူသည် မော်တော်ငှားသည့်ဌာန၏ အလုပ်သမား ဟုတ်မဟုတ်။ ။ဆုံးဖြတ်ချက်။ ။မော်တော်ငှားသည့်အတွက် အယူခံတရားလိုတို့က မော်တော်ငှားခပေးခြင်းဖြစ်သည်။ အယူခံတရားလိုဌာနအနေနှင့် ဦးသိန်းအောင်အား လုပ်ခပေးရန်တာဝန်လုံးဝမရှိပေ။ ဘူးတွဲပိုင်ရှင်နှစ်ဦး အချင်းချင်းနားလည်မှုဖြင့်အလှည့်ကျစလင်အဖြစ်ဆောင်ရွက်ရန် သဘောတူခဲ့ကြသဖြင့် ဦးသိန်းအောင် သည်အချင်းဖြစ်နေ့က စလင်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ခဲ့သည်။ အယူခံတရားလိုများ၏ အကျိုးအတွက် စလင်အဖြစ်ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပေ။ ထို့ကြောင့် ဦးသိန်းအောင်သည် တရားလိုဌာန၏ အလုပ်သမားတဦးမဟုတ်ဟုယူဆသည်။

ဗဟိုကုန်သွယ်ရေး ဦးစီးဌာန (စိမ့်ရေးဌာနခွဲ) ရန်ကုန်မြို့ } နှင့် { ဒေါ်ထွေး (ကွယ်လွန်သူ ဦးသိန်းအောင်၏ဇနီး) .... ၆၁

မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (င)၊အဆောက်အဦအသစ်ပြန်လည် ဆောက်လုပ်ရန် အိမ်နှင်လိုမှု၊ အသစ်ပြန် လည်ဆောက်လုပ်ရန် လိုအပ်သည့်အခြေအနေမရှိခြင်း၊ လက်ရှိအဆောက်အဦကိုဖျက်ပြီး အသစ်ဆောက်လုပ်လိုသည့်အကြောင်းပြချက်ကို လက်ခံရန် သင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။အဆောက်အဦ၏ အခြေအနေနှင့်ပတ်သက်၍ အမှုတွဲကိုလေ့လာကြည့်ရာတွင် အသစ်တဖန်ပြန်လည် ဆောက်လုပ်ရန် မလိုအပ်သေးသည့် အခြေအနေဖြစ်ကြောင်း တွေ့ရှိရသည်။ အခင်းဖြစ်အဆောက်အဦမှာ ၁၉၅၃ ခုနှစ်က ဆောက်လုပ်သောအဆောက်အဦဖြစ်သည်။ ယခုအခါတွင် အဆောက်အဦသည် ဟောင်းနွမ်းဆွေး မြေ့ခြင်းလုံးဝမရှိသည့်အပြင် နောက်ထပ် နှစ်အတန်အကြာ အသုံးပြုနိုင်သည့် အခြေအနေရှိကြောင်း ပေါ်လွင်သည်။ အိမ်ပိုင်ရှင်အဖို့လက်ရှိသုံးခန်းအပြင် နောက်ပိုင်းတွင်ရှိနေသည့် နှစ်ထပ်အိမ်တလုံးမှာလည်း ၎င်း၏လက်ရှိပင်ဖြစ်နေ၍ စီးပွားရေးလုပ်ငန်းနှင့်နေထိုင်မှုအတွက် လုံလောက်သည်ဟု ယူဆသည်။ လက်ရှိအဆောက်အဦကို ဖျက်ပြီး အသစ်ဆောက်လုပ်လိုသည်ဆိုခြင်းမှာ အိမ်ငှားများကိုနှင်ထုတ်လို၍ ဥပဒေဘောင်အတွင်းမှ အကြောင်းပြခြင်းမျှဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ သို့ဖြစ်၍ အယူခံတရားလိုသည် အခင်းဖြစ်

အခန်းများကို အကြောင်းအားလျော်စွာ ရှိဖြောင့်သောသဘောဖြင့် ရယူလိုသည်ဟု တင်ပြချက်ကိုလက်မခံနိုင်၍ ဤအယူခံမှုကိုပလပ်လိုက်သည်။

စိတိဝမ်း (ခ) ဦးခင်မောင်ဝင်း ပါ ၂ နှင့် ကိုညွန့် ပါ ၂ .... ၂၀

ရေစစ္စကြီ မှတ်ပုံတင်ထားသည့် အရောင်းစာချုပ်၊ ယင်းစာချုပ်ကို ဟန်ဆောင်သဘောဖြင့်သာ ချုပ်ဆိုပေးထားခြင်းဖြစ်ကြောင်း သက်သေပြရန် သက်သေခံဥပဒေပုဒ်မ ၉၂ က ပိတ်ပင်ထားမထား၊ အကြောင်းချင်းရာတရပ်နှင့် ပတ်သက်၍ အောက်ရုံးနှစ်ရုံးလုံး ထပ်တူထပ်မျှ ဆုံးဖြတ်ထားခြင်း၊ ယင်းဆုံးဖြတ်ချက်မျိုးကို ဒုတိယအယူခံရုံးအနေဖြင့် လွှယ်လင့်တကူ ဝင်ရောက်စွက်ဖက်ခြင်း ရှိမရှိ။ ။ ။ဆုံးဖြတ်ချက်။ ။သက်သေခံအမှတ် (က) အရောင်းစာချုပ်ကို အယူခံတရားပြိုင်များက လက်မှတ်ထိုး ချုပ်ဆိုပေးပြီး ရေစစ္စကြီ မှတ်ပုံတင်ပေးကြောင်း ဝန်ခံထားသည်။ ထို့ကြောင့် ယင်းစာချုပ်သည် စင်စစ်မှာအရောင်းစာချုပ်မဟုတ်ပါ၊ အပေါင်စာချုပ်ဖြစ်သည်။ ဟန်ဆောင်သဘောဖြင့်သာ ချုပ်ဆိုပေးခြင်းဖြစ်ကြောင်း သက်သေပြရန် သက်သေခံဥပဒေပုဒ်မ ၉၂ က ပိတ်ပင်သလောဟူသောအချက်ဖြစ်သည်။ စာချုပ်တခုကို အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် ချုပ်ခဲ့ကြသည်။ အစစ်အမှန်ဖြစ်ခဲ့လျှင် ထိုစာချုပ်ပါ စကားရပ်တို့နှင့် ကွဲလွဲ၍ ချုပ်ဆိုသူတို့က သက်သေမထူနိုင်ချေ။ ထိုသို့ပင် သက်သေခံဥပဒေပုဒ်မ ၉၂ က ပညတ်ထားသည်။ သို့ရာတွင် အကျိုးသက်ရောက်စေရန်ရည်ရွယ်ချက်မရှိ။ ဟန်ဆောင်စာချုပ်မျှသာဖြစ်ခဲ့လျှင် ထိုသို့ဖြစ်ကြောင်း သက်သေထူခွင့်ရှိသည်။ စာချုပ်တရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော စာချုပ်မျိုးမဟုတ်ပဲ ဟန်ဆောင်စာချုပ်မျှသာဖြစ်ကြောင်း နှုတ်သက်သေ တင်ပြနိုင်သည်။ ထို့ကြောင့် ဤအမှုတွင် သက်သေခံအမှတ် (က) စာချုပ်မှာ ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း အယူခံတရားပြိုင်တို့အား သက်သေထူခွင့်ပေးခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟုဆိုရပေမည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။သက်သေခံအမှတ် (က) သည် သက်သေခံအထောက်အထားများအရ ဟန်ဆောင်စာချုပ်သာဖြစ်သည်ဟု မူလရုံးနှင့် ပဌမအယူခံရုံးတို့က ဆုံးဖြတ်ချက်ပေးထားပြီး ဖြစ်သည်။ အမှုတမှုတွင် အကြောင်း အချင်းအရာနှင့်ပတ်သက်၍ မူလရုံးနှင့် ပဌမအယူခံရုံးတို့၏ ဆုံးဖြတ်ချက်တို့မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံရုံးအနေနှင့် ယင်းဆုံးဖြတ်ချက်ကို လွယ်လင့်တကူ ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။

ဦးပြုံး ပါ ၂ နှင့် ဦးငွေထွန်း ပါ ၂ .... .... .... ၄၉

ရဲရှေ့တွင်တမျိုး အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီရှေ့တွင်တမျိုး ကွဲလွဲစွာ ထွက်ဆိုချက်ကို လက်ခံရန်သင့်၊ မသင့်၊ ရေနံခိုးရန် ရေနံတွဲအတွင်းသို့ ဆင်းသည့်အတွက် သေဆုံးခဲ့ခြင်းဖြစ်သဖြင့် အလုပ်သမား လျော်ကြေးရထိုက် မထိုက်။ ။ဆုံးဖြတ်ချက်။ ။ရဲရှေ့နှင့် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီရှေ့တွင် ထွက်ဆိုချက်တို့ ကွဲလွဲမှုရှိသော်လည်း အဓိက ဖြစ်သော အချက်များနှင့် ပတ်သက်ပြီး ကွဲလွဲမှု မရှိပါက လက်မခံနိုင်ရန် အကြောင်းမရှိပါ။ ။ထပ်မံဆုံးဖြတ်ချက်။ ။မောင်သိန်းသည် ရေနံ ခိုးထုတ်နေစဉ် ဆီကန်ထဲသို့ လိမ့်ကျသေဆုံး

ခြင်းဖြစ်သည်။ အလုပ်ချိန် အတွင်းပင် ဖြစ်စေကာမူ ရေနံခိုးထုတ်ခြင်းမှာ မိမိအား ပေးအပ်ထားသော တာဝန် မဟုတ်သောကြောင့် လျော်ကြေးမရထိုက်။

မြန်မာ့ရေနံကော်ပိုရေးရှင်း နှင့် ဦးချစ်ထွန်း .... .... ၇၇

ရန်ကုန်မြို့တွင် ထိပေါက်သည့် ငွေတသိန်းအတွက် စွဲဆိုမှု၊ နှစ်ဘက်အမှုသည်နှင့်သက်သေများ စစ်ကိုင်းမြို့မှဖြစ်ခြင်း၊ စစ်ကိုင်းမြို့တွင် ရုံးပြောင်းရွှေ့ စစ်ဆေးရန် လျှောက်ထားခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားမမှု တမှုကို ရုံးပြောင်း၍ စစ်ဆေးပေးရန် လျှောက်ထားသည့်အခါ ဤကဲ့သို့ ရွှေ့ပြောင်း စစ်ဆေးခြင်းကြောင့် နှစ်ဘက် အမှုသည်များအတွက် ပို၍ အဆင်ပြေမှုရှိ မရှိကို ထည့်သွင်းစဉ်းစား ရပေမည်။ ယခုအမှုတွင် မောင်အောင်ခင်ထွေးနှင့် ဦးစံဟိန်းတို့မှာ စစ်ကိုင်း မြို့တွင်နေထိုင်ကြသူများ ဖြစ်ကြသည်။ အငြင်းပွားမှုမှာ စစ်ကိုင်းမြို့တွင်ဖြစ်သည့် အတွက် နှစ်ဘက်အမှုသည်များက တင်ပြမည့် သက်သေ များကလည်း စစ်ကိုင်း မြို့တွင် နေထိုင်ကြသူများဖြစ်ကြသည်။ ထို့ကြောင့် ဤအမှုကို စစ်ကိုင်းတိုင်းတရားရုံးတွင် စစ်ဆေးလျှင် နှစ်ဘက အမှုသည်များအတွက် စရိတ်စခ သက်သာပြီး အချိန်လည်းအကုန်နည်းမည်ဖြစ်သည်။

မောင်အောင်ခင်ထွေး ပါ ၂ နှင့် ဦးစံဟိန်း ပါ ၂ .... .... ၁၂၀

သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂၊ ယင်းပုဒ်မ၏ ခြွင်းချက်၊ ဆက်စပ်သည့် နောက်ဆက်တွဲသက်သာခွင့်။ ။ဆုံးဖြတ်ချက်။ ။သီးခြား သက်သာခွင့် ဥပဒေပုဒ် ၄၂ အရ စွဲဆိုသည့်အမှုများတွင် ယင်းပုဒ်မ၏ ခြွင်းချက်အရ ဆက်စပ်သည့် နောက်ဆက်တွဲ သက်သာခွင့် တောင်းရန် လိုမလို၊ ဆုံးဖြတ်ရာတွင် တရားလိုစွဲဆိုသည့်အမှု၏ အနှစ်သာရကိုစိစစ်ရပေမည်။ မညသည့် အချက်ကိုရည်ရွယ်၍ တရားလိုက တရားစွဲဆိုခြင်းဖြစ်သည်ကို စိစစ်ရပေမည်။ ဤအမှုတွင် လျှောက်ထားသူများက အချင်းဖြစ်အိမ်ကို ၎င်းတို့ ပိုင်သည်ဟု အဆွဲပြုခဲ့သည်၊ လျှောက်ထားခံရသူကသူပိုင်သည်ဟုဆိုသည်။ဤကဲ့သို့သူပိုင်သည်ငါပိုင်သည်ဟုအငြင်းပွားမှု ဖြစ်နေသည့်အတွက် လျှောက်ထား ခံရသူက ၎င်းပိုင်သည်ဟု မြွက်ဟ ဒီကရီရလို ကြောင်း စွဲဆိုခြင်းဖြစ်သည်။ ဤအမှုကို စွဲဆိုသည့် အဓိက ရည်ရွယ်ချက်မှာ အခင်းဖြစ်အိမ်ကို ပြန်လည်သိမ်းပိုက် လိုသောကြောင့် ဖြစ်သည်။ လျှောက်ထား သူတို့က လက်ရှိဖြစ်နေသည့်အတွက် လျှောက်ထား ခံရသူသည်ပိုင်ရှင်ဖြစ်သည်ဟု မြွက်ဟ ကြေငြာပေးရုံမျှဖြင့် မပြီးပြတ်သေးပေ။ လျှောက်ထားသူသည် လက်ရောက် ရလိုကြောင်း နောက် တရားတထုံးစွဲရဦးမည်ဖြစ်သည်။ ထို့ကြောင့် သီးခြား သက်သာခွင့်ဥပဒေပုဒ်မ ၄၂ ခြွင်းချက်အရ လက်ရောက် ရလိုကြောင်း ဆက်စပ်သည့် နောက်ဆက်တွဲ သက်သာခွင့် ဤအမှုတွင် တောင်းဆိုရမည်ဖြစ် သည်။

ဒေါ်အေးတင် ပါ ၂ နှင့် ဦးစံဦး .... .... .... ၁၁၁

ခံသဆုံးသူ တရားလို၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန်လျှောက်ထား ခြင်း၊ ကာလစည်းကမ်း သတ်ထားသည့် ရက်ထက် ၂ ရက်ကျော်လွန်နေခြင်း၊ တရားစီရင်ရေး စနစ်တခုမှ စနစ်တခုသို့ ကူးပြောင်းနေချိန် ဖြစ်ခြင်း၊ လက်ခံ

နိုင်သော အချိန်အတိုင်း အတာဟုဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားစီရင်ရေး စနစ်တခုမှ စနစ်တခုသို့ ကူးပြောင်းနေသည့် အချိန်ဖြစ်သည့်အပြင် စီရင်ပိုင်ခွင့်အာဏာအရ အမှုများကို ခွဲဝေ သတ်မှတ်ချိန်လည်း ဖြစ်သောကြောင့် ကာလစည်းကမ်းသတ် ၂ ရက်ကျော်လွန်ရခြင်းမှာ လက်ခံနိုင်လောက်သော အချိန်အတိုင်းအတာ ဖြစ်သဖြင့် ဤအမှုတွင် အလိုအလျောက်ရုပ်သိမ်းမှု(Abatment ) ကို ပယ်ဖျက်၍ မူလသတ်မှတ် ထားသည့် အမှတ်စဉ်ဖြင့်တိုင်း တရားရုံးတွင် အမှုပြန်ဖွင့်ပြီး ဆက်လက် စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

မောင်ဘထွန်း ပါ ၃ နှင့် မညွန့်တင် ပါ ၄ .... .... ၆၃

သေတမ်းစာ အတည်ပြုသူ ဂေါပကလူကြီးသည် မိမိ၏တာဝန်ဝတ္တရားများကို အခြားသူအား ကိုယ်စားလှယ်ခန့်အပ်၍ ဆောင်ရွက်ပိုင်ခွင့်ရှိမရှိ၊ ပစ္စည်းထိန်းခန့်သင့်မသင့်ကို အမွေစုအနည်းအများအပေါ်မူတည်၍ အဓိကထားပြီး အဆုံးအဖြတ်မပေးသင့်သော်လည်း အမွေဆိုင်အများစု၏ သဘောထားကို ထည့်သွင်းဆုံးဖြတ်သင့်ခြင်း။ ။ဆုံးဖြတ်ချက်။ ။သေတမ်းစာအတည်ပြုသူ ဂေါပကလူကြီးများကအယူခံတရားပြိုင်အမှတ် (၉) အား ကိုယ်စားလှယ်စာလွှဲ၍အမွေပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်စေခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟုအယူခံတရားလို၏ အကျိုးဆောင်ကြီးက တင်ပြသည်။ ဤတင်ပြချက်ကို လက်မခံနိုင်ချေ။ သေတမ်းစာအတည်ပြုသူ ဂေါပကလူကြီးသည် မိမိ၏တာဝန်ဝတ္တရားများကို အခြားသူအားဆောင်ရွက်ရန် အစားထိုး၍လွှဲပြောင်းခန့်အပ်ခြင်းမပြုနိုင်ဟုသာဥပဒေကဆိုသည်။ မိမိ၏တာဝန်ဝတ္တရားများကို အခြားသူအား ကိုယ်စားလှယ်ခန့်အပ်၍ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။အယူခံ တရားလိုသည် ၎င်း၏အမွေစုမှ ၁၀ ပုံ ၁ ပုံခန့်သာရှိပြီး ကျန်အမွေဆိုင်များ၏ အမွေစုမှာ ၁၀ပုံ ၉ ပုံရှိသည်။ အများစုက ပစ္စည်းထိန်းမခန့်လိုသောကြောင့် ပစ္စည်းထိန်းမခန့်သင့်ဟု တိုင်းတရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်မှာ မှားပါသည်။ အမွေစုအနည်းအများပေါ်မူတည်၍ ပစ္စည်းထိန်းခန့်သင့်မသင့်ကို မဆုံးဖြတ်သင့်ပါဟု အယူခံတရားလို၏ အကျိုးဆောင်က တင်ပြသည်။ အမွေစုအနည်းအများပေါ်မူတည်၍ အဓိကထားပြီး အဆုံးအဖြတ်မပေးသင့်သော်လည်းအမွေဆိုင်အများစု၏သဘောထားကိုထည့်သွင်းဆုံးဖြတ်သင့်ပေသည်။

မာမွတ်ယာကွတ်မ်ဆာ နှင့် အယွတ်အစ္စမေးလ်အာတီးယားပါ ၁၆ .... ၆၉

ဟိန္ဒူဘာသာဝင် တမေလ်လူမျိုး အိမ်ထောင်ကြီးများ တရားဝင်လင်မယားဖြစ်ရန် လက်ထပ်ပွဲ ကျင်းပရန် လိုမလို။ ။ဆုံးဖြတ်ချက်။ ဟိန္ဒူ ဘာသာ တမေလ်လူမျိုးတို့တွင် အိမ်ထောင်ကြီးများ လက်ထပ်ကြလျှင် လက်ထပ်ပွဲ ကျင်းပရန် မလိုကြောင်း ဟိန္ဒူဥပဒေကပြဌာန်းထားသည်။ မာရီမာ နှင့် ရာဂျာဂိုလ်ပါယ်တို့မှာ အိမ်ထောင်ကြီးများဖြစ်ကြသည်။ ၎င်းတို့သည် နှစ်ပေါင်းများစွာအကြင်လင်မယားအဖြစ် အတူနေပြီးပေါင်းသင်းလာခဲ့ကြောင်းမှာလည်း ထင်ရှားသည်။ ထို့ကြောင့် ၎င်းတို့သည် တရားဝင်အကြင်လင်မယားဖြစ်သည်။

ကစ္စနား (ခ) ကတ္တနား နှင့် ရာဂျာဂိုလ်ပါယ် ပါ ၂ .... .... ၇၁

စာမျက်နှာ

အကြောင်း အချင်းအရာ အချက်အလက်နှင့်ပတ်သက်ပြီး အောက်ရုံး (၂) ရုံးတို့၏ အဆုံးအဖြတ်တို့မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံရုံးအနေနှင့် အထူးအကြောင်းမရှိပါက ဝင်ရောက်စွက်ဖက်လေ့မရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင်သည် အချင်းဖြစ် အိမ်ခန်းများကို မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သဘောရိုးဖြင့် ပြန်လည်ရလိုခြင်း ဟုတ်မဟုတ်မှာ အကြောင်း အချင်းအရာ အချက်အလက်ဖြစ်သည်။ ဤအချက်နှင့်ပတ်သက်ပြီးမူလတရားရုံးနှင့်ပထမအယူခံရုံးတို့၏ အဆုံးအဖြတ်တို့မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံရုံးအနေနှင့် အထူးအကြောင်းမရှိလျှင် ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ ဤအမှုတွင် အယူခံတရား ပြိုင်သည် အချင်းဖြစ်အခန်းများကို မိမိကိုယ်တိုင် နေထိုင်ရန်အတွက်ပြန်လည်ရလိုပါသည်ဟူသောအချက်နှင့် ပတ်သက်ပြီး မူလရုံးနှင့်ပထမအယူခံရုံးတို့က ထပ်တူထပ်မျှ အဆုံးအဖြတ်ပေးပြီးဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကိုဒုတိယအယူခံရုံးအနေနှင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိပေ။

ဦးအောင်ကွန့် နှင့် ဒေါ်တဆုပ် .... .... .... ၁၁၆

အကြောင်းခြင်းရာနှင့်ပတ်သက်ပြီး မူလရုံးနှင့်အယူခံရုံးတို့၏ ဆုံးဖြတ်ချက်မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံမှုကို ကြားနာသည့် တရားရုံးက ဝင်ရောက်စွက်ဖက်လေ့ မရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။ခွင့်ပြုချက်ဖြင့် နေရခြင်း ဟုတ်မဟုတ်မှာ အကြောင်းခြင်းရာနှင့်ပတ်သက်သည့် အချက်သက်သက် ဖြစ်သည်။ ထိုကြောင့် အကြောင်းခြင်းရာနှင့် ပတ်သက်ပြီး မူလရုံးနှင့်အယူခံရုံး၏ ဆုံးဖြတ်ချက်မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံမှုကို ကြားနာသည့် တရားရုံးက လွယ်လင့်တကူဝင်ရောက်စွက်ဖက်လေ့မရှိချေ။

နဒိန်းဆင် (ခ) ကရမ်ဆင်း နှင့် ဦးဘသော် ပါ ၂ .... .... ၄၂

အမှုနှင့်ပတ်သက်သည့် အကြောင်းချင်းရာများမှာ တွံတေးမြို့နယ်အတွင်း ဖြစ်သည်။ အမှု၏တန်ဖိုးမှာ တသောင်းကျော်ဖြစ်သည် စသုံးလုံးအဆောက်အဦတွင် ရုံးထိုင်သည့် ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့တွင် တင်ထားသည့်အမှုကိုရင်းရုံးက တွံတေးမြို့ရုံးထိုင် ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့သို့ အမှုတင်ရန်တရားမကျင့်ထုံးဥပဒေအမိန့်ရ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ရန် ညွှန်ကြားပြီး အမှုပိတ်ခြင်းမှာဥပဒေအရ မှန်မမှန်။ ။ဆုံးဖြတ်ချက်။ ။တွံတေးမြို့နယ်သည်ရန်ကုန်တိုင်းအတွင်းရှိသည်။ ထို့ကြောင့်ဤအမှုနှင့်ပတ်သက်သည့် အကြောင်းချင်းရာများမှာ တွံတေးမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော်လည်း အမှု၏ တန်ဖိုးမှာ တသောင်းကျော်သဖြင့် စသုံးလုံး အဆောက်အဦတွင် ရုံးထိုင်သည့်ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့က စစ်ဆေးရန် အာဏာရှိသည်။ ထို့ကြောင့် တရားမကျင့်ထုံးဥပဒေ အမိန့်ရ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ရန် ညွှန်ကြားပြီး အမှုပိတ်လိုက်ခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ စီရင်ပိုင်ခွင့် အာဏာ မရှိသောရုံးသို့ အဆိုလွှာ သွားတင်သည့်အခါမှသာလျှင် ယင်းရုံးက တရားမ ကျင့်ထုံးအမိန့်ရ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယခုအမှုမှာ ရန်ကုန်တိုင်းတရား

စာမျက်နှာ

စီရင်ရေး အဖွဲ့က စီရင်ပိုင်ခွင့် အာဏာရှိသော အမှုဖြစ်သဖြင့် ရန်ကုန်တိုင်း အတွင်း မည်သည့်ဒေသတွင် ရုံးထိုင်သည့် တိုင်းတရားစီရင်ရေးအဖွဲ့ကမဆို စီရင် ပိုင်ခွင့်အာဏာရှိသည်။

ဦးအောင်ကျော် နှင့် ဦးချာလ်တန် ပါ ၆ ... .... .... ၁၁၄

အဓမ္မပုံပန်းများကို ရုံးမှ စီမံအုပ်ချုပ် ခွဲဝေပေးရန် စွဲဆိုခြင်း လျှောက်ထားခံရသူ သည် မွတ်စလင်ဘာသာဝင် အမျိုးသမီးတဦး ဖြစ်သလော သို့မဟုတ် ဗုဒ္ဓ ဘာသာဝင်အမျိုးသမီးတဦး ဖြစ်သလော ဟူသောပြဿနာ။ ။ဆုံးဖြတ်ချက်။ ဤအမှုတွင် အဓိက ဆုံးဖြတ်ရန်အချက်မှာ လျှောက်ထား ခံရသူသည် မွတ်စလင် ဘာသာဝင် အမျိုးသမီးတဦး ဖြစ်သလော သို့မဟုတ် ဗုဒ္ဓဘာသာဝင် အမျိုးသမီး တဦးဖြစ်သလော ဟူသော အချက်ဖြစ်သည်။ လူတယောက်သည် မည်သည့် ဘာသာကို သက်ဝင်ယုံကြည်သည် ဆိုသည့် အချက်မှာ မိမိ၏စိတ်တွင်း၌ ဖြစ်ပေါ် သည့် အချက်ဖြစ်၍ လွယ်ကူစွာ ကောက်ယူဆုံးဖြတ်နိုင်မည် မဟုတ်ပေ။ လူတဦး တယောက်၏ စိတ်အတွင်းသို့ ဝင်ကြည့်နိုင်စွမ်း မရှိသဖြင့် ထိုသူသည် မည်သည့် ဘာသာ၌ သက်ဝင်ယုံကြည်သည်ကို ၎င်း၏ နောက်ကြောင်း ရာဇဝင် ကိုယ်အမူ အရာ နှုတ်အမူအရာနှင့် မိတ်ဆွေသင်္ဂဟ အပေါင်းအသင်း စသည့် ပတ်ဝန်းကျင် တို့ကို ထည့်သွင်းစဉ်းစားပြီးမှသာ မည်သည့် ဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ် ကြောင်း အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။ လျှောက်ထား ခံရသူသည် ပထမ ခင်ပွန်းနှင့် မင်္ဂလာဆောင်ရန်အတွက် သက်သက်သာ မွတ်စလင် ဘာသာသို့ ကူးပြောင်းမည် ပြုပြီး မွတ်စလင်ဘာသာဝင် များကဲ့သို့ အိမ်နေမှုများတွင် ကျေး မွေးခြင်း နမတ်စ်ဘတ်ခြင်း အစရှိသည်တို့ကို ပြုလုပ်ခဲ့ငြားလည်း မူလက ကိုးကွယ် လာသည့် ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်မှု စွန့်ပယ်ခြင်း မပြုသေးသည့်အတွက် မွတ်စလင်တဦး ဖြစ်သည်ဟု မဆိုနိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် အယူခံ တရားလိုက မွတ်စလင် တယောက်သည် အဓိက ယုံကြည်ချက်အဖြစ် ဘုရားတပါး တည်းရှိခြင်း နောက်ဆုံး တမန်တော်မှာ မဟာမက် သခင်ဖြစ်ခြင်းတို့မှလွဲ၍ အခြားယုံကြည်ချက် မရှိရပါဟု အတိအလင်း ထွက်ဆိုထားခြင်းကြောင့်ဖြစ် သည်။ လျှောက်ထား ခံရသူသည် ဗုဒ္ဓဘာသာကို ကိုင်းရှိုင်းသူ တဦးအနေဖြင့် ဗုဒ္ဓဘာသာထုံးစံအရ ဘုရားပန်းကပ်လှူခြင်း ဘုန်းကြီးဆွမ်းကပ်လှူခြင်း ရှင်ပြု ပေးခြင်းများကိုဆောင်ရွက်ခြင်းအားဖြင့် ဘုရားတပါးတည်းရှိခြင်းကို ယုံကြည်ရ မည်ဟူသော မွတ်စလင်ဘာသာဝင်တိုင်း၏ အခြေခံ အချက်နှင့် ကိုက်ညီခြင်းလည်း လည်းမရှိပေ။

ဒေါ်ရဟီမာ ပါ ၃ နှင့် ဒေါ်သိ .... .... .... ၇၉

အယူခံတရားပြိုင်များ၏ တိုက်ခန်းနစ်မြုပ် ခဲ့ရခြင်းမှာ မျှော်မှန်း၍ မရနိုင်သော မိုးလေ ဝသ အခြေအနေကြောင့်လော သို့မဟုတ် အယူခံတရားပြိုင်၏ တိုက်ခန်းမှ အလုပ်သမားများ၏ ပေါ့လျော့မှု များကြောင့်လော ဟူသောပြဿနာ။ ။ဆုံးဖြတ်ချက်။ ။ရခိုင်ပြည်နယ် ကမ်းလွန်တွင် မိုးရာသီ၌ လေထန်သည်မှာဖြစ်ရိုး ဖြစ်စဉ် ကိစ္စဖြစ်၍ သင်္ဘောမှောက် ရသည်မှာ မမျှော်မှန်းနိုင်သော ကိစ္စရပ် မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ယခုအမှုတွင်မူ ရုတ်တရက်ကျရောက်လာသော မိုးသက်လေပြင်းမှာ ကြိုတင်၍ မျှော်မှန်းနိုင်သည် မဟုတ်၍ မြစ်တွင်းရှိရေယာဉ်

များအား တင်ကူးပြီး သတိမပေးနိုင် ကြောင်းကို သက်သေခံအမှတ် (က)အရ ပေါ်လွင်နေသည်။ မိုးသက်လေပြင်း ကျရောက်မည်ကို ကြိုတင် သတိပေးမှ သိနိုင်မည့်သဘော သက်ရောက်နေသည်။ မိုးသက်လေပြင်း ကျရောက်လာသော အခါတွင်လည်း အချင်းဖြစ် တိုကင်းမှ ပဲနင်းနှင့် အလုပ်သမားတို့သည် တတ်နိုင်သမျှအစွမ်းကုန် လုပ်ဆောင်ခဲ့ ကြသည်။ သဘာဝ၏ အန္တရာယ်ကိုကာကွယ်တားဆီးခြင်း မပြုနိုင်သည့် အတွက်ကြောင့်သာ ကျောက်ဖျာ ပေါ်သို့တိုကင်းကို တင်ခံခဲ့ရခြင်းဖြစ်ကြောင်းတွေ့ရှိရသည်။

ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ နှင့် { မောင်စိန်ဝင်း ပါ ၁၉ (ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ်-၁) } ၁

အလုပ်သမား တဦး၏အသက် ၁၆ နှစ်ပြည့် မပြည့်ပြသနာ မှတ်ပုံတင် လက်မှတ်ထုတ်ပေးရန် လျှောက်ထားသည့်အခါ ဖြည့်သွင်းရသည့် မှတ်ပုံတင်ပုံစံ ၁ နှင့် အိမ်ထောင်စု စာရင်းတွင် ပါရှိသည့် ဖေါ်ပြချက်များ ကွဲလွဲနေလျှင် မည်သည့်ဖေါ်ပြချက်ကို လက်ခံရမည်ကို ဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အမျိုးသားမှတ်ပုံတင်ဌာနရှိ မှတ်ပုံတင်ပုံစံ ၁ ပါဖေါ်ပြချက်နှင့် အိမ်ထောင်စုစာရင်းပါဖော်ပြချက်ကွဲလွဲနေလျှင်၊ အမျိုးသားမှတ်ပုံတင်အမှတ်ပုံစံ ၁ တွင်ပါရှိသည့် အချက်အလက်တို့မှာမှန်ကန်သည်ဟုလက်ခံရပေမည်။

ဒေါ်စိန်အိ နှင့် ဦးတင်ကို ပါ ၂ .... .... .... ၁၈

အလုပ်သမား လျော်ကြေးဥပဒေ သင်္ဘောသောင်တင်နေစဉ် အစိုးရပိုင် ဆားအိတ်များကို သင်္ဘောသားက ခိုးထုတ်ခြင်းကြောင့် အခြား အလုပ်သမားနှင့် စကားများ ရိုက်နှက်ကြ၍ သေဆုံးခြင်း၊ သေဆုံးရခြင်းသည် အလုပ်ခွင်မှ ပေါ်ပေါက်သည့်ကိစ္စဟုတ်မဟုတ်၊ အလုပ်ရှင်တွင် တာဝန်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။အလုပ်ခွင်မှ ပေါ်ပေါက်သည်ဟူသော စကားရပ်မှာ အလုပ်နှင့်သက်ဆိုင်သည့် တာဝန်ဝတ္တရားများဖြင့် နှိုင်းချိန်ပြီး အဓိပ္ပါယ်ကောက်ယူရမည်ဖြစ်ပေသည်။ အလုပ်ခွင်အတွင်း ရရှိသည့် မည်သည့်ဒဏ်ရာကိုမဆို အလုပ်မှ ပေါ်ပေါက်လာသည်ဟူ၍ မယူဆနိုင်ချေ။ ယခုကိစ္စမှာ သေသူသည် အစိုးရပိုင်ပစ္စည်းကို ခိုးထုတ်ရာမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ ဤသို့ အစိုးရပစ္စည်း ခိုးတုတ်ခြင်းမှာ သေသူမောင်အောင်သန်း၏ ဆောင်ရွက်ရန် လုပ်ငန်းမဟုတ်ချေ။ အလုပ်နှင့်ပတ်သက်၍ ပေါ်ပေါက်လာသော ဆောင်ရွက်ချက် များနှင့် ပတ်သက်မှသာလျှင် အလုပ်ရှင်တွင်တာဝန်ရှိသည်။

ဦးတင်ကြွီး နှင့် မတင်စန်း ပါ ၂ .... .... .... ၂၅

အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ ၂၁ အလုပ်သမားတဦး ထိခိုက်ဒဏ်ရာရရှိသည့် ဒေသမှ အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီကသာ အလုပ်သမားနှင့် ပတ်သက်သည့် အမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိခြင်း ယင်းသို့ စစ်ဆေးစီရင်ပိုင်ခွင့်မရှိသော အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၏ အမိန့်သည် ဥပဒေအရတရားဝင်မဝင်။ ။ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၂၁ အရ အလုပ်သမား တဦးထိခိုက်ဒဏ်ရာရရှိသည့်ဒေသမှ အလုပ်သမားလျော်

စာမျက်နှာ

ကြေး စိစစ်ရေး ကော်မတီကသာ အလုပ်သမား လျော်ကြေးနှင့် ပတ်သက်သည့် အမှုကို စစ်ဆေး စီရင်ပိုင်ခွင့်ရှိသည် သို့ရာတွင် ပုဒ်မ ၂၁(၅)အရ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီက ဆောင်ရွက်ရန် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးက လွှဲပြောင်းပေးနိုင်သည်ဟု ပါရှိပါသည်။ ယခုအမှုတွင် ထိခိုက်ဒဏ်ရာ ရရှိသည့်နေရာမှာ မန္တလေးတိုင်း တပ်ကုန်း မြို့နယ်အတွင်း၌ ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်တိုင်း အတွင်းမှ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီက ဤအမှုကို စစ်ဆေးဆုံးဖြတ်ခြင်းမှာ တရားမဝင်ပါ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး၏ စာမူကို လွှဲပြောင်းသည့်အမိန့်လည်း မရှိပါဟုတင်ပြသည်။ သက်ဆိုင်ရာ အမှုတွဲများကို စိစစ်လိုက်သည့်အခါ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး၏ လွှဲပြောင်းပေးထားသည့် အမိန့် မတွေ့ရှိချေ။ ထို့ကြောင့် ဥပဒေဝန်ထမ်းအဆင့်(၁) တင်ပြသည့်အတိုင်း ပုဒ်မ ၂၁ အရ ဤအမှုကို ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီက စစ်ဆေးဆုံးဖြတ်ပိုင်ခွင့် မရှိပေ။ ယင်းကော်မတီက ချမှတ်သည့်အမိန့်သည် ဥပဒေနှင့် မကိုက်ညီသည့်အတွက် တရားမဝင်သော အမိန့် ဖြစ်သည်။

ဦးကံစိန် နှင့် မဝင်းကြည် ပါ၂ .... — — ၇

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၁ (၁) လျော်ကြေး စိစစ်ရေးကော်မတီ၏ စီရင်ပိုင်ခွင့်အာဏာ ယင်းပုဒ်မ၏ ချွင်းချက်အရ စီရင်ပိုင်ခွင့်ရှိသော ကော်မတီ လျော်ကြေးရထိုက်သူမှာ ရေလုပ်သားဖြစ်လျှင် ရေယာဉ်ပိုင်ရှင် နေထိုင်သည့် ဒေသအတွက် ကော်မတီက စီရင်ပိုင်ခွင့်ရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၁ (၁) အရ အလုပ်သမားတဦး ထိခိုက်ဒဏ်ရာ ရရှိသည့် ဒေသအတွက် ခန့်အပ်ထားသည့် အလုပ်သမားလျော်ကြေးစိစစ်ရေး ကော်မတီကသာ ယင်းကိစ္စနှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်အာဏာရှိသည်ဟု ပြဋ္ဌာန်းထားသည်။ သို့သော်ပုဒ်မ ၂၁ (၁) ချွင်းချက်အရ အလုပ်သမားတဦးမှာ ရေလုပ်သားဖြစ်လျှင် ရေယာဉ်ပိုင်ရှင်နေသည့် ဒေသအတွက်အာဏာရှိသည့် အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက အမှုကိုစီရင်ပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ သေသူ မောင်ထွန်းရွှေမှာ ရေလုပ်သား တဦးဖြစ်ပြီး ဦးထွန်းရွှေသည် ခရမ်းမြို့တွင် နေသူတဦးဖြစ်သဖြင့် ဤအမှုကို ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက စီရင်ပိုင်ခွင့်အာဏာရှိသည်။

ဦးထွန်းရွှေ နှင့် ဒေါ်စောတင် ပါ၂ .... .... .... ၃၉

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၂ (၁) သေဆုံးသူအလုပ်သမား၌သားသမီး ၇ ယောက်ကျန်ခဲ့ခြင်း၊ တဦးတည်းလျော်ကြေးရလိုကြောင်းလျှောက်ခွင့် ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။မောင်သိန်းသည် ဒေါ်တင်လှိုင်၏ သားသမီး(၇) ယောက်အနက် အကြီးဆုံးသောသားဖြစ်သည်။ ထို့ကြောင့် အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၂၂(၁) အရ ၎င်းသည် လျော်ကြေး လျှောက်လွှာ တင်ပိုင်ခွင့် ရှိသူတဦးဖြစ်သည်။

ဘက်ကဝန်ဒတ်ဘာဂလာ နှင့် { ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ ပါ၂ ... ၆၅

**အလုပ်သမားသေဆုံး၍ လျော်ကြေးရရန်လျှောက်ထားမှု စီဘီဦးစီးကခန့်ထားသည့်** အလုပ်သမားသည် စီဘီပိုင်ရှင်၏ အလုပ်သမား ဟုတ်မဟုတ် အလောင်းကို ရှာမတွေ့ရုံဖြင့်အသက်ရှင်လျက်ရှိသည်ဟု ဆိုနိုင်မဆိုနိုင် သက်သေခံဥပဒေပုဒ်မ ၁၀၈ သည် ဤအမှုမျိုးနှင့်သက်ဆိုင်ခြင်း ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။စီဘီတိုင်းတွင် စီဘီပိုင်ရှင်က အလုပ်သမားများ ခန့်ထားခြင်းမပြုပဲ စီဘီဦးစီးကသာ ခန့်ထားသည့် လုပ်ထုံးလုပ်နည်းကို စီဘီတိုင်းတွင် လိုက်နာကျင့်သုံးကြောင်း ဤအမှုတွင် သက်သေထွက်ချက်များ အထင်အရှားရှိသည်။ ဤလုပ်ထုံးလုပ်နည်းအရ စီဘီ ၂၃၁ တွင် ဦးစီးဖြစ်သူ ဘာရှားမြေးက မောင်ကာလူးအား အလုပ်ခန့်ခဲ့သည်ဟု အတိအလင်းထွက်ဆိုထားသည်။ ဘားရှားမြေးသည် အယူခံတရားလိုအတွက် နှစ်ပေါင်းများစွာအလုပ်လုပ်လာသူဖြစ်သဖြင့် အယူခံတရားလို၏ အကျိုးကိုဆန့်ကျင်ပြီး မတရားထွက်ဆိုရန်အကြောင်းမရှိဟုယူဆသည်။ ထို့ကြောင့်မောင်ကာလူးသည် အယူခံတရားလို၏ အလုပ်သမား ဖြစ်သည်ဟု ဆိုရပေမည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။မောင်ကာလူး၏ အလောင်းကို ရှာမတွေ့ရုံဖြင့် သူသည်အသက်ရှင်လျက်ရှိသည်ဟု မဆိုနိုင်ပေ။ သက်သေခံဥပဒေပုဒ်မ ၁၀၈ သည် ယခုကဲ့သို့သော အမှုမျိုးနှင့် မသက်ဆိုင်ချေ။ ယခုအမှုတွင် စီဘီ ၂၃၁ ကို စက်လှေကဝင်တိုက်သည့်အတွက်ယင်းစီဘီပေါ်မှမောင်ကာလူးရေထဲသို့လွင့်ကျသွားသည်ဟုသက်သေထွက်ချက်ရှိခြင်းဤကဲ့သို့မြစ်ထဲသို့ကျသွားပြီးရှာမတွေ့ခြင်းယခုအထိမောင်ကာလူးထံမှ တစုံတရာ သတင်းမရရှိခြင်းတို့ကို ဆင်ခြင်းစဉ်းစားရပေသည်။ ဤအကြောင်းများကြောင့် မောင်ကာလူးသည် ရေနစ်၍ သေဆုံးလေသည်ဟု ယူဆနိုင်သည်ဟု ဆိုရပေမည်။

ဦးလှထွန်း နှင့် { ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စီစစ်ရေးကော်မတီ ပါ ၂ .... .... ၇၉

**အောက်ရုံးနှစ်ရုံးစလုံးက အကြောင်းချင်းရာနှင့်ပတ်သက်၍ တူညီတွေ့ရှိထားခြင်း၊ ဒုတိယ** အယူခံရုံးက လုံလောက်သောအကြောင်းမရှိပါက ဝင်ရောက်မစွက်ဖက်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အရောင်းအဝယ် ကတိစာချုပ်အရ ပေးခဲ့သည့်ငွေမှာ တန်ဖိုး၏ တစိတ်တဒေသငွေဖြစ်သည်ဟုမူလရုံးနှင့် ပထမအယူခံရုံးတို့ကဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်သည်။ ယင်းကဲ့သို့ မူလရုံးနှင့် ပထမအယူခံရုံးနှစ်ရုံးစလုံးက အကြောင်းချင်းရာနှင့်ပတ်သက်၍ တူညီတွေ့ရှိထားပြီးဖြစ်လျှင် ကျွန်ုပ်ဒုတိယအယူခံမှု၌ လုံလောက်သည့်အကြောင်းမရှိလျှင် ဝင်ရောက်စွက်ဖက်ခြင်းမပြုထိုက်ပေ။

ဦးသိန်းလှ ပါ ၂ နှင့် ဒေါ်ညွန့်ညွန့် .... .... .... ၁၀၁

**အိမ်နှင့် နို့တစ်ခုကို ပစ္စည်းလဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ အရ နို့တစ်ခုတစောင်** နှင့် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (က) အရ သီးခြားနို့တစ်ခုတစောင် ပေါင်းနို့တစ်ခု ၂ စောင်ပေးပို့ခြင်းသည်ဥပဒေနှင့်ကိုက်ညီမညီ စံငှားခ သတ်မှတ်ပေးရန် အမှုတွင် အိမ်ရှင်အဖြစ် လက်ခံထားသူအား အိမ်နှင်မှုတွင် ပိုင်ရှင်မဟုတ်ပါဟုငြင်းဆိုပိုင်ခွင့်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ နှင့် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ပြဋ္ဌာန်းထားသည့် အချက်အလက်များကို တရားမစွဲဆိုခင် နို့

တစ်စာတခုတည်းတွင် ပေါင်းစပ်၍ ပေးပို့ရမည်ဟု မည်သည့်ဥပဒေကမှ ပြဋ္ဌာန်းထားခြင်းမရှိ။ ဥပဒေအရ မပျက်ပြယ်။ ။ထပ်မံ ဆုံးဖြတ်ချက်။ ။စံငှားခ သတ်မှတ်ပေးရန် လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးအတွက် နယ်ပိုင်တရားမ တရားသူကြီးရုံးနှင့် ယခင်တရားရုံးချုပ်သို့ တင်သွင်းသော စာချွန်အမှုတို့တွင် အယူခံတရားပြိုင်ကိုလျှောက်ထားခံရသူအဖြစ် ထည့်သွင်းခဲ့ခြင်းမှာ မိမိ၏အိမ်ရှင်ဖြစ်ခြင်းကြောင့် ထည့်သွင်းခြင်းဖြစ်သည်။

ဦးဟုစိန် နှင့် ဒေါ်လှမေ .... .... .... .... ၁၀၃

၁၉၄၇ ခုနှစ်၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေ ၁၉၅၂ ခုနှစ်တွင် ပြင်ဆင်ချက်ဥပဒေပြဋ္ဌာန်းခြင်း—ယင်းပြင်ဆင်ချက် ဥပဒေမပြဋ္ဌာန်းမီက နိုင်ငံခြားသား တဦးသည်မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကိုဝယ်ယူခဲ့သော် ထိုသို့ ဝယ်ယူသည့်စာချုပ်မှာ ပျက်ပြယ်ခြင်း၊ အရောင်းအဝယ်လည်းပျက်ပြယ်ခြင်း။ ဆုံးဖြတ်ချက်။ ။၁၉၄၇ ခုနှစ်၊မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း လွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေပုဒ်မ ၃ ကို ၁၉၅၂ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေကိုပြင်ဆင်သည့် ဥပဒေအရ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်နေ့က ပြင်ဆင်ခဲ့သည်။ ဤကဲ့သို့မပြင်ဆင်မီက ယင်းဥပဒေ၏ ပုဒ်မ ၃ အရ နိုင်ငံခြားသားတဦးအနေနှင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဝယ်ယူခြင်းကို ပိတ်ပင်ထားသည့်အပြင် နိုင်ငံခြားသား တဦးအနေနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝယ်ယူခဲ့သော် ထိုကဲ့သို့ဝယ်ယူသည့်စာချုပ်မှာ ပျက်ပြယ်သည်ဟုပြဋ္ဌာန်းထားသည်။ အယူခံတရားလိုအား အယူခံတရားပြိုင် အမှတ် (၁) က စာချုပ်ဖြင့် အချင်းဖြစ်မြေကို ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ကရောင်းခဲ့သည်။ အထက်တွင် ဖော်ပြထားသည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေကို မပြင်ဆင်မီက အရောင်းအဝယ်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စာချုပ်မှာ ပျက်ပြယ်သည်။ ထို့အပြင် အယူခံတရားပြိုင် အမှတ် (၁) ကိုယ်တိုင်ကပင် အခင်းဖြစ်မြေအပါအဝင် ဦးပိုင်အမှတ် (၁၃) တခုလုံးကို မူလပိုင်ရှင်ဖြစ်သူ မဟန်ပန်ဒီးဆိုသူထံမှ ၁၉၅၂ ခုနှစ် ဧပြီလ (၃၀) ရက်နေ့ကဝယ်ယူခဲ့သည်။ထိုစဉ်အခါက အယူခံတရားပြိုင်အမှတ်(၁) မှာလည်း နိုင်ငံခြားသားဖြစ်သည်။ ထို့ကြောင့် ထိုအရောင်းအဝယ်မှာလည်း ပျက်ပြယ်သည့်အတွက် အယူခံတရားပြိုင်အမှတ် (၁) အနေနှင့် အခင်းဖြစ်မြေကို မည်သည့်အခါကမှမပိုင်ခဲ့ချေ။ သို့ဖြစ်၍ အခင်းဖြစ်မြေကို ပိုင်ဆိုင်ခွင့် မရှိခဲ့သူ အယူခံတရားပြိုင်အမှတ် (၁) အနေနှင့် ယင်းမြေကိုအယူခံတရားလိုအားရောင်းပိုင်ခွင့်မရှိ။

ရားမ်ဂျနမ်း (၎င်း၏ကိုယ်စားလှယ် ရားမ်ဘာလက်) နှင့် ဦးအောင်မြင့် ပါ ၂။ .... ၇၄

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (ခ) အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန် ကိစ္စအတွက် သက်သက် ရယူလိုခြင်းဖြစ်ကြောင်း အထောက်အထားပြရန်လိုအပ်ခြင်း၊ ယင်းအချက်မှာ အကြောင်းချင်းရာ အချက်အလက်များနှင့် ဥပဒေအချက်တို့ ရောယှက်နေခြင်း ရှိ မရှိ အယူခံတရားလိုက မိမိ၏အိမ်ကို ရောင်းမည်ဟု ပြောပိခဲ့သော

စာမျက်နှာ

အချက်ပေါ်မူတည်၍ ဆုံးဖြတ်ခြင်းမှာ ဥပဒေအရ မှားယွင်းချွတ်ချော်နေခြင်း။ ဆုံးဖြတ်ချက်။ ။၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂ (၁) (စ) အရ စွဲဆိုသည့်အမှုတွင် အဓိကသုံးသပ်ရန်အချက်မှာ အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန် ကိစ္စအတွက် သက်သက်ရယူလိုခြင်းဟုတ်မဟုတ် ဟူသောအချက်ဖြစ်သည်။ယင်းအချက်မှာ အကြောင်းချင်းရာသက်သက်မဟုတ်ပေ။ အကြောင်းအချင်းအရာ အချက်အလက်များနှင့်ဥပဒေအချက်တို့ရောယှက်နေပေသည်။ ဥပဒေက အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုသည်ဟုအိမ်ရှင်ကအထောက်အထားရှိလျှင် မိမိ၏ အိမ်ကိုပြန်ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ အယူခံတရားလိုတွင် အခြားနေစရာအိမ်ရှိသည်ဟု အယူခံတရားပြိုင်က လက်ခံနိုင်လောက်သည့် အထောက်အထား မတင်ပြနိုင်ချေ။ ထို့ကြောင့် အယူခံတရားလိုကအကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန်ကိစ္စအတွက် သက်သက် အခင်းဖြစ်အိမ်ကို ပြန်လည်ရယူလိုသည်ဟုတင်ပြချက်ကိုလက်ခံသည်။ ထို့ကြောင့်ဤအမှုတွင် အယူခံတရားလိုသည် မိမိ၏အိမ်ကိုရောင်းမည်ဟုပြောမိခဲ့သော အချက်ပေါ်မူတည်၍ရှင်းသည် သဘောရိုးဖြင့် ကိုယ်တိုင်နေထိုင်ရန်အတွက် ပြန်လည်ရယူလိုခြင်းမှာ မမှန်ဟု မူလရုံးနှင့် ပသမအယူခံရုံးတို့၏ဆုံးဖြတ်ချက်မှာ ဥပဒေအရ မှားယွင်းချွတ်ချော်နေသည်ဟု ဆိုရပေမည်။

ဦးထွန်းစိန် (ကွယ်လွန်) ၎င်း၏ တရားဝင် ကိုယ်စားလှယ် ဇနီး ဒေါ်အုံးစိန် } နှင့် ဦးအောင်ပွင့် .... ၃၅

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁) (င) အရ စွဲဆိုခြင်း၊ အဆောက်အဦပြင်ဆင်ရန်အတွက် အကြောင်းအားလျော်စွာ အလိုရှိကြောင်း ဖေါ်ပြရန်လိုပလို။ ။ဆုံးဖြတ်ချက်။ ။၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (င) ၏ လိုအပ်ချက်မှာ အိမ်ရှင်သည် အဆောက်အဦပြင်ဆင်ရန်အတွက် သဘောရိုးသာမက အကြောင်းအားလျော်စွာလည်း (resonably required) လိုအပ်ရမည် ဖြစ်သည်။ ဤအမှုတွင် အယူခံတရားပြိုင်တို့သည် ၎င်းတို့၏ အဆိုလွှာ၌ဖြစ်စေ၊ ရှေ့နေမှ ပေးပို့သောနို့တစ်စာတွင်ဖြစ်စေ လျှောက်ထားခံရသူ၏ အစစ်ခံချက်တွင်ဖြစ်စေ မည်သို့မျှအကြောင်းအားလျော်စွာ အလိုရှိသည်ဟု လုံးဝဖေါ်ပြထားခြင်းမရှိပေ။

ဒေါ်သိန်းမေ ပါ ၃ နှင့် ဒေါ်ဝှာဘိ ပါ ၂ .... .... ၉၃

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၄ (၁) (ဂ) အရစွဲဆိုခြင်း၊ ဥပစာ၏စတုရန်းပေကို လူဦးရေနှင့်စားပြီး တဦးလျှင် စတုရန်းပေမည်၍မည်မျှရရှိမှုပေါ် မူတည်၍အဆုံးအဖြတ်မပေးသင့်ခြင်း၊ ဥပစာကို အကြောင်းအားလျော်စွာ သဘောရိုးဖြင့် လိုအပ်မှုရှိရန်လိုအပ်ခြင်း။ ။ဆုံးဖြတ်ချက်။ တိုင်းတရားရုံးက ဥပစာ၏စုစုပေါင်း စတုရန်းပေ အကျယ်အဝန်းနှင့် လူဦးရေ ၁၂ ဦး တွက်ပြီးတဦး ပေ ၆၀ စတုရန်းခန့်ရရှိမည်ဖြစ်သဖြင့် ကျဉ်းမြောင်းသည်ဟုမဆိုနိုင်

သောကြောင့် အချင်းဖြစ်ဥပစာကို ဖယ်ရှားပေးရန်မလိုဟု ဆုံးဖြတ်လိုက်သည်။ ဥပစာ၏စတုရန်းပေကို လူဦးရေနှင့်စားပြီး တဦးလျှင် စတုရန်းပေမည်၍မည်မျှ ရရှိမှုပေါ်မူတည်၍ အဆုံးအဖြတ်မပေးသင့်ပေ။ ဤအမှုမှာ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၄(၁) (ဂ) အရစွဲဆိုသည့်အမှုဖြစ်သည်။ ထို့ကြောင့် တရားလိုသည် အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် လိုအပ်သည်ဟုယူဆလျှင် ခွင့်ပြုရပေမည်။

ဒေါ်သိလှ နှင့် မခင်အုံးကြည် .... .... .... ၉၅

# တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် ၁)

## နှင့်

## မောင်စိန်ဝင်း ပါ ၁၉ *

† ၁၉၅၅ မတ်လ ၅ ရက်။

**အယူခံတရားပြိုင်များ၏ တိုကင်းနစ်မြုပ်ခဲ့ရခြင်းမှာ မျှော်မှန်း၍မရနိုင်သော မိုးလေဝသ အခြေအနေကြောင့်လော သို့မဟုတ် အယူခံတရားပြိုင်၏ တိုကင်းမှ အလုပ်သမားများ၏ ပေါ့လျော့မှုများကြောင့်လောဟူသော ပြဿနာ။**

**ဆုံးဖြတ်ချက်။** ။ရခိုင်ပြည်နယ်၊ ကမ်းလွန်တွင် မိုးရာသီ၌ လေထန်သည်မှာ ဖြစ်ရိုးဖြစ်စဉ်ကိစ္စဖြစ်၍ သဘောမှောက်ရသည်မှာ မမျှော်မှန်းနိုင်သော ကိစ္စရပ်မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ယခုအမှုတွင်မူ ရုတ်တရက်ကျရောက်လာသော မိုးသက်လေပြင်းမှာကြိုတင်၍ မျှော်မှန်းနိုင်သည် မဟုတ်၍ မြစ်တွင်းရှိ ရေယာဉ်များအား တင်ကူးပြီးသတိမပေးနိုင်ကြောင်းကို သက်သေခံအမှတ် (က) အရ ပေါ်လွင်နေသည်။ မိုးသက်လေပြင်းကျရောက်မည်ကို ကြိုတင်သတိပေးမှုသိနိုင်မည့် သဘောသက်ရောက်နေသည်။ မိုးသက်လေပြင်းကျရောက်လာသောအခါတွင်လည်း အချင်းဖြစ်တိုကင်းမှ ပဲ့နင်းနှင့် အလုပ်သမားတို့သည် တတ်နိုင်သမျှ အစွမ်းကုန် လုပ်ဆောင်ခဲ့ကြသည်။ သဘာဝ၏ အန္တရာယ်ကို ကာကွယ်တားဆီးခြင်းမပြုနိုင်သည့်အကွက်ကြောင့်သာ ကျောက်ဖျာပေါ်သို့ တိုကင်း တင်ခံခဲ့ရခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

**အယူခံတရားလိုအတွက်။** ။ဥပဒေဝန်ထမ်းအဆင့် (၁) မစ္စတာ အက်စ်၊ ကော့ဂိုစ်။

**အယူခံတရားခံများအတွက်။** ။အကျိုးဆောင် ဦးဘိုးသာ။

အယူခံ တရားပြိုင်များက မိမိပိုင် တိုကင်းများဖြင့် အယူခံတရားလိုများပိုင် ဆန်ထွက်ပစ္စည်းနှင့် စပါးသယ်ဆောင် ပေးခဲ့ရသည့်အတွက် သယ်ဆောင်ခငွေ ၃၆,၉၄၆°/၈၇ ပြား ရရန် ရှိနေသဖြင့် တောင်းဆိုခဲ့သည်။ အယူခံတရားလိုများက ၎င်းတို့ပိုင် ဆန်အိတ် ၁၄၀၀ သည် အယူခံ တရားပြိုင်များပိုင် တိုကင်းနှင့် သယ်ဆောင် လာရာ

---

* ၁၉၇၀ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၆၃။

† ၁၉၅၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁ တွင်၊ မော်လမြိုင်မြို့၊ ခရိုင်တရားမတရားသူကြီးရုံး၏ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

† ၁၉၇၅

ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ (ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် ၁) နှင့် မောင်စိန်ဝင်း ပါ ၁၉။

ထိုတိုက်ကင်း နစ်မြုပ်သွားသည့်အတွက် ငွေပေါင်း ၃၇,၀၀၀ိ ကျော် ဆုံးရှုံးခဲ့သည်။ ထို့ကြောင့် အယူခံ တရားပြိုင်များအား ပေးရန်ရှိသည့်ငွေကို ထိုငွေ ၃၇,၀၀၀ိ ကျော်နှင့် ခုနှိမ်လိုက်သည်ဟု ပြောသည့်အတွက် အယူခံတရားပြိုင်များက သယ်ဆောင်ခငွေ ၃၆,၉၄၆ိ/၇၇ ပြားရလိုကြောင်း ယခင်မော်လမြိုင်မြို့ ခရိုင်တရားမ တရားရုံးတွင် အယူခံတရားလို အဖွဲ့ပေါ်၌ တရားစွဲဆိုခဲ့သည်။

အယူခံ တရားလိုများက အယူခံ တရားပြိုင်များ အနေနှင့် ငွေ ၃၆,၉၄၆ိ/၇၇ ပြားရရန်ရှိကြောင်း ဝန်ခံသည်။ သို့သော် တိုကင်း နစ်မြုပ်သွားသောကြောင့် အယူခံ တရားလိုပိုင်ဆန်အိတ် ၁၄၀၀ ပျက်စီး ဆုံးရှုံးရခြင်းမှာ အဆိုပါတိုကင်း အလုပ်သမားများ၏ ပေါ့လျော့မှုကြောင့် ဖြစ်သည့်အတွက် ပျက်စီး ဆုံးရှုံးခဲ့သော ဆန်၊ ဂုန်နီအိတ်၊ ဂုန်နီကြိုး စုစုပေါင်း ကျသင့်ငွေတန်ဘိုး ၃၇,၉၇၇ိ/၇၀ ပြားကို ပေးလျော်ရန်အတွက် အယူခံတရားပြိုင်များ အပေါ်တွင် တာဝန်ရှိသည်ဆိုပြီး ယင်းငွေရရန် အပြန်အလှန် ချေလွှာအရ တောင်းဆိုခဲ့သည်။

အယူခံ တရားပြိုင်တို့က တိုကင်းနစ်မြုပ် ခဲ့ခြင်းမှာ မျှော်မှန်း၍ မရနိုင်သော မိုးလေဝသ အခြေအနေကြောင့်သာဖြစ်သည်။ မိမိတို့၏ တိုကင်း အလုပ်သမားများ၏ ပေါ့လျော့မှုကြောင့် မဟုတ်ပါဟု ပြန်လှန်ထုချေခဲ့သည်။

နှစ်ဖက် သက်သေများ စစ်ဆေးပြီး မော်လမြိုင်ခရိုင် တရားမ တရားသူကြီးက အယူခံ တရားလိုတို့ အပြန်အလှန်တောင်းဆိုချက်ကို ပလပ်ပြီး အယူခံတရားပြိုင်စွဲဆိုသည့် အမှုကို စရိတ်နှင့်တကွ ဒီကရီချမှတ် ပေးခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤအယူခံမှု စွဲဆိုခြင်းဖြစ်သည်။

ဤအယူခံမှုတွင် အဓိက ဆုံးဖြတ်ပေးရန် အချက်မှာ အယူခံတရားပြိုင်များ တိုကင်း နစ်မြုပ်ခဲ့ရခြင်းမှာ မျှော်မှန်း၍ မရနိုင်သော မိုးလေဝသ အခြေအနေကြောင့်လော၊ သို့မဟုတ် တရားပြိုင်၏တိုကင်းမှ အလုပ်သမားများ၏ ပေါ့လျော့မှုများကြောင့်လော ဟူသော အချက်ဖြစ်သည်။

တိုကင်းနစ်ခဲ့ပုံ အကြောင်းကို မူလရုံး၏ စီရင်ချက်တွင် တိကျစွာ အသေးစိတ် ဖော်ပြထားပြီး ဖြစ်သည့်အတွက် ကျွန်ုပ်တို့အနေဖြင့် ဤစီရင်ချက်တွင် ထပ်မံရေးသားရန် လိုမည်မဟုတ်ပေ။

တိုကင်း နစ်မြုပ်ခဲ့သည့်နေ့မှာ ၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ဖြစ်သည်။

ထိုအချိန် အခါက မော်လမြိုင်ဆိပ်ကမ်း ရေဝန်အဖြစ် အမှုထမ်းဆောင် နေသူမှာ မစ္စတာပရိုက်စ်ဆိုသူဖြစ်သည်။ ၎င်းသည် ၁၉၅၆ ခုနှစ်တွင် နိုင်ငံခြားသို့ပြန်သွားခဲ့သည်။

မစ္စတာ ပရိုက်စ်သည် နိုင်ငံခြားသို့ မသွားမီ တုံကင်းနစ်မြုပ်ခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေး တွေ့ရှိချက်စာ နှစ်စောင် ရေးခဲ့သည်။ ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့က ရေးသည့် သက်သေခံအမှတ် (ဂ)စာနှင့် ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့ကရေးသည့် သက်သေခံအမှတ် (က)တို့ဖြစ်သည်။ ယင်းသက်သေခံ စာတန်း နှစ်ခုတို့မှာ ဤအမှုတွင် အရေးကြီးသော သက်သေခံ စာတန်းများဖြစ်သည်။

၁၉၅၅

ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ (ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် ၁) နှင့် မောင်စိန်ဝင်း ပါ ၁၉ ။

သက်သေခံအမှတ် (ဂ)တွင် အောက်ပါအတိုင်း ပါရှိသည်—

"There seems to have been carelessness on the part of the tindal"

သက်သေခံအမှတ် (က)တွင် အောက်ပါအတိုင်း ပါရှိသည်—

"I consider this incident to have been an unfortunate accident and that little or no blame can be attached to the tindal"

အယူခံတရားလိုအဖွဲ့ အနေနှင့် အထက်ဖော်ပြပါ သက်သေခံအမှတ် (ဂ)နှင့် (က)စာ နှစ်စောင်စလုံးကို ရခဲ့သော်လည်း တစောင်နှင့် တစောင်မှာ တုံကင်းနစ်မြုပ်သည့်ကိစ္စနှင့် ပတ်သက်ပြီး ဆန့်ကျင်နေမှုန်း သိသော်လည်း ဤစာနှစ်စောင်တွင် ရှေ့နောက်မညီ ဖြစ်နေခြင်းကို မစ္စတာ ပရိုက်စ်အားပြန်၍ ရှင်းစေခြင်း ပြုလုပ်ခဲ့ကြောင်း ဤအမှုတွင် မတွေ့ရှိရချေ။

မစ္စတာပရိုက်စ်၏ နေရာတွင် ရေဝန်အဖြစ်ဖြင့် အလုပ်ဆက်ခံသူမှာ ဦးသာထူး ဖြစ်သည်။ ဦးသာထူးကို အယူခံတရားလိုများက သက်သေအဖြစ်ဖြင့် ထူခဲ့သည်။ ဦးသာထူးကအထက်ဖော်ပြပါ စာနှစ်စောင်နှင့် ပတ်သက်ပြီး ပထမစာသည် အချင်းဖြစ်ပြီးနောက် လတ်တလောအားဖြင့် ရေးခဲ့သောစာဖြစ်ပြီး ဒုတိယစာမှာ မစ္စတာ ပရိုက်ကအခြေအနေကို အသေးစိတ် စုံစမ်းပြီးမှ ၎င်း၏အတွေ့အကြုံ ပဟုသုတ အားဖြင့် ရေးသားခဲ့ခြင်း ဖြစ်မည်ဟု အစစ်ခံပြီး ရှင်းလင်းပြထားကြောင်း တွေ့ရသည်။ ဦးသာထူး၏ ရှင်းလင်းချက်အရ ဒုတိယစာဖြစ်သည့် သက်သေခံအမှတ် (က) ကိုအတည်ပြုပြီး အလေးပေး၍ မူလရုံးတရားသူကြီးက စဉ်းစားဆုံးဖြတ်ခဲ့သည်။ ဦးသာထူး၏ထွက်ဆိုချက်မှာ ယုတ္တိရှိပြီး သဘာဝကျသည်ဟု ကျွန်ုပ်တို့ယူဆသည့်အတွက် မူလတရားသူကြီး၏ သုံးသပ်ချက်မှာ မှန်ကန်သည်ဟု ဆိုရပေမည်။

ထို့အပြင် အခင်းဖြစ်သည့်အခါက တုံကင်းသမားများသည် တုံကင်းမမြုပ်ရန်နှင့် ပစ္စည်းမဆုံးရှုံးရန် တတ်နိုင်သရွေ့ အစွမ်းကုန် အားထုတ်ဆောင်ရွက်ခဲ့ ကြောင်းကို သက်သေထွက်ချက်များအရ ပေါ်လွင်နေသည်ဟု ဆိုရပေမည်။ မိုးလေဝသအခြေ

၁၉၇၅

ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ (ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် ၁) နှင့် မောင်စိန်ဝင်း ပါ ၁၉ ။

အနေကြောင့် ရေစီးပြင်းထန်လာသဖြင့် တုံကင်းကျောက်ဖျာပေါ် တင်သွားသည်။ ထိုအချိန်၌ပဲ့နင်းက တုံကင်းပိုင်ရှင်အဖွဲ့သို့ ချက်ချင်းအကြောင်းကြားခဲ့သည်။ ပိုင်ရှင်များအနေနှင့် ရေဝန်ရုံးမှ ဆွဲသင်္ဘောတစင်းဖြင့် အချင်းဖြစ်နေရာသို့ ချက်ချင်းလိုပင်ရောက်ရှိလာသည်။ နစ်မြုပ်သည့် တုံကင်းမှ ဆန်အိတ်များကို ရွှေပြောင်းသယ်ယူရန်အတွက်လည်း တခြားတုံကင်းတစင်းကို ဆွဲသင်္ဘောနှင့် တွဲသွားသည်။ သို့ရာတွင်မိုးရွာပြီး လေထန်လှိုင်းကြီးနေသဖြင့် အချင်းဖြစ် တုံကင်း သို့မကပ်နိုင်ခဲ့ချေ။

အယူခံတရားလို၏ အကျိုးဆောင်ကြီးက နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့နှင့် အောင်ထရေဒင်ကုမ္ပဏီ (၁) အမှုကို ကိုးကားလျက် မိုးလေဝသကျရောက်ခြင်းမှာ မမျှော်လင့်နိုင်သော အရာမဟုတ်ကြောင်း လျှောက်လဲသွားသည်။ ယင်းအမှုဖြစ်ပေါ်လာရသည့် အကြောင်းအချင်းအရာ အချက်အလက်များနှင့် သက်သေအထောက်အထားမှာ ဤအမှုမှ အကြောင်းအချင်းအရာ အချက်အလက်များမတူချေ။ ယင်းအမှုတွင် လေပြင်းထန်သည့်အတွက် သင်္ဘော မှောက်သွားရသည့် အကြောင်းကို သင်္ဘောဦးစီး တယောက်တည်းကသာ ထွက်ဆိုသွားခဲ့သည်။ ရခိုင်ပြည်နယ် ကမ်းလွန်တွင် မိုးရာသီ၌ လေထန်သည်မှာ ဖြစ်ရိုးဖြစ်စဉ်ကိစ္စဖြစ်၍ သင်္ဘောမှောက်ရသည်မှာ မမျှော်မှန်းနိုင်သော ကိစ္စရပ်မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ယခုအမှုတွင်မူ ရုတ်တရက် ကျရောက်လာသော မိုးသက်လေပြင်းမှာကြိုတင်၍ မျှော်မှန်းနိုင်မည်မဟုတ်၍ မြစ်တွင်းရှိ ရေယာဉ်များအား တင်ကူးပြီး သတိမပေးနိုင်ကြောင်းကို သက်သေခံအမှတ် (က) အရ ပေါ်လွင်နေသည်။ မိုးသက်လေပြင်းကျရောက်မည်ကို ကြိုတင်သတိပေးမှ သိရှိနိုင်မည့် သဘော သက်ရောက်နေသည်။ မိုးသက်လေပြင်း ကျရောက်လာသော အခါတွင်လည်း အချင်းဖြစ်တုံကင်းမှ ပဲ့နင်းနှင့် အလုပ်သမားတို့သည် တတ်နိုင်သမျှ အစွမ်းကုန် လုပ်ဆောင်ခဲ့ကြသည်။ သဘာဝ၏ အန္တရာယ်ကို ကာကွယ်တားဆီးခြင်း မပြုနိုင်သည့်အတွက်ကြောင့် သာ ကျောက်ဖျာပေါ်သို့ တုံကင်းတင် ခံခဲ့ရခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို စရိတ်နှင့် ' တကွပလပ်လိုက်သည်။

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးစာမျက်နှာ ၂၆၂။

# တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်၊ ဦးအောင်ဖေ၊အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ကစ္စနား (ခ) ကတ္တနား

နှင့်

ရာဂျာဂိုလ်ပါယ် ပါ ၂*

† ၁၉၇၁

နိုဝင်ဘာလ ၁၂ ရက်။

ဟိန္ဒူဘာသာဝင်တမေလ်လူမျိုး အိမ်ထောင်ကြီးများ တရားဝင်လင်မယားဖြစ်ရန် လက်ထပ်ပွဲကျင်းပရန်လိုမလို။

ဆုံးဖြတ်ချက်။ ။ဟိန္ဒူဘာသာ တမေလ်လူမျိုးတို့တွင် အိမ်ထောင်ကြီးများလက်ထပ်ကြလျှင် လက်ထပ်ပွဲကျင်းပရန်မလိုကြောင်း ဟိန္ဒူဥပဒေကပြဋ္ဌာန်းထားသည်။ မာရီမားနှင့် ရာဂျာဂိုလ်ပါယ်တို့မှာ အိမ်ထောင်ကြီးများဖြစ်ကြသည်။ ၎င်းတို့သည် နှစ်ပေါင်းများစွာ အကြင်လင်မယားအဖြစ် အတူနေပြီး ပေါင်းသင်းလာခဲ့ကြောင်းမှာလည်း ထင်ရှားသည်။ ထို့ကြောင့် ၎င်းတို့သည်တရားဝင် အကြင်လင်မယားဖြစ်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးဇင်ဆင်ဆော်လမွန်။

အယူခံတရားခံများအတွက်။ ။မလာ။

အယူခံတရားလို ကစ္စနားက ယာခင်ပေါင်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၄/၇၂ တွင် အယူခံတရားပြိုင်များဖြစ်သည့် ရာဂျာဂိုလ်ပါယ်နှင့် ကာလီမူတူးတို့အပေါ် ကွယ်လွန်သူ မွေးစားမိခင် မာရီမားကျန်ရစ်သော အမွေပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲပေးရန် အမွေမှုစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက အမှုကို ပလပ်လိုက်သည်။ မွန်ပြည်နယ် တရားရုံးသို့ အယူခံတရားလိုက အယူခံဝင်သော်လည်း မအောင်မြင်သဖြင့် ဤဒုတိယအယူခံ တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုကစ္စနားက သူသည် ကွယ်လွန်သူ မာရီမားဆိုသူ၏ မွေးစားသားဖြစ်သည်ဟုအဆိုရှိသည်။ အယူခံတရားပြိုင် အမှတ် (၁) ရာဂျာဂိုလ်ပါယ်မှာ မာရီမားနှင့် နှစ်ပေါင်းများစွာ ပေါင်းသင်းနေထိုင်လာခဲ့သူ ဖြစ်သည်။ အယူခံတရားပြိုင် အမှတ် (၂) ကာလီမူတူးမှာ အယူခံတရားလို ကစ္စနား၏ ပခင်အရင်းဖြစ်သည်။

* ၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၆။

† ၁၉၇၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃ တွင် သထုံမြို့နယ်၊ တိုင်းပြည်သူ့တရားရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅

ကစ္စနား (ခ) ကတ္တနား နှင့် ရာဂျာဂိုလ်ပါယ် ပါ ၂။

ဒုတိယအယူခံမှုတွင် စဉ်းစားရန် အဓိကအချက် နှစ်ချက်သာရှိသည်။ ပထမအချက်မှာအယူခံတရားလို ကစ္စနားမှာ ကွယ်လွန်သူ မာရီမား၏ မွေးစားသားဟုတ် မဟုတ်နှင့်ဒုတိယအချက်မှာ အယူခံတရားပြိုင်အမှတ် (၂) သည် မာရီမား၏တရားဝင်လင်ယောကျ်ား ဟုတ် မဟုတ်ဟူသော အချက်များဖြစ်သည်။

အယူခံတရားလိုက ၎င်းအသက် (၆) နှစ်ခန့်အရွယ်တွင် မာရီမားက မွေးစားခဲ့ကြောင်း မာရီမားက ၎င်းအား မွေးစားရန် ၎င်း၏အဖေနှင့် အမေကိုပြောသောအခါအဖေနှင့်အမေက သဘောတူပြီး မွေးစားရန် ပေးကြောင်းထွက်ဆိုခဲ့သည်။ ကစ္စနား၏အဖေနှင့် အမေမှာ ယခုတိုင် အသက်ရှင်လျက် ရှိကြောင်း ကစ္စနားကဝန်ခံထားသည်။ ဤကဲ့သို့အဖေနှင့် အမေတို့ ရှိသေးသော်လည်း အဘယ်ကြောင့် ၎င်းတို့အားမွေးစားသည့် ကိစ္စနှင့်ပတ်သက်၍ သက်သေမဘင်ပြသည်ကို မပြောပြခဲ့ချေ။ ထို့ကြောင့် မွေးစားသည့် ကိစ္စနှင့်ပတ်သက်ပြီး ၎င်း၏အဖေနှင့်အမေကိုသက်သေပြနိုင်လျက်နှင့်မပြခဲ့ခြင်းကြောင့် ကစ္စနားကသူ့အား မာရီမားကမွေးစားသည်ဟုအဆိုပြုချက်ကိုလက်မခံနိုင်ချေ။

အယူခံတရားပြိုင် အမှတ် (၁) ရာဂျာဂိုလ်ပါယ်သည် မာရီမားနှင့် နှစ်ပေါင်းများစွာအကြင်လင်မယားအဖြစ် အတူပေါင်းသင်း နေခဲ့ကြောင်းမှာ အငြင်းမထွက်ချေ။ ဤကဲ့သို့အတူပေါင်းသင်းနေထိုင်ခဲ့ကြသော်လည်း မာရီမားနှင့် ရာဂျာဂိုလ်ပါယ်တို့သည်ဟိန္ဒူဘာသာ မလေ့ထုံးတမ်းအရ လက်ထပ်ပွဲ ကျင်းပခဲ့ခြင်း မရှိခဲ့သဖြင့် တရားဝင်အကြင်လင်မယား မဟုတ်ပါဟု အယူခံဘရားလို၏ အကျိုးဆောင်ကြီးက တင်ပြသည်။ ဟိန္ဒူဘာသာ တမေလ်လူမျိုးတို့တွင် အိမ်ထောင်ကြီးများ လက်ထပ်ကြလျှင် လက်ထပ်ပွဲ ကျင်းပရန် မလိုကြောင်း ဟိန္ဒူဥပဒေက ပြဋ္ဌာန်းထားသည်။ မာရီမားနှင့် ရာဂျာဂိုလ်ပါယ်တို့မှာ အိမ်ထောင်ကြီးများ ဖြစ်ကြသည်။ ၎င်း၂ဦးသည် နှစ်ပေါင်းများစွာ အကြင်လင်မယားအဖြစ် အတူနေပြီး ပေါင်းသင်းလာခဲ့ကြောင်းမှာလည်း ထင်ရှားသည်။ ထို့ကြောင့် ၎င်းတို့သည် တရားဝင် အကြင်လင်မယား ဖြစ်သည်ဟုဆိုရပေမည်။

အယူခံတရားလိုကစ္စနားသည် မာရီမား၏ မွေးစားသား မဟုတ်သည်ကတကြောင်း အယူခံတရားပြိုင် အမှတ် (၁) ရာဂျာဂိုလ်ပါယ်သည် မာရီမား၏ တရားဝင်လင်ယောကျ်ားဖြစ်သည်ကတကြောင်း၊ ထိုအကြောင်းများကြောင့် မာရီမား ကျန်ရစ်ခဲ့သည့်အမွေပစ္စည်းများနှင့် ပတ်သက်၍ အယူခံတရားလို ကစ္စနားသည် အရေးဆိုပိုင်ခွင့်လုံးဝမရှိချေ။ အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံမှုကိုပလပ်လိုက်သည်။ တရားရုံးအဆင့်ဆင့်အတွက် ကုန်ကျသည့် တရားစရိတ်များကို အယူခံတရားလိုကကျခံစေ။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးစိုးလှိုင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးကံစိန်

နှင့်

၁။ မဝင်းကြည်၊ ၂။ အတွင်းရေးမှူး၊ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ *

†၁၉၇၅
ဖေဖော်ဝါရီလ ၅ ရက်။

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၁၊ အလုပ်သမားတဦး ထိခိုက်ဒဏ်ရာရရှိသည့် ဒေသမှ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီကသာ အလုပ်သမားနှင့် ပတ်သက်သည့်အမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိခြင်း၊ ယင်းသို့ စစ်ဆေးစီရင်ပိုင်ခွင့်မရှိသော အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ၏အမိန့်သည် ဥပဒေအရ တရားဝင်မဝင်။

ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၁ အရအလုပ်သမားတဦး ထိခိုက်ဒဏ်ရာရရှိသည့်ဒေသမှအလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီကသာအလုပ်သမားလျော်ကြေးနှင့်ပတ်သက်သည့်အမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်၊ သို့ရာတွင် ပုဒ်မ ၂၁ (၂) အရ အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက ဆောင်ရွက်ရန် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးက လွှဲပြောင်းပေးနိုင်သည်ဟု ပါရှိပါသည်။ ယခုအမှုတွင် ထိခိုက်ဒဏ်ရာ ရရှိသည့်နေရာမှာ မန္တလေးတိုင်း၊ တပ်ကုန်းမြို့နယ်အတွင်း၌ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်တိုင်းအတွင်းမှ အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက ဤအမှုကိုစစ်ဆေးဆုံးဖြတ်ခြင်းမှာ တရားမဝင်ပါ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၏ အမှုကိုလွှဲပြောင်းသည့်အမိန့်လည်းမရှိပါဟုတင်ပြသည်။ သက်ဆိုင်ရာအမှုတွဲများကို စိစစ်လိုက်သည့်အခါ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး၏လွှဲပြောင်းပေးထားသည့် အမိန့်မတွေ့ရှိချေ။ ထို့ကြောင့် ဥပဒေဝန်ထမ်းအဆင့် (၁) တင်ပြသည့်အတိုင်းပုဒ်မ ၂၁ အရ ဤအမှုကိုရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက စစ်ဆေးဆုံးဖြတ်ပိုင်ခွင့်မရှိပေ၊ ယင်းကော်မတီ၏ ချမှတ်သည့်အမိန့်သည် ဥပဒေနှင့်မကိုက်ညီသည့်အတွက် တရားမဝင်သောအမိန့်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးကျော်ဒင် (၃)။

အယူခံတရားခံအမှတ် (၁) အတွက်။ ။ကိုယ်တိုင်။

အယူခံတရားခံအမှတ် (၂) အတွက်။ ။ရုံးသဟာယ မဇ္ဈိတာ အက်စ်၊ ကေ၊ ဂိုရှ်။

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂၄။

† ၁၉၇၄ ခုနှစ်၊ တရားမလျော်ကြေးမှုအမှတ် ၂၈ တွင် ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅

ဦးကံစိန် နှင့် မဝင်းကြည်ပါ၂။

အယူခံ တရားလို ဦးကံစိန်သည် ရန်ကုန်မြို့၊ အမှတ် ၅၁၊ အရှေ့ရွှေဂုံတိုင်လမ်းရှိ မဟာမိတ် ပင်းမင်းဆိုင်နှင့် ဆေးဆိုးပန်းရိုက်လုပ်ငန်း ပိုင်ရှင်ဖြစ်သည်။ အယူခံ တရားပြိုင် အမှတ် (၁) မဝင်းကြည်သည် ကွယ်လွန်သူ မောင်တင်ရွှေဆိုသူ၏ ဇနီး ဖြစ်သည်။

မောင်တင်ရွှေသည် ဦးကံစိန်၏ အလုပ်သမားတဦး အနေနှင့် မန္တလေးမြို့သို့ ဆိုးဆေးဝယ်ရန်အတွက်အတူခရီးထွက်သွားကြသည်။၁၉၇၃ ခုနှစ်၊ မေလ ၁၉ ရက်နေ့က တပ်ကုန်းမြို့နယ် ဆင်သေမီးရထား တံတားနှင့် တိုက်မိပြီး မောင်တင်ရွှေသည် မီးရထားပေါ်မှ လိမ့်ကျသွားသဖြင့် သေဆုံးခဲ့သည်။ မောင်တင်ရွှေသည် လုပ်ငန်း တာဝန် ဝတ္တရားများကို ဆောင်ရွက် လုပ်ကိုင်နေစဉ် သေဆုံးသွားခဲ့ခြင်းကြောင့် အလုပ်ရှင်ဖြစ်သူ အယူခံတရားလို ဦးကံစိန်ထံမှ အလုပ်သမားလျော်ကြေး ရလိုကြောင်း အယူခံတရားပြိုင် မဝင်းကြည်က ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေးဌာနတွင် အမှုစွဲ၍ တောင်းဆိုခဲ့သည်။ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီက မောင်တင်ရွှေသည် ဦးကံစိန်၏ အလုပ်သမားဖြစ်သည်။ အလုပ်ခွင်တွင် တာဝန်ထမ်းဆောင်နေစဉ် သေဆုံးသည့်အတွက်အလုပ်သမားလျော်ကြေး ၅,၄၀၀ိ မဝင်းကြည် အားပေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ (၃၀) အရ၊ ဦးကံစိန်က အယူခံဝင်ခြင်းဖြစ်သည်။

ဤအမှုတွင် ရှုံးသဟာယ အဖြစ်ဖြင့် ဆောင်ရွက်သည့် ဥပဒေချုံးမှ ဥပဒေဝန်ထမ်း အဆင့် (၁)က ဥပဒေ အချက်အလက်နှင့် ပတ်သက်ပြီး တင်ပြသည့် ပြဿနာကို ပထမဦးစွာ စဉ်းစား ဆုံးဖြတ်ပေးရန် သင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ဥပဒေ ဝန်ထမ်း အဆင့် (၁)က အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ (၂၁) အရ၊ အလုပ်သမားတဦး ထိခိုက်ဒဏ်ရာရရှိသည့် ဒေသမှ အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီကသာ အလုပ်သမား လျော်ကြေးနှင့် ပတ်သက်သည့်အမှုကိုစစ်ဆေး စီရင်ပိုင်ခွင့်ရှိသည်။ သို့ရာတွင် ပုဒ်မ ၂၁ (၅) အရ အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီ တခုရှေ့ရှိ အမှုတမှုကို အခြား အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ က ဆောင်ရွက်ရန် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီးက လွှဲပြောင်း ပေးနိုင်သည်ဟု ပါရှိပါသည်။ ယခုအမှုတွင် ထိခိုက်ဒဏ်ရာရရှိသည့်နေရာမှာ မန္တလေးတိုင်း၊ တပ်ကုန်း မြို့နယ်အတွင်း၌ ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်တိုင်း အတွင်းမှ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီက ဤအမှုကို စစ်ဆေး ဆုံးဖြတ်ခြင်းမှာ တရားမဝင်ပါ၊ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး၏ အမှုကို လွှဲပြောင်းသည့် အမိန့်လည်း မရှိပါဟု တင်ပြသည်။

၁၉၇၅ ဦးကံစိန် နှင့် မဝင်းကြည်ပါ၂။

သက်ဆိုင်ရာ အမှုတွဲများကို စိစစ်လိုက်သည့်အခါ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး၏ လွှဲပြောင်းပေးထားသည့်အမိန့် မတွေ့ရှိချေ။ ထို့ကြောင့် ဥပဒေဝန်ထမ်း အဆင့် (၁) တင်ပြသည့်အတိုင်း ပုဒ်မ (၂၁) အရ၊ ဤအမှုကို ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက စစ်ဆေးဆုံးဖြတ်ပိုင်ခွင့် မရှိပေ။ ယင်း ကော်မတီက ချမှတ်သည့် အမိန့်သည် ဥပဒေနှင့် ညီညွတ်မှုမရှိသည့်အတွက် တရားမဝင်သော အမိန့်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက ၁၉၇၄ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့စွဲပါ ချမှတ်သည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။

အယူခံ တရားပြိုင် မဝင်းကြည်သည် အလုပ်သမား လျော်ကြေး ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ထပ်မံအရေးယူ ဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်သည်။

## တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးဇိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

ဇူလိုင်လ ၂၆ ရက်။

### မခင်ညွန့် (၎င်း၏ ကိုယ်စားလှယ် ဦးသန်းညွန့်)

### နှင့်

### ဦးရွှေထွန်း ပါ ၄ *

**တိုင်းတရားရုံးတွင် အယူခံနေစဉ်၊ အချင်းဖြစ်အိမ်ကိုဖျက်ဆီးပြီးဖြစ်သဖြင့်၊ ယင်းအိမ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်လိုမလို။**

ဆုံးဖြတ်ချက်။ ။မရှိတော့သည့် အိမ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန် သင့်မသင့် စဉ်းစားရန်လိုပေသည်။ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟချက်ဒီကရီချမှတ်သင့်မသင့်ဆိုသည့်ကိစ္စမှာ မူလရုံးမှ ဆင်ခြင်တုံတရားလက်ကိုင်ထား၍ ဆုံးဖြတ်ရသည့်ကိစ္စဟုသာဖြစ်သည်ဆိုခြင်းမှာမှန်၏။သို့ရာတွင်ယင်းသို့ချမှတ်သည့်ဒီကရီတခုသည် တရားလိုအတွက် မည်သို့မျှ လက်တွေ့အသုံးမဝင်၊ အသုံးမချနိုင်လျှင် ထိုဒီကရီသည် အဓိပ္ပါယ်ရှိမည်မဟုတ်ပေ။ မြွက်ဟကြေငြာပေးခြင်းအားဖြင့် တရားလိုတွင် အကျိုးသက်ရောက်မှုမရှိပါမူ၊ ထိုမြွက်ဟချက်သည် အချီးအနှီးသာဖြစ်ပေမည်။ ထိုသို့အချီးအနှီးသာဖြစ်သည့် အဓိပ္ပာယ်မဲ့သည့် ဒီကရီမျိုးကို တရားရုံးများအနေဖြင့် ချမှတ်ခြင်းမပြုသင့်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးသိန်း။

အယူခံတရားပြိုင်များအတွက်။ ။အကျိုးဆောင် ဦးကျော်အုန်း။

အယူခံတရားလို မခင်ညွန့်က သူသည် အင်းစိန် ရွာမ ဦးပိုင်အမှတ်(၉) ကွင်းအမှတ် (၂၅) ဧရိယာ ၁.၂၅၇ ရှိ ခြံမြေနှင့် ယင်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အမှတ် ၆၃၇ မှာ ၎င်းပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန် အယူခံ တရားပြိုင်များအပေါ် တရားစွဲဆိုခဲ့ရာ အင်းစိန်မြို့နယ်တရားရုံးက အခင်းဖြစ်မြေကို မခင်ညွန့်မပိုင်၊ သို့သော် အခင်းဖြစ် အဆောက်အဦးကို ပိုင်သည်ဟု ဒီကရီ ချမှတ်ပေးလိုက်သည်။ ယင်းအမိန့်ကိုမကျေနပ်၍ အယူခံ တရားပြိုင်တို့က

---

* ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၉။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင်၊ ရန်ကုန်တိုင်း၊ ပြည်သူ့တရားရုံးနာယကရုံး၏ချမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၇၇

မခင်ညွန့် (၎င်း၏ ကိုယ်စားလှယ် ဦးသန်းညွန့်) နှင့် ဦးရွှေထွန်း ပါ ၉။

ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရာ အယူခံရုံးက မူလမြို့နယ် တရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

မူလမြို့နယ်တရားရုံးက အိမ်ကိုသာ မခင်ညွန့်ပိုင်သည်။ မြေကိုမပိုင်ဟု ဆုံးဖြတ်ခဲ့သည်။ မြေကိုမပိုင်ဟု ဆုံးဖြတ်ချက်ကို မခင်ညွန့်က အယူခံမဝင်ခဲ့ချေ။ ထို့ကြောင့် ဤဒုတိယအယူခံမှုတွင် မြေကိုပိုင်သည်ဟု အယူခံတရားလို အနေနှင့် အရေးမဆိုနိုင်တော့ချေ။ အချင်းဖြစ် အိမ်သည် ပထမ အယူခံရုံးတွင် အမိန့်မချမှတ်မီ ၁၉၇၂ ခု၊ ဇူလိုင်လ ၂၆ ရက်နေ့ကဖျက်ပြီး ဖြစ်သည်ဟု အယူခံရုံး၏ စီရင်ချက်တွင် တွေ့ရှိရသည်။ ဤကဲ့သို့ အိမ်ကို ဖျက်ပြီးကြောင်း အယူခံတရားလို၏ ရှေ့နေကြီးက ဝန်ခံသည်။ ထို့ကြောင့်မရှိတော့သည့် အိမ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်သင့် မသင့် စဉ်းစားရန် လိုပေသည်။ သီးခြား သက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟချက်ဒီကရီချမှတ်သင့် မသင့်ဆိုသည့်ကိစ္စမှာ မူလရုံးမှ ဆင်ခြင်တုံတရားသက်ကိုင်ထား၍ ဆုံးဖြတ်ရသည့်ကိစ္စဟုသာ ဖြစ်သည်ဆိုခြင်းမှာ မှန်၏။ သို့ရာတွင်ယင်းသို့ချမှတ်သည့် ဒီကရီတခုသည် တရားလိုအတွက် မည်သို့မျှ လက်တွေ့ အသုံးမဝင်အသုံးမချနိုင်လျှင် ထိုဒီကရီသည် အဓိပ္ပါယ်ရှိမည် မဟုတ်ပေ။ မြွက်ဟ ကြေငြာပေးခြင်းအားဖြင့် တရားလိုတွင် အကျိုးသက်ရောက်မှု မရှိပါမူ ထိုမြွက်ဟ ချက်သည် အချီးအနှီးသာ ဖြစ်ပေမည်။ ထိုသို့အချီးအနှီးသာဖြစ်သည့် အဓိပ္ပါယ်မဲ့သည့်ဒီကရီမျိုးကို တရားရုံးများအနေဖြင့် ချမှတ်ခြင်းမပြုသင့်ပေ။

ထို့ကြောင့်ဤအမှုတွင် အခင်းဖြစ်အိမ်လည်း မရှိတော့သည့် အပြင် သက်သေ ထွက်ချက်များအရ ထိုအိမ်နှင့်ပတ်သက်သည့် အခွင့်အရေး ပြဿနာများလည်းပေါ်ပေါက်ရန် အကြောင်းမရှိသဖြင့် ပိုင်ဆိုင်ကြောင်း မြွက်ဟချက်ဒီကရီ ချမှတ်ပေးရန် မသိုဟုယူဆသည်။ သို့ဖြစ်၍ ဤအယူခံမှုကို ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားလိုက ကျခံစေရန် အမိန့်ချမှတ်သည်။

## တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁၉၇၅

မေလ ၁၄ ရက်။

## ကိုစံညိန်း ပါ ၂

နှင့်

## မချိုချို (ခ) လော်ရာစိန်ထွန်း *

တရားနိုင်သေဆုံး၍ သမီးဖြစ်သူက ဇာရီလျှောက်လွှာတင်သွင်းရန် တရားမကျင့်ထုံး အမိန့် ၂၂ နည်းဥပဒေ ၃ အရ၊ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန်အတွက်လျှောက်ထားရန် လိုမလို၊ ဇာရီလျှောက်လွှာနှင့်တပါတည်းသေဆုံးသွားသော တရားနိုင်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်ပေးရန် လျှောက်ထားခြင်း၊ လျှောက်လွှာကို ၆ လ ကျော်လွန်မှ တင်သည့် အတွက်ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း ရှိမရှိစဉ်းစားရန်လိုမလို။ ဥပဒေအရ ခွင့်ပြုချက် (**License**) သာရရှိသူ၏ အမွေစားအမွေခံများသည် ယင်းမြေနှင့် ပတ်သက်သည့်အခွင့်အ ရေးများကို အမွေဆက်ခံနိုင်ခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၂၂ အရ သေဆုံးခဲ့သည့်အမှုသည်တဦး၏နေရာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့်ထည့်သွင်းရန် ကာလစည်းကမ်းသတ်ဥပဒေအချက် ( Article ) ၁၇၆ အရ၊ ရက်ပေါင်း(၉၀)အတွင်း လျှောက်ထားရမည်ဟု သတ်မှတ်ထားသည်။ ထိုသတ်မှတ်ချက်ကို ကာလစည်းကမ်းသတ်ဥပဒေ ပုဒ်မ ၅ အရ၊ ကုစား၍မရနိုင်ပါဟု အယူခံတရားလိုတို့ဘက်က တင်ပြသည်။ ဤတင်ပြချက်မှာ ယခုအမှု၏ အခြေအနေဖြင့် စပ်ဟပ်ရန်မဖြစ်နိုင်ချေ။

တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၁၂ အရ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်းနှင့် ပတ်သက်၍ အမိန့် ၂၂၊ နည်းဥပဒေ ၃၊၄ နှင့် ၈ တို့ပါပြဋ္ဌာန်းချက်တို့သည် ဇာရီလျှောက်လွှာနှင့် မသက်ဆိုင်စေရဟု ဆိုထားသည်။ထို့ကြောင့်အယူခံတရားပြိုင်သည်ဇာရီလျှောက်လွှာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် ထည့်သွင်းပေးပါဟု လျှောက်ထားရန်မလိုပဲ၊ ၎င်းကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။ သို့ဖြစ်၍ တရားဝင်ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့်ပတ်သက်သည့်စည်းကမ်းသတ်ဥပဒေမှာ ဤအမှုနှင့်မသက်ဆိုင်သဖြင့် ထည့်သွင်းစဉ်းစားရန်မလိုပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ဥပဒေအရခွင့်ပြုချက်( License ) သာရရှိသူ၏ အမွေစားအမွေခံများသည် ယင်းမြေနှင့်ပတ်သက်သည့် အခွင့်အရေးများကို အမွေဆက်ခံနိုင်ခွင့်မရှိချေ။

* ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၂၀။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃ တွင် ရန်ကုန်တိုင်း၊ (မြို့နယ်စု ၃) တရားရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅

မောင်စံညိန်း ပါ ၂ နှင့် မချိချို (ခ) လော်ရာစိန်ထွန်း။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးအုံးမောင်။

အယူခံတရားခံအတွက်။ ။ကိုယ်တိုင်။

အယူခံတရားပြိုင်၏ ဖခင်ဖြစ်သူ ဦးထွန်းစိန်သည် အယူခံ တရားလိုတို့အပေါ် အခင်းဖြစ်အိမ်နှင့် မြေတို့မှ နှင်လိုမှု စွဲဆိုပြီး အနိုင်ဒီကရီရရှိခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ အယူခံတရားလိုတို့က ယခင်တရားရုံးချုပ်သို့ အယူခံဝင်ခဲ့ရာ အခင်းဖြစ်အိမ်ကို ဦးထွန်းစိန် မပိုင်ဟု ဆုံးဖြတ်ပြီး မြေပေါ်မှနှင်ထုတ်ခွင့် ဒီကရီကိုသာ အတည်ပြုလိုက်သည်။

ဦးထွန်းစိန်သည် ဤကဲ့သို့ အနိုင်ဒီကရီရပြီး ၁၉၇၃ ခု၊ ဇွန်လ ၆ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ထိုနောက် ဦးထွန်းစိန်၏ သမီးဖြစ်သူ အယူခံတရားပြိုင်က ဇာရီလျှောက်လွှာတင်သည်။ ဇာရီလျှောက်လွှာနှင့် တပါတည်းငင်းအား ဦးထွန်းစိန်၏ တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် ထည့်သွင်းပေးရန် လျှောက်လွှာကစောင်လည်းတင်ခဲ့သည်။ ယင်းလျှောက်လွှာမှာ အချိန် ၆ လကျော်လွန်နေသည့်အတွက် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ အရ ခွင့်လွှတ်ရန် လျှောက်လွှာတစောင်ကိုပါအယူခံတရားပြိုင်က တ င် သွင်းခဲ့သည်။

မြို့နယ်တရားရုံးက အယူခံတရားပြိုင် တင်သွင်းသည့် လျှောက်လွှာများကိုလက်ခံပြီးဇာရီပြုလုပ်ခွင့်ပြုလိုက်သည်။ ယင်းအမိန့်ကို ရန်ကုန်တိုင်း အယူခံရုံးက အတည်ပြုလိုက်သည့်အတွက် ဤအယူခံမှု တင်သွင်းခြင်း ဖြစ်သည်။

တရားမကျင့်ထုံးအမိန့် ၂၂ အရ၊ သေဆုံးခဲ့သည့် အမှုသည်တဦး၏ နေရာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် ထည့်သွင်းရန် ကာလစည်းကမ်းသတ် ဥပဒေအချက် (Article) ၁၇၆ အရ ရက်ပေါင်း (၉၀) အတွင်း လျှောက်ထားရမည်ဟု သတ်မှတ်ထားသည်။ ထိုသတ်မှတ်ချက်ကို ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ အရ ကုစား၍မရနိုင်ပါဟု အယူခံတရားလိုတို့ဘက်က တင်ပြသည်။ ဤတင်ပြချက်မှာ၊ ယခုအမှု၏အခြေအနေဖြင့် စပ်ဟပ်ရန် မဖြစ်နိုင်ချေ။

တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၁၂ အရ တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်းနှင့်ပတ်သက်၍ အမိန့် ၂၂၊ နည်းဥပဒေ ၃၊ ၄ နှင့် ၈ တို့ပါပြဋ္ဌာန်းချက်တို့သည်ဇာရီလျှောက်လွှာနှင့် မသက်ဆိုင်စေရဟု ဆိုထားသည်။ ထို့ကြောင့် အယူခံတရားပြိုင်သည် ဇာရီလျှောက်လွှာတွင် တရားဝင် ကိုယ်စားလှယ် အဖြစ်ဖြင့် ထည့်သွင်းပေးပါဟု လျှောက်ထားရန် မလိုပဲ ငင်းကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။ သို့ဖြစ်၍ တရားဝင်ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ပတ်သက်သည့် စည်းကမ်းသတ်ဥပဒေမှာ ဤအမှုနှင့် မသက်ဆိုင်သဖြင့် ထည့်သွင်းစဉ်းစားရန်မလိုပေ။

၁၉၇၅
မောင်စံညိန်း
ပါ ၂
နှင့်
မချိုချို (ခ)
လော်ရာစိန်
ထွန်း။

အချင်းဖြစ်မြေမှာ အစိုးရမြေဖြစ်ပါသည်။ ဦးထွန်းစိန်မှာ ခွင့်ပြုချက် (License) သာရရှိခဲ့သူဖြစ်သဖြင့် ၎င်း၏ တရားဝင် ကိုယ်စားလှယ်ဖြစ်သူ အယူခံတရားပြိုင်သည် အယူခံတရားလိုတို့အား ယင်းမြေမှ နှင်ပိုင်ခွင့်မရှိဟုတင်ပြခဲ့သေးသည်။

ဥပဒေအရခွင့်ပြုချက် (License) သာရရှိသူ၏ အမွေစား အမွေခံများသည် ယင်းမြေနှင့်ပတ်သက်သည့် အခွင့်အရေးများကို အမွေဆက်ခံနိုင်ခွင့် မရှိချေ။ သို့ရာတွင် ယခုအမှုမှာ မူကား အယူခံတရားပြိုင် မချိုချိုသည် ၎င်း၏ဖခင်က အယူခံတရားလိုတို့အပေါ်တွင် ရရှိခဲ့သည့် ဒီကရီကိုဇာရီ လုပ်ပြုခြင်းမျှသာဖြစ်သည်။ မြေနှင့်ပတ်သက်၍ အမွေဆက်ခံခြင်း ကိစ္စမပေါ်ပေါက်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မူလရုံးနှင့် အယူခံတိုင်းရုံး တို့၏ဆုံးဖြတ်ချက်မှာ မှန်ကန်သည်ဟု ယူဆသည့်အတွက် ဤအယူခံကို ပလပ်လိုက်သည်။ ဤအယူခံမှုနှင့်ပတ်သက်၍ အမှုသည်များသည် မိမိတို့စရိတ်မိမိတို့ကျခံစေ။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးစိန်ဝင်း

နှင့်

ဒေါ်တင်ရွှေ (သေဆုံးသူအလုပ်သမား မောင်စိုးမြင့်၏ မိခင်) ပါ ၂ *

†.၁၉၇၁

ဧပြီလ ၃ ရက်။

မော်တော်နှင့် လိုက်ပါလာသူတဦး လိမ့်ကျသေဆုံးမှု၊ မော်တော်ပိုင်ရှင်က ထိုသူ၏ မိခင်အား ဂရုဏာကြေးပေးခြင်းအားဖြင့် အလုပ်ရှင်ဟုကောက်ချက်ချသင့်မသင့်။

**ဆုံးဖြတ်ချက်။** ။လျှောက်ထားသူသည် မိမိမော်တော်နှင့်လိုက်ပါလာသူတဦး လိမ့်ကျသေဆုံးခြင်းနှင့်ပတ်သက်၍ထိုသူ၏မိခင်ဖြစ်သူအားဂရုဏာကြေးငွေကျပ် ၂၀၀ ပေးခြင်းအားဖြင့်အလုပ်ရှင်ဖြစ်ရမည်ဟု ကောက်ချက်ချရန်မသင့်။ ငွေပေးခြင်းကို အကြောင်းပြုပြီး အလုပ်ရှင်ဟူ၍အထောက်အကူပြုသော အခြားပတ်ဝန်းကျင် သက်သေခံချက်များရှိမှသာလျှင် အလုပ်ရှင် အလုပ်သမားဟူသောအချက်ကို စဉ်းစားရန်ရှိပေမည်။

**အယူခံတရားလိုအတွက်။** ။အကျိုးဆောင်၊ ဦးစိန်လင်း နှင့် ဦးထွန်းကြည်။

**အယူခံတရားခံအတွက်။** ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ မစ္စတာ၊ အက်စ်၊ ကေ၊ ဂိုရှ်။

အယူခံတရားလို ဦးစိန်ဝင်းသည် မအူပင်မြို့ နှင့် အခြားမြို့ များသို့ အစိုးရဆန်စပါးများကို မော်တော်ဖြင့် တင်ပို့ ပြေးဆွဲနေသူ ဖြစ်သည်။ မောင်စက်ဝင်းဆိုသူသည် မော်တော်တွင် အလုပ်သမားဖြစ်၍ သေဆုံးသူ မောင်စိုးမြင့်သည် မောင်စက်ဝင်း ၏ သူငယ်ချင်းဖြစ်သည်။ မောင်စိုးမြင့် သည် မိမိသူငယ်ချင်း မောင်စက်ဝင်းနှင့်အတူ တာတပေါ်ရွာသို့ မော်တော်နှင့် အလည်လိုက်သွားသည်။
၁ မော်တော်သည် တာတပေါ်ရွာသို့ရောက်ပြီးနောက် မအူပင်မြို့သို့ ခေတ္တပြန်လာသည်။ ထိုအခါတွင် မောင်စက်ဝင်းသည် မော်တော်တွင် ဆက်လက်လုပ်ကိုင်ခြင်း မပြုတော့ဘဲ မအူပင်မြို့တွင် နေခဲ့သည်။ မောင်စက်ဝင်းကိုယ်စား မောင်ထွန်းအောင်ဆိုသူကို လူစားခန့်ထားပြီးနောက် ဆကာကြီးသို့ မော်တော်ဆက်လက်သွားသောအခါတွင် မောင်

* ၁၉၇၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၇။

† ၁၉၇၁ ခုနှစ်၊ တရားမလျှော်ကြေးမှုအမှတ် ၄ တွင် မအူပင်မြို့၊ အလုပ်သမားလျော်ကြေးစီစစ်ရေးကော်မတီရုံး၏ ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၅ — ဦးစိန်ဝင်း နှင့် ဒေါ်တင်ရွှေ (သေဆုံးသူ အလုပ်သမား မောင်စိုးမြင့်၏ မိခင်) ပါ ၂။

စိုးမြင့်လည်းလိုက်ပါသွားသည်။ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် မအူပင်မြို့မှခွာသွားပြီးနောက်၊ ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ နံနက် ၃ နာရီခန့်အချိန် ချောင်းကြီးရွာအနီး မော်တော်ကပ်ထားစဉ် မောင်စိုးမြင့်သည် ရေထဲလိမ့်ကျပျောက်ဆုံးသည်မှာ အလောင်းရှာမတွေ့တော့ချေ။ ထို့ကြောင့် မောင်စိုးမြင့် သေဆုံးကြောင်း အသိအမှတ်ပြုပြီးလျှင် မော်တော်တာဝန်ခံ ဦးစိန်ဝင်း (အယူခံတရားလို) က မောင်စိုးမြင့်၏ မိခင် ဒေါ်တင်ရွှေကို၊ လူမှုရေးအရ ငွေ ၂၀ဝ ပေးသည်။ ထို့နောက်ပိုင်းတွင် ဒေါ်တင်ရွှေက မိမိသား မောင်စိုးမြင့်သည် မော်တော်တွင် အလုပ်သမားတဦးဖြစ်ပါသည်။ ထို့ကြောင့် လျော်ကြေး ရထိုက်ပါသည်ဟု လျှောက်ထားသောအခါမှာအလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီက လျော်ကြေးငွေ ကျပ် ၃၁၃၂ ပေးရန်ဆုံးဖြတ်လေသည်။

မောင်စိုးမြင့်သည် မော်တော်တွင် အလုပ်သမားတဦးဖြစ်ကြောင်း ထွက်ဆိုသည်မှာ ၎င်း၏ မိခင် ဒေါ်တင်ရွှေ တဦးတည်းသာဖြစ်၍ ဒေါ်တင်ရွှေက ထွက်ဆိုသည်မှာ မိမိသား မောင်စိုးမြင့်ကို ဦးစိန်ဝင်း၏ မော်တော်တွင် အလုပ်လုပ်ရန် မောင်စက်ဝင်းက ခေါ်သွားပါသည်ဟူ၍ဖြစ်သည်။ သို့ရာတွင် ထိုအချက်ကို မောင်စက်ဝင်းက ထောက်ခံထွက်ဆိုခြင်းမပြုချေ။ မောင်စက်ဝင်းက မောင်စိုးမြင့်သည် မိမိနှင့် ခင်မင်သူဖြစ်သောကြောင့် မော်တော်နှင့် တာတပေါ်သို့ အလည်လိုက်ပါလာကြောင်း ထွက်ဆိုသည်။ မောင်စက်ဝင်းသည် မော်တော် မအူပင်သို့ ရောက်ရှိသောအခါမှာ အလုပ်သမားအဖြစ်မှ နှုတ်ထွက်လိုက်ပြီဖြစ်သောကြောင့် မော်တော်ပြေးသူ ဦးစိန်ဝင်းနှင့် ကျေးဇူးခံကျေးဇူးစား မဟုတ်တော့ချေ။ သေဆုံးသူ မောင်စိုးမြင့်နှင့် သာ ခင်မင်ရင်းနှီးသောသူငယ်ချင်းဖြစ်လေသည်။ ထို့ကြောင့် မောင်စက်ဝင်းသည် မဟုတ်မမှန်လည်ဆယ်ထွက်ဆိုရန် အကြောင်းမရှိဟု ကျွန်ုပ်တို့ ယူဆသည်။ မော်တော် စက်ဆရာ မောင်ခါးနှင့် မော်တော်ဆလင် ကိုတိုးအောင်တို့ကလည်း သေဆုံးသူ မောင်စိုးမြင့်သည် မော်တော်တွင် မည်သည့်အလုပ်ကိုမျှ လုပ်ကိုင်ခြင်းမရှိပါ၊အပိုသက်သက် လိုက်လာခြင်းသာဖြစ်ပါသည်ဟု ထွက်ဆိုကြသည်။

ရှုံးသဟာယအဖြစ်လိုက်ပါဆောင်ရွက်သော ဗဟိုဥပဒေရုံးအကျိုးဆောင်က မောင်စိုးမြင့်ကို မော်တော်တွင် အလုပ်သမားအဖြစ် ခန့်ထားကြောင်း အထောက်အထားများမရှိသော်လည်း မောင်စိုးမြင့်သည် မောင်စက်ဝင်း၊ မအူပင်မြို့တွင် မော်တော်မှ အလုပ်နှုတ်ထွက်သွားသောအခါမှာ လူစားအဖြစ် ဝင်ရောက်လုပ်ကိုင်၍ မော်တော်နှင့် ဆက်လက်လိုက်ပါသည်ဟု ကောက်ချက်ချမှတ်နိုင်ကြောင်း တင်ပြသည်။ သို့ရာတွင် မောင်စက်ဝင်းကိုယ်တိုင်က မိမိသူငယ်ချင်းဖြစ်သူ မောင်စိုးမြင့်သည် မော်တော်တွင် အလည်အပတ် လိုက်လာခြင်းသာ ဖြစ်ကြောင်းထွက်ဆိုထားသည်ဖြစ်သောကြောင့်

ဤသို့ကောက်ချက်မျိုး ဆွဲယူရန် သင့်လျော်မည်မဟုတ်ချေ။ မောင်စက်ဝင်း မအူပင်တွင် အလုပ်ထွက်သောအခါမှာ မောင်ထွန်းအောင်ဆိုသူကို လူစားထည့်ထားကြောင်းလည်း အမှုတွင် ပေါ်ပေါက်သည်။ ထို့ကြောင့် မောင်စိုးမြင့်သည် မော်တော်အလုပ်သမားတဦးဖြစ်သည်ဟူသော အချက်လုံးဝပေါ်ပေါက်ခြင်းမရှိဟု ကျွန်ုပ်တို့ယူဆသည်။

၁၉၇၅

ဦးစိန်ဝင်း နှင့် ဒေါ်တင်ရွှေ (သေဆုံးသူ အလုပ်သမား မောင်စိုးမြင့်၏ မိခင်) ပါ ၂။

ဦးစိန်ဝင်းသည် မိမိမော်တော်နှင့် လိုက်ပါလာသူတဦး လိမ့်ကျသေဆုံးခြင်းနှင့် ပတ်သက်၍ ထိုသူ၏ မိခင်ဖြစ်သူအား ဂရုဏာကြေးငွေ ကျပ် ၂၀၀ိ ပေးခြင်းအားဖြင့်လည်း အလုပ်ရှင် ဖြစ်ရမည်ဟု ကောက်ချက်ချရန် မသင့်ပေ။ ငွေပေးခြင်းကို အကြောင်းပြုပြီး အလုပ်ရှင်ဟူ၍ အထောက်အကူပြုသော အခြားပတ်ဝန်းကျင် သက်သေခံချက်များရှိမှသာလျှင် အလုပ်ရှင် အလုပ်သမားဟူသော အချက်ကို စဉ်းစားရန်ရှိပေလိမ့်မည်။ အထက်ပါအကြောင်းများကြောင့် မအူပင်မြို့နယ် အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက လျော်ကြေးငွေ ၃၂၃၂ိ ပေးရန် ချမှတ်ထားသောအမိန့်ကို ပယ်ဖျက်လိုက်သည်။ စရိတ်နှင့် ပတ်သက်၍ အမိန့်ချမှတ်ခြင်းမပြု။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

နိုဝင်ဘာလ ၅ ရက်။

### ဒေါ်စိန်အိ

နှင့်

### ဦးတင်ကို ပါ ၂ *

အလုပ်သမားတဦး၏ အသက် ၁၆ နှစ်ပြည့်မပြည့်ပြဿနာ၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် လျှောက်ထားသည့်အခါ ဖြည့်သွင်းရသည့် မှတ်ပုံတင်ပုံစံ ၁ နှင့် အိမ်ထောင်စုစာရင်းတွင် ပါရှိသည့် မွေးသက္ကရာဇ်ဖော်ပြချက်များကွဲလွဲနေလျှင် မည်သည့်ဖော်ပြချက်ကို လက်ခံရမည်ကို ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အမျိုးသားမှတ်ပုံတင်ဌာနရှိမှတ်ပုံတင်ပုံစံ ၁ ပါ ဖော်ပြချက်နှင့် အိမ်ထောင်စုစာရင်းပါ ဖော်ပြချက်ကွဲလွဲနေလျှင် အမျိုးသားမှတ်ပုံတင်ပုံစံ ၁ တွင်ပါရှိသည့်အချက်အလက်တို့မှာ မှန်ကန်သည်ဟုလက်ခံရပေမည်။

အယူခံတရားလိုအတွက်။ ။ကိုယ်တိုင်။

အယူခံတရားခံအတွက်။ ။အကျိုးဆောင်၊ ဦးစိန်လင်း။
ဥပဒေဝန်ထမ်း အဆင့်(၁)မဏ္ဍလာ အက်စ်၊ ကော်ဂိုရှိ။

အယူခံတရားလို ဒေါ်စိန်အိ၏သား မောင်ကျော်မြင့်သည် အယူခံတရားပြိုင် ကိုတင်ကို ပိုင်သည့် ဆန်စက်တွင် အလုပ်လုပ်ရင်း ဒဏ်ရာရပြီး ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့က ကွယ်လွန်ခဲ့သည်။ မောင်ကျော်မြင့် သည် အယူခံ တရားပြိုင်၏ အလုပ်သမားဖြစ်ပြီး အလုပ်ချိန်တွင် အလုပ်ခွင်အတွင်း ဒဏ်ရာ ရရှိခဲ့ခြင်းနှင့် ပတ်သက်၍လည်း အငြင်းပွားမှုမရှိချေ။ သို့သော် ပုသိမ်အရှေ့ မြို့နယ် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီက အမှုကို စစ်ဆေးပြီး မောင်ကျော်မြင့် သေဆုံးသည့် နေ့တွင် ၎င်းသည် အသက် ၁၅ နှစ် မပြည့်သေးသည့် အတွက် အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ ၂ (၁) (က) နှင့် ပုဒ်မ ၄ (၁) က (၂)

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၄၈။

† ၁၉၇၄ ခုနှစ်၊ လျော်ကြေးမှုအမှတ် (၁) တွင် ပုသိမ်အရှေ့မြို့နယ် လျော်ကြေးစိစစ်ရေး ကော်မတီရုံး၏ ချမှတ်သော အမိန့်ကိုအယူခံဝင်မှု။

၁၉၇၅ ဒေါ်စိန်အိ နှင့် ဦးတင်ကို ပါ၂။

အရ လျော်ကြေးငွေ ၂၀၀ ကျပ်သာပေးစေဟု အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို ဒေါ်စိန်အိက မကျေနပ်သည့်အတွက် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

မောင်ကျော်မြင့်၏ မိခင် ဒေါ်စိန်အိက မောင်ကျော်မြင့် ကွယ်လွန်စဉ်က အသက် ၁၆ နှစ်ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ သို့သော် ဒေါ်စိန်အိတို့၏ အိမ်ထောင်စုစာရင်းတွင် မောင်ကျော်မြင့် မွေးသည့် နှစ်မှာ ၁၃၂၁ ခုနှစ်ဟု ဖော်ပြထားခြင်း အပေါ်မူတည်ပြီး လျော်ကြေးစိစစ်ရေးကော်မတီက မောင်ကျော်မြင့်သည် အသက် ၁၅ နှစ် မပြည့်သေးဟုဆိုပြီး ငွေ ၂၀၀ ကျပ်သာ လျော်ကြေးသတ်မှတ်ခဲ့ကြောင်း တွေ့ရသည်။

ယခု ဤအယူခံမှု တင်သွင်းသည့်အခါ ဒေါ်စိန်အိက မောင်ကျော်မြင့်အတွက် အမျိုးသား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် လျှောက်ထားသည့်အခါက ဖြည့်သွင်းရသည့် ပုံစံ ၁၊ မှတ်ပုံတင် ပုံစံ (သက်သေခံအမှတ် က) ကို တင်သွင်းခဲ့သည်။ (သက်သေခံအမှတ် က) နှင့် ပတ်သက်ပြီး ဤရုံးက အမျိုးသားမှတ်ပုံတင်အရာရှိ ဦးထွန်းနိုင်ကို အကြောင်းကြားစာထုတ်၍ စစ်ဆေးခဲ့သည်။ ဦးထွန်းနိုင်က သက်သေခံ အမှတ် (က) တွင်ပါသည့် အချက်များနှင့် မိမိ၏ ဌာနတွင် ထားရှိသည့် မူရင်းတွင် ပါရှိသည့် အချက်အလက်များကို တိုက်ဆိုင်ကြည့်ပြီး မှန်ကန်ကြောင်း ထွက်ဆိုသွားသည်။ သက်သေခံအမှတ် (က) အရ မောင်ကျော်မြင့် မွေးသည့်ခုနှစ်မှာ ၁၃၁၉ ခုနှစ်ဟု ဖော်ပြထားသဖြင့် မောင်ကျော်မြင့်သေဆုံးသည့်အခါက ၎င်းသည် အသက် ၁၆ နှစ်ကျော်ပြီဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ ဤအမှုတွင် အဓိကအချက်မှာ ၁၆ နှစ်ပြည့်ခြင်း မပြည့်ခြင်းအချက်ပင်ဖြစ်ပြီး၊ ထိုသို့ဆုံးဖြတ်ရန်မှာလည်း အိမ်ထောင်စု စာရင်းပါ ဖော်ပြချက်နှင့် အမျိုးသား မှတ်ပုံတင်ဌာနရှိ မှတ်ပုံတင် ပုံစံ ၁ ပါ ဖော်ပြချက်၊ မည်သည်ကို လက်ခံရမည်ဆိုသော အချက်ပင်ဖြစ်သည်။ သက်သေခံ အမှတ် (က) ဖြစ်သည့် မှတ်ပုံတင်ပုံစံ ၁ နှင့် အိမ်ထောင်စု စာရင်းတွင် ပါရှိသည့် အချက် အလက်များ ကွဲလွဲနေလျှင် သက်သေခံအမှတ် (က) အမျိုးသား မှတ်ပုံတင် ပုံစံ ၁ တွင် ပါရှိသည့် အချက်အလက်တို့မှာ မှန်ကန်သည်ဟု လက်ခံရပေမည်။

သို့ဖြစ်၍ မောင်ကျော်မြင့်သည် တနေ့ ၃ ကျပ် ၇၅ ပြား ရရှိခဲ့သည့်အတွက် ၎င်း၏ လစာမှာ တလ ၁၀၀ ကျပ် ဖြစ်သဖြင့် ၎င်းအတွက် ရရန်ရှိသည် လျော်ကြေးမှာ အလုပ်သမား လျော်ကြေးပုဒ်မ ၄ (၁)က(၁) အရ၊ ၃,၆၀၀ ကျပ် ဖြစ်သည်။

ထို့ကြောင့် ဤအယူခံကို လက်ခံသည်။ အလုပ်သမားလျော်ကြေးကော်မတီ၏ အမိန့်တွင် မောင်ကျော်မြင့် သေဆုံးသည့်အတွက် ရရန်ရှိသည့် လျော်ကြေးမှာ ၃,၆၀၀ ကျပ် ဖြစ်သည်ဟု ပြင်ဆင် သတ်မှတ်လိုက်သည်။

## တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၅
စက်တင်ဘာလ ၂၆ ရက်။

### စီတီဝမ်း (ခေါ်) ဦးခင်မောင်ဝင်း ပါ ၂
### နှင့်
### ကိုညွန့် ပါ ၂

မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (င) အဆောက်အဦအသစ် ပြန်လည် ဆောက်လုပ်ရန် အိမ်ရှင်လိုမှု အသစ်ပြန်လည်ဆောက်လုပ်ရန် လိုအပ်သည့် အခြေအနေ မရှိခြင်းကို လက်ခံရန် သင့်မသင့် လက်ရှိ အဆောက်အဦ ကို ဖျက်ပြီး အသစ် ဆောက် လုပ်လိုသည့် အကြောင်းပြချက်။

ဆုံးဖြတ်ချက်။ ။အဆောက်အဦ၏ အခြေအနေနှင့်ပတ်သက်၍ အမှုတွဲကိုလေ့လာကြည့်ရာတွင် အသစ်တဖန်ပြန်လည်ဆောက်လုပ်ရန် မလိုအပ်သေးသည့် အခြေအနေဖြစ်ကြောင်း တွေ့ရှိရသည်။ အခင်းဖြစ်အဆောက်အဦမှာ ၁၉၅၃ ခုနှစ်က ဆောက်လုပ်သောအဆောက်အဦဖြစ်သည်။ ယခုအခါ တွင် အဆောက်အဦသည် ဟောင်းနွမ်းဆွေးမြေ့ ခြင်းလုံးဝမရှိသည့်အပြင်နောက်ထပ်နှစ်အတန်ကြာ အသုံးပြုနိုင်သည့်အခြေအနေရှိကြောင်းပေါ်လွင်သည်။

အိမ်ပိုင်ရှင်အဖို့ လက်ရှိသုံးခန်းအပြင် နောက်ပိုင်းတွင်ရှိနေသည့် နှစ်ထပ်အိမ်တလုံးမှာလည်း ၎င်း၏ လက်ရှိပင်ဖြစ်နေ၍ စီးပွားရေးလုပ်ငန်းနှင့်နေထိုင်မှုအတွက် လုံလောက်သည်ဟု ယူဆသည်။ လက်ရှိအဆောက်အဦကိုဖျက်ပြီး အသစ်ဆောက်လုပ်လိုသည်ဆိုခြင်းမှာ အိမ်ငှားများကိုနှင်ထုတ်လို၍ ဥပဒေအောင်အတွင်းမှ အကြောင်းပြခြင်းမျှဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ သို့ဖြစ်၍ အယူခံ တရားလိုသည် အခင်းဖြစ်အခန်းများကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုသည်ဟု တင်ပြချက်ကို လက်မခံနိုင်၍ ဤအယူခံမှုကိုပလပ်လိုက်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင်၊ ဦးတင်မောင်။

အယူခံတရားခံအတွက်။ ။အကျိုးဆောင်၊ ဦးမြစိန်။

ဤဒုတိယ အယူခံမှုနှင့် ဤရုံး တရားမဒုတိယ အယူခံမှုအမှတ် ၅/၇၄(စီတီဝမ်း နှင့် ကိုစိုးတင့်ပါ ၂ ဦး) အမှုနှစ်မှု စလုံးတွင် အချင်းဖြစ် အကြောင်းအရာနှင့်

---

*၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၄။

†၁၉၇၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃ တွင် မန္တလေးမြို့အနောက်တောင်မြို့နယ်၊တိုင်းတရားရုံး ၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

ဥပဒေ၏ အချက်အလက်များ တူညီကြပြီး၊ မူလရုံးတွင် သက်သေများ၏ ထွက်ချက်မှာလည်း သဘာ၀ခြင်း တူညီသဖြင့် နှစ်မှု စလုံးကို ခြုံ၍စဉ်းစားပြီး ဤစီရင်ချက်ကို ချမှတ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဤစီရင်ချက်သည် တရားမ ဒုတိယ အယူခံမှု အမှတ် ၅/၇၄ နှင့် လည်း အကျုံး၀င်သည်။

၁၉၇၅ — စိဝိဝ၁, (ခ) ဦးခင်မောင်ဝင်း ပါ ၂ နှင့် ကိုညွန့် ပါ ၂ ။

အယူခံ တရားလိုသည် မန္တလေးမြို့၊ သီရိမာလာ အရှေ့ပိုင်း အကွက် နံပါတ် ၁၇၀ (၁၉၆၇/၆၉) မြေပုံအရ၊ ဦးပိုင် နံပါတ် ၂၁ မြေနှင့် မြေပေါ်ရှိ အဆောက်အဦကို ပိုင်ဆိုင်သူ ဖြစ်ပြီး ၎င်းအဆောက်အဦတွင်ရှိ အခန်းတခန်းစီတွင်အိမ်ငှားများအဖြစ် နေထိုင်သည့် အယူခံ တရားပြိုင် ကိုညွန့် နှင့် ကိုစိုးတင့်တို့ကို မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၂ (၁) (င) အရ၊ အဆောက်အဦအသစ် ပြန်လည်ဆောက်လုပ်ရန် အိမ်နှင်လိုမှု စွဲခဲ့သည်။ အမှုကို စစ်ဆေးသည့် မူလ မန္တလေးမြို့နယ် တရားရုံးက နှစ်ဘက် သက်သေများ ကြားနာပြီး၊ အယူခံ တရားလို စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ် ပေးခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ မန္တလေးတိုင်း တရားရုံးသို့ အယူခံ ဝင်ရာ တိုင်းတရားရုံးက မူလ မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ စွဲဆိုသည့် အမှုကို ပလပ်လိုက်သည်။ ထို့ကြောင့် အယူခံ တရားလိုများက ဤဒုတိယ အယူခံမှု တင်သွင်းခြင်းဖြစ်သည်။

ဤအမှုတွင် အဓိကပြဿနာမှာ အယူခံ တရားလို အိမ်ရှင် စီတီဝမ်းသည် အချင်းဖြစ် အဆောက်အဦကို အသစ်ဆောက်လုပ်ရန် အတွက် သဘောရိုးနှင့် ရယူလိုခြင်း ဟုတ်မဟုတ် ဖြစ်သည်။

အချင်းဖြစ် အဆောက်အဦမှာ နံကပ် နှစ်ထပ်တိုက်ဖြစ်ပြီး အခန်းငါးခန်းရှိသည်။ မူလပိုင်ရှင်မှာ ဒေါ်ခင်ကြီး ဖြစ်ပြီး မူလ ၀ါတန်းများကို ဖျက်ပြီး၊ ၁၉၅၃ ခုနှစ်တွင် အသစ်ဆောက်လုပ်သည့် အဆောက်အဦဖြစ်သည်။ သွပ်မိုး၊ အုတ်နံကပ် ၆ ပတ်လည် တိုင်နှင့် ဆောက်လုပ်ထားသည်။ ငါးခန်း ရှိသည့် အနက်- ဦးစိုးတင့်က တခန်းတွင် တလ ၅၅ ကျပ် နှင့် ငှားရမ်းပြီး စီးပွားရေး လုပ်ငန်းအတွက် ဆံပင် ညှပ်ဆိုင် ဖွင့်၍ မိသားစုနှင့် နေထိုင်သည်။ ထိုနည်းတူ ကိုညွန့်က အခန်းတခန်းတွင် စာအုပ်ချုပ်ဆိုင် ဖွင့်၍ မိသားစုနှင့် အတူ နေထိုင်သည်။ ပိုင်ရှင် စီတီဝမ်းကသုံးခန်းလက်ရှိဖြစ်ပြီး ၎င်း အဆောက်အဦ၏ နောက်တွင် နှစ်ထပ် ပျဉ်ကာ သွပ်မိုး အိမ်တလုံး ရှိသေးသည်။

အဆောက် အဦ၏ အခြေအနေနှင့် ပတ်သက်၍ အမှုတွဲကို လေ့လာကြည့်ရာတွင် အသစ်တဖန် ပြန်လည် ဆောက်လုပ်ရန် မလို အပ်သေးသည့် အခြေ အနေဖြစ်ကြောင်း တွေ့ရှိရသည်။ အခင်းဖြစ် အဆောက်အဦမှာ ၁၉၅၃ ခုနှစ် က ဆောက်လုပ်သော အဆောက်အဦဖြစ်သည်။ ယခုအခါတွင် အဆောက်အဦသည် ဟောင်းနွမ်း ဆွေးမြေ့

၁၉၇၅

စီတီဝမ်း (ခ) ဦးခင်မောင်ဝင်း ပါ ၂ နှင့် ကိုညွန့် ပါ ၂။

ခြင်း လုံး၀ မရှိသည့်အပြင်၊ နောက်ထပ် နှစ်အတန်ကြာ အသုံးပြု နိုင်သည့် အခြေအနေရှိကြောင်းပေါ်လွင်သည်။

အိမ်ပိုင်ရှင်အဖို့ လက်ရှိ အခန်းအပြင် နောက်ပိုင်းတွင် ရှိနေသည့် နှစ်ထပ် အိမ်တလုံးမှာလည်း ၎င်း၏ လက်ရှိပင် ဖြစ်နေ၍ စီးပွားရေး လုပ်ငန်းနှင့် နေထိုင်မှု အတွက် လုံလောက်သည်ဟု ယူဆသည်။ လက်ရှိ အဆောက်အဦကို ဖျက်ပြီး အသစ် ဆောက်လုပ် လိုသည် ဆိုခြင်းမှာ အိမ်ငှားကို နှင်ထုတ်လို၍ ဥပဒေ ဘောင် အတွင်းမှ အကြောင်းပြခြင်းမျှ ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။ သို့ဖြစ်၍ အယူခံ တရားလိုသည် အချင်းဖြစ် အခန်းများကို အကြောင်း အားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် ရယူလိုသည်ဟု တင်ပြချက်ကို လက်မခံနိုင်၍ ဤအယူခံမှုကို ပလပ်လိုက်သည်။ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို အတည် ပြုလိုက်သည်။ ရုံးအဆင့်ဆင့်တွင် ကုန်ကျသည့် တရားစရိတ်များကို အယူခံ တရားလိုက ကျခံစေရန် အမိန့် ချမှတ်သည်။

## တရားမ ပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးထွန်းအောင်ကျော်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးဆေးငုံ ပါ ၃

## နှင့်

## ဒေါ်ကြင်မေ ၂*

†၁၉၇၅
ဇွန်လ ၁၃ ရက်။

ဇာရီမှုများကို ခေတ္တဆိုင်းငံ့ထားခဲ့ရာမှ ပြန်လည်ချုပ်သိမ်းခဲ့ရာ ယင်းသို့ခေတ္တဆိုင်းငံ့ထားသည့်ကာလသည် ကာလစည်းကမ်းသတ်ဥပဒေ ပုဒ်မ ၁၅ (၁) နှင့်အကျုံးဝင်မဝင်၊ ယင်းရက်များကို ကာလစည်းကမ်းသတ် တွက်ချက်ရာ၌၊ နုတ်သင့်မနုတ်သင့်။

ဆုံးဖြတ်ချက်။ ။ယခင်တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့စွဲပါ စာဖြင့် ဇာရီမှုများကို ခေတ္တဆိုင်းငံ့ထားခြင်းကို ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့က ရုပ်သိမ်းခဲ့သည်။ ယင်းရက်များမှာ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ (၁) နှင့်အကြုံးဝင်သည်ဟု ကျွန်ုပ်တို့ယူဆသဖြင့်ယင်းရက်များကိုကာလစည်းကမ်းသတ်ကျော်မကျော်တွက်သည့်အခါတွင်နုတ်ရပေမည်။

အယူခံတရားလိုများအတွက်။ ။အကျိုးဆောင်၊ ဦးထွန်းဘော။

အယူခံတရားခံများအတွက်။ ။အကျိုးဆောင်၊ ဦးဟန်။

ယခင်မန္တလေးမြို့၊ ခရိုင် တရားမရုံးတွင် ကွယ်လွန်သူ ကိုကြာညွန့်ဆိုသူက အယူခံ
တရားလိုတို့အပေါ် အခင်းဖြစ်မြေနှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း မြွက်ဟချက်နှင့်
လက်ရောက် ရလိုမှုဒီကရီ ရရှိခဲ့သည်။ ကိုကြာညွန့်သည် မသေဆုံးမီက ဇာရီ
လျှောက်လွှာတစောင် တင်သွင်းပြီး၊ ၁၉၆၉ ခုနှစ်၊ မတ်လ ၂၅ ရက်ခနေ့က ယင်း
ဂ လျှောက်လွှာကိုပိတ်လိုက်သည်။ ထို့နောက် ကိုကြာညွန့်၏ မိခင်ဖြစ်သူ ဒေါ်ကြင်မေ၊
ကိုကြာညွန့်နှင့် အမေတူ ဖအေကွဲတော်သူ ဒေါ်စိန်တို့က ပူးတွဲပြီး ဇာရီလျှောက်လွှာ
တင်သွင်းခဲ့သည်။ တင်သွင်းသည့်အတိုင်း လက်ခံပြီး နှင်ဝါရမ်း ထုတ်ပေးလိုက်သည်။
ယင်းအမိန့်ကို မကျေနပ်၍ ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂။

† ၁၉၇၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၈ တွင် ချမှတ်သော ၁၉၇၃ ခု၊ ဒီဇင်ဘာလ ၂၈ ရက်နေ့စွဲပါ မန္တလေးမြို့အခနောက်မြောက်မြို့နယ်၊ တိုင်းတရားရုံး၏အမိန့်ကို အယူခံဝင်မှု။

၁၉၇၅
ဦးဆေးငုံပါ ၃ နှင့် ဒေါ်ကြင်မေ ပါ ၂။

ဤအယူခံမှုတွင် ပထမအချက် အနေနှင့် အယူခံ တရားလိုများက မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဒေါ်ကြင်မေနှင့် ဒေါ်စိန်တို့သည် ကိုကြာညွန့်၏ တရားဝင်ကိုယ်စားလှယ်များ အဖြစ်ဖြင့် ပူးတွဲပြီး ဇာရီလျှောက်လွှာတင်ပိုင်ခွင့် မရှိဟု တင်ပြသည်။

ဒေါ်ကြင်မေမှာ ကိုကြာညွန့်၏ အမေဖြစ်ပြီး၊ ဒေါ်စိန်မှာကိုကြာညွန့်နှင့် မအေတူဖအေကွဲ အစ်မဖြစ်သဖြင့် ၎င်းတို့နှစ်ယောက်စလုံးမှာ ကိုကြာညွန့်၏အမွေ ဆက်ခံထိုက်သူများ ဖြစ်သဖြင့် တရားဝင် ကိုယ်စားပြုကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် ပူးတွဲပြီး ဇာရီလျှောက်လွှာ တင်ခဲ့ခြင်းမှာ တရားဥပဒေနှင့် ကိုက်ညီသည်ဟု ဆိုရပေမည်။

ဒုတိယအချက် အနေနှင့် ဇာရီလျှောက်လွှာမှာ ၁၁ လ ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဟု အယူခံ တရားလိုတို့က တင်ပြကြလေသည်။

နောက်ဆုံး ဇာရီလျှောက်လွှာကို ၁၉၆၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့က ပိတ်ခဲ့ပြီး၊ ယခု ဇာရီလျှောက်လွှာကို ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က တင်သွင်းသည့်အတွက် ဥပဒေ ကန့်သတ်ထားသော ၃ နှစ်ထက် ကျော်လွန်သွားသည်ဟု တင်ပြသည်။ ယင်းကဲ့သို့ ကျော်လွန်သည်မှာ ယခင် တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့စွဲပါ မြန်မာစာဖြင့် တရားရုံးများအား၊ ဇာရီမှုများကို ခေတ္တ ဆိုင်းငံ့ထားရန် ညွှန်ကြား ထားခဲ့ခြင်းကြောင့် ဖြစ်သဖြင့် ယင်းဆိုင်းငံ့ထားသည့် ကာလကိုနုတ်လျှင် ကာလစည်းကမ်းသတ် မကျော်လွန်ပါဟု အယူခံ တရားပြိုင်များက ထုချေသည်။

ယခင် တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့စွဲပါ စာဖြင့် ဇာရီမှုများကို ခေတ္တ ဆိုင်းငံ့ထားခြင်းကို ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့က ရုပ်သိမ်းခဲ့သည်။ ယင်းရက်များမှာ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ (၁)နှင့် အကျုံးဝင်သည်ဟု ကျွန်ုပ်တို့ ယူဆသဖြင့် ယင်းရက်များကို ကာလစည်းကမ်းသတ် ကျော်မကျော်တွက်သည့်အခါတွင် နုတ်ရပေမည်။ ဤအတိုင်းဆိုလျှင် အယူခံ တရားပြိုင်များ တင်သွင်းသည့် ဇာရီလျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု မဆိုနိုင်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံလျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးတင်ကြွေး

နှင့်

မတင်စန်း ပါ ၂*

† ၁၉၇၅

ဧပြီလ ၂ ရက်။

**အလုပ်သမားလျော်ကြေးဥပဒေ၊ သဘော်သသင်္ဘောတင်နေစဉ်အစိုးရပိုင် ဆားအိတ်များကိုသဘော်သားက ခိုးထုတ်ခြင်းကြောင့်အခြားအလုပ်သမားနှင့်စကားများရိုက်နှက်ကြ၍ သေဆုံးခြင်း၊ သေဆုံးရခြင်းသည် အလုပ်ခွင်မှ ပေါ်ပေါက်သည့်ကိစ္စ ဟုတ် မဟုတ်၊ အလုပ်ရှင်တွင် တာဝန် ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။အလုပ်ခွင်မှ ပေါ်ပေါက်သည်ဟူသော စကားရပ်မှာ အလုပ်နှင့်သက်ဆိုင်သည့် တာဝန်ဝတ္တရားများဖြင့် နှိုင်းချိန်ပြီး အဓိပ္ပာယ်ကောက်ယူရမည်ဖြစ်ပေသည်။ အလုပ်ခွင်အတွင်း ရရှိသည့် မည်သည့်ဒဏ်ရာကိုမဆို အလုပ်မှပေါ်ပေါက်လာသည်ဟူ၍မယူဆနိုင်ချေ။ ယခုကိစ္စမှာ သေသူသည် အစိုးရပိုင်ပစ္စည်းကို ခိုးထုတ်ရာမှ စတင်ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ ဤသို့ အစိုးရပစ္စည်းခိုးထုတ်ခြင်းမှာ သေသူ မောင်အောင်သန်း၏ ဆောင်ရွက်ရန်လုပ်ငန်းမဟုတ်ချေ။ အလုပ်နှင့် ပတ်သက်၍ ပေါ်ပေါက်လာသော ဆောင်ရွက်ချက်များနှင့်ပတ်သက်မှသာလျှင် အလုပ်ရှင်တွင် တာဝန်ရှိသည်။

**အယူခံတရားလိုအတွက်။** ။အကျိုးဆောင်၊ ဦးစိန်လင်းနှင့် ဦးသွန်းကြည်။

**အယူခံတရားခံအတွက်။** ။ဥပဒေဝန်ထမ်းအဆင့်(၁) မစ္စတာ အက်စ်၊ ကေ၊ ဂိုရှ်။

အယူခံတရားလိုသည် ပုသိမ်မြို့နှင့် ရန်ကုန်မြို့သို့ အစိုးရကုန်များ တာဝန်ယူ
ဝ ပို့ဆောင်ပေးနေသော သင်္ဘောပိုင်ရှင် ဖြစ်သည်။ ၁-အယူခံတရားပြိုင် မတင်စန်း
သည် သေဆုံးသူ သင်္ဘောသား မောင်အောင်သန်း၏ ဇနီး ဖြစ်သည်။ အယူခံ
တရားလိုပိုင် သင်္ဘောသည် ၁၉၇၂ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် အစိုးရ
ဆားအိတ်များ သယ်ဆောင်၍ ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ထွက်လာရာ ပန်းတနော်
မြို့နယ်အတွင်း ရွှေဒါးကျွန်းတွင် သင်္ဘော သောင်တင်သည်။ ထိုအချိန်တွင် မောင်

---

* ၁၉၇၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၂။

† ၁၉၇၂ ခုနှစ်၊ လျော်ကြေးမှုအမှတ် ၂၁ တွင် ၁၉၇၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့၊ ပုသိမ်အနောက်ပိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီရုံး၏ ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၅ —— ဦးတင်ကွီး နှင့် မတင်စန်း ပါ ၂။

အောင်သန်းက အစိုးရပိုင် ဆားအိတ်များကို မိမိကိုယ်ကျိုးအတွက် ရောင်းချရန် လှေတစင်းပေါ်သို့ တင်နေစဉ် သင်္ဘောတာဝန်ခံဖြစ်သော မောင်ကျော်လင်းက တားမြစ်သည်။ နောက်တကြိမ်ပြုလုပ်လျှင် သက်ဆိုင်ရာသို့ တိုင်တန်းမည်ဖြစ်ကြောင်းလည်း ပြောသည်။ ထို့ကြောင့် မောင်ကျော်လင်းတို့နှင့် မောင်အောင်သန်းတို့ စကားများပြီး မောင်အောင်သန်းက မောင်ကျော်လင်းအား သံကလော်နှင့် ရိုက်သောကြောင့် မောင်ကျော်လင်း နဖူးကွဲသွားသည်။ ထိုအခါမောင်ကျော်လင်းက သံကလော်ကို လုယူပြီး ပြန်၍ရိုက်ရာ မောင်အောင်သန်း ဒဏ်ရာရရှိပြီး သေဆုံးသွားလေသည်။ မောင်ကျော်လင်းအပေါ် ပုဒ်မ ၃၀၄ အရ၊ လူသေမှုနှင့် တရားစွဲဆိုသောအခါမှာ အပြစ်မရှိဟူ၍ အပြီးအပြတ်ရုံးမှ လွှတ်လိုက်သည်။

မောင်အောင်သန်း သေဆုံးခြင်းနှင့် ပတ်သက်၍ ဇနီးဖြစ်သူ မတင်စန်းက အယူခံတရားလို၏ သင်္ဘောတွင် သင်္ဘောသားအဖြစ် တာဝန်ထမ်းဆောင်နေစဉ် သေဆုံးရကြောင်းနှင့် လျော်ကြေးလျှောက်ထားသောအခါမှာ အလုပ်သမားလျော်ကြေး စစ်ဆေးရေးကော်မတီက လျော်ကြေးငွေ ကျပ် ၂၈၈၀ ပေးစေရန် အမိန့်ချမှတ်ခြင်းကို သင်္ဘောပိုင်ရှင် အယူခံတရားလို ဦးတင်ကွီးက မကျေနပ်သောကြောင့် ယခုအယူခံခြင်း ဖြစ်လေသည်။

ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်သော ဗဟိုဥပဒေရုံးမှ အကျိုးဆောင်က တင်ပြသည်မှာ မောင်အောင်သန်းသည် ဦးတင်ကွီး၏ အလုပ်သမားတဦးဖြစ်ကြောင်း အငြင်းပွားမှု မရှိပါ။ သို့ရာတွင် မောင်အောင်သန်း သေဆုံးရခြင်းသည် အလုပ်ခွင်မှ ပေါ်ပေါက်သည့်ကိစ္စ ဟုတ် မဟုတ် စဉ်းစားရန်ရှိပါသည်။ မောင်အောင်သန်းသည် ဆားအိတ်များ ခိုးထုတ်ခြင်းကြောင့် အခြားအလုပ်သမားတဦးနှင့် အချင်းပွားပြီး အပြန်အလှန်ရိုက်နှက်ကြရာတွင် သေဆုံးရခြင်း ဖြစ်ပါသည်။ ဆားအိတ်ခိုးထုတ်ခြင်းနှင့် ဤသို့ခိုးထုတ်ခြင်းမပြုရန် တားမြစ်သူအား စတင်ရိုက်နှက်ခြင်းမှာ မောင်အောင်သန်း၏ လုပ်ငန်းမဟုတ်သောကြောင့် အလုပ်ရှင်တွင် မောင်အောင်သန်း သေဆုံးခြင်းနှင့် ပတ်သက်၍ တာဝန်မရှိနိုင်ကြောင်း တင်ပြလေသည်။

အလုပ်ခွင်မှ ပေါ်ပေါက်သည်ဟူသော စကား ရပ်မှာ အလုပ်နှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားများဖြင့် နှိုင်းချိန်ပြီး အဓိပ္ပာယ်ကောက်ယူရမည် ဖြစ်ပေသည်။ အလုပ်ခွင်အတွင်း ရရှိသည့် မည်သည့် ဒဏ်ရာကိုမဆို အလုပ်မှ ပေါ်ပေါက်လာသည်ဟူ၍ မယူဆနိုင်ချေ။ ယခုကိစ္စမှာ မောင်အောင်သန်းသည် အစိုးရပိုင် ပစ္စည်းကို ခိုးထုတ်ရာမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်လေသည်။ ဤသို့ အစိုးရပစ္စည်းခိုးထုတ်ခြင်းမှာ မောင်အောင်သန်း၏ ဆောင်ရွက်ရန် လုပ်ငန်းမဟုတ်ချေ။ အလုပ်နှင့် ပတ်သက်၍ ပေါ်

ပေါက်လာသော ဆောင်ရွက်ချက်များနှင့် ပတ်သက်မှသာလျှင် အလုပ်ရှင်တွင် တာဝန် ရှိနိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် ပုသိမ်မြို့ အလုပ်သမားလျော်ကြေး စစ်ဆေးရေး ကော်မတီက လျော်ကြေးငွေ ကျပ် ၂၀၀၀ ပေးစေရန် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်လိုက်သည်။ စရိတ်နှင့် ပတ်သက်၍ အမိန့်ချမှတ်ခြင်းမပြု။

၁၉၇၅ — ဦးတင်ကွီး နှင့် မတင်စန်း ပါ ၂။

## တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
ဒီဇင်ဘာလ
၁၂ ရက်။

ဦးတင်မြင့်

နှင့်

ဒေါ်အေးကြည် ပါ ၂ *

**ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅၊ တရားရုံးချုပ်၏ အမိန့်အရ တရားရုံးများတွင် ဇာရီပြုလုပ်ခြင်းကို ဆိုင်းငံ့ထားခြင်း၊ ယင်းသို့ ဆိုင်းငံ့ထားခြင်းခံရသည့်အချိန်ကို ကာလစည်းကမ်းသတ် ရေတွက်ရာ၌ ထုတ်နုတ်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။အယူခံတရားပြိုင်တို့သည် ဇာရီမှုတင်သွင်းရန် သတ်မှတ်ထားသည့်စည်းကမ်းသတ်အချိန်အတောအတွင်း လျှောက်လွှာမတင်ခဲ့ခြင်းမှာ ယခင်တရားရုံးချုပ်၏ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့စွဲပါ ညွှန်ကြားချက်အရ ဥပစာများမှ ဖယ်ရှားသည့်အမိန့်ကို ဆိုင်းငံ့ထားခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် တရားရုံးများတွင် ဇာရီပြုလုပ်ခြင်းကို တရားရုံးချုပ်၏အမိန့်အရ ဆိုင်းငံ့ထားခြင်းဖြစ်သောကြောင့် ယင်းကဲ့သို့ ဆိုင်းငံ့ထားခြင်းခံရသည့်အချိန်ကို ကာလစည်းကမ်းသတ် ရေတွက်ရာ၌ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ အရ ထုတ်နုတ်ရမည်ဖြစ်သောကြောင့် အယူခံတရားပြိုင်များလျှောက်ထားခဲ့သည့် ဇာရီလျှောက်လွှာသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိဟု ဆုံးဖြတ်သည်။

**အယူခံတရားလိုအတွက်။** ။အာကျိုးဆောင်၊ ဦးအုံးမောင်။

**အယူခံတရားခံအတွက်။** ။အကျိုးဆောင်၊ ဦးဘညွန့်။

ယခင်ရန်ကုန်မြို့၊ တရားမရုံး တရားမကြီးမှုအမှတ် ၂၅၀/၆၃ တွင် အယူခံတရားပြိုင်တို့က အယူခံတရားလိုအား အခွင့်အမိန့်အရ နေထိုင်သူကို နှင်ထုတ်လိုမှုတမှုစွဲဆိုခဲ့သည်။ ယင်းအမှုတွင် ၁၉၆၃ ခုနှစ်၊ မေလ ၁၃ရက်နေ့က အယူခံတရားပြိုင်များ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ထို့နောက်အယူခံတရားပြိုင်တို့က ဇာရီမှုအမှတ် ၀၀၃/၆၄ ကို ဖွင့်လှစ် အရေးယူခဲ့၍ ၁၉၆၄ ခုနှစ်၊ မေလ ၇ ရက်နေ့က လိုဇာရီကို ပိတ်ခဲ့သည်။ ဇာရီမှုကိုပိတ်ပြီး ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့က

---

* ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၄။

† ၁၉၇၄ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ် ၂ တွင် ရန်ကုန်တိုင်း(ပန်းဘဲတန်းမြို့နယ်)ပြည်သူ့တရားရုံး၏ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၇၅

ဦးတင်မြင့် နှင့် ဒေါ်အေးကြည် ပါ ၂။

အယူခံတရားပြိုင်တို့က အယူခံတရားလိုအား အခင်းဖြစ်အိမ်ကို ၁၃,၀၀၀ိ နှင့် ရောင်းရန် သဘောတူခဲ့သည်။ အယူခံတရားလိုတို့က အိမ်အဖိုးငွေ ၁၃,၀၀၀ိ ကို ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့နောက်ဆုံးထား၍ ပေးမည်။ မပေးနိုင်ပါက အိမ်ပေါ်မှ ဆင်းပေးမည်ဟု ကတိပြုခဲ့သည်။ အယူခံတရားလိုတို့သည် ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ကျော်ခဲ့သော်လည်း အိမ်းဖိုးငွေ၁၃,၀၀၀ိ ကိုလည်း မပေး၊ အိမ်ပေါ်မှလည်းပဆင်းပေးသဖြင့် အယူခံတရားပြိုင်တို့က ကြည့်မြင်တိုင်မြို့နယ်တရားရုံး ဇာရီမှုအမှတ် ၂၁/၇၃ ကို ဖွင့်လှစ်အရေးယူခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ထိုဇာရီမှုကို ခွင့်ပြုလိုက်ကြောင်း အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရာမအောင်မြင်သဖြင့် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

ဤအယူခံမှုတွင် အယူခံတရားလိုတို့က အချက်နှစ်ချက်တင်ပြသည်။ ပထမအချက်မှာ အယူခံတရားပြိုင်များတင်သွင်းသည့် ဇာရီလျှောက်လွှာမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေသည်ဟု တင်ပြချက်ဖြစ်ပြီး၊ ဒုတိယအချက်မှာ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့က အယူခံတရားပြိုင်သည် အယူခံတရားလိုအား အခင်းဖြစ်အိမ်ကို ရောင်းရန်သဘောတူလိုက်သည့်အတွက် အယူခံတရားပြိုင်များရရှိထားသည့် အိမ်နှင်လိုမှု ဒီကရီကို အတည်မပြုနိုင်ဟု တင်ပြချက်ဖြစ်သည်။

အယူခံတရားပြိုင်တို့သည် ဇာရီမှုတင်သွင်းရန် သတ်မှတ်ထားသည့် စည်းကမ်းသတ်အချိန်အတောအတွင်း လျှောက်လွှာမတင်ခဲ့ခြင်းမှာ ယခင်တရားရုံးချုပ်၏ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့စွဲပါ ညွှန်ကြားချက်အရ ဥပစာများမှ ဖယ်ရှားသည့်အမိန့်ကို ဆိုင်းငံ့ထားခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် တရားရုံးများတွင် ဇာရီပြုလုပ်ခြင်းကို တရားရုံးချုပ်၏ အမိန့်အရ ဆိုင်းငံ့ထားခြင်းဖြစ်သောကြောင့် ယင်းကဲ့သို့ဆိုင်းငံ့ထားခြင်းခံရသည့် အချိန်ကာလစည်းကမ်းသတ် ရေတွက်ရာ၌ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ အရ ထုတ်နုတ်ရမည် ဖြစ်သောကြောင့် အယူခံတရားပြိုင်များ
၁ လျှောက်ထားခဲ့သည့် ဇာရီလျှောက်လွှာသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိဟု အဆုံးအဖြတ်ပေးသည်။

၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့က အယူခံတရားလိုတို့က အချင်းဖြစ် အိမ်ကို ၁၃,၀၀၀ိ နှင့် ဝယ်ရန် သဘောတူခဲ့ပြီး အယူခံတရားပြိုင်တို့ကလည်း ရောင်းရန် သဘောတူခဲ့သည်။ သို့သော် ထိုအခါက အယူခံတရားလိုတို့သည် အိမ်ဖိုးငွေ ၁၃,၀၀၀ိ ကို ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ပေးချေပါမည်ဟု ကတိပေးခဲ့သည့်အပြင် ထိုရက်အတွင်း အိမ်ဖိုးငွေ မပေးပါက အိမ်မှ ဆင်းပေးမည်ဟု ကတိ

၁၉၇၅ ဦးတင်မြင့် နှင့် ဒေါ်အေးကြည် ပါ ၂။

ပေးခဲ့သည်။ အယူခံတရားလိုတို့သည် ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ကျော်လွန်လာသော်လည်း အိမ်ဖိုးငွေ ၁၃,၀၀၀ိ မပေးသည့်အပြင် ဇာရီမှု ပြုလုပ်သည့်တိုင်အောင် အိမ်မှ ဆင်းမပေးခဲ့ချေ။ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ကျော်လွန်လာသည်အထိ အိမ်ဖိုးငွေ ၁၃,၀၀၀ိ ကို မပေးသဖြင့် အယူခံတရားလိုတို့သည် ကတိပဋိညာဉ်ကို ချိုးဖောက်ခဲ့သည်ဟုဆိုရပေမည်။ ထို့ကြောင့် အယူခံတရားပြိုင်တို့သည် မိမိတို့ရရှိထားသည့် ဒီကရီအရ အယူခံတရားလိုတို့အပေါ် ဇာရီမှု ဖွင့်၍ နှင်ထုတ်ပိုင်ခွင့်ရှိသည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်၏ တရားစရိတ်များကို အယူခံတရားလိုတို့က ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးစိုးလှိုင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးထွန်း ပါ ၇ † ၁၉၇၅

နှင့် ဇွန်လ ၄ ရက်။

ဦးသန်းအောင် ပါ ၄ *

**တရားမှုများကို ဆုံးဖြတ်ရာ၌ အဆိုအချေများအပေါ် အခြေခံလျက် အဆုံးအဖြတ်ပေးရခြင်း၊ အခေျလွှာတွင် တိကျစွာငြင်းဆိုထားခြင်းမရှိသည့်အချက်နှင့် ပတ်သက်၍ပေးသည့်လက်ရေး လက်ဗွေပါရဂူဘို့၏ သက်သေခံချက်ကိုလက်ခံရန် သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။တရားမမှုများကို ဆုံးဖြတ်ရာ၌ အဆိုအချေပါ အချက်များကိုအခြေခံလျက် အဆုံးအဖြတ်ပေးရမည်သာဖြစ်ပေသည်။ ထို့ကြောင့် အယူခံတရားလိုများသည် ၎င်းတို့၏ ချေလွှာတွင် မေးစားစာချုပ်ပေါ်ရှိ လက်မနှင့်လက်ဗွေတို့မှာ ဦးခမောင်မောင်၏ လက်မနှင့် လက်ဗွေမဟုတ်ဟု တိကျစွာငြင်းဆိုထားခြင်းမရှိသည့်အတွက် ဦးမောင်မောင်၏ လက်မှတ်မဟုတ် လက်ဗွေမဟုတ်ဟု တင်ပြထားသည့် လက်ရေးလက်ဗွေပါရဂူတို့၏သက်သေခံချက်များကို လက်မခံသင့်ပေ။ အမှုဆုံးဖြတ်ရာ၌ ထည့်သွင်းမစဉ်းစားသင့်ပေ။

**အယူခံတရားလိုအတွက်။** ။အကျိုးဆောင် ဦးချေို။

**အယူခံတရားခံအတွက်။** ။အကျိုးဆောင် ဦးလှသိန်း။

အယူခံ တရားပြိုင် ဦးသန်းအောင်ပါ ၄ ဦးတို့က အယူခံတရားလို ဦးထွန်းပါ ၇ ဦးတို့အပေါ် အချင်းဖြစ်သည့် ရန်ကုန်မြို့၊ ကန်တော်ခင်တိုက်နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၄ မြေကွက်အမှတ် ၂၈၊ အေ၊ ဧရိယာဒသမ ၃၃၅ ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဆင်းဒဝပ်လမ်း၊ အမှတ် ၆၀ ဟုခေါ်တွင်သည့် ၂ ထပ်တိုက်နှင့် ၎င်းနှင့်စပ်လျဉ်းသော အဆောက်အဦးယ်များသည် အယူခံ တရားပြိုင်များ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာချက် ဒီကရီရလိုမှု စွဲဆိုခဲ့သည်။

---

* ၁၉၇၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၉။

† ၁၉၇၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၂ တွင် တရားရုံးချုပ်၊ မူလဘက် ဌာနခွဲ (၁) ရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅
ဦးထွန်းပါ ၇ နှင့် ဦးသန်းအောင် ပါ ၄။

အခင်းဖြစ်သည့်မြေနှင့် အဆောက်အဦတို့ကို မူလက မြန်မာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့် ဦးမောင်မောင်နှင့်ဇနီး ဒေါ်သန့် (ကွယ်လွန်သူများ) ပိုင်ဆိုင်ခဲ့ကြောင်း၊ အယူခံတရားပြိုင် အမှတ် (၂) မညွန့်ညွန့်သည် ဒေါ်သန့်၏ တူမဖြစ်၍ အယူခံတရားပြိုင်အမှတ် (၃) ဦးသန်းရွှေသည် ဦးမောင်မောင်၏ တူဖြစ်ကြောင်း၊ အယူခံတရားပြိုင်အမှတ် (၁) ကိုသန်းအောင်မှာ မညွန့်ညွန့်၏ ခင်ပွန်းဖြစ်၍အယူခံတရားပြိုင်အမှတ် (၄) မသန်းနုစ်မှာ ကိုသန်းရွှေ၏ဇနီး ဖြစ်ကြောင်း၊ ဦးမောင်မောင်နှင့် ဒေါ်သန့်တို့တွင် သားသမီး အရင်းအချာ မထွန်းကားခဲ့ကြောင်း၊ ဒေါ်သန့်မှာ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး၊ ဦးမောင်မောင်သည် ၁၉၇၀ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ဦးမောင်မောင်ကွယ်လွန်အနိစ္စမရောက်ခင် ၁၉၆၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့က မှတ်ပုံတင် စာချုပ်ဖြင့် အယူခံတရားပြိုင် လေးဦးတို့အား အမွေစား အမွေခံ ကိတ္တိမ သားသမီးများအဖြစ် မွေးစားခဲ့ကြောင်း၊ အချင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍အယူခံတရားပြိုင်များကပိုင်ဆိုင်သည်ဆိုခြင်းကို အယူခံတရားလိုတို့က နို့တစ်စာပေး၍ ကန့်ကွက်ခဲ့သဖြင့်၊ ဤအမှုကို စွဲဆိုရခြင်းဖြစ်ကြောင်း၊ အယူခံ တရားပြိုင်များက ၎င်းတို့၏အဆိုလွှာတွင် ဖော်ပြခဲ့သည်။

အယူခံတရားလိုများက အယူခံတရားပြိုင် အမှတ် (၂) မညွန့်ညွန့်နှင့် အယူခံတရားပြိုင်အမှတ် (၃) ကိုသန်းရွှေတို့မှာ ဒေါ်သန့်၏ တူမနှင့် ဦးမောင်မောင်၏ တူများ မဟုတ်ကြောင်း၊ အယူခံတရားပြိုင်တို့ကို ဦးမောင်မောင်က ကိတ္တိမ သားသမီးများအဖြစ် မွေးစားခြင်းကို မသိသည့်အတွက် ငြင်းဆိုကြောင်း၊ အယူခံတရားပြိုင်များကို ဦးမောင်မောင်က ကိတ္တိမ သားသမီးများအဖြစ် မွေးစားသည့် စာချုပ်မှာ မတရားသြဇာ လွှမ်းမိုးချယ်လှယ်ပြီး ချုပ်ဆိုသည့် စာချုပ်ဖြစ်ကြောင်း စသည်ဖြင့် ထုချေခဲ့သည်။

မူလရုံးက အဆိုအချေများပေါ် မူတည်၍ ကောက်ချက်လေးခု ထုတ်ဆိုပြီး၊ အယူခံ တရားပြိုင်တို့ စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်ပေးလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

ဤအယူခံမှုနှင့် ပတ်သက်၍ ကြားနာရန် ချိန်းဆိုပြီးနောက် အယူခံ တရားလိုများက ဦးမောင်မောင်၏ လက်မှတ်နှင့် လက်မဗွေတို့ ပါရှိသည့် မှတ်ပုံတင်အမှတ် ၆၇၅/၆၁ အရောင်းအဝယ် စာချုပ်ကို လက်ရေးလက်ဗွေ ပါရဂူများထံသို့ ပေးပို့၍ နောက်ထပ်အပို သက်သေခံချက် တင်သွင်းခွင့် လျှောက်လွှာတစောင်ကို တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၇ အရ တင်သွင်းခဲ့သည်။ ဤလျှောက်လွှာနှင့် ပတ်သက်၍ ပထမဦးစွာ အဆုံးအဖြတ် ပေးရလိမ့်မည်။

၁၉၇၅ ဦးထွန်း ပါ ၇ နှင့် ဦးသန်းအောင် ပါ ၄။

တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၇ (၁)အရ အယူခံမှုတွင် မည်သည့်ဘက်ကမှ အပိုသက်သေခံချက် တင်သွင်းပိုင်ခွင့် မရှိစေရဟု ပြဆိုထားသည်။ သို့ရာတွင် ခြွင်းချက်အားဖြင့် တဘက်က တင်သွင်းသည့် သက်သေခံချက်ကိုမူ ရုံးက ငြင်းပယ်ခဲ့လျှင်သော်လည်းကောင်း၊ သို့မဟုတ် အယူခံရုံးက အဆုံးအဖြတ်ပေးနိုင်ရန် အပိုသက်သေခံချက် လိုအပ်သည်ဟု ယူဆခဲ့လျှင်သော်လည်းကောင်း အယူခံရုံးက ထိုသက်သေခံချက်နှင့် ပတ်သက်၍ ထပ်မံ စစ်ဆေးနိုင်သည်ဟု ဖော်ပြထားသည်။

ယခု အယူခံတရားလိုတို့ တင်သွင်းလိုသော အရောင်းအဝယ် စာချုပ်မှာ မူလရုံးတွင် တင်သွင်းခွင့် တောင်းခဲ့သော စာချုပ်မဟုတ်ပေ။ ထို့အပြင် ဤစာချုပ် မရှိပဲလည်း ဤအယူခံမှုကို အဆုံးအဖြတ် ပေးရန်အတွက် သက်သေခံချက် အလိုအလောက် မှိသည်ဟု ယူဆသည်။ သို့ဖြစ်၍ အယူခံတရားလိုတို့ တင်သွင်းသည့် လျှောက်လွှာကို ပလပ်လိုက်သည်။

ဤအယူခံမှုတွင် ဆုံးဖြတ်ရန် အဓိကအချက်မှာ အယူခံတရားပြိုင် လေးဦးတို့ကို ဦးမောင်မောင်က ကိတ္တိမသားသမီးများအဖြစ် မွေးစားသည့်စာချုပ် ချုပ်ဆိုစဉ်အခါက မတရားသြဇာ လွှမ်းမိုးချယ်လှယ်ပြီး ချုပ်ဆိုခဲ့ခြင်းဟုတ် မဟုတ်ဟူသော အချက်ဖြစ်သည်။

ဦးမောင်မောင်က အယူခံတရားပြိုင်တို့ကို ကိတ္တိမသားသမီးများအဖြစ် မွေးစားသည့်စာချုပ်သည် သက်သေအထောက်အထားများအရ ဥပဒေအရ လုပ်ရိုးလုပ်စဉ်အတိုင်း မှတ်ပုံတင်အရာရှိရုံးတွင် မှတ်ပုံတင်ထားသည့် စာချုပ်ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ယင်းစာချုပ်ပေါ်တွင် ဦးမောင်မောင်မသေခင်က ၎င်းကိုဆေးကုလာသည့် ဆရာဝန်ကြီး ဒေါက်တာ ဦးရန်ရှင်းက သက်သေတဦးအဖြစ်ဖြင့် လက်မှတ်ထိုးထားကြောင်း လာ၍သက်သေခံခဲ့သည်။ ဒေါက်တာရန်ရှင်းက ယင်းမွေးစား စာချုပ်ပေါ်တွင် ၎င်းရှေ့၌ ဦးမောင်မောင်သည် လက်မှတ်ထိုး၍ လက်ဗွေပုံစံနှိပ်ကြောင်း သက်သေခံသွားသည်။ ယင်းကဲ့သို့ လက်မှတ်ထိုးစဉ် အခါက ဦးမောင်မောင်သည် အခြားသူတဦး၏ သြဇာ လွှမ်းမိုး၍ ချယ်လှယ်ခြင်းကြောင့် လက်မှတ်ထိုးရသည်ဟု ဒေါက်တာ ရန်ရှင်း၏ ထွက်ဆိုချက်တွင် မတွေ့ရှိသည့်အပြင် ဤကဲ့သို့ ဦးမောင်မောင်အား သြဇာလွှမ်းမိုး ချယ်လှယ်ပြီး စာချုပ်ကို လက်မှတ်ထိုးစေခဲ့သည်ဟု အယူခံတရားလိုများအနေနှင့် လက်ခံနိုင်လောက်သည့် သက်သေအထောက်အထားလည်း တင်ပြထားခြင်း မရှိပေ။ သို့ဖြစ်၍ အယူခံတရားပြိုင်များအား ဦးမောင်မောင်က ကိတ္တိမ သားသမီးများအဖြစ် မွေးစား၍ ချုပ်ဆိုသည့် စာချုပ်မှာ မတရားသြဇာလွှမ်းမိုးချယ်လှယ်၍ ချုပ်ဆိုသည့် စာချုပ်မဟုတ်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။

၁၉၇၅

ဦးထွန်းပါ ၇ နှင့် ဦးသန်းအောင်ပါ ၄။

ယင်းစာချုပ်ပေါ်တွင် ဦးမောင်မောင်ထိုးထားသည့် လက်မှတ်နှင့် နှိပ်ထားသည့် လက်ဗွေပုံစံတို့မှာ ဦးမောင်မောင်၏ လက်မနှင့် လက်ဗွေပုံစံမဟုတ်ကြောင်း အယူခံတရားလိုတို့က လက်ရေးနှင့် လက်ဗွေပါရဂူတို့ကို သက်သေထူခဲ့သည်။ လက်ရေးနှင့် လက်ဗွေပါရဂူများ၏ သက်သေခံချက်မှာ ဧကံဒိဌ မှန်သည်ဟု မူလရုံးက မယူဆသဖြင့် ထိုသက်သေခံချက်ကို ပယ်သည်။ မူလရုံး၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိဟုကျွန်ုပ်တို့ယူဆသည်။ လက်ရေးနှင့် လက်ဗွေပါရဂူပညာရှင်များ၏ထွက်ဆိုချက်များမှာထင်မြင်ချက်များသာ ဖြစ်သည်။ လက်ရေးနှင့် လက်ဗွေစစ်ဆေးသည့်ပညာမှာ လုံးဝဥဿုံတိကျမှန်ကန်သည်ဟုမဆိုနိုင်သေးချေ။ ထို့ကြောင့် လက်ရေးနှင့် လက်ဗွေ ပါရဂူများ၏ ထင်မြင်ချက်မှာ မည်သို့ပင် ရှိစေကာမူ အခြားဆီလျော်သည့် လက်ခံနိုင်လောက်သော သက်သေ အထောက်အထားရှိလျှင် လက်ရေးနှင့် လက်ဗွေပါရဂူတို့၏ သက်သေခံချက်ကို လက်မခံဘဲ နေနိုင်သည်။ ဤအမှုတွင် ဦးမောင်မောင် လက်မှတ်ထိုးစဉ်နှင့် လက်ဗွေပုံစံ နှိပ်စဉ်အခါက အနားတွင် ရှိနေသူ ဒေါက်တာ ဦးရန်ရှင်းကိုယ်တိုင်က ၎င်းရှေ့တွင် လက်မှတ်ထိုးသည်၊ လက်ဗွေပုံစံ နှိပ်သည်ဟု ထွက်ဆိုထားသည်။ ဒေါက်တာ ဦးရန်ရှင်းကဲ့သို့ ပုဂ္ဂိုလ်ကြီး တဦးအနေနှင့် တရားရုံးတွင် မတရား လိမ်လည်ထွက်ဆိုရန် အကြောင်းမရှိပေ။

ဤအမှုတွင် လက်ရေးနှင့် လက်ဗွေပါရဂူများကို ခေါ်၍ စစ်ဆေးရန် အကြောင်းပင် မပေါ်ပေါက်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် အယူခံတရားပြိုင်တို့ တင်သွင်းသည့် ချေလွှာတွင် ဦးမောင်မောင်က အယူခံတရားပြိုင်တို့ကို ကိတ္တိမသားသမီးများအဖြစ် မွေးစားသည့် စာချုပ်ပေါ်တွင် ထိုးထားသည့် လက်မှတ်များသည် ဦးမောင်မောင်၏ လက်မှတ်မဟုတ်၊ လက်ဗွေပုံစံ မဟုတ် အတုများဖြစ်သည်ဟု ထုချေထားခြင်း မရှိသောကြောင့် ဖြစ်သည်။

တရားမမှုများကို ဆုံးဖြတ်ရာ၌ အဆိုအချေပါ အချက်များကို အခြေခံလျက် အဆုံးအဖြတ် ပေးရမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် အယူခံ တရားလိုများသည် ၎င်းတို့၏ ချေလွှာတွင် မွေးစား စာချုပ်ပေါ်ရှိ လက်မနှင့် လက်ဗွေ တို့မှာ ဦးမောင်မောင်၏ လက်မနှင့် လက်ဗွေမဟုတ်ဟု တိကျစွာ ငြင်းဆိုထားခြင်း မရှိသည့်အတွက် ဦးမောင်မောင်၏ လက်မှတ်မဟုတ်၊ လက်ဗွေ ဟုတ် မဟုတ်ဟု ထင်ပြထားသည့် လက်ရေး ·လက်ဗွေ ပါရဂူတို့၏ သက်သေခံချက်များကို လက်မခံသင့်ပေ။ အမှုဆုံးဖြတ်ရာ၌ ထည့်သွင်းမစဉ်းစားသင့်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

## တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုဘဏ္ဍာရေးစီရင်ရေးအဖွဲ့ရှေ့တွင်

### ဦးထွန်းစိန် (ကွယ်လွန်) ၎င်း၏တရားဝင် ကိုယ်စားလှယ် ဇနီး ဒေါ်အုံးစိန်

† ၁၉၇၅ မတ်လ ၅ ရက်။

### နှင့်

### ဦးအောင်ပွင့် *

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(စ)၊ အကြောင်းအားလျော်စွာရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုခြင်းဖြစ်ကြောင်း အထောက်အထားပြရန်လိုအပ်ခြင်း၊ ယင်းအချက်မှာ အကြောင်းခြင်းရာအချက်အလက်များနှင့် ဥပဒေအချက်တို့ ရောယှက်နေခြင်း ရှိမရှိ၊ အယူခံတရားလိုက မိမိ၏အိမ်ကိုရောင်းမည်ဟု ပြောမိခဲ့သောအချက်ပေါ် မူတည်ဆုံးဖြတ်ခြင်းမှာ ဥပဒေအရ မှားယွင်းချွတ်ချော်နေခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (စ) အရစွဲဆိုသည့်အမှုတွင် အဓိကသုံးသပ်ရန်အချက်မှာ အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့်မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက်သက်သက်ရယူလိုခြင်းဟုတ်မဟုတ် ဟူသောအချက်ဖြစ်သည်။ ယင်းအချက်မှာအကြောင်းခြင်းရာသက်သက်မဟုတ်ပေ။ အကြောင်းအခြင်းအရာ အချက်အလက်များနှင့် ဥပဒေအချက်တို့ရောယှက်နေပေသည်။ ဥပဒေကအကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုသည်ဟု အိမ်ရှင်က အထောက် အထားရှိလျှင်မိမိ၏အိမ်ကိုပြန်ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။အယူခံတရားလိုတွင် အခြားနေစရာအိမ်ရှိသည်ဟု အယူခံတရားပြိုင်က လက်ခံနိုင်လောက်သည့် အထောက်အထားမတင်ပြနိုင်ချေ။ ထို့ကြောင့် အယူခံတရားလိုက အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန်ကိစ္စအတွက် သက်သက်အခင်းဖြစ်အိမ်ကို ပြန်လည်ရယူလိုသည်ဟု တင်ပြချက်ကိုလက်ခံသည်။ ထို့ကြောင့် အမှုတွင် အယူခံတရားလိုသည် မိမိ၏အိမ်ကိုရောင်းမည်ဟု ပြောမိခဲ့သောအချက်ပေါ် မူတည်၍ ၎င်းသည် သဘောရိုးဖြင့် ကိုယ်တိုင်နေထိုင်ရန်အတွက် ပြန်လည်ရယူလိုခြင်းမှာ မမှန်ဟု မူလရုံးနှင့် ပထမအယူခံရုံးတို့၏ဆုံးဖြတ်ချက်မှာ ဥပဒေအရမှားယွင်းချွတ်ချော်နေသည်ဟုဆိုရပေမည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၀။

† ၁၉၇၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃ တွင် ရန်ကုန်တိုင်း ပြည်သူ့တရားရုံး (ပုဇွန်တောင်) မြို့နယ် ရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

† ၁၉၇၅ အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးအေး (ခ) ဦးပြေသိန်း။

အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးဝင်းဖေ။

ဦးထွန်းစိန် (ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဇနီး ဒေါ်အုံးစိန် နှင့် ဦးအောင်ပွင့်။

ကွယ်လွန်သူ ဦးထွန်းစိန် ဆိုသူသည် ရန်ကုန်မြို့၊ အမှတ် ၆၅၊ အောက်ပုဇွန်တောင်လမ်းရှိ အိမ်ကို ပိုင်ခဲ့သည်။ ဦးထွန်းစိန်သည် မြန်မာနိုင်ငံ မီးရထားဌာနတွင် အလုပ်လုပ်နေစဉ်အတွင်းက မီးရထားဌာနမှ နေရန်အိမ် ရရှိခဲ့သဖြင့် အခင်းဖြစ်သည့် အထက်ဖော်ပြပါအိမ်ကို အယူခံတရားပြိုင်ဦးအောင်ပွင့်အား ငှားခဲ့သည်။

ဦးထွန်းစိန်သည် ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်နေသည့်အတွင်း နာမကျန်းဖြစ်လာသည့်အတွက် မီးရထားဌာနမှ အငြိမ်းစားယူလိုက်သည့်အခါ အငြိမ်းစားလစာ ဝါလ ၉၀ ကျပ် ရရှိခဲ့သည်။

အငြိမ်းစား ယူလိုက်သည့်အတွက် ဦးထွန်းစိန်သည် မီးရထားဌာနမှ နေခွင့်ရရှိသည့် အိမ်မှ ဖယ်ရှားပေးရမည် ဖြစ်သဖြင့် အခင်းဖြစ်အိမ်ကို မိမိကိုယ်တိုင် နေရန်အတွက် ဦးအောင်ပွင့်အား ဖယ်ရှားပေးရန် စကားကမ်းလှမ်းခဲ့သည်။ ဦးအောင်ပွင့်က ငြင်းဆိုသည့်အတွက် ဦးထွန်းစိန်သည် ဦးအောင်ပွင့်အပေါ် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(စ) အရ၊ တရားစွဲဆိုခဲ့သည်။

မူလရုံးဖြစ်သည့် ပုဇွန်တောင်မြို့နယ် တရားရုံးက အမှုကို စစ်ဆေးပြီး ဦးထွန်းစိန်သည် အခင်းဖြစ်အိမ်ကို သဘောရိုးဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ပြန်လိုချင်သည် ဆိုခြင်းမှာ မမှန်ဟု ဆုံးဖြတ်ပြီး အမှုကို ပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့အယူခံဝင်ရာ အရေးနိမ့်ခဲ့သဖြင့် ဤဒုတိယအယူခံမှုတင်ခြင်းဖြစ်သည်။ ဦးထွန်းစိန်သည်ဤအယူခံမှု အတောအတွင်းသေဆုံးသွားသည့်အတွက် ၎င်း၏ ဇနီးကို တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် ထည့်သွင်း၍ ဆက်လက်ဆောင်ရွက်ခဲ့သည်။

ဦးထွန်းစိန်သည် အခင်းဖြစ်အိမ်ကို သဘောရိုးဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်အတွက် လိုအပ်ကြောင်းမှာ မဟုတ်မမှန်ဟု မူလရုံးနှင့် ပထမအယူခံရုံးတို့က ဆုံးဖြတ်ရာ၌ အမှုမှ ပေါ်ထွက်လာသည့် အကြောင်းခြင်းရာ အချက်အလက်များပေါ် သုံးသပ်၍ အဆုံးအဖြတ်ပေးခဲ့ခြင်းဖြစ်ပါသည်။ မူလရုံးနှင့် ပထမ အယူခံရုံးတို့သည် အကြောင်းအခြင်းအရာ အချက်အလက်များပေါ် တွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်တို့မှာ ထပ်တူထပ်မျှ ဖြစ်နေသည့်အတွက် ဒုတိယအယူခံမှုတွင် ယင်းတွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် မသင့်ပါဟု အယူခံ တရားပြိုင်၏ အကျိုးဆောင်က တင်ပြလေသည်။

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(စ)တွင် အောက်ပါအတိုင်း ပါရှိသည်—

၁၉၇၅

ဦးထွန်းစိန် (ကွယ်လွန်) ၎င်း၏ တရားဝင် ကိုယ်စားလှယ် ဇနီး ဒေါ်အုံးစိန် နှင့် ဦးအောင်ပွင့်။

"ဤအက်ဥပဒေနှင့် သက်ဆိုင်သည့် အဆောက်အဦ၊ သို့တည်းမဟုတ် အဆောက်အဦ အစိတ်အပိုင်းကို၊ ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုး ဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ကိစ္စအတွက် သက်သက် ရယူလို၍၊ ဆိုခဲ့သည့် ဥပစာ၌ မိမိကိုယ်တိုင် နေထိုင်ပါမည်ဟူ၍ရှင်း၊ ထိုဥပစာမှ အိမ်ငှားပြောင်းရွှေ့ပေးသည့်နေ့ရက်ကစ၍ သုံးလအတွင်း ထိုကိစ္စကိုပြီးစီးအောင် ဆောင်ရွက်ပါမည် ဟူ၍ရှင်း၊ တရားရုံး သင့်သည် ထင်မြင်သည့် ငွေအရေအတွက် ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ"

ဤကဲ့သို့ ပုဒ်မ ၁၂(၁)(စ) အရ စွဲဆိုသည့်အမှုတွင် အဓိက သုံးသပ်ရန်အချက်မှာ အကြောင်း အားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ကိစ္စအတွက် သက်သက်ရယူလိုခြင်း ဟုတ်-မဟုတ်ဟူသော အချက်ဖြစ်သည်။ ယင်း အချက်မှာ အကြောင်းခြင်းရာ သက်သက် မဟုတ်ပေ၊ အကြောင်းခြင်းရာ အချက် အလက်များနှင့် ဥပဒေအချက်တို့ ရောယှက်နေပေသည်။

အယူခံတရားပြိုင်က ဦးထွန်းစိန်သည် အခင်းဖြစ်အိမ်ကို ရောင်းမည်ဟု ပြော ကြောင်း တင်ပြချက်ကို မူလရုံးနှင့် အယူခံရုံးတို့က လက်ခံပြီး ယင်းကဲ့သို့ ရောင်းမည်ဟု ပြောသည့် ဦးထွန်းစိန်သည် အခင်းဖြစ်အိမ်ကို သဘောရိုးဖြင့် မိမိကိုယ်တိုင် နေရန် အတွက် ပြန်ရလိုပါသည်ဟု အဆိုပြုချက်များ မမှန်ဟုဆုံးဖြတ်ခြင်းဖြစ်သည်။

ဥပဒေက အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ကိစ္စအတွက် သက်သက်ရယူလိုသည်ဟု အိမ်ရှင်က အထောက်အထား ရှိလျှင် မိမိ၏အိမ်ကို ပြန်ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ယခုအမှု တွင် ဦးထွန်းစိန်က အယူခံတရားပြိုင်ကို ငွေ ၃၀၀၀ ကျပ်နှင့် အိမ်ကို ရောင်းမည်ဟု ပြောခဲ့သည်ဆိုစေကာမူ ယင်းကဲ့သို့ရောင်းမည်ဟု ပြောခဲ့ခြင်းကြောင့် ဦးထွန်းစိန်သည် အခင်းဖြစ်အိမ်ကို ရိုးဖြောင့်သော သဘောဖြင့် ကိုယ်တိုင်နေရန် မဟုတ်ဟု မဆိုနိုင်ချေ။ ဥပဒေက ပြဋ္ဌာန်းထားသည့် အချက်များနှင့် ကိုက်ညီလျှင် ပြန်ရထိုက်သည်။

လူမှုရေးကော်မတီတွင် နေစရာမရှိ၍ အိမ်ပြန်ရလိုကြောင်း ဦးထွန်းစိန်က တိုင် ကြားခဲ့သည်။ အယူခံတရားပြိုင် ဦးအောင်ပွင့်က ဖယ်ရှား မပေးနိုင်ဟု ငြင်းဆိုခဲ့ သဖြင့် ၃၀၀၀ ကျပ်နှင့် ဦးအောင်ပွင့်အား ဦးထွန်းစိန်က ဝယ်လျှင်ရောင်းမည်ဟု ပြော ကြောင်း ဦးအောင်ပွင့်က ထွက်ဆိုထားသည်။ ဦးထွန်းစိန်က ဦးအောင်ပွင့်အား

၁၉၇၅

ဦးထွန်းစိန်
(ကွယ်လွန်)
၎င်း၏ တရားဝင်
ကိုယ်စားလှယ်
ဇနီး ဒေါ်အုံးစိန်
နှင့်
ဦးအောင်ပွင့်။

အိမ်ကို ဖယ်ခိုင်း၍ မရသဖြင့် ရောင်းမည်ဟု ပြောခြင်း ဖြစ်ပါသည်ဟု တရားပြိုင်ပြ သက်သေ ဒေါ်ခင်ယုံကလည်း ဝန်ခံထားသည်။ ထို့ကြောင့် အိမ်မှ ဖယ်မပေးသည့်အတွက် ဦးအောင်ပွင့်အားရောင်းမည်ဟု ပြောခြင်းမျှသာဖြစ်ကြောင်းထင်ရှားသည်။ ဤကဲ့သို့အိမ်ကို ရောင်းမည်ဟု ပြောခြင်းကြောင့် မိမိအိမ်ကို မိမိကိုယ်တိုင် နေထိုင်ရန်အတွက်ပြန်၍တောင်းဆိုခြင်းမှာ မရိုးသောသဘောဖြင့် တောင်းဆိုခြင်း ဖြစ်သည်ဟု မဆိုနိုင်ပေ။

ဦးထွန်းစိန်သည် နာမကျန်းဖြစ်ခဲ့ခြင်းကြောင့် ပင်စင်ယူရကြောင်းမှာ အငြင်းမထွက်ချေ။ ဤကဲ့သို့ ပင်စင်ယူလိုက်သည့်အတွက် မီးရထားဌာနမှ နေခွင့်ပြုထားသည့် အိမ်မှ ဖယ်ရှားပေးရမည်မှာလည်း အငြင်းမထွက်ချေ။ ဦးထွန်းစိန်တွင် အခြား နေစရာ အိမ်ရှိသည်ဟု အယူခံတရားပြိုင်က လက်ခံနိုင်လောက်သည့် အထောက်အထား မတင်ပြနိုင်ချေ။ ထို့ကြောင့် ဦးထွန်းစိန်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက် အခင်းဖြစ်အိမ်ကို ပြန်လည်ရယူလိုသည်ဟု တင်ပြချက်ကို ကျွန်ုပ်တို့ လက်ခံသည်။

ထို့ကြောင့် ဤအမှုတွင် ဦးထွန်းစိန်သည် မိမိ၏အိမ်ကို ရောင်းမည်ဟု ပြောမိခဲ့သော အချက်ပေါ် မူတည်၍ ၎င်းသည် သဘောရိုးဖြင့် ကိုယ်တိုင် နေထိုင်ရန်အတွက် ပြန်လိုခြင်းမှာ မမှန်ဟု မူလရုံးတွင် ပထမ အယူခံရုံးတို့၏ဆုံးဖြတ်ချက်မှာ ဥပဒေအရ မှားယွင်း ချွတ်ချော်နေသည်ဟု ဆိုရပေမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ခွင့်ပြုသည်။ မူလရုံးနှင့် ပထမအယူခံရုံးတို့တွင် စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်လိုက်ပြီး အယူခံတရားလို စွဲဆိုသည့်အမှုတွင် စွဲဆိုသည့် အတိုင်း ဒီကရီချမှတ် ပေးလိုက်သည်။ အယူခံတရားပြိုင်သည် အယူခံတရားလိုအား တရားရုံးအဆင့်ဆင့်တို့မှ စရိတ်တို့ကို ပေးရန် အမိန့်ချမှတ်သည်။

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(စ) အရ၊ လိုအပ်သည့်ခံဝန် ချုပ်ဆိုရန်အတွက် မူလရုံးက ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

# တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးထွန်းရွှေ

## နှင့်

## ဒေါ်စောတင် ပါ ၂ *

† ၁၉၇၃

အောက်တိုဘာ လ ၃၀ ရက်။

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၁ (၁) လျော်ကြေးစိစစ်ရေး ကော်မတီ၏စီရင်ပိုင်ခွင့် အာဏာ ယင်းပုဒ်မ၏ ခြွင်းချက်အရ စီရင်ပိုင်ခွင့်ရှိသော ကော်မတီ လျော်ကြေးရထိုက်သူမှာ ရေလုပ်သားဖြစ်လျှင်၊ ရေယာဉ်ပိုင်ရှင်နေထိုင်သည့် ဒေသအတွက် ကော်မတီက စီရင်ပိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၁ (၁) အရ၊ အလုပ်သမားတဦး ထိခိုက်ဒဏ်ရာရရှိသည့် ဒေသအတွက် ခန့်အပ်ထားသည့် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီကသာ ယင်းကိစ္စနှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်အာဏာရှိသည်ဟုပြဋ္ဌာန်းထားသည်။ သို့သော် ပုဒ်မ ၂၁ (၁) ခြွင်းချက်အရ၊ အလုပ်သမားတဦးမှာ ရေလုပ်သားဖြစ်လျှင် ရေယာဉ်ပိုင်ရှင်နေသည့် ဒေသအတွက် အာဏာရှိသည့်အလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီက အမှုကို စီရင်ပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ သေသူ မောင်ထွန်းရွှေမှာ ရေလုပ်သားတဦးဖြစ်ပြီး ဦးထွန်းရွှေသည် ခရမ်းမြို့တွင် နေသူတဦးဖြစ်သဖြင့် ဤအမှုကို ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေး ကော်မတီက စီရင်ပိုင်မှုအာဏာရှိသည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးကျော်ဒင် (၃)။

အယူခံတရားခံများအတွက်။ ။ဥပဒေပန်ထမ်းအဆင့် (၁) မဇ္ဈိတာ အက်စ်၊ကေ၊ ဂိုရှ် ဦးတင်ရီ (ပြိုင် ၁ အတွက်)။

ဦးလှသည် သင်ပေါင်းသားများခုတ်ရန် "စိန်ပန်း" အမည်ရှိ မော်တော်ဖြင့် လပွတ္တာမြို့အပိုင် ပင်လယ်ဘက်သို့ အလုပ်သမား မောင်ထွန်းရွှေနှင့် အပေါင်းအဖော်များကို ငှားရမ်း ခေါ်ဆောင်သွားခဲ့သည်။ သင်ပေါင်းခုတ်နေစဉ် မောင်ထွန်းရွှေ

---

† ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂၃။

* ၁၉၇၀ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၁၂၈ တွင် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီချုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၇၅ / ဦးထွန်းရွှေ နှင့် ဒေါ်စောတင် ပါ ၂ ။

သည် သင်ပေါင်းဆူးစူးပြီး အဖျားဝင်၍သေဆုံးခဲ့လေသည်။ မောင်ထွန်းရွှေ၏ မိခင်ဖြစ်သူ အယူခံတရားပြိုင် အမှတ်(၁)ကရင်း၏သား သေဆုံးမှုအတွက် အလုပ်ရှင်ဖြစ်သည့် အယူခံတရားလို ဦးထွန်းရွှေထံမှ လျော်ကြေးတောင်းဆိုခဲ့သည်။ ဦးထွန်းရွှေက သေဆုံးသူ မောင်ထွန်းရွှေမှာ ၎င်း၏အလုပ်သမား မဟုတ်သဖြင့် လျော်ကြေးပေးရန် တာဝန်မရှိကြောင်းထုချေခဲ့သည်။ သို့သော် ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေး ကော်မတီက အမှုကိုစစ်ဆေးပြီး ဦးထွန်းရွှေက ဒေါ်စောတင်အား အလုပ်သမား လျော်ကြေး၅၄၀၀ ကျပ် ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၃၀ အရ၊ ဤအယူခံမှုတင်သွင်းခြင်းဖြစ်သည်။

ဦးထွန်းရွှေဘက်က ဤအယူခံမှုတွင် အဓိကအချက်များ အနေနှင့် "စိန်ပန်း" မော်တော်ဖြင့် သင်ပေါင်းသား သွားခုတ်သည့် လုပ်ငန်းမှာ ၎င်း၏လုပ်ငန်း မဟုတ်ပါ။ ဦးလှ၏လုပ်ငန်းဖြစ်ပါသည်။ မောင်ထွန်းရွှေမှာလည်း ၎င်း၏ အလုပ်သမားမဟုတ်ရပါ၊ မောင်ထွန်းရွှေသည် လပွတ္တာမြို့နယ်နိမိတ်အတွင်းတွင် ထိခိုက်ဒဏ်ရာရပြီး သေဆုံးခဲ့သည့်အတွက် ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက ဤအမှုကို စစ်ဆေးဆုံးဖြတ်ရန် အာဏာမရှိပါ။ ဤအမှုစွဲဆိုရာ၌လည်း ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဖြစ်ကြောင်းဖြင့် တင်ပြသည်။

ဦးလှက အလုပ်မှာ ၎င်း၏ကိုယ်ပိုင် လုပ်ငန်းဖြစ်ကြောင်း၊ ၎င်းသာလျှင်သေသူအပါအဝင်အလုပ်သမားများကို ငှားရမ်းခြင်း ဖြစ်ကြောင်း ထွက်ဆိုထားသော်လည်း၊ ၎င်းအားပြန်လှန် မေးခွန်းထုတ် လိုက်သည့်အခါ ၎င်းသည် ဦးထွန်းရွှေ၏ ငွေပင်ငွေရင်းဖြင့် ဦးထွန်းရွှေ၏ ကိုယ်စားလှယ်အဖြစ် အလုပ်လုပ်ရသူ ဖြစ်ကြောင်း ပေါ်ပေါက်သည်။ဦးလှက သင်ပေါင်းသား သွားခုတ်သည့် လုပ်ငန်းအတွက် ဦးထွန်းရွှေထံမှငွေ ၃၀၀၀ ကျပ် ရယူပြီးထိုငွေဖြင့် အလုပ်သမားများကို လုပ်ခစရန်ငွေများ ပေးကြောင်း၊ အခြားစရိတ်စခများအတွက် အသုံးပြုကြောင်း ဝန်ခံထားသည့် အပြင် ထိုငွေဖြင့်လုပ်ကိုင်ရရှိသော သင်ပေါင်းသားများ အားလုံးကိုလည်း ဦးထွန်းရွှေထံသို့ ပို့ရကြောင်းဝန်ခံထားသည်။ ထို့အပြင် ဦးထွန်းရွှေထံမှ ယူသွားသည့်ငွေများအတွက် ဦးလှကအသေးစိတ် အသုံးစရိတ်များကိုလည်း တင်ပြခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့်လုပ်ငန်းမှာ ဦးထွန်းရွှေ၏ လုပ်ငန်းဖြစ်ကြောင်း ထင်ရှားသည်။ ဦးလှသည် ဦးထွန်းရွှေ၏ လုပ်ငန်းအတွက် ကွပ်ကဲအုပ်ချုပ်သူ ကိုယ်စားလှယ်အဖြစ်သာ ဆောင်ရွက်ခဲ့သူဖြစ်သည်။ သို့ဖြစ်၍ သေသူမောင်ထွန်းရွှေမှာ ဦးထွန်းရွှေ၏ အလုပ်သမားဖြစ်သည်ဟုကျွန်ုပ်တို့ယူဆသည်။

၁၉၇၅
ဦးထွန်းရွှေ
နှင့်
ဒေါ်စောတင်
၂။

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၁ (၁) အရ၊ အလုပ်သမားတဦး၏ ထိခိုက်ဒဏ်ရာရရှိသည့် ဒေသအတွက် ခန့်အပ်ထားသည့် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီကသာ ယင်းကိစ္စနှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်အာဏာ ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ သို့သော် ယင်းပုဒ်မ ၂၁ (၁) ခြွင်းချက်အရ၊ အလုပ်သမားတဦးမှာ ရေလုပ်သားဖြစ်လျှင် ရေယာဉ်ပိုင်ရှင်နေသည့် ဒေသအတွက်အာဏာရှိသည့်အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီက အမှုကို စီရင်ပိုင်ခွင့်ရှိသည်ဟုပြဋ္ဌာန်းထားသည်။ သေသူမောင်ထွန်းရွှေမှာ ရေလုပ်သား တဦးဖြစ်ပြီး ဦးထွန်းရွှေသည် ခရမ်းမြို့တွင် နေသူတဦးဖြစ်သဖြင့် ဤအမှုကို ရန်ကုန်တိုင်းအလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက စီရင်ပိုင်ခွင့် အာဏာရှိသည်။

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၁၀ (၁) အရ၊ ထိခိုက်ဒဏ်ရာရရှိသောကြောင့် အလုပ်သမားတဦး သေဆုံးလျှင် သေဆုံးသည့်နေ့မှ ၁၂ လအတွင်း လျော်ကြေးတောင်းခံရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် ၁၂ လကျော်မှ လျော်ကြေးတောင်းခံသည့်အတွက် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဟု အယူခံတရားလိုဘက်က ဘင်ပြသည်။ ယင်းအလုပ်သမား လျော်ကြေး ဥပဒေပုဒ်မ ၁၀ (၁) ၏ခြွင်းချက်အရ အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီသည် လက်ခံနိုင်လောက်သည့် အကြောင်းရှိသည်ဟု ယူဆပါက ၁၂ လကျော်လွန်သည့် လျော်ကြေးလျှောက်လွှာကို လက်ခံစဉ်းစား ဆုံးဖြတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီက ကာလစည်းကမ်းသတ်ကျော်လွန်နေသော်လည်း လက်ခံနိုင်လောက်သည့် အကြောင်းရှိသည်ဟုယူဆပြီးစစ်ဆေးဆုံးဖြတ်ခဲ့သည်။ ၎င်းတို့၏ ယူဆချက်ကို ကျွန်ုပ်တို့အနေနှင့်ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိချေ။

အထက်ဖော်ပြပါအကြောင်းများကြောင့် ဤအယူခံကို ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၅၀ိ ခွင့်ပြုသည်။

## တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၁

ဇွန်လ ၁၉ ရက်။

နဒိန်းဆင် (ခ) ကရမ်ဆင်း

နှင့်

ဦးဘသော် *

အကြောင်းခြင်းရာနှင့် ပတ်သက်ပြီး၊ မူလရုံးနှင့်အယူခံရုံးတို့၏ ဆုံးဖြတ်ချက်မှာ ထပ်တူ ထပ်မျှ ဖြစ်နေလျှင်၊ ဒုတိယအယူခံမှုကိုကြားနာသည့်တရားရုံးက ဝင်ရောက်စွက်ဖက်လေ့မရှိခြင်း။

**ဆုံးဖြတ်ချက်။** ။ခွင့်ပြုချက်ဖြင့် နေရခြင်း ဟုတ်မဟုတ်မှာ၊ အကြောင်းခြင်းရာနှင့် ပတ်သက်သည့်အချက်သက်သက်ဖြစ်သည်။ ထို့ကြောင့် အကြောင်းခြင်းရာနှင့်ပတ်သက်ပြီး မူလရုံးနှင့်အယူခံရုံး၏ ဆုံးဖြတ်ချက်မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံမှုကို ကြားနာသည့်တရားရုံးက လွယ်လင့်တကူ ဝင်ရောက်စွက်ဖက်လေ့မရှိချေ။

**အယူခံတရားလိုအတွက်။** ။အကျိုးဆောင် ဦးညွန့်မြိုင်။

**အယူခံတရားခံအတွက်။** ။အကျိုးဆောင် ဦးထွန်းဝေ။

အယူခံ တရားပြိုင်တို့သည် အခင်းဖြစ်မြေ၏ ပိုင်ရှင်များဖြစ်ကြသည်။ ယင်းမြေပေါ်တွင် အယူခံ တရားလိုတို့အား အခမဲ့ နေခွင့်ပြုထားရာမှ ပြန်လည်ရလိုကြောင်းတရားစွဲဆိုရာ မြို့နယ်တရားရုံးက စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်ပေးလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်သည့်အတွက် တိုင်းတရားရုံးသို့ အယူခံဝင်ရာ မအောင်မြင်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်း ဖြစ်လေသည်။ အယူခံတရားလိုတို့က သူတို့သည် အခင်းဖြစ်မြေပေါ်တွင် အခမဲ့ခွင့်ပြုချက်ဖြင့်နေထိုင်လာခဲ့ခြင်းမဟုတ်ဘဲ၊ မြေတိုင်းကို ခုတ်ထွင်ရှင်းလင်း၍သာ နေထိုင်လာခဲ့ခြင်းမှာ ၁၂ နှစ်ကျော်ပြီ ဖြစ်၍ ၎င်းတို့အား နှင်ပိုင်ခွင့် မရှိဟု ထုချေခဲ့သည်။ ဤကဲ့သို့ ထုချေသည့်အတွက် "တရားပြိုင်များသည် အချင်းဖြစ် မြေပေါ်တွင် တရားလိုများ၏ခွင့်ပြုချက်အရ အခလွတ် နေထိုင်သူများ ဖြစ်သည်ဆိုခြင်းမှာ မှန်သလား "ဟူသော ကောက်ချက်တခု ထုတ်၍ မူလ

---

* ၁၉၇၃ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၃။

† ၁၉၇၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀ တွင် ချမှတ်သော ၁၉၇၂ ခု၊ ဒီဇင်ဘာလ ၁၈ ရက်နေ့စွဲပါ မန္တလေးမြို့၊ တရားရေးဝန်ထမ်း အဆင့် (၄) ရုံးမှချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

ရုံးက အမှုစစ်ဆေးပြီး၊ အယူခံ တရားပြိုင်များဖက်က အသာပေးပြီး ဖြေဆိုခဲ့သည်။ ၁၉၇၇
အယူခံတိုင်းရုံးက လည်း ဤဖြေဆိုချက်အတိုင်းလက်ခံ၍ အတည်ပြုလိုက်သည်။ နဒိန်းဆင် (ခ)

ခွင့်ပြုချက်ဖြင့် နေခြင်း ဟုတ်-မဟုတ်မှာ အကြောင်းခြင်းရာနှင့် ပတ်သက်သည့် ကရမ်ဆင်း
အချက်သက်သက်ဖြစ်သည်။ ထို့ကြောင့် အကြောင်းခြင်းရာနှင့် ပတ်သက်ပြီး၊ မူလရုံး နှင့်
နှင့် အယူခံရုံးတို့၏ ဆုံးဖြတ်ချက်မှာ ထပ်တူထပ်မျှ ဖြစ်နေလျှင် ဒုတိယ အယူခံမှုကို ဦးဘသော်။
ကြားနာသည့် တရားရုံးက လွယ်လင့်တကူ ဝင်ရောက်စွက်ဖက်လေ့ မရှိချေ။ ယခု အမှုတွင် မူလရုံးနှင့် ပထမအယူခံရုံးတို့၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်း မရှိပေ။ ထို့ကြောင့် ဤအယူခံမှုကို ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်၏ တရားစရိတ်များကို အယူခံ တရားလိုတို့က ပေးဆောင်ရန် အမိန့်ချမှတ်လိုက်သည်။

## တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၁

ဇွန်လ ၇ ရက်။

## နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့

## နှင့်

## ဦးသာထို ပါ ၂ *

**နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဖြစ်သည့် အယူခံတရားလိုသည် အယူခံတရားပြိုင်များ ပေးပို့သော တိုက်ကင်းများကောင်းမကောင်း စိစစ်ရန်တာဝန်ရှိမရှိ ပဋိညာဉ် ဥပဒေပုဒ်မ ၇၃ ပဋိညာဉ်အရ တာဝန်ရှိသူများသည် ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးအပြည့်အဝ ပေးရန်တာဝန်ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။အယူခံတရားလိုအဖွဲ့မှ တာဝန်ခံအရာရှိတို့သည် တိုက်ကင်းကို ကောင်းမကောင်းစစ်ဆေးရန် တာဝန်ပျက်ကွက်ခဲ့သည့်အတွက် တိုက်ကင်းနစ်မြုပ်သွားသည့်ကိစ္စနှင့်ပတ်သက်ပြီး ပူးတွဲတာဝန်ရှိသည်။ ပေါ့လျော့မှုရှိသည်ဟု ဆုံးဖြတ်ခြင်းမှာ မှားသည်ဟုယူဆသည်။ အယူခံတရားလိုတို့သည် ၎င်းတို့၏ ဆန်များကို သယ်ယူပို့ဆောင်ရန်အတွက် တိုက်ကင်းများငှါးခဲ့သည်။ ဤကဲ့သို့ ငှါးသည့်အခါတွင် အယူခံတရားလိုများက အယူခံတရားပြိုင်များပေးပို့သော တိုက်ကင်းများ ကောင်းမကောင်း စစ်ဆေးစိစစ်ရန်အလျဉ်းပင်တာဝန်မရှိဟုယူဆသည်။ ထို့ပြင် ဤအမှုမှာ ပဋိညာဉ်ဥပဒေပုဒ်မ ၇၃ အရ တရားစွဲဆိုသည့်အမှုဖြစ်သည်။ တရားမနစ်နာကြေး (Tort) အရ စွဲဆိုသည့်အမှု မဟုတ်ပေ။ ထို့ကြောင့် ပူးတွဲပေါ့လျော့မှုမရှိသဖြင့် အယူခံတရားလိုတို့မှာလည်း တာဝန်ရှိသည်ဟု မဆိုနိုင်ပေ။ ပဋိညာဉ်အရ အယူခံတရားပြိုင်တို့တွင် တာဝန်ရှိခြင်းကြောင့် အယူခံတရားလိုတို့ ဆုံးရှုံးခဲ့သည့် ဆန်ဒိတ်များအတွက် လျော်ကြေးအပြည့်အဝပေးရန် တာဝန်ရှိသည်။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) မစ္စတာအက်ဗ်၊ကေးဂိုရှ်။

အယူခံတရားခံအမှတ် (၁) အတွက်။ ။အကျိုးဆောင် ဦးအုန်းခင်။

ပုသိမ်မြို့ရှိ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့သည်၊ ၎င်းပိုင်ဆန်များ သယ်ယူပို့ဆောင်ရေးအတွက် အယူခံတရားပြိုင်များပိုင် ကုန်တင် မော်တော်များကို ငှါးရမ်းအသုံးပြုခဲ့သည်။ လွန်ခဲ့သော ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့က

---

* ၁၉၇၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၅။

† ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင်၊ ပုသိမ်မြို့၊ ခရိုင် တရားမတရားသူကြီးရုံး၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၅၅

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ နှင့် ဦးသာထို ပါ ၂။

ပုသိမ်မြို့ဆိပ်ကမ်းတွင် အယူခံတရားခံများထံမှ ငှါးရမ်းအသုံးပြုခဲ့သော တုံကင်း အမှတ် ၁၇ သည်၊ အယူခံတရားလိုပိုင် ဆန်အိတ် (၁၂၅၀)အိတ် တင်ဆောင်လျက် နစ်မြုပ်သွားသည်။ ယင်းကဲ့သို့ နစ်မြုပ်သွားသောကြောင့် အယူခံတရားလိုပိုင် ဆန်အိတ်များ ဆုံးရှုံးမှုအတွက် အယူခံတရားပြိုင်များထံမှ နစ်နာကြေးငွေ ၃၂,၂၁၆ ကျပ်၊ ၀၉ ပြားရလိုသဖြင့် ယခင် ပုသိမ်မြို့ခရိုင် တရားမတရားသူကြီးရုံး၊ ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင် တရားစွဲဆိုခဲ့သည်။ ယင်းအမှုကို ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့က ပလပ်ခဲ့ရာ မကျေနပ်၍ ယခင် နိုင်ငံတော် တရားရုံးချုပ်သို့ ၁၉၆၁ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၉၉ တွင် အယူခံ ဝင်ခဲ့သည်။ တရားရုံးချုပ်က ခရိုင်တရားမ တရားသူကြီး၏ စီရင်ချက်ကိုပယ်ဖျက်လိုက်ပြီး မဖြေဘဲ ချန်လှပ်ထားခဲ့သော ကျန်ကောက်ချက်များကို ဖြေဆို၍ ဥပဒေအရ ဆက်လက် ဆောင်ရွက်စီရင် ဆုံးဖြတ်ရန် အမိန့်ချမှတ်လိုက်သည်။ ထို့နောက် ခရိုင်တရားမ တရားသူကြီးရုံးက မဖြေဘဲချန်လှပ်ထားခဲ့သော ကျန်ကောက်ချက်များကို ဖြေဆို၍ အယူခံတရားလို တောင်းဆိုသည့်အတိုင်း မဟုတ်ပဲ၊ ကျပ်ငွေ ၁၀,၉၀၁ ကျပ်၊ ၆၇ ပြားအတွက် စရိတ်နှင့်တကွ ဒီကရီ ချမှတ်ပေးလိုက်သည်။

ယင်းအမိန့်ကို မကျေနပ်၍ ကွာခြားနေသည့်ငွေပေါင်း ၂၁,၃၁၄ ကျပ်၊ ၄၂ ပြား ပါ ရလိုကြောင်း ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

အယူခံ တရားပြိုင်များက အယူခံလည်း မဝင်၊ ပြန်လှန် ကန့်ကွက်ချက်လည်း မတင်သွင်းပေ။

ဤအမှုတွင် ဆုံးဖြတ်ရန် အချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ အချင်းဖြစ်သည့်အခါက စပါးဈေး မည်ရွေ့ မည်မျှ ရှိသည်ဆိုသောအချက်ဖြစ်သည်။ အယူခံတရားလိုတို့က ဆန်တင်း ၁၀၀ လျှင် ကျပ်ငွေ ၁,၂၁၉ ကျပ် နှုန်းထားဖြင့် လျော်ကြေး တောင်းဆိုထားသည့်အတွက် စုစုပေါင်းငွေ ၃၂,၂၁၆ ကျပ်၊ ၀၉ ပြား ဖြစ်သည်။ မူလရုံးက ဆန်တင်း ၁၀၀ လျှင် ၇၂၅ ကျပ်နှင့်တွက်ပြီး တောင်းဆိုထားသည့် ဆန်အိတ် ၁၂၅၀ ၏ တန်ဖိုးမှာ ၂၁,၇၀၃ ကျပ်၊ ၃၄ ပြားဖြစ်သည်။ အယူခံတရားလိုတို့မှာလည်း တုံကင်း နစ်သည့်ကိစ္စနှင့် တာဝန်ရှိသည့်အတွက် တဝက်ဖြစ်သည့် ငွေ ၁၀,၉၀၁ ကျပ်၊ ၆၇ ပြား အတွက် ဒီကရီချမှတ်ပေးလိုက်ခြင်း ဖြစ်သည်။

အယူခံ တရားပြိုင်များဘက်မှ တင်ပြသည့် သက်သေ ဦးစိန်လှဖြူမှာ အယူခံ တရားလိုအဖွဲ့၏ ဇုံနယ်စာရင်းကိုင် အရာရှိတဦးဖြစ်သည်။ ၎င်း၏ ထွက်ဆိုချက်အရ ၁၉၅၁ ခုနှစ်နှင့် ၁၉၅၂ ခုနှစ်တို့က စပါးတင်း ၁၀၀ လျှင် ၇၀၀ ကျပ်ဈေးနှုန်းဖြစ်သည်ဟု အတိအကျ ထွက်ဆိုထားကြောင်း တွေ့ရသည်။ ယင်းထွက်ဆိုချက်ကို လက်မခံနိုင်ရန်

၁၉၅၅
နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့
နှင့်
ဦးသာထို ပါ ၂။

အကြောင်းမရှိဟု ကျွန်ုပ်တို့ ယူဆသည်။ ထို့ကြောင့် မူလရုံးက စပါးတင်း ၁၀၀ လျှင် ဂ၂၅ ကျပ်နှုန်းဖြင့် တွက်ချက်ပေးခြင်းမှာ မှန်ကန်သည်ဟု ဆိုရပေမည်။

ဒုတိယ အချက်မှာ တုံကင်းအမှတ် ၁၇ နစ်မြုပ်ရသည့် ကိစ္စနှင့် ပတ်သက်ပြီး အယူခံ တရားလိုတို့မှာလည်း တာဝန်မကင်းသည့်အတွက် ပျောက်ဆုံးသွားသည့် ဆန်အိတ်များ၏ တန်ဖိုးတဝက်သာ ရမှုသင့်သည်ဆိုသော အချက်ဖြစ်သည်။

မူလရုံးက ကောက်ချက် ဂ နှင့် ဇ တို့ ဖြေဆိုရာတွင် တရားပြိုင်သည် ကောင်းသော တုံကင်းကိုသာ ပေးရန် တာဝန်ရှိခဲ့သည်။ လက်ရှိကိစ္စ၌ ထိုတာဝန်ကို ၎င်းတို့ ပျက်ကွက်ခဲ့သည်ဟု ဖော်ပြထားကြောင်း တွေ့ရသည်။ ဤကဲ့သို့ ရေးသား ဖော်ပြထားသော်လည်း အယူခံတရားလိုအဖွဲ့မှ တာဝန်ခံ အရာရှိတို့သည် တုံကင်းကို ကောင်း မကောင်း စစ်ဆေးရန် တာဝန်ပျက်ကွက်ခဲ့သည့်အတွက် တုံကင်း နစ်မြုပ်သွားသည့် ကိစ္စနှင့် ပတ်သက်ပြီး ပူးတွဲ တာဝန်ရှိသည်။ ပေါ့လျော့မှု ရှိသည်ဟု ဆုံးဖြတ်ခြင်းမှာ မှားသည်ဟု ကျွန်ုပ်တို့ယူဆသည်။ အယူခံ တရားလိုတို့သည် ၎င်းတို့၏ ဆန်များကို သယ်ယူ ပို့ဆောင်ရန်အတွက် တုံကင်းများ ငှါးခဲ့သည်။ ဤကဲ့သို့ ငှါးသည့်အခါတွင် အယူခံ တရားလိုများက အယူခံတရားပြိုင်များ ပေးပို့သော တုံကင်းများ ကောင်း မကောင်း စစ်ဆေး စိစစ်ရန် အလျဉ်းပင် တာဝန်မရှိဟု ကျွန်ုပ်တို့ယူဆသည်။

ထို့အပြင် ဤအမှုမှာ ပဋိညာဉ် ဥပဒေပုဒ်မ ၇၃ အရ၊ တရားစွဲဆိုသည့်အမှုဖြစ်သည်။ တရားမ နစ်နာကြေး (Tort) အရ စွဲဆိုသည့် အမှုမဟုတ်ပေ။ ထို့ကြောင့် ပူးတွဲပါ ပေါ့လျော့မှု မရှိသဖြင့် အယူခံတရားလိုတို့မှာ လည်း တာဝန်ရှိသည်ဟု မဆိုနိုင်ပေ။ ပဋိညာဉ်အရ အယူခံတရားပြိုင်တို့တွင် တာဝန်ရှိခြင်းကြောင့် အယူခံ တရားလိုတို့ ဆုံးရှုံးခဲ့သည့် ဆန်အိတ်များအတွက် လျော်ကြေး အပြည့်အဝ ပေးရန် တာဝန်ရှိသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြင်ဆင်လိုက်သည်။ ငွေ ၁၀,၈၀၁ ကျပ်၊ ၆၇ ပြားအစား ငွေ ၂၁,၃၁၄ ကျပ်၊ ၄၂ ပြား အတွက် စရိတ်နှင့်တကွ ဒီကရီ ချမှတ်ပေးလိုက်သည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

နိုင်ဒူး

နှင့်

မမြအောင် ပါ ၃*

†၁၉၇၅ ဒီဇင်ဘာလ ၃ ရက်။

တဖက်သတ် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားရာတွင် လုံလောက်သော အကြောင်းပြချက်များရှိရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုဖက်မှ ပေါ့လျော့ပျက်ကွက်မှုကြောင့် မူလရုံးမှ တဖက်သတ် ကြားနာစစ်ဆေးခြင်းဖြစ်သည်။ တဖက်သတ်ကြားနာစစ်ဆေးသောအမှုများတွင် ပျက်ကွက်သူထံမှ လုံလောက်သောအကြောင်းပြနိုင်မှသာလျှင် အမှုကို အသစ်တဖန်ကြားနာစစ်ဆေးရန်လိုသည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးဘိုးသာ။

အယူခံတရားခံအတွက်။ ။မလာ။

အယူခံတရားလိုနှင့် အယူခံတရားပြိုင်အမှတ် (၁) မမြအောင်တို့သည် အကြင်လင်မယားဖြစ်ကြ၍ လွန်ခဲ့သော ၂ နှစ်ခန့်က ကွဲကွာနေကြသည်။ ၎င်းတို့၌ ၄ နှစ်အရွယ်ခန့်ရှိသော သား မောင်တင်ဝင်းအောင်ဆိုသူရှိရာ မမြအောင်က အဆိုပါ မောင်တင်ဝင်းအောင် အတွက် အုပ်ထိန်းသူအဖြစ်ခန့်အပ်ရန် မော်လမြိုင်မြို့ ရုံးထိုင် မွန်ပြည်နယ် တရားရုံးသို့ လျှောက်ထားခဲ့သည်။

ယင်းအမှု ကိုချိန်းဆိုသည့် ရုံးချိန်းရက်နေ့တွင် အယူခံတရားလိုသည် ပြည်နယ် ရုံးသို့လာရောက်ရန်ပျက်ကွက်ခဲ့သဖြင့် ထိုနေ့ကအမှုကို တဖက်သတ် စစ်ဆေးကြားနာပြီး မမြအောင်ကို ကလေးအတွက် အုပ်ထိန်းသူအဖြစ် ခန့်အပ်လိုက်သည်ဟုအမိန့်ချမှတ်လိုက်သည်။ ယင်းကဲ့သို့ တဖက်သတ် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်၍ အမှုကိုနှစ်ဦးနှစ်ဖက် ကြားနာစစ်ဆေးရန်အတွက် အယူခံတရားလိုက တရားမကျင့်ထုံး

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၂။

† ၁၉၇၃ ခုနှစ်၊ တရားမသေးမှုအမှတ် ၂၅ တွင်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်တရားရုံး၏ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၅ / နိုင်ငံ နှင့် မမြအောင် ပါ ၃။

အမိန့် ၆၊ နည်းဥပဒေ ၁၃ အရလျှောက်ထားသော်လည်း မအောင်မြင်သဖြင့် ဤအယူခံမှုကိုတင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုက ရုံးချိန်းရက်တွင် ၎င်းသည် မော်လမြိုင်မြို့နယ် တရားရုံး တွင် ရှိပါသည်၊ ယင်းရုံးတွင်၎င်းအပေါ် မမြအောင်က မယားစရိတ်ရလိုကြောင်းတရား စွဲဆိုထားသည့်အမှုအတွက် ချိန်းဆိုထားပါသည်။ ထိုအချိန်အခါက ပြည်နယ်တရား သူကြီးရုံး၊ မြို့နယ်တရားသူကြီးရုံးဟု ခွဲခြား၍ သော်လည်းကောင်း၊ သီးခြားတနေ ရာစီ ရုံးထိုင်မည်ဟူ၍ သော်လည်းကောင်း မသိပါ။ တရားရုံးတရုံးတည်းဥပင် ချိန်း ဆိုထားသည်ဟုသဘောရိုးဖြင့် မှားယွင်း၍ ပြည်နယ်တရားရုံးသို့ မရောက်ရှိခြင်းဖြစ် ပါသည်ဟုတင်ပြထားကြောင်းတွေ့ရသည်။

အယူခံတရားလိုသည် မမြအောင်က အမှုနှစ်မှုစွဲထားကြောင်း သိခဲ့သည်။ ကလေး အတွက်အုပ်ထိန်းသူအဖြစ် ခန့်ထားပေးရန်နှင့် မယားစရိတ် ရလိုကြောင်း အမှုများ ဖြစ်သည်ကိုသိသည်။ ထို့ကြောင့် အုပ်ထိန်းသူအဖြစ် ခန့်အပ်ပေးရန် စွဲဆိုသည့် အမှုအတွက် မှန်ပြည်နယ်တရားရုံးက အယူခံတရားလိုအပေါ် ရုံးခေါ်စာချခဲ့ကြောင်း ထင်ရှားသည့်။ မော်လမြိုင်မြို့နယ် တရားရုံးတွင် မယားစရိတ် ရလိုကြောင်း အမှုကိုခေါ်ပြီးနောက် အုပ်ထိန်းသူ ခန့်ပေးရန် အမှုနှင့်ပတ်သက်ပြီး ရုံးမှ ဝန်ထမ်း တဦးဦးကိုမေးလိုက်ခဲ့သော် အကျိုးအကြောင်း သိမည်ဖြစ်သည်။ မယားစရိတ်အမှု ခေါ်ပြီးနောက် အုပ်ထိန်းသူ ခန့်ထားပေးရန် အမှုအတွက် မပေးလိုက်ရဆိုခြင်းမှာ အယူခံတရားလိုဖက်မှ ပေါ့လျော့ခဲ့သည်ဟု ဆိုရပေမည်။ ၎င်းပေါ့လျော့ပျက်ကွက်မှု ကြောင့် မူလရုံးမှ တဖက်သတ် ကြားနာစစ်ဆေးခြင်း ဖြစ်လေသည်။ တဖက်သတ် ကြားနာစစ်ဆေးသောအမှုများတွင် ပျက်ကွက်သူမှ လုံလောက်သော အကြောင်းပြ နိုင်မှသာလျှင်အမှုကို အသစ်တဖန်ကြားနာ စစ်ဆေးရန် လိုပေလိမ့်မည်။ ယခု အမှုတွင်လျှောက်ထားသူမှ ခိုင်လုံသော အကြောင်း မပြနိုင်ခဲ့ပေ။ ထို့ကြောင့် မူလရုံး၏စီရင်ချက်မှာ မှန်ကန်၍ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ဤ အယူခံလျှောက်လွှာကိုပလပ်လိုက်သည်။

## တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

### ဦးပြုံး ပါ ၂

နှင့်

### ဦးငွေထွန်း ပါ ၂ *

† ၁၉၅၅

မေလ ၈ ရက်။

ရေစစ္စတြီမှတ်ပုံတင်ထားသည့် အရောင်းစာချုပ်၊ ယင်းစာချုပ်ကို ဟန်ဆောင်သဘောဖြင့်သာ ချုပ်ဆိုပေးထားခြင်းဖြစ်ကြောင်း သက်သေပြရန် သက်သေခံဥပဒေပုဒ်မ ၉၂ က ပိတ်ပင်ထား မထား၊ အကြောင်းချင်းရာတရပ်နှင့်ပတ်သက်၍ အောက်ရုံးနှစ်ရုံးလုံး ထပ်တူထပ်မျှ ဆုံးဖြတ်ထားခြင်း၊ ယင်းဆုံးဖြတ်ချက်မျိုးကို ဒုတိယအယူခံရုံးအနေဖြင့် လွှယ်လင့်တကူ ဝင်ရောက်စွက်ဖက်ခြင်းရှိမရှိ။

ဆုံးဖြတ်ချက်။ ။သက်သေခံအမှတ် (က) အရောင်းစာချုပ်ကို အယူခံတရားပြိုင်များက လက်မှတ်ထိုးချုပ်ဆိုပေးပြီး ရေစစ္စတြီမှတ်ပုံတင်ပေးကြောင်း ဝန်ခံထားသည်။ ထို့ကြောင့် ယင်းစာချုပ်သည်၊ စင်စစ်မှာ အရောင်းစာချုပ်မဟုတ်ပါ၊ အပေါင်စာချုပ်ဖြစ်သည်။ ဟန်ဆောင်သဘောဖြင့်သာချုပ်ဆိုပေးခြင်းဖြစ်ကြောင်း သက်သေပြရန် သက်သေခံဥပဒေပုဒ်မ ၉၂က ပိတ်ပင်သလောဟူသောအချက်ဖြစ်သည်။ စာချုပ်တခုကို အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် ချုပ်ခဲ့ကြသည်။ အစစ်အမှန်ဖြစ်ခဲ့လျှင် ထိုစာချုပ်ပါစကားရပ်တို့နှင့် ကွဲလွဲ၍၊ ချုပ်ဆိုသူတို့က သက်သေမထူနိုင်ချေ။ ထိုသို့ပင်သက်သေခံဥပဒေပုဒ်မ ၉၂ က ပညတ်ထားသည်။ သို့ရာတွင် အကျိုးသက်ရောက်စေရန်ရည်ရွယ်ချက်မရှိ၊ ဟန်ဆောင်စာချုပ်မျှသာဖြစ်ခဲ့လျှင် ထိုသို့ဖြစ်ကြောင်းသက်သေထူခွင့်ရှိသည်။ စာချုပ်တရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသောစာချုပ်မျိုးမဟုတ်ပဲ ဟန်ဆောင်စာချုပ်မျှသာဖြစ်ကြောင်း နှုတ်သက်သေတင်ပြနိုင်သည်။ ထို့ကြောင့် ဤအမှုတွင် သက်သေခံအမှတ် (က) စာချုပ်မှာ ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း အယူခံတရားပြိုင်တို့အား သက်သေထူခွင့်ပေးခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟု ဆိုရပေမည်။

ထပ်မံဆုံးဖြတ်ချက်။ ။သက်သေခံအမှတ် (က) သည် သက်သေခံအထောက်အထားများအရ ဟန်ဆောင် စာချုပ်သာ ဖြစ် သည် ဟု မူလရုံးနှင့် ပထမ အယူခံ ရုံး တို့ က ဆုံး ဖြတ် ချက်ပေးထားပြီး ဖြစ်သည်။ အမှုတမှုတွင် အကြောင်းအချင်းအရာနှင့် ပတ်သက်၍ မူလရုံးနှင့် ပထမအယူခံရုံးတို့၏ ဆုံးဖြတ်ချက်တို့မှာ ထပ်တူထပ်မျှ ဖြစ်နေလျှင်ဒုတိယ အယူခံရုံးအနေနှင့် ယင်းဆုံးဖြတ်ချက်ကိုလွယ်လင့်တကူ ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။

---

* ၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၄။

† ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် သံလျင်မြို့ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံး၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅ အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးဘစိန်၊ ဦးဘိုးအောင်။

ဦးမြ[illegible] ပါ ၂ နှင့် ဦးငွေထွန်း ပါ ၂။ အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးညွန့်တင်၊ ဦးခင်မောင်အေး။

ယခင်သံလျင်မြို့နယ်ပိုင် တရားမတရားသူကြီးရုံးတွင် အယူခံတရားလိုတို့က အယူခံတရားပြိုင်တို့အပေါ် အခင်းဖြစ်သည့် သုံးခွမြို့ အလောင်းစည်သူလမ်း၊ အိမ်အမှတ် ၃၅ မှ ထွက်ခွါသွားရန်နှင့် လက်ရောက်ရလိုမှုစွဲဆိုခဲ့သည်။

အခင်းဖြစ်အိမ်ကို အယူခံတရားပြိုင်တို့ထံမှ ၁၉၆၀ ခု၊ အောက်တိုဘာလ ၁၈ ရက်နေ့ကရေစစ္စတြီအရောင်းစာချုပ်ဖြင့် ဝယ်ခဲ့သည်။ ဤကဲ့သို့ဝယ်ခဲ့ပြီး ၎င်းတို့ကို ပင်အိမ်တွင်ဆက်၍ အခမဲ့နေခွင့်ပြုခဲ့သည်။ လိုအပ်သည့်အခါ ဖယ်ရှားပေးမည်ဟု ကတိရှိခဲ့သည်။ ဖယ်ရှားပေးရန် တောင်းဆိုသည့်အခါ ငြင်းဆိုသည့်အတွက် တရားစွဲရသည်ဟုအစရှိသဖြင့် အယူခံတရားလိုတို့က အဆိုပြုခဲ့သည်။

အယူခံတရားပြိုင်တို့က အယူခံတရားလိုတို့ထံမှ ငွေတရာလျှင် တလအတိုးငွေ ၄ ကျပ်နှုန်းဖြင့်၎င်းတို့၏ နေအိမ်ဂရမ် စာချုပ်ကို လက်ရောက်ပေးအပ်ပြီးလျှင်ငွေ ၅၀၀၀ိ ချေးယူခဲ့ကြောင်း၊ အယူခံတရားပြိုင်တို့က ငွေရင်းကို မပေးဆပ်နိုင်ပဲအတိုးငွေများကိုသာမှန်ကန်စွာ ပေးဆပ်ခဲ့ရာ အယူခံတရားလိုတို့က ငွေရင်းကိုပေးဆပ်ရန် တောင်းဆိုခဲ့ကြောင်း၊ သို့ရာတွင်အဆိုပါငွေရင်းကို အယူခံတရားပြိုင်တို့က နောက်ဆုံးမပေးဆပ်နိုင်သဖြင့် အယူခံတရားလိုတို့က အယူခံတရားပြိုင်တို့၏ နေအိမ်နှင့်မြေကိုအပေါင်အဖြစ်ပေးထားရန်၊ ထိုကဲ့သို့အပေါင်ပေးရာ၌ အယူခံတရားလိုတို့တွင် ငွေချေးစားခွင့်လိုင်စင်မရှိသည့်အတွက် အရောင်းစာချုပ် ပြုလုပ်ပေးထားရန်၊ အခြားငွေချေးသူများလည်း ဤကဲ့သို့ ပြုလုပ်ကြကြောင်း အယူခံတရားလိုတို့က ပြောကြားချက်ကိုယုံကြည်သဖြင့် အယူခံတရားပြိုင်တို့က အခင်းဖြစ် ပစ္စည်းကို အရောင်းစာချုပ်ပြုလုပ်ပေးခဲ့ရကြောင်း သို့သော်လည်း အဆိုပါ အရောင်းစာချုပ်မှာဟန်ဆောင်အရောင်းစာချုပ်အနေမျိုးသာချုပ်ပေးခဲ့ရသည့်အပြင်၊အရောင်းစာချုပ်အဖြစ် ရည်ရွယ်ချုပ်ဆိုခြင်းမဟုတ်ပဲ၊ အပေါင်သဘောသာ ချုပ်ပေးခဲ့ကြောင်း ထုချေသည်။

အယူခံတရားလိုက အယူခံတရားပြိုင်တို့၏ ထုချေချက်များကို ငြင်းဆိုပြီးအယူခံတရားပြိုင်တို့သည် အရောင်းစာချုပ်ကို ရေစစ္စတြီပြုလုပ်ပေးကြောင်း ဝန်ခံထားသည့်အတွက်ယင်းစာချုပ်တွင်ပါရှိသည့် အချက်များကို ဆန့်ကျင်ပြီး ပြောဆိုရန်ဥပဒေကပိတ်ပင်ထားသည်ဟုတင်ပြသည်။

မူလရုံးက နှစ်ဖက်သက်သေများကို စစ်ဆေး၍ အရောင်းစာချုပ်မှာ ဟန်ဆောင် စာချုပ်မျှသာဖြစ်သည်ဟုဆိုပြီး အယူခံတရားလိုတို့ စွဲဆိုသော အမှုကို ပလပ်လိုက် သည်။ ရန်ကုန်တိုင်း အယူခံရုံးကလည်း မူလရုံး၏ အမိန့်ကို အတည်ပြုလိုက်သည့် အတွက်ဤဒုတိယအယူခံမှုကိုစွဲဆိုခြင်းဖြစ်သည်။ ၁၉၅၅ ဦးပြုံး ပါ ၂ နှင့် ဦးငွေထွန်း ပါ၂။

ဤဒုတိယအယူခံမှုတွင် ဆုံးဖြတ်ရန်အဓိက အချက်နှစ်ချက်ရှိသည်။ ပထမအချက် မှာ ဥပဒေအကြောင်းနှင့် သက်ဆိုင်သည်။ သက်သေခံအမှတ် (က) အရောင်း စာချုပ်ကို အယူခံတရားပြိုင်များက လက်မှတ်ထိုး ချုပ်ဆိုပေးပြီး ရေစစ္စတြီမှတ် ပုံတင်ပေးကြောင်း ဝန်ခံထားသည်။ ထို့ကြောင့် ယင်းစာချုပ်သည် စင်စစ်မှာ အရောင်းစာချုပ်မဟုတ်ပါ၊ အပေါင်စာချုပ်ဖြစ်သည်။ ဟန်ဆောင်သဘောဖြင့်သာ ချုပ်ဆိုပေးခြင်းဖြစ်ကြောင်း သက်သေပြရန် သက်သေခံ ဥပဒေပုဒ်မ ၉၂ က ပိတ်ပင်သလောဟူသော အချက်ဖြစ်သည်။ စာချုပ်တခုကို အကျိုးသက်ရောက် စေရန်ရည်ရွယ်ချက်ဖြင့်ချုပ်ခဲ့ကြသည်။ အစစ်အမှန်ဖြစ်ခဲ့လျှင် ထိုစာချုပ်ပါစကာ ရပ်တို့နှင့်ကွဲလွဲ၍ချုပ်ဆိုသူတို့က သက်သေ မထူနိုင်ချေ။ ထိုသို့ပင် သက်သေခံဥပဒေ ပုဒ်မ ၉၂ ကပညတ်ထားသည်။ သို့ရာတွင် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက် မရှိ၊ ဟန်ဆောင်စာချုပ်မျှသာ ဖြစ်ခဲ့လျှင် ထိုသို့ဖြစ်ကြောင်း သက်သေထူခွင့်ရှိ သည်။ စာချုပ်တရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဆိုသော စာချုပ် မျိုးမဟုတ်ပဲဟန်ဆောင် စာချုပ်မျှသာ ဖြစ်ကြောင်း နှုတ်သက်သေတင်ပြနိုင်သည်။ ထို့ကြောင့်ဤအမှုတွင် သက်သေခံအမှတ် (က) စာချုပ်မှာ ဟန်ဆောင်စာချုပ် ဖြစ်ကြောင်းအယူခံတရားပြိုင်တို့အား သက်သေထူခွင့် ပေးခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟုဆိုရပေမည်။

ဒုတိယအချက်မှာ အကြောင်းချင်းရာနှင့် သက်ဆိုင်သည်။ သက်သေခံ အမှတ် (က) သည်သက်သေခံ အထောက်အထားများအရ ဟန်ဆောင်စာချုပ်သာ ဖြစ် သည်ဟုမူလရုံးနှင့် ပထမအယူခံရုံးတို့က ဆုံးဖြတ်ချက်ပေးထားပြီး ဖြစ်သည်။ အမှု တမှုတွင်အကြောင်းအချင်းအရာနှင့် ပတ်သက်၍ မူလရုံးနှင့် ပထမအယူခံရုံးတို့၏ဆုံး ဖြတ်ချက်တို့မှာထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံရုံးအနေနှင့် ယင်းဆုံးဖြတ်ချက် ကိုလွယ်လင့်တကူဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။

ဤအမှုတွင်သက်သေခံ အထောက်အထားများအရ၊ သက်သေခံအမှတ် (က) မှာဟန်ဆောင်စာချုပ်ဖြစ်ကြောင်း မူလရုံးနှင့် ပထမအယူခံ ရုံးတို့၏ ဆုံးဖြတ်ချက် ကိုကျွန်ုပ်တို့အနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အထူးအကြောင်းမရှိဟု ယူဆသည်။ အထူးသဖြင့်အယူခံတရားလို ဦးပြုံးသည် အခြားသူများကိုလည်း ပစ္စည်းပေါင်နှံ

၁၉၇၅

ဦးမြူး ပါ ၂ နှင့် ဦးငွေထွန်း ပါ ၂။

ငွေများချေးထားပြီး အရောင်းစာချုပ်များ ချုပ်ယူထားလေ့ရှိကြောင်း ပေါ်လွင်ထင်ရှားသည်။ ထို့ကြောင့် အကြောင်းအချင်းအရာ အချက်အလက်တို့ကို စုပေါင်းသုံးသပ်လိုက်ပါမူ သက်သေခံအမှတ် (က) စာချုပ်မှာ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့်ချုပ်ဆိုသော စာချုပ်အစစ်အမှန် မဟုတ်ပဲ၊ ဟန်ဆောင် စာချုပ်မျှသာဖြစ်ကြောင်း ထင်ရှားသည်ဟု ဆုံးဖြတ်ရပေမည်။

အထက်ဖေါ်ပြပါအကြောင်းများကြောင့် ဤဒုတိယအယူခံမှုကိုပလပ်လိုက်သည်။ မူလရုံးနှင့်ပထမအယူခံရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို အတည်ပြုလိုက်သည်။ အယူခံတရားလိုတို့သည် ရုံးအဆင့်ဆင့်မှ တရားစရိတ်များကို ကျခံစေရမည်။

## တရားမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

† ၁၉၇၅ မတ်လ ၅ ရက်။

## နှင့်

## မဦး ပါ (၁၂) (ကွယ်လွန်သူ ဦးဘိုကြီး၏ တရားဝင်ကိုယ်စားလှယ်များ)*

**တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၂ အရ၊ သတ်မှတ်ချက်ကာလများ ကုန်ဆုံးမှ ဇာရီပြုလုပ်ခွင့်ရှိခြင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၂ အရ၊ မိမိချမှတ်သည့် စီရင်ချက် သို့မဟုတ်ဒီကရီတွင် မတော်တဆချန်လှပ်မိခဲ့သည့်ကိစ္စရပ်များကို ပြင်ဆင်ထည့်သွင်းပေးနိုင်မပေးနိုင်။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၈၂ အရ၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အပေါ် ဒီကရီချမှတ်သည့်အခါ သက်ဆိုင်ရာတရားရုံးက ဒီကရီကျငွေများကို ပေးဆပ်ရန်အချိန် သတ်မှတ်ပေးရမည်ဟုပါရှိသည်။ ယင်းကဲ့သို့သတ်မှတ်ပေးသည့်အချိန်ကာလ ကုန်ဆုံးသည့်အခါ သက်ဆိုင်ရာတရားရုံးက နိုင်ငံတော်သမ္မတထံ ဒီကရီကျငွေများ မပေးဆပ်သေးကြောင်း အစီရင်ခံရမည်။ ဤကဲ့သို့အစီရင်ခံပြီး ၃ လကျော်လွန်မှသာလျှင် တရားနိုင်က ဇာရီပြုလုပ်ခွင့်ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၂ အရ၊ သက်ဆိုင်ရာတရားရုံးသည် မိမိချမှတ်သည့်စီရင်ချက် သို့မဟုတ် ဒီကရီတွင် မတော်တဆချန်လှပ်မိခဲ့သည့်ကိစ္စရပ်များကို ပြင်ဆင်ထည့်သွင်းပေးနိုင်သည်ဟုပါရှိသည်။ ထို့ကြောင့် ဤအမှုတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၂ အရ၊ ဒီကရီငွေများ ပေးဆပ်ရန် ရက်သတ်မှတ်ပေးရမည်ဟု ပြဋ္ဌာန်းချက်ကို မတော်တဆချန်လှပ်မိခဲ့သည့်အတွက် ပုဒ်မ ၁၅၂ အရ၊ ပြင်ဆင်ပေးနိုင်သည်ဟု ယူဆသည်။

**အယူခံတရားလိုအတွက်။** ။ဥပဒေဝန်ထမ်းအဆင့် (၁) မဏ္ဍလာ အက်စ်၊ ကော၊ ဂိုရှ်။

**အယူခံတရားခံများအတွက်။** ။အကျိုးဆောင် ဦးဘရွှန်း။

ဤအယူခံမှုတွင် ချမှတ်ခဲ့သည့် ဒီကရီကို ပြင်ဆင်ပေးရန် လျှောက်လွှာကို အယူခံတရားပြိုင် (တရားနိုင်) က ဘင်သွင်းခဲ့သည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၃ (မန္တလေး)။

† ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ တွင်၊ မန္တလေးမြို့ ရာဘက်ခရိုင် တရားမ တရားသူကြီးရုံး၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၇၅

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် မဦး ပါ ၁၂ (ကွယ်လွန်သူ ဦးဘိုကြီး၏ တရားဝင် ကိုယ်စားလည် များ)။

ယခင်မန္တလေးမြို့ ရာဘက်ခရိုင်တရားမတရားသူကြီးရုံး တရားမကြီးမှု အမှတ် ၇/၅၄ တွင် ကွယ်လွန်သူ ဦးဘိုကြီးက နိုင်ငံတော် အစိုးရပေါ်တွင် ဂျစ်ကားငှားရမ်းခ ငွေ ၁၄၂၈ဝိ ရလိုကြောင်း တရားစွဲဆိုပြီး ယင်းငွေအတွက် ဒီကရီရရှိခဲ့သည်။ ယင်း အမိန့်ကို မကြေနပ်သည့်အတွက် နိုင်ငံတော်အစိုးရက မန္တလေးမြို့ ရုံးထိုင် ယခင်တရား ရုံးချုပ်သို့ အယူခံဝင်ခဲ့သည်။ တရားရုံးချုပ်က မူလရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြု လိုက်သော်လည်း လျော်ကြေးငွေ ပမာဏကို လျော့လိုက်သည်။

ထို့နောက် တွဲဖက်ခရိုင်တရားမတရားသူကြီးရုံးတွင် လျှောက်ထားသူများက ဇာရီ ပြုလုပ်သည့်အခါ တရားရုံးချုပ် ဒီကရီတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၂ အရ အချိန် သတ်မှတ်ပေးထားခြင်းမရှိသည့်အတွက် ဇာရီပြုလုပ်ရန် ခွင့်မပြုနိုင်ဟု ဆုံးဖြတ်၍ ပလပ် လိုက်သည်။ ထို့ကြောင့် လျှောက်ထားသူများက တရားရုံးချုပ်၏ အယူခံမှုတွင် ချမှတ် သည့် ဒီကရီကို ပြင်ဆင်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၂ အရ ပြဋ္ဌာန်းထားသည့် အတိုင်း အချိန်သတ်မှတ်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။ တဖက်ကကန့်ကွက် သည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၈၂ အရ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော်အပေါ် ဒီကရီချမှတ်သည့်အခါ သက်ဆိုင်ရာ တရားရုံးက ဒီကရီကျငွေများကို ပေးဆပ်ရန် အချိန်သတ်မှတ်ပေးရမည်ဟု ပါရှိသည်။ ယင်းကဲ့သို့ သတ်မှတ်ပေးသည့် အချိန်ကာလကုန်ဆုံးသည့်အခါ သက်ဆိုင်ရာ တရားရုံးက နိုင်ငံတော်သမ္မတထံ ဒီကရီ ကျငွေများ မပေးဆပ်သေးကြောင်း အစီရင်ခံရမည်။ ၎င်းကဲ့သို့ အစီရင်ခံပြီး ၃ လ ကျော်လွန်မှသာလျှင် တရားနိုင်က ဇာရီပြုလုပ်ခွင့်ရှိသည်။

အယူခံမှုတွင် တရားရုံးချုပ်က ချမှတ်လိုက်သည့် ဒီကရီ၌ တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၈၂ ပါ ပြဋ္ဌာန်းချက်အတိုင်း ဒီကရီငွေ ပေးဆပ်ရန် အချိန်မသတ်မှတ်ခဲ့ခြင်းမှာ အငြင်းမထွက်ချေ။ ထို့ကြောင့် လျှောက်ထားသူများက ဒီကရီပြင်ဆင်ပေးရန် တရားမ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၂ အရ လျှောက်ထားခြင်းဖြစ်သည်။ လျှောက်ထားခံရသူ၏ အကျိုးဆောင်ကြီးက ၎င်းလျှောက်လွှာမှာ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၂ နှင့် အကျုံးမဝင်ပါ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၄၇ အရ၊ ပြန်လည်သုံးသပ် ပြင်ဆင် ရန်သာ လျှောက်ထားနိုင်သည်။ ၎င်းကဲ့သို့ လျှောက်ထားရန်လည်း ကာလစည်းကမ်း သတ်ကျော်လွန်ပြီဟု တင်ပြသည်။

လျှောက်ထားခံရသူ၏ အကျိုးဆောင်၏ တင်ပြချက်ကို လက်မခံနိုင်ချေ။ တရားမ ကျင့်ထုံး ဥပဒေအမိန့် ၄၇ အရ၊ တရားရုံးမှ ချမှတ်သည့် ဒီကရီ သို့မဟုတ် အမိန့်ကို မကြေနပ်သည့်အခါ ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်ဟုပြဋ္ဌာန်း

၁၉၅၅

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် မဉီး ပါ ၁၂ (ကွယ်လွန်သူ ဦးဘိုးကြီး၏ တရားဝင် ကိုယ်စားလှယ် များ)။

ထားသည်။ ယခုအမှုမှာမူကား လျှောက်ထားသူတို့သည် အယူခံရုံး၏ အမိန့်နှင့်ဒီကရီ မကျေနပ်ခြင်းမဟုတ်ပေ။ ဥပဒေအရ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက်အတိုင်း တရားရုံးက မလိုက်နာမိသည့်အတွက် ယင်းပြဋ္ဌာန်းချက်ကို ဒီကရီပြင်ဆင်၍ထည့်သွင်းပေးရန် လျှောက်ထားခြင်းမျှသာဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၂ အရ၊ သက်ဆိုင်ရာ တရားရုံးသည် မိမိချမှတ်သည့် စီရင်ချက် သို့မဟုတ် ဒီကရီတွင် မတော်တဆချန်လှပ်မိခဲ့သည့် ကိစ္စရပ်များကို ပြင်ဆင်ထည့်သွင်း ပေးနိုင်သည်ဟု ပါရှိသည်။ ထို့ကြောင့် ဤအမှုတွင်တရားမကျင့်ထုံး ဥပဒေပုဒ်မ ၇၂ အရ ဒီကရီငွေများ ပေးဆပ်ရန်ရက်သတ်မှတ်ပေးရမည်ဟုပြဋ္ဌာန်းချက်ကို မတော်တဆချန်လှပ်မိခဲ့သည့်အတွက်ပုဒ်မ ၁၅၂ အရ ပြင်ဆင်ပေးနိုင်သည်ဟု ကျွန်ုပ်တို့ယူဆသည်။ တရားရုံး၏ ပျက်ကွက်မှုကြောင့်အမှုသည်နစ်နာရမည်ဟုဆိုလျှင် တရားမျှတမည်မဟုတ်ပေ။

ထို့ကြောင့် အယူခံတရားပြိုင်တို့သည် ဒီကရီကျငွေများကို ယနေ့မှစ၍ ၃ လ အတွင်းပေးဆပ်ရန် အချိန်သတ်မှတ်လိုက်သည်ဟု စီရင်ချက်နှင့် ဒီကရီတွင် ပြင်ဆင်ထည့်သွင်းလိုက်သည်။

## တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၂ 
နိုဝင်ဘာလ ၁၄ ရက်။

## ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်

## နှင့်

## ဦးအောင်လေး ပါ ၉ *

မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို အပေါင်ပြု၍ ငွေချေးစဉ်က ပေးအပ်ခဲ့သည့် ဦးပိုင်ရာဇဝင်မှတ်တမ်း (Register of Holdings) သည် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၈ (စ) အရ ပိုင်ဆိုင်မှုနှင့်ပတ်သက်သော စာချုပ်စာတမ်းများဟုတ်မဟုတ်။

ဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၈ (စ) တွင် ''ပိုင်ဆိုင်မှုနှင့်ပတ်သက်သော စာချုပ်စာတမ်း '' (Documents of Title) ဟုပါရှိသည်။ ယင်းကဲ့သို့ ဖော်ပြထားသည့် စကားရပ်တွင် စာချုပ်စာတမ်းအမျိုးအစား ၂ မျိုးရှိသည်။ တမျိုးမှာ ''ပိုင်ဆိုင်ခွင့်ကိုသတ်မှတ်ပေးသည့်စာချုပ်စာတမ်း။ (Documents Creating Title) နောက်တမျိုးမှာ ''ပိုင်ဆိုင်ခွင့်ကို သက်သေခံအထောက်အထားပြုသည့် စာချုပ်စာတမ်း '' (Documents Evidencing Title) ကိုဖြစ်သည်။ ဦးပိုင်ရာဇဝင်မှတ်တမ်းမှာ ''ပိုင်ဆိုင်ခွင့်ကို သက်သေခံအထောက်အထားပြုသည့် စာချုပ်စာတမ်းအမျိုးအစားတွင်ပါဝင်သည်။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ မစ္စတာ အက်စ်၊ ကော၊ ဂို့ရှ်။

အယူခံတရားခံအတွက်။ ။ဒုကျိုးဆောင် ဦးသိန်းငင်း၊ ဦးဘစိန်။

အယူခံတရားပြိုင် အမှတ် (၁) သည် အယူခံ တရားလိုဘဏ် (ယခင် ဟောင်ကောင်နှင့် ရှန်ဟဲဘဏ်) ထံမှ ၁၉၆၂ ခုနှစ်တွင် ငွေကျပ် ၁၀၀၀၀၀၀ိ/ ချေးယူခဲ့သည်။ အယူခံတရားပြိုင် အမှတ် (၁) မှ (၈) တို့သည် ယင်းချေးငွေအတွက် ၎င်းတို့ပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အပေါင်အဖြစ်ပေးခဲ့သည်။ ထို့နောက်ချေးငွေများကို ပြန်မဆပ်သည့်အတွက် အယူခံတရားလိုက အယူခံတရားပြိုင်များအပေါ် ယခင်တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၁) တွင် တရား

* ၁၉၇၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၇၃။

† ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၆ တွင်တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၁) တရားသူကြီးရုံး၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

စွဲဆိုခဲ့သည်။ ယင်းရုံးက အယူခံတရားပြိုင်အမှတ် (၃) နှင့် (၄) တို့က အပေါင်အဖြစ် ပေးထားသော ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ် ၆၇၇ အေ သစ်သားအိမ်နှင့် အယူခံ တရားပြိုင် (၅) (၆) (၇) (၈) တို့အပေါင်အဖြစ် ပေးခဲ့သော ပေါင်းတည်မြို့ရှိ မြေ နှင့် အဆောက်အဦနှင့် ဂိုဒေါင်တို့ကိုချန်လှပ်၍ ငွေ ၉၀၂၉၆ဝိ/၅၀ ပြားအတွက် ပဏာမ အပေါင်ဒီကရီချမှတ်ပေးလိုက်သည်။ ယင်းအမိန့်ကို အယူခံတရားလိုက မကျေနပ်၍ အယူခံမှုတင်သွင်းခြင်းဖြစ်သည်။

၁၉၇၅ — ပြည်ထောင်စု မြန်မာနိုင်ငံဘဏ် နှင့် ဦးအောင်လေး ပါ ၉။

အယူခံတရားပြိုင် အမှတ် (၃) နှင့် (၄) တို့က၊ ရန်ကုန်မြို့၊ ပြည်လမ်း အမှတ် ၆၇၇ အဆောက်အဦနှင့် မြေကို အပေါင်ပေးစဉ်က အမှတ် ၆၇၇ အေအိမ်သည် မရှိသေးပါ။ အပေါင်ပြုလုပ်ပြီးမှ ဆောက်သည့်အိမ်ဖြစ်သည်။ ထို့ကြောင့် အမှတ် ၆၇၇ အေ အိမ်ကို အပေါင်ပေးသည့် ပစ္စည်းဖြစ်သည်ဟု မသတ်မှတ်နိုင်ပါဟု မူလရုံး စီရင်ချက်တွင် ဖော်ပြ ထားကြောင်း တွေ့ရသည်။

အမှတ် ၆၇၇ အေ အိမ်သည် အပေါင်ပေးခဲ့သည့် မြေပေါ်၌ တည်ဆောက်ထား ခြင်းနှင့် ပတ်သက်၍ အငြင်းပွားချက်မရှိချေ။ ထို့ကြောင့် အပေါင်ပေးထားသည့် မြေပေါ်တွင် အပေါင်ပေးပြီးနောက် အိမ်ကို အပေါင်ပေးသူက တည်ဆောက်လျှင် ယင်းအိမ်သည် အပေါင်ပစ္စည်းဖြစ်လာကြောင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၇၀ အရ ထင်ရှားသည်။ ယင်းပုဒ်မတွင် ဖော်ပြထားသည့် ဥပမာ (ဘီ) မှာ ယခုအမှုနှင့် ထပ်တူထပ်မျှဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ် ၆၇၇ အေ အိမ်သည် အပေါင်ပစ္စည်းတွင် ပါဝင်သည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။

ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၈ (စ) တွင် ယင်းပုဒ်မအရ သတ်မှတ်ထား သည့် မြို့များတွင် ငွေချေးယူပြီး မရွေး မပြောင်းနိုင်သည့် ပစ္စည်းနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှုနှင့် ပတ်သက်သော စာချုပ် စာတမ်းများကို ပေးအပ်ပါက၊ အပေါင်မြောက် သည်ဟု ပြဋ္ဌာန်းထားသည်။ အယူခံတရားပြိုင် အမှတ် (၅) မှ (၈) တို့က အပေါင်ပြု လုပ်စဉ်အခါတွင် ပေါင်းတည်မြို့ မြေနှင့်အိမ်နှင့်ဂိုဒေါင်နှင့်သက်ဆိုင်သည့် ဦးပိုင်ရာဇဝင် မှတ်တမ်း ( Register of Holdings ) ကို ဘဏ်တိုက်သို့ ပေးအပ်ခဲ့သည်။ ယင်း ဦးပိုင်ရာဇဝင် မှတ်တမ်းမှာ ပိုင်ဆိုင်မှုနှင့် ပတ်သက်သော စာချုပ်စာတမ်းမဟုတ်သည့် အတွက် အပေါင်မမြောက်ခဲ့ပါဟု အယူခံတရားပြိုင် အမှတ် (၅) မှ (၈) တို့က ထုချေ ခဲ့သည်။ ထို့ကြောင့် ယင်းမှတ်တမ်းမှာ ပိုင်ဆိုင်မှုနှင့် ပတ်သက်သော စာချုပ် စာတမ်း များ ဟုတ်မဟုတ် ဆန်းစစ်ရန် လိုပေလိမ့်မည်။

ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၈ (စ) တွင် " ပိုင်ဆိုင်မှုနှင့် ပတ်သက်သော စာချုပ်စာတမ်း " ( Documents of Title ) ဟုပါရှိသည်။ ယင်းကဲ့သို့ ဖော်ပြ

၁၉၇၅

ပြည်ထောင်စု မြန်မာနိုင်ငံဘဏ် နှင့် ဦးအောင်လေး ပါ ၉။

ထားသည့် စကားရပ်တွင် စာချုပ်စာတမ်း အမျိုးအစား ၂ မျိုးရှိသည်။ တမျိုးမှာ "ပိုင်ဆိုင်ခွင့်ကို သတ်မှတ်ပေးသည့် စာချုပ်စာတမ်း" ( Documents creating title ) နောက်တမျိုးမှာ "ပိုင်ဆိုင်ခွင့်ကို သက်သေခံ အထောက်အထား ပြုသည့် စာချုပ်စာတမ်း" ( Documents evidencing title ) တို့ဖြစ်သည်။ ဦးပိုင် ရာဇဝင်မှတ်တမ်းမှာ "ပိုင်ဆိုင်ခွင့်ကို သက်သေခံ အထောက်အထားပြုသည့်စာချုပ် စာတမ်း" အမျိုးအစားတွင် ပါဝင်သည်။ သို့ဖြစ်၍ ဦးပိုင် ရာဇဝင် မှတ်တမ်းကို ပေးအပ်ခဲ့ခြင်းမှာ အပေါင်မြောက်သည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။

အထက်ပါ အကြောင်းများကြောင့် မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အယူခံတရားလိုများ စွဲဆိုသည့်အတိုင်း ပဏာမအပေါင်ဒီကရီချမှတ်ပေးလိုက်သည်။ တရားရုံးအဆင့်ဆင့်အတွက် ကုန်ကျသည့် တရားစရိတ်များကို အယူခံတရားပြိုင်များက ကျခံစေ။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဖာတမာဘီ [၎င်း၏ နီးစပ်ရာ မိတ်ဆွေအဖြစ် မောင်ဂေါ်ရာ (ခ) မောင်သိန်းထွေး]

†၁၉၇၅ စက်တင်ဘာလ ၂၄ ရက်။

နှင့်

မဟာနီဖာဘီ ပါ ၆ *

**စိတ်မနှံ့သူဖြစ်ကြောင်း ဆုံးဖြတ်ရန် သက်ဆိုင်ရာ ဆရာဝန်၏ထောက်ခံချက် လိုမလို၊ စိတ်မနှံ့သူအား ရုံးရှေ့သို့ခေါ်လာရန် လိုမလို။**

**ဆုံးဖြတ်ချက်။** ။အမှုတမှုမှ အမှုသည်တဦးသည် စိတ်မနှံ့ပါဟု ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာ ဆရာဝန်၏ ထောက်ခံချက်မှာအရေးကြီးသည့် အချက်ဖြစ်သည်။ ဤအမှုတွင် လျှောက်ထားသူသည် စိတ်မနှံ့သူဖြစ်သည်ဟု ဆရာဝန်ထောက်ခံချက်မတွေ့ရှိရချေ။ ထို့အပြင် အမှုစစ်ဆေးသည့်တရားသူကြီးအဖွဲ့အနေနှင့် လျှောက်ထားသူသည် စိတ်မနှံ့သူတဦး ဟုတ်မဟုတ်ကို အကဲခတ်၍ ဆုံးဖြတ်နိုင်ရန် လျှောက်ထားသူကို မောင်ဂေါ်ရာက ရုံးရှေ့သို့ခေါ်လာသင့်သည်။ ဤကဲ့သို့လျှောက်ထားသူကို ရုံးရှေ့သို့ခေါ်လာခဲ့ခြင်းမရှိခဲ့ချေ။ ထို့ကြောင့် မွန်ပြည်နယ်တရားရုံးက လျှောက်ထားသူသည် စိတ်မနှံ့သူတဦးဖြစ်ကြောင်း လုံလောက်သည့် အထောက်အထားမရှိဟု အဆုံးအဖြတ်ကို ကျွန်ုပ်တို့အနေနှင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိ။

**အယူခံတရားလိုအတွက်။** ။အကျိုးဆောင် မစ္စတာ ဝင်ဆင်ဆော်လမွန်။

**အယူခံတရားခံအတွက်။** ။အကျိုးဆောင်မစ္စတာဗွီစီစီဖိုး (၁) (တရားပိုင်အတွက်)။

လျှောက်ထားသူနှင့် လျှောက်ထား ခံရသူတို့မှာကွယ်လွန်သူ ဦးအုံးမောင်ဆိုသူ၏ သားသမီးများ ဖြစ်ကြသည်။

မွန်ပြည်နယ် တရားရုံး၊တရားမအထွေထွေမှုအမှတ် ၂/၇၃ တွင် လျှောက်ထားသူက လျှောက်ထား ခံရသူတို့အပေါ် ကွယ်လွန်သူ ဦးအုံးမောင်၏ ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့် ပတ်သက်၍ အမွေမှု စွဲဆိုပြီး လျှောက်ထားသူ၏ တူဖြစ်သော

* ၁၉၇၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၄။

† ၁၉၇၃ ခုနှစ်၊ တရားမသေးမှုအမှတ် ၂ တွင် မွန်ပြည်နယ်တရားရုံး (သထုံမြို့ရုံးထိုင်) ရုံး၏ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၇၅

မဖါတမာဘီ [ငှင်း၏ နီးစပ်ရာ မိတ်ဆွေအဖြစ် မောင်ဂေါ်ရာ (ခ) မောင်သိန်းဇော်] နှင့် မဟာနိဖါဘီ ပါ ၆။

မောင်ဂေါ်ရာဆိုသူက လျှောက်ထားသူ၏ အနီးစပ်ဆုံး မိတ်ဆွေအဖြစ်ဖြင့် ဆောင်ရွက်ရန် နှင့်လူမွဲအဖြစ်ဖြင့် အမှုစွဲဆိုရန် လျှောက်ထားခဲ့သည်။ မူလမွန်ပြည်နယ် တရားရုံးက နှစ်ဘက်သက်သေများ စစ်ဆေး၍ မောင်ဂေါ်ရာ၏ လျှောက်လွှာကို ပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤပြင်ဆင်မှုလျှောက်လွှာ တင်ခြင်းဖြစ်သည်။

လျှောက်ထားသူသည် စိတ်မနှံ့သူ ဖြစ်သဖြင့် ၎င်း၏ အနီးစပ်ဆုံး မိတ်ဆွေအဖြစ်ဖြင့် ဆောင်ရွက်ခွင့်ပြုရန် မောင်ဂေါ်ရာက လျှောက်ထားခဲ့သည်။ မွန်ပြည်နယ် တရားရုံးက လျှောက်ထားသူသည် စိတ်မနှံ့သူ တဦးဖြစ်ကြောင်း လုံလောက်သည့် အထောက်အထား မရှိသဖြင့် မောင်ဂေါ်ရာ၏ လျှောက်လွှာကို ပလပ်လိုက်ကြောင်း တွေ့ရသည်။

အမှုတမှုမှာအမှုသည် တဦးသည် စိတ်မနှံ့ပါဟု ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာ ဆရာဝန်၏ ထောက်ခံချက်မှာ အရေးကြီးသည့် အချက်ဖြစ်သည်။ ဤအမှုတွင် လျှောက်ထားသူသည် စိတ်မနှံ့သူ ဖြစ်သည်ဟု ဆရာဝန်ထောက်ခံချက် မတွေ့ရှိရချေ၊ ထို့အပြင် အမှုစစ်ဆေးသည့် တရားသူကြီးအဖွဲ့အနေနှင့် လျှောက်ထားသူသည် စိတ်မနှံ့သူတဦး ဟုတ်မဟုတ်ကို အကဲခတ်၍ ဆုံးဖြတ်နိုင်ရန် လျှောက်ထားသူကို မောင်ဂေါ်ရာက ရုံးရှေ့သို့ ခေါ်လာသင့်သည်။ ဤကဲ့သို့ လျှောက်ထားသူကို ရုံးရှေ့သို့ ခေါ်လာခဲ့ခြင်း မရှိခဲ့ချေ။ ထို့ကြောင့် မွန်ပြည်နယ် တရားရုံးက လျှောက်ထားသူသည် စိတ်မနှံ့သူ တဦးဖြစ်ကြောင်း လုံလောက်သည့် အထောက်အထား မရှိဟု အဆုံးအဖြတ်ကို ကျွန်ုပ်တို့အနေနှင့် ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိချေ။

သို့ဖြစ်၍ ဤပြင်ဆင်မှု လျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၅ိ ခွင့်ပြုသည်။

## တရားမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

### ဗဟိုကုန်သွယ်ရေးဦးစီးဌာန (စီမံရေးဌာနခွဲ) ရန်ကုန်မြို့

### နှင့်

### ဒေါ်ထွေး (ကွယ်လွန်သူ ဦးသိန်းအောင်၏ဇနီး) *

†၁၉၇၃
ဇွန်လ ၄ ရက်။

**မော်တော်ပူးတွဲပိုင်ရှင်နှစ်ဦး အချင်းချင်းနားလည်မှုဖြင့်အလှည့်ကျဆလင်အဖြစ်ဆောင်ရွက်သူသည် မော်တော်ငှားသည့်ဌာန၏အလုပ်သမားဟုတ်မဟုတ်။**

**ဆုံးဖြတ်ချက်။** ။မော်တော်ငှားသည့်အတွက် အယူခံတရားလိုတို့က မော်တော်ငှားခပေးခြင်းဖြစ်သည်။ အယူခံတရားလိုဌာနအနေနှင့် ဦးသိန်းအောင်အား လုပ်ခပေးရန်တာဝန်လုံးဝမရှိပေ၊ ပူးတွဲပိုင်ရှင်နှစ်ဦး အချင်းချင်းနားလည်မှုဖြင့် အလှည့်ကျဆလင်အဖြစ်ဆောင်ရွက်ရန် သဘောတူခဲ့ကြသဖြင့် ဦးသိန်းအောင်သည် အချင်းဖြစ်နေ့က ဆလင်အဖြစ်ဆောင်ရွက်ခြင်းဖြစ်ခဲ့သည်၊ အယူခံတရားလိုများ၏ အကျိုးအတွက် ဆလင်အဖြစ်ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပေ၊ ထို့ကြောင့် ဦးသိန်းအောင်သည် တရားလိုဌာန၏ အလုပ်သမားတဦးမဟုတ်ဟုယူဆသည်။

**အယူခံတရားလိုအတွက်။** ။ဥပဒေဝန်ထမ်းအဆင့် (၁) မစ္စတာ အက်စ်၊ ကေ၊ ဂိုရှ်။

**အယူခံတရားပြိုင်အတွက်။** ။မလာ။

အောင်သိန်းမြင့် မော်တော်ကို ပန်းတနော်မြို့ ကုန်သွယ်ရေးရုံးမှ ကုန်သွယ်ရေးဌာနပိုင် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန်အတွက် ပိုင်ရှင်များထံမှ ငှားရမ်းခဲ့သည်။ ၁၉၆၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့က ကုန်သွယ်ရေး ပစ္စည်းများကို ယင်းမော်တော်ဖြင့် သယ်ယူ ပို့ဆောင်နေစဉ် မရမ်းကျေးရွာအရောက် သောင်းကျန်းသူများ၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် မော်တော်၏ ဆလင်အဖြစ် ဆောင်ရွက်သူ ဦးသိန်းအောင်မှာ သေနတ်ကျည်ဆံ ထိမှန်၍ သေဆုံးခဲ့၏။ ကွယ်လွန်သူ ဦးသိန်းအောင်၏ဇနီး ဒေါ်ထွေး (လျှောက်ထားခံရသူက) အလုပ်သမားလျော်ကြေးဥပဒေအရလျော်ကြေးတောင်းရာ ပန်းတနော်မြို့၊ အလုပ်သမားလျော်ကြေးစိစစ်ရေး

* ၁၉၇၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၅၄။

† ၁၉၇၃ ခုနှစ်၊ လျော်ကြေးမှုအမှတ် ၆ တွင် (ပန်းတနော်မြို့) မအူပင်မြို့နယ်အလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီအတွင်းရေးမှူးရုံး၏ ချမှတ်သော အမိန့်ကိုအယူခံဝင်မှု။

၁၉၇၅

ဗဟိုကုန်သွယ်ရေး ဦးစီးဌာန (စိမ်ရေးဌာနခွဲ) ရန်ကုန်မြို့ နှင့် ဒေါ်ထွေး(ကွယ်လွန်သူ ဦးသိန်းအောင်၏ ဇနီး)။

ကော်မတီက ၂,၆၅၂ ပေးရန် အယူခံတရားလို ဗဟိုကုန်သွယ်ရေး ဦးစီးဌာနအပေါ် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမားလျော်ကြေး ဥပဒေ ပုဒ်မ ၃၀ အရ အယူခံဝင်ခြင်းဖြစ်သည်။

**အောင်သိန်းမြင့်** မော်တော်၏ ပိုင်ရှင်များမှာ ကွယ်လွန်သူ ဦးသိန်းအောင်နှင့် ဦးသစ်ငွေတို့ ဖြစ်ကြကြောင်းမှာ အငြင်းမထွက်ချေ။ ဦးသိန်းအောင်နှင့် ဦးသစ်ငွေတို့သည် ၎င်းတို့ပိုင်မော်တော်ကို အလှည့်ကျ ဆလင်အဖြစ် ဆောင်ရွက်ခဲ့ကြသည်ဟု အမှုတွဲရှိ သက်သေခံချက်များအရ ပေါ်လွင်ကြောင်း တွေ့ရှိရသည်။

အယူခံ တရားလိုဌာနက ၎င်းတို့ပိုင် ပစ္စည်းများကို သယ်ယူပို့ဆောင်ရန်အတွက် **အောင်သိန်းမြင့်** မော်တော်ကို ပိုင်ရှင်များ ဖြစ်ကြသည့် ဦးသိန်းအောင်၊ ဦးသစ်ငွေတို့နှင့် မော်တော်ငှားသည့် ပဋိညာဉ် ပြုလုပ်ခဲ့ကြသည်။ မော်တော်ငှားသည့်အတွက် အယူခံ တရားလိုတို့က မော်တော်ငှားခ ပေးခြင်းဖြစ်သည်။ အယူခံတရားလို ဌာန အနေနှင့် ဦးသိန်းအောင်အား လုပ်ခပေးရန် တာဝန် လုံးဝမရှိပေ။ ပူးတွဲပိုင်ရှင်နှစ်ဦး အချင်းချင်း နားလည်မှုဖြင့် အလှည့်ကျ ဆလင်အဖြစ် ဆောင်ရွက်ရန် သဘောတူခဲ့ကြသဖြင့် ဦးသိန်းအောင်သည် အချင်းဖြစ်သည့်နေ့က စလင်အဖြစ် ဆောင်ရွက်ခြင်း ဖြစ်ခဲ့သည်။ အယူခံ တရားလိုများ၏ အကျိုးအတွက် ဆလင်အဖြစ် ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပေ။ ထို့ကြောင့် ဦးသိန်းအောင်သည် တရားလိုဌာန၏ အလုပ်သမားတဦး မဟုတ်ဟု ကျွန်ုပ်တို့ယူဆသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို လက်ခံပြီး (ပန်းတနော် မြို့) မအူပင်မြို့နယ်၊ အလုပ်သမားလျော်ကြေး စီစစ်ရေး ကော်မတီရုံး လျော်ကြေးမှု အမှတ် ၆/၆၇ ကို ပယ်ဖျက်လိုက်သည်။ အယူခံ တရားလိုတို့ ပေးသွင်းထားသည့် ငွေများကိုလည်း ပြန်လည်ထုတ်ပေးရန် အမိန့်ချမှတ်သည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ဝင်ပါသော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်ဘထွန်း ပါ ၃

နှင့်

မညွန့်တင် ပါ ၄ *

† ၁၉၇၅

နိုဝင်ဘာလ ၁၂ ရက်။

သေဆုံးသူတရားလို၏ တရားဝင်ကိုယ်စားလှယ်အဖြစ်ထည့်သွင်းပေးရန် လျှောက်ထားခြင်း ကာလစည်းကမ်းသတ်ထားသည့် ရက်ထက် ၂ ရက်ကျော်လွန်နေခြင်း တရားစီရင်ရေးစနစ်တခုမှ စနစ်တခုသို့ ကူးပြောင်းနေချိန်ဖြစ်ခြင်း လက်ခံနိုင်သောအချိန်အတိုင်းအတာဟု ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားစီရင်ရေးစနစ်တခုမှ စနစ်တခုသို့ ကူးပြောင်းနေသည့်အချိန်ဖြစ်သည့်အပြင်၊ စီရင်ပိုင်ခွင့်အာဏာအရအမှုများကို ခွဲဝေသတ်မှတ်ချိန်လည်းဖြစ်သောကြောင့် ကာလစည်းကမ်းသတ် ၂ ရက်ကျော်လွန်ရှိခြင်းမှာ လက်ခံနိုင်လောက်သောအချိန်အတိုင်းအတာဖြစ်သဖြင့် ဤအမှုတွင် အလိုအလျောက်ရုပ်သိမ်းမှု (Abatement) ကိုပယ်ဖျက်၍၊ မူလသတ်မှတ်ထားသည့် အမှတ်စဉ်ဖြင့် တိုင်းတရားရုံးတွင် အမှုပြန်ဖွင့်ပြီး ဆက်လက်စစ်ဆေးရန်အမိန့်ချမှတ်လိုက်သည်။

လျှောက်ထားသူများအတွက်။ ။အကျိုးဆောင် ဦးခင်ထွန်း။

လျှောက်ထားခံရသူများအတွက်။ ။အကျိုးဆောင် ဦးထွန်းတင်။

ယခင် တရားရုံးချုပ် မူလဘက် ဌာနခွဲ (၂) တရားမကြီးမှုအမှတ် ၄၇၀/၆၇ တွင် ဒေါ်အုံးတင်ဆိုသူက လျှောက်ထားခံရသူများအပေါ် အခင်းဖြစ် မြေကွက်ကို လိမ်လည်အမည် ပြောင်းယူထားခြင်းသည် တရားမဝင် ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာချက် ဒီကရီ ချမှတ်ပေးရန် တရားစွဲဆိုခဲ့သည် ဒေါ်အုံးတင်သည် ၁၉၇၃ ခုနှစ် မေလ ၇ ရက်နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့သဖြင့် လျှောက်ထားသူများက တရားဝင်ကိုယ်စားလှယ်များ အဖြစ်ဖြင့် ထည့်သွင်းပေးပါရန် ရန်ကုန်တိုင်း တရားရုံးတွင်

---

* ၁၉၇၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၀။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် တာမွေမြို့ရုံးထိုင်၊ ရန်ကုန်တိုင်း ပြည်သူ့တရားရုံး၏ ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

၁၉၇၅

မောင်ဘထွန်း ပါ ၃ နှင့် မညွန့်တင် ပါ ၄။

လျှောက်ထားခဲ့သည်။ ယင်းလျှောက်လွှာမှာ ကာလ စည်းကမ်းသတ်ထားသည့်ရက်ထက် ၂ ရက် ကျော်လွန်နေသည်ဟုဆိုပြီး လျှောက်လွှာကို ရန်ကုန်တိုင်း တရားရုံးက ပလပ်လိုက်သည်။ ထို့ကြောင့် ဤပြင်ဆင်မှုလျှောက်လွှာ တင်ခြင်းဖြစ်သည်။

တရားစီရင်ရေး စနစ်သစ်အရ ယခင် တရားရုံးချုပ် မူလဘက် ဌာနခွဲ (၂) တွင်ရှိသော တရားမမှုများကို ၁၉၇၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှစပြီး၊ သက်ဆိုင်ရာ ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်တရားရုံးများနှင့် တိုင်းတရားရုံးများသို့ လွှဲပြောင်းပေးခဲ့သည်။ ဤအမှုကို ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် ယခင် မူလဘက် ဌာနခွဲ (၂)မှ ဧတုတ္တမော်ကွန်းထိန်းရှေ့တွင် အမှုခေါ်ပြီး ရန်ကုန်တိုင်း မြို့နယ်စု(၃) တရားရုံးရှေ့တွင် အမှုခေါ်ရန် ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့သို့ အမှုရက်ချိန်းပေးလိုက်သည်။ လျှောက်ထားသူများက ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် ယခင်တရားရုံးချုပ် မူလဘက်ဌာနခွဲ (၂) စတုတ္ထ မော်ကွန်းထိန်းရှေ့၌ အမှုခေါ်စဉ်က တရားဝင် ကိုယ်စားလှယ်လျှောက်လွှာတင်သော်လည်း ရုံးက လက်မခံသည့်အတွက် မတင်ခဲ့ခြင်း ဖြစ်သည်ဟု တင်ပြခဲ့သည်။ သို့သော် ဤတင်ပြချက်ကိုတိုင်းတရားရုံးက လက်မခံခဲ့ချေ။ ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့က ယခင် မူလဘက် ဌာနခွဲ (၂) စတုတ္ထမော်ကွန်းထိန်း အနေနှင့် လျှောက်ထားသူများ တင်သွင်းသည့် တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် လျှောက်လွှာကို လက်ခံရန် အာဏာမရှိ‌တော့ချေ။ ထို့ကြောင့် လျှောက်ထားသူများက ထိုနေ့တွင် လျှောက်လွှာကို တင်ခဲ့သော်လည်း လက်မခံပါဟု တင်ပြချက်မှာ ယုတ္တိရှိသည်။ ထို့အပြင် ဤလျှောက်လွှာမှာသတ်မှတ်ထားသည့် ကာလစည်းကမ်းသတ် အချိန်ထက် ၂ ရက်သာ ကျော်လွန်နေကြောင်း တွေ့ရသည်။

တရားစီရင်ရေးစနစ် တခုမှ စနစ်တခုသို့ ကူးပြောင်းနေသည့် အချိန်ဖြစ်သည့်အပြင်၊ စီရင်ပိုင်ခွင့် အာဏာအရ အမှုများကို ခွဲဝေသတ်မှတ်ချိန်လည်း ဖြစ်သောကြောင့် ကာလစည်းကမ်းသတ် ၂ ရက် ကျော်လွန်ရခြင်းမှာ လက်ခံနိုင်လောက်သော အချိန်အတိုင်းအတာ ဖြစ်သဖြင့် ဤအမှုတွင် အလိုအလျောက် ရုပ်သိမ်းမှု (Abatement) ကို ပယ်ဖျက်၍၊ မူလသတ်မှတ်ထားသည့် အမှတ်စဉ်ဖြင့် တိုင်းတရားရုံးတွင် အမှုပြန်ဖွင့်ပြီး ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဘက္ကဝန်ဒတ်ဘာဂလဝ † ၁၉၇၅

နှင့် နိုဝင်ဘာလ ၅ ရက်။

ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီ ပါ ၂ *

**အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၂ (၁) သေဆုံးသူအလုပ်သမား၌ သားသမီး ၇ ယောက် ကျန်ခဲ့ခြင်း၊ တဦးတည်းလျော်ကြေးရလိုကြောင်း လျှောက်ခွင့်ရှိမရှိ။**

ဆုံးဖြတ်ချက်။ ။မောင်သိန်းသည် ဒေါ်တင်လှိုင်၏ သားသမီး ၇ ယောက်အနက်အကြီးဆုံး သော သားဖြစ်သည်။ သို့ကြောင့် အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၂ (၁) အရ၊ ၎င်းသည် လျော်ကြေးလျှောက်လွှာတင်ပိုင်ခွင့်ရှိသူတဦးဖြစ်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးချန်ထွန်းအောင်။

အယူခံတရားပြိုင် (၁) အတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) မစ္စတာ အက်စ်၊ ကေ၊ဂို့ရှ်။

အယူခံတရားပြိုင် (၂) အတွက်။ ။အကျိုးဆောင် ဦးရဲထွန်း။

အယူခံတရားပြိုင် အမှတ် (၂) မောင်သိန်း၏ မိခင်ဖြစ်သူ ဒေါ်တင်လှိုင်သည် အယူခံတရားလို ဘက္ကဝန်ဒတ်၏ ရန်ကုန်မြို့၊ အမှတ် ၉၄ နတ်မောက်လမ်း ခြံတွင် ဥယျာဉ် သန့်ရှင်းသူအဖြစ်ဖြင့် အလုပ် လုပ်ခဲ့သည်။ လစာမှာတလ ၇၅ ကျပ် ဖြစ်သည်။ ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ဒေါ်တင်လှိုင်သည် ခြံထဲ၌ သန့်ရှင်းရေး အလုပ် လုပ်နေစဉ် မူးလဲ၍ သေဆုံးခဲ့သည်ဟု အဆိုရှိသည်။ ဒေါ်တင်လှိုင် သေဆုံးသည်ကိစ္စနှင့် ပတ်သက်၍ ၎င်း၏သားသမီး ၇ ယောက်အနက် အကြီးဆုံးသောသူဖြစ်သည့် မောင်သိန်းက အလုပ်သမားလျော်ကြေးရလိုကြောင်း တောင်းဆိုခဲ့သည်။ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီက

---

*၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၇။

† ၁၉၇၄ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၇ တွင်၊ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီရုံး၏ ချမှတ်သော ဆုံးဖြတ်ချက်ကိုအယူခံဝင်မှု။

၁၉၇၅

ဘက္ကဝန်ဒတ်
ဘာဂလာ
နှင့်
ဥက္ကဋ္ဌ၊
ရန်ကုန်တိုင်း
အလုပ်သမား
လျော်ကြေး
စိစစ်ရေး
ကော်မတီပါ ၂။

အမှုကို စစ်ဆေးပြီး အယူခံတရားလို ဘက္ကဝန်ဒတ်သည် အယူခံတရားပြိုင် မောင်သိန်းအား လျော်ကြေးငွေ ၂၇၀၀ ကျပ် ပေးစေရန် အမိန့်ချမှတ်လိုက်သည်၊ ယင်းအမိန့်ကို မကျေနပ်၍ အယူခံတရားလိုက အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၃၀ အရ၊ ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

သေဆုံးသူ ဒေါ်တင်လှိုင်သည် အယူခံတရားလို၏ အလုပ်သမားဖြစ်ကြောင်း အငြင်းမထွက်ချေ။ သို့သော် ဒေါ်တင်လှိုင်သည် အလိုအလျောက်သေခဲ့ကြောင်း အလုပ်ချိန်တွင် အလုပ်ခွင်၌ သေခဲ့ခြင်းမဟုတ်ကြောင်း၊ ဒေါ်တင်လှိုင်တွင် သားသမီး (၇) ယောက်ကျန်ခဲ့သော်လည်း မောင်သိန်း တဦးတည်းက လျော်ကြေးရလိုကြောင်း လျှောက်ထားခြင်းကို ဥပဒေအရ လက်မခံသင့်ကြောင်း အယူခံတရားလိုဘက်က တင်ပြသည်။

အယူခံတရားလို၏ ကိုယ်စားလှယ် ဘာတူရမ်းဆင်းက "သိရသလောက်မှာ (Heart failure) ကြောင့်ဟု ထင်ပါသည်" ဟု ထွက်ဆိုထားကြောင်း တွေ့ရသည်၊ ထိုထွက်ဆိုချက်ကို ဒေါ်တင်လှိုင်၏ သေစာရင်းလက်မှတ်က ထောက်ခံသည်။ ထို့ကြောင့် ဒေါ်တင်လှိုင်သည် အလိုအလျောက် သေခြင်းမဟုတ်ပဲ နှလုံးရောဂါ (Heart failure) ကြောင့် သေဆုံးခဲ့သည်ဟု အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ၏ သုံးသပ်ချက်မှာ မှန်သည်။

မောင်သိန်းက ၎င်း၏မိခင် ဒေါ်တင်လှိုင်သည် ခြံထဲ၌ အလုပ် လုပ်နေစဉ် မူးလဲ၍ သေသွားသည်ဟု ထွက်ဆိုထားကြောင်း တွေ့ရသည်။ ဤစွပ်စွဲချက်ကို ဘာတူရမ်းဆင်းက တိကျစွာ ချေပနိုင်ခြင်းမရှိခဲ့ချေ။ ထို့ကြောင့် ဒေါ်တင်လှိုင်သည် အလုပ်ချိန်တွင် အလုပ်ခွင်၌ သေဆုံးခဲ့သည်ဟု ယူဆရပေမည်။

မောင်သိန်းသည် ဒေါ်တင်လှိုင်၏ သားသမီး (၇) ယောက်အနက် အကြီးဆုံးသော သားဖြစ်သည်။ ထို့ကြောင့် အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ ၂၂(၁) အရ ၎င်းသည်၊ လျော်ကြေးလျှောက်လွှာတင်ပိုင်ခွင့်ရှိသူ တဦးဖြစ်သည်၊

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံလျှောက်လွှာကို ပယ်လိုက်သည်။ ရှေ့နေစရိတ် ၅၁ ကျပ် ခွင့်ပြုသည်။

# တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## မဂျစ် (ခ) ဦးချစ်

## နှင့်

## တီ၊ ပီ၊ မာမွတ်တီး *

†၁၉၇၅
စက်တင်ဘာလ
၂၄ ရက်။

**နိုင်ငံခြားနေ တရားလိုအတွက် ကိုယ်စားလှယ်က အဆိုလွှာကိုလက်မှတ်ထိုးခြင်း၊ အဆိုလွှာပါကိစ္စများ သိရှိနားလည်သည်ဟု ဝန်ခံထားခြင်း နိုင်ငံခြားနေတရားလိုအား ကော်မရှင်နှင့် စစ်ဆေးရန်လျှောက်ထားခြင်းကို ခွင့်ပြုသင့်မသင့်။**

**ဆုံးဖြတ်ချက်။** ။မူလမှုမှ အဆိုလွှာကို တီ၊ ပီ၊ မာမွတ်တီး၏ ကိုယ်စား ကိုယ်စားလှယ် ဦးကျော်အေးက လက်မှတ်ထိုး၍ တင်ခဲ့သည်။ယင်းအဆိုလွှာ၏နောက်ဆုံးအပိုဒ်ဖြစ်သည့် ဝန်ခံချက်အောက်တွင်လည်း ဦးကျော်အေးက လက်မှတ်ထိုးထားသည်။ အမှုအကြောင်းအခြင်းအရာ အချက်အလက်နှင့်ပတ်သက်သည့် အဆိုလွှာအပိုဒ် (၁) မှ (၇) အထိ စကားရပ်များမှာ မှန်ကန်ကြောင်း ကိုယ်တိုင်သိရှိနားလည်ပါသည်ဟု ဦးကျော်အေးက ဝန်ခံချက်ပြုထားသည်။ဤကဲ့သို့ ကိုယ်စားလှယ်တဦးအနေနှင့် အဆိုပြုချက်အားလုံးကို ကိုယ်တိုင်သိရှိနားလည်နေလျှင် အိန္ဒိယနိုင်ငံတွင်ရှိသည့် တီ၊ ပီ၊ မာမွတ်တီးကို ကော်မရှင်ဖြင့် စစ်ဆေးရန်မလိုချေ။

**လျှောက်ထားသူအတွက်။** ။အကျိုးဆောင် ဦးမောင်မောင်မြင့်။

**လျှောက်ထားခံရသူအတွက်။** ။အကျိုးဆောင် ဦးသန်းတင်။

လျှောက်ထား ခံရသူ တီ၊ပီ၊မာမွတ်တီးသည် အိန္ဒိယပြည်တွင် နေထိုင်သူတဦးဖြစ်သည်။ ဗိုလ်တထောင်မြို့နယ် တရားရုံး တရားမကြီးမှု အမှတ် ၂၈/၇၃ တွင် တီ၊ပီ၊မာမွတ်တီးက အခင်းဖြစ်အိမ်နှင့် ပတ်သက်၍ ၎င်းပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် လက်ရောက်ရလိုကြောင်း လျှောက်ထားသူများအပေါ် တရားစွဲဆိုခဲ့သည်။ ထိုကဲ့သို့ အမှုစွဲဆိုသည့်အခါကပင် တီ၊ပီ၊မာမွတ်တီးသည် မြန်မာပြည်တွင် မရှိတော့သည့်အတွက် ၎င်း၏ ကိုယ်စားလှယ် ဦးကျော်အေးက အဆိုလွှာကို လက်မှတ်ထိုး၍ တင်သွင်းခဲ့သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၃။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈ တွင်၊ ဗိုလ်တထောင်မြို့နယ်တရားရုံး၏ ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

၁၉၇၅ — မဂျစ် (ခ) ဦးချစ် နှင့် တီ.ပီ.မောမွတ်တီး။

အမှုစစ်ဆေးရန် အဆင်သင့်ဖြစ်ပြီးနောက် ကိုယ်စားလှယ်ဖြစ်သူ ဦးကျော်အေးက အိန္ဒိယပြည်တွင်ရှိသော တီ.ပီ.မောမွတ်တီး (မူလရုံးမှ တရားလို) ကို ကော်မရှင်နှင့် စစ်ဆေးခွင့် လျှောက်လွှာတင်ခဲ့သည်။ လျှောက်ထားသူများက ကန့်ကွက်ခဲ့သော်လည်း မူလရုံးက လျှောက်လွှာကို ခွင့်ပြုလိုက်သည်။ သို့ဖြစ်၍ ဤပြင်ဆင်မှု လျှောက်လွှာတင်ခြင်းဖြစ်သည်။

မူလအမှု အဆိုလွှာကို တီ.ပီ.မောမွတ်တီး၏ကိုယ်စားလှယ် ဦးကျော်အေးက လက်မှတ်ထိုး၍တင်ခဲ့သည်။ ယင်းအဆိုလွှာ၏ နောက်ဆုံးအပိုဒ်ဖြစ်သည့် ဝန်ခံချက်အောက်တွင်လည်း ဦးကျော်အေးက လက်မှတ်ထိုးထားသည်။အမှုအကြောင်းအခြင်းအရာ အချက်အလက်နှင့် ပတ်သက်သည့် အဆိုလွှာအပိုဒ် (၁) မှ (၇) အထိ စကားရပ်များမှာ မှန်ကန်ကြောင်း ကိုယ်တိုင်သိရှိနားလည်ပါသည်ဟု ဦးကျော်အေးက ဝန်ခံချက်ပြုထားသည်။ ဤကဲ့သို့ ကိုယ်စားလှယ်တဦးအနေနှင့် အဆိုပြုချက်အားလုံးကို ကိုယ်တိုင်သိရှိနားလည်နေလျှင် အိန္ဒိယနိုင်ငံတွင်ရှိသည့် တီ.ပီ.မောမွတ်တီးကို ကော်မရှင်ဖြင့် စစ်ဆေးရန်မလိုချေ။

သို့ဖြစ်၍ ဤပြင်ဆင်မှုလျှောက်လွှာကို ခွင့်ပြုသည်။ လျှောက်ထားခံရသူကို ကော်မရှင်ဖြင့် မူလရုံးက ခွင့်ပြုသည့်အမိန့်ကို ပယ်ဖျက်လိုက်သည်။ ရှေ့နေစရိတ် ၅၀ိ/ ခွင့်ပြုသည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## မာမွတ်ယာကွတ်မံဆာ
## နှင့်
## အယွတ်အဇ္ဇမေးလ်အာတီးယား ပါ ၁၆ *

† ၁၉၇၅

မေလ ၁၄ ရက်။

**သေတမ်းစာအတည်ပြုသူ ဂေါပကလူကြီးသည် မိမိ၏တာဝန်ဝတ္တရားများကို အခြားသူအား ကိုယ်စားလှယ်ခန့်အပ်၍ ဆောင်ရွက်နိုင်ခွင့် ရှိ မရှိ ပစ္စည်းထိန်းခန့်သင့်မသင့်ကို အမွေခု အနည်းအများ အခပါမူတည်၍ အဓိကထားပြီး အဆုံးအဖြတ်မပေးသင့်သော်လည်း အမွေဆိုင်အများစု၏ သဘောထားကို ထည့်သွင်းဆုံးဖြတ်သင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သေတမ်းစာအတည်ပြုသူ ဂေါပကလူကြီးများက အယူခံတရားပြိုင်အမှတ် (၉)အား ကိုယ်စားလှယ်စာလွှဲ၍ အမွေပစ္စည်းများကိုထိန်းသိမ်းစောင့်ရှောက်စေခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု အယူခံတရားလို၏ အကျိုးဆောင်ကြီးက တင်ပြသည်။ ဤတင်ပြချက်ကိုလက်မခံနိုင်ချေ။ သေတမ်းစာအတည်ပြုသူ ဂေါပကလူကြီးသည် မိမိ၏တာဝန်ဝတ္တရားများကို အခြားသူအား ဆောင်ရွက်ရန် အစားထိုး၍ လွှဲပြောင်းခန့်အပ်ခြင်း မပြုနိုင်ဟုသာ ဥပဒေကဆိုသည်။ မိမိ၏တာဝန်ဝတ္တရားများကို အခြားသူအား ကိုယ်စားလှယ်ခန့်အပ်၍ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အယူခံတရားလိုသည် ၎င်း၏အမွေခုမှ ၁၀ ပုံ ၁ ပုံခန့်သာရှိပြီး ကျန်အမွေဆိုင်များ၏ အမွေခုမှာ ၁၀ ပုံ ၉ ပုံရှိသည်။ အများစုက ပစ္စည်းထိန်း မခန့်လိုသောကြောင့် ပစ္စည်းထိန်းမခန့်သင့်ဟု တိုင်းတရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်မှာ မှားပါသည်။ အမွေခုအနည်းအများပေါ်မူတည်၍ ပစ္စည်းထိန်းခန့်သင့်မခန့်သင့်ကို မဆုံးဖြတ်သင့်ပါဟုအယူခံတရားလို၏အကျိုးဆောင်က တင်ပြသည်။ အမွေခုအနည်းအများပေါ်မူတည်၍ အဓိကထားပြီး အဆုံးအဖြတ်မပေးသင့်သော်လည်း အမွေဆိုင်အများစု၏သဘောထားကို ထည့်သွင်းဆုံးဖြတ်သင့်ပေသည်။

**အယူခံတရားလိုအတွက်။** ။အကျိုးဆောင် ဦးမောင်မောင် (၆)။

**အယူခံတရားခံအတွက်။** ။အကျိုးဆောင် မစ္စတာ အင်၊ စီ၊ ဆင်း။

အယူခံ တရားလိုသည် ကွယ်လွန်သူ ယာကွတ်အာမက်မံဆာနှင့် ပထမဇနီးမှ မွေးဖွားသူဖြစ်သည်။ အယူခံ တရားပြိုင်အမှတ် (၁) မှ (၄) တို့သည် ကွယ်လွန်သူ

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၁။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၅ တွင် ပန်းပဲတန်းမြို့နယ် ပြည်သူ့တရားရုံး၏ချမှတ်သောစီရင်ချက်ကို အယူခံဝင်မှု။

၁၉၇၅

မဘမွတ်ယာကွတ် မံဆာ နှင့် အယွတ်အစ္စ မေးလ်အာတီး ယား ပါ ၁၆။

ယာကွတ်အာမက်မံဆာ၏ သေတမ်းစာ အတည်ပြုသူ ဂေါပကလူကြီးများ ဖြစ်ကြသည်။ အယူခံတရားပြိုင် အမှတ် (၅) သည် ကွယ်လွန်သူ ယာကွတ်အာမက်မံဆာ၏ ဒုတိယဇနီးဖြစ်သည်။ တရားပြိုင် အမှတ် (၆) မှ (၁၆) တို့သည် ကွယ်လွန်သူ ယာကွတ်အာမက်မံဆာနှင့် တရားပြိုင် အမှတ် (၆) တို့ မွေးဖွားသည့် သားသမီးများ ဖြစ်ကြသည်။

အယူခံတရားလိုက အယူခံတရားပြိုင်တို့အပေါ် ယာကွတ်အာမက်မံဆာ ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို ခွဲဝေပေးစေလိုကြောင်း၊ ရုံးမှ စီမံအုပ်ချုပ် ခန့်ခွဲပေးရန်နှင့် စာရင်းရှင်းရန် ယခင် တရားရုံးချုပ် မူလဘက် ဌာနခွဲ (၂) တွင် တရားစွဲခဲ့သည်။ (တရားစီရင်ရေး စနစ်သစ်အရ ဤအမှုကို ရန်ကုန်တိုင်း တရားရုံးသို့ လွှဲပြောင်းပေးခဲ့သည်။)

ဤကဲ့သို့ စွဲဆိုပြီးနောက် သေတမ်းစာ အတည်ပြုသူ ဂေါပကလူကြီး လေးဦးတို့က အမွေပုံပစ္စည်းများကို အုပ်ချုပ်စီမံခန့်ခွဲမှု လုံးဝမလုပ်တော့ပဲ၊ ဥပေက္ခာလုပ်ထားသဖြင့် တရားရုံးမှ ဘီးလစ်ကြီးကို အမွေပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရန် ပစ္စည်းထိန်းခန့်ပေးမည့်အကြောင်း ရန်ကုန်တိုင်း တရားရုံးတွင် အယူခံတရားလိုက လျှောက်ထားခဲ့သည်။ ယင်းလျှောက်လွှာကို ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့က ပလပ်လိုက်သည့်အတွက် ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

သေတမ်းစာ အတည်ပြုသူ ဂေါပက လူကြီးများက အယူခံတရားပြိုင် အမှတ် (၉) အား ကိုယ်စားလှယ်စာလွှဲ၍ အမွေပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်စေခြင်းမှာ တရားဥပဒေအရ မှားယွင်းသည်ဟု အယူခံတရားလို၏ အကျိုးဆောင်ကြီးက တင်ပြသည်။ ဤတင်ပြချက်ကို လက်မခံနိုင်ချေ။ သေတမ်းစာ အတည်ပြုသူ ဂေါပကလူကြီးသည် မိမိ၏တာဝန်ဝတ္တရားများကို အခြားသူအား ဆောင်ရွက်ရန် အစားထိုး၍ လွှဲပြောင်းခန့်အပ်ခြင်း မပြုနိုင်ဟုသာ ဥပဒေကဆိုသည်။ မိမိ၏ တာဝန် ဝတ္တရားများကို တခြားသူအား ကိုယ်စားလှယ် ခန့်အပ်၍ ဆောင်ရွက်ပိုင်ခွင့် ရှိသည်။

သေတမ်းစာ အတည်ပြုသူ ဂေါပက လူကြီးများ၏ ကိုယ်စားလှယ် အယူခံတရားပြိုင် (၉) က စာရင်းမဲ့သုံးစွဲပြီး အစိုးရအခွန်အကောက်များကို မပေးဆောင်ပါဟု အယူခံတရားလို၏ အကျိုးဆောင်ကြီးက တင်ပြသည်။ အိမ်လခများကို စာရင်းမဲ့ အင်းမဲ့ သုံးစွဲသည့် စွပ်စွဲချက်မှာ လက်ခံနိုင်ဖွယ်ရာမရှိဟု ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့က ဆုံးဖြတ်ထားသည်၊ ယင်းဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိဟုယူဆသည်။ အခွန်အကောက်များကို အချိုအဝက် မပေးရသေးကြောင်း မှန်

၁၉၇၅

မာမွတ်ယာကွတ်
မံဆာ
နှင့်
အယူခံတ်အစ္စ
မေးလ်အာသီး
ယား ပါ ၁၆။

ကန်သည်။ သို့သော် ဤကဲ့သို့ မပေးနိုင်ခြင်းမှာ အိမ်ငှါးများထံမှ အိမ်လခမှန်မှန် မရရှိခြင်းကြောင့်သာ ဖြစ်သည်။

အယူခံတရားလိုသည် ၎င်း၏အမွေစုမှာ ၁၀ ပုံ၊ ၁ ပုံခန့်သာရှိပြီး ကျန်အမွေဆိုင်များ၏ အမွေစုမှာ ၁၀ ပုံ၊ ၉ ပုံရှိသည်။ အများစုက ပစ္စည်းထိန်းမခန့်လိုသောကြောင့် ပစ္စည်းထိန်း မခန့်သင့်ဟု ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်မှာ မှားပါသည် အမွေစု အနည်းအများပေါ် မူတည်၍ ပစ္စည်းထိန်း ခန့်သင့် မခန့်သင့်ကို မဆုံးဖြတ်သင့်ပါဟု အယူခံ တရားလို၏ အကျိုးဆောင်က တင်ပြသည်။ အမွေစု အနည်းအများပေါ်မူတည်၍ အဓိကထားပြီး အဆုံးအဖြတ် မပေးသင့်သော်လည်း အမွေဆိုင်အများစု၏ သဘောထားကို ထည့်သွင်းဆုံးဖြတ်သင့်ပေသည်။

ထို့ကြောင့် ဤအမှုတွင် ခြုံ၍ကြည့်လိုက်သည့်အခါ သေတမ်းစာ အတည်ပြုသူ ဂေါပကလူကြီးများအနေနှင့် အမွေပစ္စည်းများကို အုပ်ချုပ်စီမံခန့်ခွဲမှု လုံးဝမလုပ်တော့ပဲ၊ ဥပေက္ခာပြုလုပ်ထားသည်ဟု လုံလောက်သည့် အထောက်အထား မတွေ့ရှိရသဖြင့် ဤလျှောက်လွှာကို ပလပ်၍ မူလရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့၏ အမိန့်ကို အတည်ပြုလိုက်သည်။ ဤအယူခံမှုအတွက် အယူခံတရားလိုက အယူခံတရားပြိုင်တို့အား အကျိုးဆောင်စရိတ် ၅၁ ကျပ်ပေးရန် အမိန့်ချသည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးမောင်မောင် (ခ) အလီဘိုင်

နှင့်

## ဒေါ်ခင်သန်းမြင့် *

† ၁၉၇၅
နိုဝင်ဘာလ ၁၄ ရက်။

**ကုန်အမှတ်တံဆိပ်ကို အတုပြုခြင်းကြောင့် စွဲဆိုသည့်အမှုတွင် ကုန်အမှတ်တံဆိပ်အချင်းချင်းထပ်တူ ထပ်မျှ တူညီရန်လိုမလို ယင်းအမှုမျိုးအတောအတွင်း ယာယီ တားမြစ်အမိန့်ထုတ်ပေးထားရန် သင့်မသင့်။**

ဆုံးဖြတ်ချက်။ ။ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ်အချင်းချင်းသည် ထပ်တူထပ်မျှတူညီရန်မလို၊ တံဆိပ်နှစ်ခုကိုယှဉ်ပြိုင်ကြည့်ရှုလျှင် အနည်းငယ်ကွဲပြားချက်များရှိသော်လည်း၊ တခုနှင့်တခု ဆင်တူရိုးမှားဖြစ်လောက်အောင် တူညီမှုရှိလျှင် အတုပြုလုပ်ခြင်း ဖြစ်မြောက်သည်။ အခင်းဖြစ်တံဆိပ်နှစ်ခုကို ကြည့်ရှုလျှင် များစွာတူညီသဖြင့် သာမန်လူများမှားယွင်းရန်အကြောင်းရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ခြင်းကြောင့် စွဲဆိုသည့်အမှုအတောအတွင်း ယာယီတားမြစ်အမိန့်ကို လျှောက်ထားသူအား ထုတ်ပေးမထားခြင်းကြောင့် ၎င်းအကျွက်နစ်နာဆုံးရှုံးမှုမှာ ငွေကြေးဖြင့်တွက်ချက်၍ လျော်ကြေးပေးရန်မဖြစ်နိုင်သည့် နစ်နာမှုမျိုးကိုဖြစ်စေနိုင်သည်။ ယာယီတားမြစ်အမိန့်ကိုထုတ်ပေးထားမှသာလျှင် တရားမျှတမှုရှိပေမည်။

**လျှောက်ထားသူအတွက်။** ။အကျိုးဆောင် ဦးဘိုးသာ။

**လျှောက်ထားခံရသူအတွက်။** ။အကျိုးဆောင် ဦးဗိုလ်စိုးဝိုး။

လျှောက်ထားသူသည် လျှောက်ထားခံရသူအပေါ်၌ ယခင်သထုံမြို့ထိုင်၊ ကျိုက်ထိုနယ်ပိုင် တရားမ တရားသူကြီးရုံး၏ ၁၉၇၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင် လျှောက်ထားသူပိုင် "စိန်ပန်းခိုင်-မော်လမြိုင်" ခေါ် ဟင်းမွှေးမဆလာ ကုန်အမှတ်တံဆိပ်ကို လျှောက်ထားခံရသူက "စိန်ပန်းနှစ်ခိုင်-ပဲခူးမြို့" ခေါ် ဟင်းမွှေး

---

* ၁၉၇၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၁။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂ တွင် သထုံမြို့၊ မွန်ပြည်နယ်တရားရုံး၏ချမှတ်သောဒီကရီကိုပြင်ဆင်မှု။

၁၉၇၅

ဦးမောင်မောင် (ခ) အလီဘိုင် နှင့် ဒေါ်ခင်သန်း မြင့်။

မဆလာ ကုန်အမှတ်တံဆိပ်ဖြင့် အတုပြုလုပ် ရောင်းချနေသောကြောင့် လျှောက်ထားခံရသူ၏ ကုန်အမှတ်တံဆိပ်ကို အသုံးပြုခြင်းမှ ထာဝစဉ် တားမြစ်အမိန့်ဒီကရီ တရပ်ကို ချမှတ်ပေးပါရန် တရားစွဲဆိုခဲ့သည်။ ဤကဲ့သို့ တရားစွဲဆိုသည့် နေ့ကပင် အမှုကို အပြီးအပြတ် ဆုံးဖြတ်၍ မပြီးမီအတွင်း လျှောက်ထားခံရသူအား ကုန်အမှတ်တံဆိပ်ကို အသုံးမပြုစေရန် ယာယီတားမြစ်အမိန့် ထုတ်ပေးရန် လျှောက်ထားခဲ့သည်။ မူလရုံးက လျှောက်ထားသူ တောင်းဆိုသည့်အတိုင်း ယာယီ တားမြစ်အမိန့် တရပ်ကို ထုတ်ပေးခဲ့သည်။ လျှောက်ထားခံရသူက မွန်ပြည်နယ်တရားရုံးတွင် အယူခံဝင်သည့်အခါ အယူခံတရားရုံးက မူလရုံး၏အမိန့်ကိုပယ်ဖျက်လိုက်သည်။ သို့ဖြစ်၍ဤပြင်ဆင်မှု လျှောက်လွှာ တင်သွင်းခြင်း ဖြစ်သည်။

မွန်ပြည်နယ် တရားရုံးက ကုန်အမှတ်တံဆိပ်များတွင် ပါရှိသည့် စာသားများ ကွဲပြားနေသည်ဟု အကြောင်းပြချက်ဖြင့် မူလရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်ကြောင်း တွေ့ရသည်။ ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ် အချင်းချင်းသည် ထပ်တူထပ်မျှ တူညီရန်မလို၊ တံဆိပ်နှစ်ခုကို ယှဉ်ပြိုင်ကြည့်ရှုလျှင် အနည်းငယ်ကွဲပြားချက်များ ရှိသော်လည်း တခုနှင့်တခု ဆင်တူရိုးမှား ဖြစ်လောက်အောင် တူညီမှုရှိလျှင် အတုပြုလုပ်ခြင်း ဖြစ်မြောက်သည်။ အခင်းဖြစ် တံဆိပ်နှစ်ခုကို ကြည့်ရှုလျှင် များစွာ တူညီသဖြင့်သာမန်လူများ မှားယွင်းရန် အကြောင်းရှိသည်ဟု ဆိုရပေမည်။

အကယ်၍ လျှောကထားသူက အမှုနိုင်ခဲ့သော် အမှုအတောအတွင်း ယာယီတားမြစ်အမိန့် ထုတ်ပေးမထားခြင်းကြောင့် ၎င်းအတွက် နစ်နာဆုံးရှုံးမှုမှာ ငွေကြေးဖြင့် တွက်ချက်၍ လျော်ကြေးပေးရန် မဖြင့်နိုင်သည့် နစ်နာမှုမျိုးကို ဖြစ်စေနိုင်သည်ဟု ယူဆနိုင်လေသည်။ ဤကဲ့သို့သော အမှုမျိုးတွင် ယာယီတားမြစ်အမိန့် ထုတ်ပေးထားမှသာလျှင် တရားမျှတမှု ရှိပေလိမ့်မည်။

သို့ဖြစ်၍ အယူခံ မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ မူလတရားရုံး၏ အမိန့်ကို အတည်ပြုလိုက်သည်။ ဤလျှောက်လွှာအတွက် ရှေ့နေစရိတ် ၅၁ ကျပ် သတ်မှတ်သည်။

# တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌ အဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ မတ်လ ၅ ရက်။

## ဦးမျိုးအောင် ပါ ၃

## နှင့်

## ဦးကျော်ဝင်း ပါ ၂ *

**တရားမကျင့်ထုံးအမိန့် ၃၈ နည်းဥပဒေ ၅ (၁) (က) (၁)၊ အမှုမပြီးဆုံးမီအတွင်း ပစ္စည်းဖမ်း ဝါးရမ်းကို လွယ်လွယ်နှင့်ထုတ်မပေးရခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားရုံးများသည်အမှုမပြီးဆုံးမီအတွင်း ပစ္စည်းဖမ်း ဝါးရမ်းထုတ်မပေးမီ ထိုဝါးရမ်းကိုထုတ်ပေးရန် အလွန်ပင် လိုအပ်ပြီး လုံလောက်သော အကြောင်းရှိသည်ဟုယုံကြည်မှသာ လျှင် ထုတ်ပေးသင့်သည်။ လွယ်လွယ်နှင့်ထုတ်ပေးခြင်းမပြုသင့်ချေ၊ ဝါးရမ်းကပ်ရအောင်လုံလောက် သောအကြောင်းရပ်များရှိရန်လိုသည်။ လုံလောက်သောအကြောင်းဆိုသည်မှာ တရားမကျင့်ထုံး အမိန့် ၃၈၊ နည်းဥပဒေ ၅ (၁) (က) သို့မဟုတ် (ခ) တို့တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်နှင့် ကိုက်ညီရမည်ဖြစ်သည်။

**အယူခံတရားလိုအတွက်။** ။အကျိုးဆောင် ဦးမောင်မောင်ကြီး။

**အယူခံတရားခံအတွက်။** ။အကျိုးဆောင် ဦးအေးမောင်။

အယူခံတရားပြိုင်များမှထံ အယူခံတရားလိုတို့က **နွေဦးကာလမြူထသောအခါ** ခေါ် ရုပ်ရှင်ဇာတ်ကားကို ငှားခကြေးငွေစုစုပေါင်း ၃၄၃၉၆ ကျပ် ယူထားပြီးနောက် ယင်းရုပ်ရှင်ဇာတ်ကားကို ပြသနိုင်ရန်အတွက် ဆောင်ရွက် မပေးခဲ့သည်သာမက ပေးထားသော ငွေများကိုလည်း ပြန်မပေးသည့်အတွက် အယူခံတရားလိုများထံ ထိုငွေကိုရရှိရန်အတွက် အယူခံတရားပြိုင်များကရန်ကုန်တိုင်း တရားရုံးတွင်တရားစွဲဆို ခဲ့သည်။ ယင်းအမှုမှ အဆိုလွှာနှင့်အတူအယူခံတရားလိုများ လက်ဝယ်ရှိ**ညှာကောခိုင်** ပိုင်ပိုင်ပန်ပါမယ် ရုပ်ရှင်ဇာတ်ကားကိုအမှုမပြီးဆုံးမီအတွင်း ပစ္စည်းဖမ်းဝါးရမ်းထုတ်၍ ဖမ်းဆီးထားရန် အယူခံတရားပြိုင်များကလျှောက်ထားခဲ့သည်။ ယင်းလျှောက်လွှာကို

*၁၉၇၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၅၅။

† ၁၉၇၃ ခုနှစ်၊ တရားမသေးဖွဲ့မှုအမှတ် ၁၀ တွင်တာမွေမြို့နယ်၊ ပြည်သူ့တရားရုံး၏ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

ရန်ကုန်တိုင်း တရားရုံးကခွင့်ပြုလိုက်သည်။ ထို့နောက် ပစ္စည်းဖမ်းခြင်း မပြုလုပ်ရန် အယူခံတရားလိုတို့က ကန့်ကွက်ခဲ့သော်လည်း နှစ်ဖက် အကျိုးဆောင်များ၏ လျှောက်လဲချက်တို့ကိုကြားနာ၍ ငွေ ၄၀၀၀၀ အာမခံဟင်သွင်းလျှင်ဝါရမ်းခွာပေးရန် အမိန့်ချမှတ်လိုက်သည်။ အာမခံတင်သွင်းပြီး ယင်းအမိန့်ကိုမကျေနပ်၍ အယူခံ တရားလိုတို့က ဤအယူခံလွှာတင်ခြင်းဖြစ်သည်။

၁၉၇၅

ဦးမျိုးအောင် ပါ ၃ နှင့် ဦးကျော်ဝင်း ပါ ၂။

အယူခံတရားလိုတို့သည် ဤအယူခံလျှောက်လွှာကို တင်နိုင်ခွင့်မရှိဟု အယူခံ တရားပြိုင်၏အကျိုးဆောင်က ပထမဦးစွာ တင်ပြကန့်ကွက်ခဲ့သည်။ တရားမကျင့်ထုံး အမိန့် ၃၈၊ နည်းဥပဒေ ၅ အရ၊ ရန်ကုန်တိုင်းရုံးက ချမှတ်သည့် အမိန့်ဖြစ်၍ ထိုအမိန့်မျိုးမှာအယူခံဝင်ပိုင်ခွင့်မရှိဟု တင်ပြသွားသည်။ တရားမကျင့်ထုံး အမိန့် ၄၃၊ နည်းဥပဒေ (၁) တွင် အယူခံဝင်ခွင့်ရှိသည့် အမိန့်များကို ဖော်ပြထားရာ အမိန့် ၃၈၊ နည်းဥပဒေ ၅ အရ ချမှတ်သောအမိန့်သည် ယင်းကဲ့သို့ အယူခံဝင် နိုင်သည်ဟုဖော်ပြထားသည့်အမိန့်များတွင် မပါဝင်ချေ။ အမိန့် ၄၃၊ နည်းဥပဒေ ၁ (ဃ) တွင်အမိန့် ၃၈၊ နည်းဥပဒေ ၆ အရ၊ ချမှတ်သည့်အမိန့်ကို အယူခံဝင်ခွင့် ရှိသည်ဟုဖော်ပြထားကြောင်းတွေ့ရသည်။

ဤအမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်း တရားရုံး၏ သက်ဆိုင်ရာ အမှုတွဲများကို လေ့လာလိုက်သည့်အခါ ယခုအယူခံဝင်သည့် အမိန့်မှာ အမိန့် ၃၈၊ နည်းဥပဒေ ၅ အရ၊ ချမှတ်သည့် အမိန့်မဟုတ်ပေ။ အမိန့် ၃၈၊ နည်းဥပဒေ ၆ (၂) အရ၊ ချမှတ်သည့်အမိန့်ဖြစ်ကြောင်းတွေ့ရသည်။ ထို့ကြောင့် ယင်းအမိန့်သည် အယူခံဝင် နိုင်သောအမိန့်ဖြစ်သည်ဟုဆိုရပေမည်။

တရားရုံးများသည် အမှုမပြီးဆုံးမီအတွင်း ပစ္စည်းဖမ်း ဝါးရမ်းထုတ်မပေးမီ ဝါးရမ်းကိုထုတ်ပေးရန်အလွန်ပင် လိုအပ်ပြီးလုံလောက်သော အကြောင်းရှိသည်ဟု ယုံ ကြည်မှသာလျှင်ထုတ်ပေးသင့်သည်။ လွယ်လွယ်နှင့် ထုတ်ပေးခြင်း မပြုသင့်ချေ။ ဝါးရမ်းကပ်ရအောင် လုံလောက်သော အကြောင်းရပ်များရှိရန် လိုသည်။ လုံလောက် သောအကြောင်းဆိုသည်မှာ တရားမကျင့်ထုံးအမိန့် ၃၈၊ နည်းဥပဒေ ၅ (၁) (က) သို့မဟုတ် (ခ) တို့တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်နှင့် ကိုက်ညီရမည်ဖြစ်သည်။ အပိုဒ်ခွဲ (က) အရဆိုလျှင် တရားပြိုင်သည် မိမိပေါ်၊ ချမှတ်မည့် ဒီကရီကိုဇာရီ ပြုလုပ်သောအခါ၊ နှောင့်နှေးစေရန် ရည်ရွယ်ချက်ဖြင့် မိမိ၏ ပစ္စည်းအားလုံးသို့မဟုတ် တစိတ်တဒေသကို ပေါင်နှံရောင်းချပေးကမ်းခြင်း ပြုလုပ်ရန်စီစဉ်နေလျှင် အမှုမပြီး ဆုံးမီပစ္စည်းဖမ်းဝါးရမ်းကို ထုတ်ပေးနိုင်မည်ဖြစ်သည်။ တရားပြိုင်ကရင်း၏ ပစ္စည်းကို

၁၉၇၅ — ဦးမျိုးအောင် ပါ ၃ နှင့် ဦးကျော်ဝင်း ပါ ၂။

ထုခွဲရောင်းချရန်ပြုလုပ်နေသည်ဆိုခြင်းနှင့် ပတ်သက်၍ မည်သို့မည်ပုံ ထုခွဲရောင်းချမည်၊ မည်သူ့အားထုခွဲရောင်းချမည်ဟု တိတိကျကျစွပ်စွဲချက်ရှိရန်လိုပေသည်။ ပစ္စည်းကိုထုခွဲရောင်းချရန် အစီအစဉ်ပြုလုပ်နေသည်ဟု ယေဘုယျစွပ်စွဲချက်ဖြင့် မလုံလောက်ချေ။

ဤအမှုတွင်အယူခံတရားပြိုင်ဘက်မှ တင်ပြခဲ့သည့် ကျမ်းကျိန်လွှာအရဆိုလျှင် အယူခံတရားလိုသည် ညှာကေခိုင်ပိုင်ပိုင်ပန်ပါ့မယ် ဇာတ်ကားကို အခြားသူများအားလွှဲပြောင်းပေးအပ်ရောင်းချရန် စီစဉ်နေကြောင်း ခိုင်လုံစွာသိရပါသည် ဟုစွပ်စွဲချက်ပြုလုပ်ထားကြောင်း တွေ့ရသည်။ မည်သူ့ကိုရောင်းချမည်ဆိုသော တိကျသည့်စွပ်စွဲချက်မဟုတ်ပေ။ ထို့ကြောင့် အယူခံတရားပြိုင်က ရန်ကုန်တိုင်းရုံးတွင် တင်သွင်းသည့်လျှောက်လွှာတွင်ပါရှိသည့် အချက်များမှာ တရားမကျင့်ထုံး အမိန့် ၃၉ နည်း ဥပဒေ ၁ (က) တွင် အကျုံးမဝင်ကြောင်း ထင်ရှားသည်။ အပိုဒ်ခွဲ (ခ) နှင့်အကျုံးဝင်နိုင်မည့် စွပ်စွဲချက်များလည်းမပါရှိချေ။

အထက်ဖော်ပြပါအကြောင်းများကြောင့် ဤအယူခံလွှာကို ခွင့်ပြုပြီးရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့က ၁၉၇၃ ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင်ချမှတ်သည့်အမိန့်ကို ပယ်ဖျက်လိုက်သည်။ အယူခံတရားပြိုင်သည် အယူခံတရားလိုအား စရိတ်ပေးဆောင်ရမည်။

အကျိုးဆောင်စရိတ်ကျပ်ငွေ ၇၅ သတ်မှတ်သည်။

# တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## မြန်မာ့ရေနံကော်ပိုရေးရှင်း

နှင့်

## ဦးချစ်ထွန်း *

† ၁၉၇၅
အောက်တိုဘာ
လ
၃၀ ရက်။

ရဲရှေ့တွင် တမျိုး၊ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီရှေ့တွင်တမျိုး ကွဲလွဲစွာထွက်ဆိုချက်ကို လက်ခံရန်သင့်မသင့်၊ ရေနံခိုးရန် ရေနံတွဲအတွင်းသို့ဆင်းသည့်အတွက် သေဆုံးခဲ့ခြင်းဖြစ်သဖြင့် အလုပ်သမားလျော်ကြေးရထိုက်မထိုက်။

ဆုံးဖြတ်ချက်။ ။ရဲရှေ့နှင့်အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီရှေ့တွင် ထွက်ဆိုချက်တို့ ကွဲလွဲမှုရှိသော်လည်း အဓိကဖြစ်သော အချက်များနှင့်ပတ်သက်ပြီး ကွဲလွဲမှုမရှိပါက လက်မခံနိုင်ရန် အကြောင်းမရှိပါ။

ထပ်မံဆုံးဖြတ်ချက်။ ။မောင်သီးသည် ရေနံခိုးထုတ်နေစဉ် ဆီကန်ထဲသို့ လိမ့်ကျသေဆုံးခြင်း ဖြစ်သည်။ အလုပ်အချိန်အတွင်းပင်ဖြစ်စေကာမူ ရေနံခိုးထုတ်ခြင်းမှာ မိမိအားပေးအပ်ထားသော တာဝန်မဟုတ်သောကြောင့် လျော်ကြေးမရထိုက်။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ မစ္စတာ အက်စ်၊ ကေ၊ ဂိုရှ်။

အယူခံတရားခံအတွက်။ ။ကိုယ်တိုင်။

အယူခံတရားပြိုင် ဦးချစ်ထွန်း၏ သားဖြစ်သူမောင်သီးသည် အယူခံတရားလို မြန်မာ့ရေနံ လုပ်ငန်းကော်ပိုရေးရှင်း၏ သံလျင်ရေနံစက်ရုံ ရေယာဉ်ဌာနမှဆီတွဲစောင့် လုပ်သား တဦးဖြစ်ခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၁ ရက်နေ့ညက မောင်သီးသည် ရေနံတွဲစောင့်ရန် တာဝန်ကျနေစဉ် ရေနံတွဲရှိ ဆီကန်ထဲတွင် ဆီနစ်မွန်း၍ သေဆုံးခဲ့သည်။ ယင်းသို့ သေဆုံးသည့်အတွက်မောင်သီး၏ ဖခင်ဖြစ်သူ အယူခံတရားပြိုင် ဦးချစ်ထွန်းက အလုပ်သမား လျော်ကြေးရလိုကြောင်း တောင်းဆိုခဲ့သည်။ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီက နှစ်ဖက်ကို စစ်ဆေး၍ အလုပ်သမားလျော်ကြေးငွေ ၄၃ဂ၃ ကျပ် ၁၅ ပြားပေးရန်အမိန့်ချမှတ်ခဲ့

---

* ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအအမှတ် ၂။

† ၁၉၇၄ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၇၉ တွင်၊ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီရုံး၏ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၅

မြန်မာ့ရေနံ ကော်ပိုရေးရှင်း နှင့် ဦးချစ်ထွန်း။

သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ ၃၀ အရ မြန်မာ့ရေနံကော်ပိုရေးရှင်းက အယူခံဝင်ခြင်းဖြစ်သည်။

မောင်သီးသည်ရေနံတွဲတွင် ရေနံခိုးထုတ်ရာမှ ဆီငွေ့များရှူရှိုက်မိ၍ မူးမေ့သွားပြီး ဆီကန်ထဲတွင်ဆီနစ်မွန်း၍ သေဆုံးခဲ့သည်ဟု အယူခံတရားလိုဖက်က တင်ပြခဲ့သည်။ ထိုတင်ပြချက်ကိုလက်မခံပဲ အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီက လျော်ကြေးပေးရန် အမိန့်ချမှတ်ခဲ့ကြောင်း တွေ့ရသည်။

အခင်းဖြစ်သည့်ညက ဆီတွဲပေါ်တွင် မောင်ကျော်ဆိုသူလည်းရှိသည်။ မောင်သီး နှင့်အတူထိုနေ့ညကတာဝန်ကျသူဖြစ်သည်။ မောင်ကျော်၏ ထွက်ဆိုချက်အရ ဆိုလျှင် မောင်သီးသည်တွဲအတွင်းသို့ ဆင်းပြီး ရေနံခိုးထုတ်ရာမှ ဆီကန်ထဲသို့ကျပြီး သေဆုံးကြောင်းထင်ရှားသည်။ သို့ရာတွင် မောင်ကျော်သည် ရဲရှေ့တွင်တမျိုး၊ ကော်မတီရှေ့တွင်တမျိုး ကွဲလွဲစွာထွက်ဆိုသဖြင့် မောင်ကျော်၏ ထွက်ဆိုချက်ကို လက်မခံနိုင်ဟုလျော်ကြေးစိစစ်ရေး ကော်မတီကဆုံးဖြတ်ခဲ့သည်။

သက်ဆိုင်ရာအမှုတွဲကို လေ့လာလိုက်သည့်အခါ မောင်ကျော်၏ ရဲရှေ့တွင် ထွက်ဆိုချက်နှင့်လျော်ကြေး စိစစ်ရေးကော်မတီ၏ ရှေ့တွင်ထွက်ဆိုချက်များတွင် အဓိက ဖြစ်သည့်အချက်များနှင့် ပတ်သက်ပြီး လွဲကွဲမှုများမရှိကြောင်း တွေ့သည်။ ထို့ကြောင့် မောင်ကျော်၏ထွက်ဆိုချက်များကို လက်မခံနိုင်ရန် အကြောင်းမရှိဟု ကျွန်ုပ်တို့ယူဆသည်။ မောင်ကျော်၏ ထွက်ဆိုချက်အရ မောင်သီးသည် ရေနံခိုးရန် တွဲအတွင်းသို့ ဆင်းသည့်အတွက် သေဆုံးခဲ့ကြောင်း ထင်ရှားသည်။ ရေနံတွဲများရှိ ဆီကန်များမှာ အဖုံးများပိတ်ထားပြီး ချိတ်လည်းပိတ်ထားလေ့ရှိသည်။ အခင်းဖြစ်ညက ချိတ်ကျွံနေသည်မှာ အငြင်းထွက်သော်လည်း အဖုံးပိတ်ထားသည်ကိုကား အငြင်းမထွက်ချေ။ လူတဦးကယောက်သည် မတော်တဆ ဆီကန်တွင်းသို့ ကျဆင်းရန် မဖြစ်နိုင်ပေ။ မောင်ကျော်၏ ထွက်ချက်တွင် သေသူမောင်သီးနှင့် ၎င်းတို့တာဝန်ကျနေစဉ်ည (၇) နာရီခွဲခန့်တွင် လှေတစင်း ရေနံလာဝယ်ကြောင်း၊ လှေမှာပထမ အကြိမ်ပြန်ထွက်သွားပြီးနောက် တခေါက်လာကြောင်း၊ အခြေအနေမကောင်း၍ရေနံ မရောင်းရန်မောင်သီးအားပြောကြောင်းတို့ပါဝင်သည်။

ထို့ကြောင့် မောင်သီးသည် ရေနံခိုးထုတ်နေစဉ် ဆီကန်ထဲသို့ လိမ့်ကျသေဆုံးခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ဆုံးဖြတ်သည်။ အလုပ်ချိန်အတွင်းပင် ဖြစ်စေကာမူရေနံခိုးထုတ်ခြင်းမှာမိမိအား ပေးအပ်ထားသော တာဝန်မဟုတ်သောကြောင့် လျော်ကြေးမရထိုက်ပေ။ သို့ဖြစ်၍ ဤအယူခံကို ခွင့်ပြုပြီး အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီ၏အမိန့်ကိုပယ်ဖျက်လိုက်သည်။

## တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

### ဒေါ်ရဟီမာ ပါ ၃

နှင့်

### ဒေါ်သီ *

† ၁၉၇၅

မေလ ၂၉ ရက်။

အနှစ်ချုပ်ပစ္စည်းများကို ရုံးမှစီမံအုပ်ချုပ်ခွဲဝေပေးရန်စွဲဆိုခြင်း၊ လျှောက်ထားခံရသူသည် မွတ်စလင် ဘာသာဝင်အမျိုးသမီးတဦးဖြစ်သလော၊ သို့မဟုတ် ဗုဒ္ဓဘာသာဝင် အမျိုးသမီးတဦးဖြစ် သလောဟူသောပြဿနာ။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် အဓိက ဆုံးဖြတ်ရန်အချက်မှာ လျှောက်ထားခံရသူသည် မွတ်စလင်ဘာသာဝင်အမျိုးသမီးတဦးဖြစ်သလော သို့မဟုတ် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတဦးဖြစ် သလောဟူသော အချက်ဖြစ်သည်။ လူတယောက်သည် မည်သည့်ဘာသာကို သက်ဝင်ယုံကြည်သည် ဆိုသည့်အချက်မှာ မိမိ၏စိတ်တွင်း၌ဖြစ်ပေါ်သည့်အချက်ဖြစ်၍၊ လွယ်ကူစွာကောက်ယူဆုံးဖြတ်နိုင် မည်မဟုတ်ပေ။ လူတဦးတယောက်၏စိတ်တွင်းသို့ဝင် ကြည့်နိုင်စွမ်းမရှိသဖြင့် ထိုသူသည်မည့်သည့် ဘာသာ၌ သက်ဝင်ယုံကြည်သည်ကို ၎င်း၏နောက်ကြောင်း ရာဇဝင်၊ ကိုယ်အမူအရာ၊ နှုတ်အမူ အရာနှင့် မိတ်ဆွေသင်္ဂဟအပေါင်းအသင်းစသည့် ပတ်ဝန်းကျင်တို့ကို ထည့်သွင်းစဉ်းစားပြီးမှသာ မည်သည့်ဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြောင်းအဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။

လျှောက်ထားခံရသူသည် ပထမခင်ပွန်းနှင့်မင်္ဂလာဆောင်ရန်အတွက် သက်သက်သာ မွတ်စလင် ဘာသာသို့ကူးပြောင်းမည်ပြုပြီး၊ မွတ်စလင်ဘာသာဝင်များကဲ့သို့ အစ်နေ့များတွင် ကျွေးမွေးခြင်း နမတ်စ်ဘတ်ခြင်း၊ အစရှိသည်တို့ကို ပြုလုပ်ခဲ့ငြားလည်း မူလကကိုးကွယ်လာသည့်ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်မှု စွန့်ပယ်ခြင်း မပြုသေးသည့်အတွက် မွတ်စလင်တဦးဖြစ်သည်ဟု မဆိုနိုင် ပေချေ။ အဘယ်ကြောင့်ဆိုသော် အယူခံတရားလိုက မွတ်စလင်တယောက်သည် အဓိက ယုံကြည်ချက်အဖြစ် ဘုရားတပါးတည်းရှိခြင်း၊ နောက်ဆုံး တမန်တော်မှာ မဟာမက်သခင်ဖြစ်ခြင်း တို့မှလွဲ၍ အခြားယုံကြည်ချက်မရှိရပါဟု အဘိအလင်းထွက်ဆိုထားခြင်းကြောင့်ဖြစ်သည်။လျှောက် ထားခံရသူသည် ဗုဒ္ဓဘာသာကို ကိုင်းရှိုင်းသူတဦးအနေဖြင့် ဗုဒ္ဓဘာသာထုံးစံအရ ဘုရားပန်းကပ် လှူခြင်း၊ ဘုန်းကြီးဆွမ်းကပ်လှူခြင်း၊ ရှင်ပြုပေးခြင်းများကို ဆောင်ရွက်ခြင်းအားဖြင့် ဘုရားတပါး တည်းရှိခြင်းကို ယုံကြည်ရမည်ဟူသော မွတ်စလင်ဘာသာဝင်တိုင်း၏ အခြေခံအချက်နှင့် ကိုက်ညီ ခြင်းလည်းမရှိပေ။

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၇၅။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄ တွင် ပုသိမ်အနောက်ပိုင်းမြို့နယ်၊ တိုင်းတရားရုံး၏ ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၅ အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးမြဘူးနှင့် မစ္စတာ အင်စီဆင်း။

ဒေါ်ရဟီမာ ပါ ၃ နှင့် ဒေါ်သီ။ အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးအုန်းခင်။

ပုသိမ်မြို့မှ အထက်တန်းရှေ့နေကြီးတဦးဖြစ်သည့် ဦးတင်ဆိုသူသည် ၁၉၆၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ဦးတင်ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ၎င်း၏အစ်ကို ဦးတူတူ(ကွယ်လွန်)၊ ဦးဖေခင်၊ ညီ ဦးဟာနစ်၊ ညီမ ဒေါ်ရဟီမာ (အယူခံဘရားလို) တို့ကတဘက်၊ ၎င်းနှင့်နှစ်ပေါင်း ၄၀ ကဇနီး အဖြစ် ပေါင်းသင်းလာသော ဒေါ်သီ (အယူခံတာဘူးပြိုင်အမှတ် ၁) က တဘက် အမွေကိစ္စအငြင်းပွားရာမှ ယခုအယူခံမှုပေါ်ပေါက်လာခြင်းဖြစ်သည်။

ဦးတင်သေဆုံးပြီးနောက် တလခန့်အကြာ ၁၉၆၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ဦးတူတူက ခရိုင်တရားမတရားသူကြီးရုံး၊ တရားမသေးမှုအမှတ် ၄/၆၉ တွင် ဦးတင်၏ ကျန်ရှိခဲ့သော ပစ္စည်းများအတွက် မွတ်ဆလင်ဘာသာ ထုံးတမ်းဓလေ့အရ၊ အမွေဆက်ခံထိုက်သူ တဦးအနေဖြင့် အမွေထိန်းလက်မှတ်ရလိုကြောင်း လျှောက်ထားခဲ့သည်။ ဦးဖေခင်၊ ဦးဟာနစ်၊ ဒေါ်ရဟီမာ၊ ဒေါ်သီတို့အား ဦးတင်၏ နီးစပ်သော ဆွေမျိုးများအဖြစ် ဖော်ပြ၍ အမှုတွင် ထည့်သွင်းတရားစွဲဆိုခဲ့သည်။

နောက် ၁၉၆၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင်၊ ခရိုင်တရားမရုံး၊ တရားမသေးမှု အမှတ် ၅/၆၉ တွင် ဒေါ်သီက ၎င်းသည် ဦးတင်၏ ဗုဒ္ဓဘာသာဝင် ဇနီးဖြစ်ကြောင်း ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ ထိမ်းမြားမှုနှင့်အမွေဆက်ခံမှုအက်ဥပဒေအရ၊ ၎င်းသာလျှင် တဦးတည်း ဦးတင်၏ ကျန်ရစ်သောပစ္စည်းများကို အမွေဆက်ခံထိုက်သဖြင့် အမွေထိန်းလက်မှတ်ရယူလိုကြောင်း လျှောက်ထားခဲ့သည်။ ဦးတူတူ ဦးဖေခင်၊ ဦးဟာနစ်၊ ဒေါ်ရဟီမာတို့အား ဦးတင်၏နီးစပ်သော ဆွေမျိုးများအဖြစ် ထည့်သွင်း တရားစွဲဆိုခဲ့သည်။ အမှုသည်များနှစ်ဦးနှစ်ဘက် အပြိုင်အဆိုင်ဖြစ်လာသဖြင့် ဦးတူတူစွဲဆိုသော အမှုကို တရားမကြီးမှု အမှတ် ၂/၆၉ အဖြစ်၎င်း၊ ဒေါ်သီစွဲဆိုသောအမှုကို တရားမကြီးအမှုအမှတ် ၃/၆၉ အဖြစ်၎င်း၊ ပြောင်းလဲစစ်ဆေးခဲ့သည်။ အမှုနှစ်မှုမှာ အကြောင်းခြင်းရာ တရပ်တည်းမှ ဖြစ်ပေါ်လာပြီး၊ အဆုံးအဖြတ်ပြုရမည့် ပြဿနာမှာလည်း ထပ်တူထပ်မျှဖြစ်သဖြင့် နှစ်ဘက်သော အကျိုးဆောင်၏ သဘောတူညီချက်အရ၊ တပေါင်းတည်း စစ်ဆေးရန် ဆုံးဖြတ်ပြီး၊ တရားမကြီးမှု အမှတ် ၂/၆၉ ငြင်းချက်များထုတ်၍ စစ်ဆေးရန် ချိန်းဆိုလိုက်သည်။

တရားမကြီးမှု အမှတ် ၂/၆၉ စတင်မစစ်ဆေးမီ ဒေါ်ရဟီမာ(အယူခံတရားလို) ဦးတင်၏ ကျန်ရစ်ခဲ့သော အမွေပုံပစ္စည်းများကို၊ ရုံးမှ စီမံအုပ်ချုပ်ခွဲဝေပေးရန် တရားမ

ကြီးမှု အမှတ် ၅/၆၉ ကိုစွဲဆိုသည်။ ဦးတူတူ၊ ဦးဖေခင်၊ ဦးဟာနစ်နှင့်ဒေါ်သီ(အယူခံ တရားပြိုင် -၁) တို့အား တရားပြိုင်အဖြစ် ထည့်သွင်းတရားစွဲဆိုခဲ့သည်။ ယင်းအမှု စွဲဆိုလိုက်သဖြင့် တရားမကြီးမှု အမှတ် ၂/၆၉ ကို ဦးတူတူက ရုပ်သိမ်းလိုက်သည်။ ဒေါ်သီစွဲဆိုသော တရားမကြီးမှု အမှတ် ၃/၆၉ နှင့် ဒေါ်ရဟီမာ စွဲဆိုသော တရားမကြီးမှု အမှတ် ၅/၆၉ တို့သာ စစ်ဆေးရန်ကျန်ရှိလေသည်။

၁၉၇၅
ဒေါ်ရဟီမာ ပါ ၃ နှင့် ဒေါ်သီ။

မည်သည့်အမှုကိုပထမစစ်ဆေးသင့်ကြောင်းနှစ်ဘက်အမှုသည်များကအပြိုင်အဆိုင် လျှောက်ထားရာ၊ မူလရုံးမှ ဒေါ်ရဟီမာ၏ အမှုအမှတ် ၅/၆၉ တို့ရပ်ဆိုင်းထားပြီး ဒေါ်သီစွဲဆိုသော အမှုအမှတ် ၃/၆၉ ကို ပထမစစ်ဆေးမည်ဟုအမိန့်ချသည်။ ဒေါ်ရဟီမာက ယင်းအမိန့်ကို မကျေနပ်ပါသဖြင့် ယခင်နိုင်ငံတော်တရားရုံးချုပ်၊ တရားမပြင်ဆင်မှုအမှတ် ၄၃/၆၉ တွင်ပြင်ဆင်လွှာ တင်သွင်းရာ၊နိုင်ငံတော်တရားရုံးချုပ်မှ ဒေါ်သီ၏ အမှုအမှတ် ၃/၆၉ ကို ဆိုင်းငံ့ထား၍၊ ဒေါ်ရဟီမာ၏ အမှုအမှတ် ၅/၆၉ ကိုဦးစွာ စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

ဒေါ်ရဟီမာ၏ အဆိုပြုချက်မှာ ကွယ်လွန်သူ ဦးတင်၊ ဦးတူတူ၊ ဦးဖေခင်၊ ဦးဟာနစ်နှင့် ၎င်းသည် မြန်မာမွတ်ဆလင်များဖြစ်ကြောင်း၊ဒေါ်သီမှာ မူလကမြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးတဦးဖြစ်သော်လည်း၊ ၎င်း၏ အစ်ကိုအကြီးဆုံး ဦးမိုတီ (ကွယ်လွန်) နှင့် အကြောင်းပါချိန်က၊ မွတ်ဆလင်ဘာသာသို့ အထင်အရှားကူးပြောင်းလာပြီး မွတ်ဆလင်ဘာသာ ထုံးတမ်းဓလေ့အရ ထိမ်းမြားခြင်းပြုကြောင်း၊ ဦးမိုတီနှင့် ကလေး (၇) ယောက်ထွန်းကားပြီး (၅) ယောက်အသက်ရှင်လျက်ရှိကြောင်း၊ ဦးမိုတီ၏ လက်တွင်းမှ မတ်ဖြစ်သူ ဦးတင်နှင့် ခိုးရာလိုက်ပြေးကြောင်း၊ ဦးတင်နှင့် ဒေါ်သီတို့ ပွင့်လင်းစွာ ပေါင်းသင်းနေချိန်၌ ၎င်းတို့သည် မွတ်ဆလင်ဘာသာကို ကိုးကွယ်ကြောင်း ဦးမိုတီမှာ မွတ်ဆလင်ဘာသာထုံးတမ်းဓလေ့အရ ဒေါ်သီအား ကွာရှင်းပေးခြင်း မပြုသည့်အတွက် မွတ်ဆလင်ဘာသာ ထုံးတမ်းဓလေ့အရ ဒေါ်သီသည် ဦးတင်၏ တရားဝင်ဇနီးမဟုတ်ကြောင်း၊ ဦးတင်၏ ကျန်ရှိခဲ့သော ပစ္စည်းများတွင် ဒေါ်သီသည် အမွေဆက်ခံထိုက်သူတဦးမဟုတ်ကြောင်း စသည်တို့ဖြစ်သည်။

ဦးတူတူ၊ ဦးဖေခင်၊ ဦးဟာနစ်တို့က ဝန်ခံလွှာတင်သွင်းခဲ့သည်။ ဒေါ်သီက ဒေါ်ရဟီမာ၏ စွပ်စွဲချက်ကို ငြင်းဆိုခုခံပြိုင်ဆိုင်ခဲ့သည်။

ဒေါ်သီက ချေပခုခံသည်မှာ၊ ၎င်းနှင့် ဦးတင်တို့သည် ဗုဒ္ဓဘာသာထုံးတမ်းဓလေ့အရ၊ ထိမ်းမြားခဲ့ကြောင်း၊ ဦးတင်မှာ မူလက မွတ်ဆလင်ဘာသာဝင် ဖြစ်သော်လည်း ၎င်းနှင့် အကြောင်းပါသည့် အချိန်မှစ၍ ဦးတင် ကွယ်လွန်သည့်တိုင်အောင် အစ္စလာမ်ဇာတ်ပျက် ဗုဒ္ဓဘာသာအသွင်၊ ဗုဒ္ဓဘာသာကို အတွင်းကြိတ်သက်ဝင်ယုံကြည်သူ ဖြစ်

၁၉၇၅ ဒေါ်ရဟီမာ ပါ ၃ နှင့် ဒေါ်သီ။

ကြောင်း၊ ဦးတင်သည် မွတ်ဆလင်ဘာသာဝင်ဖြစ်စေကာမူ၊ ၎င်းမှာ မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးဖြစ်၍ ဦးတင်နှင့် ပွင့်လင်းစွာ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာသောကြောင့် မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများ ထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေအရ၊ ၎င်းတဦးတည်းသာလျှင် ဦးတင်၏ ကျန်ရှိခဲ့သော ပစ္စည်းများကို အမွေဆက်ခံထိုက်ကြောင်း စသည်တို့ဖြစ်သည်။

မူလရုံးက အဆိုအချေများပေါ်မူတည်၍ ကောက်ချက် (၆) ခုထုတ်၍ အမှုကို စစ်ဆေးခဲ့သည်။ ထိုကဲ့သို့ စစ်ဆေးပြီးနောက် ဒေါ်သီသည် ဗုဒ္ဓဘာသာဖြစ်သည်ဟု ဆုံးဖြတ်ပြီး အယူခံတရားလို စွဲဆိုသည့် အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ယင်းကဲ့သို့ ပလပ်လိုက်သည့်အတွက် ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

ဤအမှုတွင် ဆုံးဖြတ်ရန် အဓိကအချက်မှာ ဒေါ်သီသည် မွတ်ဆလင်ဘာသာဝင် အမျိုးသမီးတဦးဖြစ်သလော၊ သို့မဟုတ်၊ ဗုဒ္ဓဘာသာ အမျိုးသမီးတဦးဖြစ်သလော ဟူသောအချက်ဖြစ်သည်။ လူတယောက်သည် မည်သည့်ဘာသာကို သက်ဝင်ယုံကြည်သည်ဆိုသည့် အချက်မှာ မိမိ၏စိတ်တွင်း၌ ဖြစ်ပေါ်သည့်အချက်ဖြစ်၍ လွယ်ကူစွာ ကောက်ယူဆုံးဖြတ်နိုင်မည်မဟုတ်ပေ။ လူတဦးတယောက်စိတ်အတွင်းသို့ ဝင်ကြည့်နိုင်စွမ်းမရှိသဖြင့် ထိုသူသည် မည်သည့်ဘာသာ၌ သက်ဝင်ယုံကြည်သည်ကို ၎င်း၏ နောက်ကြောင်းရာဇဝင်၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် မိတ်ဆွေသင်္ဂဟအပေါင်းအသင်းစသည့် ပတ်ဝန်းကျင်တို့ကို ထည့်သွင်းစဉ်းစားပြီးမှသာ မည်သည့်ဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြောင်း အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။

ယခုအမှုတွင် သက်သေခံချက်များကို လေ့လာလိုက်သည့်အခါ ဒေါ်သီသည် ဦးမိုတီနှင့် ပေါင်းသင်းနေသည့်အချိန်ကာလအတွင်းကသော်၎င်း၊ ဦးတင်နှင့် ပေါင်းသင်းနေသည့်အချိန်ကာလကသော်၎င်း၊ မွတ်ဆလင်ဘာသာကို ကိုးကွယ်သူတဦးဖြစ်သည်ဟု သက်သေထွက်ချက်များရှိသကဲ့သို့၊ သူသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သူတဦး ဖြစ်သည်ဟု သက်သေထွက်ချက်များလည်းရှိကြောင်း တွေ့ရသည်။ ယင်းကဲ့သို့ နှစ်ဦးနှစ်ဘက်က တင်ပြထားသည့် သက်သေထွက်ချက်များကို စိစစ်လိုက်သည့်အခါ ဒေါ်သီသည်၊ မွတ်ဆလင်ဘာသာဝင် ယောကျ်ားနှင့် အိမ်ထောင်ကျသည့်အတွက် မွတ်ဆလင်ဘာသာကို ကိုးကွယ်သည့်အသိုင်းအဝိုင်းနှင့် နေထိုင် ပေါင်းသင်းဆက်ဆံလာခဲ့ရသဖြင့် မွတ်ဆလင်ဘာသာဝင်များ လိုက်နာကျင့်သုံးသည့် အလေ့အထတို့ကို ပြုလုပ်ခဲ့သလို၊ ဗုဒ္ဓဘာသာကို လုံးဝ စွန့်ပယ်ခြင်းလည်း မပြုခဲ့ကြောင်း ပေါ်လွင်သည်။

ဦးတင်သေဆုံးသည့်အခါက ဒေါ်သီသည် ၎င်း၏ ယောင်းမတော်သူ ဒေါ်သိန်းကို၊ ဦးတင်အတွက် ဆွမ်းသွတ်ခိုင်းကြောင်း ဦးစုတန္တြိယ (လိုပြ-၇) က ထောက်ခံသည်။

၁၉၇၅ — ဒေါ်ရဟီမာ ပါ ၃ နှင့် ဒေါ်သီ။

ဒေါ်သီသည် ၎င်း၏အိမ်၌ ဘုရားပန်းလဲခြင်း၊ ဘုန်းကြီးဆွမ်းလောင်းခြင်းများ ပြုလုပ်သည်ဟု ဦးထေရဝံသ (ပြိုင်ပြ-၉) က ထွက်ဆိုသည်။ ဒေါ်သီသည် ဦးမိုတီနှင့် ပေါင်းသင်းနေစဉ်ကပင် ဗုဒ္ဓဘာသာကျင့်စဉ်များပြုလုပ် လိုက်နာသည်ကို တွေ့မြင်ကြောင်း ဦးဖေ (ပြိုင်ပြ-၁၀)၊ ဒေါ်စိန်ဥ (ပြိုင်ပြ-၁၁) နှင့် ဦးကျော်တင့် (ပြိုင်ပြ-၁၃) တို့က ထွက်ဆိုကြသည်။ ထို့အပြင် အယူခံတရားလိုနှင့် မောင်နှမဝမ်းကွဲဖြစ်သူ ဦးတင်မြင့် (ပြိုင်ပြ-၁၂) က ၎င်းအား ဦးတင်-ဒေါ်သီနှင့် ၎င်း၏ အဖွားတို့ ကစုပေါင်း၍ ရှင်ပြုပေးကြောင်း ထွက်ဆိုထားသည်။

ဒေါ်သီသည် ဦးမိုတီနှင့် မင်္ဂလာဆောင်ရန်အတွက် သက်သက်သာ မွတ်ဆလင်ဘာသာသို့ ကူးပြောင်းဟန်ပြုပြီး မွတ်ဆလင်ဘာသာဝင်များကဲ့သို့ အစ်နေ့များတွင် ကျွေးမွေးခြင်း၊ နမတ်စ်ဘတ်ခြင်း အစရှိသည်တို့ကိုပြုလုပ်ခဲ့ငြားလည်း မူလကိုးကွယ်လာသည့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်မှု စွန့်ပယ်ခြင်းမပြုသေးသည့်အတွက် မွတ်ဆလင်တဦးဖြစ်သည်ဟု မဆိုနိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် အယူခံတရားလို ဒေါ်ရဟီမာက မွတ်ဆလင်တယောက်သည် အဓိကယုံကြည်ချက်အဖြစ် ဘုရားတပါးတည်းရှိခြင်း၊ နောက်ဆုံးတမန်တော်မှာ မဟာမက်သခင်ဖြစ်ခြင်းတို့မှလွဲ၍ အခြားယုံကြည်ချက် မရှိရပါဟု အတိအလင်းထွက်ဆိုထားခြင်းကြောင့်ဖြစ်သည်။ ဒေါ်သီသည် ဗုဒ္ဓဘာသာကို ကိုင်းရှိုင်းသူတဦးအနေဖြင့် ဗုဒ္ဓဘာသာထုံးစံအရ၊ ဘုရားပန်းကပ်လှူခြင်း၊ ဘုန်းကြီးဆွမ်းကပ်လှူခြင်း၊ ရှင်ပြုပေးခြင်းများကို ဆောင်ရွက်ခြင်းအားဖြင့် ဘုရားတပါးတည်းရှိခြင်းကို ယုံကြည်ရမည်ဟူသော မွတ်ဆလင်ဘာသာဝင်တိုင်း၏ အခြေခံအချက်နှင့် ကိုက်ညီခြင်းလည်းမရှိပေ။

ဒေါ်သီသည် လက်ထပ်စဉ်အခါက မွတ်ဆလင်ဘာသာသို့ ကူးပြောင်းခဲ့သည်ဟု အယူခံတရားလိုဘက်က အဆိုရှိသည်။ စင်စစ်မှာ ဒေါ်သီသည်၊ မွတ်ဆလင်ဘာသာဝင်တဦးနှင့် လက်ထပ်လိုက်ခြင်းမျှသာဖြစ်သည်။ ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးတဦးသည် မွတ်ဆလင်ဘာသာဝင်တဦးအား လက်ထပ်လိုက်ခါမျှဖြင့် ဘာသာကူးပြောင်းပြီးဟု မဆိုနိုင်ပေ။ မွတ်ဆလင်ဘာသာဝင်အတွင်းသို့ အသွတ်သွင်းခံရသည်ဟု ဆိုပြန်လျှင်လည်း ဤကဲ့သို့ အသွတ်သွင်းခံခဲ့ရသည့်အတွက် တဘက်တွင် ၎င်း၏ သက်ဝင်ယုံကြည် လက်ခံမှုကလည်းရှိသေးသဖြင့် မွတ်ဆလင်ဘာသာဝင်တဦးဖြစ်သွားသည်ဟု အတိအကျ မဆိုနိုင်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ပလပ်လိုက်သည်။ နှစ်ရုံးစလုံး၏ တရားစရိတ်များကို အယူခံတရားလိုက ကျခံရန် အမိန့်ချမှတ်သည်။

## တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁၉၇၅
နိုဝင်ဘာလ
၅ ရက်။

## ရားမ်ဂျနမ်း (၎င်း၏ ကိုယ်စားလှယ် ရားမ်ဘာလက်)

နှင့်

## ဦးအောင်မြင့် ပါ ၂ *

၁၉၄၇ ခုနှစ်၊ မရွှေပြောင်းနိုင်သည့်ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေ၊ ၁၉၅၂ ခုနှစ်တွင် ပြင်ဆင်ချက်ဥပဒေပြဋ္ဌာန်းခြင်း၊ ယင်းပြင်ဆင်ချက်ဥပဒေ မပြဋ္ဌာန်းမီက နိုင်ငံခြားသားတဦးသည် မရွှေပြောင်းနိုင်သည့်ပစ္စည်းကို ဝယ်ယူခဲ့သော်၊ ထိုသို့ဝယ်ယူသည့်စာချုပ်မှာပျက်ပြယ်ခြင်း၊ အရောင်းအဝယ်လည်းပျက်ပြယ်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၄၇ ခုနှစ်၊ မရွှေမပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေပုဒ်မ ၃ ကို ၁၉၅၂ ခုနှစ်၊ မရွှေမပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု)ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ၊ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့က ပြင်ဆင်ခဲ့သည်။ ဤကဲ့သို့ မပြင်ဆင်မီက ယင်းဥပဒေ၏ ပုဒ်မ ၃ အရ၊ နိုင်ငံခြားသားတဦးအနေနှင့် မရွှေမပြောင်းနိုင်သည့် ပစ္စည်းဝယ်ယူခြင်းကို ပိတ်ပင်ထားသည့်အပြင် နိုင်ငံခြားသားပဦးအနေနှင့် မရွှေမပြောင်းနိုင်သော ပစ္စည်းကို ဝယ်ယူခဲ့သော် ထိုကဲ့သို့ ဝယ်ယူသည့်စာချုပ်မှာ ပျက်ပြယ်သည်ဟု ပြဋ္ဌာန်းထားသည်။ အယူခံတရားလိုအား အယူခံတရားပြိုင်အမှတ် (၁) က စာချုပ်ဖြင့် အခြင်းဖြစ်မြေကို ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့က ရောင်းခဲ့သည်။ အထက်တွင်ဖော်ပြထားသည့် မရွှေမပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေကိုမပြင်ဆင်မီက အရောင်းအဝယ်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စာချုပ်မှာ ပျက်ပြယ်သည်။

ထို့အပြင် အယူခံတရားပြိုင်အမှတ် (၁) ကိုယ်တိုင်ကပင် အခင်းဖြစ်မြေအပါအဝင် ဦးပိုင်အမှတ် (၁၃) တခုလုံးကို မူလပိုင်ရှင်ဖြစ်သူ မဟာန်ပန်ဒီးဆိုသူထံမှ ၁၉၅၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်ကဝယ်ယူခဲ့သည်။ ထိုစဉ်အခါက အယူခံတရားပြိုင်အမှတ် (၁) မှာလည်း နိုင်ငံခြားသားဖြစ်သည်။ ထို့ကြောင့် ထိုအရောင်းအဝယ်မှာလည်း ပျက်ပြယ်သည့်အတွက် အယူခံတရားပြိုင်အမှတ် (၁) အနေနှင့် အခင်းဖြစ်မြေကို မည်သည့်အခါမှ မပိုင်ခဲ့ချေ။ သို့ဖြစ်၍ အခင်းဖြစ်မြေကို ပိုင်ဆိုင်ခွင့်မရှိခဲ့သူ အယူခံတရားပြိုင်အမှတ် (၁) အနေနှင့် ယင်းမြေကို အယူခံတရားလိုအားရောင်းပိုင်ခွင့်မရှိ။

---

* ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၆။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင် ပဲခူးမြို့ တိုင်းပြည်သူ့ တရားရုံး၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးခင်ထွန်း။

အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးမောင်ကြီး၊ ဦးနိုင်ဝင်း။

၁၉၇၅

ရားမ်ဂျနမ်း (၎င်း၏ကိုယ်စားလှယ် ရားမ်ဘာလက်) နှင့် ဦးအောင်မြင့် ပါ၂။

အယူခံတရားလို ရားမ်ဂျနမ်းသည် အယူခံတရားပြိုင် ဦးအောင်မြင့် (ခ) ယာဒေါ့ထံမှ စာချုပ်စာတမ်းဖြင့် ၁၉၅၂ ခုနှစ်၊စက်တင်ဘာလ (၂၀) ရက်နေ့က ကျောက်တံတားမြို့ ရပ်ကွက်အမှတ် (၄) ဦးပိုင်အမှတ် (၁၃) ရှိမြေကွက်၏ မြောက်မှတောင် ၁၂ ပေ၊ အရှေ့မှအနောက် မြေရှိသရွေ့ကိုဝယ်ယူပြီး ယင်းမြေကွက်ပေါ်၌ အိမ်တလုံးဆောက်လုပ် နေထိုင်ခဲ့သည်။ ထို့နောက်အယူခံ တရားလို ရားမ်ဂျနမ်း ဝယ်လိုက်သည့် မြေကွက်အပါအဝင် ဦးပိုင်အမှတ်(၁၃) အတွက် မြေငှားဂရံကို ၁၉၆၀ ခုနှစ်က အယူခံတရားပြိုင် အမှတ် (၁) ဦးအောင်မြင့်၏ ဇနီးဖြစ်သူ အယူခံ တရားပြိုင်အမှတ် (၂) ဒေါ်ခင်သစ်အား ထုတ်ပေးလိုက်သည့်အတွက် အယူခံတရားလိုက အယူခံတရားပြိုင်များ အပေါ်အခင်း ဖြစ်မြေနှင့် ပတ်သက်၍ ၎င်းသာ ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာပေးရန် ယခင်ညောင်လေးပင်အနောက် မြို့နယ်တရားမ တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ပြီးနောက် ယင်းအမှုမှာ ကျောက်တံတားမြို့နယ်တရားရုံးသို့ ရွှေပြောင်းရောက်ရှိခဲ့သည်။ ကျောက်တံတားမြို့နယ် တရားရုံးက အမှုကို ဆက်လက်စစ်ဆေးပြီး အယူခံ တရားလိုစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးလိုက်သည်။ အယူခံတရားပြိုင်တို့က ယင်းအမိန့်ကို မကျေနပ်သဖြင့် ပဲခူးတိုင်း တရားရုံးသို့ အယူခံဝင်ခဲ့သည်။ အယူခံတိုင်းတရားရုံးက မူလမြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်လိုက်သည့်အတွက် ဤဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံးအမှုတွဲတွင် တင်သွင်းထားသည့် ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ (၂၀)၏ ရက်နေ့စွဲပါစာချုပ်ဖြင့် အယူခံတရားပြိုင် အမှတ် (၁) က အခင်းဖြစ်မြေကွက ကိုအယူခံတရားလိုအား ကျပ်ငွေ ၉၀ ဖြင့် ရောင်းချခဲ့ခြင်းမှာ အငြင်းမထွက်ပေ။ ယင်းစာချုပ်ချုပ်စဉ်အခါက အယူခံတရားလိုနှင့် အယူခံ တရားပြိုင် အမှတ် (၁) တို့မှာ နိုင်ငံခြားသားများ ဖြစ်ကြကြောင်းမှာလည်း အငြင်းမထွက်ချေ။ အယူခံ တရားလိုသည်အချင်းဖြစ်မြေကို ဝယ်စဉ်အခါက နိုင်ငံခြားသား ဖြစ်သည့်အတွက် ၎င်းသည်အချင်းဖြစ်မြေနှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိ မရှိမှာ ဤအယူခံမှု၌အဓိက အချက်ဖြစ်သည်။

၁၉၄၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေပုဒ်မ ၃ ကို ၁၉၅၂ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ၊ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ

၁၉၇၅

ရာမ်ဂျနမ်း (၎င်း၏ကိုယ်စားလှယ် ရာမ်ဘာလက်) နှင့် ဦးအောင်မြင့် ပါ ၂။

၂၇ ရက်နေ့က ပြင်ဆင်ခဲ့သည်။ ဤကဲ့သို့မပြင်ဆင်မီက ယင်းဥပဒေ၏ ပုဒ်မ ၃ အရ၊ နိုင်ငံခြားသားတဦးအနေနှင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဝယ်ယူခြင်းကို ပိတ်ပင်ထားသည့်အပြင် နိုင်ငံခြားသား တဦးအနေနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ဝယ်ယူခဲ့သော် ထိုကဲ့သို့ဝယ်ယူသည့် စာချုပ်မှာ ပျက်ပြယ်သည်ဟု ပြဋ္ဌာန်းထားသည်။ အယူခံတရားလိုအား အယူခံတရားပြိုင် အမှတ် (၁) က စာချုပ်ဖြင့် အချင်းဖြစ်မြေကို ၁၉၅၂ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့က ရောင်းခဲ့သည်။ အထက်တွင်ဖော်ပြထားသည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေကို မပြင်ဆင်မီက အရောင်းအဝယ်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းစာချုပ်မှာပျက်ပြယ်သည်။

ထို့အပြင်အယူခံ တရားပြိုင်အမှတ် (၁) ကိုယ်တိုင်ကပင် အခင်းဖြစ် မြေအပါအဝင်ဦးပိုင်အမှတ် (၁၃) တခုလုံးကို မူလပိုင်ရှင်ဖြစ်သူ မဟန်ပန်ဒီးဆိုသူထံမှ ၁၉၅၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့က ဝယ်ယူခဲ့သည်။ ထိုစဉ်အခါက အယူခံတရားပြိုင်အမှတ် (၁) မှာလည်း နိုင်ငံခြားသားဖြစ်သည်။ ထို့ကြောင့်ထိုအရောင်းအဝယ်မှာလည်းပျက်ပြယ်သည့်အတွက် အယူခံတရားပြိုင်အမှတ် (၁) အနေနှင့် အခင်းဖြစ်မြေကို မည်သည့်အခါမှ မပိုင်ခဲ့ချေ။ သို့ဖြစ်၍ အခင်းဖြစ်မြေကို ပိုင်ဆိုင်ခွင့်မရှိခဲ့သူ အယူခံတရားပြိုင်အမှတ် (၁) အနေနှင့် ယင်းမြေကို အယူခံတရားလိုအားရောင်းပိုင်ခွင့်မရှိပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သဖြင့် ဤအယူခံကို ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်အတွက် ကုန်ကျသည့် တရားစရိတ်များကို အယူခံတရားလိုကကျခံစေရန် အမိန့်ချမှတ်သည်။

## တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မရင်နု

နှင့်

မအေးမြင့် ပါ ၂

†၁၉၇၅

နိုဝင်ဘာလ ၁၂ ရက်။

**နေခွင့်လက်မှတ်( Permit )ဖြင့် ရရှိသည့်တောင်ဥက္ကလာပမြို့ရှိအစိုးရမြေကိုအမွေဆက်ခံပိုင်ခွင့် ရှိမရှိ။**

ဆုံးဖြတ်ချက်။ ။အခင်းဖြစ်မြေမှာ အစိုးရမြေဖြစ်ပြီး ဒေါ်မြိုင်၏အမည်နှင့် နေခွင့်လက်မှတ် ( Permit ) ကို အိုးအိမ် ပြန်လည်ထူထောင်ရေး အဖွဲ့က ထုတ်ပေးထားကြောင်း အငြင်း မထွက်ချေ။ နေခွင့်လက်မှတ် ( Permit ) ဖြင့် ရရှိခဲ့သည့်မြေဖြစ်သဖြင့် ဒေါ်မြိုင်ကွယ်လွန်ပြီးနောက် ယင်းမြေကိုဒေါ်မြိုင်၏အမွေစားအမွေခံများက အမွေဆက်ခံပိုင်ခွင့်မရှိ။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးစံသိန်း။

အယူခံတရားခံအတွက်။ ။ကိုယ်တိုင်။

အယူခံတရားလို မရင်နုနှင့် အယူခံ တရားပြိုင် မအေးမြင့် တို့မှာ ညီအစ်မ အရင်း ဖြစ်ကြသည်။ အယူခံ တရားပြိုင် အမှတ် (၂) ဦးခင်မောင် မှာ မအေးမြင့်၏ ခင်ပွန်း ဖြစ်သည်။ မရင်နုနှင့် မအေးမြင့် တို့၏ မိခင် ဒေါ်မြိုင် ကွယ်လွန်ပြီးနောက် မရင်နုက ယခင် တရားရုံးချုပ်၊ မူလဘက် ဌာနခွဲ (၂) တရားမကြီးမှုအမှတ် ၂၉၂/၇၁ တွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပ (၆) ရပ်ကွက်၊ ဟံသာဝတီ ၂၂ လမ်း၊ အိမ်အမှတ် (၆) နှင့် မြေမှာ ဒေါ်မြိုင်ပိုင်သည့်ပစ္စည်း ဖြစ်သည့်အတွက် တရားရုံးက ယင်းပစ္စည်းကို အုပ်ထိန်းစီမံခန့်ခွဲ၍၊ တဝက်ရလို ကြောင်းတရားစွဲဆိုခဲ့သည်။ မူလရုံးကအမှုကို စစ်ဆေးပြီး ပလပ်လိုက်သည့် အတွက် ဤအယူခံမှုကိုတင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၆။

† ၁၉၇၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၉၂ တွင် ယခင်တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂) ရုံး၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၅၅ — မရင်နု နှင့် မအေးမြင့် ပါ ၂ ဦး။

အခင်းဖြစ်မြေမှာ အစိုးရမြေဖြစ်ပြီး ဒေါ်မြိုင်၏ အမည်နှင့် နေခွင့်လက်မှတ် (Permit) ကို အိုးအိမ်ပြန်လည်ထူထောင်ရေးအဖွဲ့က ထုတ်ပေးထားကြောင်း အငြင်းမထွက်ချေ။ နေခွင့်လက်မှတ် (Permit) ဖြင့်ရရှိခဲ့သည့် မြေ ဖြစ်သဖြင့် ဒေါ်မြိုင်ကွယ်လွန်ပြီးနောက် ယင်းမြေကို ဒေါ်မြိုင်၏ အမွေစား အမွေခံများက အမွေဆက်ခံပိုင်ခွင့်မရှိချေ။

အယူခံတရားလိုက အခင်းဖြစ်အိမ်ကို ဒေါ်မြိုင်၏ ငွေဖြင့်ဆောက်ခဲ့သည် ဟု အဆိုပြုထားကြောင်း တွေ့ရသည်။ ဒေါ်မြိုင်ကတောမှ အိမ်ကိုရောင်းချရရှိသော ငွေနှင့်ဆောက်လုပ်ခဲ့သည်ဟုဆိုသည်။ သို့ရာတွင် ယင်းအချက်နှင့် ပတ်သက်၍ သက်သေထင်ရှားမှုမရှိချေ။ တရားလို၏ အဆိုအရပင်လျှင် အခင်းဖြစ်အိမ်၏ တန်ဘိုးမှာ ငွေ ၂၅၀၀၀ ခန့်ဖြစ်သည်ဟုထွက်ဆိုထားသည်။သို့သော်တောမှအိမ်ရောင်းချရာတွင် ငွေ ၄၅၀ သာရသည်ဟု တရားလိုကိုယ်တိုင် ထွက်ဆိုထားကြောင်း တွေ့ရသည်။ ထို့အပြင်ဒေါ်မြိုင်အနေနှင့် အချင်းဖြစ်အိမ် ဆောက်လုပ်နိုင်အောင် စီးပွားရေးအခြေအနေရှိသူ ဖြစ်ကြောင်း တရားလိုအနေနှင့်လည်း သက်သေခိုင်ခိုင်လုံလုံ မတင်ပြနိုင်ခဲ့ချေ။ တရားလိုပြသက်သေ ဦးထွန်းရှိန်က တောမှာရှိသော ဒေါ်မြိုင်၏အိမ် တန်ဘိုးမှာ ၃-၄ ရာ မျှသာ ဖြစ်သည်။ အချင်းဖြစ်အိမ်မှာ ၁၅၀၀၀ လောက်တန်သည်။ ဒေါ်မြိုင်တွင် ၁၅၀၀၀ ခန့်တန် အိမ်ဆောက်နိုင်လောက်အောင် အင်အားရှိ မရှိမသိပါဟု ထွက်ဆိုခဲ့သည်။ အလားတူပင် တရားလိုပြသက်သေ ကိုဝင်းကြိုင်က အိမ်ဆောက်ရန် ဒေါ်မြိုင်တွင် အခြေအနေရှိ မရှိမသိဟု ထွက်ဆိုထားသည်။ ထို့ကြောင့်အခင်းဖြစ်အိမ်သည် ဒေါ်မြိုင်ပိုင်ခဲ့သည့် အိမ်မဟုတ်ဟု အဆုံးအဖြတ်မှာ မှန်ကန်သည်။ သို့ဖြစ်၍ ဤအယူခံကို ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့် တရားစရိတ်များကိုအယူခံတရားလိုက ကျခံရန် အမိန့်ချမှတ်သည်။

# တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးလှထွန်း

## နှင့်

## ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ ပါ ၂

† ၁၉၇၅

စက်တင်ဘာလ ၅ ရက်။

အလုပ်သမား သေဆုံး၍ လျော်ကြေးရရန်လျှောက်ထားမှု စီဘီဦးစီးက ခန့်ထားသည့်အလုပ်သမား သည် စီဘီပိုင်ရှင်၏ အလုပ်သမားဟုတ်မဟုတ်၊ အလောင်းကိုရှာမတွေ့ရ၍ဖြင့် အသက်ရှင်လျက် ရှိသည်ဟုဆိုနိုင်မဆိုနိုင်၊ သက်သေခံဥပဒေပုဒ်မ ၁၀၈ သည် ဤအမှုမျိုးနှင့်သက်ဆိုင်ခြင်း ရှိမရှိ။

ဆုံးဖြတ်ချက်။ ။စီဘီတိုင်းတွင် စီဘီပိုင်ရှင်က အလုပ်သမားများ ခန့်ထားခြင်းမပြုပဲ၊ စီဘီဦးစီးကသာခန့်ထားသည့် လုပ်ထုံးလုပ်နည်းကို စီဘီတိုင်းတွင် လိုက်နာကျင့်သုံးကြောင်း ဤအမှုတွင် သက်သေထွက်ချက်များ အထင်အရှားရှိသည်။ ဤလုပ်ထုံးလုပ်နည်းအရ စီဘီ ၂၃၁ တွင် ဦးစီးဖြစ်သူ ဘာရှားမြားက မောင်ကာလူးအား အလုပ်ခန့်ခဲ့သည်ဟု အတိအလင်းထွက်ဆိုထားသည်။ ဘာရှားမြားသည် အယူခံတရားလိုအတွက် နှစ်ပေါင်းများစွာ အလုပ်လုပ်လာသူဖြစ်သဖြင့် အယူခံ တရားလို၏အကျိုးကို ဆန့်ကျင်ပြီး မတရားထွက်ဆိုရန်အကြောင်းမရှိဟု ယူဆသည်။ ထို့ကြောင့် မောင်ကာလူးသည် အယူခံတရားလို၏ အလုပ်သမားဖြစ်သည်ဟုဆိုရပေမည်။

ထပ်မံဆုံးဖြတ်ချက်။ ။မောင်ကာလူး၏အလောင်းကိုရှာမတွေ့ရ၍ဖြင့် သူသည်အသက်ရှင်လျက် ရှိသည်ဟုမဆိုနိုင်ပေ။ သက်သေခံဥပဒေပုဒ်မ ၁၀၈ သည် ယခုကဲ့သို့သောအမှုမျိုးနှင့်မသက်ဆိုင်ချေ။ ယခုအမှုတွင် စီဘီ ၂၃၁ ကို စက်လှေကဝင်တိုက်သည့်အတွက် ယင်းစီဘီပေါ်မှ မောင်ကာလူးမရေထဲသို့ လွင့်ကျသွားသည်ဟု သက်သေထွက်ချက်ရှိခြင်း၊ ဤကဲ့သို့မြစ်ထဲသို့ကျသွားပြီးရှာမတွေ့ခြင်း၊ ယခု အထိ မောင်ကာလူးထံမှတစုံတရာသတင်းမရရှိခြင်းတို့ကို ဆင်ခြင်စဉ်းစားရပေသည်။ ဤအကြောင်း များကြောင့် မောင်ကာလူးသည် ရေနစ်၍ သေဆုံးလေသည်ဟု ယူဆနိုင်သည်ဟုဆိုရပေမည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးစောလှိုင်။

အယူခံတရားခံ (၁) အတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) မစ္စတာ အက်စ်ကော့ဂ်ျ။
အယူခံတရားခံ (၂) အတွက်။ ။မစ္စတာ အမ်အေဆူဘန်း။

---

† ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၀။

*၁၉၇၄ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၂၃ တွင်၊ရန်ကုန်တိုင်းအလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီရုံး၏ချမှတ်သော ဒီကရီအမိန့်ကိုအယူခံဝင်မှု။

၁၉၇၅

ဦးလှထွန်း နှင့် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း၊ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ ပါ ၂။

၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင်ရန်ကုန်မြစ်အတွင်း၌ "အောင်မြတ်ထွန်း" စက်လှေ နှင့် စီဘီအမှတ် ၂၃၁ တို့ မတော်တဆ တိုက်မိရာ စီဘီ ပေါ်မှ အလုပ်သမား ဆိုသူ ခါလာမြား (ခ) မောင်ကာလူး ရေထဲသို့ လွင့်စင် ကျရောက်ပျောက်ဆုံးသွားခဲ့ရသောကြောင့် စီဘီပိုင်ရှင် အယူခံတရားလိုထံမှ လျော်ကြေးရလိုကြောင်း ထိုခါလာမြား (ခ) မောင်ကာလူး၏ ဘခင်ဆိုသူ အယူခံ တရားပြိုင် အော်စီရောမန်က လျှောက်ထားခဲ့သည်။ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီက အမှုစစ်ဆေး ကြားနာပြီး လျော်ကြေးငွေ ၃၂၈၀ ကျပ် ပေးစေရန်အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ ၃၀ အရ အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလိုက ၎င်း၏အယူခံ လျှောက်လွှာအရ ခါလာမြား (ခ) မောင်ကာလူးသည် ၎င်း၏ အလုပ်သမား မဟုတ်ကြောင်း၊ မောင်ကာလူးသည် အလုပ်ခွင်တွင် သေဆုံးခဲ့ခြင်း မဟုတ်ကြောင်း၊ အလောင်းလုံးဝရှာမတွေ့သဖြင့် မောင်ကာလူးသည် အမှန်တကယ် သေဆုံးသွားပြီဟု မပြောနိုင်ကြောင်း အယူခံတရားပြိုင် အော်စီရောမန်သည် မောင်ကာလူး၏ ဖခင်ဖြစ်သည်ဟု အထောက်အထားလုံလောက်စွာမရှိကြောင်းနှင့် ဖခင်ဖြစ်စေကာမူ မောင်ကာလူး၏ မှီခိုသူမဟုတ်ကြောင်း အစရှိသဖြင့်တင်ပြထားကြောင်းကိုတွေ့ရသည်။

စီဘီကိုင်းတွင်စီဘီပိုင်ရှင်က အလုပ်သမားများခန့်ထားခြင်းမပြုပဲ၊ စီဘီဦးစီးကသာ ခန့်ထားသည့်လုပ်ထုံးလုပ်နည်းကို စီဘီတိုင်းတွင် လိုက်နာကျင့်သုံးကြောင်း ဤအမှုတွင် သက်သေထွက်ချက်များ အထင်အရှားရှိသည်။ ဤလုပ်ထုံး လုပ်နည်းအရ စီဘီ ၂၃၁ တွင် ဦးစီးဖြစ်သူ ဘာရှားမြားက မောင်ကာလူးအား အလုပ်ခန့်ခဲ့သည်ဟု အတိအလင်းထွက်ဆိုထားသည်။ ဘာရှားမြားသည် အယူခံ တရားလိုအတွက်နှစ်ပေါင်းများစွာ အလုပ်လုပ်လာသူဖြစ်သဖြင့် အယူခံတရားလို၏ အကျိုးကို ဆန့်ကျင်ပြီးမတရားထွက်ဆိုရန် အကြောင်းမရှိဟု ယူဆသည်။ ထို့ကြောင့် မောင်ကာလူးသည် အယူခံတရားလို၏ အလုပ်သမားဖြစ်သည်ဟု ဆိုရပေမည်။

စီဘီ ၂၃၁ နှင့် စီဘီ ၆၁၇ တို့ကို အယူခံတရားလိုပိုင် "နေပြည်တော်" သင်္ဘောနှင့်တွဲ၍သွားနေစဉ် "အောင်မြတ်ထွန်း" စက်လှေကဝင်တိုက်ကြောင်း သက်သေအထောက်အထားရှိသည်။ ထို့ကြောင့် မောင်ကာလူးသည် အလုပ်ခွင်တွင် အလုပ်ချိန်၌သေဆုံးခဲ့သည်ဟုဆိုရပေမည်။

မောင်ကာလူး၏ အလောင်းကို ရှာမတွေ့ရုံဖြင့် သူသည် အသက်ရှင်လျက်ရှိသည်ဟုမဆိုနိုင်ပေ။ သက်သေခံဥပဒေ ပုဒ်မ ၁၀၈ သည် ယခုကဲ့သို့သော အမှုမျိုးနှင့်

မသက်ဆိုင်ချေ။ ယခုအမှုတွင် စီဘီ ၂၃၁ ကို စက်လှေက ဝင်တိုက်သည့်အတွက်ယင်း စီဘီပေါ်မှမောင်ကာလူး ရေထဲသို့လွင့်ကျသွားသည်ဟု သက်သေထွက်ချက်ရှိခြင်း၊ ဤကဲ့သို့မြစ်ထဲသို့ကျသွားပြီး ရှာမတွေ့ခြင်း၊ ယခုအထိ မောင်ကာလူးထံမှ တစုံတရာသတင်းမရရှိခြင်းတို့ကို ဆင်ခြင်စဉ်းစားရပေသည်။ ဤအကြောင်းများကြောင့် မောင်ကာလူးသည် ရေနစ်၍သေဆုံးလေသည်ဟု ယူဆနိုင်သည်ဟု ဆိုရပေမည်။

၁၉၇၅
ဦးလှထွန်း
နှင့်
ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း၊ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ ပါ ၂။

အယူခံတရားပြိုင် အော်စီရောမန်မှာ သေဆုံးသူ မောင်ကာလူး၏ ဖခင်မဟုတ်ဟု မူလမှုစစ်ဆေးသည့်ရုံးတွင် အယူခံတရားလိုက တိတိကျကျ မငြင်းခဲ့ချေ။ ထို့အပြင် အဖေဟုတ်သည် မဟုတ်သည်မှာ အကြောင်းအခြင်းရာနှင့် သက်ဆိုင်သည်။ ဤအကြောင်းအခြင်းအရာ အချက်နှင့် ပတ်သက်ပြီး မူလရုံး၏ အဆုံးအဖြတ်ကို အယူခံမဝင်နိုင်ချေ။ အလုပ်သမား လျော်ကြေးဥပဒေ ပုဒ်မ ၃ဝ အရ၊ အရေးကြီးသည့်ဥပဒေအချက်အလက်နှင့်သာ ပတ်သက်ပြီး အယူခံဝင်ခွင့်ရှိသည်။

အယူခံတရားပြိုင်က မောင်ကာလူးသည် အသက်ရှင်စဉ်က ၎င်းအား လစဉ်ငွေထောက်ပံ့ခဲ့သည်ဟု ထွက်ဆိုခဲ့သည်။ ယင်းထွက်ဆိုချက်ပေါ် မူတည်၍ မူလရုံးက သူသည်မောင်ကာလူး၏ မှီခိုသူဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့အနေနှင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိဟုယူဆသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၏အမိန့်မှာ မှားသည်ဟု မဆိုနိုင်သဖြင့် ဤအယူခံကို ပလပ်လိုက်သည်။ အယူခံတရားလိုအား အယူခံတရားပြိုင် အမှတ် (၂) အား ရှေ့နေစရိတ် ၅ဝိ ပေးရန် အမိန့်ချမှတ်သည်။

## တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးဂိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

မေလ ၈ ရက်။

### မောင်လှအေး

နှင့်

### ဦးကျော်သိန်း ပါ ၂ *

တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၅ တရားလိုတဦး၏ အဆိုလွှာတွင်ပါရှိသည့် စွပ်စွဲချက်ကို တရားပြိုင်ကငင်း၏ ချေလွှာအရ၊ တိကျစွာမငြင်းလျှင် ဝန်ခံသည်ဟုမှတ်ယူရခြင်း။

ဆုံးဖြတ်ချက်။ ။အဆိုလွှာအပိုဒ် ၁၃ တွင်ပါရှိသည့် စွပ်စွဲချက်များကို အယူခံတရားလိုကငင်း၏ ချေလွှာတွင်မငြင်းခဲ့ကြောင်းတွေ့ရသည်။ အပိုဒ် ၁၃ အရ၊ အယူခံတရားပြိုင်တို့က ၎င်းတို့ပိုင်ထင်းရှူးသေတ္တာလုပ်ငန်းကို အယူခံတရားလိုမှာ သားမက်ဖြစ်သဖြင့် ယုံကြည်၍လွှဲအပ်ခဲ့သည်ဟု အတိအလင်းစွပ်စွဲထားကြောင်း တွေ့ရသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်းဥပဒေ ၅ အရ၊ တရားလိုတဦး၏ အဆိုလွှာတွင်ပါရှိသည့် စွပ်စွဲချက်ကို တရားပြိုင်က ၎င်း၏ချေလွှာအရ၊ တိကျစွာမငြင်းလျှင် ဝန်ခံသည်ဟုမှတ်ယူရန်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့်အဆိုလွှာအပိုဒ် ၁၃ ပါ စွပ်စွဲချက်များကို အယူခံတရားလိုကမငြင်းခဲ့သည့်အတွက် ဝန်ခံသည်ဟု မှတ်ယူရပေသည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးမောင်မောင်ကြီး။

အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးသာဟိန်း။

အယူခံတရားပြိုင် အမှတ် (၁) ဦးကျော်သိန်းနှင့် အယူခံတရားပြိုင် အမှတ် (၂) ဒေါ်ကျင်ပိုင်တို့မှာ အကြင်လင်မယားဖြစ်ကြပါသည်။ အယူခံတရားလိုသည် အယူခံတရားပြိုင်တို့၏ သမီးဖြစ်သူမခင်အုန်းမြင့်၏ ခင်ပွန်းဖြစ်သည်။

ယခင်တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂) တွင် အယူခံ တရားပြိုင်တို့က အယူခံတရားလိုနှင့် မခင်အုန်းမြင့်တို့အပေါ် အခင်းဖြစ် ပစ္စည်းများကို ပိုင်ဆိုင်ကြောင်းမြွက်ဟကြေငြာပေးရန်နှင့် လက်ရောက်ရလိုကြောင်း တရားစွဲဆိုခဲ့သည်။

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၆၃။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၇၇ တွင် တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂) (ရန်ကုန်မြို့ တရားမရုံးဆိုင်ရာ) တရားသူကြီး (၃) ရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅

မောင်လှအေး နှင့် ဦးကျော်သိန်း ပါ ၂။

မူလရုံးကနှစ်ဘက် သက်သေများ ကြားနာစစ်ဆေးပြီး အယူခံ တရားပြိုင်တို့စွဲဆိုသည့် အမှုကိုစရိတ်နှင့်တကွ ဒီကရီချမှတ်ပေးလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤ အယူခံမှုတင်သွင်းခြင်းဖြစ်သည်။

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ (၁) ရပ်ကွက် မဥ္ဇူလမ်း၊ အမှတ် (၃၂၄) တွင်ရှိ ထင်းရှူးသေတ္တာ လုပ်ငန်းနှင့် ယင်းအိမ် အမှတ် (၃၂၄) နှင့် တလမ်း တည်းရှိ အမှတ်(၃၂၆)တို့သည်မိမိတို့ပိုင်ဆိုင်သည်၊ ထင်းရှူးသေတ္တာလုပ်ငန်းကိုအယူခံ တရားလိုမောင်လှအေးက သူပိုင်သည်ဟု ငြင်းဆန်နေသည့်အပြင်၊ မခင်အုန်းမြင့် အမည်ဖြင့်ဝယ်ထားသည့် အထက်ဖော်ပြပါအိမ် ၂ လုံးကိုလည်း မောင်လှအေးက ၎င်း၏ငွေဖြင့် ဝယ်ပေးသည်ဟု အဆိုပြုနေသည့် အတွက် အယူခံ တရားပြိုင်တို့က တရားစွဲဆိုခဲ့ရခြင်း ဖြစ်သည်ဟု အဆိုလွှာဘွင်ပါရှိသည်။

ထင်းရှူးသေတ္တာလုပ်ငန်းမှာ မိမိကိုယ်ပိုင် လုပ်ငန်းဖြစ်သည်ဟု အယူခံတရားလိုက ထုချေသည်။ ထို့ပြင် အခင်းဖြစ် အိမ် ၂ လုံးကိုမိမိ၏ငွေနှင့် မခင်အုန်းမြင့် အမည်ဖြင့် ဝယ်ခဲ့သည်ဟုလည်းထုချေသည်။

ထင်းရှူးသေတ္တာလုပ်ငန်းနှင့်ပတ်သက်၍ အယူခံတရားပြိုင်တို့က မူလမှုတွင် တင်သွင်းသည့်အဆိုလွှာအပိုဒ် ၁၃ အရ၊ အောက်ပါအတိုင်း စွပ်စွဲခဲ့သည်။

“၁၉၆၈ ခုနှစ်တွင် (၂) တရားပြိုင် မောင်လှအေးအား တရားလိုများ၏ သမီးရင်းဖြစ်သူ (၁) တရားပြိုင် မခင်အုန်းမြင့်နှင့် လက်ထပ်ထိမ်းမြားပေးစား ပြီးနောက်၊ သားမက်အဖြစ်ဖြင့် ယုံကြည်ကာ ၎င်းလုပ်ငန်းတွင် အရေးကြီးသော လုပ်ငန်းများကို တရားလိုများကိုယ်စား စီမံကွပ်ကဲမှုအခွင့်အရေးကို စတင်ပေး ထားခဲ့ပြီး၊ တရားလိုများက ရံဖန်ရံခါမှသာ အလုပ်အခြေအနေကို တရားပြိုင်များ အား သာမန်အားဖြင့် စိစစ်မေးမြန်းခဲ့ပါသည်”။

အထက်ဖော်ပြပါအပိုဒ်- ၁၃ တွင် ပါရှိသည့် စွပ်စွဲချက်များကို အယူခံ တရားလိုကိုလှအေးက၎င်း၏ ချေလွှာတွင် မငြင်းခဲ့ကြောင်း တွေ့ရသည်။ အပိုဒ် ၁၃ အရ၊ အယူခံတရားပြိုင်တို့က ၎င်းတို့ပိုင် ထင်းရှူးသေတ္တာ လုပ်ငန်းကို အယူခံ တရားလိုမှာသားမက်ဖြစ်သဖြင့် ယုံကြည်၍ လွှဲအပ်ခဲ့သည်ဟု အတိအလင်း စွပ်စွဲ ထားကြောင်း တွေ့ရသည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်းဥပဒေ ၅ အရ၊ တရားလိုတဦး၏ အဆိုလွှာတွင် ပါရှိသည့် စွပ်စွဲချက်ကို တရားပြိုင်က ၎င်း၏ ချေလွှာအရ၊ တိကျစွာ မငြင်းလျှင် ဝန်ခံသည်ဟု မှတ်ယူရန် ဖြစ်ကြောင်း ပြဋ္ဌာန်း ထားသည်။ သို့ကြောင့် အထက်ဖော်ပြပါ အပိုဒ် ၁၃ ပါစွပ်စွဲချက်များကို အယူခံ တရားလိုကမငြင်းခဲ့သည့်အတွက် ဝန်ခံသည်ဟု မှတ်ယူရပေသည်။

၁၉၇၅ မောင်လှအေး နှင့် ဦးကျော်သိန်း ပါ ၂။

အယူခံတရားလိုက ၎င်း၏ဖခင်အမည်မှာ ဦးချန်ဖြစ်သည်၊ သို့ကြောင့် သေတ္တာလုပ်ငန်းကို တံချန်အမည်ဖြင့် မိမိတို့မိသားစုပိုင် လုပ်ငန်းအဖြစ်ဖြင့် လုပ်ကိုင်ခဲ့သည်ဟု သက်သေခံသည့်အခါက ထွက်ဆိုထားသော်လည်း ဤအချက်ကို ၎င်း၏ချေလွှာတွင် ထည့်သွင်း၍အဆိုမပြုခဲ့ချေ။ တရားမမှုများကို ဆုံးဖြတ်ရာ၌ အဆိုအချေပါ အချက်များကိုအခြေခံလျက် အဆုံးအဖြတ် ပေးရန်သာ ဖြစ်သည်။ ထို့ကြောင့် အယူခံတရားလိုက ထင်းရှူးသေတ္တာလုပ်ငန်းကို "တံချန်" အမည်ဖြင့် မိမိတို့မိသားစုပိုင် လုပ်ငန်းအနေဖြင့် လုပ်ကိုင်ခဲ့ကြောင်း ချေလွှာတွင် အဆိုပြုခဲ့ခြင်း မရှိပါပဲ လျက်နောက်မှ ဤကိစ္စနှင့် ပတ်သက်၍ ထွက်ဆိုချက်ပြုခြင်းများကို လက်မခံနိုင်ချေ။

အခင်းဖြစ်သည့် မြောက်ဥက္ကလာပရှိ အိမ်နှစ်လုံး ဝယ်ရာ၌ မခင်အုန်းမြင့်၏ အမည်ဖြင့်ဝယ်ခဲ့ကြောင်းမှာ အငြင်းမထွက်ချေ။ သို့ဖြစ်၍ ဤကိစ္စနှင့်ပတ်သက်ပြီး အဓိက စဉ်းစားရန်မှာ ထိုအိမ်များ ဝယ်ရာတွင် မည်သူ့ငွေဖြင့် ဝယ်ယူသည် ဆိုသောအချက်ပင်ဖြစ်သည်။ ဤအချက်ကို စဉ်းစားရာ၌ မူလပိုင်ရှင်များဖြစ်ကြသော ဦးအုန်းနှင့် ဒေါ်ကြီးတို့ကိုယ်တိုင် က အိမ်အဖိုးငွေများကို အယူခံတရားပြိုင်တို့ကပေးကြောင်း၊ အယူခံတရားလို ကိုယ်တိုင်ကလည်း အယူခံတရားပြိုင်တို့ ဝယ်ခြင်းဖြစ်သည်ဟု ပြောကြောင်း ထွက်ဆိုချက်ရှိသည်။ ထို့အပြင် ဦးအုန်းထံမှ ဝယ်သည့်အချိန်က မခင်အုန်းမြင့်နှင့် အယူခံတရားလိုတို့ လက်ထပ်ထိမ်းမြား ခြင်း မပြုရသေးပေ။ ထို့ကြောင့် လက်မထပ်မီက ဝယ်ယူခဲ့သည့်အိမ်ကို အယူခံတရားလိုက မိမိ၏ဇနီးအား မြတ်နိုးသဖြင့် ၎င်း၏အမည်ဖြင့် ဝယ်ယူသည်ဆိုခြင်းသည် ယုတ္တိမရှိပေ။ ထို့အပြင်ချေလွှာအပိုဒ် (၂) ၌အိမ်များကို ဇနီးသည်အား ချစ်ခင်၍ ၎င်း၏အမည်ဖြင့် ဝယ်ခဲ့သည်ဟု တုချေခဲ့သော်လည်း အစစ်ခံရာတွင်မူ အယူခံတရားလိုကထိုသို့ မခင်အုန်းမြင့် အမည်ဖြင့် ဝယ်ခြင်းမှာ အမြတ်ခွန် တောင်းခံရမည်စိုး၍ဖြစ်သည်ဟု ထွက်ဆိုပြန်လေသည်။

အထက်ဖော်ပြပါအကြောင်းများကြောင့် မူလရုံးက ထင်းရှူးသေတ္တာ လုပ်ငန်းကို အယူခံတရားပြိုင်တို့ ပိုင်ဆိုင်ကြောင်းနှင့် အခင်းဖြစ် အိမ်နှစ်လုံးကို ၎င်းတို့၏ငွေဖြင့် ဝယ်ယူကြောင်း ဆုံးဖြတ်လိုက်သည်မှာ မှားသည်ဟု မဆိုနိုင်သည့်အတွက် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၅၁ ကျပ် သတ်မှတ်သည်။

## တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်သီလှ

နှင့်

မခင်အုန်းကြည် *

† ၁၉၇၅ ဇွန်လ ၄ ရက်။

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၄ (၁)(ဂ)အရ စွဲဆိုခြင်း၊ ဥပစာ၏ စတုရန်းပေကို လူဦးရေနှင့်စားပြီး တဦးလျှင် စတုရန်းပေ မည်ရွေ့မည်မျှရရှိမှုပေါ်မူတည်၍ အဆုံးအဖြတ်မပေးသင့်ခြင်း ဥပစာကို အကြောင်းအားလျော်စွာ သဘောရိုးဖြင့် လိုအပ်မှု ရှိရန်လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံးက ဥပစာ၏ စုစုပေါင်း စတုရန်းပေ အကျယ်အဝန်းနှင့်လူဦးရေ ၁၂ ဦးတွက်ပြီး တဦးပေ ၆၀ စတုရန်းခန့်ရရှိမည်ဖြစ်သဖြင့် ကျဉ်းမြောင်းသည်ဟု မဆိုနိုင်သော ကြောင့် အချင်းဖြစ် ဥပစာကိုဖယ်ရှားပေးရန်မလိုဟု ဆုံးဖြတ်လိုက်သည်။ ဥပစာ၏ စတုရန်းပေကို လူဦးရေနှင့်စားပြီး တဦးလျှင်စတုရန်းပေ မည်ရွေ့မည်မျှရရှိမှု ပေါ်မူတည်၍ အဆုံးအဖြတ်မပေး သင့်ပေ။

ဤအမှုမှာ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၄ (၁)(ဂ)အရ စွဲဆိုသည့်အမှုဖြစ် သည်။ ထို့ကြောင့် တရားလိုသည်အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် လိုအပ်သည် ဟုယူဆလျှင် ခွင့်ပြုရပေမည်။

အယူခံတရားလိုအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး ဦးအုန်းမောင်။

အယူခံတရားခံအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး ဦးဘသန်း (၁)။

အယူခံတရားလိုသည် ရန်ကုန်မြို့၊ စမ်းချောင်း၊ ငါးခယ်မလမ်း အမှတ် ၁၂ ဥပစာ၏ပိုင်ရှင်ဖြစ်သည်။ အယူခံတရားပြိုင်သည် ရန်ကုန်မြို့ ငှားရမ်းခကြီးကြပ်ရေး ဝန်ရုံး၊ အမှုတွဲအမှတ် (စီ ၄ဂ/၇၁) တွင် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၄ အရ၊ အိမ်ငှားအဖြစ်ဖြင့် သတ်မှတ်ခြင်း ခံရသော တရားဥပဒေ အရ၊ အိမ်ငှားဖြစ်သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၉။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံအမှုအမှတ် ၁ တွင်၊ ရန်ကုန်တိုင်း တရားမရုံး၊ ပန်းဘဲတန်း မြို့နယ်ရုံး၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၇၅

ဒေါ်သီလှ နှင့် မခင်အုန်းကြည်။

စမ်းချောင်းမြို့နယ် တရားမကြီးမှုအမှတ် ၁၀/၇၃ တွင် အယူခံတရားလိုက အချင်းဖြစ်အိမ်ကို မိမိကိုယ်တိုင် နေထိုင်ရန်အတွက် အယူခံတရားပြိုင်အား မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၄ (၁) (ဂ) အရ ဥပစာမှနှင်ထုတ်လိုမှုတရားစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက ယင်းအမှုကို စစ်ဆေး၍ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ယင်းဒီကရီကို အယူခံတိုင်းရုံးက ပယ်ဖျက်လိုက်သည့်အတွက် ဤဒုတိယအယူခံမှုတင်သွင်းခြင်းဖြစ်သည်။

ဤအမှုတွင်ဆုံးဖြတ်ရန် အင်္ဂါအချက်မှာ အယူခံတရားလိုသည် အချင်းဖြစ်ဥပစာကိုမိမိကိုယ်တိုင်နေရန် ကိစ္စသက်သက်အတွက် မှီးဖြောင့်သော သဘောဖြင့်ရယူလိုကြောင်းဟုတ်မဟုတ်ဖြစ်သည်။

အယူခံတရားလိုသည် ယခုစမ်းချောင်း၊ ဝါးခယ်မလမ်း၊ အမှတ် ၁၃ တွင်နေသည်။ ယင်းဥပစာတွင် အယူခံတရားလို၏ မိသားစု၊ စုစုပေါင်း ၁၂ ဦးနေကြောင်းသက်သေထွက်ချက်များအရ တွေ့ရှိရသည်။ ယင်းဥပစာမှာ အလျား ၁၈ ပေ၊ အနံ ၃၅ ပေခန့်ရှိသည်။ တိုင်းတရားရုံးက ဥပစာ၏ စုစုပေါင်း စတုရန်းပေ အကျယ်အဝန်းနှင့်လူဦးရေ ၁၂ ဦးဘွက်ပြီး တဦးပေ ၆၀ စတုရန်းခန့်ရရှိမည်ဖြစ်သဖြင့် ကျဉ်းမြောင်းသည်ဟုမဆိုနိုင်သောကြောင့် အချင်းဖြစ်ဥပစာကို ဖယ်ရှားပေးရန်မလိုဟုဆုံးဖြတ်လိုက်သည်။ ဥပစာ၏ စတုရန်းပေကို လူဦးရေနှင့် စားပြီး တဦးလျှင် စတုရန်းပေမည်မျှမည်မျှ ရရှိမှုပေါ် မူတည်၍ အဆုံးအဖြတ် မပေးသင့်ပေ။ ဤအမှုမှာ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၄ (၁) (ဂ) အရစွဲဆိုသည့် အမှုဖြစ်သည်။ ထို့ကြောင့် တရားလိုသည် အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့်လိုအပ်သည်ဟု ယူဆလျှင် ခွင့်ပြုရပေမည်။

ဤအမှုတွင် တရားလိုတို့၏ အိမ်ထောင်စုမှာ ၁၂ ဦးဖြစ်ပြီး ဥပစာ၏အကျယ်အဝန်းမှာ ၁၈ ပေ × ၃၅ ပေ ခန့်သာရှိသည်။ ထို့ကြောင့် တရားလိုတွင် အခင်းဖြစ်ဥပစာကိုရယူရန် လုံလောက်သည့် အကြောင်းရှိသည်ဟု ဆိုရပေမည်။ တဖန်တရားလိုသည် မရိုးမဖြောင့်သော သဘောဖြင့် အခင်းဖြစ် ဥပစာကို ရယူရန်အတွက် တရားစွဲဆိုခြင်းဖြစ်သည်ဟု သက်သေအထောက်အထားမရှိချေ။

သို့ဖြစ်၍ ရန်ကုန်တိုင်းရုံး၏ အမိန့်ကိုပယ်ဖျက်ပြီး မူလမြို့နယ် တရားရုံး၏စီရင်ချက်နှင့်ဒီကရီကို အတည်ပြုလိုက်သည်။ ရုံးအဆင့်ဆင့် စရိတ်များကို အယူခံတရားပြိုင်က ကျခံစေရန်အမိန့်ချမှတ်သည်။

## တရားမဒုတိယအယူခံ

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်သိန်းမေ ပါ (၃)

နှင့်

ဒေါ်ဝှါဘီ ပါ ၂ *

† ၁၉၇၅

ဩဂုတ်လ
၆ ရက်။

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(င) အရ စွဲဆိုခြင်း အဆောက်အဦ ပြင်ဆင်ရန်အတွက် အကြောင်းအားလျော်စွာ အလိုရှိကြောင်း ဖော်ပြရန် လိုမလို။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ခုနှစ်၊မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (င) ၏လိုအပ်ချက်မှာ အိမ်ရှင်သည်အဆောက်အအုံပြင်ဆင်ရန်အတွက် သဘောရိုးသာမက အကြောင်းအားလျော်စွာလည်း resonably required လိုအပ်ရမည် ဖြစ်သည်။ ဤအမှုတွင် အယူခံတရားပြိုင်တို့သည် ၎င်းတို့၏ အဆိုလွှာ၌ဖြစ်စေ၊ ရှေ့နေမှပေးပို့သောနို့တစ်စာတွင်ဖြစ်စေ၊ လျှောက ထားခံရသူ၏အစစ်ခံချက်တွင်ဖြစ်စေ၊ မည်သို့မျှအကြောင်းအားလျော်စွာ အလိုရှိသည်ဟု လုံး ဖော်ပြထားခြင်းမရှိပေ။

အယူခံတရားလိုများအတွက်။ ။အကျိုးဆောင် ဦးဘိုးသာ။

အယူခံတရားပြိုင်များအတွက်။ ။အကျိုးဆောင် ဦးအောင်သိန်း။

ဤအယူခံမှုနှင့် ဤရုံး ဒုတိယအယူခံမှု အမှတ် ၁၄/၇၃ တို့မှာ တရားမကြီးမှု တမှုတည်းမှ ပေါ်ပေါက်လာသော အယူခံမှုများဖြစ်သဖြင့် ဤအမိန့်သည် ယင်းအမှု နှစ်မှုစလုံးနှင့် သက်ဆိုင်သည်။

ယခင် ပဲခူးမြို့၊ မြို့နယ်တရားမရုံး တရားမကြီးမှုအမှတ် ၃/၇၃ တွင် အယူခံ တရားပြိုင် ဒေါ်ဝှါဘီပါ ၂ ဦးတို့က အယူခံတရားလို ဒေါ်သိန်းမေပါ ၅ ဦးတို့အပေါ် ပဲခူးမြို့၊ လိပ်ပြာကန် (၁)လမ်းနှင့် ကိုယ့်မင်းကိုယ့်ချင်းလမ်းဒေါင့်ရှိ အချင်းဖြစ်အိမ်မ ဖယ်ရှားပေးရန်အတွက် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ

* ၁၉၇၃ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၃။

† ၁၉၇၃ ခုနှစ် တရားမအယူခံမှု အမှတ် ၁ တွင် ပဲခူးမြို့နယ်၊ တိုင်းပြည်သူ့တရားရုံးအဖွဲ့ (၁၁) ရုံး၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅ ဒေါ်သိန်းမေ ပါ ၃ နှင့် ဒေါ်ဝှါဘိ ပါ ၂။

ပုဒ်မ ၁၂ (၁) (င)အရ၊ တရားစွဲဆိုခဲ့သည်။ ယင်းရုံးကအမှုကို ကြားနာစစ်ဆေးပြီး မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ)အရ ဒီကရီချမှတ်ပေးခဲ့သည်။ ယင်းဒီကရီကို နှစ်ဘက်စလုံးက မကျေနပ်ကြသဖြင့် ပဲခူးမြို့ရုံးထိုင်၊ ပဲခူးတိုင်း တရားရုံးသို့ အယူခံဝင်ခဲ့ကြသည်။ ပဲခူးတိုင်း တရားရုံးက မူလရုံး၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ အယူခံ တရားပြိုင်များ စွဲဆိုသည့်အတိုင်း ပုဒ်မ ၁၂ (၁) (င) အရ ဒီကရီ ချမှတ်ပေးလိုက်သည်။ မူလတရားပြိုင်ငါးဦး ရှိသည့်အနက် တရားပြိုင် နှစ်ဦးတို့မှာ အချင်းဖြစ်အိမ်တွင် နေထိုင်သူများ မဟုတ်ကြသဖြင့် အမှုမှပယ်ထုတ်ခဲ့သည်။ သို့ဖြစ်၍ ကျန်တရားပြိုင် ၃ ဦးဖြစ်ကြသည့် အယူခံတရားလိုတို့က ပဲခူးတိုင်း တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

ဤအမှုတွင် အငြင်းပွားခြင်းမရှိသော အချက်များမှာ အခင်းဖြစ်အိမ်၏ မူလပိုင်ရှင်မှာ မစ္စတာ ဘစူးဆိုသူဖြစ်သည်။ မစ္စတာ ဘစူးသည် ဒုတိယကမ္ဘာစစ်ကြီး အတွင်းက အိန္ဒိယပြည်သို့ ပြန်သွားရာ မြန်မာပြည်သို့ ပြန်မလာတော့ချေ။ ၁၉၄၅ ခုနှစ်လောက်တွင် ပဲခူးမြို့ အရေးပိုင်က စစ်သားများ အသုံးပြုရန် အခင်းဖြစ်အိမ်ကို သိမ်းဆည်းထားရာ၊ စစ်သားများ ဖယ်ရှားသွားပြီးနောက် အယူခံတရားလို အမှတ် (၁) ဒေါ်သိန်းမေအား နေထိုင်ခွင့် ပြုခဲ့သည်။ ထို့နောက် ဒေါ်သိန်းမေသည် မစ္စတာ ဘစူး၏ ကိုယ်စားလှယ် ဆိုသူများသို့ အိမ်လခတလလျှင် ၄ဝ နှုန်းဖြင့်ပေး၍ အစဉ်တစိုက် နေထိုင်လာခဲ့သည်။

ဤအမှုတွင် အရေးကြီးသော ဆုံးဖြတ်ရန် အချက်မှာ အယူခံ တရားပြိုင်တို့သည် မည်သည့်အတွက် အယူခံ တရားလိုတို့အား အခင်းဖြစ် ဥပစာမှ ဖယ်ပေးစေရန် တရားစွဲဆို ခဲ့ပါသနည်းဟူသော ပြဿနာပင် ဖြစ်သည်။ အဆိုပါ ပြဿနာနှင့်ပတ်သက်၍ မူလရုံးမှ အယူခံ တရားပြိုင်တို့သည် နေထိုင်ရန် မရှိသဖြင့် မိမိတို့ကိုယ်တိုင် နေထိုင်ရန်အတွက် အလိုရှိသောကြောင့် တရားစွဲဆိုခြင်း ဖြစ်သည်ဟု ဆုံးဖြတ်လျက် ၁၉၆၀ ခုနှစ်၊ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (င)အရ ဒီကရီ ချမှတ်လိုက်ခြင်းဖြစ်သည်။ သို့ရာတွင် တိုင်းတရားရုံးက အယူခံ တရားပြိုင်များသည် အထက်ပါ ပုဒ်မ ၁၂ (၁) (င) ခြွင်းချက်တွင် သတ်မှတ်ထားသော ပိုင်ရှင်များ မဟုတ်သဖြင့် အဆိုပါ ပုဒ်မအရ ဒီကရီကို ရနိုင်ခွင့်မရှိဟု ဆုံးဖြတ်ပြီး ပုဒ်မ ၁၂ (၁) (င) အရ အခင်းဖြစ် အဆောက်အဦကို ပြန်လည်ဆောက်ရန်၊ သို့မဟုတ် အရေးကြီးသော ပြုပြင်မှုများ ပြုလုပ်ရန်အတွက် အိမ်ရှင်က ရလိုသည်ဟုဆိုပြီး ဒီကရီ ချမှတ်ပေးလိုက်သည်။

အယူခံ တရားပြိုင်တို့သည် ၎င်းတို့၏ အပေါ်တွင် အိမ်ငှားအဖြစ် လက်ရှိ နေထိုင်လျက်ဖြစ်သော နေအိမ်မှ ထွက်ခွာသွားစေရန် အိမ်ရှင်က အနိုင်ဒီကရီ ရရှိထားပြီး

၁၉၅၅ — ဒေါ်သိန်းမေ ပါ ၃ နှင့် ဒေါ်ဝှါဘီ ပါ ၂။

ဖြစ်သည့်အပြင် အိမ်မှ ထွက်ခွာပေးရန် ဇာရီပြုလုပ်ထားပြီး ဖြစ်သောကြောင့် ၎င်းတို့၌ နေထိုင်ရန် အိမ်ပိုင်ရာပိုင် မရှိသဖြင့် အခင်းဖြစ်အိမ်ကို ဝယ်ယူ၍ အယူခံ တရားလို များအား ဖယ်ရှားစေလိုသည်ဟု ဖော်ပြထားကြောင်း တွေ့ရသည်။ အယူခံ တရားပြိုင် ဒေါ်ဝှါဘီ၏ အစစ်ခံချက်၌လည်း ၎င်းတို့သည် ဦးဘွသ်ဆိုသူပိုင်တိုက်တွင် အိမ်ငှါးအဖြစ် လွန်ခဲ့သောနှစ်ပေါင်း ၄၀ လောက်က နေထိုင်လာရာ ဦးတွသ်နှင့် ဇနီးများ သေဆုံးပြီးနောက် အမွေထိန်းလက်မှတ်ရရှိသူ ဦးဘဦး ဆိုသူက ဖယ်ရှား ပေးရန် ပဲခူးမြို့၊ ခရိုင်တရားမ တရားရုံးတွင် တရားစွဲဆိုရာ အနိုင်ရရှိ၍ဇာရီပြုလုပ်ထား သဖြင့် ၎င်းတိုက်မှ ပြောင်းရွှေ့ပေးရလျှင် နေထိုင်ရန်မရှိသောကြောင့် အခင်းဖြစ် အိမ်ကို မစ္စတာ ဒေးထံမှ ဝယ်ယူထားကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။ တရားစွဲဆိုခြင်း အကြောင်းမှာ နေရာမရှိ၍ ကိုယ်တိုင်နေထိုင်ရန် တရားစွဲဆိုခြင်းဖြစ် ကြောင်း ဒေါ်ဝှါဘီက အတိအလင်း အစစ်ခံထွက်ဆိုခဲ့သည်။ ထို့အပြင် အယူခံ တရားပြိုင်တို့က အယူခံတရားလိုတို့အားပေးပို့ခဲ့သည့် နို့တစ်စာတွင်အခင်းဖြစ်အိမ်ကို မိမိတို့ ကိုယ်တိုင် နေထိုင်ရန်အတွက် ဝယ်ယူရန်ဖြစ်ကြောင်းဖော်ပြသားသည်။ သို့ဖြစ်၍ အထက်ပါ သက်သေခံချက်များအရ အယူခံ တရားပြိုင်တို့သည် အခင်းဖြစ်အိမ်ကို ဝယ်ယူပြီးလျှင် ၎င်းတို့နေထိုင်ရန် ရယူလိုသောကြောင့် အယူခံ တရားလိုများအပေါ် တရားစွဲဆိုကြောင်း ထင်ရှားလေသည်။ သို့ရာတွင် အယူခံ တရားပြိုင်တို့သည် ပုဒ်မ ၁၂ (၁) (င) အရ တရားစွဲဆိုနိုင်ရန် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့မတိုင်မီက ပိုင်ရှင်ဖြစ်ရန်လိုသည်။ သို့သော် ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင်မှ ပိုင်ရှင်များ ဖြစ်လာလေရာ ထိုပုဒ်မအရ တရားစွဲဆိုပိုင်ခွင့်၊ သို့မဟုတ် ဒီကရီရပိုင်ခွင့် မရှိပေ။

ထို့အပြင် ပုဒ်မ ၁၂ (၁) (င)၏ လိုအပ်ချက်မှာ အိမ်ရှင်သည် အဆောက်အအုံ ပြင်ဆင်ရန်အတွက် သဘောရိုးနှင့်သာမက အကြောင်း အားလျော်စွာလည်း (reasonably required) လိုအပ်ရမည်ဖြစ်သည်။ ဤအမှုတွင် အယူခံတရား ပြိုင်တို့သည် ၎င်းတို့၏ အဆိုလွှာ၌ဖြစ်စေ၊ ရှေ့နေထံမှပေးပို့သော နို့တစ်စာတွင်ဖြစ်စေ၊ ဒေါ်ဝှါဘီ၏ အစစ်ခံချက်တွင်ဖြစ်စေ မည်သို့မျှ အကြောင်းအားလျော်စွာ အလို ရှိသည်ဟု လုံးဝဖော်ပြထားခြင်းမရှိပေ။ ထိုအမှုသာမကပဲ ဒေါ်ဝှါဘီက ၎င်း၏ အစစ်ခံချက်တွင် အချင်းဖြစ်အိမ်ကို နောက်ထပ် ပြင်ဆင်ရန် လိုမလိုကို တတ်ကျွမ်း သော အင်ဂျင်နီယာများအား ပြသခဲ့ဘူးခြင်း မရှိကြောင်းနှင့် နောက်ထပ် စစ်ဆေး ရန်ကိုလည်း သဘောမတူနိုင်ပါဟု ထွက်ဆိုထားသည်။ ၎င်း၏သက်သေ ဦးဘသောင်း (လိုပြ-၁)ကလည်း အချင်းဖြစ်အိမ်မှာ နောက်ထပ် ၁၅ နှစ်ခန့် ပြင်ဆင်ရန် မလိုသေး ပါဟု ထွက်ဆိုသွားသည်။ သို့ဖြစ်၍ အချင်းဖြစ်အိမ်မှာ အယူခံ တရားပြိုင်တို့က အ

၁၉၇၇

ဒေါ်သိန်းမေ ပါ ၃ နှင့် ဒေါ်ဝါဘ ပါ ၂။

ကြောင်း အားလျော်စွာ ပြင်ဆင်ရန် လိုအပ်သည်ဟုလည်း ယူဆနိုင်ရန် အကြောင်း တစုံတရာမရှိဟု ဆိုရပေမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အယူခံတရားပြိုင်တို့သည် ပုဒ်မ ၁၂ (၁) (င)အရဖြစ်စေ၊ ပုဒ်မ ၁၂(၁) (ဓ)အရဖြစ်စေ ဒီကရီကိုရယူရန်အခွင့်အရေး မရှိကြောင်း ထင်ရှားသဖြင့် ဤအယူခံကို ခွင့်ပြုပြီး မူလရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီတို့ကို ပယ်ဖျက်လိုက်သည်။ ရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံ တရားပြိုင်တို့က ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

# တရားမဒုတိယအယူခံ

ဥက္ကဋ္ဌအဖြစ်ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ်ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးသိန်းလှ ပါ ၂

† ၁၉၇၅
ဇူလိုင်လ
၂၆ ရက်။

## နှင့်

## ဒေါ်ညွန့်ညွန့် *

**အောက်ရုံး နှစ်ရုံးစလုံးက အကြောင်းခြင်းရာနှင့်ပတ်သက်၍ တူညီတွေ့ရှိထားခြင်း၊ ဒုတိယအယူခံရုံးက လုံလောက်သောအကြောင်းမရှိပါက ဝင်ရောက်မစွက်ဖက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အရောင်းအဝယ်ကတိစာချုပ်အရ ပေးခဲ့သည့်ငွေမှာ တန်ဖိုး၏တစိတ်တဒေသ ငွေဖြစ်သည်ဟု မူလရုံးနှင့် ပထမအယူခံရုံးတို့က ဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်သည်။ယင်းကဲ့သို့မူလရုံးနှင့် ပထမအယူခံရုံးနှစ်ရုံးစလုံးက အကြောင်းခြင်းရာနှင့်ပတ်သက်၍ တူညီတွေ့ရှိထားပြီးဖြစ်လျှင် ကျန် ဒုတိယအယူခံမှု၌ လုံလောက်သည့်အကြောင်းမရှိလျှင် ဝင်ရောက်စွက်ဖက်ခြင်းမပြုထိုက်ပေ။

**အယူခံတရားလိုများအတွက်။** ။အကျိုးဆောင် ဦးတင်ညွန့်။

**အယူခံတရားပြိုင်အတွက်။** ။အကျိုးဆောင် ဦးဘညွန့်။

အယူခံတရားပြိုင်သည် အယူခံ တရားလိုများထံမှ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း အမှတ် ၄၄ တွင်ရှိသော အိမ်နှင့် မြေကို အကျိုးခံစားခွင့် အရပ်ရပ်နှင့် တကွ တန်ဖိုးငွေ ၂၈၀၀၀ိ ဖြင့် ဝယ်ယူရန် သဘောတူပြီး အိမ်အရောင်းအဝယ် စရန် ပေးအပ်သည့် စာချုပ် ချုပ်ဆို၍ ငွေ ၅၀၀၀ိ ပေးခဲ့သည်။ ထိုနောက် အရောင်း အဝယ် မဖြစ်သည့်အတွက် အယူခံတရားပြိုင်က အယူခံတရားလိုများထံမှ စာချုပ် ချုပ်စဉ်က ပေးခဲ့သည့် ငွေ ၅၀၀၀ိ ကို ပြန်ရလိုကြောင်း တရားစွဲဆိုခဲ့သည်။ စမ်းချောင်းမြို့နယ် တရားရုံးက အမှုကိုစရိတ်နှင့်တကွ ဒီကရီချထား ပေးလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးသို့ အယူခံဝင်ရာ မအောင်မြင်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

---

၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ဂ။

၁၉၇၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင်၊ ရန်ကုန်တိုင်း၊ ပြည်သူ့တရားရုံး၊ နာယကရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅

ဦးသိန်းလှ ပါ၂ နှင့် ဒေါ်ညွန့်ညွန့်။

မူလရုံးနှင့်ပထမအယူခံရုံးတို့က အယူခံတရားပြိုင်သည် အရောင်းအဝယ် ကတိစာချုပ်ကိုဖောက်ဖျက်ခြင်း မရှိခဲ့ကြောင်းတွေ့ရှိပြီး စရန်အဖြစ် ပေးထားသော ငွေ ၅၀၀၀ိ မှာတန်ဖိုး၏ တစိတ်တဒေသ ပေးသွင်းငွေ ဖြစ်သည်ဟု ဆုံးဖြတ်ပြီး အယူခံတရားပြိုင်ကို အနိုင်ပေးခဲ့သည်။ အရောင်းအဝယ် ကတိစာချုပ်အရ ပေးခဲ့သည့် ငွေ ၅၀၀၀ိ မှာတန်ဖိုး၏ တစိတ်တဒေသ ငွေဖြစ်သည်ဟု မူလရုံးနှင့် ပထမအယူခံရုံးတို့ကဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်သည်။ ယင်းကဲ့သို့ မူလရုံးနှင့် ပထမအယူခံရုံးနှစ်ရုံးစလုံးက အကြောင်းခြင်းရာနှင့် ပတ်သက်၍ တူညီတွေ့ရှိထားပြီး ဖြစ်လျှင် ဤဒုတိယအယူခံမှု၌ ကျွန်ုပ်တို့အနေနှင့် လုံလောက်သည့် အကြောင်းမရှိလျှင်ဝင်ရောက်စွက်ဖက်ခြင်းမပြုထိုက်ပေ။ သို့ကြောင့် ဤအမှုတွင် ဝင်ရောက်စွက်ဖက်ရန် လုံလောက်သော အကြောင်းမရှိဟု ယူဆသည်။

မည်သို့ပင်ဖြစ်စေကာမူ သက်ဆိုင်ရာ အမှုတွဲများကို လေ့လာလိုက်သည့် အခါ အရောင်းအဝယ် ကတိစာချုပ် ချုပ်ဆဲအခါက အချင်းဖြစ်အိမ်နှင့် မြေမှာအမွေဆိုင် ပစ္စည်းဖြစ်ကြောင်း အယူခံတရားလိုတို့က မဖော်ခဲ့ကြောင်း၊ အရောင်းအဝယ်ကတိစာချုပ်ပေါ်တွင် အမွေဆိုင်တဦးဖြစ်သည့် ဒေါ်တင်အေးက လက်မှတ် ထိုးမထားကြောင်း၊ မြေနှင့်ပတ်သက်သည့် ဂရန်ကို ဒေါ်တင်အေး လက်ဝယ်တွင် ထားရှိပြီး အမှု စစ်ဆေးခဲ့သည်အထိ အယူခံတရားပြိုင်အား မအပ်ခဲ့ကြောင်းနှင့် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီရှေ့တွင် အယူခံတရားလိုများနှင့် ဒေါ်စောတင်တို့ ထွက်ချက်များကို ပေါင်းစပ် လေ့လာလိုက်သည့်အခါ အိမ်အရောင်း အဝယ်ကိစ္စသည် အယူခံတရားလိုတို့၏ ပျက်ကွက်မှုကြောင့် ပျက်ခဲ့ကြောင်း ထင်ရှားလေသည်။ ထို့ကြောင့် အိမ်အရောင်းအဝယ် ကတိကို အယူခံတရားလိုတို့က ဖောက်ဖျက်ခဲ့သဖြင့် လက်ခံထားသည့် ငွေ ၅၀၀၀ိ ကိုပြန်ပေးရန် တာဝန်ရှိသည်။

သို့ဖြစ်၍ ဤအယူခံမှုကိုပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်၏ စရိတ်များကို အယူခံတရားလိုတို့ကကျခံရန် အမိန့်ချမှတ်သည်။

# တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးဟူစိန်

နှင့်

## ဒေါ်လှမေ *

† ၁၉၇၁

ဇူလိုင်လ
၂၆ ရက်။

အိမ်နှင့် နို့တစ်စာကို ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ အရ၊ နို့တစ်စာတစောင်နှင့် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (က) အရ သီးခြားနို့တစ်စာတစောင် ပေါင်း နို့တစ်စာ ၂ စောင်ပေးပို့ခြင်းသည် ဥပဒေနှင့်ကိုက်ညီမညီ စံငှားခသတ်မှတ်ပေးရန်အမှုတွင် အိမ်ရှင်အဖြစ် လက်ခံထားသူအား အိမ်နှင်မှုတွင် ပိုင်ရှင်မဟုတ်ပါဟု ငြင်းဆိုပိုင်ခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ နှင့်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (က) အရ ပြဋ္ဌာန်းထားသည့်အချက်အလက်များကို တရားမစွဲဆိုခင် နို့တစ်စာ တခုတည်းတွင် ပေါင်းစပ်၍ ပေးပို့ရမည်ဟု မည်သည့်ဥပဒေကမှ ပြဋ္ဌာန်းထားခြင်းမရှိ။ ဥပဒေအရမပျက်ပြယ်။

ထပ်မံဆုံးဖြတ်ချက်။ ။စံငှားခသတ်မှတ်ပေးရန် လက်ထောက်ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးအဘွက် နယ်ပိုင်တရားမ တရားသူကြီးရုံးနှင့် ယခင်တရားရုံးချုပ်သို့ တင်သွင်းသော စာချွန်အမှုတို့တွင် အယူခံတရားပြိုင်ကို လျှောက်ထားခံရသူအဖြစ် ထည့်သွင်းခဲ့ခြင်းမှာမိမိ၏ အိမ်ရှင်ဖြစ်ခြင်းကြောင့် ထည့်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးအုန်းခင်။

အယူခံတရားပြိုင်အတွက်။ ။အကျိုးဆောင် မစ္စတာ အင်စီဆင်း။

ယခင်ပုသိမ်မြို့ တရားရေးဝန်ထမ်း အဆင့် (၃) ရုံးတွင် အိမ်ငှားရမ်းခ ၂၁၀ဝိ ကျန်ရှိနေသဖြင့် အယူခံတရားပြိုင်က အယူခံတရားလိုအပေါ် အိမ်နှင်လိုမှု စွဲဆိုပြီး အနိုင်ဒီကရီ ရရှိခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ယခင် ပုသိမ်မြို့ တရားရေး

---

* ၁၉၇၃ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၀။

† ၁၉၇၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃ တွင် ပုသိမ်မြို့တရားရေးဝန်ထမ်းအဆင့် (၁) ရုံး၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅

ဦးဟုစိန်
နှင့်
ဒေါ်လှမေ။

ဝန်ထမ်းအဆင့် (၁) ရုံးသို့ အယူခံဝင်ရာ မအောင်မြင်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုက အိမ်နှင်နို့တစ်စာများမှာ ဥပဒေနှင့်မကိုက်ညီကြောင်း၊ သူသည် အယူခံတရားပြိုင်၏ အိမ်ငှားမဟုတ်ကြောင်း မူလရုံးတွင် ထုချေခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ အယူခံ တရားရုံးကလည်း မူလရုံးအတိုင်း ဆုံးဖြတ်သဖြင့် ဤအယူခံမှုတွင် တင်ပြထားကြောင်း တွေ့ရသည်။

သက်ဆိုင်ရာအမှုတွဲများကို လေ့လာလိုက်သည့်အခါ အယူခံတရားပြိုင်လက်မှ တရားမစွဲဆိုမီ အယူခံတရားလိုကို နို့တစ်စာ ၂ စောင်ပေးခဲ့ကြောင်း တွေ့ရသည်။ တစောင်မှာ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ အရ ပေးပို့သည့် နို့တစ်စာ ဖြစ်ပြီး၊ နောက်တစောင်မှာ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ပေးပို့သည့် နို့တစ်စာဖြစ်ကြောင်းတွေ့ရသည်။ ယင်းကဲ့သို့ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ နှင့် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ပြဋ္ဌာန်းထားသည့် အချက်အလက်များကို တရားမစွဲဆိုခင် နို့တစ်စာတခုတည်းတွင် ပေါင်းစပ်၍ ပေးပို့ရမည်ဟု မည်သည့် ဥပဒေကမှ ပြဋ္ဌာန်းထားခြင်း မရှိပေ။ ထို့ကြောင့် ပေးပို့ခဲ့သည့် နို့တစ်စာ နှစ်စောင်မှာ အထက်ဖော်ပြပါဥပဒေနှစ်ရပ်နှင့် ကိုက်ညီစွာ ပေးခဲ့သည့် နို့တစ်စာများ ဖြစ်သဖြင့် ဥပဒေအရ ပျက်ပြယ်သည်ဟု အယူခံတရားလို၏ တင်ပြချက်ကို လက်မခံနိုင်ချေ။

အယူခံတရားလိုသည် ပုသိမ်မြို့ လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံး၊ ၁၉၆၈ ခုနှစ်၊ အထွေထွေအမှုအမှတ် ၁၃ တွင် အယူခံတရားပြိုင်ကို လျှောက်ထားခံရသူပြုလုပ်၍ စံငှားခသတ်မှတ်ပေးရန် လျှောက်ထားခဲ့သည်။ ထိုအမှုတွင် မူလအိမ်လခ ၇၀ိ မှလျှော့ပြီး စံငှားခမှာ တလ ၆၀ိ ဖြစ်စေဟု သတ်မှတ်ခဲ့သည်။ ယင်းအမိန့်ကိုမကျေနပ်၍ ပုသိမ်မြို့ တရားမနယ်ပိုင် တရားသူကြီးရုံးသို့ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၃၂ အရ လွှဲအပ်လွှာ တင်ခဲ့သည်။ ယင်းအမှုတွင်လည်း အယူခံတရားပြိုင်တို့ လျှောက်ထားခံရသူအဖြစ်ဖြင့် ထည့်သွင်းခဲ့သည်။ ထိုအမှုတွင် လျှောက်လွှာပလပ်ခြင်းခံရသည့်အတွက် ယခင်တရားရုံးချုပ်သို့ ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေမှု အမှတ် ၁၆၅ တွင် အမှုခေါ်စာချွန်တော်ဖြင့် ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့သေးသည်။ ယင်းအမှုတွင်လည်း အယူခံ တရားပြိုင်ကို လျှောက်ထားခံရသူအဖြစ်ဖြင့် ထည့်သွင်းခဲ့သေးသည်။ ထိုအမှုကို တရားရုံးချုပ်က ပလပ်လိုက်သည်။ ဤကဲ့သို့ အထက်တွင် ဖော်ပြထားသည့် အမှုများတွင် အယူခံ

၁၉၇၅

ဦးဟုစိန်
နှင့်
ဒေါ်လှမေ။

ဝန်ထမ်းအဆင့် (၁) ရုံးသို့ အယူခံဝင်ရာ မအောင်မြင်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုက အိမ်နှင့်နို့တစ်စာများမှာ ဥပဒေနှင့်မကိုက်ညီကြောင်း၊ သူသည် အယူခံတရားပြိုင်၏ အိမ်ငှားမဟုတ်ကြောင်း၊ မူလရုံးတွင် ထုချေခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ အယူခံ တရားရုံးကလည်း မူလရုံးအတိုင်း ဆုံးဖြတ်သဖြင့် ဤအယူခံမှုတွင် တင်ပြထားကြောင်း တွေ့ရသည်။

သက်ဆိုင်ရာအမှုတွဲများကို လေ့လာလိုက်သည့်အခါ အယူခံတရားပြိုင်လက်မှ တရားမစွဲဆိုမီ အယူခံတရားလိုကို နို့တစ်စာ ၂ စောင်ပေးခဲ့ကြောင်း တွေ့ရသည်။ တစောင်မှာ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ အရ ပေးပို့သည့် နို့တစ်စာ ဖြစ်ပြီး၊ နောက်တစောင်မှာ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ပေးပို့သည့် နို့တစ်စာဖြစ်ကြောင်းတွေ့ရသည်။ ယင်းကဲ့သို့ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ နှင့် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ပြဋ္ဌာန်းထားသည့် အချက်အလက်များကို တရားမစွဲဆိုခင် နို့တစ်စာတခုတည်းတွင် ပေါင်းစပ်၍ ပေးပို့ရမည်ဟု မည်သည့် ဥပဒေကမှ ပြဋ္ဌာန်းထားခြင်း မရှိပေ။ ထို့ကြောင့် ပေးပို့ခဲ့သည့် နို့တစ်စာ နှစ်စောင်မှာ အထက်ဖော်ပြပါဥပဒေနှစ်ရပ်နှင့် ကိုက်ညီစွာ ပေးခဲ့သည့် နို့တစ်စာများ ဖြစ်သဖြင့် ဥပဒေအရ ပျက်ပြယ်သည်ဟု အယူခံတရားလို၏ တင်ပြချက်ကို လက်မခံနိုင်ချေ။

အယူခံတရားလိုသည် ပုသိမ်မြို့ လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံး၊ ၁၉၆၇ ခုနှစ်၊ အထွေထွေအမှုအမှတ် ၁၃ တွင် အယူခံတရားပြိုင်ကို လျှောက် ထားခံရသူပြုလုပ်၍ စံငှားခသတ်မှတ်ပေးရန် လျှောက်ထားခဲ့သည်။ ထိုအမှုတွင် မူလအိမ်လခ ၇၀ိ မှလျှော့ပြီး စံငှားခမှာ တလ ၆၀ိ ဖြစ်စေဟု သတ်မှတ်ခဲ့သည်။ ယင်းအမိန့်ကိုမကျေနပ်၍ ပုသိမ်မြို့ တရားမနယ်ပိုင် တရားသူကြီးရုံးသို့ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၃၂ အရ လွှဲအပ်လွှာ တင်ခဲ့သည်။ ယင်း အမှုတွင်လည်း အယူခံတရားပြိုင်တို့ လျှောက်ထားခံရသူအဖြစ်ဖြင့် ထည့်သွင်းခဲ့သည်။ ထိုအမှုတွင် လျှောက်လွှာပလပ်ခြင်းခံရသည့်အတွက် ယခင်တရားရုံးချုပ်သို့ ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေမှု အမှတ် ၁၆၅ တွင် အမှုခေါ်စာချွန်တော်ဖြင့် ပယ် ဖျက်ပေးရန် လျှောက်ထားခဲ့သေးသည်။ ယင်းအမှုတွင်လည်း အယူခံ တရားပြိုင်ကို လျှောက်ထားခံရသူအဖြစ်ဖြင့် ထည့်သွင်းခဲ့သေးသည်။ ထိုအမှုကို တရားရုံးချုပ်က ပလပ်လိုက်သည်။ ဤကဲ့သို့ အထက်တွင် ဖော်ပြထားသည့် အမှုများတွင် အယူခံ

တရားပြိုင်ကို လျှောက်ထားခံရသူအဖြစ်ဖြင့် ထည့်သွင်းခဲ့ခြင်းမှာ မိမိ၏အိမ်ရှင်ဖြစ်ခြင်းကြောင့် ထည့်သွင်းခြင်းဖြစ်သည်။ ယခုအမှုမှာ အယူခံတရားပြိုင်သည် မိမိ၏ အိမ်ရှင်မဟုတ်ပါဟု အယူခံတရားလိုက မဆိုနိုင်တော့ပေ။ သက်သေခံ ဥပဒေပုဒ်မ ၁၁၆ အရပိတ်ပင်ထားသည်။

၁၉၇၅

ဦးဟူစိန်
နှင့်
ဒေါ်လှမေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို စရိတ်နှင့်တကွပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်၏ တရားစရိတ်များကို အယူခံတရားလိုက ကျခံစေဟု အမိန့်ချမှတ်သည်။

**အယူခံတရားလိုအတွက်။** ။အယူခံတရားလို(၁) အတွက် အကျိုးဆောင် ဦးစံသိန်း။

**အယူခံတရားခံအတွက်။** ။အကျိုးဆောင် ဦးချန်ထွန်းအောင်။

၁၉၇၅

အမွေဥပဒေချက်ဘာသာ ပါ ၅ နှင့် ကော၊အမ်၊ ဆူလေမန် ပါ ၅။

အယူခံမှု အမှတ် ၆၆/၇၃ နှင့် ၆၉/၇၃ တို့မှာ အပြန်အလှန် တင်သွင်းသည့် အယူခံမှုများ ဖြစ်သည့်အတွက် တပေါင်းတည်း စဉ်းစား၍ ဤအမိန့်ကို ချမှတ်ခြင်း ဖြစ်သည်။

ယခင်အင်းစိန်ခရိုင် တရားမ တရားသူကြီးရုံး၊ တရားမကြီးမှုအမှတ် ၂၃/၆၀ တွင် ကေဒအဆမစ် ဆိုသူဘိုက အဗဒူဂျပါး အပါအဝင် ၇ ဦးတို့အပေါ် အချင်းဖြစ် ဗလီနှင့် ပတ်သက်ပြီး တရားစွဲဆိုခဲ့သည်။ ယင်းဗလီမှာ ပုဂ္ဂလိကဗလီ မဟုတ်ဘဲ အများနှင့် သက်ဆိုင်သည့်ဗလီ ဖြစ်သည့်အတွက် ခရိုင်တရားမ တရားသူကြီးက ယင်းအမှုကို ပလပ်လိုက်သည်။ ယင်းကဲ့သို့ ပလပ်လိုက်ခြင်းကို မကျေနပ်၍ တရားရုံးချုပ်သို့ အယူခံသေးသည်။ သို့သော် အယူခံမှုကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

ထို့နောက် ယခင်တရားရုံးချုပ် မူလဘက် ဌာနခွဲ (၁) တွင် အယူခံတရားပြိုင်များက အယူခံ တရားလိုများ ပေါ်တွင် အချင်းဖြစ် ဗလီသည် အများပြည်သူနှင့် သက်ဆိုင်သော ဗလီတခုဖြစ်ကြောင်း မြွက်ဟဒီကရီအပြင်၊ ယင်းဗလီကို အုပ်ချုပ်ရန် စည်းမျဉ်းတခု ရေးဆွဲ ပေးစေလိုကြောင်း တရားစွဲဆိုခဲ့သည်။ နှစ်ဘက် အမှုသည်များက အချင်းဖြစ်ဗလီမှာ အများနှင့် သက်ဆိုင်သော ဗလီတခုဖြစ်သည်ဟု ဆိုခြင်းကို ဝန်ခံကြသဖြင့်၊ အဆိုပါဗလီသည် အများပြည်သူနှင့် သက်ဆိုင်သော ဗလီတခုဖြစ်ကြောင်း၊ ဗလီကို အုပ်ချုပ်ရန် စည်းမျဉ်းဥပဒေ ရေးဆွဲရမည်ဖြစ်ကြောင်း ပဏာမ ဒီကရီ ချမှတ်ပေးခဲ့သည်။ ထို့နောက် ဗလီ၏အမည်နှင့် ပတ်သက်၍ နှစ်ဦးနှစ်ဘက် သဘောတူညီမှု မရှိသဖြင့် သက်သေများ စစ်ဆေးပြီး အငြင်းပွားသော ဗလီ၏အမည်မှာ **ကျူလယာ**ဗလီဖြစ်သည်ဟု အမိန့်ချမှတ်ခဲ့သည်။

တဆက်တည်းပင် တရားလို တရားပြိုင်များသည် ဗလီအုပ်ချုပ်ရန်အတွက် ဖွဲ့စည်းပုံ စည်းမျဉ်း မူအကြမ်း တခုစီ တင်ပြခဲ့သည်။ ထိုစည်းမျဉ်းနှစ်ခုနှင့် ပတ်သက်၍ နှစ်ဘက် ရှေ့နေကြီးများ၏ လျှောက်လဲချက်ကို ကြားနာပြီး သဘောထား ကွဲလွဲနေသည့် အချက်များနှင့် ပတ်သက်၍ အောက်ပါအတိုင်း အမိန့်ချမှတ်ခဲ့သည်—

၁။ ဗလီလူကြီးများ ရွေးကောက်ရာတွင် အင်းစိန်နယ်မြေ အတွင်း၌ နေထိုင်သူများကိုသာ ခွင့်ပြုသင့်သည်၊

၂။ ကျူလယာ မူဆလင်လူမျိုးသာ မဲပေးပိုင်ခွင့်ရှိသည်၊

၁၉၇၅

အမှုဒူဂျက်ဘား ပါ ၅ နှင့် ကေ၊အမ်၊ ဆူလေမန် ပါ ၅။

၃။ မူလဗလီကို စတင်တည်ထောင်သူ စရီယာရောင်သား၏ အနွယ်များကို ဗလီလူကြီးအဖြစ် ရာသက်ပန် ဖြစ်စေမည်ဆိုသော စည်းမျဉ်းမှာ ခေတ်နှင့် မလျော်သဖြင့် ခွင့်မပြု။

အယူခံမှုအမှတ် ၆၆/၇၃ တွင် အယူခံ တရားလိုတို့က ကျူလယာဗလီဟု အမည်ပေးခြင်းနှင့် အထက်ဖော်ပြပါ ဆုံးဖြတ်ချက် အမှတ် (၂) တွင် ကျူလယာလူမျိုးသာ မဲပေးနိုင်ခွင့် ရှိသည်ဟု ဆုံးဖြတ်ချက်ကို မကျေနပ်၍ အယူခံဝင်ခြင်းဖြစ်သည်။ အယူခံ တရားလိုများအတွက် အကျိုးဆောင် ဦးစံသိန်း လိုက်ပါဆောင်ရွက်သည်၊ ယင်းအယူခံမှုတွင် အယူခံတရားပြိုင်အမှတ် ၂၊ ၃၊၄ တို့အတွက် အကျိုးဆောင် မစ္စတာ ဆူဘာမ်းက ဆောင်ရွက်ပြီး၊ အပြန်အလှန် ကန့်ကွက်ချက်တင်ခဲ့သည်။ အင်းစိန် နယ်နိမိတ်အတွင်းမှ မူဆလင်များသာ မဲပေးခွင့်နှင့် ဗလီလူကြီးအဖြစ် အရွေးခံခွင့်သာ ရှိစေရမည်။ ဆုံးဖြတ်ချက်နှင့် ဗလီစတင် တည်ထောင်သူ၏ အမျိုးအနွယ်များကို ရာသက်ပန် ဗလီလူကြီးအဖြစ် မခန့်ထားသင့် ဆုံးဖြတ်ချက်တို့ကို မကျေနပ်၍ ကန့်ကွက်ခြင်းဖြစ်သည်။

အယူခံမှုအမှတ် ၆၉/၇၃ တွင် အေကေဆူလေမန် ဆိုသူက အယူခံဝင်ခြင်းဖြစ်သည်။ အကျိုးဆောင်ကြီး ဦးချန်ထွန်းအောင်က ၎င်းအတွက် ဆောင်ရွက်သည်။ ဦးချန်ထွန်းအောင်က ဗလီကို စတင်တည်ထောင်သည့် ပုဂ္ဂိုလ်ကြီး၏ အမျိုးအနွယ် တဦးကို ရာသက်ပန် ဗလီလူကြီးအဖြစ် ခန့်ထားသင့်ပါသည်။ ဤအတိုင်း ဗလီစတင် တည်ထောင်သွားသူ ချုပ်ဆိုခဲ့သည့် ဝါကပ်တွင် ပါရှိခဲ့သဖြင့်၊ မူဆလင် ဥပဒေအရ ၎င်း၏ သဘောထားကို လိုက်နာသင့်သည်ဟု တင်ပြသွားသည်။

အချင်းဖြစ် ဗလီ၏အမည်ကို ကျူလယာမူစလင် ဗလီဟု မခေါ်သင့်ကြောင်း အကျိုးဆောင် ဦးစံသိန်းက အယူခံလျှောက်လွှာတွင် အဆိုပြုခဲ့သော်လည်း လျှောက်လဲချက် ပေးသည့်အခါ ဤအချက်နှင့် ပတ်သက်၍ မည်သို့မျှ မတင်ပြတော့ချေ။ ထို့အပြင် သက်သေ အထောက်အထားများအရ၊ စတင်တည်ထောင် ကတည်းက ဗလီ၏အမည်မှာ ကျူလယာမူစလင် ဗလီဖြစ်ကြောင်း ပေါ်လွင်သည့်အတွက် မူလဘက် ဌာနခွဲ(၁)မှ တရားသူကြီးက အမည်နှင့် ပတ်သက်၍ ချမှတ်သည့် အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိဟု ကျွန်ုပ်တို့ယူဆသည်။

အင်းစိန် နယ်မြေအတွင်း နေထိုင်သူများ မဲပေးပိုင်ခွင့် ရှိသည်ဟု ဆိုသော်လည်း ၎င်းမဲ ပေးနိုင်သူများသည် ကျူလယာ လူမျိုးများသာ ဖြစ်ရမည်ဟု ကန့်သတ်ချက်မှာ မျှတမှု မရှိဟု အကျိုးဆောင် ဦးစံသိန်းက တင်ပြသည်။

ဝတ်ပြုခွင့်ရှိသူ တဦးတယောက်တွင် မဲပေးပိုင်ခွင့်လည်း ရှိရမည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ဝတ်ပြုနိုင်ပြီး မဲပေးနိုင်ခွင့် မရှိဟု ဆိုခြင်းမှာ သဘာဝမကျချေ။ မဲပေးပိုင်ခွင့်ရှိသူ အချင်းချင်း ခွဲခြားမှု ကန့်သတ်ချက်များ ထားရှိလျှင် တရားမျှတမည် မဟုတ်ပေ။ လူမျိုးစုအချင်းချင်း စိတ်ဝမ်း ကွဲပြားမှု ဖြစ်ပေါ်လာရန် အကြောင်း ရှိနိုင်သည်။ ထို့ကြောင့် ကျူလယာ လူမျိုးများသာ မဲပေးပိုင်ခွင့် ရှိသည်ဟု ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည်။

၁၉၇၅

အဗ္ဗဒုဂျက်ဘား ပါ ၅ နှင့် ကေ၊ အမ်၊ ဆူလေမန် ပါ ၅။

အင်းစိန် နယ်နိမိတ်အတွင်း နေထိုင်သူများကိုသာ မဲပေးခွင့် ပြုမည့်အစား ရန်ကုန်မှာနေထိုင်သူများကိုပါ မဲပေးခွင့်ပြုလျှင် ဗလီအတွက် ပိုမိုအကျိုး ဖြစ်ထွန်းမည်ဟု မစ္စတာဆူဘာမ်းက တင်ပြပါသည်။ ရန်ကုန်မှာ နေထိုင်သူများကိုပါ မဲပေးခွင့်ပြုလျှင် ရွေးကောက်ပွဲ ကျင်းပရာတွင် မနိုင်မနင်း ဖြစ်လာနိုင်မည်၊ ထို့အပြင် ဗလီတည်ရှိရာ ဒေသတွင် နေထိုင်သူများသာ ယင်းဗလီ၏ အကျိုးကျေးဇူးအတွက် ဆောင်ရွက်နိုင်မည့်သူများ ဖြစ်သဖြင့် ၎င်းတို့ကိုသာလျှင် မဲပေးခွင့် ပြုသင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

ဗလီကို မူလစတင် တည်ထောင်လာသူ ပုဂ္ဂိုလ်ကြီး၏ ဝါကပ်စာချုပ်အရ ၎င်း၏ အမျိုးအနွယ် တဦးဦးသည် ရာသက်ပန် ဗလီလူကြီးအဖြစ် ခန့်ထားရမည်ဟု ပါရှိသည်။ ထို့ကြောင့် အမျိုးအနွယ် တဦးဖြစ်သူ အယူခံမှုအမှတ် ၆၉/၇၃ မှ အယူခံတရားလိုကို ခန့်ထားသင့်သည်ဟု အကျိုးဆောင် ဦးချန်ထွန်းအောင်က တင်ပြသည်။

သက်ဆိုင်ရာ အမှုတွဲများကို လေ့လာလိုက်သည့်အခါ အကျိုးဆောင် ဦးချန်ထွန်းအောင် ရည်ညွှန်းသည့် ဗလီစတင် လှူထောင်သည့်ပုဂ္ဂိုလ် ချုပ်ဆိုသော ဝါကပ်စာချုပ်မှာ ပျောက်ဆုံးသွားသည့်အတွက် သက်သေခံ စာတန်းအဖြစ် မတင်ထားကြောင်း တွေ့ရသည်။ဤအချက်နှင့် ပတ်သက်ပြီး ထိုစာချုပ်ကို ဖတ်ဘူးသည်ဟုဆိုသော သက်သေ ဦးကျော်စိန်၏ ထွက်ဆိုချက်သာရှိသည်။ ဤစာချုပ်နှင့် ပတ်သက်ပြီး အင်းစိန်ခရိုင်၊ တရားမကရားသူကြီးရုံး၊ တရားမကြီးမှုအမှတ် ၂၃/၆၀ တွင် ဦးကျော်စိန်ကို မစစ်ဆေးခဲ့ဘဲ ဤအမှုတွင်သာ ဦးကျော်စိန်ကို သက်သေ ပြခဲ့သည့်အတွက် ဝါကပ်စာချုပ် ရှိခဲ့ကြောင်း ကျွန်ုပ်တို့ အနေနှင့် လက်မခံနိုင်ချေ။ မည်သို့ပင် ဖြစ်စေ ကာမှ မူလင် ဥပဒေအရ ယေဘုယျအားဖြင့်သာ ဗလီထူထောင်ခဲ့သူ၏ သဘောကို လိုက်နာရမည်၊ သို့သော် အခြားအရေးပါ အရာရောက်သည့် အချက်အလက်များ ရှိခဲ့သော် ၎င်း၏သဘောကို သွေဖည်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ အချင်းဖြစ်သည့် ဗလီမှာ ပြည်သူအများနှင့် သက်ဆိုင်သည့် ဗလီဖြစ်သည်။ အများက ဝတ်ပြုကြသည်။ အများက လှူဒါန်းကြသည်။ ထို့ကြောင့် အများသဘောတူသူများကိုသာ ဘဏ္ဍာ

၁၉၇၅
အဗ္ဗဒူဂျက်ဘား
ပါ ၅
နှင့်
ကော၊ အမ်၊
ဆူလမန်
ဓါ ၅။

တော်ထိန်းဖြစ်သည့် ဗလီလူကြီးများကို ရွေးကောက် တင်မြှောက်သင့်သည်၊ ပုဂ္ဂိုလ်ရေးအရ တဦးတယောက်ကို ရွေးချယ်၍ ခန့်အပ်ခြင်း မပြုသင့်ပေ။ ဗလီ၏ အကျိုးကျေးဇူးကို ထောက်ရှု၍ စီမံအုပ်ချုပ်ရမည်ဖြစ်သည်။ အမျိုးအနွယ်များ ဖြစ်ကြသောသူများသည် အုပ်ချုပ်နိုင်သော အရည်အချင်းရှိ မရှိကို ရှုံးကမသိနိုင်ချေ။ ပြည်သူများနှင့် ဆိုင်သော ဗလီဖြစ်သဖြင့် ပြည်သူများက ၎င်းဗလီ၏ အကျိုးကိုရှေးရှု၍ ဗလီလူကြီးအဖြစ်ရွေးချယ်ကြရန်ဖြစ်သည်။ သို့ဖြစ်၍အကျိုးဆောင် ဦးချန်ထွန်းအောင်၏ အမှုသည် တင်ပြချက်ကို လက်မခံနိုင်ပေ။

အထက်တွင် ဖော်ပြထားသည့်အတိုင်း အတည်ပြုထားသည့် ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်လိုက်ကြောင်း အမိန့်ချမှတ်သည်။

အများနှင့် သက်ဆိုင်သော ဗလီနှင့် ပတ်သက်၍ အမှုဖြစ်ရသည့်အတွက် နှစ်ဦးနှစ်ဘက်သော အမှုသည်များသည် မိမိတို့၏ စရိတ်များကို မိမိတို့ ကျခံကြစေရန် အမိန့်ချမှတ်သည်။

# တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်အေးတင် ပါ ၂

†၁၉၇၁
ဇွန်လ ၆ ရက်။

နှင့်

ဦးစံဦး *

**သီးခြား သက်သာခွင့်ဥပဒေပုဒ်မ ၄၂ ယင်းပုဒ်မ၏ ခြွင်းချက်အရဆက်စပ်သည့် နောက်ဆက်တွဲသက်သာခွင့်။**

ဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ၊စွဲဆိုသည့်အမှုများတွင် ယင်းပုဒ်မ၏ ခြွင်းချက်အရ၊ ဆက်စပ်သည့် နောက်ဆက်တွဲသက်သာခွင့်တောင်းရန် လိုမလို ဆုံးဖြတ်ရာတွင် တရားလိုကစွဲဆိုသည့်အမှု၏အနှစ်သာရကိုစိစစ်ရပေမည်။မည်သည့်အချက်ကိုရည်ရွယ်၍တရားလိုက တရားစွဲဆိုခြင်းဖြစ်သည်ကို စိစစ်ရပေမည်။ဤအမှုတွင် လျှောက်ထားသူများက အချင်းဖြစ်အိမ်ကို ၎င်းတို့ပိုင်သည်ဟုအဆိုပြုခဲ့သည်။ လျှောက်ထားခံရသူက သူပိုင်သည်ဟုဆိုသည်။ ဤကဲ့သို့ သူပိုင်သည်ငါပိုင်သည်ဟု အငြင်းပွားမှု ဖြစ်နေသည့်အတွက် လျှောက်ထားခံရသူက ၎င်းပိုင်သည်ဟုမြွက်ဟဖိကရီရလိုကြောင်း စွဲဆိုခြင်းဖြစ်သည်။ ဤအမှုကို စွဲဆိုသည့်အဓိကရည်ရွယ်ချက်မှာ အခင်းဖြစ်အိမ်ကို ပြန်လည်သိမ်းပိုက်လိုသောကြောင့်ဖြစ်သည်။ လျှောက်ထားသူတို့က လက်ရှိဖြစ်နေသည့်အတွက် လျှောက်ထားခံရသူသည် ပိုင်ရှင်ဖြစ်သည်ဟု မြွက်ဟကြေငြာပေးရုံမျှဖြင့် မပြီးပြတ်သေးပေ။ လျှောက်ထားသူသည်လက်ရောက်ရလိုကြောင်း နောက်တရားတထုံးစွဲရဦးမည်ဖြစ်သည်။ သို့ကြောင့် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ ခြွင်းချက်အရ လက်ရောက်ရလိုကြောင်း ဆက်စပ်သည့် နောက်ဆက်တွဲသက်သာခွင့်ဤအမှုတွင် တောင်းဆိုရမည်ဖြစ်သည်။

**လျှောက်ထားသူများအတွက်။ ။အကျိုးဆောင် ဦးဘကျော။**

**လျှောက်ထားခံရသူအတွက်။ ။အကျိုးဆောင် ဦးသိန်း။**

လျှောက်ထားခံရသူက ရန်ကုန်မြို့၊ ယခင်တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂) ၏၁၉၇၀ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃၅၅ တွင် လျှောက်ထားသူနှင့် လျှောက်ထားသူ၏ ကွယ်လွန်သူ ခင်ပွန်း ဦးသောင်းတင်၏ ညီဖြစ်သူ

* ၁၉၇၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၂။

† ၁၉၇၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅၅ တွင်၊တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂)ရန်ကုန်မြို့ တရားမရုံးဆိုင်ရာတရားသူကြီး (၃) ရုံး၏ ချမှတ်သော အမိန့်ကိုပြင်ဆင်မှု။

၁၉၇၅ — ဒေါ်အေးတင် ပါ ၂ နှင့် ဦးစံဦး။

မောင်သန်းမောင်တို့အပေါ်တွင် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ၊ ရန်ကုန်မြို့၊ မဂျစ်လမ်း အမှတ် ၉၇ အိမ်သည် တရားလို၏ အိမ်ဖြစ်ကြောင်း မြွက်ဟဒီကရီသက်သက်ရလိုကြောင်း တရားစွဲဆိုခဲ့သည်။ လျှောက်ထားသူက မိမိ၏ ချေလွှာအရ၊ တရားလိုသည် အမှုစွဲဆိုရာ၌ အချင်းဖြစ်ပစ္စည်းနှင့် ပတ်သက်၍ မြွက်ဟဒီကရီရလိုမှုထက်မက၊ လက်ရောက်ရလိုမှုကိုလည်း စွဲဆိုနိုင်ပါသည်။ ဤကဲ့သို့စွဲဆိုခြင်းမပြုသည့်အတွက် သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ ဥပဒေနှင့် မကိုက်ညီသဖြင့် အမှုကို ပလပ်သင့်သည်ဟု ထုချေသည်။

လျှောက်ထားသူက ဤကဲ့သို့ ထုချေလိုက်သည့်အတွက် တရားလိုသည် ယခုအမှုတွင် ဆက်စပ်လျက်ရှိသော သက်သာခွင့်ဖြစ်သည့် လက်ရောက်ရလိုမှုမပါရှိဘဲ၊ သာမန် မြွက်ဟဒီကရီရလိုကြောင်း မစွဲနိုင်ဆိုသည်မှာ မှန်သလား ဟူသော ပဏာမ ကောက်ချက်ကို ၎င်းကထုတ်ခဲ့သည်။ ယင်းကောက်ချက်နှင့် ပတ်သက်၍ လျှောက်လဲချက် မပေးမီ လျှောက်ထားခံရသူက အဆိုလွှာပြင်ဆင်ရန် လျှောက်လွှာတင်ခဲ့သည်။ တရားလိုသည် အချင်းဖြစ်အိမ်၏ ပိုင်ရှင်ဖြစ်၍ တရားပြိုင်သည် အချင်းဖြစ် အိမ်တွင် တရားလို၏ အိမ်ငှားဖြစ်ကြောင်း မြွက်ဟဒီကရီရလိုမှု ဟု ပြင်ဆင်ခဲ့သည်။ ဤကဲ့သို့ လျှောက်ထားခံရသူက တင်သွင်းသည့် အဆိုလွှာ ပြင်ဆင်မှု လျှောက်လွှာကို ရုံးက ခွင့်ပြုလိုက်သည်။

ထို့နောက် အထက်တွင် ဖော်ပြထားသည့် ပဏာမကောက်ချက်ကို နှစ်ဘက် ရှေ့နေကြီးများအား ကြားနာပြီး မူလတရားရုံးက လက်ရောက်ရလိုကြောင်း ဆက်စပ်နေသည့် နောက်ဆက်တွဲ သက်သာခွင့် တောင်းဆိုရန် မလိုဟု ဆုံးဖြတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤပြင်ဆင်မှု လျှောက်လွှာတင်ခြင်းဖြစ်သည်။

သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ၊ စွဲဆိုသည့် အမှုများတွင် ယင်းပုဒ်မ၏ ခြွင်းချက်အရ၊ ဆက်စပ်သည့်နောက်ဆက်တွဲ သက်သာခွင့်တောင်းရန် လို မလိုဆုံးဖြတ်ရာတွင် တရားလိုစွဲဆိုသည့် အမှု၏ အနှစ်သာရကို စိစစ်ကြည့်ရပေမည်။ မည်သည့် အချက်ကို ရည်ရွယ်၍ တရားလိုက တရားစွဲဆိုခြင်းဖြစ်သည်ကို စိစစ်ရပေမည်။ ဤအမှုတွင် လျှောက်ထားသူများက အချင်းဖြစ်အိမ်ကို ၎င်းတို့ပိုင်သည်ဟု အဆိုပြုခဲ့သည်။ လျှောက်ထားခံရသူက သူပိုင်သည်ဟုဆိုသည်။ ဤကဲ့သို့ သူပိုင်သည် ငါပိုင်သည်ဟု အငြင်းပွားမှုဖြစ်နေသည့်အတွက် လျှောက်ထားခံရသူက ၎င်းပိုင်သည်ဟု မြွက်ဟဒီကရီ ရလိုကြောင်း စွဲဆိုခြင်းဖြစ်သည်။ ဤအမှုကို စွဲဆိုသည့်အဓိကရည်ရွယ်ချက်မှာ အခင်းဖြစ်အိမ်ကို ပြန်လည် သိမ်းပိုက်လိုသောကြောင့်ဖြစ်သည်။ လျှောက်ထားသူတို့က လက်ရှိဖြစ်နေသည့်အတွက် လျှောက်ထားခံရသူသည် ပိုင်ရှင် ဖြစ်သည်ဟု မြွက်ဟကြေ

၁၉၇၅ — ဒေါ်အေးတင် ပါ ၂ နှင့် ဦးစံဦး။

ပြောပေးရုံဖြင့် မပြီးပြတ်သေးပေ။ လျှောက်ထားသူသည် လက်ရောက်ရလိုကြောင်း နောက်တရားတဘုံးစွဲရဦးမည်ဖြစ်သည်။ ထို့ကြောင့် သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂ ခြွင်းချက်အရ လက်ရောက်ရလိုကြောင်း ဆက်စပ်သည့် နောက်ဆက်တွဲ သက်သာခွင့် ဤအမှုတွင် တောင်းဆိုရမည်ဖြစ်သည်။ တရားလိုသည် အချင်းဖြစ်အိမ်၏ ပိုင်ရှင်ဖြစ်၍ တရားပြိုင်သည် အချင်းဖြစ်အိမ်တွင် တရားလို၏ အိမ်ငှားဖြစ်ကြောင်း မြွက်ဟဒီကရီရလိုမှု ဟု ပြင်ရုံမျှဖြင့် မလုံလောက်ပေ။ အကယ်၍ တရားရုံးက ဤအမှုတွင် လျှောက်ထားသူသည် လျှောက်ထားခံရသူ၏ အိမ်ငှားမဟုတ်ဟု ယူဆပါက လက်ရောက်ရလိုကြောင်း နောက်ဆက်တွဲ သက်သာခွင့် တောင်းဆိုထားခြင်းမရှိသည့်အတွက် ဒီကရီချပေးနိုင်မည် မဟုတ်ချေ။

သို့ဖြစ်၍ မူလရုံး၏ ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်သည်။ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ ဆက်စပ်လျက်ရှိသော လက်ရောက်ရလိုကြောင်း နောက်ဆက်တွဲ သက်သာခွင့်ကို တောင်းဆိုရမည်ဟု အထက်တွင် ဖော်ပြထားသည့် ပဏာမကောက်ချက်ကို ဖြေဆိုလိုက်၍၊ ဤအတိုင်း လျှောက်ထားခံရသူသည် ၎င်း၏ အဆိုလွှာကို ပြင်ဆင်ရန်နှင့် လိုအပ်သည့် ရုံးခွန်တော်တံဆိပ်ခေါင်းများ ထမ်းဆောင်ရန် ညွှန်ကြားလိုက်သည်။ ဤလျှောက်လွှာနှင့် ပတ်သက်၍၊ လျှောက်ထားသူအား လျှောက်ထားခံရသူက ရှေ့နေစရိတ် ၇၅ိ ပေးစေရန် အမိန့်ချမှတ်သည်။

## တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့်ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
ဇူလိုင်လ
၃၀ ရက်။

### ဦးအောင်ကျော်

နှင့်

### ဦးချာလ်တန် ပါ ၆ *

အမှုနှင့်ပတ်သက်သည့် အကြောင်းခြင်းရာများမှာ တွံ့တေးမြို့နယ်အတွင်းဖြစ်သည်။ အမှု၏တန်ဖိုးမှာ တစ်သောင်းကျော်ဖြစ်သည်၊ စသုံးလုံးအဆောက်အဦတွင် ရုံးထိုင်သည့် ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့တွင် တင်ထားသည့်အမှုကိုရင်းရုံးက တွံ့တေးမြို့ရုံးထိုင်၊ ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့သို့ အမှုတင်ရန် တရားမကျင့်ထုံးဥပဒေအမိန့်အရ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ရန်ညွှန်ကြားပြီး အမှုပိတ်ခြင်းမှာ ဥပဒေအရမှန်မမှန်။

**ဆုံးဖြတ်ချက်။** ။တွံ့တေးမြို့နယ်သည် ရန်ကုန်တိုင်းအတွင်းရှိသည်။ ထို့ကြောင့် ဤအမှုနှင့်ပတ်သက်သည့်အကြောင်းအခြင်းရာများမှာ တွံ့တေးမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော်လည်း အမှု၏တန်ဖိုးမှာတစ်သောင်းကျော်သဖြင့် စသုံးလုံးအဆောက်အဦတွင် ရုံးထိုင်သည့် ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့က စစ်ဆေးရန်အာဏာရှိသည်။ ထို့ကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ရန် ညွှန်ကြားပြီး အမှုပိတ်လိုက်ခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ စီရင်ပိုင်ခွင့်အာဏာမရှိသော ရုံးသို့ အဆိုလွှာသွားတင်သည့်အခါမှသာလျှင် ယင်းရုံးက တရားမကျင့်ထုံးအမိန့် ၇၊ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယခုအမှုမှာ ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့က စီရင်ပိုင်ခွင့်အာဏာရှိသော အမှုဖြစ်သဖြင့် ရန်ကုန်တိုင်းအတွင်း မည်သည့်ဒေသတွင်ရုံးထိုင်သည့် တိုင်းတရားစီရင်ရေးအဖွဲ့ကမဆို စီရင်ပိုင်ခွင့်အာဏာရှိသည်။

**လျှောက်ထားသူအတွက်။** ။ကိုယ်တိုင်။

**လျှောက်ထားခံရသူများအတွက်။** ။အကျိုးဆောင် ဦးရှန်။

လျှောက် ထား သူ သည် လျှော က်ထား ခံ ရ သူ တို့ အ ပေါ် နစ်နာကြေး (ဝါ) လျော်ကြေး ၃၀,၀၀၀ိ ရလိုမှုအတွက် တရားစွဲဆိုခဲ့သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၆။

† ၁၉၇၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ တွင်၊ရန်ကုန်တိုင်း (စသုံးလုံး) တရားမတရားရုံး၏ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

အဆိုလွှာကို ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် တရားရုံးတွင် တင်သွင်းခဲ့သည်။ ဗိုလ်တထောင်မြို့နယ် တရားရုံးက လျှောက်ထားသူ တင်သွင်းသည့်အမှုကို ရန်ကုန်တိုင်း (စသုံးလုံးအဆောက်အဦဘွင်ရုံးထိုင်) တိုင်းတရားစီရင်ရေးအဖွဲ့သို့ ပေးပို့ခဲ့သည်။ ယင်းအဖွဲ့က အမှုနှင့်ပတ်သက်သည့် ချေလွှာပြန်လွှာများ လက်ခံ၍ကောက်ချက်များထုတ်ခဲ့ပြီး ၁၉၇၄ ခု၊ ဇွန်လ ၂၉ ရက်နေ့စွဲပါ အမိန့်အရ အမှုဖြစ်ပွားရာဒေသမှာ တာ့မွေမြို့ ဖြစ်သဖြင့် တာ့မွေမြို့ရုံးထိုင် ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့တွင် အမှုဘင်ရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၀ အရညွှန်ကြားပြီး အမှုကိုပိတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤပြင်ဆင်မှုလျှောက်လွှာတင်ခြင်းဖြစ်သည်။ ၁၉၇၅ ဦးအောင်ကျော် နှင့် ဦးချစ်တန် ပါ ၆။

တာ့မွေမြို့နယ်သည် ရန်ကုန်တိုင်းအတွင်းရှိသည်။ ထို့ကြောင့် ဤအမှုနှင့်ပတ်သက်သည့် အကြောင်းအခြင်းရာများမှာ တာ့မွေမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော်လည်းအမှု၏ဘန်ဖိုးမှာ တစ်သောင်းကျော်သဖြင့် စသုံးလုံး အဆောက်အဦ တွင် ရုံးထိုင်သည့် ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့က စစ်ဆေးရန် အာဏာရှိသည်။ ထို့ကြောင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ရန် ညွှန်ကြားပြီး အမှုပိတ်လိုက်ခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ စီရင်ပိုင်ခွင့်အာဏာမရှိသောရုံးသို့ အဆိုလွှာ သွားတင်သည့်အခါမှသာလျှင် ယင်းရုံးက တရားမကျင့်ထုံးအမိန့် ၇၊ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယခုအမှုမှာ ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့က စီရင်ပိုင်ခွင့်အာဏာရှိသော အမှုဖြစ်သဖြင့် ရန်ကုန်တိုင်းအတွင်း မည်သည့်ဒေသတွင် ရုံးထိုင်သည့် တိုင်းတရားစီရင်ရေး အဖွဲ့က မဆိုစီရင်ပိုင်ခွင့်အာဏာရှိသည်။

ထို့ကြောင့်ရန်ကုန်တိုင်း တရားရုံး၏ ၁၉၇၄ ခု၊ ဇွန်လ ၂၉ ရက်နေ့စွဲပါအမိန့်ကို ပယ်ဖျက်ပြီး ဤအမှုကို တာ့မွေမြို့တွင် ရုံးထိုင်သည့် တိုင်းတရားစီရင်ရေးအဖွဲ့မှအပ ရန်ကုန်တိုင်းအတွင်းမှ အခြားတိုင်း တရားစီရင်ရေး အဖွဲ့က ဆက်လက်စစ်ဆေးဆောင်ရွက်ရန ရန်ကုန်တိုင်း တရားသူကြီးအဖွဲ့အား ညွှန်ကြားလိုက်သည်။

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော် အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ — ဒီဇင်ဘာလ ၁၂ ရက်။

### ဦးအောင်ကွန့်

နှင့်

### ဒေါ်တဆုပ်*

အကြောင်းအခြင်းအရာ အချက်အလက်နှင့်ပတ်သက်ပြီး အောက်ရုံး ၂ ရုံးတို့၏ အဆုံးအဖြတ်တို့မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံရုံးအနေနှင့် အထူးအကြောင်းမရှိပါက ဝင်ရောက်စွက်ဖက်လေ့မရှိခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင်သည် အချင်းဖြစ်အိမ်ခန်းများကို မိမိကိုယ်တိုင်နေထိုင်ရန်အတွက်သဘောရိုးဖြင့် ပြန်လည်ရလိုခြင်း ဟုတ်မဟုတ်မှာ အကြောင်းအခြင်းအရာ အချက်အလက်ဖြစ်သည်။ဤအချက်နှင့်ပတ်သက်ပြီး၊မူလတရားရုံးနှင့် ပထမအယူခံရုံးတို့၏အဆုံးအဖြတ်တို့မှာ ထပ်တူထပ်မျှဖြစ်နေလျှင်၊ ဒုတိယအယူခံရုံးအနေနှင့် အထူးအကြောင်းမရှိလျှင် ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ ဤအမှုတွင် အယူခံတရားပြိုင်သည် အချင်းဖြစ် အခန်းများကို မိမိကိုယ်တိုင်နေထိုင်ရန်အတွက် ပြန်လည်ရလိုပါသည်ဟူသော အချက်နှင့်ပတ်သက်ပြီး မူလရုံးနှင့် ပထမ အယူခံရုံးတို့က ထပ်တူထပ်မျှအဆုံးအဖြတ်ပေးပြီးဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို ဒုတိယ အယူခံရုံးအနေနှင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိပေ။

အယူခံ တရားလိုအတွက်။ ။အကျိုးဆောင် ဒေါက်တာ ဦးမောင်မောင်ကျော်၊ ဦးဒွေးမြင့်။

အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးဘစိန်၊ ဦးဘိုးအောင်။

အယူခံတရားလို ဦးအောင်ကွန့်သည် အယူခံ တရားပြိုင် ဒေါ်တဆုပ် ပိုင်သည့် မကွေးတိုင်း၊ မြို့သစ်မြို့၊ ဈေးတန်းရပ်ရှိ အိမ်မှ အခန်း သုံးခန်း၏ အိမ်ငှားဖြစ်သည်။ အယူခံတရားပြိုင် ဒေါ်တဆုပ်က ယင်းအခန်း သုံးခန်းကို မိမိ ကိုယ်တိုင် နေရန်အတွက် ပြန်လည် ရယူလိုသည်ဟု အကြောင်းပြ၍၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (က) နှင့် (စ) အရ၊ မြို့သစ်မြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ယင်းရုံးက ဒေါ်တဆုပ်

---

*၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၃။

† ၁၉၇၄ ခုနှစ်၊ အယူခံမှုအမှတ် ၂ တွင်၊ မကွေးတိုင်း၊ ပြည်သူ့တရားရုံး၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ဦးအောင်ကွန့်က မကျေနပ်သည့်အတွက် မကွေးတိုင်းတရားရုံးသို့ အယူခံဝင်ရာ မအောင်မြင်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

၁၉၇၅

ဦးအောင်ကွန့်
နှင့်
ဒေါ်တဆုပ်။

ဤအယူခံမှုတွင် အယူခံတရားလို၏ ရှေ့နေက အဓိကအချက် ၃ ချက်တင်ပြသည်။ ပထမအချက်မှာ အယူခံတရားပြိုင်သည် အခင်းဖြစ် ဥပစာကို ၁၉၄၅ ခုနှစ်၊ မေလ (၁) ရက်နေ့မတိုင်မီက ပိုင်ဆိုင်ခဲ့ကြောင်း သက်သေအထောက်အထား မတင်ပြခဲ့သဖြင့် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ၊ တရားစွဲဆိုပိုင်ခွင့်မရှိပါ။ ဒုတိယအချက်မှာ အယူခံတရားပြိုင်သည် အခင်းဖြစ် အခန်းများကို ရိုးသားသောသဘောပါမပဲနှင့် အယူခံတရားလိုကို တမင်သက်သက် နှင်ထုတ်ရန်တရားစွဲဆိုခြင်းဖြစ်သည်။ တတိယအချက်မှာ အယူခံ တရားလိုထံသို့ အယူခံတရားပြိုင်က တရားမစွဲဆိုမီ ပေးပို့သော နို့တစ်စာသည် ဥပဒေအရ၊ တရားဝင်သောနို့တစ်စာမဟုတ်ပါဟူသော အချက်ဖြစ်သည်။

မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (စ) ၏ ခြွင်းချက်အရ၊ ၁၉၄၅ ခုနှစ်၊ မေလ (၁) ရက်နေ့မတိုင်မီ ပိုင်ရှင်ဖြစ်မှသာလျှင် ယင်းပုဒ်မအရ အိမ်နှင်လိုမှုစွဲဆိုပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ မူလရုံး၏အမှုတွဲကိုလေ့လာလိုက်သည့်အခါ၊ အယူခံတရားပြိုင်သည်၊ ၁၉၄၅ ခုနှစ်၊ မေလ (၁) ရက်နေ့မတိုင်မီက ပိုင်ရှင်မဟုတ်ပါဟု အယူခံတရားလို အနေနှင့် အဆိုပြုထားကြောင်းမတွေ့ရချေ။ ထို့ကြောင့် ဤအချက်နှင့် ပတ်သက်ပြီး အယူခံတရားလိုသည်၊ ဒုတိယအယူခံမှုတွင် အရေးမဆိုနိုင်တော့ချေ။

အယူခံတရားပြိုင်သည် အချင်းဖြစ် အိမ်ခန်းများကို မိမိကိုယ်တိုင် နေထိုင်ရန်အတွက်သဘောရိုးဖြင့် ပြန်လည်ရယူလိုခြင်းဟုတ် မဟုတ်မှာ အကြောင်း အခြင်းအရာအချက်အလက်ဖြစ်သည်။ ဤအချက်နှင့်ပတ်သက်ပြီး မူလရုံးနှင့် အယူခံတိုင်းတရားရုံးတို့၏ အဆုံးအဖြတ်တို့မှာ ထပ်တူထပ်မျှဖြစ်သည်။ အကြောင်း အခြင်းအရာအချက်အလက်နှင့် ပတ်သက်ပြီး မူလတရားရုံးနှင့် ပထမအယူခံ ရုံးတို့၏အဆုံးအဖြတ်တို့မှာ ထပ်တူထပ်မျှ ဖြစ်နေလျှင် ဒုတိယအယူခံရုံး အနေနှင့် အထူးအကြောင်းမရှိလျှင် ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ ဤအမှုတွင် အယူခံတရားပြိုင်သည်အချင်းဖြစ်အခန်းများကို မိမိကိုယ်တိုင်နေထိုင်ရန်အတွက် ပြန်လည်ရယူလိုပါသည်ဟူသောအချက်နှင့် ပတ်သက်ပြီး မူလရုံးနှင့် ပထမအယူခံရုံးတို့က ထပ်တူထပ်မျှ အဆုံးအဖြတ်ပေးပြီးဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့အနေနှင့် ဝင်ရောက်စွက်ဖက်ရန်အထူးအကြောင်းမရှိပေ။

†၁၉၇၅

ဦးအောင်ကျွန်နှင့် ဒေါ်တဆုပ်။

တလမှတလသို့ငှားရမ်းသည့် အိမ်ရှင်အိမ်ငှားဆက်သွယ်မှုကို ရုပ်သိမ်းလိုလျှင် အိမ်ရှင်ကအိမ်ငှားအား အနည်းဆုံး ၁၅ ရက်ကြိုတင်ပြီးစာဖြင့် အကြောင်းကြား၍ရုပ်သိမ်းရမည့်အပြင်၊ ဤကဲ့သို့ အိမ်ရှင်အိမ်ငှား ရုတ်သိမ်းမှုမှာလည်း အိမ်ငှားလကုန်ဆုံးသည့်ရက်နှင့် တိုက်ဆိုင်ရမည်ဟု ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ (၁၀၆) ကပြဋ္ဌာန်းထားသည်။ ဤကဲ့သို့စာဖြင့် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှု ရုပ်သိမ်းပြီးမှသာလျှင်အိမ်နှင်လိုမှု စွဲဆိုနိုင်ခွင့်ရှိသည်။ ယခုအမှုတွင် အဆိုလွှာ၏ နေ့စွဲမှာ ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်ဖြစ်သည်။ သို့ရာတွင်အမှုတွဲရှိ နေ့စဉ်မှတ်တမ်းအရ၊ အယူခံတရားပြိုင်သည် အဆိုလွှာကို ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့က တင်သွင်းသည်ဟု မှတ်တမ်းရေးထားကြောင်း တွေ့ရသည်။ ဤမှတ်တမ်းအရ၊အယူခံတရားပြိုင်သည် အမှုကို ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့ကစတင်စွဲဆိုခဲ့သည်ဟုမှတ်ယူရမည်။ အယူခံတရားပြိုင်တို့သည် အယူခံတရားလိုအား ဥပစာမှဖယ်ရှားပေးရန် ပေးပို့သည့် နို့တစ်စာကို ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက်နေ့ကလက်ခံရရှိခဲ့သည်ဟု အယူခံတရားလိုက တင်ပြသည်။ ဤအချက်ကို အယူခံတရားပြိုင်ဘက်ကမငြင်းပေ။ ထို့ကြောင့် ဤအမှုအတွက် ပေးပို့သည့် အကြောင်းကြားစာမှာ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ (၁၀၆) ၏ပြဋ္ဌာန်းချက်နှင့်မကိုက်ညီပေ။ ထို့ကြောင့်အမှုကို ပလပ်လိုက်ရန်သာဖြစ်ခဲ့လေသည်။

မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ၊ စွဲဆိုသည့်အမှုဖြစ်သဖြင့် အမှုမစွဲဆိုခင်က ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ (၁၀၆) အရ၊ အကြောင်းကြားစာပေးပို့ရန် မလိုပါဟု အယူခံပာရားပြိုင်၏ ရှေ့နေက တင်ပြသွားသည်။ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) ၏ပြဋ္ဌာန်းချက်မှာ ယင်းပုဒ်မငယ် (က) (ခ) (ဂ) (ဃ) (င) (စ) တွင် ပြဋ္ဌာန်းထားသည့် အချက်များနှင့်မကိုက်ညီလျှင် ပစ္စည်း လွှဲပြောင်းခြင်း ဥပဒေသော်၎င်း၊ ပဋိညာဉ်ဥပဒေတွင်သော်၎င်း၊ ရန်ကုန်တရားမရုံး ဥပဒေတွင်သော်၎င်း မည်သို့ပင် ပါရှိစေကာမူ အိမ်နှင်လိုမှုများ၌ ဒီကရီချမှတ်ခြင်း မပြုရဟုဆိုသည်။ ယင်းပုဒ်မများအရ၊ တရားစွဲဆိုသည့်အခါ တရားမစွဲဆိုခင်က ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ (၁၀၆) အရ၊ အကြောင်းကြားစာ ထုတ်ပြီး အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုကို ရုပ်သိမ်းရန်မလိုဟု ပြဋ္ဌာန်းချက်မရှိပေ။ ထို့ကြောင့် ပုဒ်မ ၁၂ (၁) (က) အရ၊ တရားစွဲဆိုလျှင် ယင်းပုဒ်မအရ၊ အနည်းဆုံး တရားမစွဲဆိုမီ (၃) ပတ်အချိန်ပေး၍ အိမ်ငှားကို အိမ်လခကြွေးတောင်းဆိုသည့် အကြောင်းကြားစာ ပေးပို့ရမည့် အပြင်၊ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ (၁၀၆) အရ၊ အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုကိုစာဖြင့် ရုပ်သိမ်းရမည်။ ကျန်သည့်ပုဒ်မငယ် (ခ) (ဂ) (ဃ) (င) (စ) အရ၊ တရား

မစွဲဆိုမီ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ (၁၀၆) အရ၊ စာဖြင့်အိမ်ငှားကို အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုရုတ်သိမ်းကြောင်း အကြောင်းကြားရပေမည်။

၁၉၇၅

ဦးအောင်ကွန့် နှင့် ဒေါ်တဆုပ်။

သို့ဖြစ်၍၊ ဤအယူခံမှုကို ခွင့်ပြုသည်။ အယူခံတရားပြိုင် စွဲဆိုသည့် အမှုကို ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားပြိုင်ကကျခံစေရန်အမိန့်ချမှတ်သည်။

## တရားမအသေးအဖွဲ့လျှောက်ထားမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးစိုးလှိုင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
နိုဝင်ဘာလ
၂၈ ရက်။

### မောင်အောင်ခင်ထွေး ပါ ၂

### နှင့်

### ဦးစံဟိန်း ပါ ၂ *

ရန်ကုန်မြို့တွင် ထိပေါက်သည့် ငွေတသိန်းအတွက် ခွဲဆိုမှု၊ နှစ်ဘက်အမှုသည်နှင့် သက်သေများ
စစ်ကိုင်းမြို့မှဖြစ်ခြင်း၊ စစ်ကိုင်းမြို့တွင် ရွှေ့ပြောင်းစစ်ဆေးရန် လျှောက်ထားခြင်း။

ဆုံးဖြတ်ချက်။ ။တရားမမှုတမှုကို ရွှေ့ပြောင်း၍ စစ်ဆေးပေးရန် လျှောက်ထားသည့်အခါ၊ ဤကဲ့သို့ရွှေ့ပြောင်းစစ်ဆေးခြင်းကြောင့် နှစ်ဘက်အမှုသည်များအတွက် ပို၍အဆင်ပြေမှု ရှိ မရှိကို ထည့်သွင်းစဉ်းစားရပေမည်။ ယခုအမှုတွင် မောင်အောင်ခင်ထွေးနှင့် ဦးစံဟိန်းတို့မှာ စစ်ကိုင်းမြို့တွင်နေထိုင်ကြသူများဖြစ်ကြသည်။ အငြင်းပွားမှုမှာ စစ်ကိုင်းမြို့တွင်ဖြစ်သည့်အတွက် နှစ်ဘက်အမှုသည်များက တင်ပြမည့်သက်သေများမှာလည်း စစ်ကိုင်းမြို့တွင် နေထိုင်ကြသူများဖြစ်ကြသည်။ ထို့ကြောင့် ဤအမှုကို စစ်ကိုင်းတိုင်း တရားရုံးတွင် စစ်ဆေးလျှင် နှစ်ဘက်အမှုသည်များအတွက် စရိတ်စကသက်သာပြီး အချိန်လည်း အကုန်နည်းမည်ဖြစ်သည်။

**လျှောက်ထားသူအတွက်။** ။အကျိုးဆောင် ဦးထွန်းဖေ။

**လျှောက်ထားခံရသူအတွက်။** ။အကျိုးဆောင် ဦးစောလွင်။

အယူခံတရားလို မောင်အောင်ခင်ထွေးသည် စစ်ကိုင်းမြို့၊ အမှတ် (၁) အစိုးရ အထက်တန်းကျောင်းတွင် ၅ တန်း၌ ပညာ သင်ကြားနေခဲ့သော အရွယ်မရောက်သေးသူ ကျောင်းသားတဦးဖြစ်သည်။ အယူခံ တရားပြိုင် အမှတ် (၁) ဦးစံဟိန်းသည် အထက်တန်းကျောင်းမှ မြန်မာစာသင်ကြားသော ဆရာတဦး ဖြစ်ပါသည်။

အယူခံတရားလိုက သူသည် ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့တွင် စာသင်ခန်းအတွင်း ဦးစံဟိန်း စာသင်နေခိုက် ငွေတကျပ်တန်စက္ကူတရွက်ကိုကောက်

---

* ၁၉၇၅ ခုနှစ်၊ တရားမအသေးအဖွဲ့လျှောက်ထားမှုအမှတ် ၁။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၃၈ ဖြင့် စစ်ဆေးလျက်ရှိသောအမှုကို စစ်ကိုင်းမြို့၊ တိုင်းတရားရုံးသို့ရွှေ့ပြောင်းစစ်ဆေးပေးရန်လျှောက်ထားမှု။

ရသဖြင့် ဦးစံဟိန်းသို့ ပိုင်ရှင်ပေါ်ကပြန်ပေးရန် အပ်လိုက်ပါသည်။ ဦးစံဟိန်းက ကျောင်းသူကျောင်းသားများအား ငွေတကျပ်ကျပျောက်သူရှိ မရှိမေးရာ ပိုင်ရှင် မပေါ်ခဲ့ပါ။ ထို့ကြောင့် ကောက်ရသည့် ငွေတကျပ်နှင့် ဦးစံဟိန်းထံမှ ငွေတကျပ် ထည့်ပြီးထီစပ်တူထိုးရန် ဦးစံဟိန်းက ပြောပါသည်။ အယူခံတရားလိုက သဘောတူ သဖြင့် ၁၆၁ ကြိမ်မြောက် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် လက်မှတ် င-၁၇၁၁၅၉ ကို ဦးစံဟိန်းဝယ်ခဲ့ပါသည်။ ထီဖွင့်သည့်အခါ ယင်းလက်မှတ်သည် တသိန်း ဆုပေါက်ခဲ့ပါသည်။ အယူခံတရားလိုတို့က တဝက်ရလိုကြောင်း ပြောသည့် အခါ စပ်တူထိုးခြင်းမဟုတ်ဟု ဦးစံဟိန်းက ငြင်းသဖြင့် ယခင်ရန်ကုန်မြို့ တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂) တွင် ဆင်းရဲနွမ်းပါးသူအဖြစ် ခံယူပြီး တရားစွဲဆိုခဲ့ပါသည်ဟု အယူခံတရားလိုကအဆိုပြုခဲ့သည်။ အယူခံတရားပြိုင် ဦးစံဟိန်းက မောင်အောင်ခင် ထွေး၏စွပ်စွဲချက်များအားလုံးကိုငြင်းခဲ့သည်။

၁၉၅၅
၂ ——
မောင်အောင်ခင်
ထွေး ပါ ၂
နှင့်
ဦးစံဟိန်း
ပါ ၂။

ယခုမောင်အောင်ခင်ထွေးက ၎င်းစွဲဆိုသောအမှုကို ရန်ကုန်တိုင်း တရားရုံးမှ စစ်ကိုင်းတိုင်းတရားရုံးသို့ ရွှေ့ပြောင်း၍ စစ်ဆေးရန် လျှောက်ထားခြင်းကို ဦးစံဟိန်းက ကန့်ကွက်သည်။

၂ တရားမမှုတမှုကိုရုံးပြောင်း၍ စစ်ဆေးပေးရန် လျှောက်ထားသည့်အခါ ဤကဲ့သို့ ရွှေ့ပြောင်းစစ်ဆေးခြင်းကြောင့် နှစ်ဖက်အမှုသည်များအတွက် ပို၍ အဆင်ပြေမှု ရှိမရှိကိုထည့်သွင်းစဉ်းစားရပေမည်။ ယခုအမှုတွင် မောင်အောင်ခင်ထွေးနှင့် ဦးစံဟိန်း တို့မှာ စစ်ကိုင်းမြို့တွင် နေထိုင်ကြသူများ ဖြစ်ကြသည်။ အငြင်းပွားမှုမှာ စစ်ကိုင်း မြို့တွင်ဖြစ်သည့်အတွက် နှစ်ဖက်အမှုသည်များက တင်ပြမည့် သက်သေများမှာလည်း စစ်ကိုင်းမြို့တွင် နေထိုင်ကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဤအမှုကို စစ်ကိုင်း တိုင်းတရားရုံးတွင် စစ်ဆေးလျှင် နှစ်ဖက် အမှုသည်များအတွက် စရိတ်စခ သက် သာပြီး အချိန်လည်း အကုန်နည်းမည် ဖြစ်သဖြင့် နှစ်ဖက်စလုံးအတွက် ပိုမိုအဆင် ပြေလျော်ကန်ဘင့်မြတ်မည်ဟု ကျွန်ုပ်တို့ယူဆသည်။ သို့ဖြစ်၍ ဤလျှောက်လွှာကို ခွင့်ပြုပြီး၊ အမှုကို ရန်ကုန်တိုင်း တရားရုံးမှ စစ်ကိုင်းတိုင်း တရားရုံးသို့ ရွှေ့ပြောင်း ပေးလိုက်သည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌ အဖြစ်ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
ဒီဇင်ဘာလ
၂၆ ရက်။

ဦးအုန်း

နှင့်

ဒေါ်ဝိုင်း *

တရားနိုင်သည် တရားရုံးက ပစ်သည့်လေလံပွဲတွင် ဝင်ရောက်ဆွဲဝယ်ခွင့် ရှိမရှိ၊ သံဂဟေဆော်စက်နှင့် တွင်ခုံအတွက် အသုံးပြုသည့် ဓာတ်အားပေးမော်တာစက်များမှာ လက်မှုပညာရှင်များ၏ ကိရိယာတန်ဆာပလာများ ဟုတ် မဟုတ်။

ဆုံးဖြတ်ချက်။ ။တရားနိုင်တဦးသည် တရားရုံးကပစ်သည့် လေလံပွဲတွင် ဝင်ရောက်ဆွဲဝယ်ခွင့် မရှိဟုတရားမကျင့်ထုံးဥပဒေတွင် တားမြစ်ချက်မရှိချေ။ သက်ဆိုင်ရာတရားရုံး၏ ကြိုတင်ခွင့်ပြုချက် ရရှိပြီးမှ ဆွဲဝယ်ရမည်ဟုလည်းတားမြစ်ချက်မရှိချေ။ထို့ကြောင့် ဤအမှုတွင် အယူခံတရားပြိုင်အနေနှင့် ရုံးက ပစ်သည့်လေလံပွဲတွင် ပစ္စည်းများကို ဝယ်ယူခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။သံဂဟေဆော်စက်နှင့် တွင်ခုံအတွက် အသုံးပြုသည့် ဓာတ်အားပေး မော်တာစက်များမှာ လက်မှုပညာရှင်များ၏ ကိရိယာ တန်ဆာပလာများမဟုတ်ဟု ဆုံးဖြတ်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ကိုယ်တိုင်။

အယူခံတရားခံအတွက်။ ။ဦးမွန်စံလှိုင်။

သရက်မြို့၊ ခရိုင်တရားမ တရားသူကြီးရုံး၏ တရားမကြီးမှုအမှတ် ၁/၆၆ တွင် အယူခံတရားပြိုင် ဒေါ်ဝိုင်းက အယူခံတရားလို ဦးအုန်းအပေါ် ငွေ ၃၀,၀၀၀ိ အတွက် အနိုင်ဒီကရီရရှိခဲ့သည်။ ၎င်းတို့မှာ အကြင်လင်မယားဖြစ်ခဲ့ကြပြီး စွဲဆိုသည့် အမှုမှာ လင်မယားကွာလိုမှုဖြစ်ခဲ့သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအ ယူခံမှုအမှတ် ၃၇။

† ၁၉၇၄ ခုနှစ်၊ တရားမအာရီမှုအမှတ် ၃ တွင် မကွေးတိုင်းတရားရုံး (သရက်မြို့ရုံးထိုင်) ၏ ချမှတ်သောဆုံးဖြတ်ချက်ကိုအယူခံဝင်မှု။

၁၉၇၅ ဦးအုန်း နှင့် ဒေါ်ဝိုင်း

အယူခံတရားပြိုင်က ၎င်းအနိုင်ရရှိထားသည့် ဒီကရီအရ အယူခံတရားလိုပိုင် မြရတနာသံဂဟေနှင့်တွင်ခုံ လုပ်ငန်းရှိ ပစ္စည်းများကို လေလံတင်ရောင်းချရန်ဇာရီ လျှောက်လွှာတင်ခဲ့သည်။ အယူခံတရားလိုက လေလံတင်ရောင်းချသည့် ပစ္စည်းများ အနက်ခါတ်အားပေး အေစီ မော်တာစက်ကြီး နှစ်လုံးကို ဝါရမ်းကပ်၍ လေလံတင် ရောင်းချခြင်းကို ကန့်ကွက်ခဲ့သည်။ ယင်းပစ္စည်းများမှာ လက်မှုပညာသည်များ၏ ကိရိယာတန်ဆာပလာများ ဖြစ်သည့်အတွက် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၆၀ (၁) (ခ) အရ ရောင်းပိုင်ခွင့်မရှိဟု ကန့်ကွက်ခဲ့သည်။ မူလရုံးကအယူခံတရား လို၏ကန့်ကွက်ချက်ကို လက်ခံပြီးဇာရီ လျှောက်လွှာကို ပလပ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍၊ အယူခံတရားပြိုင်က ယခင်တရားရုံးချုပ်သို့ အယူခံဝင်ခဲ့သည်။ ယခင် တရားရုံးချုပ်က ယင်းအယူခံမှုကို ၁၉၇၀ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၄ အဖြစ်သတ်မှတ်ပြီး ကြားနာခဲ့သည်။ တရားရုံးချုပ်က မော်တာစက် များမှာလက်မှုပညာသည်များ၏ ကိရိယာတန်ဆာပလာများ မဟုတ်ဟု ဆိုပြီးမူလ ရုံး၏အမိန့်ကိုပယ်ဖျက်၍ ဇာရီလျှောက်လွှာကို ခွင့်ပြုလိုက်သည်။ ထို့နောက် ဇာရီ မှုကိုဆက်လက်ဆောင်ရွက်ရန် မကွေးတိုင်း တရားရုံးတွင် အယူခံတရားပြိုင်က လျှောက် ထားခဲ့သည်။ အယူခံတရားလိုက အယူခံ တရားပြိုင်အနေနှင့် လေလံတင်ရောင်း ချသည့်ပစ္စည်းအချို့ကို လေလံဆွဲဝယ်ခြင်းမှာ ဥပဒေနှင့် မကိုက်ညီသည့် အတွက် တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၇၇ အရ၊ လေလံကိုပယ်ဖျက်ပေးရန် လျှောက်ထားသည့်အပြင် တွင်ခုံမှာလည်း လက်မှုပညာရှင်၏ ကိရိယာတန်ဆာပလာ များဖြစ်သည့်အတွက် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၆၀ (၁) (ခ) အရ၊ လေလံ ရောင်းချခြင်း မပြုသင့်ကြောင်း ကန့်ကွက်ခဲ့သည်။ မကွေးတိုင်း တရားရုံးကအယူခံ တရားလို၏လျှောက်ထားချက်ကို လက်မခံပဲ ဇာရီလျှောက်လွှာကို ဆက်လက်ဆောင် ရွက်စေဟုအမိန့်ချလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤအယူခံမှု တင်သွင်း ခြင်းဖြစ်သည်။

တရားနိုင်တဦးသည် တရားရုံးက ပစ်သည့်လေလံပွဲတွင် ဝင်ရောက်ဆွဲဝယ်ခွင့် မရှိဟုတရားမကျင့်ထုံး ကိုဥပဒေ တားမြစ်ချက်မရှိချေ။ သက်ဆိုင်ရာ တရားရုံး၏ ကြိုတင်ခွင့်ပြုချက်ရရှိပြီးမှ ဆွဲဝယ်ရမည်ဟုလည်း တားမြစ်ချက် မရှိချေ။ ထို့ကြောင့် ဤအမှုတွင် အယူခံတရားပြိုင် အနေနှင့် ရုံးကပစ်သည့် လေလံပွဲတွင် ပစ္စည်းများကို ဝယ်ယူခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

သံဂဟေဆော်စက်နှင့် တွင်ခုံအတွက် အသုံးပြုသည့် ခါတ်အားပေး မော်တာ စက်များမှာ လက်မှုပညာရှင်များ၏ ကိရိယာ တန်ဆာပလာများ မဟုတ်ဟု ဤ

၁၉၇၅ အမှုနှင့်ပတ်သက်၍ အယူခံဝင်သည့် အခါ ယခင် တရားရုံးချုပ် တရားမအထွေထွေ
အယူခံမှုအမှတ် ၄/၇၀ တွင် အဆုံးအဖြတ်ပေးခဲ့ပြီးဖြစ်သည်။ ထိုနည်းတူစွာ တွင်ခုံ
ဦးအုန်း နှင့် ဒေါ်ဝိုင်း။ မှာလည်း လက်မှုပညာရှင်များ၏ ကိရိယာတန်ဆာပလာများ မဟုတ်ဟုဆိုရပေမည်။
အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံမှုကို ပလပ်လိုက်သည်။ ရှေ့နေ
စရိတ် ၅၀ိ သတ်မှတ်သည်။

ပ၊စ၊က၊/၁၁၅၄၅၇/ဗဟိုတရားရုံး၊/၁၀,၀၀၀ + ၂၅/၁၁-၈-၇၉/၉။